www.burmeseclassic.com

ပုဂံစာအုပ်တိုက်

# ဗိုလ်ချုပ်အောင်ဆန်း ၏ နိုင်ငံရေးဂန္ထဝင်

BURMESE CLASSIC .com

ရှာဖွေတင်ပြသူ
မောင်ကျော်ရင်

(ဒုတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

**ထုတ်ဝေခွင့်ပြုအမှတ်**

၃၁၀၁၁၁၀၆၁၁

**မျက်နှာဖုံးခွင့်ပြုအမှတ်**

၃၁၀၁၃၉၀၈၁၁

**ပုံနှိပ်ခြင်း**

၂၀၁၁၊ နိုဝင်ဘာ

**အုပ်ရေ**

၅၀၀

**မျက်နှာဖုံး**

မြင့်မောင်ကျော်

**ဖလင်**

ထွန်းဆိုင်

**ပုံနှိပ်သူ**

ဒေါ်နီနီနိုင် (၀၇၁၃၅)၊ သီရိမေရောင်စုံပုံနှိပ်တိုက်

အမှတ် ၁၉၊ လမ်း ၉၀

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

**ထုတ်ဝေသူ**

ဒေါ်နိုင်နိုင်ဦး (၀၄၁၃၈)၊ ပုဂံစာအုပ်တိုက်

၄ (A) ၅၊ ရန်ကင်းစင်တာ၊ ဆရာစံလမ်း၊

ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

**တန်ဖိုး**

၃၀၀၀ ကျပ်

၀၀၀

မောင်ကျော်ရင်

မိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေးဂန္ထဝင် / မောင်ကျော်ရင်။ – ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊ ၂၀၁၁။

၃၂၅ – ၈၁၊ ၁၃ x ၂၁ စင်တီ

(၁) မိုလ်ချုပ်အောင်ဆန်း၏နိုင်ငံရေးဂန္ထဝင်

## မာတိကာ

– ဗိုလ်ချုပ်အစ်ကို ဦးအောင်သန်း၏ အမှာ

### အပိုင်း (၁)
### အတွေးအခေါ် အရေးအသားများ
### ဟောပြောချက်များ သဝဏ်လွှာများ ဥယျောဇဉ်များ

၁။ ကားစင်အတင်မခံရ ခေါင်းဖြတ်ခံရသည့် မင်းကြီး ဦးမင်းရောင်
၂။ သူပုန်ဗိုလ်လရောင်ဦးခေါင်း ဟုတ် မဟုတ် မင်းကြီး ဦးမင်းရောင်
၃။ အနိုင်မခံ
၄။ နိုင်ငံရေးအမျိုးမျိုး
၅။ ကျောင်းသားဝတ္တရား
၆။ ကမ္ဘာစစ်နှင့် မြန်မာ
၇။ ဗမာ့လွတ်လပ်ရေးဂိုဏ်းကြီး၏ ပြန်တမ်းအမှတ် (၄)
၈။ ဗမာ့လွတ်လပ်ရေးတပ်မတော်အကြောင်းနှင့် အကျိုး
၉။ ဗမာ့လွတ်လပ်ရေးတပ်မတော်ဆိုတာ ဘာလဲ
၁၀။ တပ်မတော်သမိုင်း
၁၁။ ဗမာ့လွတ်လပ်ရေးတပ်မတော် ကြိုဆိုကြလော့
၁၂။ ဗိုလ်ချုပ်အောင်ဆန်း၏ ပင်ကိုရေး အတ္ထုပ္ပတ္တိ
၁၃။ မြန်မာနိုင်ငံ ကာကွယ်ရေးအမြင်
၁၄။ နိုင်ငံရေး မဝင်ရ
၁၅။ သေနင်္ဂဗျူဟာစစ်ပညာ
၁၆။ ဗိုလ်ချုပ်ပါဝင်သော အစိုးရအဖွဲ့
၁၇။ မြန်မာ့လွတ်လပ်ရေး အရေးတော်ပုံ
၁၈။ မြန်မာဘာသာဖြင့် ရေးသားဆက်သွယ်ရန်
၁၉။ ကမ္ဘာ့အလားအလာ၊ မြန်မာ့အလားအလာနှင့် လူငယ်တာဝန်
၂၀။ တပ်မတော်နှင့် ပြည်သူ

www.burmeseclassic.com

www.burmeseclassic.com


တိုင်းသူပြည်သားများနှင့် ဆက်ဆံရာတွင် ၁၂၁
ဖက်ဆစ်ဂျပန်သို့ စစ်ကြေညာချက် ၁၂၂
ဗမာ့တပ်မတော်ခေါင်းဆောင်များအစည်းအဝေးမှ ထုတ်ပြန်ကြေညာချက် ၁၂၆
ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်၏ ကြေညာစာတမ်း အမှတ် (၁) ၁၂၈
တပ်မတော်၏ စစ်မိန့်ပြန်တမ်း ၁၃၆
စစ်ကြောင်းဖြန့်ရန် အမိန့် ၁၅၀
စစ်သေနာပတိတာဝန် ခေတ္တပေးအပ်ခြင်း (အုပ်ချုပ်မှုအမိန့် အမှတ် ၂၈) ၁၅၂
ဖက်ဆစ်တော်လှန်ရေးသမိုင်း ၁၅၄
ပြောင်မြောက်နိုင်ပါစေသတည်း ၁၉၉
ဘွင်းဘွင်းနှင့် ရှင်းရှင်း အလုပ်လုပ်ရမည် ၂၀၁
ဗိုလ်ချုပ်အောင်ဆန်း၏ သဝဏ်လွှာ ၂၀၂
မြန်မာပြည်လုံခြုံမှုအတွက် ဘာလုပ်မည်နည်း ၂၀၄
ပြည်သူ့ရဲဘော်တပ်ဖွဲ့ ညွှန်ကြားချက် အမှတ် (၁၀) ၂၁၁
ဘီလပ်သို့ ကြေးနန်းရိုက်၍ ကန့်ကွက်ခြင်း ၂၁၂
ဗိုလ်ချုပ်၏ရိက္ခာထုတ်ခွင့်တောင်းခံလွှာ ၂၁၄
ဒီးဒုတ်နှစ်ပတ်လည်စာစောင်သို့ ပေးပို့လိုက်သော ဗိုလ်ချုပ်အောင်ဆန်း၏ သဝဏ်လွှာ ၂၁၅
ဥယျာဇဉ် (ဗိုလ်မှူးဗထူးအထ္ထုပ္ပတ္တိအမှာစာ) ၂၁၇
အစီရင်ခံစာ ၂၁၉
ဗိုလ်ချုပ်အောင်ဆန်း၏ အမျိုးသားနေ့သဝဏ်လွှာ ၂၂၂
သမိုင်းဝင် နိုင်ငံခြားသတင်းစာရှင်းလင်းပွဲ ၂၂၃
ပြည်သူ့လွတ်လပ်ရေးချုပ်ချယ်မှုကန့်ကွက်ပွဲအတွက် ဗိုလ်ချုပ်၏လက်ရေးမှု ၂၃၁
တိုင်းပြုပြည်ပြုလွှတ်တော်သဘာပတိ ၂၃၄
ဂျပန်နိုင်ငံတော်နှင့် မြန်မာနိုင်ငံတော် ချုပ်ဆိုသော မဟာမိတ်စာချုပ် ၂၃၅


## အပိုင်း (၂)
## လှုပ်ရှားမှုများ


၁။ ဗိုလ်ချုပ်နှင့် ကွန်မြူနစ်ဝါဒ ၂၃၉
၂။ ဗမာပြည်ကွန်မြူနစ်ပါတီ အမှုဆောင်အဖွဲ့ ၂၃၉
၃။ ဗမာ့ထွက်ရပ်ဂိုဏ်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ၂၄၀
၄။ မြေအောက်တော်လှန်ရေး ဗဟိုအဖွဲ့ ၂၄၀
၅။ ဗိုလ်တေဇ ရာထူးတိုးခြင်း ၂၄၃
၆။ ဗိုလ်အောင်ဆန်းအား ဗိုလ်ချုပ်ခန့်ခြင်း ၂၄၃
၇။ ဗိုလ်ချုပ်နှင့် အုပ်ချုပ်ရေးအဖွဲ့များ ၂၄၃
၈။ အုပ်ချုပ်မှုစီစဉ်ရေးအဖွဲ့ ၂၄၂
၉။ ဂျပန်စစ်အုပ်ချုပ်ရေးအဖွဲ့ ၂၄၄
၁၀။ တိုကျိုသွား ကိုယ်စားလှယ်အဖွဲ့ ၂၄၄
၁၁။ လွတ်လပ်သော အစိုးရအဖွဲ့သစ် ဝန်ကြီးများ ၂၄၅
၁၂။ စစ်ဦးစီးအဖွဲ့ချုပ် ၂၄၆
၁၃။ ဖတပလ ဗဟိုဦးစီးအဖွဲ့ ၂၄၇
၁၄။ ဖတပလ ဗဟိုစစ်ကောင်စီ ၂၄၇
၁၅။ ကန္ဒီသွား ကိုယ်စားလှယ်အဖွဲ့ ၂၄၈
၁၆။ ဗိုလ်ချုပ်အောင်ဆန်းကို ဖမ်းမည် ဆိုသည်မှာ မမှန်သော သတင်း ၂၄၈
၁၇။ ဗိုလ်ချုပ်နှင့် ပြည်သူ့ရဲဘော်အဖွဲ့ ၂၄၉
၁၈။ ပြည်သူ့ရဲဘော်ဖွဲ့စည်းရန် ဆော်သြရေးအဖွဲ့ ၂၄၉
၁၉။ ဖဆပလ အစိုးရအဖွဲ့ ၂၄၉
၂၀။ ကြားဖြတ်ယာယီအစိုးရအဖွဲ့ ၂၅၀
၂၁။ တိုင်းပြည်အတွက် အသက်နှင့် လဲသွားသော ခေါင်းဆောင်ကြီးများ ၂၅၀
၂၂။ အသက်ချမ်းသာရသော ဝန်ကြီးများ ၂၅၂
၂၃။ ပြည်သူ့ရှာပန အမှုဆောင် ၂၅၂
၂၄။ ဖဆပလ အဖွဲ့ချုပ်သစ် ၂၅၃
၂၅။ တစ်ပြည်လုံး ဝမ်းနည်းကြသည့်နေ့ ၂၅၃


www.burmeseclassic.com

www.burmeseclassic.com

၂၆။ ဗိုလ်ချုပ်သေရ၍ ကျောဘုရင် ဝမ်းနည်းခြင်း ၂၅၄
၂၇။ သဝဏ်လွှာများ ပို့ကြပြီ ၂၅၄
၂၈။ ဗြိတိသျှအစိုးရ သဝဏ်လွှာ ၂၅၅
၂၉။ အိန္ဒိယပြည် ခေါင်းဆောင်ကြီး နေရူး၏ ဝမ်းနည်းစကား ၂၅၆
၃၀။ ဗိုလ်ချုပ်ဇနီးထံ အက်တလီ၏ သဝဏ်လွှာ ၂၅၆
၃၁။ ဘုရင်ခံချုပ်ထံမှ သဝဏ်လွှာ ၂၅၉
၃၂။ မြန်မာပြည် အာ–အေ–အက်(ဖ်) လေတပ်ဗိုလ်မှူးထံမှ သဝဏ်လွှာ ၂၅၉
၃၃။ ဘင်္ဂလားဘုရင်ခံထံမှ သဝဏ်လွှာ ၂၅၉
၃၄။ ဆွစ်ဇာလန်ပြည်၌ ၂၆၀
၃၅။ အိန္ဒိယတိုင်းပြည်ပြုလွှတ်တော် ၂၆၀
၃၆။ ဂျင်းနားက ရှုတ်ချခြင်း ၂၆၀
၃၇။ ဗိုလ်ချုပ်အောင်ဆန်းဇာတာ ၂၆၁
၃၈။ ဗိုလ်ချုပ်အောင်ဆန်းဇာတာ မှတ်တမ်း ၂၆၃
၃၉။ အာဇာနည်နေ့ ဧဒင်မှတ်တမ်း ၂၆၆
၄၀။ အမျိုးသားခေါင်းဆောင်၊ တော်လှန်ရေးဗိုလ်ချုပ်ကြီး
ဗိုလ်ချုပ်အောင်ဆန်း၏ ဝိသေသ သဘာဝ ၂၆၉
၄၁။ ခေါင်းဆောင်ကြီးများ ရရှိသော ဒဏ်ရာ ၂၇၄
၄၂။ ပညာဆိုသည်မှာ (ဗိုလ်ချုပ်အောင်ဆန်း၏ ပင်ကိုရေး အတ္ထုပ္ပတ္တိမှ) ၂၇၅
၄၃။ ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝဖြစ်စဉ် နေ့စွဲများ ၂၇၈
၄၄။ ကျွန်ုပ်နှင့် အောင်ဆန်း (ဖီးလ်မာရှယ် ဆာဝီလီယံဆလင်း) ၂၈၈
၄၅။ ဂျပန်တော်လှန်ရေး အထူးအစည်းအဝေး ၂၉၈
၄၆။ လွတ်လပ်ရေး ကြေညာချက် ၃၀၀
၄၇။ ကန္ဒီစာချုပ် ၃၀၃
၄၈။ အောင်ဆန်းအက်တလီစာချုပ် ၃၁၃
၄၉။ The Panglong Agreement ၃၂၂

## ဗိုလ်ချုပ်အစ်ကို ဦးအောင်သန်း၏ အမှာ

တစ်နေ့တွင် ကိုရှိန်သန်း လာ၍ ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းများ၊ ရေးသား ချက်များ၊ သူနှင့်ပတ်သက်တဲ့ ရေးသားထားသော ဆောင်းပါးများကို စုပေါင်း၍ စာအုပ်အဖြစ် ထုတ်သင့် မထုတ်သင့် မေးပါသည်။

ကျွန်တော်လည်း မဆိုင်းမတွပင် ထုတ်သင့်ကြောင်း၊ ကျွန်တော်ကိုယ်တိုင် သူ၏မိန့်ခွန်းများနှင့် ရေးသားချက်များကို စာအုပ်အဖြစ် ထုတ်ဝေရန် ရည်ရွယ် ခဲ့ကြောင်း၊ ထိုရည်ရွယ်ချက်ကို ရဲဘော်တစ်ယောက်အားပြောပြရာ ဦးအောင်သန်း အနေဖြင့် ဗိုလ်ချုပ်အတ္ထုပ္ပတ္တိသဘောမျိုးရေးလျှင် ပိုကောင်းမည် ထင်ကြောင်း ဆို ရဲဘော်က အကြံပေးသဖြင့် 'အောင်သန်း၏ အောင်ဆန်း' စာအုပ်ကို ရေးသား ထုတ်ဝေခဲ့ကြောင်း ပြန်ပြောလိုက်ပါသည်။ (ထိုစာအုပ်ဖတ်လျှင် စာမျက်နှာ တစ်ဝက်ကျော်မှာ ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းများနှင့် သူ၏အကြောင်း ရေးထားသော ဆောင်းပါးများဖြစ်သည်ကို တွေ့ရပါလိမ့်မည်။) ထိုစာအုပ် နိဒါန်းတွင် ရေးခဲ့သကဲ့သို့ လွတ်လပ်ရေးဗိသုကာဖြစ်သော နိုင်ငံရေးခေါင်းဆောင် များ၏ အတ္ထုပ္ပတ္တိရေးလျှင် ထိုပုဂ္ဂိုလ်များ၏ နိုင်ငံရေးအရောင်အဆင်း၊ နိုင်ငံရေး ကြံ့ပမ်းချက်များ ပေါ်လွင်အောင် ရေးသားသင့်သည်ဟု ယူဆပါသည်။

ထိုရည်ရွယ်ချက် အောင်မြင်စေရန် တို့ခေါင်းဆောင်များ၏ မိန့်ခွန်း ရေးသားချက်များကို သုတေသနပြုရန် အရေးကြီးလှပေသည်။ သို့မှသာလျှင် ခေါင်းဆောင်များ၏ နိုင်ငံရေးအရောင်အဆင်းအမှန်ကို သိသာနိုင်ပေမည်။ အတ္ထုပ္ပတ္တိရေးသူများသည် တရားသူကြီးနေရာတွင် ရှိရပေမည်။ တရားသူကြီး

www.burmeseclassic.com



တစ်ယောက်သည် အမှုတစ်ခုကို စစ်ဆေးစီရင်ရာတွင် ဆန္ဒဂတိ ဒေါသဂတိ မလိုက်ဘဲ သက်သေထွက်ချက်ပေါ်တွင် အမှီပြု၍ စီရင်ချက်ချရပေသည်။ အလားတူစွာ အတ္ထုပ္ပတ္တိတစ်ခုရေးရာတွင် သုတေသနပြုလျက် တွေ့ရှိသော အချက်များပေါ်တွင် အမှီပြု၍ မိမိတို့၏ဇာတ်လိုက်အကြောင်း ပေါ်လွင်အောင် ရေးရပေမည်။

မိမိတို့ လိုလျှင် လိုသလို၊ မလိုလျှင် မလိုသလို ကောက်ချက်ချရေးလျှင် အဂတိလိုက်စားရာ ရောက်ပေမည်။ ထိုသို့ အဂတိ လိုက်စားရေးသော အတ္ထုပ္ပတ္တိများမှာ ကြာရှည်မခံနိုင်ပေ။ မကြာမီ တိမ်မြုပ်ပျောက်ကွယ်သွားပေမည်။

ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းများ၊ ဆောင်းပါးများကို စုပေါင်း၍ စာအုပ်ထုတ်ခြင်းဖြင့် သုတေသနပြုလိုသူများအဖို့ သုတေသနပြုရာတွင် လွယ်ကူပေမည်။ ဤအချက်ဖြင့်ပင် ထိုမိန့်ခွန်းများ၊ ဆောင်းပါးများကို စုပေါင်း၍ စာအုပ်အဖြစ် ရိုက်နှိပ် ထုတ်ဝေသင့်ကြောင်း ထင်ရှားပေသည်။

ထိုအချက်ထက် အရေးကြီးသော အချက်ရှိသေးသည်။ ထိုအချက်မှာ တစ်ဆယ့်လေးငါးနှစ် အာဏာ လက်ကိုင်ပြုခဲ့သော (ဖဆပလ) အစိုးရများမှစ၍ တော်လှန်ရေးအစိုးရအထိ စစ်ပြီးခေတ် အစိုးရများသည် မိမိတို့ လုပ်ကိုင်နေပုံမှာ (ဗိုလ်ချုပ်လမ်းစဉ် ဖြစ်သည်) ဟု ကြွေးကြော်ကြသည်။ သို့ဖြစ်ရာ ပြည်သူလူထု အနေဖြင့် (ဗိုလ်ချုပ်လမ်းစဉ်ဆိုတာ ဘာလဲ) ဟု သိလိုကြသည်။ ထိုသို့ သိနိုင်ရန် အတွက် ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းများ၊ ရေးသားချက်များကို လေ့လာရန် အရေးကြီးပေသည်။

အချို့နိုင်ငံများတွင် အစိုးရကိုယ်တိုင်က မိမိတို့ခေါင်းဆောင်များ၏ မိန့်ခွန်းများမှ ကောက်နုတ်ချက်များထုတ်လျက် စာအုပ်များအဖြစ် ရိုက်နှိပ်ထုတ်ဝေသည်ကို တွေ့ရသည်။

သို့ဖြစ်ရာ ကိုရှိန်သန်း၏ ကြိုးပမ်းချက်သည် မွန်မြတ်ရုံမက လိုအပ်သော ကြိုးပမ်းချက်ဖြစ်သည့်အတိုင်း အောင်မြင်ပါစေဟု ဆုတောင်းရင်း ဤအမှာကို ရေးလိုက်ရပေသတည်း။

(ပုံ) အောင်သန်း

□

BURMESE CLASSIC .com

## ကားစင်အတင်မခံရ ခေါင်းဖြတ်ခံရသည့် မင်းကြီး ဦးမင်းရောင်

…ဆုန်လထုတ် သူရိယမဂ္ဂဇင်းတွင် လယ်ဝေး ကိုဘရီရေးသော ဦးပု၏ အတ္ထုပ္ပတ္တိတွင်
…င်းကြီး ဦးမင်းရောင်ကို ဦးပုပင် ဖမ်းမိသဖြင့် လယ်ဝေးအနီးတွင် ကားစင်
…တင်ခံရကြောင်း ဖတ်ရှုရပါသည်။ သို့ ရေးသားချက်မှာ အမှန် မကျရောက်ပါ…
…န်တော်သည် မင်းကြီး ဦးမင်းရောင် ဆိုသူ၏ မြေးတစ်ဝမ်းကွဲ တော်စပ်…
…သည်။ မင်းကြီး ဦးမင်းရောင်မှာ မြို့လုလင် မြို့သူကြီး ဖြစ်ပါသည်။ ၎င်းတွင်
…ညီတစ်ယောက် ဦးမင်းမောင်ဆိုသူ ရှိပါသည်။ ၎င်း ဦးမင်းမောင်မှာ မြန်မာမင်း
…လက်ထက်အခါက တောင်တွင်းမြို့ဝန်မင်း၊ နတ်မောက်၊ ကျောက်ပန်းတောင်း
…း မြို့ဝန်၊ အခွန်ဝန်၊ တောင်ငူနယ် ခြံဝန် စသည်ဖြင့် အမှုတော် အမျိုးမျိုး
…ထမ်းရွက်ခဲ့လေသည်။ စုန့်သာမြိုင် ရာပုံတော်ကို ရေးသားသော ကဗျာဆရာ
…ဆရာကြော့ ရှေ့ဖတ်စာရေးအဖြစ် အမှုထမ်းရသည်မှာ ၎င်း ကျွန်တော်၏ဘိုး
…ဦးမင်းမောင်လက်အောက်တွင် ဖြစ်ပါသည်။ မင်းကြီး ဦးမင်းရောင်ဆိုသူကား
…မြို့လုလင် မြို့သူကြီးမျှသာ ဖြစ်ပါသည်။ အင်္ဂလိပ်မင်း အထက်မြန်မာပြည်ကို
…သိမ်းယူသောအခါ သူပုန်ထရာတွင် ဗိုလ်လရောင် ဟူ၍လည်းကောင်း၊ ရွှေလရောင်
…ဟူ၍လည်းကောင်း၊ မင်းကြီး ဦးမင်းရောင် ဟူ၍လည်းကောင်း နာမည်ပွင့်လာ…
…သည်။ ၎င်း မင်းကြီး ဦးမင်းရောင်မှာ တောတောင်များတွင် နောက်လိုက်နောက်ပါ
…အခြွေအရံများဖြင့် လှည့်လည်ကာ ရုံဖန်ရံခါ ရွာများ၊ စစ်တပ်များကို စီးလေသည်။
…အောင်သည်လည်း ရှိ၏။ မအောင်သည်လည်း ရှိ၏။ သို့သော် မအောင်သည်က…
…ားလေသည်။ လယ်ဝေးအနီးသို့လည်း ရောက်ရှိခဲ့ ရောက်ရှိပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ၎င်းသေရပုံမှာ ကားစင်တင်ခံရ၍ မဟုတ်ပါ။ လက်နက်အင်အားလည်း မရှိ၊ အစီအမံ အခွဲအခန့်တွင်လည်း အင်္ဂလိပ်နှင့် အနည်းငယ်မျှ မတူညီရကား ၎င်း၏ စစ်တပ်မှာ တဖြည်းဖြည်း ကစဥ့်ကလျား ပျက်ပြားရွေ့လျားသွားရာ နောက်ဆုံး၌ တောတောင်များတွင် နောက်ပါအနည်းငယ်မျှနှင့် ပုန်းအောင်း ပြေးရှောင်သော အခါတွင်မှ နတ်မောက်တွင် စခန်းချလျက်ရှိသော စစ်ဗာရီစစ်တပ်က ဖမ်းဆီး ပစ်ခတ်၍ ခေါင်းဖြတ်ခြင်းကို ခံရသည်။ ၎င်း၏ခေါင်းကို နတ်မောက်စခန်း ချရာသို့ပင် လူအများ ကြောက်လန့်စေရန် ယူဆောင်ခဲ့သည်။ ၎င်း သေဆုံးရ သည်မှာ နောက်ပါလူတစ်ယောက် သစ္စာဖောက်သဖြင့် သေဆုံးရသည် ဟူ၍လည်း ကျွန်တော် ကြားဖူးပါ၏။

ဦးမင်းရောင်၏အမျိုးအနွယ်မှာ ကုန်သည်မျိုးများ ဖြစ်ပါသည်။ ...င်းမှုထမ်းသူ နည်းပါး၍ မင်းမှုထမ်းကြသူများတွင်လည်း ၎င်း၏ညီ ဦးမင်းမောင် သာလျှင် အတော်အတန် ရာထူးမြင့်ခဲ့ပါသည်။ ၎င်း ဦးမင်းရောင်၏ မိထွေး ...တော်စပ်သူမှာ နတ်မောက်မြို့သူ ဦးရွှေနီ၏ဇနီး မယ်စိုး ဖြစ်ပါသည်။ မြို့သူကြီး ...ီးရွှေနီ၏ အမျိုးအနွယ်ကား မင်းခစား များလေသည်။ ပညာဉာဏ် ထက်မြက်၍ ...၎င်း၏ညီ ဦးဘွား ဆိုသူမှာ တရုတ်မြို့ဝန် ဖြစ်လေသည်။ ၎င်းပြင် တောင်စဥ့်ဝန် ...းပိုက်၊ မင်းတုန်းမင်းလက်ထက် ခန်းပတ်မင်းကြီးတို့မှာလည်း ဦးရွှေနီ၏ အမျိုးအနွယ် ဖြစ်လေသည်။ ထို့ကြောင့် ဦးမင်းရောင်သည် မှူးမတ်အမျိုးအနွယ် ...ဖြစ်သည်။ မှူးမတ်အမျိုးအနွယ်ဖြစ်သည် ဆိုသည်မှာ ဤသည်ကို ရည်၍ အချို့ ပြောကြဟန် တူပါသည်။ မြန်မာများမှာကား ပြောတတ်သော အလေ့အထရှိရကား ...းမင်းရောင်ကို အချို့က အလွန်ပင် စွမ်းပကားလေဟန်၊ ရေပေါ်တွင်ပင် ကုန်း ...ကြည်းပေါ် သွားသကဲ့သို့ သွားနိုင်လေဟန် ကြံဖန်ပြောကြပါသည်။

ဦးမင်းရောင်ကား ၎င်း၏ညီ ဦးမင်းမောင်နှင့် အနည်းငယ်မျှ မတူ။ ...ကြမ်းတမ်းခက်ထန်၏။ ၎င်း၏ညီမှာ အလွန်ပင်ပျော့ပျောင်းနူးညံ့၍ ဝန်ကြီးများက ...ထူးကြည်ညိုသည်ဟု ကျွန်တော် မှတ်သားရပါသည်။

ဤအကြောင်း ရေးရခြင်းမှာ အမှန်သိသာစေလို၍ ရေးရပါသည်။ ကျွန်တော်၏ ဘိုးပင် တော်စေကာမူ အမှန်အတိုင်း ရေးသားပေးပို့လိုက်ပါသည်။

အညာသားလေး

၁၉၃၅ ခု၊ နွန်လ၊ သူရိယမဂ္ဂဇင်းမှ

□

# ...ရုန် ဗိုလ်လရောင်ဦးခေါင်း၊ ဟုတ် မဟုတ် မင်းကြီးဦးမင်းရောင်

...ဒီတာမင်းခင်များ

ဝါဆိုလထုတ် ဆရာတို့မဂ္ဂဇင်းတွင် စစ်ကဲ ဦးပုလေးအကြောင်းကို ...င် မှန်ကန်စွာ ရှာဖွေ၍ လယ်ဝေး ကိုဘရီ ရေးသားချက်ကို ကျွန်တော် ...ရှုပါ၏။ သို့ ဖတ်ရှုရာ ကားစင်အတင်ခံရသူမှာ ကျွန်တော်၏ဘိုး ဦးမင်းရောင် ...တ်သည်ကား ထင်ရှားလေပြီ။ သို့ရာတွင် ကျွန်တော့်ဘိုး၏ နမတော်သူ ...သူက ၎င်း သေဆုံးရသည်မှာ ဝမ်းရောဂါနှင့် သေဆုံးရသည်ဟု ဖော်ပြချက်ကို ...ရှိရပေရာ ဤအချက် မှန် မမှန်ကို ကျွန်တော် စစ်ဆေး (Criticise) ပြုသ ...သည်။ ထိုသို့ စစ်ဆေးရုံသာမက ကျွန်တော့်ဘိုး၏ စိတ်နေစိတ်ထားကို သိသာ ...ရန် အကြောင်းအံ့ရာငယ်ကလေးများ (Episodes) ကိုလည်း ဖော်ပြလိုပါသည်။

ဦးမင်းရောင်၏ အဆက်အနွယ်များမှာ ကျွန်တော် သိသလောက် ကျွန်တော်၏ ဘေးမအရင်း နတ်မောက်မြို့သူကြီးကတော် မယ်စိုးနှင့် မြို့သစ်တွင် နေထိုင်သော ၎င်း၏သမီးနှင့် သမက် (နာမည်များကို ကျွန်တော် မမှတ်မိတော့ပါ) ...သာ ဖြစ်ပါသည်။ မယ်စိုးကား ဦးမင်းရောင်၏ မိထွေးပင် ဖြစ်သော်လည်း အသက်အရွယ်မှာ ၎င်း၏တူနှင့် အတူတူလောက်ရှိသည်ဟု ကျွန်တော် မှတ်သား ရပါသည်။ ဦးမင်းရောင်တွင် နှမများ ရှိသည်ကို မည်သူမည်ဝါဖြစ်သည်ကိုကား ကျွန်တော် စုံစမ်းခြင်း မရှိသဖြင့် မသိရပါ။ သို့သော် အနည်းငယ် ...လွန်ခဲ့ ...သော့ဟန်ကား အင်္ဂလိပ်မင်း အထက်မြန်မာပြည်ကို လက်ရုံးဆန့်၍ လက်နက် နိုင်ငံ မှုလေသည်တွင် မကြည်ဖြူ၍ ကျွန်တော်၏ဘိုးသည် ...တတ်သမျှသော

www.burmeseclassic.com



ဗိုလ်ပါ အလုံးအရင်းနောက်ပါနှင့် အင်္ဂလိပ်တို့ကို ခုခံတိုက်ခိုက်နေစဉ် ၎င်း၏ နမဦးမှာ အင်္ဂလိပ်အစိုးရ အနှောင့်အယှက်ကို ကြောက်လန့်၍ အောက်ပြည် အောက်ရွာသို့ ထွက်ပြေးတိမ်းရှောင်နေလေရာ ထိုတွင်ပင် အိမ်ထောင်ကျလျက် သားဖြစ်သူမှာ နယူးဘားမားအယ်ဒီတာဟောင်း ဦးဘလှိုင်ဟု ကြားသိရပေကြောင်း။ မှန်သည် မှားသည်ကို ကျွန်တော် မသိပါ။ ဦးဘလှိုင်သာ ဖြေရန် ရှိလေသည်။ ဦးမင်းရောင်အား စစ်ဗာရီတပ်သားများက ပစ်ခတ် ခေါင်းဖြတ်ယူခဲ့ကြောင်း နတ်မောက်သို့ရောက်သောအခါ သတင်းဖြစ်ပွားရာ ကျွန်တော်၏ဘိုးအရင်းနှင့် အခြား ဦးမင်းရောင်ကို သိသူ လူကြီးများ (အချို့ ယခုတိုင် နတ်မောက်တွင် ရှိနေသေးသည်) သွားရောက်ကြည့်ရှုလေသည်။ ယင်းသောအခါ ဦးမင်းရောင် ဖျက်နှာတွင်ရှိသော မှည့်မှာ အနည်းငယ် ရွေ့နေသလိုလိုရှိသည်ဟု ကျွန်တော့်အား လူကြီးများက ပြောပြဖူးသလိုလိုရှိပါသည်။ လူရှင်စဉ်နှင့် သေစဉ်မှာ အနည်းငယ် ပြောင်းတတ်သည်ကိုလည်း သတိမူရာသည်။ ၎င်းပြင် ဦးမင်းရောင်၏လည်ပင်းမှာ ကိုနေသည်ကို တွေ့ရသည်ဟု မှတ်ဖူးပါသည်။ သို့သော် ကျွန်တော်၏ ပြောဆိုချက် တိုင်းကား ဤသို့ လည်ပင်းတိုနေသည်မှာ လည်ပင်းရင်းမှ ခေါင်းကို မဖြတ် ဟ၍ဖြစ်ကြောင်း ဟူသည်ကို စဉ်းစားသော် အတော်ပင် ယုတ္တိရှိချေသည်။ တစ်ဖန် သွားရောက်ကြည့်ရှုကြသူ လူတိုင်းက ဗိုလ်မင်းရောင်ခေါင်း အစစ်အမှန်ဟု ဆုံးဖြတ်ကြလေသည်။ ကျွန်တော်၏ဘိုးအရင်းကပင်လျှင် ၎င်း၏ယောက္ခမ ယ်စိုးအား "မယ်စိုး၊ ဗိုလ်လရောင်ခေါင်းတော့ အမှန်ပဲ၊ ဆွမ်း သွတ်ချင်လည်း သွတ်ပေတော့" ဟူ၍ ပြောဆိုကြောင်း။ သို့သော် ကျွန်တော့် ဘေးမနှင့် အဘွား ၌မှာ ဘာအကြောင်းကြောင့် မသိ၊ မယုံကြည်ကြဟု မှတ်သားဖူးပါသည်။ ဤတွင် ဉ်းစားရန်ပင်။ သွားရောက်ကြည့်ရှုကြသူ ဒိဋ္ဌ သက်သေများက ဟုတ်ပါသည် ခိုချက်ကို နေရာမထဘဲနေသူများက မယုံ ဆိုသည်မှာ မည်သည့်အရာက ပိုမို ခိုင်ကန်သည်ကို စဉ်းစားရန်ရှိလေသည်။ သွားရောက်ကြည့်ရှုကြသူများမှာ ဦးမင်းရောင် စဉ်တွင် ၎င်းအား သိကြသူများဖြစ်သည်ကိုလည်း သတိချပ်ရာသည်။ မယုံသည့် များ၏အကြောင်းကို ရှာဖွေသော် မြန်မာများ မယုံတတ်သော သဘောအလိုမှ ပ်ပါ၊ အခြား မမြင်ချေ။ လွန်ခဲ့သော သာယာဝတီသူပုန်ခေါင်းဆောင် ဆရာစံ မိ၍ ခေါင်းဖြတ်ပုံကို သတင်းစာများတွင် ကြော်ငြာလိုက်သောအခါ ငယ်စဉ်က ပုံတူကူးထား ည်နှင့် ခေါင်းမော့ရိုက်ထားသည်ကို သာမန်ကာလျှံကာကြည့်ပြီးလျှင် ဆရာစံ ဟုတ် ဟူ၍ပင် အချို့ ငြင်းနေကြသည်ကို တွေ့ရှိရပေသည်။ ဤသည်ကိုလည်း

ကာတ်ကာသည်။ ၎င်း ဦးမင်းရောင်၏ နှမတော်သူ ဆိုသူက ဝမ်းရောဂါနှင့် သေဆုံးသည် ဆိုသည်မှာ အများပြောဆိုချက်ကို ကြား၍ ပြောဆိုပေလိမ့်မည်။ သေရွာစွာ သိဟန်မတူ။ ဤအချက်မှာ ဦးမင်းရောင်၏ညီ ဦးမင်းမောင်မှာ မြိုဝန် ဖြစ်သည်ဟု ပြောဆိုချက်က သက်သေခံနေပေသည်။ ဦးမင်းမောင်မှာ မြိုဝန် မဟုတ်ပါ။ ၃ မြို့ဝန် ဖြစ်ပါသည်။ သေရွာစွာသိလိုလျှင် မန္တလေးမြို့တွင် နေထိုင်လျက်ရှိသော ၎င်း၏သမီး ခင်ခင်ကြီး (ခင်ခင်လေး ဆိုသော သမီး ကွယ်လွန်ရှာလေပြီ) နှင့် မြေးချင်းများကို စုံစမ်းပါလေ။ ၎င်းတို့နေထိုင်ရာ ကို သေချာစွာသိလိုက နတ်မောက်တွင် ရှိသူများကို စုံစမ်းပါလေ။ ဦးမင်းမောင် သေဆုံးသည်မှာကား ၁၇ နှစ်၊ ၁၈ နှစ်ခန့်မျှ ရှိလေပြီ ထင်ရပါသည်။ ၎င်းပြင် ဦးမင်းရောင်အား ၎င်း၏အဘွား မယ်ခဲက ဆက်နွှယ်သော အမျိုးမှာ မြို့သစ်အပိုင် ကိုင်းရွာတွင် ရှိလေသည်။ ဤဖော်ပြချက်များကို ထောက်ထားလျှင် ဦးမင်းရောင်မှာ ခေါင်းဖြတ်ခံရသည်ဟု ကျွန်တော် ယခင်လက ရေးသားခဲ့သည်မှာ အမှန်ဟု ယူဆထိုက်ပါကြောင်း။ ကျွန်တော်ရေးလို့ ပိုမှန်သည်ဟု မဆိုလိုပါ။ အကြောင်းအရာ အဖြစ်အပျက်များကိုကြည့်၍ ဤသို့ ရေးသားခြင်းဖြစ်ပါသည်။

ဦးမင်းရောင်ကား စိတ်ထက်မြက်၏။ ရှုပ်ရှုပ်ချွံချွံ လုပ်တတ်၏။ ရောက်တော်၏။ ၎င်း၏ညီ ဦးမင်းမောင်ကား ပျော့ပျောင်းချိုသာ၏။ စိတ်နှလုံး နူးညံ့၏။ စောင်းတီးအတတ် တော်၏။ သီချင်းဆို ကောင်း၏။ အခါတစ်ပါး ကြတ်သားစားချင်၍ ညီဖြစ်သူအား အသတ်ခိုင်းသောအခါ ဦးမင်းမောင်မှာ စိတ် နှလုံး နူးညံ့သည့်အတိုင်း ကြက်မသတ်ဘဲနေရာ ဦးမင်းရောင်ကိုယ်တိုင် သတ်၍ ချက်ပြုတ်စားသောက်ပြီးလျှင် အကျန်ဟင်းများကို ညီဖြစ်သူအား မကျွေး၊ ခွေး ကျွေးပစ်သော ဟူ၏။ ၎င်းတို့အဘွား မယ်ခဲ၏ မယ်ကြီးပွဲ ဈာပနတွင် ဦးမင်းမောင် တပည့်က တစ်ဖက်၊ ဦးမင်းရောင် တပည့်က တစ်ဖက် လက်ဝှေ့သတ်စေသော် ညီဖြစ်သူလူက နိုင်လေသဖြင့် ဦးမင်းမောင်က ၎င်း၏လူကို ပဝါတစ်ပိုင်း ဆုချရာတွင် ဦးမင်းရောင်က မခံချင်၍ ၎င်း၏လူကို ပုဆိုးတစ်ထည် ဆုချသော ဟူ၏။ ဤသည်တို့လည်း တစ်ရပ်။ ဦးမင်းရောင်၏ တပည့်လက်သားများမှာ မိုးသီး ဟူသည့် လူများသာဖြစ်ကြောင်း။ ၎င်း၏တပည့် မောင်တွန်း ဆိုသူမှာ ဗိုလ်ပွဲများတွင် လူပြက်လက်စွဲများက ပြက်လုံးထုတ်သည့်အခါ အခြားသူများ အားလုံး ရယ်မောပြီးမှ ၎င်းတစ်ယောက်တည်း ကျယ်လောင်ရှည်ကြာစွာ ရွှဲ၍ ရယ်မောတတ်ရာ ဦးမင်းရောင်မှာ လွန်စွာသဘောကျသဖြင့် သည်လိုလုပ်သည်

www.burmeseclassic.com



အခါတိုင်း ဆုအမြဲပေးသော ဟူ၏။ ဤသည်လည်း တစ်ဌာန။ အင်္ဂလိပ်များကို ခုခံ၍ ပြေးလိုက်တိမ်းလိုက် တိုက်ခိုက်နေစဉ် ညီဖြစ်သူ လက်နက်ချရန် အတန်တန် စာရေးပြောဆိုသော်လည်း အဆုံးတိုင် တိုက်ခိုက်သွားလေသည်။ ၎င်း၏တပ်ထဲတွင် စားဖိုကဲ၊ စာတော်ဖတ် စသည်ဖြင့် အမှုထမ်းသူများအချို့ကို ကျွန်တော် ငယ်ငယ်အခါက ၄၊ ၅၊ ၁၀ နှစ် အရွယ်က ရှိသေးလေသည်။ ယခုကား မရှိသလောက် ရှိနေပေပြီ။ တစ်ခါက တိုးတက်ရေးမဂ္ဂဇင်းတွင် ၎င်း၏တပည့် အဘိုးကြီးတစ်ဦးကို စာရေးဆရာ ဇေယျ တွေ့ခဲ့၍ ဆရာကြော့ရေး ၎င်း၏ ဘိုးတော်ဘွဲ့စာရေးသားချက်ကို ဖတ်ရှုဖူးပါ၏။ ဆရာကြော့သည် ရှံဖန်ရှံခါ ဗိုလ်လရောင်ထံသို့ ကဗျာများ ရေးသားဆက်သွင်း၍ ဆုလာဘ်များ ရရှိခဲ့ကြောင်းကို မှတ်သားရဖူးပါသည်။ ဦးမင်းရောင်မှာ ရွတ်ပင် ရွတ်သော်လည်း လူကြီးသူကြီးမများကို ၎င်းနှင့် ၎င်းညီ ၂ ဦးစလုံးပင် အထူးရိုသေ ကိုင်းရှိုင်းသော ဟူ၏။

အညာသားလေး

၁၉၃၅ ခု၊ ဩဂုတ်လ၊ သူရိယမဂ္ဂဇင်းမှ

# အနိုင်မခံ

[illegible] ခုံးလွှမ်းထားသော လကွယ်သန်းခေါင် ဤမှောင်မိုက်အတွင်းမှနေ၍ [illegible] [illegible] အရှုံးမပေးတတ်သော ငါ၏စိတ်ကို ဖန်ဆင်းပေးသည့် နတ်သိကြား [illegible] [illegible] ငါ ကျေးဇူးဆိုပါ၏။

လောကစံတရား၏ လက်ဆုပ်တွင်းသို့ ဘယ်လိုပင် ကျရောက်နေ[illegible] [illegible]သည်း ငါမူကား မတုန်မလှုပ်။ မင်္ဂကြေး (ကံ) တရား၏ ရိုက်ပုတ်ခြင်း[illegible] [illegible]ချက်တို့ကြောင့် ငါ၏ဦးခေါင်းသည် သွေးသံတို့ဖြင့် ရဲရဲနီ၏။ ညွတ်ကား [illegible]

ဤ လောဘ ဒေါသတို့၏ ကြီးစိုးရာဌာန၏ အခြားမဲ့၌ကား သေခြင်း[illegible] [illegible]သည် ကြောက်မက်ဖွယ်ရာ ငုံ့လင့်လျက်ရှိ၏။ သို့ပင်မူ ငါ့အား မတုန်လှုပ်[illegible] [illegible]သာ တွေ့ရအံ့။ နောင်ကိုလည်း ဘယ်တော့မျှ မကြောက်သည်ကိုသာ [illegible] [illegible]ရအံ့။

သုဂတိသွားရာ တံခါးဝသည် မည်မျှပင် ကျဉ်းမြောင်းသည်ဖြစ်စေ [illegible] [illegible]င်း၏ ခွေးပုရပိုက်၌ ငါ၏အပြစ်တို့ကို မည်မျှပင် မှတ်သားထားသည် [illegible] ငါကား ဂရုမပြု။ ငါသာလျှင် ကံ၏ အရှင်သခင်ဖြစ်၍ ငါသာလျှ[illegible] [illegible]စိတ်၏ အကြီးအကဲ ဖြစ်တော့၏။

(အိုးဝေမဂ္ဂဇင်း အယ်ဒီတာ ကိုအောင်ဆန်း ရေးသည်)

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရေးအမျိုးမျိုး

ဤဆောင်းပါးများကို ရေးရမည်ဆိုလျှင် နိုင်ငံရေး ဆိုသော စကားကို ပထမ သုံးသပ်ရန် လိုသည်။ "ပြည်ထဲအရေး ပေါက်နှင့် ကျေး၊ ကြက်ဥအရောင် တိမ်တောင်သဖွယ်၊ မင်းရေးကျယ်" စသည်ဖြင့် ရှေ့မြန်မာစာများတွင် ဖတ်ရ၏၊ မှတ်ရ၏။ ဤစကားများကား ကောင်းလည်း ကောင်း၏။ ဆိုးလည်း ဆိုး၏။ ကောင်းပုံကား နိုင်ငံရေး၏ ခက်ခဲနက်နဲသော အဓိပ္ပာယ်၊ ကျယ်ဝန်းသော အဓိပ္ပာယ်၊ သိမ်မွေ့သော အဓိပ္ပာယ်တို့ကို ဆောင်၏။ ဆိုးပုံကား ကြားရသူများအား လမ်း ရှာမတွေ့စေဘဲ၊ လူများများ ဆိုင်းတွင် တီးလိုက်တိုင်း မြည်သည့် စည်ကဲ့သို့ ပညာရှိကြီးသဖွယ် လူများ အထင်ကြီးအောင် ပြောကောင်း ပြောလို့ရသည့် စကားလည်း ဖြစ်၏။ ထို့ကြောင့် ကျွန်တော်တို့အဖို့မှာ နိုင်ငံရေးအမျိုးမျိုး အကြောင်းကို မရေးခင် နိုင်ငံရေး ဆိုသည့် အဓိပ္ပာယ် အကျယ်အဝန်း အတိုင်း အထွာကို စဉ်းစား၏။

မြန်မာပြည်၏ နိုင်ငံရေးရာဇဝင်ကို ပြန်ပြောင်း၍ကြည့်လျှင်၊ နိုင်ငံရေး ဆိုသည်မှာ ဘယ်လိုဟာမျိုးပါဟု တပ်တပ်အပ်အပ် မရှိသည်ကို တွေ့ရ၏။ အမျိုး ဘာသာ သာသနာ ပညာ မြန်မာပြည်သည် မြန်မာများအဖို့ ဟုမှုရ အင်ဒီပင့်ဒင့်၊ ဘုံဝါဒ၊ ဆင်းရဲသား၊ ဝံသာနု စသည်ဖြင့် မီးခိုးမဆုံး မိုးမဆုံးပင် တောရွာဒေသရှိ မြန်မာအမျိုးမျိုးတို့အတွက်မှာကား တဘောင်၊ စနည်း၊ ဘဝေ ထွေနှင့် မင်းလောင်း တစ်ခါပေါ်လိုက် လုပ်လိုက်၊ ရှုံးလိုက်၊ အေးအေးနေလိုက် တစ်ခါထပ်ပေါ်၊ တစ်ခါထပ်လုပ်၊ တစ်ခါထပ်ရှုံး၊ ဘုရားလက်သစ်တွေ၊ မှော်ဆရာတွေ



တွေနှင့် သူတို့နိုင်ငံရေးမှာလည်း လုံးလိုက် ပြားလိုက်နှင့် ဖြစ်နေ၏။ ... ခိတ်မြန်မြန် ကိုယ်မြန်မြန်တွေကတော့လည်း ခေတ်ကြီး အတင်း ...သည့်စိတ်တွေ မွှန်ပြီး ဘင်္ဂလားက သူပုန်တွေလို၊ အိုင်ယာလန်က ... ဒ်တွေနှင့် လွှမ်းသူလွှမ်း ဆွေးသူဆွေးနေကြ၏။ ဦးဘဖေကြီးကတော့ ...ဆိုတာ အင်မတန် ညစ်ပတ်တဲ့ အလုပ်ပါ" ဟူ၏။ ဦးသိန်းမောင်ကြီး "နိုင်ငံရေးဆိုတာ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာမို့ နိုင်ငံရေးကို မလုပ် ... ဦးစောကတော့ ဝါးရင်းတုတ်နှင့် လူမိုက် အားကိုးလျက် စခန်းသွား၏။ ...ဘာမော်ကလည်း တစ်မျိုး၊ စတာလင်တို့ ဟစ်တလာတို့ အားကျသည် ...သင်း ဘယ်လို မှားသည် မှန်သည်ကို စဉ်းစားကြစို့။

...နိုတော့်အယူအဆတွင်ကား နိုင်ငံရေးကို လောကဓာတ်အရ မြင်မှ ...သည်ဟု ထင်၏။ လောကဓာတ်ကြောင်းအရ စဉ်းစားမှဖြစ်မည်ဟု ...သည်နှင့်ပတ်သက်၍ လောကဓာတ် ဆိုတာ ဘာကိုဆိုသည်၊ ဘယ်လို ...ျိုးနှင့် ရေးသည်ကိုလည်း နားလည်စေလို၏။ အင်္ဂလိပ်လိုအားဖြင့် ... မြန်မာလို လောကဓာတ်ဟု သူတို့ခေါ်သည်မှာ ဘာကိုဆိုလိုသနည်း။ ...တ်အစုအဝေး အားလုံးကို သရုပ်ခွဲ၍ပြရန် လောကဓာတ် ပိုင်းခြား၍ ...ည်။

လောကဓာတ်ကား အဘယ်က ပေါ်သနည်း၊ အကြောင်း အကျိုးတည်း ... တရား နှစ်ပါးမှ ပေါ်၏။ အကျိုးရှိလျှင် အကြောင်းရှိရမည်၊ အကြောင်း ... အကျိုးပေါ်ရမည်၊ ဤကား လောကဓာတ်၏ အခြေခံတရားများ ဖြစ်၏။ ... ဘုရား တရား၏ အခြေခံများဖြစ်၏။ ရှုးစမ်းဆင်ခြင်နိုင်သည့် ဉာဏ်၊ ...က်နိုင်သည့် ဉာဏ်၊ ထက်မြက်သော ဉာဏ်၊ နက်နဲသော ဉာဏ် ...သော လူ့ဉာဏ်အမျိုးမျိုးတို့ဖြင့် ကမ္ဘာကြီး၏ အလုံးစုံကို အနုလုံ ပဋိလုံ ...ခြင်သည့်အခါ အကြောင်းအကျိုး အရင်းတရားနှစ်ပါးသာ ထွက်ပေါ်လာ ... အကြောင်းအကျိုး နှစ်ပါးကို အခြေပြု၍ ဘုရားသခင်သည် ကမ္ဘာသူ ...သားတို့အား တရားပြခဲ့၏။ ထို အကြောင်းအကျိုးနှစ်ပါးအရ လောကဓာတ် ...များ၊ ပုရောဟိတ်များ၊ သုခမိန်အပေါင်းတို့သည် ကမ္ဘာပညာအရပ်ရပ်ကို ...ကြသည် မဟုတ်တုံလော။ သင်၏ရှေ့မှောက်၌ရှိသော စားပွဲ၊ ကုလားထိုင်၊ ...င်အိုး၊ ကလောင်တံ၊ မော်တော်ကား၊ လေယာဉ်ပျံ၊ ဓာတ်မီး၊ ရေဒီယို ...သည်တို့မှာ သည်လောကဓာတ်ပညာအစွမ်းကြောင့်ပင် ဖြစ်ခဲ့သည်မဟုတ်လော။

www.burmeseclassic.com

www.burmeseclassic.com



သို့ နိုင်ငံရေးတွင်လည်း အကြောင်းအကျိုးကို အမှီပြု၍ တွေးမှ ကြံမှ လုပ်မှ ကိုင်မှ ပြောဆိုမှ ဖြစ်ပေမည်။ အောင်ပေမည်။ ဤကား ကျွန်တော် ယူဆပုံဖြစ်၏။ အင်္ဂလိပ်လိုအားဖြင့် (ပေါ်လစ်တစ်) ဆိုသော စကားသည် အင်္ဂလိပ်စကားအစစ် မဟုတ်။ ပေါလစ်တစ် ဆိုသော စကားမှာ ဥရောပတစ်တိုက်လုံးလိုလို သိ၏။ ပေါလစ်တစ် ဆိုသော စကားမှာ ခေါမတိုင်း ခေါ် ဂရိတ်ပြည်မှ စတင်ပေါ်ပေါက်လာ၏။ ခေါမစကား။ (ပေါ်လစ်တီ) ဆိုသော စကားမှ ဆင်းသက်လာ၏။ အဓိပ္ပာယ်ကား လူများ စုပေါင်းအုပ်ချုပ်မှုပင် ဆို၏။ ထို့ကြောင့် နိုင်ငံရေး ဆိုသည်မှာ လူအဝန်းနှင့် ပေါင်းသင်းဆက်ဆံ ကူးလူးအုပ်ချုပ်သောကိစ္စပင်ဖြစ်၏။ ထို့ကြောင့် နိုင်ငံရေးကို(ဆိုရှယ်ဆိုင်းယင့်စ်)ပေါင်းသင်းဆက်ဆံမှု (သောကဓာတ်) ပညာဟု ယူဆရမည်။ ထို လူအချင်းချင်းဆက်ဆံမှုမှ ပေါ်ပေါက်လာသော ပြဿနာ အရပ်ရပ်ကို အကြောင်းနှင့် အကျိုးတရားကို အမှီထား၍ ရှာဖွေစုံစမ်းစစ်ဆေး ဝေဖန်ခွဲခြား စီမံအုပ်ချုပ်မှုပင် ဖြစ်၏။ ဤကိစ္စကို အကျဉ်းအားဖြင့် နိုင်ငံရေး ဝါဒတိုင်း တစ်နိုင်ငံလုံး အရေးယူကြ၏။ သို့သော် ယခုအခါ နိုင်ငံရေး၏အဓိပ္ပာယ်မှာ တစ်နိုင်ငံနှင့် တစ်နိုင်ငံ တစ်ပြည်ကိစ္စလောက်သာ မဟုတ်တော့။ တစ်ကမ္ဘာလုံး ကိစ္စရပ် ဖြစ်လာ၏။ နိုင်ငံရေး ပေါ်ပေါက်သည်မှာ ခေါမ ရောမတိုင်းတို့ ဖြစ်၏။ ဤကား နိုင်ငံရေးသည် စီတီးစတိတ် ခေါ်သော မြို့ကြီးတစ်မြို့စာသာ ရှိ၏။ ထိုနောက် ကျယ်၍ကျယ်၍လာရာ ယခုအခါကား ကမ္ဘာနှင့်အဝန်းသို့ပင်ဖြစ်လေပြီ။ ထို့ကြောင့် နိုင်ငံရေးသည် မိမိနိုင်ငံကလေးတွင်ချည်း ထင်သလိုလုပ်၍ မဖြစ်နိုင် တော့ချေ။ ဥဒါဟရုဏ်တွေ၊ ပြယုဂ်တွေ ပြနေဖို့ မလို၊ ရှင်းပြီဟု ယူဆ၏။

အထက် ဤပြခဲ့သော နိုင်ငံရေး၏သဘောကို အကျယ်ဋီကာဖွင့်ရလျှင် ကုန်နိုင်ဖွယ် မရှိ။ သို့ရာတွင် ပိုမိုထင်မြင်သဘောပေါက်စေခြင်းငှာ သရုပ် ထပ်၍ ဆောင်ပါဦးအံ့။ နိုင်ငံရေးသည် လူမှုသူမှုကိစ္စအားလုံးပင်ဖြစ်၏။ လူ ဟူ၍ ကမ္ဘာတွင် ဖြစ်လာသည့်အခါမှစ၍ လူ၏ အတန်းအစားအလျောက် လူလိုနေ၊ လူလိုဝတ်၊ လူလိုစား၊ လူလိုသောက်၊ လူလို လုပ်လာ၏။ လူလို လုပ်ချင်လာ၏။ လူလိုလုပ်ရန် ကြိုးစားလာ၏။ အထမြောက်လာ၏။ ပိုမို ကျယ်ပြောလာ၏။ လူနှင့် တိရစ္ဆာန် ကွဲပြားမှုမှာ လူက ထွင်ဉာဏ်သည့်အစွမ်း၊ မြင်တတ်သည့် အရည်အချင်းရှိခြင်းဖြစ်၏။ ထို အရည်အစွမ်းမှာ အသိဉာဏ်ပင် ဖြစ်၏။ ထိုလူ၏ အသိဉာဏ်ဖြင့် လူ၏လုပ်ငန်းဆောင်တာများကို ခေါင်းရွက်ကြရာ ပိုမိုများပြား ရှုပ်ထွေးလာသောအခါ နိုင်ငံရေးတည်းဟူသော လူ့ပင်မတရား ပေါ်ပေါက်လာ၏။



...ဆန်းသချာတွင် အပေါင်းအနုတ်က အမြောက် အစားထက်၊ အမြောက် ...ဘုံညီတိုင်းတို့ ဘုံသုံးကိန်းတို့ထက် ကွာသည်။ တက်၍တက်၍သွားသည့် ...ရိုးရိုးဂဏန်းမှ ဆန်းဆန်း။ ဆန်းဆန်းမှ ရှုပ်ရှုပ် ဖြစ်လာသကဲ့သို့ပင်။

ထိုအတိုင်း အက္ခရာသင်္ချာ အစရှိသဖြင့် ပေါ်ပေါက်လာသကဲ့သို့ ဖြစ်၏။ ...ကဲ အစားသည် အပေါင်း အနုတ်မှ တစ်ဆင့်တက်ခြင်း ဖြစ်သကဲ့သို့ ...ကဲသည် အပေါင်းများစွာ လုပ်ရသည်ကို အလွယ်နည်း၊ ပိုမိုကောင်းသော ...ဖြစ်သကဲ့သို့၊ အစားသည် အနုတ်များစွာလုပ်နေရသည့်ကိစ္စကို ပြုပြင်သကဲ့သို့ ...ငှမျာမှာလည်း မြန်မာ့အယူအရ ပဒေသာပင်ခေတ်မှ သမ္မတမင်းခေတ် ...ရ ပေါ်သည့်ခေတ်) တည်းဟူသော နိုင်ငံရေးဘဝ ရောက်လာ၏။

တခြားအရာများ၏ အယူအဆမှုကား လူရိုင်းမှ လူယဉ်ခေတ် ရောက်လာ ...အခါ နိုင်ငံရေး ပေါ်သည်ဟု ဆို၏။ မည်သို့ပင်ဖြစ်စေ လူ ဟူသောအချက်ကား ...သူမှုကိစ္စများ ထွေပြားနက်နဲလာသည့်အခါ လူတစ်ဦးတည်း၊ တစ်အိမ်ထောင် ...တည်း၊ တစ်မျိုးတစ်ဘာသာတည်း၊ တစ်နိုင်ငံလုံး ဆိုသည့် ကိစ္စမျိုး မရှိတော့ဘဲ ...ဆင့်ထက် တစ်ဆင့် တက်လာ၏။ ထိုသို့ အဆင့် အတန်းမှ နိုင်ငံရေးတည်း ...သော ပင်မသည် ပေါ်လာ၏။

ပေါ်လာပုံကား လူတွေက များလွန်း၍၊ ပြဿနာတွေက ရှုပ်လွန်း၍၊ ...လုချင်း ညှိလို့ ညီလို့ မရလွန်း၍ တစ်ယောက်က တစ်ယောက် စည်းမဲ့ကမ်းမဲ့ ဖြစ်လာသည်။ အစိုးရဟု ပေါ်လာသည်။ ထိုအစိုးရကား လူတွေက အသီးသီး ...နေရာသူ၊ သူတို့အားလုံးအကျိုးအတွက် တင်လိုက်၍ ဖြစ်ရ၏။ လူများက သူတို့ အတွက် ဘေးရန် ကာကွယ်ပေးနိုင်ပါစေ၊ အငြင်းအခုံများ ဖျန်ဖြေပေးနိုင်ပါစေ၊ အစားအသောက် အဝတ်အနေ မှန်ပါစေ ဆို၍ အစိုးရ ချီးမြှောက်ကြ၏။ ဝိုင်းဝန်း ကြ၏။ ကူညီကြ၏။ ကူညီပုံကား လိုသမျှ လုပ်နိုင်အောင် အခွန်ပေးကြ၏။ အစိုးရ၏စကားကို လိုက်နာကြ၏။ အစိုးရကလည်း ရသည့် အခွန်ကို တိုင်းသူ ပြည်သားများအတွက် ပြန်သုံးရ၏။ တိုင်းသူပြည်သားများ ကောင်းကျိုးအတွက် အများလိုက်နာရန် ဥပဒေတွေ ထုတ်၊ ဥပဒေ မလိုက်နာခံသူတွေကို အထိုက် အလျောက် စီရင်ပေးရ၏။ အမှန်စင်စစ်မှာ ပြည်သူ့ဆန္ဒအရ အုပ်ချုပ်မှု ဟု ခေါ်သော ဒီမိုကရေစီမှာ နိုင်ငံရေး၏ အရင်းခံသဘောပင် ဖြစ်၏။ နိုင်ငံရေး၏ မဖောက်မပြန် မှန်ကန်သော ပရမတ်တရား ဖြစ်၏။ သို့သော် နက်နက်နဲနဲ တွေးရှု သည့်အခါ အမှန်မှာ ဒီမိုကရေစီ ဟူ၍ မရှိလှသေး။

www.burmeseclassic.com

www.burmeseclassic.com



အစိုးရဟု ဖြစ်ပေါ်လာစဉ်ကပင် လူတွေ တရားမစောင့်နိုင်၍ ဖြစ်၏။ လူတွေသာ တရားစောင့်နိုင်လျှင် အစိုးရ ဟူ၍ ရှိတော့မည် မဟုတ်။ ဤကား မြန်မာ့ကျမ်းဂန်တွေ၌ပင် ရှိ၏။ လူတွေ တရားမစောင့်သော အကြောင်းမှာလည်း လောဘကြောင့် ဖြစ်၏။ လောဘတရား ဖြစ်လာရခြင်းမှာလည်း ပုဂ္ဂလိက ပစ္စည်း ဖြစ်ပေါ်လာသဖြင့် ငါ့ဟာ ငါ့အိမ် ငါ့ခြံ စသည်ဖြင့် ငါတည်းဟူသော သက္ကာယ ဒိဋ္ဌိ အရင်းခံသည့် လောဘ၊ ထို လောဘကြောင့်ဖြစ်သော ဒေါသ၊ ထို လောဘ ဒေါသ မီးတို့ကြောင့် မောဟ တည်းဟူသော မသိမလိမ္မာ မိုက်မဲမှု ဖြစ်လာ၏။ ထိုအခါ လူများမှာ အကျိုးချင်း မတူသော အကျိုးများကြောင့် အချင်းဖြစ်ရ၏။ သို့ဖြစ်ရကား အကျိုးခံစားရသော လူတစ်စုသည် မိမိတို့အကျိုး မပျက် မပျောက် စိမ့်သောငှာ ကိုင်း၊ မင်းတို့ ငါတို့ သည်လိုချည်း တစ်ဦးကို တစ်ဦး တိုက်ခိုက် သတ်ဖြတ် ငြင်းခုံ လုယက်နေလို့ မဖြစ်ဘူး၊ နိုင်ငံရေး ထွင်ကြစို့၊ အစိုးရ ထောင်ကြစို့၊ သူက ငါတို့ကို အုပ်ချုပ်စေလော့၊ သူ့ကို ငါတို့က ဘယ်လိုကူညီကြစို့ ဆို၍ အကျိုးခံစားခွင့် ရှိသူများက အကျိုးခံစားခွင့် မရှိသူများကို လှည့်စား၍ သူတို့ကိုယ်စား အစိုးရတွေဘာတွေနှင့် အေးအေးချမ်းချမ်း စားပေါက်ထွင်ကြကုန်၏။ လှည့်စားသည် ဆိုသည်မှာ အကျိုးခံစားရသူများကိုယ်တိုင်က သိပြီး လှည့်စားခြင်း မဟုတ်။ သူတို့၏ လောကစေတသိက်၏ မြှောက်ပေးမှုကြောင့်၊ အမှန်ကတော့ လူတွေအချင်းများတာဟာ ငါတို့ လောဘကြောင့်၊ ငါ သက္ကာယ ဒိဋ္ဌိကြောင့်၊ ဘုံပစ္စည်းကို ပုဂ္ဂလိကပစ္စည်းသို့ ပြောင်းလဲမှုကြောင့်ဟု မသိဘဲ မောဟတရားနှင့် လောဘတရား၏အလိုသို့ လိုက်ခြင်းပင် ဖြစ်၏။

အကျိုးခံစားခွင့် နည်းသူများမှာလည်း ထိုအချက် ဆိုးဝါးသော အခြေအနေကို မရိပ်မိသေး၍ အေး အကောင်းသားပဲ၊ နှစ်ဦးနှစ်ဖက်အကျိုးပဲ၊ ကောင်းတာလုပ်ကြကွာ၊ အစိုးရ ဆိုတာ ကောင်းတာပဲ၊ မင်းတို့ ငါတို့က တင်လိုက်တာပဲ၊ သမာသမတ်နှင့် ကြားဖျန်လိမ့်မယ်ဟု ယောင်ဝါးလိုက်ကြကုန်၏။

မြန်မာစကားတွင်ကား အစိုးရ ဟူ၍ နိုင်ငံရေးစကား ရှိ၏။ အစိုးရ ဆိုသည်မှာ ဆယ်အိမ်ခေါင်းမှအစ ရှင်ဘုရင်အထိ အုပ်ချုပ်သူများကိုသာ သိကြ၏။ အစိုးရသည် ပြည်သူတို့၏ကိုယ်စားလှယ်၊ ပြည်သူ့ဆန္ဒအရ ဖြစ်ရသည် ဆိုသော သဘောမှာ ကြာလေ ပျောက်လေ ဖြစ်လာသည်။ အစိုးရမှာ ပြည်သူနှင့် အလှမ်းကွာနေ၏။ လူတို့စိတ်တွင် သူ့အမျိုးနှင့် သူ့အမျိုးနှင့်မှ ဖြစ်နိုင်သည်ဟု ထင်မှတ်၏။ သာကီဝင်တွေမှ မင်းမျိုးဟု ထင်မှတ်၏။ ဤကား စသည့်လူတွေတုန်းက နားလည်



[illegible] မဟုတ်တော့။ စသည့်အခါတုန်းက အစိုးရတို့ အကျိုးခံစားရသော [illegible]က၊ မခံစားရသော အတန်းအစားကို သူမသိ ငါမသိ လှည့်ပတ် [illegible]သော အလိမ်မှာ သေသေချာချာကြည့်လျှင် ပေါ်ပေမည်။

သို့ ပေါ်လာသော်လည်း ကြီးမားလှသော မောဟတရား ဖုံးလွှမ်းနေသူ [illegible] အကျိုးခံစားရသော အတန်းအစား၏ အလွန်သိမ်မွေ့သော (ဝါ) ကိုယ်ကျိုးက [illegible]၍ စေ့ဆော်၍ သူတို့ကိုယ်တိုင် လှည့်မှန်းမသိ လှည့်လာသော နည်း[illegible]ကြောင့် အလိမ်ခံရမှန်း မသိနိုင်တော့။ အကျိုးခံစားရသည့် မင်း သူဌေး [illegible]ယ်တို့မှာလည်း တို့ကုသိုလ်ကြောင့်ဟု ပြောလာ၏။ အကျိုးမခံစားရသော [illegible]ာလည်း ခင်ဗျားတို့ကုသိုလ်ကြောင့် မဟုတ်ဘဲ ခင်ဗျားတို့က စီမံလာတဲ့ [illegible]ခံကြောင့်ဟု မသိဘဲ၊ ငါတို့ကံကြောင့်ဟု ထင်လာ၏။ မြန်မာတွင်ကား [illegible] ဆိုသည့် နိုင်ငံရေးစကားသာရှိသဖြင့် အစိုးရ မဟုတ်သည့် တိုင်းသူ [illegible]သားများမှာ အကြောင်း သေသေချာချာ မသိပင် မသိလင့်ကစား၊ အစိုးရ [illegible]တာ သူတို့မဟုတ်ဟုကား သိကြမည်ပင်ဖြစ်၏။ အင်္ဂလိပ်အလိုတွင်ကား [illegible] အရင်းခံသဘောကို လက်စွဲရှိသေးသလို၊ စတိတ်ဟုခေါ်သော အစိုးရဆော [illegible]သူပြည်သားတွေပါ ဖြစ်သည်။ (တိုင်း) ဟူသော စကားပင် ရှိပေ၏။

တခြားအကြီးအကျယ်စကားတွေလည်း ရှိသေး၏။ သို့သော်လည်း စတိတ် ဆိုတာဟာ အဘိဓမ္မာဆရာကြီးအကြောင်းနှင့် အကျိုးယှဉ်တဲ့ ဘုံဝါဒဆရာကြီး [illegible]ားလ်မတ်(စ်) အလိုအရကား အုပ်ချုပ်ရသည့် အတန်းအစား အမှုဆောင်အဖွဲ့ [illegible]၊ မထူးခြားပေ။ ခွေးကို အောင်နက်ကနေပြီး မောင်စိန်ဟု ပြောင်းသလိုပင်။

ဤသို့လျှင် လူတွေ ပေါ်လာပြီး လူ့ကိစ္စတွေ တွေ့လာတော့ နိုင်ငံရေး ဆိုတာ ဖြစ်လာ၏။ (စတိတ်) ဆိုတဲ့ နိုင်ငံရေး အဆောက်အအုံကြီးဖြစ်လာတော့ အမှန်မှာတော့ တစ်တန်းစားက တစ်တန်းစားကို အုပ်စိုးချုပ်ချယ်သည့် စနစ် အရင်းခံပင်ဖြစ်လေသည်။ သို့ပင်ဖြစ်သော်လည်း မောဟတွေ ဖုံးလွှမ်းနေတဲ့ ဤလောကကြီးမှာ လူတွေအများမှာ မသိနိုင် မမြင်နိုင်လွန်းတော့ စတိတ်ဆိုတာပဲ အကောင်းချည်း ထင်ကြတယ်။ ထင်ကြတော့ သည်(စတိတ်)ဆိုတဲ့ တန်ခိုး အာဏာစက် ကိရိယာကြီးကို သူ့အတန်းအစားလက်က ကိုယ့်အတန်းအစားလက် ရောက်အောင်၊ ကိုယ့်အတန်းအစားအဖို့အတွက် လုယူကြလာလိုက်တာ ယခု ဆိုလျှင် လူတစ်ဦးက တစ်ဦး၊ တစ်တန်းစားက တစ်တန်းစား နှိမ်ရုံတွင်မဟုတ်ဘဲ တစ်တိုင်းပြည်က တစ်တိုင်းပြည် နှိမ်၍လာ၏။ ထို့ကြောင့် မြန်မာပြည်မှာဆိုလျှင်

www.burmeseclassic.com

www.burmeseclassic.com



အုပ်စိုးကြတဲ့သူများ နိုင်ငံရေးက တစ်မျိုး နယ်ချဲ့စနစ်ဆိုတာကို အမှီပြုနေ၏။ အလှည့်ခံရသည့် မြန်မာလူမျိုးတွေ၏ နိုင်ငံရေးက တစ်မျိုး လွတ်လပ်ရေး အခြေခံထားလျက်ရှိ၏။ လွတ်လပ်ရေး လိုချင်တယ်ဆိုတာမှာလည်း မြန်မာ လူမျိုးတွေ ငတ်ငတ်ပြတ်ပြတ်ဖြစ်နေရတာက ဝဝလင်လင် စားချင်လို့၊ ဝတ်ချင်လို့၊ မော်ချင်လို့၊ ကုသိုလ်လုပ်ချင်လို့ပင် ဖြစ်လေသည်။

ထို့ကြောင့် နိုင်ငံရေးတွင် သူ့အကျိုး သူ့အမြင်နှင့် ဝါဒတွေ မိုးမွှန်နေခြင်းပင်။ တချို့ကတော့ ဝါဒဆိုတာ မလိုပါဘူး။ မြန်မာပြည် မြန်မာပြန်ရပြီး မြန်မာ့အကျိုး ဆောင်ရွက်ရလျှင် ပြီးတာပဲဟု ပြောကြ၏။ ပြောကြတဲ့ လူတွေ ကိုယ်တိုင်က သူတို့ရဲ့အကျိုး သူတို့ရဲ့အမြင်အရဖြစ်တဲ့ ဝါဒကို ဟောနေမှန်း လုပ်နေမှန်း မသိကြပေ။ သိလျှင်လည်း လိမ်ခြင်းပင် ဖြစ်၏။ ဝါဒအကြောင်း နောက်အခန်းတွင် ရေးဦးမည်။

ဤကား နိုင်ငံရေး၏သဘောကို အကြောင်းနှင့် အကျိုး ယှဉ်၍ တွေးပုံပင် ဖြစ်၏။ ထို့ကြောင့်ပင် ဤနည်းအရဖြစ်သော နိုင်ငံရေးအစစ်မှာ တဘောင် တနည်းတွေ ရွတ်ရသည့် နိုင်ငံရေးများလို မလွယ်ပေ။ တိုင်းပြည် ကောင်းစားအောင် အပြောကား လွယ်၏၊ အလုပ်ကား ခက်၏။ ဥပမာ ဆင်းရဲသားတွေ လယ်မဲ့ နေတယ်၊ လယ်ရအောင် လုပ်ပေးမယ်ဆိုလျှင်(ပထမ)မြန်မာပြည်မှာ ဘယ်နှယောက် လယ်ယာမဲ့နေတယ် ဆိုတာကို သိရမည်။ (ဒုတိယ) လိုသလောက် လူတွေကို ပေးစရာ မြေမရှိ၊ ရှိလျှင်လည်း ဘယ်လိုလုပ်၍ ဘယ်လောက်စီ ပေးပေးရမည်ကို သိရမည်။ သစ်တောတွေ ထွန်၍ပဲ မြေရအောင် လုပ်မလား၊ ချစ်တီးတွေ လက်ထဲကပဲ အတင်းလုမလား။ လုပါပြီတဲ့ ချစ်တီးတွေ မရှိလို့ လယ်သမားတွေ လယ်စိုက်ဖို့၊ ပျိုးနုတ်ဖို့ လယ်စရိတ်တွေ မရှိလျှင် ဘယ်သူက ပေးမလဲ။ လယ်တွေ ဖွံ့ဖြိုးအောင် ခေတ်သစ်နည်းတွေနှင့် လုပ်ဖို့ ဘယ်သူတွေက လာသင်ပေးမလဲ။ ဘယ်လိုကိရိယာမျိုး ဘယ်ကယူမလဲ။ ဝယ်မလား။ နိုင်ငံခြားက လယ်ယာ စိုက်ပျိုးရေးအတတ် ကျွမ်းကျင်တဲ့ လူတွေ ခေါ်ယူမလား။ သည်လိုဆိုလျှင် ငွေတွေ တက်တက်စင် ကုန်မည်။ ကုန်လျှင် ဘယ်ကရမလဲ။ တိုင်းပြည်ကရတဲ့ အခွန်တွေကလည်း သုံးစရာတွေ များလွန်းလို့ မလောက်ဘူးတဲ့။ ဘယ်သူ့ဆီက ချေးမလဲ။ မြန်မာတွေဆီကလား၊ နိုင်ငံခြားအစိုးရတွေနှင့် မဟာမိတ် လုပ်ပြီး သူတို့ဆီက ချေးမလား။ ချေးတယ်ဆိုရင်ပဲ အလကားရမှာ မဟုတ်။ အခုဟာ သူတို့လိုချင်တဲ့ စီးပွားရေး နိုင်ငံရေး အဆက်ဆက်တွေကို ပေးရလိမ့်မယ်။ ဤကဲ့သို့ တစ်မျှော်



ခေါ်ကြီး စဉ်းစားရ၏။ ငှက်ပျောသီးအခွံ နွှာစားသလို မလွယ်။ ရုရှားပြည်မှာ ကြီး ပြီးစက စက်မှုလက်မှုလုပ်ငန်းတွေကို ကိုယ်ပိုင်လုပ်ငန်းတွေအဖြစ် တဲ့ ဘုံလုပ်ငန်းအဖြစ် လုပ်ချင်သော်လည်း ချက်ချင်းလုပ်ရန် အရင်းအနှီးမရှိ။ အကြောင်းများလည်း ရှိသဖြင့် နိုင်ငံခြားမှ အရင်းအနှီးခေါ်ပြီး လုပ်ရ၏။ ဤကား တကယ့်နိုင်ငံရေးပင် ဖြစ်၏။ အကြောင်းနှင့် အကျိုး မှန်ကန်သည့် နိုင်ငံရေးပင် ဖြစ်၏။ နဖူးတွေ့ ဒူးတွေ့ အထည်ကိုယ်ဒြပ်နှင့် နိုင်ငံရေး ဖြစ်၏။ သာမန္တရားတွေ မန်းလို့ရတဲ့ နိုင်ငံရေးကတော့ဖြင့် စာအုပ်ထဲတွင်သာ ဖတ်ရဖူး၏။

ယင်းသို့လျှင် နိုင်ငံရေး၏သဘောတရားကို ဖော်ပြရာ၌ ဦးဘဖေကြီး ပြောသလို "ညစ်ပတ်တဲ့အလုပ်လား" ဆိုသည့် မေးခွန်းကိုလည်း ဖြေလို၏။ သိန်းမောင်ကြီးကတော့ ဝန်ခံသွားရှာပြီ။ ညစ်ပတ်တယ်တဲ့။ သူတော့ မလုပ်ချင် ဟု ဖြေခဲ့ပြီ။ တေမိမင်း အားကျလို့ ထင်၏။ ယခုတော့ ဆွဲချ ခေါ်တဲ့ ရှေ့နေ ကြီး ဖြစ်နေတယ်။ အမှန်မှာ နိုင်ငံရေးမှာ လောကီရေးပင် ဖြစ်၏။ နိုင်ငံရေးမှာ နိဗ္ဗာန်ရောက်ကြောင်းတရား မဟုတ်ပေ။ သို့သော်လည်း လောကီမှာလည်း လောကုတ် နိုင်၏။ လောကီ တည်နိုင်၏။ အမှတောင့်မှ သီလစောင့်နိုင်၏။ ထို့ကြောင့် နိုင်ငံရေးကား ပင်မပင်တည်း။ သူ့ကို လက်လွှတ်၍ မဖြစ်။ အားလုံးနှင့် ဆိုင်၏။ လောကီရေးဖြစ်သော်လည်း ညစ်ပတ်သည်ဟု လုံးလုံး မဆိုသာ။ ပရဟိတ အတွက် ၍ နိုင်ငံရေးမှာ ပြောဆိုသည့်စကားပင်လျှင် သူတို့၏ တိုးတက်လိုသော မြတ်သည့် စိတ်ထားကို ပြခြင်းဖြစ်ပေ၏။ သူ၏ထူးခြားချက်မှာလည်း မိမိတို့၏ အကျိုးစီးပွားကို တိုးတက်အောင် ကြံဆောင်တတ်သော အသိဉာဏ်ပင် ဖြစ်၏။

ထို အသိဉာဏ်ရှိသော ဘာသာတရားတွေ ပေါ်ပေါက်ပြီး လူတွေရဲ့ စိတ်ချမ်းသာမှုလည်း ရှာဖွေနေခြင်း မဟုတ်ပါလော။

လူတွေသည် ပြုပြင်၍ ရ၏၊ ပြုပြင်လို၏၊ တိုးတက်လို၏။ ဤအချက်မှာ ထင်ရှားနေပေပြီ။ စင်စစ် နိုင်ငံရေးမှာ တိုးတက်လိုသည့် ပင်မတရားကြီး တစ်ရပ်ပင် ဖြစ်၏။ ထိုတရားကား လောကီနိဗ္ဗာန်ကို နောက်ဆုံး ရည်မှန်းလေသည်။

ထို့ကြောင့် အဘယ်မှာလျှင် ညစ်ပတ်ရပေမည်နည်း။

ဤတွင် အခန်းရပ်။

**အောင်ဆန်း**

၁၉၄၀ ခုနှစ်၊ ဖေဖော်ဝါရီလနှင့် မတ်လထုတ် ဒဂုန်မဂ္ဂဇင်းမှ

www.burmeseclassic.com

www.burmeseclassic.com



## နိုင်ငံရေးအမျိုးမျိုး (ဒုတိယပိုင်း)

ယခင်အပတ်က နိုင်ငံရေး ဟူသည် (စကားသဘော အနက်အဓိပ္ပာယ် အကျယ်အဝန်း) တိုင်းထွာပြခဲ့ပြီ၊ ထုတ်ဖော်ပြခဲ့ပြီ။ နိုင်ငံရေးအမျိုးမျိုးအကြောင်းကို ရာဇဝင်နှင့်ချိ၍ မရေးခင်၊ နိုင်ငံရေးဆို (ချို) နှင့်လားဟု ထင်သူထင်၊ မြင်သူမြင်နေကြသဖြင့် နိုင်ငံရေး ဆိုတာ ဟိုလိုမဟုတ်၊ သည်လိုပါဟု အပြေးအလွှား ရေသားခဲ့ရပေသည်။

သို့မှသာ ကျွန်တော်လိုချင်သည့်၊ သိသည့်၊ မြင်သည့် နိုင်ငံရေးသို့ ရောက်ပေမည်။ အများအားဖြင့် စင်မြင့်ပေါ်တက်၊ အသံကျယ်ကျယ် အော်၊ ဟိုဆဲ၊ သည်ဆဲ ဆိုလျှင် နိုင်ငံရေးဟု ထင်၏။ ဤအရာမျိုးကား နိုင်ငံရေးမဟုတ်၊ (ဒင်ဓ်ဂေါ်နီ ခေါ်) လူပြိန်းကြိုက် လူအပေါ်စား အလုပ်မျိုး ဖြစ်၏။

အချို့နိုင်ငံရေးသမားများနှင့် လူငယ်များသည် သည်လို အပေါစားအလုပ်မျိုးကိုပင် တကယ့်တကယ်ကြီးထင်ကာ ဟစ်တလာယောင်ယောင်၊ မူဆိုလီနီယောင်ယောင် ယောင်ဝါးကြသည်ကို တွေ့ရပေ၏။ သည်လို ဝါးကြသူများမှာ ကြာရှည်မခံတတ်၊ အချိန်တန်လျှင် သူ့နဂို ပြန်ပေါ်လာသဖြင့် လူအများ အထင်ကြီးသလောက်မဟုတ်၍ တိမ်မြုပ်၍သာ သွားကြသည်သာ များလေသည်။ တချို့ကလည်း စဉ်းစားတတ်သော ဤခေတ်သစ်တွင် ပေါ်လာသော ဝါဒများကို ကြားရပြီး မဟုတ်တမ်းတရမ်း ပြောလိုပြော၊ ရေးလိုရေး၊ သီချင်းစပ်လိုစပ် တွေ့ရပေသည်။ ကောလီခေတ်တွေနှင့် မင်းလောင်းမျှော်လိုမျှော်၊ စောင့်လိုစောင့် 'လူမတန် ကံချ' ဆိုသည့် စကားအတိုင်း ကံညံ့၍ စိတ်ကူးလွဲကြခြင်း ဖြစ်၏။ မင်းလောင်းမျှော်သည်ဆို၍ စကြာမင်းကြီး တောင်အရပ်ဈူးရူးက ဘီလူးကြီး စီးပြီး လာတော့မလို၊ ဘာတို့ညာတို့ကို မဟုတ်မဟတ်သည့် စိတ်ကူးမျိုး ကူးကြပြန်၏။

ဤလောကတွင်(ဝါ)ကျွန်တော့်အယူအရ ဤမြေရှင်လောကတွင် အမှန်ကို ပြောလျှင် မခံချင်ကြ။ ဘုရား တရား ကြည်ညိုကြသည် ဆိုသော ဤ မြေရှင် လောကသားတို့သည် စကားကြီး ခြောက်ခွန်းအနက် စကားကြီး နှစ်ခွန်းကို နှုတ်ဖျားအားဖြင့်သာ သဘောတူကြ၏။ တကယ်ကြားလျှင် မခံချင်။ သူသာလျှင် မှန်၏။ သည်အကောင် တယ်ဘုကျတာပဲ၊ သည်ကောင် စကားပြော တကယ်မိုက်ရိုင်းတာပဲ၊ သည်ကောင် တကယ်အာကျယ်တာပဲ၊ သည်ကောင်က ဘာလဲ၊ မျက်နှာပေါက်ဆိုးဆိုး အောက်သိုးသိုးနဲ့ သူ့ကိုယ်သူ ဟစ်တလာ ထင်နေလို့လား၊ ဘာလားနှင့်



[illegible] မအဲ့သံများ ကြားရဖူး၏။ အဆိုးကို အဆိုးထင်ကြသည်ကား အရေး[illegible]၊ အကောင်းပြောကြသည်ကို အဆိုးထင်ခြင်းကား ဆိုး၏။ အမှန်ဆိုလျှင် [illegible]င်းပင် ပြောစေ၊ အဆိုးထင်ကြသည်ကား များ၏။ ပါးစပ်က ဘယ်လောက် [illegible]း‌ချင်တယ်ပြောပြော ဘယ်သူမှ ကိုယ်နှင့်ဆိုင်လျှင် အမှန် မကြားချင် [illegible]၊ ကျွန်တော်လည်း အပါအဝင်၊ ကျွန်တော် မငြင်း၊ မကြားချင်။ သို့သော် [illegible]မည့်အချိန်တွင် ကြားရ၏။ ဝန်ခံသင့်သည်ထင်လျှင် ဝန်ခံရ၏။ ဦးမလေး[illegible] ပြောချိန်တန်လျှင် ပြောရ၏။ လူမှန်းမှာ မကြောက်။ (ဤကား စကားချပ်)

ဤလောကခေတ်ကို သူ့သဘာဝ၊ သူ့မူ၊ သူ့ကိန်းအလျောက် သိမှ [illegible]လျှင် မည်သူမျှ အာဏာရှင် မင်းလောင်းတို့ကို မျှော်နေမည် မဟုတ်ပါ။ [illegible]ဆောင်ကောင်းကိုလည်း စောင့်စားနေမည် မဟုတ်။ မိမိဝတ္တရားအင်အားကို [illegible]လျှင် သိသည့်အလျောက် လူတိုင်း ကြိုးစားကြမည်။ နိုင်ငံရေးသည် လူတိုင်းနှင့် [illegible]၏။ လူတိုင်းလုပ်မှ ဖြစ်မည်။ မင်းလောင်း မျှော်နေစရာ မဟုတ်။ ဘယ်နေရာ[illegible] မင်းလောင်း ပေါ်မည်မဟုတ်။ စကြာမင်းဆိုသော်လည်း မရှိ။ လာမည် [illegible]။ ပေါ်လျှင်လည်း သူလိုငါလိုထဲမှ ရာဇဝင်ကိန်းခန်းအလျောက် (ဝါ) [illegible]ပေါ်ပေါက်သည့်အခါ အခါအလျောက် ဆောင်ရွက်ရန် စွမ်းရည်သတ္တိ[illegible]သူသည် မုချဆတ်ဆတ် တကယ့်ခေါင်းဆောင်ဖြစ်မည်။ ထိုသူသည် သင်လည်း [illegible]နိုင်၏။ ထို့ကြောင့် သင်၏စိတ်ဝယ် ကိန်းအောင်းနေသော လူညံ့စိတ်ကို [illegible]ကပြီး နိုင်ငံရေးကို လိုက်စားလိုက်စမ်းပါ။ "ယောကျ်ားတံခွန် လူရည်ချွန်၊ [illegible]င်းကင်တမွတ်၍ ကြယ်ကိုဆွတ်လည်း၊ မလွတ်စတမ်း ရမြဲလမ်း" ဒါဟာ [illegible]မျိုးကို ဆိုတာပဲ။ (ခရစ်ယာန်တရားဟောဆရာနှင့် မတူလား - အယ်ဒီတာ။)

တချို့ကလည်း ဆင်းရဲသားဝါဒဆိုလျှင် လူတွေအကုန်လုံး ဆင်းရဲသား [illegible]၊ ဆင်းရဲသားအနေမျိုး နေရမည်ဟု ကလေးတွေး တွေးပြီး ကျုပ်တို့ဝါဒ [illegible]င်းရဲသားဝါဒ မဟုတ်ဘူး၊ သူဌေးဝါဒ။ ဘယ့်နှယ် သူဌေးဝါဒဆိုပြီး ပိုးလုံချည်နှင့် [illegible]လားဗျ။ သူဌေးဝါဒ လူတိုင်းသူဌေးဖြစ်မယ်ဟု တကယ့်မနူးမနပ်သမား [illegible]များအပြောကို တွေ့ရ၏။ ဤလူစားမျိုး အကျပ်ဆုံးဖြစ်၏။ တကယ့်လူခွအစစ် [illegible]၏။ မိမိကိုယ် တတ်သည်ဟုလည်း ထင်၏။ အမှန်မှာ မတတ်။ [illegible]ကယ် [illegible]တ်၍ အထင်ကြီးသူကို 'အဆိုး' မဆိုသာ။ တကယ်မတတ်ဘဲ အထင်ကြီးသည့် [illegible]တ်ယောင်ကားတို့ကိုကား မကြားချင်လဲ နားပိတ်ထားကြ။ ကျုပ်တော့ အလွန် [illegible]က်ဆုပ် အော့နှလုံးနာ၊ ဆန်ကုန်မြေလေး တကယ့်အစစ်တွေ ဖြစ်၏။ သည်လို

www.burmeseclassic.com

www.burmeseclassic.com



မနုန်းမနပ်တွေအကြောင်းရေးရလျှင် ပုဂံရာဇဝင် တုတ်ထမ်းပြောသလို ပြောရမည်ဖြစ်၏။ ဒုနှင့် ဒေး။ နိုင်ငံရေးဆို (ချို)နှင့်လားဟု တောရွာမှာရှိသည့် မသိနားမလည်သူတွေ မတိမ်းမယိမ်းနိုင်။ နိုင်ငံရေးအကြောင်း ရေးမလို့ ထိုင်လိုက်ပါတယ်။ လောကကြီးကို မကျေနပ်လွန်းလို့ နည်းနည်းဆဲတရား ခပ်ဆန်ဆန်ထည့်လိုက်မိတယ်။ အယ်ဒီတာ သခင်ကြီး သည်းခံဖျို့၊ သည်းခံ။ ဝါသနာကိုဆေးရုံတက်နေရင်း ရေးရတော့ စိတ်ကောင်း လက်ကောင်းတဲ့အခါ ရေးရတာမဟုတ်ဘူးလို့။ သဟာလို (ကျွန်တော်က အညာသားခင်ဗျ နော်) မေတ္တာတရားပွားပြီး ဥပေက္ခာပြုကြပေတော့ဗျာ။ အများကြီး ဝမ်းနည်းပါတယ်။ အင်္ဂလိပ်လိုတော့ ဘဲရီးဆောရီးထင်ပဗျာ။ ကိုင်း ဆက်ဦးစို့၊ နိုင်ငံရေးအမျိုးမျိုးအကြောင်း။

နိုင်ငံရေးအကြောင်းတွေးလျှင် ဝါဒ ပါစမြဲဖြစ်၏။ ဝါဒ မရှိသည့်နိုင်ငံရေးဟူ၍ ဘယ်ကမ္ဘာတွင်မှ မရှိ။ ဝါဒ မလိုပါဘူး၊ ဗမာဆိုလျှင် ဗမာစိတ်ရှိတာပဲ၊ ဗမာကောင်းစားဖို့ဆိုလျှင် လူတိုင်း လိုချင်တာပေါ့၊ ဝါဒ ဆိုတာပေါ့၊ ဘာဓနရှင်ဝါဒ၊ ဘာဝါဒနှင့် စာချဲ့နေစရာလိုသလဲ စသည်ဖြင့် ပြောကြ၏။ တစ်ရံရောအခါ ပဲခူးမြို့တွင် ဓနရှင်ကြီးတစ်ယောက် ပြောသည်ကို မှတ်လိုက်ရဖူး၏။ အမှန်မှာ နိုင်ငံရေး နားမလည်၍တစ်ကြောင်း၊ သူ၏ အတန်းစားစိတ်အမြင်နှင့် ဆန့်ကျင်၍တစ်ကြောင်း ဝါဒ မလိုဟု ပြောလိုက်ခြင်းပင် ဖြစ်၏။ ဝါဒ မရှိလျှင် ဘယ်နိုင်ငံရေးမျိုး လုပ်နိုင်မလဲ။

ယခု လက်ရှိ ဝန်ကြီးတွေ အုပ်ချုပ်ရေး မကောင်းသည်ကို အပထား၍ အုပ်ချုပ်ရေးအရ လုပ်နိုင်သမျှ ဖန်တီးသမျှကို ထိထိရောက်ရောက် လုပ်တတ်ခြင်း မရှိ။ ပညာရေးဝန်ကြီးချုပ်ဆိုသူတစ်ဦးနှင့် တွေ့ဖူး၏။ ပညာရေးဆိုတာ ဘာလဲလို့ မေးတော့ ကျုပ် ခင်ဗျားနှင့် ငြင်းနေဖို့ မဟုတ်ဘူး၊ ကျုပ် လွှတ်တော်ထဲမှာသာ ငြင်းတယ် ဆိုလျက် ရှောင်သွားဖူး၏။ မိမိကိုယ်ကို နာမည်ကြီးအောင် ကြွယ်ဝအောင် လုပ်တတ်သည်မှာ နိုင်ငံရေးမဟုတ်။ တိုင်းပြည်ကောင်းအောင်လုပ်တတ်မှ နိုင်ငံရေး ဖြစ်၏။ တိုင်းပြည်ရဲ့အနာဂတ်က ဘာလဲ၊ တိုင်းပြည်ရဲ့ လွတ်ရာလွတ်ကြောင်းဖြစ်တဲ့ လောကနိဗ္ဗာန်လမ်းဟာ ဘယ်လိုရှိသလဲဟု စိတ်ကူးမှာမကူးတတ်။ စိတ်ကူးတတ်ရန်မှာ ဝါဒ အရင်းခံဖြစ်၏။

လောကမှာ ထွက်ရာထွက်ကြောင်း အရင်းခံ၍ ဘာသာအမျိုးမျိုး ရှိ၏။ သူ့ဝါဒ သူ့အယူနှင့် ရှိ၏။ သည်ဝါဒ အယူတွေအနက် ဘယ်သင်းလိုက်မလဲ။ ဗုဒ္ဓဘာသာ ဗုဒ္ဓဝါဒ ကြိုက်သူ ဗုဒ္ဓဘာသာလိုက်။ မဟာမေဒင်ဘာသာ မဟာမေဒင်



ဝါဒကြိုက်သူ မဟာမေဒင် ဝင်လုပ်ကြ။ ဤအတိုင်း နိုင်ငံရေးတွင် ထပ်တူဖြစ်၏။ ဝါဒဘုလျှင် ဘာကြောင့် နိုင်ငံရေးဂိုဏ်းတွေ ကွဲနေစရာလိုသလဲ။ ဝါဒမတူလို့သာကွဲသည်ဟု မှတ်။ ယခုအခါ ညီညွတ်ရေးစကားကို အတော်ပြောကြ၏။ ညီညွတ်ဖို့ကောင်းတဲ့ ညီညွတ်ရေးလား၊ ညီညွတ်သင့်တဲ့ ညီညွတ်ရေးလား စဉ်းစားရမည်ဟုဆိုသည်ကို ထည့်ပြီး တိုင်းပြည်လွတ်လပ်ရေးစကား မထည့်လို၊ ထည့်လျှင်ညီညွတ်ရေးစကား ပျက်ပြားမည်ဟု ယူဆ၍ လုပ်သော ညီညွတ်ရေးသည်ညီညွတ်ရေးအစစ် မဟုတ်။ တိုင်းပြည်အတွက် လုံးဝမကောင်း။ ဤညီညွတ်ရေးမျိုးကား ရှိသည်ထက် မရှိခြင်းက ကောင်း၏။ ဤကဲ့သို့ ယောင်ဝါးဝါး လုပ်ကြခြင်းသည် ဝါဒအခြေခံ မရှိကြောင်း ထင်ရှားစေ၏။ ထို့ကြောင့် နိုင်ငံရေးနှင့်ဝါဒ ခွဲလို့မရ။ ဝါဒရှိမှ ရမည်။ ဝါဒ ဆိုသည်မှာလည်း မိုးပေါ်က ကျမလာ၊ ဘယ်ကျောက်စာ ဘယ်သိုက်ကမှ တူးဖော်၍ ကြည့်စရာမလို။ ထာဝရ ဘုရားသခင်ကလည်း ဖန်ဆင်းမပေး။ ဝါဒ ဆိုသည်မှာ သူ့ခေတ် သူ့ဒေသ သူ့ကိန်းအလျောက် ပေါ်လာရ၏။

ကမ္ဘာ့ရာဇဝင်အစီအစဉ်တွင် ရုပ်နှင့် နာမ် ပြောင်းလွဲဖောက်ပြန်မှုကြောင့်၊ ရုပ်နှင့် နာမ် အပြန်အလှန်ဆက်ဆံမှုကြောင့် ဝါဒ ဆိုသည့် စကား ကြားရ၏။ ဝါဒ ဆိုသည့် အကြံ လုပ်ရ၏။ ယခု ကမ္ဘာတွင် အထင်အရှားအားဖြင့် ဝါဒကြီးသုံးမျိုးရှိ၏။ တစ်မျိုးကား ဓနရှင်ဝါဒ၊ တစ်မျိုးကား ဘုံဝါဒ နောက် ဆိုရှယ်လစ်ထွန်းမြူနစ်ဝါဒ၊ တစ်မျိုးကား ဖက်ဆစ်ဝါဒ။ သုံးမျိုးသုံးစား အထင်အရှား ရှိ၏။ ကြားဝါဒများလည်း ရှိသေး၏။ ဤဝါဒ သုံးမျိုးသည် မိုးပေါ်က ကျမလာ။ သူ့အလိုအလျောက် အကြောင်းအထောက်အခံမရှိဘဲ၊ ဘာမျှမရှိဘဲ ပေါ်မလာ။ စေ့ဆော်သောအကြောင်းတရားများကြောင့် ဖြစ်၏။ ထို စေ့ဆော်သော အကြောင်းတရားများသည် လူ့အထင် လူ့ရာဇဝင်တွင် ရုပ်နာမ် အပြောင်းအလွဲကြောင့် ဖြစ်၏။ ဘယ်လိုအပြောင်းအလွဲကြောင့် ဘယ်လိုဖြစ်လာသလဲ၊ ရာဇဝင် ခင်းကြည့်ကြစို့။

ရာဇဝင် ခင်းမည် ဆိုသော်လည်း သမားရိုးကျ ရာဇဝင်ကြောင်းအတိုင်းခင်းလျှင် အမှန်ကို သဘောမပေါက်နိုင်။ ဤ ရာဇဝင် ဆိုသောစကားပင် အဓိပ္ပာယ်ပြည့်စုံ။ ရာဇဝင်၊ ရာဇဝံသ၊ ဤအဓိပ္ပာယ်စင်စစ်မှာ မင်းဆွေမင်းမျိုး ဇာတ်ကြောင်းကိုကြည့်ခြင်းဖြစ်၏။ ဤကဲ့သို့ ဗမာစကား လာသည်မှာလည်း မထူးဆန်း။ မြန်မာ့ဇာတ်ကြောင်းတစ်လျှောက်တွင် ရာဇဝင်ကို 'မင်း' ကသာ စီရင်၏။ နိုင်ငံရေးကို 'မင်း' ပိုင်၏။ ဆင်းရဲသားများ မပိုင်ခဲ့။ သို့ဖြစ်ရကား ရာဇဝင်ဆိုသည်မှာ လူ့ဇာတ်

www.burmeseclassic.com

www.burmeseclassic.com



လူ့အတ္တုပ္ပတ္တိအကြောင်းစဉ်ဟု မပေါ်ခဲ့။ ရာဇဝင်အကြောင်းကို ကြည့်လျှင် ရှေးလူတွေ ဘယ်လိုနေသည်ထိုင်သည်၊ ဘာလုပ်ကြသည်၊ ဘယ်လို ကြီးပွားလာကြသည် စသည်ဖြင့် ကျကျနန မတွေ့ရ။ ဘယ်မင်းလက်ထက် တိုင်းပြည်သာယာဝပြောသည်၊ ဘုန်းတန်ခိုးကြီးသည်၊ ဘယ်နှနှစ် နန်းစံ၊ အိမ်နိမ့် ဘယ်နှနှစ်၊ သက်တော် ဘယ်လောက်မှာ ကံကုန်သည်၊ ကံတော်ကုန်သည့်အခါ နန်းတော်ထိပ်တွင် ကျီးအာသည်၊ တော်လဲသည် စသည်ဖြင့် သာမညတို့ကိုသာ တွေ့ရသည်သာ များသည်။ တိုတိုနှင့်ရေး၍ အဓိပ္ပာယ် ပေါ်မည်ကို ရည်ရည်ဝေးဝေး အတွန့်အတက်တွေနှင့် ရေးစရာမရှိတိုင်း ချဲ့ထွင်ထားလေသည်။

(ရှေ့လူကြီးတွေ အဆဲတော့ ခံရပြီဗျို့၊ သို့ပေမဲ့ ကျွန်တော် ရေးထားတာ အမှန်ပဲ၊ မှန်တာဟာ မှန်တာပဲ) ကျွန်တော် သက်ဝင်ယုံကြည်သော ဝါဒအရ၊ နည်းအရဆိုလျှင် ရာဇဝင်ဆိုသည်မှာ လူ့ဇာတ်၊ လူ့အတ္တုပ္ပတ္တိကြောင်းမျှသာ မဟုတ်။ ဤကား သာမညသာ ရှိသေး၏။ ယခု အများဖတ်ကြသော ခေတ်ရာဇဝင်စာအုပ်များသည်ပင်လျှင် ရာဇဝင်သဘောတရား မဟုတ်လှ။ ကျောင်းစာအုပ်ဖတ်ပြီး အထင်ကြီးကြသော ခေတ်ပညာတတ်များသည် ရာဇဝင်စာအုပ်ကြီးကိုင်ပြီး ရာဇဝင်သဘောတရားကို အရိပ်အမြွက်မျှ သိကြသူများမှာ ရှားသည်ကို တွေ့ခဲ့ရပေသည်။ စာအုပ်ထဲပါသည့် အချက်အလက်တွေကိုကား သွက်သွက်ကြီး ပြောနိုင် ရေးနိုင်ကြပါပေသည်။ သို့သော်လည်း ရာဇဝင်သင်ပြီး ရာဇဝင်သဘော ပေါက်ပြီးလျှင် ရာဇဝင်စိတ်ကူး ကူးတတ်မှ အနာဂတ် ရာဇဝင်ကို ဖန်တီးမည့် ခေတ်လူငယ်တွေ (ဝါ) တက်လူတွေ ပီသပေမည်။ မည်သည့်ကျမ်းဂန်စာပေမဆို ရာဇဝင်ဖြစ်စေ၊ တခြားစာပေပင်ဖြစ်စေ၊ ထိုစာပေကို သင်အံလေ့လာရင်း အကြောင်းရင်းသည် (ဝါ) ပရမတ်တရားသည် ထိုစာပေ၏အနက်၊ အနက်အဓိပ္ပာယ်သဘောကို ပေါက်မြောက်ရန်ပင် ဖြစ်လေသည်။ သို့မှသာ သင်အံလေ့လာရကျိုးနပ်ပေမည်။ စာအုပ်တစ်ခုကို ဖတ်လျှင် စာအုပ်ကို ကျော်လွန်၍ မြင်နိုင်ရမည်။ သို့မှသာ ပညာတည်း ဟူသော အဆီအနှစ်ကို ရပေမည်။

ထို့ကြောင့် ပညာတတ်တာနှင့် စာတတ်တာဟာ တခြားစီ ဟူ၍ မြန်မာများပြောလေ့ပြောထ ရှိလေသည်။ ပိဋကတ်သုံးပုံကို နှုတ်ငုံ၍ ဘယ်လောက် တတ်ထားသော ပထမကျော် ဘိုးအေဖြစ်စေကာမူ၊ သဘောမပေါက်လျှင်၊ ပရမတ် မခွဲတတ်လျှင် ရုပ်လမ်းမမြင်၊ ဝိမုတ္တိရသကိုလည်း မတွေ့၊ သံသရာကျင်လည်သကဲ့သို့ ရာဇဝင်စာအုပ်တွေ တစ်ပုံတစ်ခေါင်းကြီး လေ့လာထားသည့် ရာဇဝင် ဝိဇ္ဇာ၊ ...ာက်ကို၊ တပသီပင် ဖြစ်လင့်ကစား သာမည ရာဇဝင်ပညတ်နှင့် ရာဇဝင်ဖြစ်ကြောင်း ...ရားဖြစ်တဲ့ ပရမတ်ကို ခွဲခြားမသိခဲ့လျှင် ရာဇဝင်သင်ရကျိုး မနပ်။ ထိုသူသည် ...ဘာက၏ပြဿနာများကို မဖြေရှင်းနိုင်။ ထိုသူသည် ရာဇဝင်ဖြစ်အောင် မစီမံတတ်။ ...ဇဝင်မှာ အတိတ်ကဖြစ်ခဲ့သည့်အကြောင်းအရာဖြစ်ရကား၊ အတိတ်ရာဇဝင် ...ဘာမျှနှင့် အကျိုး အလျှင်းမရှိ။ အချိန်ကုန် လူပန်း ဖြစ်သည်။ ရာဇဝင် သင်သည်မှာ အတိတ်ကြောင်း သိလောက်ရုံ သင်သည်ဆိုလျှင် မသင်ဘဲနေသည်က ...ကောင်းပေသည်။ အချိန် အချည်းနှီးဖြစ်ရုံသာရှိ၏။ လူတိုင်းလူတိုင်းမှာ ယနေ့နှင့် ...နက်ဖြန်ကို ဘာဖြစ်မည်၊ ဖြစ်လျှင် ဘယ်လို ဘာကြောင့်၊ ဖြစ်လျှင် ဘယ်လို စီမံနိုင်ပါ့မလား၊ ကိုယ်လိုချင်တာက ဘာလဲ၊ စီမံ၍ရပါ့မလား။ ကိုယ်လိုချင်သည့် အချက်များနှင့်သာ အမှန်မှာ သက်ဆိုင်ပေသည်။ ထိုအချက်များမှာ မဆိုင်၍ မဖြစ်။ မိမိ၏အသက်သာ ဖြစ်ပေသည်။

သို့သော် ဤအချက်များ သိရန် အတိတ်အကြောင်းလှန်၍ သုံးသပ်ရပေမည်။ ...ထိုအတိတ်ကြောင်းအရ သိရသော ဉာဏ်အမြင်နှင့် ရှေ့အနာဂတ်အရေးလမ်းကို ...မှန်းဆတီထွင်ရပေမည်။ ဤသည်သာလျှင် ရာဇဝင်သင်နည်းအစစ်ဖြစ်ပေသည်။ ဤနည်းကို 'လော့ဂျစ်' ခေါ် သာမည တက္ကဗေဒ အလိုအရဆိုလျှင် ဒီဒပ်တစ် အင်ဒပ်တစ် ၂ နည်း ပေါင်းသော(ဆိုင်ကိုလိုဂျစ်ဇင်)နည်းဟု ခေါ်လေသည်။ ဥပမာ ...မောင်ဘသည် လူဖြစ်၏။ လူသည် တစ်နေ့ သေရမည်။ ဤကား (ဒီဒပ်တစ်)နည်း ဟူလို။ မောင်ဘသည် သေ၏၊ မောင်စသည် သေ၏၊ အားလုံး သေ၏၊ ထို့ကြောင့် လူဆိုတာ ဝိဏ္ဏပါတ်၊ သေမျိုးဆိုတာက (အင်ဒပ်တစ်) နည်း ဟူလို။ သို့ပေမဲ့ မည်သည့်နည်းလမ်းက တကယ်မစေ့စပ်၊ မသေချာ၊ ရုပ်သဘော၊ နာမ်သဘော ပရမတ်သဘော ကောင်းကောင်း မပါ။ အခြေမခိုင်၊ သာမည သမားရိုးကျဖြစ်၏။ တကယ့်ရာဇဝင်သင်နည်းက ရုပ်လက္ခဏာ အခြေခံသည့် အနုပဋိလောမနည်း... ...မှန်ပေသည်။ ဤကား နိုင်ငံရေး အဘိဓမ္မာဆရာကြီး(ကားလ်မတ်)၏ အယူတည်း... ကျွန်တော်တို့ (သခင်အဘိဓမ္မာဆရာကြီး သခင်စိုး) ရေးတဲ့ ဆိုရှယ်လစ်စာအုပ်ကို လှန်ပြီး သူယှဉ်ပြတဲ့ ဝိမုတ္တိရသကျမ်းမှ ကောက်နုတ်ကြည့်ကြဦးစို့။

(၁) အကြောင်းနှင့် အကျိုးသည် မစပ်မဆိုင်ကြသည် မဟုတ်၊ စပ်ဆိုင်ကြသော သဘော ဖြစ်ပေသည်။ အကြောင်းနှင့် အကျိုးစပ်ဆိုင်ကြသော သဘောအားဖြင့် အဝိဇ္ဇာ သင်္ခါရ အစရှိသော အကြောင်းအကျိုးတို့သည်၊ အကြောင်းအကျိုး၏

www.burmeseclassic.com

www.burmeseclassic.com



နှစ်ခုအကြား စပ်ခြင်းသဘောတစ်ခုတည်းအားဖြင့် ဖြစ်၏ ဟူသော ဧကတ္တ နည်းသည်လည်းကောင်း။

(၂) ဤသို့ အဝိဇ္ဇာ သင်္ခါရ စသော အကြောင်းအကျိုး အဖြစ်ဖြင့် စပ်ခြင်း သဘောတစ်ခုတည်း ဖြစ်သော်လည်း အကြောင်းတရားကား တစ်မျိုး တစ်ခု တခြား။ အဝိဇ္ဇာသည် သင်္ခါရ မဟုတ်၊ သင်္ခါရသည် အဝိဇ္ဇာ မဟုတ်၊ သဘောလက္ခဏာ အစွမ်းသတ္တိ အကျိုးပေး မတူကြ၍ အသီးသီး တရားသဘော တစ်မျိုးစီ ဖြစ်ကြသည် ဟူသော နာနတ္တ နည်းသည်လည်းကောင်း။

(၃) ထိုအကြောင်းအကျိုးတရားတို့သည် အချင်းချင်း ငါကား အကြောင်းဖြစ်မည်၊ သင်မူကား အကျိုးဖြစ်ရမည်၊ သင်ကား အကြောင်းဖြစ်ကာ ငါကား အကျိုးဖြစ်ပါမည် ဟူ၍ အဝိဇ္ဇာ သင်္ခါရ စသော အကြောင်းအကျိုးတို့သည် တစ်ခုနှင့် တစ်ခု တောင်းပန်စေခိုင်း တိုက်တွန်း၊ စေခိုင်း နှိုးဆော်၊ အချိန်း အချက်ပေးကြခြင်း၊ ပယောဇက အဖျှော်သန၊ ပေသန၊ ဥဿဟ၊ ဗျာပါရ မရှိကြ။ အကြောင်းအားလျော်စွာ အကျိုးဖြစ်သည်၊ အကြောင်းမရှိလျှင် အကျိုးလည်း မဖြစ်၊ အကြောင်းချုပ်လျှင် အကျိုးချုပ်၏။ အကြောင်းအကျိုးလည်း အကြားမရှိ ဆက်ကာ ဆက်ကာ အချင်းချင်း အပြန်အလှန် (ပဋိပက္ခ) ဖြစ်ကြ၏ ဟူသော အဗျာပါရနည်းသည်လည်းကောင်း။

(၄) ဤသံသရာစက် ဟူသည် နာမ်ရုပ်သဘောပင်တည်း။ လောကသုံးပါး၌ပင် ဤ သံသရာစက် ပဋိစ္စသမုပ္ပါဒ် ဟူသော နာမ်ရုပ်မှတစ်ပါး တရားသဘောသည်လည်းကောင်း၊ သတ္တဝါ ပုဂ္ဂိုလ်သည်လည်းကောင်း၊ သက်ရှိ သက်မဲ့ ဝတ္ထုသည်လည်းကောင်း မရှိပြီ။ လောကသုံးပါး ဆိုသည်လည်း အရကောက်လျှင် နာမ်ရုပ်သဘောပင် ဖြစ်သောကြောင့် ဤ ပဋိစ္စသမုပ္ပါဒ်ပင်တည်း။ လောကုတ္တရာဂ ရား ကိုးပါးမှတစ်ပါး တရား ဟူသမျှသည် ပဋိစ္စသမုပ္ပါဒ်၌ ဝင်သည်ချည်းဖြစ်သောကြောင့် ဆိုခဲ့ပြီးသော အဝိဇ္ဇာ သင်္ခါရ စသော အကြောင်း အကျိုးတို့သည် ဧကတ္တနည်း နာနတ္တနည်း အဗျာပါရနည်း



အားဖြင့် ဖြစ်ကြခြင်းသည်၊ ဤကဲ့သို့ဖြစ်ကြအောင် ဖန်ဆင်းမည့် သတ္တဝါက ပုဂ္ဂိုလ်၊ တစ်စုံတစ်ရာ ဝတ္ထု၊ ပဋိစ္စသမုပ္ပါဒ် (အကြောင်းအကျိုးတို့ဖြင့် ပြီးအပ်သော နိယာမတရား)မှ တစ်ပါး အခြားမရှိပြီတကား။ သဘာဝအားဖြင့် အလိုလိုပင် ဖြစ်သည်တကား ဟူသော ဧဝံဓမ္မတာနည်းသည်လည်းကောင်း၊ ဒါက တစ်မျိုး။

နောက်တစ်နည်းက မူလ (သီဆစ်)၊ ပဋိပက္ခ (အင်ဒပ်တစ်)၊ သမူဟ (ဆိုင်းသစ်ဆစ်) တို့ ဖြစ်၏။ အဓိပ္ပာယ်ကား စိတ်ပိုင်း၌သော်လည်းကောင်း၊ ရုပ်ပိုင်း၌သော်လည်းကောင်း၊ တစ်စုံတစ်ခုသော သဘောသည် (မူလ) အစပြု၍ ဖြစ်ပေါ်လာသည်နှင့်တစ်ပြိုင်နက် ၎င်း၏ ဆန့်ကျင်ဘက်ဖြစ်သော (ပဋိပက္ခ) သဘောသည်လည်း ရုတ်ခြည်း ပေါ်လာ၏။ အအေးရှိလျှင် အပူ ရှိရမည်။ အဖြူရှိလျှင် အမည်း ရှိရမည်။ ကုသိုလ်ရှိလျှင် အကုသိုလ် ရှိရမည်။

ထွက်ရပ်ပေါက်ကြသော ဝိဇ္ဇာ အရဟတ် တို့မှာ ကုသိုလ်စိတ်လည်း မရှိတော့။ အကုသိုလ်စိတ်လည်း မရှိတော့။ ခိုင်မြဲသော သမာဓိတရား ပေါက်ပြီး ဖြစ်သည့်အတိုင်း၊ ကောင်းမှုနှင့်တွေ့သောအခါလည်းကောင်း၊ မကောင်းမှုနှင့် တွေ့သောအခါလည်းကောင်း၊ မတုန်လှုပ်၊ မချောက်ချား၊ တရားသဘောအတိုင်း မြင်နိုင်၊ ထင်နိုင်၊ ယူဆနိုင်၏။ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ အလုံးစုံ ကင်း၏။ ဤကဲ့သို့ ကုသိုလ်စိတ်၊ အကုသိုလ်စိတ် ချုပ်ငြိမ်းပြီး၍ တစ်ဆင့်တက်သော နိဗ္ဗာန်သို့ တက်လှမ်းခြင်းသည် သမူဟ (ပေါင်းစပ်ခြင်း) (ဝါ) (ပဋိပက္ခ နိရောဓ ဆန့်ကျင်ဘက်ကို ချုပ်ငြိမ်းခြင်း)ပင် ဖြစ်၏။ အခြားနည်းမှာလည်း ရှိသေး၏။

(၁) ရုပ်ဝတ္ထု၊ နာမ်ဝတ္ထု တိုးပွားသဖြင့် ရုပ်လက္ခဏာ၊ နာမ်လက္ခဏာ သဘောလည်း ပြောင်းလွဲခြင်းနည်း။

(၂) ဆန့်ကျင်ဘက်ကျသည့် ရုပ်ဝတ္ထု၊ နာမ်ဝတ္ထုတို့ ရောနှောယှက်ထွေးကာ ပူးပေါင်းစပ်ယှက်နည်း။

(၃) ပဋိပက္ခ နိရောဓနည်း။

ပထမနည်း ။ ။ ရုပ်ဝတ္ထု၊ နာမ်ဝတ္ထုတို့ တိုးပွားသဖြင့် ရုပ်လက္ခဏာ နာမ်လက္ခဏာသဘောမှာလည်း ပြောင်းလဲသွားသည့် သဘောကို ပြဆိုရာ၌ ပထမ ကလလရေကြည် အဏုမြူ ကလာပ်သည် အဏုမြူကလာပ်သာတည်း။ ထိုနောက်

www.burmeseclassic.com

www.burmeseclassic.com



သုံးဆယ့်နှစ်ကောဋ္ဌာသ ဓာတ်အစုအဝေးတို့ တိုးပွားစုပုံလာသဖြင့်၊ ကလလရေကြည် အဏုမြူဘဝသည် ကွယ်ပျောက်၍ ကလေးတည်း ဟူသော ရုပ်လက္ခဏာ နာမ်လက္ခဏာသစ်များ ပေါ်ပေါက်လာပြီဖြစ်ကြောင်းကို ပြသည်။

ဥပမာတစ်မျိုးကို ပေးရလျှင် မောင်ဘ ငယ်စဉ်ကဝတ်သော အဝတ်ကို ကလေးဘဝဖြစ်သော မောင်ဘမှ လူကြီးဘဝဖြစ်သော မောင်ဘ ဝတ်မရ။ ထိုအခါ မောင်ဘ၏အဝတ်အစား၊ မောင်ဘ၏ ကိုယ်ကာယ၊ အသက်အရွယ် ကြီးထွားလာသည့်အလျောက် အဝတ်အစား၊ အနေ၊ အချိုးအစား အသွင်ပြောင်းလဲလာရ၏။

ဒုတိယနည်း ။ ။ ဆန့်ကျင်ဘက်တို့သည် ရုပ် နာမ် ဝတ္ထုတို့ ရောနှောကာ စပ်ယှက်ကြခြင်းသဘောကို ပြဆိုရာ၌ တစ်ဦးနှင့် တစ်ဦး ဆန့်ကျင်ဘက်ကျသည့် အဖိုနှင့် အမ ကလလ အဏုမြူကလပ်တို့ ပေါင်းထားအပ်သည့် ဗီဇ ပဋိသန္ဓေကို ဆိုလိုသည်။

ဥပမာတစ်မျိုးပြရလျှင် လျှပ်စစ်ဓာတ်ကြိုးတွင် အဖိုနှင့် အမ ဓာတ်နှစ်မျိုး ရှိ၏။ ထိုဓာတ် နှစ်ခုပေါင်းမှ လျှပ်စစ် ဖြစ်လေသည်။ ထို့ကြောင့် ဓာတ်တိုင်များတွင် ဓာတ်ကြိုး ၂ ကြိုး ရှိတတ်သည်။ ထို ဓာတ်ကြိုး ၂ ကြိုးအနက် တစ်ကြိုးကိုသာ ကိုင်ပါလျှင် မသေနိုင်။ ၂ ကြိုးစလုံး ကိုင်မိလျှင်ကား သေနိုင်၏။

တတိယနည်း ။ ။ ပဋိပက္ခ နိရောဓနည်းကို ပြရာ၌ (မူလ)တည်းဟူသော ကလလရေကြည် အဏုမြူစုကို ကလေးတည်းဟူသော ရုပ်နာမ်စုက ပယ်ဖျက်လိုက်၏။ ကလေးဘဝ (ဝါ) ပဋိပက္ခသဘောသည် တဖြည်းဖြည်း ကြီးပြင်းလာသည့်အခါ လူ ဟူသော ဝေါဟာရ နာမ်ပုဒ်သည် ပျောက်ကွယ်ပြန်၏။ ထို့ကြောင့် ပထမ ကလလ ရေကြည်ကို ပဋိပက္ခပြုခဲ့သော ကလေးသည် မိမိ၏ဘဝကို ချုပ်ငြိမ်းစေမည့် လူ(ဝါ)ပဋိပက္ခတည်းဟူသော ဝေါဟာရနာမ်ပုဒ်သည် တစ်ဖန် ပေါ်လာရပြန်၏။ ဤကား အနုပဋိလောမတရားကို သရုပ်မျှ ပြခြင်းဖြစ်၏။



သဘောပေါက်နိုင်သမျှ ပေါက်ရန် အဖန်ဖန် သုံးသပ်လေ။ ကမ္ဘာလောကဓာတ်တစ်ခုလုံး မြင်မြင်လာသမျှ ရုပ် နာမ် ခန္ဓာ ပြောင်းလဲမှုတို့မှာ ဤတရားမှ မလွတ်နိုင်။ အထက်ပါတို့ကား လောကုတ္တရာစကားများနှင့် လောကုတ္တရာ ဥပမာမှီ၍ ပြဆိုထားသဖြင့် မိုးညှင်းတရား ဟောနေသည်ဟု မမှတ်အပ်။ ရာဇဝင်အပြောင်းအလွှဲ၊ နိုင်ငံရေးအပြောင်းအလွှဲ၊ ခေတ်အပြောင်းအလွှဲတို့မှာလည်း ဤနည်းသဘောအတိုင်း ရာဇဝင်ကြောင်းတစ်လျှောက်တွင် ရုပ် နာမ် ခန္ဓာ အပြန်အလှန် စပ်ယှက်မှု၊ ဖောက်ပြန်မှု၊ ပြောင်းလွှဲမှု၊ ပေါင်းစပ်မှုတို့အရ ဖြစ်ရပေသည်။

နိုင်ငံရေးအဘိဓမ္မာဆရာကြီး (ကားလ်မတ်) သည် ဤရုပ်လက္ခဏာအခြေခံသော အနုပဋိလောမတရားအရ ရာဇဝင်ကို ကြည့်ရှုသည့်အခါ အကျိုးဆပါး (ဝါ) လူ့အတန်းအစားအချင်းချင်း၊ အပြန်အလှန် ပဋိပက္ခဖြစ်ခြင်းမှာ တစ်ဆင့်ထက် တစ်ဆင့်၊ တစ်မျိုးပြီး တစ်မျိုး ပြောင်းလွှဲလာပေသည်။

ဥပမာ ။ ။ ပထမခေတ်တွင် မင်းမျိုး ကြီးစိုးလျှင် သူဌေးမျိုးသည် ပဋိပက္ခဖြစ်၍ ဒုတိယခေတ်တွင် ကြီးစိုးလာ၏။ ထိုအခါ သူဌေးမျိုး၏ကြီးစိုးမှုကို ခံနိုင်သော ဆင်းရဲသားအမျိုးသည် ထိုသူဌေးမျိုးကိုပြန်၍ ပဋိပက္ခပြု၍ (ဝါ) ပဋိပက္ခနိရောဓ ဖြစ်စေ၍ တတိယခေတ်တွင် ကြီးစိုးလာ၏။

စသည်ဖြင့် အသွင်အမျိုးအစား ပြောင်းသော်လည်း အခြေခံသဘောမှာ ယခုလက်ရှိ လူစနစ်ကြီးတွင် မင်းနှင့် သူဌေး၊ သူဌေးနှင့် ဆင်းရဲသား အစရှိသည်ဖြင့် အချင်းများလာကြသည်ကို ရာဇဝင်ကြောင်းတစ်လျှောက် ကြည့်လျှင် တွေ့ရပေသည်။ ထိုကဲ့သို့ဖြစ်ရသည်မှာ အဘယ်ကြောင့်နည်း၊ မူလတရားတည်းဟူသော စီးပွားရေးစနစ် အခြေခံကြောင့်ဖြစ်၏။ စီးပွားဖြစ်သည့်နည်းပြောင်းလျှင် စီးပွားရေးစနစ်လည်း ပြောင်း၏။ စီးပွားရေးစနစ်ပြောင်းလျှင် လူမှုဆက်ဆံရေး၊ နိုင်ငံရေး၊ ရာဇဝင် အဆင့်အတန်းပါ ပြောင်းလာပေ၏။ ဤသို့လျှင် တစ်ခုနှင့်တစ်ခု အညမည ပစ္စည်း ဆက်သွယ်နေ၏။ ဤသို့ နိုင်ငံရေး အဘိဓမ္မာဆရာကြီး ကားလ်မတ်က မြင်၏။ ထင်၏။

ဟိ ထိုစကား - သင့်စွ
အရေးတော်ပုံ အောင်ပါစေ။
သခင်အောင်ဆန်း

www.burmeseclassic.com

www.burmeseclassic.com

## ကျောင်းသားဝတ္တရား

အင်္ဂလိပ်စာရေးဆရာကြီး ရှိတ်စပီးယားက "ကမ္ဘာအလုံးစုံသည် ဇာတ်ခုံမျှသာတည်း" ဟု မိန့်မြွက်ဖူး၏။ ထို ကမ္ဘာ့ဇာတ်ခုံတွင် လူအမျိုးမျိုး၊ အရွယ်အမျိုးမျိုး၊ အတန်းအစားအမျိုးမျိုးတို့သည် ကိုယ့်အခန်းကို ကိုယ်ကိုင်၍ ဇာတ်နိုင်အောင် ခင်းသွားရလေသည်။ ဤသို့ဖြစ်ရာ လူတိုင်းလူတိုင်းမှာ သိကြားတတ်သောအချိန် အရွယ်မှစ၍ သေသည်ထိအောင် မိမိ၏အလုပ်ဝတ္တရားများအဖြစ် ရှိ၏။ ထိုဝတ္တရားကို ကျေပွန်မှသာလျှင် လူဖြစ်ကျိုးနပ်ပေမည်။ ကမ္ဘာ၏ နောင်ခေတ်ဖြစ်ကြသော ကျွန်တော်တို့ ကျောင်းသားတို့မှာလည်း၊ အထူးသဖြင့် အသက် ၁၆ နှစ် ၁၇ နှစ်မှ အထက်သို့ရှိသော ကျောင်းသားများမှာလည်း အဆိုပါ ဝတ္တရားဥပဒေမှ မကင်းလွတ်ကြချေ။ ယင်းသို့ဖြစ်လျှင်ကျောင်းသား၏ ဝတ္တရားသည် အဘယ်နည်း။

အမြင်ကျယ်ကျယ်ကြည့်လေ့ရှိသော သူတို့သည် 'ကျောင်းသားဆိုသည်မှာ အတန်းစာကျက်၍ စာမေးပွဲ အောင်ရုံမျှ' ဟူသော အများအယူအဆ တိမ်ခြင်းအဖြစ်ကို သိရှိကြလေပြီ။ ထို အယူအဆကား ခေတ်နောက်ကျသည့် အယူအဆမျှသာ ဖြစ်ပေသည်။

ပညာရေးကို ကျွမ်းကျင်သော ကမ္ဘာ့ပညာရှိတို့သည် လောကရေး ဓမ္မရေး ပြဿနာအရပ်ရပ်တို့ကို စိစစ်ဝေဖန်ဖြေရှင်းတတ်သော ပညာမှ၊ စာအုပ်စာပေစာကိုအံ၍ ရသော အမှတ်သညာ နှစ်ရပ်ကို ခွဲခြားထားလေသည်။ စာမေးပွဲကို အောင်မြင်သူသည် လောကစစ်ပွဲတွင်လည်း အောင်မြင်နိုင်သည့် အရည်အချင်း ရှိသည်ဟု မချဆတ်ဆတ် မဆိုသာချေ။ ဤသို့လျှင် စာမေးပွဲ၏အကြောင်း



သနစ်ကို ဖော်ထုတ်လာကြ၏။ (An Examination of Examination) စာမေးပွဲများ၏ အကျိုးအပြစ် စစ်ဆေးတွေးချက် ဆိုသော စာအုပ်တွင် ဤအချက် ရှင်းလင်းပြထားပေ၏။ စာမေးပွဲတစ်ခု၏အဖြေစာရွက်များကို စာစစ်သူ အမျိုးမျိုးအား စစ်ဆေးစေရာ အဖြေတစ်ခုတည်းကိုပင် အမှတ်ပေးပုံချင်း မတူသည်ကို တွေ့ရပေသည်။ တစ်ဖန် စာစစ်သူတစ်ဦးတည်းလည်းကောင်း၊ တစ်နှစ်ခန့်က ဖျက်ခဲ့သော အဖြေကို နောက်ထပ် စစ်ဆေးသည့်အခါ ပထမ အမှတ်ပေးပုံနှင့် နောက်တစ်ခါ အမှတ်ပေးပုံချင်းမှာ ကွာခြားသည်ကို တွေ့ရသည်။ ကမ္ဘာကျော် ပြဇာတ်ရေးဆရာ ဘားနတ်ရှောကလည်း တစ်ရံရောအခါက အတန်းထဲတွင် ထိပ်ကျသော ကျောင်းသားသည် လောကတွင် အောက်ဆုံးထစ် ရောက်တတ်သည်ဟု မိန့်ဆိုဖူး၏။

ဤတွင် ကမ္ဘာကျော်စာရေးဆရာ၏ အရေးအသားကိုလည်းကောင်း ရေးသားသဖြင့် ယုံကြည်ရမည်ဟု မဆိုလို။ သို့ရာတွင် ၎င်းကား အကြောင်းမဲ့ မရေးသား။ ယင်းသို့ဖြစ်ရကား ကျွန်ုပ်တို့သည် ကမ္ဘာ့ရာဇဝင်သာမက အထောက်အထားများကို ကြည့်မည်ဆိုလျှင် ကမ္ဘာ့ထိပ်တန်းရောက်သော ပုဂ္ဂိုလ်တို့သည် စာမေးပွဲများတွင် ထိပ်တန်းကျသူချည်း မဟုတ်ပေ။

ဥပမာ အနည်းငယ်ထုတ်ပြရသော်၊ ယနေ့ခေတ် ကမ္ဘာ့ထိပ်တန်းသမားများတွင် ဟစ်တလာနှင့် မူဆိုလီနီတို့သည် ကျောင်းမှာပင် ကောင်းစွာ မနေခဲ့ကြရပေ။ မဟတ္တမဂန္ဒီလည်း ကောလိပ်ကျောင်းတွင် ရောက်ဖူးရုံမျှရှိ၍ ကျောင်းသားအဖြစ် နေစဉ်အခါက ထူးထူးချွန်ချွန် မရှိပေ။ ပန်ဒစ်ဂျဝါဟာလာနေရူးသည်လည်း အင်္ဂလန်ပြည်ရှိ နာမည်ကျော် ကျောင်းနှင့် တက္ကသိုလ်တို့မှ အောင်မြင်ခဲ့လင့်ကစား ကျောင်းသားအဖြစ်ဖြင့် များစွာမထူးချွန်လှ။ ဘီအေ ဂုဏ်ထူးတန်းတွင် ဒုတိယတန်းမျှသာ ရလေသည်။ သို့ရာတွင် ထိုအခါက ၎င်းအထက် ပထမရခဲ့သောသူတစ်ဦးမှာ ရန်ကုန်တွင် ပါမောက္ခတစ်ဦးအဖြစ်ဖြင့် ၎င်းကဲ့သို့ ကျော်ကြားခြင်းမရှိပေ။ အင်္ဂလိပ်စာရေးဆရာကြီးများဖြစ်ကြသော ဂိုးလ်စမစ်၊ ဆာဝါလ်တာစကော့ စသော ပုဂ္ဂိုလ်တို့မှာလည်း ကျောင်းနေစဉ်က ထူးချွန်ခြင်း မရှိ။

ဆာဝါလ်တာစကော့မှာမူ 'လူ့ငနွား' ဟုပင် အခေါ်ခံရလေသည်။ ဤကား ဥဒါဟရဏ်ကို အကျဉ်းမျှ သရုပ်ပေါ်အောင် ပြလိုက်ခြင်းတည်း။ ဤသို့ဖြစ်ရခြင်း၏အကြောင်း စစ်ရလျှင် လူတစ်ဦးတစ်ယောက်၏တန်ဖိုးကို မည်မျှရှိသည်ဟု ချိန်ဆရန် တစ်ထစ်ချ သတ်မှတ်ထားသော နည်းမရှိသောကြောင့်ဖြစ်ပေသည်။ စင်စစ်သော်ကား ကျောင်းတွင် တစ်ခါမျှ မနေဖူး၍ စာတစ်လုံးမျှ

www.burmeseclassic.com

www.burmeseclassic.com

ဓသင်ဖူးသူပင် ပညာရှိ ဖြစ်နိုင်၏။ ဤကား ဖြစ်နိုင်သည့်အကြောင်းကို အကျွန်ဆိုခြင်း ဖြစ်ပေသည်။ ယခု ကမ္ဘာပေါ်မှာရှိသည့် စာအုပ်အားလုံးသည် အရင်းစစ်လျှင် လောက၏အကြောင်းကို အမျိုးမျိုး မှတ်သားချက်များသာ ဖြစ်ပေသည်။ ထို မှတ်သားချက်များကို ရေးသူများ၏အာဘော်၊ ၎င်းတို့ရေးရာဒေသ၊ ရေးသည့်အချိန်ကာလ စသည်တို့ကို ကြည့်၍ ဝေဖန်ပြီးလျှင် လောကအလုပ် ဝတ္တရားတွင် သုံးစွဲတတ်မှသာ စာတတ်အမှန်ဖြစ်ပေသည်။ အကယ်၍ စာမတတ်သူသည် လောကအမှတ်အသား ကောင်းမွန်၍ နေရာ ချတတ်ပါလျှင် စာတတ်နေရန် မလိုချေ။ ထို့ကြောင့်ပင် မူဆိုလီနီက ၎င်း၏အတ္ထုပ္ပတ္တိတွင် 'ကျွန်ုပ် ဖတ်ခဲ့သော အကြီးဆုံးစာအုပ်ကား ကျွန်ုပ် နေခဲ့ နေဆဲသော လောကကြီးပင်တည်း' ဟု ရေးထား၏။ ထိုကဲ့သို့ စာအုပ်စာပေမှ ကျော်လွန်သော ပညာကို အဘယ်သို့ ရအံ့နည်း။

ထိုပညာစစ်ကို ရရန် လွတ်လပ်စွာ တွေးတော ပြောဆို ဆွေးနွေးလုပ်ကိုင်လိုသောစိတ်ကို မွေးရန်လို၏။ ဤအချက်ကို ပညာရေးကျွမ်းကျင်သူပုဂ္ဂိုလ်များက Academic Freedom ပညာသင်ကြားရေး လွတ်လပ်ခွင့်ဟု ခေါ်ကြ၏။ ဤအချက်ကား ကမ္ဘာ့ရာဇဝင်ကို တစ်မျိုးတစ်မည်ပြောင်းလွဲစေသည့် ရီနေဆန့်နှင့် ရီဖောင်မေးရှင်း ခေါ် ခေတ်သစ်ဝါဒ လောကစာတတ်ပညာပြန့်ပွားရာ အကြောင်းရင်းတည်း။ ဤအချက်ကား ကျွန်ုပ်တို့၏ ဂေါတမဘုရားသခင် ဟောကြားသော ကာလာမသုတ္တန် သဘောအရပင်တည်း။

ထို လွတ်လပ်စွာ တွေးတော ပြောဆို ဆွေးနွေးလုပ်ကိုင်လိုသော စိတ်ရှိရမည် ဆိုရာတွင် ကျွန်ုပ်တို့သည် မိမိထင်ရာ တွေးတောပြောဆို လုပ်ကိုင်ခြင်း မဟုတ်ပေ။ လောကရှိ လူအပေါင်းတို့သည် ရေတွင်းထဲရှိ ဖားသူငယ်ကဲ့သို့ နေ၍ မဖြစ်ပေ။ တစ်ဦးနှင့် တစ်ဦး ကူးလူးဆက်ဆံရလေသည်။ ယခုခေတ်အခါတွင် ဤသို့ ကူးလူးဆက်ဆံခြင်းမှာ ပိုမို၍ပင် နယ်ကျယ်လာလေသည်။ ယခု အတိုင်းတိုင်း အပြည်ပြည် တွေ့ကြုံနေရသော ရှားပါးရေးခေတ်သည် ထိုဥပဒေကို လွန်ဆန်၍ ကိုယ့်ဘက် ကိုယ့်သဘောကိုသာမြင်သော ဝါဒကြောင့်ဖြစ်သော ကမ္ဘာစစ်ကြီး၏ ဖုံတင်သံ ဖြစ်လေသည်။ ထိုသို့ဖြစ်ရာ လူတိုင်းလူတိုင်း တစ်ဦးနှင့်တစ်ဦး အပေါင်းအသင်း သမဂ္ဂ ရှိမှသာ အမျိုးမျိုးသော အယူအဆ အမှတ်အသားတို့ကို တွေ့မြင်သိရှိရ၍ ပိုမိုအမြင်ကျယ်လာနိုင်လေသည်။ သို့အမြင်ကျယ်မှ တစ်ဦးကိုတစ်ဦး အနာခံတတ်ခြင်း၊ စောင်မ ကူညီတတ်ခြင်း၊ အပြောအဆို အနေအထိုင် ပြုပြင်လာခြင်း စသဖြင့် လောက၌ လူလုပ်တတ်သည့် အရည်အချင်းများ ရရှိနိုင်လေသည်။



ထို့ကြောင့် ကူးလူးဆက်ဆံ၊ အမြင်သန်အောင် ကျောင်းများ၊ တက္ကသိုလ်များတွင် ကျောင်းအိပ်ကျောင်းစားထားခြင်း၊ အသင်းအပင်းများ ထောင်ခြင်း စသည်တို့ ပြုလုပ်ကြရလေသည်။ သို့ရာတွင် အပေါင်းအသင်း သမဂ္ဂအတွက် ပြုလုပ်ရာတွင် လွတ်လပ်စွာ မပြောရ၊ မဆိုရ၊ မလုပ်ရ၊ မဆွေးနွေးရလျှင် မျက်စိပိတ်ထားသည်နှင့် တူပြန်သည်။ သို့ဖြစ်ရာ နှစ်ဖက်နှစ်ချက်စုမှ ပညာရေးအစစ်မည်လေသည်။ တစ်ဖန် ယနေ့ဖြစ်သော ကျောင်းသားများသည် နက်ဖြန် ပြည်ကြီးသားများ ဖြစ်ကြ၏ဟု ဆိုရိုးစကားရှိ၏။ သို့ဖြစ်ရာ ပြည်ကြီးသားတို့၏ အင်္ဂါလက္ခဏာတို့နှင့် ညီအောင် အုပ်ချုပ်နည်း၊ မိမိအခွင့်အရေးအတွက် တိုက်ခိုက်နည်း၊ စကားပြောနည်း၊ စည်းကမ်းသေဝပ်နည်း၊ ကိုယ်လက်ကျန်းမာရေး စသည်ဖြင့် နည်းမျိုးစုံအောင် အသင်းအပင်းများ၊ ကစားနည်းများကို ထွင်ကြရ၏။ ထိုမျှမက ယခုအခါ တစ်နိုင်ငံနှင့် တစ်နိုင်ငံမှာ ခွဲစိတ်၍မဖြစ်နိုင်။ တရုတ်ပြည်၊ စပိန်ပြည်၊ ပါလက်စတိုင်းပြည်တွင် အဖြစ်အပျက်များသည် ဤတိုင်းပြည်ကိုလည်းကောင်း၊ ကမ္ဘာ့ယဉ်ကျေးခြင်းကိုလည်းကောင်း၊ လူသတ္တဝါတို့အားလည်းကောင်း မည်သို့မည်ပုံ ထိခိုက်မည်ဟု သိနိုင်အောင် ကမ္ဘာ့အခြေအနေကိုလည်း မိမိရရ သိရန်လို၏။ ဤသည်တို့ကား အကြမ်းမျှ ကျောင်းသားတို့ ပြုလုပ်ရမည့် ဝတ္တရားများ ဖြစ်ကြ၏။ ထို့ကြောင့် ကမ္ဘာရှိ ကျောင်းသားအပေါင်းတို့သည် လှုပ်လှုပ်ရွရွဖြစ်၍ ခစ်မက် တားမြစ်ရေး၊ အလုပ်လက်မဲ့ ပပျောက်ရေးအကြောင်းစနစ်ကို ရှာဖွေနေကြ၏။ အခြေမထူးလှသော စပိန်ပြည်နှင့် တရုတ်ပြည်တို့တွင် ကျောင်းသားတို့မှာ ကိုယ်ထိလက်ရောက် တိုက်ခိုက်နေကြရ၏။ ထို့ကြောင့် အချိန်နှင့်အခါ အလျောက်လည်း ကျောင်းသား၏ ဝတ္တရားလည်း ကွဲလာ၏။ ဤ ပြဆိုခဲ့ပြီးသော ကျောင်းသားဝတ္တရားအားလုံးကို သိသည်နှင့်အညီ နောင်ခေတ် မြန်မာပြည်ကို ဖန်တီးမည့် ကျောင်းသားများသည် ယခုလူများကဲ့သို့ မညီမညွတ်၊ မလုပ်တတ်မကိုင်တတ် မဖြစ်ရအောင် ကျွန်ုပ်တို့ ယခုအခါ 'မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ အသင်းကြီး' ကို အထင်အရှား တည်ထောင်ထား၏။

ထိုအသင်းကို ဝင်ရောက်အားပေးရန်မှာ ကျောင်းသားတိုင်း တိုင်းပြည်ချစ်စိတ်ရှိသောသူတိုင်းတို့၏ တာဝန်ဝတ္တရားပင်တည်း။

ဗိုလ်ချုပ်အောင်ဆန်း ကျောင်းသားဘဝမှ ရေးခဲ့သော ဆောင်းပါး

❑

www.burmeseclassic.com

www.burmeseclassic.com

## ကမ္ဘာစစ်နှင့် မြန်မာ

ကမ္ဘာစစ်နှင့် မြန်မာပြည်အကြောင်း စာအကြောင်းရေ ခြောက်ဆယ်ထက်မများဘဲ ရေးစမ်းပါဟု မိတ်ဆွေတစ်ဦးက ပြောသဖြင့် ရေးလိုက်ရပေသည်။ ရေးချင်တာတွေများလွန်း၍ တိုတိုတုတ်တုတ်သာ ရေးသားဖော်ပြနိုင်သည်။

ယခု စစ်ဖြစ်လျှင်ဖြစ်ချင်း စစ်ရည်ရွယ်ချက်များ ထွက်လာ၏။ အင်္ဂလိပ်ကလည်းကောင်း၊ ပြင်သစ်ကလည်းကောင်း၊ ဂျာမနီကလည်းကောင်း သူ့ရည်ရွယ်ချက်များကို အသီးသီး ကမ္ဘာအား ကြေညာကြ၏။ စင်စစ်မှာ ဤသို့ ပြုလုပ်ခြင်းတို့သည် ကမ္ဘာရှိ တိုင်းပြည်ကြီးတို့အား မိမိတို့ဘက်မှ အလေးတင်းလာအောင် ပြောရိုးပြောစဉ်အတိုင်း ပြောခြင်းမျှသာ ဖြစ်လေသည်။ ထို့ကြောင့် စစ်ရည်ရွယ်ချက်များမှအပ စစ်ဖြစ်ခြင်း၏အကြောင်းရင်းကို စဉ်းစားလျှင် လူတစ်ဦးက တစ်ဦး၊ တစ်တန်းစားက တစ်တန်းစား၊ တစ်နိုင်ငံက တစ်နိုင်ငံကို အနိုင်ကျင့်နေသော၊ သွေးစုပ်နေသော ဝါဒ (ဝါ) နေရှင်ဝါဒ လွှမ်းမိုးသမျှ စစ်ဖြစ်မြဲ ဖြစ်မည်ပင်။

ယခု ဖြစ်နေကြသည့် စစ်များကို ဆန်းစစ်လျှင် ဂျပန်က တရုတ်ကို ဂျပန် နေရှင်များအတွက် လိုချင်၏။ တရုတ်ပြည်တွင် အင်္ဂလိပ်၊ အမေရိကန်၊ ပြင်သစ်စသော အနောက်နိုင်ငံ စားဖားကြီးများကို မရှုလို။ သူတစ်ဦးတည်း ဝါးလိုစားလို၏။ ထို့ကြောင့် တရုတ်ကို တိုက်လေ၏။ ဂျာမနီနှင့် အင်္ဂလိပ်၊ ပြင်သစ်တို့စစ်မှာလည်း အကြံတူ ရန်သူဖြစ်ခြင်းပင် ဖြစ်၏။ ဖင်လန်ပြည်တွင်းစစ်မှာ နေရှင်နှင့် ဆင်းရဲသား တိုက်ပွဲဖြစ်၏။ ဤကား ယခုတည်ရှိသော အမြတ်အစွန်းကိုသာ ပဓာန ထားသည့် နေရှင်စနစ်၏ ဖြစ်မြဲအစဉ်သာဖြစ်၏။ မထူးဆန်း။



ငါတို့ကား စစ်ဖြစ်ခြင်းကို အလိုမရှိ။ တစ်ဦးက တစ်ဦး၊ တစ်တန်းစားက တစ်တန်းစား၊ တစ်နိုင်ငံက တစ်နိုင်ငံ စသည်ဖြင့် နိုင်ရာ ညှဉ်းပန်းခြင်း အမျိုးမျိုးတို့ကို အနည်းငယ်မျှ အလိုမရှိ။ သို့ အလိုမရှိသည့်အလျောက် ငါတို့နိုင်ငံသူနိုင်ငံသားများအား ကျွန်လုပ်၍ စိုးမိုးနေသော နယ်ချဲ့စနစ်ကို အလိုမရှိ၊ ဖြိုဖျက်လို၏။ ဖြိုဖျက်မည်ဟု အဓိဋ္ဌာန် ပြုထား၏။ ငါတို့က နယ်ချဲ့စနစ်ကို ဖြိုဖျက်လိုသည်မှာ အကြောင်းမဲ့သက်သက် နိုင်ငံခြားသားများကို မုန်းတီး၍သော်လည်းကောင်း၊ အခြားလူမျိုးများကို မုန်းတီး၍သော်လည်းကောင်း မဟုတ်။ အဓမ္မမှု ဆိုသမျှမလိုလား၍ ဖြစ်၏။ အကျိုးမရှိသော စစ်ဖြစ်ပွားမှုကို မလိုလား၍ ဖြစ်၏။ ယခုကမ္ဘာတစ်လွှားတွင် ဖြစ်သမျှ စစ် အဓမ္မမှုတို့မှာ နယ်ချဲ့စနစ်၏ ပယောဂကြောင့်ဖြစ်ရကား၊ ယခုစစ်နှင့်ပတ်သက်၍ မြန်မာပြည်တွင် ပြည်သူပြည်သားတို့၏ လက်ငင်းတာဝန်မှာ ကမ္ဘာတွင် ရှိရှိသမျှသော အားများနှင့် ဝိုင်းဝန်း၍ နေရှင်နိုင်ငံချဲ့စနစ်ကို အမြစ်မှနေ၍ သုတ်သင်ရန်သာဖြစ်၏။ အခြား ဘာမျှ အကျယ်ချဲ့နေစရာ မလို။

ယခု စစ်နှင့်ပတ်သက်၍ မြန်မာပြည်အပေါ်တွင် မြန်မာပြည် နိုင်ငံရေးဂိုဏ်းများ၏ တာဝန်သည် အထူးအရေးကြီးလာ၏။ ဤကိစ္စကို တို့ဗမာအစည်းအရုံးက လေးလေးနက်နက် ဂရုတစိုက် ဆောင်ရွက်ခဲ့၏။ မြန်မာ့လွတ်လပ်ရေးအတွက် စည်းလုံးရန် ဗမာ့ထွက်ရပ်ဂိုဏ်းကို ထူထောင်ရာတွင်လည်း တို့ဗမာအစည်းအရုံးက ကိုယ်ထိလက်ရောက် ပါဝင်ခဲ့၏။ မန္တလေးမြို့တွင် မကြာသေးမီက ကျင်းပခဲ့သော တို့ဗမာအစည်းအရုံး မြန်မာနိုင်ငံလုံးဆိုင်ရာ အမှုဆောင် အစည်းအဝေးက အောက်ပါအတိုင်း ကြေညာထား၏။

## ကမ္ဘာ့အရေးနှင့် မြန်မာ့အရေး

ဗဟိုအမှုဆောင်အဖွဲ့၏ နိုင်ငံရေးအစီရင်ခံစာကို ကြားနာရပြီးနောက်၊ ဤ မြန်မာနိုင်ငံလုံးဆိုင်ရာ အမှုဆောင်အဖွဲ့ အစည်းအဝေးက ကမ္ဘာနှင့် မြန်မာ့အရေးတို့တွင် အောက်ပါအတိုင်း ဆုံးဖြတ်ပါကြောင်း။

### (က) ကမ္ဘာ့အရေး

(၁) ယခုဖြစ်ပွားနေသော စစ်ပွဲကြီးတွင် ဂျာမနီ နာဇီတို့ ဗြိတိသျှနှင့် ပြင်သစ် အစိုးရတို့က တိုက်ခိုက်ရသည်မှာ နိုင်ငံကလေးများကို နိုင်ငံကြီးများက

www.burmeseclassic.com

www.burmeseclassic.com



ညှဉ်းဆဲမှု၊ ချုပ်ချယ်မှု၊ ကမ္ဘာ့လွတ်လပ်ရေး ဒီမိုကရေစီဝါဒကို ဖိနှိပ်မှုတို့အတွက် ဖြစ်သည်ဟု အကြောင်းပြ၏။

(က) ပိုလန်ပြည် အစိုးရဟောင်းမှာ လယ်ပိုင်ရှင် မနရှင် ဖက်ဆစ်အစိုးရမျိုးသာဖြစ်၍၊ တိုင်းသူပြည်သား လူအများ၏ ထောက်ခံအားပေးခြင်း မရသဖြင့် ဂျာမနီက လွယ်ကူစွာဖြင့် ပိုလန်ပြည် တစ်ပိုင်းကို သိမ်းနိုင်ခြင်း၊ ဆင်းရဲသား ဆိုဗီယက်စစ်တပ်များ ပိုလန်ပြည်တွင်းသို့ ဝင်ရောက်လာသည့်အခါ ထိုပိုလန်ပိုင်နက်များရှိ တောင်သူတောင်သား လယ်သမားအပေါင်းတို့က သောင်းသောင်းဖျဖျ ကြိုဆိုကြခြင်း။

(ခ) မြန်မာပြည်နှင့် အိန္ဒိယပြည်က ဗြိတိသျှအစိုးရတို့အား ၎င်းတို့၏ စစ်ရည်ရွယ်ချက်များနှင့် တစ်ပြေးညီညာ လွတ်လပ်ရေးအတွက် အရေးဆိုလိုက်သည်ကို ကျနစွာ ယခုထိ မဖြေကြခြင်း။

(ဂ) ပြင်သစ်ပြည် အစိုးရကလည်း လွတ်လပ်ရေးအတွက်၊ ဒီမိုကရေစီအတွက် ဆိုပြီးလျှင် မိမိပြည်အတွင်းရှိ 'ကွန်မြူနစ်ဂိုဏ်းကြီး'ကို မတရားအသင်းအဖြစ် ကြေညာ၍ နှိမ်နင်းခြင်း။ ပြင်သစ်ပိုင်လက်အောက်ခံ နိုင်ငံများလည်း လွတ်လပ်ရေး မပေးသေးခြင်း။

(ဃ) ဖင်လန်ပြည်တွင် ဖြစ်ပွားသည့်စစ်မှာ ပြည်တွင်းစစ် ဖြစ်နေခြင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ကမ္ဘာ့လွတ်လပ်ရေးတို့အတွက် အမြဲတမ်း အော်ခဲ့၍ အကြိမ်ပေါင်းများစွာ ကိုယ်ထိလက်ရောက် ကူညီခဲ့သော ဆိုဗီယက်တိုင်းပြည်ကြီးမှ စစ်တပ်များက ဖင်လန်ပြည်သူ၏ အစိုးရဘက်မှ တိုက်နေခြင်း။

(င) ဤအချက်များကို ထောက်ထား၍ ယခုစစ်ပွဲကြီးသည် နိုင်ငံကလေးများ၏ လွတ်လပ်ရေး၊ ကမ္ဘာ့လွတ်လပ်ရေးအတွက် မဟုတ်သည့်ပြင် နယ်ချဲ့စနစ်မှ ပေါ်ပေါက်သော စစ်ပွဲမျိုးဖြစ်သည်ဟု ငါတို့ အတိအလင်း ကြေညာကြောင်း။

(၂) ဆိုဗီယက်တိုင်းပြည်ကြီးသည်

(က) ၁၉၁၇ ခု၊ မိမိ အာဏာရသည်နှင့်တစ်ပြိုင်နက် ဖင်လန်ပြည်အပါအဝင် မိမိလက်အောက်ခံ တိုင်းပြည်အားလုံးအား လွတ်လပ်ရေးပေးခြင်း။



(ခ) ကမ္ဘာ့လွတ်လပ်ရေးအတွက် တရုတ်ပြည်၊ စပိန်ပြည် စသောပြည်များတွင် ကိုယ်ထိလက်ရောက် ကူညီခဲ့ဖူးခြင်း၊ ကူညီနေခြင်း။

(ဂ) ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဟစ်တလာနာဇီဝါဒကို တွန်းလှန်ရန် ဗြိတိသျှ၊ ပြင်သစ်အစိုးရနှင့် ငါးလ ခြောက်လတိုင်တိုင် စေ့စပ်ခဲ့ရာ အချည်းနှီးဖြစ်သည်ကို တွေ့မှသာ ယခင် ကမ္ဘာ့စစ်ကြီးပြီးသည်မှစ၍ (၁၉၃၄ ခု) အထိ ရန်မဖက်စတမ်းစာချုပ် ချုပ်ဆိုခဲ့သော ဂျာမနီအစိုးရနှင့် မိမိလက်ရှိအင်အားကို မပျက်စေရန်အလို့ငှာ ရန်မဖက်တမ်း စာချုပ် ထပ်မံချုပ်ဆိုလိုက်ခြင်း။

(ဃ) အနီးအနားရှိ တိုင်းပြည်ငယ်များနှင့်လည်း သင့်တင့်မျှတအောင် စာချုပ်များ ချုပ်ဆိုခြင်း။

(င) ပိုလန်အစိုးရ ပစ်ပြေး၍ မိမိ ဝင်ရောက်ထိန်းသိမ်းရသော နယ်များတွင် လယ်သမားများ၏ လွတ်လပ်ရေးအတွက် ချက်ချင်း ဆောင်ရွက်လိုက်ခြင်း။

(စ) ဖင်လန်ပြည်၏လွတ်လပ်ရေးကို မထိခိုက်ဟု ဖင်လန်ပြည်သူပြည်သားအစိုးရနှင့် တစ်ဦးကိုတစ်ဦး ကူညီစတမ်း စာချုပ်ချုပ်ဆိုလိုက်ခြင်း။

စသည်တို့ကို ထောက်ထား၍ ဆိုဗီယက် တိုင်းပြည်ကြီးသည် ဤစစ်ပွဲကြီးတွင်မက ယခင် စစ်ပွဲကြီးတွေ ကမ္ဘာ့လွတ်လပ်ရေးသမားများ ဆင်းရဲသားများ မိတ်ရင်းတန်ဆောင်ဖြစ်သည်ဟု အသိအမှတ်ပြုကြောင်း။

(၃) ကမ္ဘာ့အရေးနှင့် မြန်မာ့အရေးများမှာ အမြဲ ယှဉ်တွဲဆက်စပ်နေသဖြင့် ငါတို့၏ ကမ္ဘာ့အရေးသဘောထားဝါဒကား

(က) တိုင်းပြည်များ၏လွတ်လပ်ရေးကို တကယ်ဖိနှိပ်ချုပ်ချယ် သွေးစုပ်သော မည်သည့်ဝါဒမျိုးကိုမဆို အလိုမရှိ။

(ခ) ငါတို့တိုင်းပြည် မလွတ်လပ်သမျှ ကာလပတ်လုံး အခြားတိုင်းပြည်အတွက် စစ်ကူညီခြင်းကိစ္စ မစဉ်းစားနိုင်။

(ဂ) မည်သည့်နိုင်ငံခြား တိုင်းပြည်နှင့်မဆို အထူးသဖြင့် ငါတို့အိမ်နီးနားချင်း တိုင်းပြည်များ၊ အရှေ့ဘက် တိုင်းပြည်များနှင့်နှစ်ဦးနှစ်ဖက်အကျိုးအတွက် အပြန်အလှန် ပေါင်းသင်းဆက်ဆံရသမျှတွင် ပေါင်းသင်းဆက်ဆံရမည်။

www.burmeseclassic.com

www.burmeseclassic.com



(ဃ) စစ်တစ်ခါဖြစ်လျှင် လူပေါင်းများစွာ သေခြင်း၊ ကျွန်ဖြစ်ခြင်း၊ ဆင်းရဲသားတို့မှာ ပိုမို အခွန်ပေးရသဖြင့်လည်းကောင်း၊ အမြဝ်အစွန်း ရှာသူများ၏ ပယောဂကြောင့်လည်းကောင်း၊ ဆင်းရဲမွဲတေပါးရှားလာရခြင်း စသည်တို့သာဖြစ်သောကြောင့် နယ်ချဲ့စနစ်မှ ပေါ်ပေါက်သော ယခုစစ်ပွဲကြီးကို အမြန်ဆုံး ပြီးဆုံးစေ၍ ကမ္ဘာ့ကျွန်နိုင်ငံများနှင့် ဆင်းရဲသားများမှန်သမျှ၏ လွတ်လပ်ရေးအတွက် အပြင်းအထန် ကြိုးပမ်းရမည်။

## (ခ) ဗမာ့အရေး

(၁) အထက်ပါအတိုင်း ကမ္ဘာ့အရေးတွင် သဘောထားပုံကို သိရှိစေပြီးနောက် ဗမာ့အရေးတွင် အောက်ပါအတိုင်း ငါတို့သဘောကို ကြေညာကြောင်း။

(က) မြန်မာပြည်အား ကျွန်အဖြစ် ချုပ်ချယ်ထားသည့် နိုင်ငံချဲ့စနစ် ပြိုပျက်မှုကို အားထုတ်ရမည်။ ထို နယ်ချဲ့စနစ်၏ ခံတပ်ကြီးဖြစ်သော '၉၁' ဌာနချုပ်ရေးကို တိုက်ဖျက်၍ ဗမာများအလိုကျ ဗမာ့အုပ်ချုပ်ရေးကို အမြန်ဆုံး ရရှိရန် ကြိုးစားရမည်။

(ခ) အထက်ပါအချက်ကို သဘောတူ၍ အလုပ်လုပ်သော ငါတို့မှအပ မည်သည့်နိုင်ငံရေးဂိုဏ်း၊ မည်သည့်အခြားအဖွဲ့ အသင်းအပင်းမျိုးနှင့် မဆို လမ်းအတူတူ အလုပ်အတူတူလုပ်ရန် အသင့်ရှိသည့်အပြင် ဤကဲ့သို့ တိုင်းပြည်နိုင်ငံရေး ညီညွတ်မှုအတွက် ကြိုးစားရမည်။

(၂) ဤသဘောအထားအတိုင်း လွန်ခဲ့သော မြန်မာနိုင်ငံလုံးဆိုင်ရာ အမှုဆောင်အဖွဲ့ အထူးအစည်းအဝေးက ဗဟိုအလုပ်အမှုဆောင်အဖွဲ့သို့ အာဏာလွှဲအပ်ခဲ့ကြောင်း။ လွှဲအပ်ခဲ့သည့်အတိုင်း ဆင်းရဲသားဝံသာနုအဖွဲ့၊ ငါးပွင့်ဆိုင်ဝံသာနုအဖွဲ့နှင့် ဗမာ့ထွက်ရပ်ဂိုဏ်းကို တည်ထောင်ထား၍ ကြေညာသော ဝါဒအခြေခံ (၃) ချက်ကို ငါတို့က ထပ်မံ အတည်ပြု ထောက်ခံကြောင်း၊ ဗမာ့ထွက်ရပ်ဂိုဏ်း၏ လုပ်ငန်းမှာ တိုင်းပြည်၏အကျိုးအညီကို ရသင့်သလောက် ရသည်ကို ထောက်ထားခြင်းအားဖြင့် တစ်တိုင်းပြည်လုံးတွင် ကိုယ့်မင်းကိုယ့်ချင်းဆန္ဒအများအပြားရှိ၍ ညီညွတ်လိုကြောင်း ထင်ရှားပေသည်။



## ဗမာ့ထွက်ရပ်ဂိုဏ်း၏လုပ်ငန်းအင်အား တောင့်တင်းရန် ရည်ရွယ်၍

(က) တိုင်းသူပြည်သားများ၏ ပိုမိုနိုးကြားမှု၊ လွတ်လပ်ရေးစိတ် ဆက်သန်မှုတို့အတွက် အပြင်းအထန် အားထုတ်ရန် လိုသည်။

(ခ) ထို တိုင်းသူပြည်သား အများအား နေ့စဉ် တာဝန်ခံ ညွှန်ကြား ဆောင်ရွက်မည့် ခေါင်းဆောင်များ ပေါ်ပေါက်လာရန် လိုသည်။

(ဂ) တိုင်းပြည် လွတ်လပ်ရေးအတွက် အချိန်အလိုက် ဆောင်ရွက်နိုင် ခဲမည့် ငွေကြေး တောင့်တင်းမှုကို ရရှိရန် လိုလေသည်။

ထို့ကြောင့် တို့ဗမာအစည်းအရုံး၏ အစည်းအရုံးဝင်များ များပြား သာအောင် ဆောင်ရွက်ခြင်း၊ ဗမာ့လက်ရုံးတပ်များတည်ထောင်၍လေ့ကျင့်ခြင်း၊ နိုင်ငံရေးပညာသင်တန်းများ ဖွင့်လှစ်ခြင်း၊ ဆွေးနွေးပွဲများ ကျင်းပခြင်း၊ ငွေကြေး ဆောင်းခြင်း၊ နိုင်ငံခြားတွင် ဝါဒဖြန့်ခြင်းတို့ကို ကျေနပ်လောက်အောင် ဆောင်ရွက် ခြင်းဖြင့် ဗမာ့ထွက်ရပ်ဂိုဏ်း၏လုပ်ငန်းများကို တွင်ကျယ်စွာ ဆက်လက်လုပ်ကိုင်ရန် ဤ မြန်မာနိုင်ငံလုံးဆိုင်ရာ အမှုဆောင်အဖွဲ့အစည်းအဝေးက ဆုံးဖြတ်ကြောင်း။

ယခုအခြေအနေမှာ မြန်မာပြည်၏ လွတ်လပ်ရေးကိစ္စသည် အပြော အရေး စခန်းမှ အလုပ်စခန်းသို့ ရောက်လာပေပြီ။ မည်သည့်ကိစ္စကို ဆောင်ရွက် သည်ဖြစ်စေ၊ ပယောဂထုတ်ရုံနှင့်လည်း မရ။ ဒေသအားဖြင့်လည်းကောင်း၊ ကာလအားဖြင့်လည်းကောင်း၊ သင့်မြတ်မှလည်း အောင်မြင်နိုင်မည်။ လူ့ပယောဂ လည်း ပါရမည်။ ဒေသအားဖြင့်လည်း သင့်မြတ်ရမည်။ အချိန်အားဖြင့်လည်း ကောင်းရမည်။ ဤကား ကမ္ဘာရှိ ပယောဂစိတ်၊ စစ်ဗိုလ်မှူးမှန်သမျှ လိုက်နာ ရမည့် တရားနည်းလမ်းများ ဖြစ်၏။

ယခုအခါ မြန်မာပြည်၏လွတ်လပ်ရေးလုပ်ငန်းမှာ ဒုတိယနှင့် တတိယ အချက်အားဖြင့် ပြည့်စုံပြီး အကျယ်ချဲ့စရာ မလို၊ လူပယောဂ တစ်ခုတည်းသာ လို၏။ ဘယ်လို လိုသနည်း။

(၁) မြန်မာပြည်က လွတ်လပ်ရေး လိုကြောင်း၊ သို့အတွက် အရေးဆိုပြီ ဖြစ်ကြောင်း ပြည်တွင်းပြည်ပ ဝါဒဖြန့်ရမည်၊ စည်းရုံးရမည်။

(၂) ဝါဒဖြန့်စဉ် တိုင်းပြည်လွတ်လပ်ရေးအတွက် လိုအပ်သော နိုင်ငံရေး ညီညွတ်မှုကို ရရှိရန် ကြိုးစားရမည်။ 'နိုင်ငံရေး ညီညွတ်မှု' ဆိုသည်မှာ ခေါင်းဆောင် ဆိုသူများ ညီညွတ်ရေးဟု အတပ်မဆိုသာ။ ယခုလာမည့် နိုင်ငံချဲ့စနစ်တိုက်ဖျက်မည့် အရေးတော်ပုံအတွက် ဓာတ်စာကျသော အလုပ်သမား၊ ကျောင်းသား၊ အမျိုးသမီး၊

www.burmeseclassic.com

www.burmeseclassic.com



ကုန်သည်၊ စာရေးစာချီ၊ လယ်လုပ် လယ်သီးစား၊ လယ်ကူလီများ၊ ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ချင်းတောင်များ နယ်များရှိ ဆင်းရဲသား လူထုများအားလုံး ညီညွတ်မှု သွေးစည်းမှုကို ဆိုလိုသည်။ ယခုအခါ တို့ဗမာအစည်းအရုံးတွင် ရှေ့နေရှေ့ရပ်၊ ကုန်သည်၊ ပွဲစားများ၊ ဆရာဝန် စသော အလယ်တန်းစားများ၊ ပညာတတ်များ တို့မှတစ်ပါး အခြားလူထုကြီးများ၏ သွေးစည်းညီညွတ်မှုကို အထိုက်အလျောက် ရရှိထားလေပြီ။ ဗမာ့ထွက်ရပ်ဂိုဏ်းကို တည်ထောင်ရခြင်းမှာ အထက်တွင် ဖော်ပြခဲ့သော မပါရှိသေးသူများကို လွတ်လပ်ရေးတိုက်ပွဲတွင် သိမ်းသွင်းနိုင်ရန်အလို့ငှာ ဖြစ်ပေသည်။

(၃) ဝါဒဖြန့်ရင်း၊ နိုင်ငံညီညွတ်ရေးရရှိမှု ကြိုးစားရင်း မြို့ရွာဒေသ အလျောက်လည်းကောင်း၊ လယ်သမား 'မြန်မာပြည်တွင် အရေးကြီးဆုံး အရေးဖြစ်သည်' အလုပ်သမား စသည့် အမျိုးအစားအလျောက်လည်းကောင်း ပေါ်ပေါက်နေသော လက်ငင်းကိစ္စကလေးများမှ ဆူပူလှုံ့ဆော်၍ တိုင်းပြည်ရှိ လူထုအင်အားများကို လွတ်လပ်ရေးတိုက်ပွဲအတွက် စစ်အင်ကျင်း၍ အပြင်းစစ်ပြင်ရပေမည်။

(၄) လုံလောက်အပ်သော အင်အားကို ပြင်ဆင်စုဆောင်းပြီးနောက် လွတ်လပ်ရေးတိုက်ပွဲကို ကမ္ဘာ့တိုက်ပွဲ တိုက်နည်းအမျိုးမျိုးမှ နမူနာယူ၍ မြန်မာပြည်နှင့် အသင့်တော်ဆုံးဟုထင်သော နည်းအရ အဆင့်ဆင့် ခင်းကျင်းရပေမည်။

ဤသို့သော အစဉ်တစိုက် သဲသဲမဲမဲ လုပ်ငန်းများချ၍ ဆောင်ရွက်ပါက မြန်မာပြည်သည် လွတ်လပ်သော တိုင်းပြည်အဖြစ်သို့ရောက်သော်လည်း ရောက်မည်။ မရောက်သည့်တိုင်အောင် မြန်မာများ မည့်လွန်းလှလျှင် အကြီးအကျယ် နိုင်ငံရေး အဆင့်အတန်း တိုးတက်ရန် အကြောင်းရှိသည်။

မြန်မာပြည်တွင် အုပ်ချုပ်ရေး အဆင့်အတန်း၊ တိုင်းသူပြည်သားများ၏ နိုင်ငံရေး အဆင့်အတန်း၊ ခေါင်းဆောင်မှု အဆင့်အတန်းမှာ အထူးမြင့်လာပေမည်။ တိုးခဲ့သော ပွဲမှာ သင်ခန်းစာအမျိုးမျိုး ရပေမည်။ ထိုအခါ နောက်ထပ် လွတ်လပ်ရေး တိုက်ပွဲအတွက် မခဲယဉ်းတော့ပြီ။

## လုပ်ရမည့်လုပ်ငန်းများမှာ အထူးသဖြင့်

(၁) ကျောင်းသားလူငယ်များ၏အကူအညီဖြင့် တိုင်းပြည်အနှံ့ လွတ်လပ်ရေးတရား၊ လက်နက်ဥပဒေ ပယ်ဖျက်ရေးတရား၊ ကမ္ဘာ့အဖြစ်အပျက်အမှန်များ တို့ကို အဓိကထား၍ ဝါဒဖြန့်ခြင်း၊ ဗမာ့လက်ရုံးတပ် စသော အဖျော်တမ်းတပ်များ ထောင်ခြင်း၊ တို့ဗမာအစည်းအရုံး အသင်းသားများ စုဆောင်းခြင်း၊ အမေရိကန်ပြည်၊ အိန္ဒိယပြည်၊ ဘိလပ် စသော တိုင်းနိုင်ငံများအား လူကိုယ်တိုင်သော်လည်းကောင်း၊ စာအားဖြင့်သော်လည်းကောင်း ဝါဒဖြန့်ခြင်း၊ မြန်မာပြည်အကြောင်း အားအုပ်စာတမ်း ရိုက်ဝေခြင်း၊ တစ်တိုင်း တစ်နိုင်ငံလုံး၏အင်အားကို ယူသောအားဖြင့် ပြည်လုံးကျွတ် နိုင်ငံရေးအစည်းအဝေးကြီး ကျင်းပခြင်း၊ အမျိုးသားသတင်း စသည်များ ပြုလုပ်ခြင်း၊ ဧပြီလ ၁ ရက် အုပ်ချုပ်ရေး ကန့်ကွက်ပွဲနေ့တွင်လည်းကောင်း၊ အမျိုးသားသတင်းအတွင်းလည်းကောင်း၊ နယ်ချဲ့စနစ်လက်အောက်မှ လွတ်လပ်ရေးအတွက် ပြည်သူ့ဆန္ဒများ ကောက်ယူခြင်း။



## ဖရီးဒမ်း၊ ရီဖရီးဒမ်း။

## FREEDOM. REFREEDOM.

(၂) ယခုအခါ နိုင်ငံရေးလုပ်ငန်းမှာ ရှေးက အချိန်မျိုး မဟုတ်သဖြင့် မြန်မာမှန်သမျှ၊ မြန်မာပြည်သူပြည်သားမှန်သမျှအား နှိုးဆော်တိုက်တွန်းခြင်း၊ တိုင်းစိတ် ပြည်စိတ်ကို မွေးစေခြင်း၊ ဂိုဏ်းစိတ် ဂဏစိတ်များကို မိမိတို့က ခေါင်းဆောင်၍ ဖျောက်ဖျက်ခြင်း၊ အလုပ်သမား လယ်သမား ကျောင်းသား သွေးစည်းမှုများ၊ ရှမ်း၊ ကရင်၊ ကချင်၊ ချင်း အစရှိသည်တို့နှင့် တစ်သွေးတစ်စိတ်တည်း ရှိမှုတို့အတွက် ကြိုးစားခြင်း၊ တိုင်းရင်းသားများ၊ အောက်တန်းစားများ၊ အစိုးရအရာရှိ အမှုထမ်းများ အားလုံးအား လွတ်လပ်ရေးသည် ၎င်းတို့အတွက်ပါ ဖြစ်သည်ဟု သိစေခြင်း။

(၃) အထက်ပါ လုပ်ငန်းများနှင့် ပြိုင်တူပေါ်ပေါက်လာသော အလုပ်သမား၊ လယ်သမား၊ ကျောင်းသား၊ ဈေးသူဈေးသား၊ အခွန်ထမ်း အစရှိသော ကိစ္စများနှင့် ဆက်သက်၍ အရေးတော်ပုံကလေးများကို အမှီပြု၍ လွတ်လပ်ရေးအကြောင်း၊ အုပ်ချုပ်ရေးအကြောင်း၊ စစ်အကြောင်း၊ လက်နက်ဥပဒေ ပယ်ဖျက်ရန်အကြောင်း အမြဲဝါဒဖြန့်ခြင်း။ ထိုအရေးတော်ပုံကလေးများသည် လာမည့်အရေးတော်ပုံကြီး၏ ရှေ့ပြေးမျှသာဖြစ်ကြောင်း၊ တိုင်းသူပြည်သားများ၏ ဆိုင်ရာ စီးပွားရေး လူမှုဆက်ဆံရေး၊ နိုင်ငံရေး တောင်းဆိုချက်အရပ်ရပ်မှာ လွတ်လပ်ရေးပေါ်တည်ကြောင်းကို တိုင်းပြည်အား သိစေခြင်း၊ အသင်းသားများ စုဆောင်းခြင်း၊ ဗမာ့လက်ရုံးတပ်များ ထောင်ခြင်း၊ လွတ်လပ်ရေး ရန်ပုံငွေ စုဆောင်းခြင်း။

www.burmeseclassic.com

www.burmeseclassic.com



(၄) လာမည့် တို့ဗမာအစည်းအရုံးညီလာခံတွင် လွတ်လပ်ရေးတိုက်ပွဲနှင့် ပတ်သက်၍ တို့ဗမာအစည်းအရုံးလုပ်ငန်းအရပ်ရပ်များကို လိုလေသေးမရှိ ပြင်ဆင်ထားခြင်း။

ဥပမာ ယခု နယ်ချဲ့စနစ် တိုက်ပွဲအရေးတော်ပုံအတွက် ခေတ်ရှိသေးသော လူထုအင်အား အမျိုးမျိုးအစားစားအတွက် လူမျိုးအလိုက်၊ အတန်းအစားအလိုက် တစ်ဦးနှင့် တစ်ဦး မဆန့်ကျင်သော၊ အထူးသဖြင့် အောက်တန်းစား အလုပ်သမား လယ်သမားတို့ အကျိုးနှင့် မဆန့်ကျင်သော လိုလားချက်မှန်သမျှ ပါဝင်သော နိုင်ငံရေးလုပ်ငန်းစဉ် (PROGRAMME) တစ်ခု တီထွင်ခြင်း၊ လာမည့်အရေးတော်ပုံတွင် ခေါင်းဆောင်နိုင်မည့် ဗိုလ်အမြောက်အမြား စုဆောင်းသင်ကြား၍ စနစ်တစ်ခု တီထွင်ခြင်း၊ လွတ်လပ်ရေး ရန်ပုံငွေ ကောက်ခံရန် နည်းလမ်း စည်းကမ်းများ တီထွင်ခြင်းတို့ ဖြစ်သည်။

လွတ်လပ်ရေးမှာ လွှတ်တော်အတွင်းတွင် အဆိုသွင်းရုံမျှနှင့် မရ။ လွှတ်တော်အဆိုမှာ ဝါဒဖြန့်ရုံလောက်သာရှိသည်။ အလုပ်လုပ်ရပေမည်။ လုပ်မှ ရမည်။ အိပ်နေ၍ မရ။ တစ်ဦးတည်းဗိုလ်၊ တစ်ဦးတည်း နောက်လိုက် လုပ်၍ မရ။ မဲဝယ်နေ၍ မရ။ ရာထူးလိုက်နေ၍ မရ။ အော်ရုံဖြင့် မရ။ အနစ်နာခံ၊ အဆင်းရဲခံ၊ အပင်ပန်းခံ၊ အစတေးခံကြမှ ရမည်။ သို့ ဆောင်ရွက်လျှင် ငါတို့သည် အောင်ပန်းကို မချွတ် လက်လှမ်းနိုင်မည်။ နယ်ချဲ့စနစ်၊ ဓနရှင်စနစ် ဖြစ်တုံ၊ ပျက်တုံ၊ တည်တုံတည်းဟူသော လောကဓံတရားမှ မလွတ်။ ဓနရှင်စနစ်သည် အလုပ်သမားများကို ဖန်တီးရ၏။ နယ်ချဲ့စနစ်သည် ပထမ မိမိအတွက် အစေအခိုင်းများလို၍ ခေတ်ပညာတတ်များ ရှိလာအောင် စီမံရ၏။ သို့သော် ထိုအလုပ်သမားနှင့် ပညာတတ်များသည် အဆင့်အတန်းမြင့်လာသော် ၎င်းတို့ကို ဖန်တီးခဲ့သော နယ်ချဲ့စနစ်ကို ပြန်၍ တော်လှန်ကြပေ၏။ မိမိတို့ကုန်များ တင်ချနိုင်အောင် မီးရထား၊ မော်တော်ကားလမ်းအချို့တို့ကို နယ်ချဲ့စနစ်က ငါတို့ပြည်များတွင် ဖောက်လုပ်ပေးရ၏။ ထိုလမ်းများပင် ငါတို့အချင်းချင်း ရင်းနှီးသွေးစည်းစေကြောင်း ဖြစ်ခဲ့၏။

ဤသို့လျှင် ဓနရှင် နယ်ချဲ့စနစ်မှာ မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက်။ တစ်ဖက်က အကောင်းလုပ်ပေး၊ တစ်ဖက်က စီးပွားရေး လက်ဝါးကြီးအုပ်မှုအတွက် နှိမ်။ တစ်ဖက်က ချော့၊ တစ်ဖက်က ခြောက်။ ရှေ့နောက်မညီ အစီအစဉ် မတည့်သဖြင့် တိုင်းပြည်တွင် ဆူပွက်သည်မှာ အံ့သြစရာ မရှိ။ လူတို့၏ ဝတ္တရားကား



ဤ ဓနရှင် နယ်ချဲ့စနစ်အကြောင်း၊ အကျိုးတရားများကို လေ့လာပြီးလျှင် အချိန်ဘျလျှင် အသင့်ဖြစ်စေရန် စီမံထားရန်ပင်ဖြစ်သည်။

လွတ်လပ်ရေးတိုက်ပွဲအတွက် ပြင်ဆင်ရာ၌ လူမျိုးအချင်းချင်း၊ လူတန်းစားအချင်းချင်း မကွဲသင့်သည့်အချိန်တွင် မကွဲထိုက်သူများနှင့် မကွဲ ကွဲအောင်လုပ်တတ်သော နယ်ချဲ့စနစ်၏ ပရိယာယ်ကို သတိပြု။ ရှေ့လောကြီးခြင်း၊ စစ်မရောက်မီ မြားကုန်ခြင်း၊ စစ်မဖြစ်ခင်က အရှုံးပေးလိုခြင်း စသော အပြုအမူများကို ရှောင်။ ငါတို့အောင်ပွဲကား အသေအချာပင်။ ငါတို့၌ အချိန်ကောင်းများစွာ ရှိသေး၏။ ဤကဲ့သို့ အချိန်ကောင်း အခြေကောင်းတွင် ငါတို့၏ လွတ်လပ်ရေးအတွက် အပြင်းအထန် အားထုတ်ကြပါစို့ ရဲဘော်။

အရေးတော်ပုံအောင်ဝါဒ
သခင်အောင်ဆန်း

□

www.burmeseclassic.com

www.burmeseclassic.com



## ဗမာ့လွတ်လပ်ရေးဂိုဏ်းကြီး၏ ပြန်တမ်းအမှတ် (၄)

### အင်္ဂလိပ်က မြန်မာတွေကို ကုလားလောက် ဂရုမစိုက်

(၁) မြန်မာနှင့် ကုလားတို့သည် လွတ်လပ်ရေးအတွက် အင်္ဂလိပ်အစိုးရထံ တစ်ပြိုင်တည်း အရေးဆိုခဲ့ကြ၏။ ထိုသို့ဆိုခဲ့သည့်အတိုင်း ကုလားခေါင်းဆောင်များတို့ကို အိန္ဒိယဘုရင်ခံချုပ်က ဖိတ်ကြား၍ တိုင်ပင်ဆွေးနွေးခဲ့၏။ ထိုသို့ ဆွေးနွေးပြီးနောက် အိန္ဒိယဘုရင်ခံချုပ်ကလည်းကောင်း၊ အင်္ဂလိပ်အစိုးရကလည်းကောင်း၊ အင်္ဂလိပ်ခေါင်းဆောင်များကလည်းကောင်း၊ အင်္ဂလိပ်သတင်းစာများကလည်းကောင်း ဂရုစိုက်၍ အမျိုးမျိုး အဖုံဖုံ ဖြေကြားခြင်းခံခဲ့ရ၏။ သို့သော် မြန်မာများကိုကား အင်္ဂလိပ်အစိုးရကလည်းကောင်း၊ မြန်မာပြည် ဘုရင်ခံကလည်းကောင်း၊ မြန်မာပြည် အစိုးရအဖွဲ့ကလည်းကောင်း၊ မည်သူကမျှ ဂရုတစိုက်လုပ်၍ ဆွေးနွေးခြင်းလည်း မပြု။ ဖြေကြားခြင်းလည်း မလုပ်။ အင်္ဂလိပ်မျက်စိထဲတွင် ကုလားထက် မြန်မာများအား အထင်အမြင်အသေးခံနေရပြီ။

(၂) မြန်မာတွေ ဘာကြောင့် ဒီအဖြစ်မျိုးရောက်လျက် ရှိသနည်းဆိုလျှင်

(က) အင်္ဂလိပ်အစိုးရက ငါတို့မြန်မာတွေကို ရှိသေခံ့ညားလောက်အောင် ငါတို့တွင် စည်းလုံးညီညွတ်ခြင်း အင်အား မရှိသေးခြင်း။ ၎င်းပြင်

(ခ) မြန်မာတစ်ပြည်လုံးက လွတ်လပ်ရေးကို ချက်ချင်းလက်ငင်းရရန် အင်္ဂလိပ်အစိုးရကို အရေးဆိုနေစဉ် မြန်မာဝန်ကြီးချုပ်များက လွတ်လပ်ရေးနှင့် ပတ်သက်၍ တစ်လုံးတစ်ပါဒမျှ မပြောမဆိုခြင်းတစ်ကြောင်း၊ ယခုဖြစ်ပွားလျက်ရှိသော စစ်နှင့်ပတ်သက်၍ မြန်မာတစ်မျိုးလုံး ကူသင့် မကူသင့်ကို အင်္ဂလိပ် အရေးဆိုလျက်ရှိစဉ် မြန်မာဝန်ကြီးချုပ်များက အင်္ဂလိပ်တို့အလိုကျအတိုင်း စစ်နှင့်ပတ်သက်သော ကိစ္စများကို လုံးဝထောက်ခံကူညီလျက်ရှိခြင်းတစ်ကြောင်း။ လွတ်လပ်ရေးအတွက်နှင့် ပတ်သက်၍ မြန်မာတစ်မျိုးလုံး၏ အရေးဆိုချက်များကို အင်္ဂလိပ်အစိုးရက ...ကောင်း၊ မြန်မာပြည် ဘုရင်ခံကလည်းကောင်း၊ ဂရုမစိုက်ဘဲ လျစ်လျူရှုလျက် ... မြန်မာဝန်ကြီးချုပ်များက မြန်မာတို့၏ လွတ်လပ်ရေးအတွက် အရေးဆိုချက် ...ကို အင်္ဂလိပ်အစိုးရက ဂရုတစိုက်ပြုလုပ်အောင် မကူညီခြင်း တစ်ကြောင်း။

(၃) ကုလားပြည်မှာကား လွတ်လပ်ရေးနှင့်ပတ်သက်၍ အင်္ဂလိပ်အစိုးရ...၏ ပြောကြားချက်ကို မကျေနပ်သောကြောင့် ကွန်ဂရက်အလုပ်အမှုဆောင်အဖွဲ့၏ ...အတိုင်း၊ ကွန်ဂရက်ဝန်ကြီးချုပ်များအဖွဲ့သည် မိမိတို့ ရာထူးမှ နုတ်ထွက်...လေပြီ။ သို့ရာတွင် အင်္ဂလိပ်အစိုးရတို့ထံမှ စကားပြန်ဖော်မရသော မြန်မာ...တွင်မူကား ဝန်ကြီးချုပ်များသည် မြန်မာတစ်မျိုးလုံး၏ လွတ်လပ်ရေးကို ...က်ကာ မိမိတို့ ရာထူးမှ နုတ်ထွက်ရန်ပင် ဝေးစွ။ ဗမာ့ထွက်ရပ်ဂိုဏ်းကြီးက ...မာ့လွတ်လပ်ရေးအတွက် မြန်မာတစ်မျိုးသားလုံးနှင့် ညီညွတ်စွာ၊ လွတ်လပ်ရေး ...က်ပွဲတွင် ဝင်နွှဲရန် ရာထူးမှ နုတ်ထွက်ခဲ့ပါ၊ သို့ ထွက်ခဲ့လျှင် ဗမာ့ထွက်ရပ်ဂိုဏ်းဝင် ...တ်များကလည်းကောင်း၊ ရာထူးများကို အလျှင်မခံယူပါ၊ ဒေါက်တာဘမော် ...လည်း လွတ်လပ်ရေးတိုက်ပွဲအတွက် ယခုလတ်တလော အရေးကြီးနေစဉ်တွင် ...ထူးကို ဘယ်နည်းနှင့်မျှ လက်မခံပါဟု တောင်းပန် ပြန်ကြားဖြေဆိုခြင်း မပြုလုပ် ...ခဲ့ပေ။ ထို့ကြောင့် မြန်မာပြည်တွင် မြန်မာလူမျိုးတို့မှာ လွတ်လပ်ရေး အရေးကြီး ...ဉ်အခါ မကြုံဖူးသောဘေးကြီး ဆိုက်ရောက်နေလေပြီ။ ထို ဘေးရန်တို့ကို ...န်းလှန်ဖို့ရန်အတွက် တိုင်းပြည်ကိုသာ အားကိုးရာရှိပါတော့၏။ တိုင်းပြည်က ...ည်မနေကြဘဲ၊ ညီညွတ်စည်းလုံးသော အင်အားကို ပြကြ၍ မြန်မာ့လွတ်လပ်ရေး ...က် တစ်သံတည်း ထွက်နိုင်အောင်၊ လွတ်လပ်ရေးလုပ်ငန်းကို လက်ငင်း ...င်ရွက်နေသော ဗမာ့ထွက်ရပ်ဂိုဏ်းကြီးကို ဝိုင်းဝန်းအားပေးကြပါမည့်အကြောင်း ...နှင့်ရှင်လူအပေါင်းတို့အား တောင်းပန်တိုက်တွန်းလိုက်ရပါကြောင်း။

ဗမာ့ထွက်ရပ်ဂိုဏ်းကြီး ဦးစီးအဖွဲ့
အမိန့်အရ
ပုံ၊ သခင်အောင်ဆန်း
ခေတ္တအတွင်းရေးမှူး။

(အမှာ) ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီ-အိုင်-အေ) ဆိုတာ ဘာ... ...ကြောင့် ထောက်ပံ့သင့်သလဲ၊ ဘာကြောင့် ကူညီသင့်သလဲ ဆိုသည်နှင့် စပ်လျဉ်း၍ ...က်ပါ ဗိုလ်တေဇ၏ ကြေညာချက်များ ဖတ်ရှုပါက ဘီ-အိုင်-အေ အကြောင်းစဉ်ကို ...င်းထင်းကြီး သိရှိနိုင်ပေမည်ဖြစ်ကြောင်း။

www.burmeseclassic.com

www.burmeseclassic.com

## ဗမာ့လွတ်လပ်ရေးတပ်မတော် အကြောင်းနှင့် အကျိုး

ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ယိုးဒယားပြည်တွင် ဖွဲ့စည်းခဲ့သည်။ တပ်မတော်ကြီး ဦးစီးရန်အတွက် ဗိုလ်များကို နီပွန်ပြည်၊ ဟိုက်နံကျွန်း၊ ဖော်မိုဆာကျွန်းတို့တွင် စစ်ပညာ သင်ကြားခဲ့စေသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်သည် မြန်မာပြည် တွင်းသို့ စစ်လေးကြောင်းချီ၍ ယိုးဒယားပြည်မှ ဝင်ရောက်ခဲ့သည်။ ၎င်း စစ်လေးကြောင်း အနက် တစ်ကြောင်းမှာ ဟင်္သာတအထိ ရေကြောင်းချီခဲ့သည်။ မြိတ်နယ်ကို ယခု ဗိုလ်မှူးကြီး ဗိုလ်ရန်နိုင် ကြီးမှူးသော တပ်မတော်တပ်ခွဲက သိမ်းပိုက်ခဲ့သည်။ ထားဝယ်နယ်ကို နီပွန်ဗိုလ်၊ ဗိုလ်အေးနှင့် ထိုစဉ်က ဗိုလ်မှူးကြီး၊ ယခု ဗိုလ်ချုပ်ကလေး ဗိုလ်လကျ်ာ သခင်လှဖေတို့ ကြီးမှူးသော တပ်မတော်တပ်ခွဲနှင့် နီပွန်တို့ ပူးတွဲ သိမ်းယူခဲ့သည်။ အထက်စစ်ကြောင်းတွင် တပ်မတော်၏ အဘ ဂျပန်ဗိုလ်ကြီး (ဗိုလ်မိုးကြိုး) နှင့် ထိုစဉ်က ဗိုလ်ချုပ်ကလေး၊ ယခု ဗိုလ်ချုပ် ဗိုလ်တေဇ (အောင်ဆန်း)၊ ဗိုလ်နေဝင်း၊ ဗိုလ်ဇေယျတို့ ကြီးမှူး၍ ချီတက်လာကြသည်။ မြစ်ဝကျွန်းပေါ်ကို ဗိုလ်ရန်နိုင်တပ်နှင့် တက္ကသိုလ်ကျောင်းသား ဗိုလ်အောင်၊ ဗိုလ်ဝင်း၊ ဗိုလ်သိမ်းဆွေ သခင်သိန်းဖေတို့ ကြီးမှူးသော အတွင်းသူပုန်တပ်များ သိမ်းပိုက်ခဲ့လေ၏။ ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ထားဝယ်၊ ဖျာပုံ၊ ဟင်္သာတ၊ ဒေးဒရဲ၊ ပဲခူး စစ်တောင်းတစ်ဝိုက် ရွှေကျင်၊ ရွှေတောင် ဖာပွန်တိုက်ပွဲများတွင် ဝင်နွှဲခဲ့သည်။ ရန်သူ လေယာဉ်ပျံ သံချပ်ကားနှင့် အဆမတန်များသော ရန်သူအားများကို အကြိမ်ကြိမ် ချိုးနှိမ်ဖျက်ခဲ့သည်။ အင်္ဂလိပ်လူမျိုးနှင့် အင်္ဂလိပ်တပ် စစ်သားအများကိုလည်း သုံ့ပန်းအဖြစ် ဖမ်းဆီးရခဲ့၏။ ရခိုင်ပြည် တစ်ပြည်လုံးကို ဗိုလ်မှူး ဗိုလ်ရန်အောင်



ကြီးမှူးသော ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် နီပွန်တပ်မခွဲတို့ သိမ်းပိုက်ခဲ့ပြီး ဖြစ်လေပြီ။

အထက်မြန်မာပြည်သို့ အကြောင်းကြောင်း ချီတက်ခဲ့၍ တိုက်ပွဲအမျိုးမျိုး နွှဲခဲ့လေပြီ။ ဤ ချီတက် တိုက်ခိုက်နေသော တပ်ပေါင်းစုကို (ဗိုလ်တေဇ) သခင် အောင်ဆန်းက ကြီးမှူးအုပ်ချုပ်သည်။

ရဲဘော်တို့ – တို့ဗမာတို့ ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီး ချီတက် လာလေပြီ။ ကြိုဆိုကြလော့။ သုံးရောင်ခြယ်နှင့် ဒေါင်းအလံကို လွှင့်တင်ကြ ကုန်လော့။ တပ်မတော်သို့ အစုလိုက်အပြုံလိုက် ဝင်ကြလော့။ အမှုထမ်းကြလော့။ အနှစ်ငါးဆယ်မှ တစ်ရာမျှ မေးမှိန်နေသည့် မြန်မာ့ရာဇဝင်ကို ပြန်လည်ထွန်းတောက် စေလော့။ မြန်မာ့ခေတ်သစ် လွတ်လပ်သော မြန်မာပြည်ကို ထူထောင်ကြလော့။ ဤမလျှော့တမ်း နောက်ဆုံး ဗမာ့လွတ်လပ်ရေးစစ်ပွဲကြီးတွင် မြန်မာ့သတ္တိ မြန်မာ့ သွေးကို လေးလေးနက်နက် တစ်ခဲနက် ပြကြလော့။

ဗိုလ်ချုပ် ဗိုလ်တေဇ သခင်အောင်ဆန်း

ဗမာ့လွတ်လပ်ရေးတပ်မတော်

www.burmeseclassic.com

www.burmeseclassic.com

## ဗမာ့လွတ်လပ်ရေးတပ်မတော် ဆိုတာ ဘာလဲ

(၁) လွတ်လပ်ရေး တပ်မတော်သည် မြန်မာတစ်မျိုးသားလုံး၏ လွတ်လပ်ရေး လွတ်လပ်ကြောင်းအတွက် လူလားမြောက်သူ၊ ကျန်းမာသူ မြန်မာတိုင်း ပါဝင်သော တပ်ကြီးဖြစ်သည်။ ၎င်းတပ်ကို အချို့က သခင်တပ်ဟု ထင်မြင်ကြသော်လည်း သခင်များ၏တပ် မဟုတ်။ ဂိုဏ်းဂဏပါတီမရွေး ဗမာ့လွတ်လပ်ရေးကို လိုလားသည့် မြန်မာတိုင်း ပါဝင်သော တပ်သာလျှင်ဖြစ်၏။ မြန်မာတစ်မျိုးသားလုံးနှင့် သက်ဆိုင်၏။

(၂) ၎င်းတပ်သည် နိပ္ပွန် မဟာမိတ်တပ်ကြီးနှင့် ပူးပေါင်းပြီးသကာလ ရန်သူ အင်္ဂလိပ်တို့ကို မြန်မာ့မြေပြင်မှ နှင်ထုတ်ပြီး ဖြစ်လေသည်။

(၃) ၎င်းတပ်ကို ဦးစီးအုပ်ချုပ်လျက် ဗိုလ်မှူးအဖြစ် ဆောင်ရွက်သူများကား နိပ္ပွန်ပြည် ဟိုက်နံကျွန်း၊ ဖော်မိုဆာကျွန်းတို့တွင် ၂ နှစ်ခန့် စစ်အတတ်ကို တစ်ဖက်ကမ်းခတ် သင်ကြားလာသူများ ဖြစ်၏။

(၄) တပ်သားများသည်လည်း မြန်မာပြည် တောင်ဘက်အစွန်းမှ မြောက်ဘက်အစွန်းအထိ ခြေလျင်ခရီး ချီတက်လာပြီး ရင်မြေကတုတ် လုပ်ကာ သက်စွန့်ကြိုးပမ်း တိုက်ခိုက်ခဲ့သူများ ဖြစ်၏။

(၅) လွတ်လပ်ရေး ဆိုသည်မှာ အပြောနှင့် ပြီးနိုင်သောကိစ္စ မဟုတ်။ လုပ်ယူမှ ရ၏။ ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးနှင့်သာလျှင် ဗမာ့လွတ်လပ်ရေးကို ရအောင် ယူနိုင်မည်။ ရပြီးသော လွတ်လပ်ရေး မဆုံးရှုံးရအောင် ကာကွယ်နိုင်ပေသည်။

(၆) ဗမာ့လွတ်လပ်ရေးတပ်မတော်သည် မြန်မာအားလုံး နိုင်ငံရေး ညီညွတ်မှု ရရှိအောင် လုပ်မည်ဖြစ်၏။ တကယ့်လွတ်လပ်ရေးကို လိုလားသူတို့သည် တစည်းဘလုံးတည်းရှိအောင် လုပ်မည်ဖြစ်၏။ မြန်မာ့လွတ်လပ်ရေး အနှောင့်အယှက်ပြုသူ ဆုးကြောင့်ခလုတ်ဖြစ်သူတို့ကို ကျူပင်ခုတ် ကျူငုတ် မကျန်အောင် သုတ်သင်ရှင်းလင်းမည် ဖြစ်၏။

(၇) ဗမာ့လွတ်လပ်ရေးတပ်မတော်သည် အင်္ဂလိပ်အစိုးရလက်ထက်က အမှုထမ်းခဲ့သောသူတို့အား ကလဲ့စားချေမည် ဟူသော သဘောမရှိ။ အရည်အချင်းရှိက အရည်အချင်းအလျောက် ပြန်လည်အမှုထမ်းစေမည်ဖြစ်၏။

(၈) ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ရှမ်း၊ ချင်း၊ ကချင် စသောဘိုင်းရင်းသားတို့နှင့် တစ်သွေးတည်း တစ်စိတ်တည်း ရှိ၏။ မြန်မာပြည်အတွင်းရှိတိုင်းရင်းသားအားလုံးတို့သည် အခွင့်အရေး တန်းတူရစေမည်ဖြစ်၏။

(၉) ဗမာ့လွတ်လပ်ရေး တပ်မတော် ဗိုလ်မှူးတို့သည် ရာထူးကြီးငယ် လက်ဝယ်ခံယူလိုသောစိတ် မရှိ။ ဗမာ့လွတ်လပ်ရေးတပ်မတော်အတွက် အနစ်နာခံခဲ့သော ပုဂ္ဂိုလ်များ၏ ခေါင်းဆောင်မှုကို လိုက်နာဆောင်ရွက် အမှုထမ်းရန် အသင့်ရှိ၏။

(၁၀) ထို့ကြောင့် ဗမာ့လွတ်လပ်ရေးတပ်မတော်သို့ အလုံးအရင်းနှင့် ဝင်ကြလော့။ အချိန်ရှိခိုက် စစ်အတတ်နှင့် လက်နက်ကိုင်ပညာကို အကုန်သင်ဆေးမည်။ တပ်ကြီး တည်တံ့ရေးအတွက် ရိက္ခာ ထောက်ပံ့ကြလော့။ နေရာထိုင်ခင်းများ ဝိုင်းဝန်းပေးကြကုန်လော့။

ဗိုလ်ချုပ်ကလေး ဗိုလ်တေဇ
ဗမာ့လွတ်လပ်ရေးတပ်မတော်

□

www.burmeseclassic.com

www.burmeseclassic.com

## တပ်မတော်သမိုင်း

(ဒုတိယကမ္ဘာစစ်ကြီး ပြီးခါစက ဗိုလ်ချုပ်အောင်ဆန်းအား ဂျပန်တွေကို မြန်မာပြည် ခေါ်ဆောင်လာသော ဖက်ဆစ်လက်ပါးစေတစ်ယောက်ဟူ၍ မဟာမိတ်ဘက်တော်သား အချို့က စွပ်စွဲခဲ့ဖူးလေသည်။ ထိုအခါက ဗိုလ်ချုပ်က ဘယ်လိုအခြေအနေများကြောင့် ဂျပန်နှင့်အတူ မြန်မာပြည်သို့ ဝင်ခဲ့ရပုံ၊ သူကိုယ်တိုင် ဂျပန်ကို အလွန်မုန်းတီးခဲ့ပုံ၊ သူနှင့်တကွ တပ်မတော်သားတွေ ဂျပန်နှင့် အတိုက်အခံ ဖြစ်ခဲ့ပုံများကို ဖော်ပြပါရှိသော ဆောင်းပါးကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့ဖူးရာ ၎င်း ဗိုလ်ချုပ်၏ ရေးသားချက်များတွင် ယနေ့ မြန်မာ့တပ်မတော်၏မိခင် ဘီအိုင်အေ တပ်မတော်ကြီး၏ခေတ်ကို ဖာတ်ကြောင်းပြန်ထားပုံမှာ စိတ်ဝင်စားဖွယ်ကောင်းသဖြင့် ကောက်နုတ်ဘာသာပြန်၍ ဖော်ပြလိုက်ရပေသည်။)



## ဗိုလ်ချုပ်အောင်ဆန်း၏ တပ်မတော်သမိုင်း
## ဂျပန်နှင့် ပေါင်းရပုံ

၁၉၄၀–၄၁ ခုနှစ်က ဆိုလျှင် ကမ္ဘာ့အရှေ့ဖျားတွင် လှုပ်ရှားလုပ်နေသော ဂျပန်အင်ငင်ပါမက်အင်အားနှင့် စွမ်းရည်ကို ဗြိတိန်တို့နှင့်တကွ အခြားနိုင်ငံကြီးများကပါ အဆင်သေးခဲ့ကြလေသည်။ မြန်မာပြည်၏အပြင်ဘက်သို့ရောက်နေကြသော ကျွန်ုပ်တို့ ငယ်တစ်စုအဖို့မှာကား ဂျပန်တို့ အရှေ့အာရှတစ်ခွင်ကို သိမ်းပိုက်တော့မည်မှာ လွဲနိုင်ကြောင်း သိနှင့်ပြီးဖြစ်ရာ၊ ထိုသို့ အင်္ဂလိပ်အပြေး ဂျပန်အဝင် စပ်ကူးမပ်ကူးတွင် ကျွန်ုပ်တို့ မြန်မာပြည်၏ လွတ်လပ်ရေးကို အရယူကြအံ့ ဟူသော ကျွန်ုပ်ဘို့၏ ရှင်းရှင်းဝန်ခံရလျှင်) အရင်းရှင်ပေါက်စ လုတန်းစားအတွေးအခေါ်တို့ကြောင့် ဂျပန်တို့နှင့် စတင် ပူးပေါင်းရသော အခြေသို့ ရောက်ခဲ့လေသည်။ ဂျပန်တို့ကို ကြည်ညို၍ သည်းကောင်း၊ ဖက်ဆစ်စနစ်ကို အားပေးလို၍လည်းကောင်း လုံးဝ မဟုတ်ပေ။

## ဂျပန်ကို မုန်းကြပြီ

ကျွန်ုပ်တို့အဖို့ကား ယိုးဒယားပြည်မှာရှိစဉ်ကပင် ကျွန်ုပ်၏ရဲဘော်အချို့ကို မြန်မာပြည် အတွင်းသို့ တိတ်တဆိတ် စေလွှတ်ပြီးခဲ့လေပြီ။

ဂျပန်တွေကား ဖက်ဆစ်ပီပီ သစ္စာမရှိကြောင်းကို သိရှိပြီးဖြစ်သော ရဲဘော် သွေက မြန်မာပြည်တွင်းသို့ ဂျပန် အရင်ဦးအောင်ဝင်နှင့်၍ ပြင်ဆင်မှုအရပ်ရပ်ကို ပြုလုပ်ရန် ဖြစ်လေသည်။ ကျွန်ုပ်တို့အကြံမှာ ဂျပန်တို့ကား လာချေပြီ။ သို့ဖြစ်လျှင် အင်္ဂလိပ်ကို မြန်မာလူထုကပင် ဦးအောင်တိုက်ထုတ်နှင့်ပြီး လွတ်လပ်ရေးကိုကာကွယ်ရန် ဖြစ်သည်။ သို့မှမရလျှင် မြန်မာပြည်တွင်း၌ ဂျပန်တို့ အင်အားမစုရုံးနိုင်အောင် လူထုနှင့်ချီပြီး မြေအောက်စည်းရုံးရေးများနှင့်တကွ တော်လှန်ရန်လည်း ဖြစ်ပေသည်။ ဤအချက်တွေကြောင့်လည်း ကျွန်ုပ်တို့စိတ်ကူးထဲတွင် အလွန်အားကိုး မျှော်လင့်သော ဘီ–အိုင်–အေ တပ်မတော်ကြီးသည် အကောင်အထည်ဘဝသို့ ရောက်လာရပေသည်။

## ဘီ–အိုင်–အေ နှင့် ဂျပန်

၁၉၄၂ ခုနှစ်၊ မတ်လဆန်းလျှင်ပင် ကျွန်ုပ်တို့မှာ ရန်ကုန်မြို့ကို သိမ်းပိုက်လိုက်ပြီးလေပြီ။ ရန်ကုန်ရောက်သည်ဆိုရင်ပဲ ဂျပန်တို့က ပြည်သူလူထုအား ရိုင်းရိုင်းစွာ ဆက်ဆံ တွေ ပေါ်လာတော့သည်။ ကျွန်ုပ်တို့က ဆိုင်ရာ အာဏာပိုင်တွေကို အရေးယူဖို့

www.burmeseclassic.com

www.burmeseclassic.com



တိုင်ကြားသော်လည်း အချည်းအနှီးဖြစ်ရသည်သာ များ၏။ ထိုအခါ ကျွန်ုပ်တို့၏ ဘီ-အိုင်-အေ ရဲဘော်များနှင့် ဂျပန်စစ်သားတို့ ပဋိပက္ခမှုများသည် တစ်နေ့တခြား တိုး၍လာ၏။ မခံချင်စိတ်ရှိသော မြန်မာဗိုလ်တွေနှင့် ဂျပန်တို့ မကြာခဏ တွေ့ကြလေတော့သည်။

## ပထမ တော်လှန်ရန် အကြံ

ရန်ကုန်မြို့ကို သိမ်းပိုက်မိသည်အထိ ကျွန်ုပ်မှာ ဘီအိုင်အေ သေနာပတိ ဗိုလ်မိုးကြိုး၏ လက်ထောက် စစ်ဦးစီးမှူး ဖြစ်နေသေးခဲ့သည်။ ထိုအချိန်မှာပင် ဖက်ဆစ်ဂျပန်အား တော်လှန်တိုက်ခိုက်ရန် ကျွန်ုပ် ကြံစည်ခဲ့သေး၏။ သို့သော် မအောင်မြင်ခဲ့။ အကြောင်းကား ကျွန်ုပ်တို့၏ တပ်မတော်နှင့်တကွ နိုင်ငံရေး ခေါင်းဆောင်များပိုင်းမှာလည်း ဖရိုဖရဲ ရှုပ်ထွေးနေလျက် စနစ်ကျသော စည်းရုံးမှု မရှိခဲ့သေးသောကြောင့်ပင်တည်း။

## အထက်မြန်မာပြည်

ထိုအတောအတွင်း ဗိုလ်မိုးကြိုးက ဘီ-အိုင်-အေ တပ်မတော်၏ သေနာပတိအဖြစ် ခန့်ထားပြီး၊ အထက်မြန်မာပြည် စစ်ကြောင်းသို့ ချီတက်ရန် အမိန့်ပေးလာလေသည်။ ကျွန်ုပ်လည်း ဧရာဝတီမြစ်ဝှမ်း စစ်ကြောင်းအတိုင်း ချီတက်ခဲ့လေသည်။

## ဂျပန်အပေါ် သဘောထား

ထိုအချိန်လောက်တွင် ကျွန်ုပ်တို့ မြန်မာ့နိုင်ငံရေး ခေါင်းဆောင်လူငယ်(သခင်)များထဲတွင် ဂျပန့်အပေါ် သဘောထားရေးနှင့်ပတ်သက်၍ ပြင်းပြင်းထန်ထန် ဝေဖန်ဆွေးနွေးသံများ ကြားရစ ပြုလာလေသည်။ စင်စစ် မြန်မာလူငယ် နိုင်ငံရေးသမား (ဝါ) လက်ဝဲအင်အားစုတွင် ကျနပြတ်သားပေ ဟာ စည်းရုံးမှု မရှိဘဲ တွေဝေယိမ်းယိုင်၍ နေကြချိန် ဖြစ်လေသည်။ ကျွန်ုပ်တို့ ရွှေဘိုအရောက်တွင် နိုင်ငံရေးရဲဘော်အထဲမှ သခင်စိုး၊ သခင်မြသွင်နှင့် ကိုသိန်းဖေ(တက်ဘုန်းကြီး)တို့ တရုတ်ပြည်ဘက်သို့ တိတ်တဆိတ်ထွက်ခွာသွားကြပြီဟူသော သတင်းကို ကြားရသောအခါ စိတ်ထဲတွင် အတော်အားတက်သွားမိ၏။ တစ်ဖန် ၎င်းတို့၏အကြံ အထမမြောက်ကြောင်း သတင်းကို ဝမ်းနည်းဖွယ် ကြားရပြန်လေသည်။



## ဗိုလ်ဧယျှနှင့် ဂျပန်ကင်ပေ

ဘီ-အိုင်-အေ တပ်များကို ဧရာဝတီမြစ်ညာ ဗန်းမော်မြို့ထိအောင် ဆက်လက်ချီမည် ဟူသော အမိန့် ထွက်လာသဖြင့် ဗိုလ်မှူးကြီးဧယျှအား တပ်များကိုဦးစီးကာ ချီတက်စေသည်။ ဘီ-အိုင်-အေ တပ်များ အထက်မြန်မာပြည်တစ်ခွင်တွင် ရှိစဉ်ပင် အရေးကြီးသော အခြင်းအရာတစ်ခု ဖြစ်ပွားခဲ့လေသည်။ စည်းမဲ့ကမ်းမဲ့ပြုမူသော ဂျပန်စစ်သားရိုင်းများနှင့် ဗိုလ်ဧယျှ အမှူးပြုသော ဘီ-အိုင်-အေ အရာရှိတို့ ပဋိပက္ခဖြစ်ရာက ဗိုလ်ဧယျှကို ဂျပန်ကင်ပေတိုင်က ဖမ်းဆီးလေတော့သည်။ ထိုအချိန်က ဂျပန်ကို မုန်းတီးသောစိတ်မှာ ဘီ-အိုင်-အေ တပ်များတွင် အထူးပြင်းထန်နေခိုက်ဖြစ်၍ ဂျပန်ကို တစ်ပြိုင်နက် တော်လှန်တိုက်ခိုက်ကြတော့မည့်ဆဲဆဲတွင် ဆက်သွယ်ရေးအရာရှိတစ်ဦး၏ လိမ္မာမှုကြောင့် ဗိုလ်ဧယျှတို့ လွတ်မြောက်လာပြီး ထိုကိစ္စမှာ အေးငြိမ်းသွားတော့သည်။

## အချင်းချင်း စောင်လျက်

အခြေအနေမှာကား လုံးဝ ရှင်းလင်း ပြတ်သားခြင်း မရှိသေး၊ ဂျပန်နှင့် ဗမာ (ဘီ-အိုင်-အေ) အချင်းချင်း စောင်လျက်ပင် မြန်မာပြည်တိုက်ပွဲမှာ ပြီးဆုံးသွားသေးသည်။ ကျွန်ုပ်က အခြေအနေ မဟုတ်ကြောင်း၊ ရှေ့လျှောက် လုပ်ငန်းတွေ လုပ်စရာ အများကြီးရှိသေးကြောင်းများကို သခင်သန်းထွန်းအား ယင်းမာပင် (မုံရွာခရိုင်)မှာ တွေ့စဉ်က ပြောပြခဲ့သေးသည်။ ကိုသိန်းဖေကိုတော့ ရွှေဘိုမြို့နယ်တွင် နောက်ဆုံးတွေ့ရပြီး သူလည်း အိန္ဒိယသို့ ရောက်သွားလေသည်။

ဤသို့လျှင် ဂျပန်နှင့် ကျွန်ုပ်တို့ (ဘီ-အိုင်-အေ) အတိုက်အခံဖြစ်ရင်း ဗမာ့စစ်ဗိုလ်တွေကို ဂျပန်ကင်ပေက ဖမ်းဆီး ညှဉ်းပန်း ရက်စက်ရင်းနှင့် ဗမာ့လွတ်လပ်ရေးတပ်မတော်၏ ပထမကဏ္ဍမှာ ပြီးဆုံးခဲ့လေသတည်း။

❑

www.burmeseclassic.com

www.burmeseclassic.com

## ဗမာ့လွတ်လပ်ရေးတပ်မတော် ကြိုဆိုကြလော့

ရဲဘော်တို့၊ တို့မြန်မာတို့၊ ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီး ချီတက်လာလေပြီ။ ကြိုဆိုကြလော့၊ သုံးရောင်ခြယ်နှင့် ဒေါင်းအလံကို လွှင့်တင်ကြကုန်လော့၊ အနှစ် ငါးဆယ်မျှ တစ်ရာမျှ မှိန်နေသည့် မြန်မာ့ရာဇဝင်ကို ပြန်လည်ထွန်းတောက်စေလော့၊ မြန်မာ့ခေတ်သစ် လွတ်လပ်သော မြန်မာပြည်ကို ထူထောင်ကြလော့၊ ဤမလျှော့တမ်း နောက်ဆုံးမြန်မာ့လွတ်လပ်ရေးစစ်ပွဲကြီးတွင် မြန်မာ့သတ္တိ၊ မြန်မာ့သွေးကို ပြကြကုန်လော့။

□

## ဗိုလ်ချုပ်အောင်ဆန်း၊ ပင်ကိုရေးအတ္ထုပ္ပတ္တိ

ိုလ်ချုပ်အောင်ဆန်းသည် သူ၏အကြောင်းဖြစ်သော ဤစာများကို ဂျပန်ခေတ် ာ့တပ်မတော် စစ်ဝန်ကြီးနှင့် စစ်သေနာပတိဘဝတွင် ရေးသားခဲ့လေသည်။ ရေးသားခဲ့သော စာမူများကို ဆက်၍ ရှာဖွေသော်လည်း အင်္ဂလိပ်ဘာသာအားဖြင့် ားထားသည်များကိုသာ တွေ့ရသည်။ မြန်မာဘာသာဖြင့် ဤမျှသာတွေ့ရသဖြင့် ော်ပြလိုက်ပါသည်။)

### ငယ်ဘဝ

ြလတ်ဟုခေါ်သော မြန်မာပြည်၏ အပူပိုင်းဇုံဖြစ်သော မကွေးတိုင်း။ ယခု ချောင်းခရိုင်အတွင်း ပျဉ်းမနား၊ ကျောက်ပန်းတောင်း ရထားလမ်းတစ်ဝက်ခန့်တွင် ပူပိုင်းဇုံ ကုန်းမြေပြင်များဖြစ်သော နှမ်း၊ ပဲနှင့်ဂွမ်းဆီအများထွက်၍ ကုန်ရောင်း ယ် အတော်တွင်ကျယ်သော မြို့ကလေးတစ်မြို့ ရှိလေသည်။ မီးရထားဘူတာရုံ ်းအနားတွင် မီးရထားဘက်မှ ဆောက်ထားသော အိမ်တန်းလျားများနှင့် ပွဲစား ်သည်ဆိုင်များ အနည်းငယ်ရှိလေသည်။ ဘူတာ၏ ဝဲယာပတ်လည်တို့တွင် ပဲ၊ နှမ်းခင်းတို့ ရှိလေသည်။ ထို ယာခင်းများမှ ကျော်လွန်၍ အရှေ့ဘူးဘူးသို့ကြည့်လျှင် ေးရေးထင်သော တောင်တန်းများကို နောက်ခံကာ တောရကျောင်းနှင့် ကျွန်း ်င်သူတို့၏ လိုဏ်ဂူများကို တွေ့နိုင်ပေသည်။ ထိုဘူတာ၏ အနောက်မြောက်ယွန်း ်က် ၄၀၀ ခန့် အကွာတွင်ကား မိုင်ဝက်ခန့် ကျယ်သော သဲချောင်းကို ကမ်းစပ်ပေါ်၌ ပေါင်းကုန်း(သို့မဟုတ်)နကျားထူး ခေါ်သော အိမ်ခြေတစ်ရာခန့်ရှိ ရွာကလေး

www.burmeseclassic.com



ရှိလေသည်။ ဖောင်းချော်ဝီးယု ခေါ်သော သဲသောင်ကြီး၏ တစ်ဖက်ကမ်း (အနောက်ဘက်ကမ်း) ၌ကား ယာခင်း၊ လယ်ကွင်းပြင်များနှင့် ဥယျာဉ်အချို့ကို တွေ့ရပေသည်။ ထိုမှလွန်လျှင် တောင်ကုန်းကျကျနေရာတွင် အရှေ့ဘက်မှ တာမြောင်းခံထားသော အိမ်ခြေ ၂၀၀ ခန့်ရှိ ရွာတစ်ရွာ ရှိသေးသည်။ ထိုရွာ၏အနောက် ကိုက် ၃၀၀ ခန့်တွင် အိမ်ခြေ ၁၀၀ ခန့်ရှိ ရွာတစ်ရွာ ရှိလေသည်။ ရွာ၏မြောက်ဘက်တွင် ကပ်လျက် (ရှေးလူကြီးများပြောသလို) လောကခံတော် မြန်မာအထက်တန်းသင် ဘုန်းကြီးကျောင်းတစ်ကျောင်း ရှိလေသည်။ ထိုမှ ယာတစ်ခင်းအလွန်တွင် ငါးရက်တစ်ဈေး ဖွင့်ရာ ဈေးဝိုင်းရှိလေသည်။ ထိုမှလွန်လျှင် ပုလိပ် ဂါတ်တန်းလျားများ ရှိသည်။ ထိုအနီးတွင် စာတိုက် ရှိလေ၏။ ထိုစာတိုက်၏ အနောက်မြောက်စောင်းစောင်း မလှမ်းမကမ်းတွင် အိမ်ခြေ ၁၅၀ ခန့် ရွာတစ်ရွာ ရှိပြန်လေသည်။ စာတိုက်နှင့် ရှေ့တည့်တည့်၊ ပေတစ်ရာလမ်းနှင့် မြေတလင်းပြောင်ပြောင်ကို ကျော်လွန်၍ ကိုက် ၁၀၀ ခန့် အကွာတွင် ဘုန်းကြီးကျောင်းတစ်ကျောင်းနှင့်ကပ်၍ မြို့အုပ်ရုံး ရှိလေသည်။ ထို ဘုန်းကြီးကျောင်းနှင့်ဆက်၍ ထောင့်မှန် (Right Angle) ကျကာ ၁၅ ပေ ခန့်မြင့်သော အုတ်တံတိုင်းကြီး လေးဖက်လေးတန် ခြံရံလျက် စေတီငယ်များ အလယ်တွင် ရွှေရောင် တပြောင်ပြောင် တောက်နေသော စေတီတော်ကြီးတစ်ဆူနှင့် သပ်ရပ်ခမ်းနားသော ဇရပ်၊ တန်ဆောင်း၊ ကျောင်းကန်များ ရှိလေသည်။ ထိုမှ မြောက် မလှမ်းမကမ်းတွင်ကား အိမ်ခြေ ၁၀၀ ကျော် ရှိပြန်လေသည်။ ထိုရွာများအနက် ရွာမကြီးသဖွယ် အိမ်ကောင်း အများဆုံးနှင့် ဆိုင်ကနား အတော်အတန်ရှိ၍ စာရေး၊ စာချီ၊ မြို့အုပ်၊ ရှေ့နေ၊ ကုန်သည်များ နေကြသော ရွာကား ဆိုခဲ့ပြီးသည့် သဲချောင်းကြီး အနောက်ဘက်ကမ်း တောင်ကုန်းပေါ်တွင် တည်လျက်ရှိသော ရွာပင် ဖြစ်လေသည်။ ထိုရွာကို နတ်မောက် ဟူ၍လည်းကောင်း၊ တောင်ရွာဟူ၍လည်းကောင်း ခေါ်ကြလေသည်။ ထိုရွာကို သမိုင်းစာအရကား ပိဋကယက္ခမင်း တည်ထောင်သွားသည်ဟု ဆိုလေသည်။ သို့သော် ကျွန်တော်၏ဘေးမှတ်တမ်းအရကား ပုဂံခေတ် အနော်ရထာမင်းစောအချိန်အခါလောက်တွင် ထိုရွာကို စတင်တည်ထောင်ခဲ့သည်ဟု မှတ်သားဖူးသည်။ ထိုရွာ၏မြောက်ဘက်စွန်း၌ တစ်ရွာလုံးရှိ အိမ်ဝိုင်းများအနက် အကျယ်ဆုံး အိမ်ဝိုင်းကြီးထဲတွင် ဇရာမအိမ်ကြီးရှိလေသည်။ မူလက ဆင်တစ်ရပ်ခန့်ဝင်နိုင်အောင် မြင့်၍ အဆောင်ပေါင်းများစွာရှိသော်လည်း ထိုအခါကား အတောင် ရှစ်တောင်ခန့်မျှသာ ရှိတော့သည်။ အိမ်အမြင့်မှာလည်း သုံးပေခွဲမျှသာ ရှိတော့သည်။ ထိုအိမ်ကြီးကား ရှေးဗမာမင်းလက်ထက်က နတ်မောက်မြို့ မြို့သူကြီးအိမ်ပင် ဖြစ်လေသည်။



သခုကား အိမ် မရှိတော့ပြီ။ ထိုအိမ်နောက်ဖေးဆောင်ငယ်တွင် ကျွန်ုပ်အား ဖွားမြင်ခဲ့လေသည်။ ကျွန်တော့်ကို မွေးဖွားစဉ်အခါက ကျွန်တော်တို့ နတ်မောက်သို့ ကားရထားလမ်း မပေါက်သေး။ သို့သော် ရည်ရွယ်ချက်ကား ထားပြီး ဖြစ်လေသည်။ ယခုအခါကဲ့သို့ အနည်းငယ်မျှ မြို့မဆန်ဘဲ တောရွာစုကြီး တစ်ရွာမျှသာ ဖြစ်လေသည်။ မိုးဥက် ညနေခင်းများတွင် ခလောက်သံ တဒေါက်ဒေါက်၊ နေ့လယ်ခင်းများတွင် ဟွန်းသံ တချွင်ချွင်နှင့် ကြားရတုန်းပင် ရှိလေသည်။

အချိန်ကား ၁၉၁၅ ခု ဖေဖော်ဝါရီလဖြစ်၍ ပထမကမ္ဘာစစ်ကြီး၏ ဒုတိယနှစ်ထဲပင် ဖြစ်လေသည်။ ထိုအချိန် ထိုအခါကား ဂျာမနီသည် ရေငုပ်သင်္ဘောများဖြင့် ဗြိတိသျှရေတပ်တို့အား အကြီးအကျယ် ဒုက္ခပေးနေသည့်အချိန်အခါ ဖြစ်လေသည်။ အနောက်စစ်မျက်နှာပြင်ဟုခေါ်သော ပြင်သစ်နှင့် ဂျာမနီတို့ စစ်ခင်းရာမျက်နှာ၌ကား ပထမအကြိမ် တိုက်ပွဲကြီးများမှာ မပြီးမဆုံးနိုင်သော သောင်မတင်ရေမကျ၊ ရှေ့မတိုးနောက်မဆုတ် အခြေအနေပင် ရှိလေသည်။ အရှေ့မျက်နှာပြင်ဟုခေါ်သော ရုရှားစစ်ခင်းရာ မျက်နှာကား မဆူးရီရာနှင့် ဝါဇနစ်ဖူစစ်ပွဲကြီး ဖြစ်ပွားလျက်ရှိကြလေသည်။ ထိုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့ ၁၂၇၆ ခု တပေါင်းလဆန်း ၁ ရက် စနေနေ့ မနက် လင်းအားကြီးအချိန်တွင် ကျွန်တော်သည် လူ့ပြည်သို့ ပထမဆုံး ရောက်ရှိလာခဲ့လေသည်။ ဖေဖော်ဝါရီလ ၁၃ ရက်နေ့ကား နာမည်ကျော် နက္ခတ်ဗေဒင်ဆရာကြီး ချိုရို၏ ဟောပြောချက်အရဆိုလျှင် တိုင်းပြည်တစ်ပြည်၏ အစိုးရ ထီးနန်းတို့ကို ဖြိုဖျက်နိုင်စွမ်းသော သူများကို မွေးဖွားတတ်သော ဇာတာဟု ဟောထားလေသည်။ ထိုနေ့တွင် မွေးဖွားသော ကျွန်တော်မှာ သူပုန်လောင်းကလေးဖြစ်သည်ကို ထိုအခါက မည်သူမျှ ထူးထူးခြားခြား ထည့်သွင်းစဉ်းစားခြင်း မပြုကြချေ။ ကျွန်တော် မွေးဖွားသည်နှင့်ပတ်သက်၍ ကျွန်တော်၏ ဇာတာနာမည်မှာ (ထိန်လင်း) ဖြစ်လေသည်။ သို့သော် ကျွန်တော့်အထက် အစ်ကို ကိုအောင်သန်းနှင့်နာမည်လိုက်အောင် အောင်ဆန်းဟု ခေါ်တွင်ခဲ့လေသည်။ မွေးဖွားစဉ်က ကျွန်တော် မထူးဆန်းလှသော်လည်း ငယ်နိုင် ထနိုင်သော ကလေးဘဝမှစ၍ ကျွန်တော်သည် ထူးခြားခဲ့သည်။ ခွကျခဲ့သူ ဖြစ်ခဲ့ လေသည်။ ကျွန်တော် ငယ်ငယ်တုန်းက တော်တော်နဲ့ စကားမပြောတတ်ရကား လူကြီးမိဘများမှာ ဆွံ့အ၍ပင် နေသလားဟု စိုးရိမ်ကြောင့်ကြခဲ့ရသည်ဟု သိရလေသည်။ အနာအဖျား ထူသည်။ အစားကြူးသည်။ အမဲသားငါးကို အလွန်ကြိုက်သည်။ ကျွန်တော်၏မိခင် ဈေးဝယ်သွားရာ ရုံဖန်ရံခါ ကျွန်တော့်ကို ချီ၍ သွားလေသည်။ တစ်ခါသော် အမဲသားစိမ်းကို အတင်းလု၍ စားမည်ပြုသည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မိခင်က ပြန်၍ပြောပြသဖြင့် သိရပေသည်။ လူရိုင်းဘဝက ကျွန်တော် လာသလား မသိ။ ယနေ့အထိ လူရိုင်းသဘောမျိုး နေချင်သည့် စိတ်ထားများ ရှိသည်။ ရံဖန်ရံခါ လူယဉ်ကျေးများနှင့် အားမကျခဲ့ချေ။ မျက်စိနောက် မြင်ပြင်း ကတ်လာသည်။ ထိုအခါ လူယဉ်ကျေးများနှင့် ငါ လူရိုင်းဟု ဇာတ်ခွဲပစ်ချင်သည့် စိတ်များ ရှိသည်။ လူရိုင်းကား ကြမ်း၏။ ခက်ထန်၏။ သို့သော် ဖြူးဖြောင့်၏။ တည်ကြည်၏။ လွတ်လပ်၏။ သန်စွမ်း၏။ ငါ့မြင်းငါစိုင်း ညောင်ကိုင်းရောက်ရောက် ဆိုသည်ကို ကျွန်တော် ကြိုက်၏။ ကျွန်တော်၏စိတ်တွင် အင်မတန် စိုပြည် လတ်ဆတ်သောဘဝဟု ယူဆသည်။ မြန်မာပြည်ရှိသည့် လူသည် လူရိုင်းမျိုးဘဝ ရောက်ချင် ရောက်သွားပါစေ၊ လွတ်လပ်ချမ်းသာစွာ ခေါင်းထောင်နေနိုင်မည်ဆိုလျှင် မလွတ်လပ်သော လူယဉ်ကျေးဘဝထက် ကျွန်တော် အဆတစ်ရာ ကြိုက်သည်။ နှစ်သက်သည်။ စိမ်းလန်းစိုပြည် ကျယ်ပြန့်သော လွင်ပြင်ရိုင်းပေါ်တွင် လက်ပန်း ဆပါက်ခတ်၍ လွတ်လွတ်လပ်လပ် မြူးထူးအော်ဟစ်နေလိုသည်။

ငယ်ငယ်တုန်းက ကျွန်တော် အတီးအမှုတ်၊ အကအခုန် အတော်ဝါသနာ ပါ၏။ အထူးသဖြင့် ဆိုင်းတီး အတော်ဝါသနာပါသည်။ စားပွဲဖြစ်စေ၊ ခေါက်စရာ တွေ့လျှင် အမြဲခေါက်လေ့ရှိရာ ကျွန်တော်၏လက်မှာ ယနေ့တိုင် အချိန်မှန်မှန် လက်ရည်ကွဲကျခဲ့လေသည်။ သို့သော် ကျွန်တော် အနည်းငယ် ကြီးပြင်းလာသည်နှင့် လူကြီးမိဘများက ကျွန်တော့်အား အတီးအမှုတ် ဝါသနာကို ခွင့်မပြု။ နဂိုရ် ဝါသနာ မဟုတ်၍လားမသိ၊ ယခု ဤစိတ်မျိုး ပျောက်သလောက် ရှိခဲ့သည်။ ကျွန်တော်ကား ငယ်ငယ်ကလေးက ယနေ့တိုင် လူရောစိတ်ရော ပျော့ပျောင်းသည် ဆိုသည့်အချက်ကို သက်သက် နားမလည်ခဲ့။ နားလည်ရန်လည်း မကြိုးစားခဲ့။ ကြိုးလည်း မကြိုးစားချင်။ ကျွန်တော်ကား စကားပြောလျှင် မဖွယ်ရာ မယဉ်ကျေး။ အသက် ရှစ်နှစ်ထဲရောက်၍ ကျောင်းနေသည့်အချိန်၌ပင် ဘုန်းကြီးကို ဘုန်းကြီးစကားနှင့် မလျှောက်တတ်။ အမူအရာလည်း ကြမ်း၏။ အလိုက်လည်း မသိ။ ညစ်လည်း ညစ်ပတ်သည်။ ကိုယ်စည်းကမ်း ဟူ၍လည်း တစ်ခုမျှ မရှိ။ အသက် လေး ငါး ခြောက်နှစ်တိုင်အောင် ညအိပ်ရာတွင် သေးပါ၏။ မိးဖိုကို ည ည ရှိခိုး၍ "အရှင်စဖို ည၊ ကျွန်တော်မျိုး နေ့" ဟု ဆိုခဲ့သည်ကို အမှတ်ရသေးသည်။ အသက် ဆယ့်ငါးနှစ်ထဲရောက်သည့်အခါ၌ပင် အခြားအိမ်တစ်အိမ်၌ တစ်ည သေးပါဖူးသေးသည်။ ထိုအခါကား ကျွန်တော်သည် ရေနံချောင်းမြို့ အမျိုးသားအထက်တန်းကျောင်းမှာ ခြောက်တန်းအောင်၍ ခုနစ်တန်း အဝင် ကျောင်းအပြန်ဖြစ်သည်။ ကျွန်တော်၏ အစ်ကိုအကြီးဆုံးမှာလည်း ၎င်းနှစ်တွင်



ဘီ-အက်စ်စီ သချာ ဂုဏ်ထူးတန်းကို အောင်ခဲ့၍ ရေနံချောင်း ကျွန်တော်တို့ကျောင်းတွင် မိကျောင်းဟောင်းဖြစ်သည့်အတိုင်း ကျောင်းဆရာ ဝင်ရောက်လုပ်ကိုင်ရန် ကျွန်တော် နှင့်အတူ ဝင်လာခဲ့ပေသည်။ ထိုအခါ ရေနံချောင်းမြို့သို့ နတ်မောက်မှသွားသည့် နည်းမှာ တောင်တွင်းကြီးမြို့သို့ ရထားစီး၊ တောင်တွင်းကြီးမှ မိချောင်းရဲသို့ ကားစီး၊ မိချောင်းရဲမှ ရေနံချောင်းသို့ သင်္ဘောစီး၊ သို့မဟုတ်လျှင် မကွေးသို့ ဘတ်(စ်) ကားစီး၊ မကွေးမှ သင်္ဘောစီးရလေသည်။ ၂ ရက် ကြာလေသည်။ နောက်၌ကား ကျောက်ပန်းတောင်းမှတစ်ဆင့် မီးရထားတစ်တန်၊ မော်တော်ကားတစ်တန် သွား၍ ရေနံချောင်းသို့ နေ့ချင်းပေါက်လေသည်။ ထိုနှစ်တွင် ကျွန်တော်တို့ မကွေးမှတစ်ဆင့် သွားကြသည်။ မကွေးမြို့တွင် အပျိုပေါက်စ ခပ်ချောချောမိန်းကလေးရှိသော အသိ အိမ်တွင် တည်းခိုကြသည်။ လူပျိုပေါက်စဖြစ်သော ကျွန်တော်မှာ သူစိမ်းတစ်ရံဆံ အိမ်တွင် မနေတတ်။ အထူး ရှက်တတ်သည်။ မိန်းကလေးနှင့်ဆိုလျှင် သာ၍ပင် ရှက်တတ်သည်။ ထို့ကြောင့် ထိုည အိပ်ခါနီး ရှက်လွန်း၍ သေးမပေါက်မိရာ ည အိပ်သည့်အခါ မအောင့်နိုင်တော့ဘဲ သေးပါကျလေသည်။ ကျွန်တော်လည်း ပါပြီးမှ သိပေသည်။ ဤမျှ ကျွန်တော်သည် မသိမ်မွေ့။ ညီအစ်ကို မောင်နှမများထဲတွင် ကျွန်တော် အငယ်ဆုံးဖြစ်၏။ ထို့ကြောင့် ကျွန်တော်တို့အိမ် စံချိန်နှင့်ကြည့်လျှင် ကျွန်တော် အလိုလိုက်ခံရဆုံးဖြစ်၏။ အဆိုးဆုံး ဟုလည်း အိမ်နားနီးချင်းသာမက မြို့နားချင်းများကပါ အသိအမှတ် အပြုခံရ၏။

ကျွန်တော်၏ အထက်အစ်ကို ကိုအောင်သန်းနှင့် ကျွန်တော်မှာ အသက် သုံးနှစ်ခွဲ လေးနှစ်မျှသာ ကွာ၏။ သူနှင့် ကျွန်တော်ကား ငယ်ငယ်က ရန်ဖြစ်ဖက် ပြိုင်ဖက်၏။ သူကား လက်မြန်၏။ ကျွန်တော်ကား အားကြီး၏။ မချိန်မဆ လက်လွတ် စပယ် လုပ်တတ်သည်။ သူကား နု၏။ မင်းသားကျချေသည်။ ကျွန်တော်ကား ကြမ်း၏။ သူသည် အစားအသောက် အနေအထိုင်မှစ၍ သပ်ရပ်၏။ အစားဆိုလည်း အစားတိုင်း မစား။ စားသောက်နေသည့်အခါ မြေကြီးပေါ်သို့ ကျသွားလျှင် သူသည် မစားတော့ချေ။ ကျွန်တော်ကား ကျသွားသော အစာကို ဖုတ်ဖက်ခါ၍ စားနိုင်လျှင် ကောက်စား၏။ သူကား အဝတ်များကို သပ်သပ်ရပ်ရပ် ဝတ်တတ်၏။ ကျွန်တော်ကား မဝတ်တတ်။ မြန်မြန်ညစ်အောင် ဖြစ်ကတတ်ဆန်း ဝတ်တတ်၏။ သူသည် မြေကြီးနှင့် ကြမ်းများပေါ်တွင် မည်သည့်အခါမှ တုံးလုံးမလှဲ။ ကျွန်တော်ကား ကြိမ်ဖန်များစွာ လှဲဖူး၏။ သူကား ပါး၏။ လျင်၏။ ကျွန်တော်ကား ထု၏။ အ၏။ ကျွန်တော်၏ ဗိုက်ကား ရွှဲသာသာ တောအရုပ်ဖြစ်သည်။ ကျွန်တော် ငယ်စဉ်သာ ယခုထက်ပင်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အရပ်မှာ တောကျ၏။ ထိုအခါက (ကလီဖာ) ခေါ် ဆံပင်ညှပ်ကုလား တစ်ယောက်တလေသာ ရှိ၏။ သို့ဖြစ်ရာ ၎င်း ကလီဖာမှာ လက်မလည်။ ကျွန်တော် တို့အား ခေါင်းတုံးရိတ်ရန် တစ်ခါတစ်ခါ ရိတ်တတ်သည့် အိမ်နီးနားချင်းတို့ကို ခိုင်းရလေသည်။ တစ်ခါတစ်ခါ ကျွန်တော့်ဖခင်ကိုယ်တိုင် ရိတ်ပေးလေသည်။ ကျွန်တော်၏ဖခင်ကား ယခု ကွယ်လွန်သည်မှာ ၁၅ နှစ် ကျော်လွန်ပေပြီ။ ကျွန်တော်၏ ဖခင်သည် ကျွန်တော်နှင့် အမူအရာမှာ အတော်ဆင်သည်။ တစ်နေ့နေ၍ စကားတစ်ခွန်း မပြော။ မျက်နှာထား ဆိုး၏။ ဆိုးရသည့်အထဲ ကျောက်ပေါက်မများလည်း ရှိ၏။ လောကွတ် မရှိ။ ဟန်မရှိ။ ဘာသိဘာသာနေတတ်သည်။ အကိုင်အတွယ်၊ အသွား အလာ အမူအရာ ကြမ်းတမ်း၏။ ငြင်းမိလျှင် အလျှော့မပေးတတ်။ သို့သော် စိတ်နှလုံးကား အထူးဖြောင့်စင်း၏။ စကားတည်၏။ အပိုမပြော။ ထို့ကြောင့် ရှေ့နေ စာမေးပွဲ ဝင်ထားသော်လည်း ရှေ့နေလိုက်၍စားသည်ကို ကျွန်တော်တို့ မမှတ်မိ။ ယာလုပ်ကုန်ကူး ငွေချေး၍သာ စီးပွားဖြစ်၏။ စီးပွားဖြစ်ခြင်းမှာလည်း ကျွန်တော်တို့ မိခင်၏ ဒိုးတူပေါင်ဖက် ကူညီမှုကြောင့်ပင် ဖြစ်လေသည်။ ကျွန်တော်တို့အား တခြားသူတစ်ဦးက ခေါင်းရိတ်ပေးလျှင် အင်မတန်ညင်သာ၏။ ကျွန်တော်တို့ ဖေဖေကား ဓားမ ထက်ထက်ကို ကောင်းကောင်းမသွေးဘဲ အတင်းတွန်းချ၍ ရိတ်ချ၏။ အထူးပင် ခေါင်းရည်နာ၏။ ကျွန်တော်တို့သည် ၎င်း ခေါင်းရိတ်မည့်အခါ ရွံ့၏။ တွန့်၏။ သို့သော် ခေါင်းရိတ်သည့်အခါတိုင်း ကျွန်တော့်အစ်ကိုကား အမြဲ ငို၏။ ငိုတိုင်း ခေါင်းပုတ်ခံရ၏။ ကျွန်တော်ကား မငို။ ကျိတ်ခံ၏။ ထို့ကြောင့် ခေါင်းပုတ် လွတ်သည်။ ကျွန်တော်၏အစ်ကိုကား စိတ်မြန်၏။ ကျွန်တော်တို့ညီအစ်ကို လေးယောက်ရှိသည့်အနက် ဒုတိယအစ်ကိုကြီး ကိုနေအောင်သာလျှင် စိတ်ရှည်၍ သိမ်မွေ့၏။ တစ်သက်ပတ်လုံး မည်သူနှင့်မှ ရန်မဖြစ်ခဲ့ဖူးချေ။ ကျွန်တော်ကား စိတ်ရှုတ်၏။ ကျွန်တော့်အစ်ကို ကိုအောင်သန်းကား သူများအကြော မခံ။ သူကသာ ဦးအောင် ကြောခဲ့သည်။ ကျွန်တော်ကား သူများအကြော ခံရ၏။ မြှောက်လို့ မြှောက်မှန်း မသိ၊ ခြောက်လို့ ခြောက်မှန်းမသိ။ ထုံပေပေ အလွန်နိုင်၏။ တစ်ခါသော် ဆယ်မိုင်ခန့်အကွာ ရွာတစ်ရွာသို့ ကျွန်တော့်မိဘများနှင့်လိုက်သွား၍ သူကြီးအိမ်တွင် တည်းခိုနေစဉ် ထိုရွာမှ ရွယ်တူလောက်ကလေးတစ်ယောက်က ကျွန်တော့်အား မြှောက်၍ “ဗိုလ်ကြီး ဗိုလ်ကြီး” ဟု ခေါ်ရာ ကျွန်တော့်မှာ များစွာသဘောကျကာ ထန်းလျက်အဖြူဆုပ်ကို ခေါ်တိုင်း ခေါ်တိုင်း ပေးခဲ့လေသည်။ ကျွန်တော်သည် လိမ်လည်လေ့မရှိ၊ မလိမ်တတ်။ လိမ်မိသော်လည်း ခဏချက်ချင်း ဖြောင့်ချက်ပေး၏။



ကျွန်တော်တို့နေသည့် ဘုန်းကြီးကျောင်းမှာ ဥပုသ်နေ့တိုင်း ပိတ်၏။ သို့သော် ယောက်ျားကလေးများမှာ ဥပုသ်နေ့ပင် ဖြစ်သော်လည်း ကျောင်းသို့ သွားရ၍ ဆရာပ၊ မြက်နုတ် လုပ်ရသည်။ တစ်နေ့သော် နေ့ခင်းတွင် ကျောင်းသားများ အလုပ် မရှိ၍ “အလုပ်မရှိလျှင် အိပ်နေကြ၊ မကစားကြနဲ့” ဘုန်းကြီးက အမိန့်ရှိလေသည်။ အားလုံးကျောင်းသားများအား “မအိပ်ချင်ဘူးလား” ဟု မေးသောအခါ မအိပ်ချင်ကြ သော်လည်း အိပ်ချင်သည်ဟု ဘုန်းကြီးအလိုကျ လျှောက်ကြသည်။ ကျွန်တော့်အား ဘုန်းကြီးက “မောင်အောင်ဆန်းကော မအိပ်ချင်ဘူးလား” အထူးတလည်မေးရာ ကျွန်တော်က “မအိပ်ချင်ပါဘုရား” ဟု ပြန်လျှောက်ရာ ဘုန်းကြီးက ပြုံး၍နေလေ သော့သည်။

ကျွန်တော်သည် ငယ်စဉ်က ချောင်တစ်ချောင်တွင် ကပ်၍ မှိုင်တွေကာ ငြိမ်းစား၍နေသော်လည်း နေတတ်သည်။ ကလေးနှင့် မလိုက်။ အများအားဖြင့် ဣန္ဒြေကြီးသည်။ ကစားခုန်စားဆိုလျှင် များစွာ မလေ့ကျင့်။ သို့သော် ကစားသည့်အခါ ကြမ်းတမ်း၏။ ကြမ်းတမ်းသော ကစားမျိုးကိုမှ နှစ်သက်သည်။ တွတ်ထိုးခြင်း၊ ကျည်းသားရိုက်ခြင်း စသည်တို့ကို ဝါသနာပါသည်။ ခြင်းလုံးခတ်ခြင်းကိုကား မကြိုက်။ ရှုရှုကလေး လုပ်ရသော အလုပ်ဆိုလျှင် ကျွန်တော်နှင့် မဖြစ်။ အချုပ် ဆိုရသော် ကျွန်တော်၏ကလေးဘဝမှာ ချီးမွမ်းစရာ အလွန်နည်း၏။ ညစ်ပတ်ပေရေ သုံ့မြောင် ချောက်စောင်းကဲ့သို့ အဖုအထစ် အပြစ်အနာအဆာ များသည်။ စိမ်းလန်း ပြည့် ညီညာသော မြက်ခင်းသဖွယ် ရှုချင်စရာ မဟုတ်ပေ။ အသက် ဆယ်နှစ်ခန့် အထိ အနာရောဂါကင်းသည် ဟူ၍ မရှိ။ သေလုမတတ် အကြိမ်ကြိမ် ဖြစ်ခဲ့ဖူး၏။ ဝဲမှာ အကြီးအကျယ် စွဲခဲ့ဖူး၏။ ထိုအခါ ကျွန်တော်သည် ဘယ်တော့များမှ ငါ ကျန်းကျန်းမာမာ အမြဲနေရပါမည်နည်းဟု တမ်းတမိသည်။ ကျွန်တော်သည် ထိုကလေးဘဝကပင် သူပုန်စိတ်ထား ရှိလေသည်။ အကြံကြီးသူ ဖြစ်လေသည်။ မြန်မာပြည်အား အင်္ဂလိပ်လက်မှ ပြန်ရရန် သူပုန်ထနည်းအမျိုးမျိုးကို စဉ်းစား ခဲ့ဖူးလေသည်။ တစ်ခါတစ်ရံလည်း ဟုတ်တိပတ်တိ စိတ်ကူး၏။ တစ်ခါတစ်ခါလည်း ပဒါးရှင်လုံး စသည်များကို ရှာဖွေလိုသော စိတ်များ ပေါ်ပေါက်၏။ ပဒါးရှင်လုံး စသော အစွမ်းအားဖြင့် မြန်မာပြည်ကို ကယ်တင်လို၏။ ကျွန်တော် ရန်မဖြစ်တတ်။ သို့သော် ကျွန်တော်သည် သတ္တိထူးချွန်သည်ဟု မဆိုနိုင်။ ငယ်ငယ်ကသရဲတစ္ဆေ အလွန်ကြောက်တတ်သည်။ ရန်ဖြစ်ခဲ၏။ ကျွန်တော့်အစ်ကို ဦးအောင်သန်းကား ခဏခဏ ရန်ဖြစ်၏။ ဦးအောင်ရိုက်နှက်၍ အိမ်ပြေးလာ၏။ သို့နှင့် မကြာမကြာ

www.burmeseclassic.com

www.burmeseclassic.com



အတင့်ခံရ၍ မိဘများ အရိုက်ခံရ၏။ ကျွန်တော်ကား ဤကဲ့သို့ မဖြစ်ဖူး။ ရန်တစ်ခါသာ အကြီးအကျယ် ဖြစ်ဖူးသည်။ ထိုအခါ လူချင်းလည်း ထိုးသတ်ပုတ်ခတ်စဉ်က ကျွန်တော်က နိုင်၏။ လူချင်း ဖျန်ဖြေသည့်အခါမှ မရှောင်မတိမ်း ထုံပေပေနေသဖြင့် ခုံပိန်ပ်နှင့် အပေါက်ခံရ၍ ခေါင်းပေါက်ဖူး၏။ ထိုအခါ ကျွန်တော်၏ရန်ဖြစ်ဖက်ကို လိုက်လေရာ ခေါင်းမူး၍ မမီ။ ထိုးလိုက်သည့်အချိန်အထိကား သတ္တိကောင်းပါ၏။ ခေါင်းမူးလာ၍ ခေါင်းစမ်းကြည့်မှ သွေးတွေမြင်သဖြင့် ခေါင်းပေါက်မှန်းသိသောအခါ ကျွန်တော် ငိုလေတော့သည်။ သတ္တိ ခေသွားလေတော့သည်။

ရွယ်တူကလေးချင်းများပေါ်တွင် တစ်ခါတလေ အနိုင်ကျင့်ချင်သည့် စိတ်ကား ရှိလေသည်။ တစ်ခါတွင်ကား ဘုန်းကြီးကျောင်းနေစဉ် နှမ်းသားများကို ကြက်တောင်စိုက်၍ ကြက်တောင်ရိုက် ကစားနေရင်းမှ ကျောင်းသားနှစ်ယောက် ရန်ဖြစ်ရာ၊ ကျောင်းသားတစ်ယောက် ထိပ်ပေါက်၏။ သို့ဖြစ်၍ ထိပ်ပေါက်ခံရသော ကျောင်းသားမိဘများက ဘုန်းကြီးအား လာရောက်တိုင်တန်းရာ ဘုန်းကြီးက ဤကစားနည်းမျိုးကို အားလုံးကျောင်းသားများသည် ကျောင်းဝင်းအတွင်းမှာသော် လည်းကောင်း၊ အပြင်မှာသော်လည်းကောင်း မကစားရဟု ပညတ်ရလေသည်။ ထိုပညတ်ချက်ကို ကျွန်တော်နှင့် ညီအစ်ကိုဝမ်းကွဲများက သဘောမကျကြသဖြင့် အာဏာဖီဆန်ကာ ရွာထဲတွင် ကစားကြလေသည်။ ကျွန်တော်တို့ ကစားနေသည်ကို အခြားကျောင်းသား တစ်ဦး နှစ်ဦးက မြင်သဖြင့် ဘုန်းကြီးအား သွားရောက်တိုင်တန်းသောအခါ ဘုန်းကြီးက ကျွန်တော်၏ မိခင်နှင့် ဦးလေးများကိုပါ ခေါ်၍ ၎င်းတို့ ရှေ့တွင်ပင် ကျွန်တော်တို့အား ပြင်းထန်စွာ ရိုက်နှက်လေတော့၏။ ကျွန်တော်မှာ ပထမ ကျိတ်မှိတ်၍ခံသော်လည်း နောက်ပိုင်းတွင် သတ္တိမကောင်းနိုင်ဘဲ ငိုလေတော့သည်။ ကျွန်တော်သည် ထိုသို့ သွားရောက်တိုင်တန်းသူ ကျောင်းသားကို ယနေ့တိုင် အခဲမကြေချင်လှ။ ဤကဲ့သို့ အလုပ်ပို မေတ္တာရိ မျက်နှာလိုမျက်နှာရ အထက်လူကြီးအား တိုင်ခြင်းတောခြင်းကို ငယ်ငယ်ကလေးကစ၍ ယနေ့တိုင် ကျွန်တော် အထူးစက်ဆုပ်လှသည်။ ယခု ခေတ်သစ်ကျောင်းများတွင် ကျောင်းသားများအား ဤအကျင့်မျိုးကို အားမပေးဘဲ ဖျောက်ဖျက်စေသင့်ပေသည်။ ဤအကျင့်မျိုးကား အကျင့်ယုတ် ဖြစ်လေသည်။ ကျွန်တော်တို့မိဘကား ပစ္စည်းဥစ္စာ အတော်အတန်ရှိ၏။ ကြွေးရှင် မြေရှင်ဖြစ်ရာ ဆင်းရဲသားများနှင့် အများအပြား ဆက်ဆံရလေသည်။ ကျွန်တော်တို့၏မိခင်မှာ နေရှင်ကလေးအတန်းအစားထဲတွင် သမာသမတ် ရှိ၍ စိတ်ကောင်းရှိလေသည်။



သို့ပင်ဖြစ်သော်လည်း ရံဖန်ရံခါ ဆင်းရဲသားများက ကြွေးများ မဆပ်နိုင်၍ ကြိမ်းမောင်းသောအခါ ကျွန်တော် အထူးပင် စိတ်မကောင်းဖြစ်မိသည်။ ထိုအခါ ကျွန်တော်ကား ငွေတိုးကြီးစနစ် ဆိုးရွားပုံကို မျက်ဝါးထင်ထင် တွေ့ခဲ့ရလေသည်။ များစွာသော ဆင်းရဲသားတို့မှာ ကြွေးတစ်ခါယူမိလျှင် ကျေနိုင်စရာအကြောင်း မရှိပေ။ ဤစနစ်ကို ယခုခေတ်သစ်တွင် အလျင်အမြန် ပြင်ဆင်သင့်သည်။ ၎င်းပြင် ယခုလက်ရှိ ဆင်းရဲသား ကြွေးမြီများကို အားလုံး လျှော်ပစ်ရန် သင့်လေသည်။ ထိုကြွေးများမှာ အတိုး၏ အညွန့်ကြွေးများသာ ရှိတော့မည်မှာ ကျွန်တော် ယုံမှား သံသယ မရှိပေ။ ကျွန်တော်ကား ကြားရမည်ဆိုလျှင် မျိုးကြီးဆွေကြီးမှ ပေါက်ဖွားသူ ဖြစ်သည်။ ကျွန်တော်တို့ ရှေးအဆက်အနွယ်တို့မှာ ပုဂံပြည် တရုတ်ပြေးမင်း လက်ထက် (ဂျင်ဂျစ်ခံ) အမှုးရှိသော တရုတ်တို့ ဝင်ရောက်နှောင့်ယှက်သောအခါတွင် နိုင်ငံခြားသားတို့၏ လက်အောက်တွင် မနေလို၍ လွတ်ရာကျွတ်ရာ ယခု ကျွန်တော့် မွေးဖွားရာဒေသသို့ စုန်ဆင်းခဲ့လေသည်ဟု ဦးလေးတစ်ယောက်က ပြောပြဖူး လေသည်။ အလောင်းဘုရား တတိယနိုင်ငံ ထူထောင်စဉ်အခါက တိုင်းပြည်မှာ ဒုက္ခရဲဖြစ်၍နေရာ ရွှေဘိုမြို့မှ ဦးအောင်ဇေယျက ထ၍ ကျွန်တော်တို့၏ အဆက် အနွယ် ပင်းမင်းကြီး ဦးမြ(ဘွဲ့မည် ကောင်းကောင်းမမှတ်မိ)ဆိုသူမှာလည်း မိမိ နယ်ကို အုပ်စီးခေါင်းဆောင်၍ မြန်မာ့ထီးနန်း ထူထောင်ရန် ကြံလေသည်။ နောက်မှ အလောင်းဘုရား၏အကြောင်း ကြားသဖြင့် လူများစေလွှတ်စုံစမ်းစေ၍ အလောင်း ဘုရား၏ ဘုန်းလက်ရုံးအကြောင်း ကြားသိသည့်အခါ အလောင်းဘုရားထံ ဝင်ရောက်၍ သက်စွန့်ကြိုးပမ်း အမှုထမ်းလေသည်ဟုလည်း မှတ်သားရဖူးသည်။

မင်းတုန်းဘုရင်လက်ထက်တွင် သက်တော်ရှည်အမတ်ဖြစ်သော ခမ်းပတ် မင်းကြီးမှာ ကျွန်တော်တို့၏အမျိုးအနွယ်ပင် ဖြစ်သည်ဟု ကြားဖူးသည်။ မင်းတုန်း ဘုရင်၏ သမားတော်တစ်ဦး (လူမည်မှာ ဦးကျော်ဖဲ ဖြစ်လေသည်။ ဘွဲ့ကိုကား မသိ) မှာလည်း ကျွန်တော်တို့အမျိုးအဆွေပင် ဖြစ်လေသည်။ စုံနံ့သာမြိုင် ရေးသားသော ဆရာကြော့မှာ ဦးကျော်ဖဲ၏ မြေးပင်တည်း။ ရှင်အဂ္ဂသမာဓိမှာလည်း ကျွန်တော်တို့ အမျိုးဟုပင် သိရသည်။ ကျွန်တော်တို့ဘေးမှာ နတ်မောက်မြို့သူကြီး ဖြစ်လေသည်။ ဘတတ်သည်၊ ဉာဏ်ထက်သည်၊ လက်မြောက်သည်၊ စိတ်ထက်သည် ဟု၍ ကြားနာဖူးလေသည်။ မိမိအထက်မြို့ဝန်နှင့် မတည့်၍ အလုပ်ပြုတ်သဖြင့် အင်္ဂလေး ရွှေမြို့တော်သို့ တက်၍ အယူခံနေဆဲ အနိစ္စရောက်သည်ဟု တစ်ခါက ပုရပိုက် မှတ်တမ်းတွင် ဖတ်ရဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com

(စကားအလျဉ်းသင့်၍ ရေးရဦးမည်။ ရှေးကလည်း ဒိုင်ယာရီ ခေါ် နေ့စဉ် မှတ်တမ်းရှိလေသည်။ အခေါ်အဝေါ်ကိုကား မေ့သွားလေပြီ။ ကျွန်တော်တို့ (ဘေး) အိမ်ကြီးတွင် တွေ့ဖူးသော ပုရပိုက်များတွင် ကျွန်တော်တို့ဘေး နေ့စဉ် ဘာလုပ်သည်၊ ဘယ်သွားသည် စသည်တို့ မှတ်ထားချက်များ တွေ့ရလေသည်။ ကျွန်တော်တို့ဘေးတွင် အစ်ကိုကြီးတစ်ယောက်နှင့် ညီနှစ်ယောက်ရှိသည်ဟု သိရသည်။ အစ်ကိုကြီးမှာ ရန်ကုန်ဆိပ်ကမ်းအုပ်ဖြစ်သည်ဟု သိရသည်။ ညီအငယ်တစ်ယောက်မှာ တလုပ်မြို့ဝန် ဦးဘွားယူ ခေါ်၏။ မြင်းကွန်းမြင်းခုံတိုင်တို့၏ ယယ်ဆရာဖြစ်သည်။ ၎င်းမင်းသားများ အထတွင် မြင်းကွန်းမင်းသားတို့အတွက် ဓားပြတိုက်၍ ငွေရှာပေးရလေသည်။ ထိုအချက်ကို နေပြည်တော်က သိလေ၍ ဦးဘွားယူ ရာထူးမှ ကျလေသည်။ ကျွန်ုပ်၏ သစ္စာကြီးမှုကြောင့်လည်းကောင်း၊ အမှုမထင်ရှား၍လည်းကောင်း၊ မင်းတုန်းမင်းကဲ့သို့ သိမ်မွေ့သော မင်းလက်ထက် ဖြစ်၍လည်းကောင်း အသက်ချမ်းသာရလေသည်။

နာမည်ကျော် ဦးမင်းရောင် (ဗိုလ်လရောင်) မှာ ကျွန်တော်တို့အဘွား၏ တူတော်သည်။ ဦးမင်းရောင်ကား လက်ရုံးအားကိုးဖြစ်သည်။ အမိုက်ဆုံး ဆိုသူများကို တပည့်လုပ်ထားသည်။ ၎င်း၏တပည့်တစ်ယောက် (နာမည်ကား မမှတ်မိ)သည် ဇာတ်ပွဲများတွင် လူပြက် ပြက်သည့်အခါ လူအများရယ်တုန်း မရယ်၊ အများ အရယ်ရပ်ပြီးမှ တစ်ယောက်တည်း ကျယ်လောင်စွာ အကြာကြီး ရယ်တတ်သည်ဟု သိရသည်။ ဤကဲ့သို့ အရွဲ့တိုက် ရယ်သည်ကို ဗိုလ်လရောင်တွေ့၍ အားရကာ ဆုချလေတော့သည်။ တစ်ခါလည်း ၎င်း၏တပည့်နှင့် ၎င်း၏ညီ သုံးမြို့ဝန် ဦးမင်းမောင်၏တပည့်တို့သည် ၎င်းတို့၏ဘွားမ မယ်တော်ပျံတွင် လက်ဝှေ့ထိုးကြသည်။ ဦးမင်းရောင်၏တပည့် ရှုံးသည်။ ညီဖြစ်သူ ဦးမင်းမောင်က မိမိ၏ တပည့် နိုင်သဖြင့် ပဝါတစ်ပိုင် ဆုချလေသည်။ ထိုအခါ ဗိုလ်လရောင်က မခံချင်၍ မိမိတပည့်ကို ရှုံးလျက်နှင့်ပင် ပုဆိုးတစ်ထည် ဆုချလေသည်။ တစ်ခါလည်း ကြက်သားဟင်းစားလို၍ ညီ ဦးမင်းမောင်အား ကြက်အသတ်ခိုင်းလေသည်။ ဦးမင်းမောင်ကား ဗိုလ်လရောင်နှင့် မတူ၊ လူယဉ်ဖြစ်လေသည်။ ဓောင်းတီးတော်သည်။ သီချင်းဆိုတော်သည်။ စကားပြော ချိုသာသည်။ အထက်လူကြီးများ၏ အချစ်တော် တစ်ဦးဟု သိရသည်။ ဦးမင်းမောင် ကြက်မသတ်နိုင်။ ထို့ကြောင့် ဗိုလ်လရောင်က သူကိုယ်တိုင်သတ်၍ ချက်စားလေသည်။ ပိုသည့်ဟင်းကို ညီအား မကျွေးဘဲ ခွေးကျွေး ပစ်သော ဟူ၏။

(ဤကား ကျွန်တော်၏ အမျိုးအနွယ်အကြောင်း သိသမျှပင်တည်း။)



## ကျောင်းသားဘဝ

ကျွန်တော်၏မိခင်၊ ဖခင် နှစ်ဦးစလုံးမှာ ဉာဏ်ကောင်းသောအမျိုး ဖြစ်လေသည်။ ကျွန်တော်၏ဖခင်သည် ရှေ့နေစာမေးပွဲတွင် မြန်မာတစ်ပြည်လုံး တတိယစွဲခဲ့လေသည်။ ကျွန်တော်တို့ညီအစ်ကိုအားလုံးလည်း ဉာဏ်ကောင်းကြသည်။ သို့သော် ဒုတိယအစ်ကိုကြီးကား စာသင် အထူးပျင်းလှ၍ အခြားညီအစ်ကိုများကဲ့သို့ ဆါက်ပေါက်ရောက်ရောက် ပညာမတတ်ပေ။ ကျွန်တော်၏အစ်ကိုများ၊ ဝမ်းကွဲညီအစ်ကိုများ၊ ဦးလေးများမှာ မိမိတို့ဆိုင်ရာ ကျောင်းစာမေးပွဲများတွင် ထိပ်တန်းကျကျ အောင်မြင်ကြသူများချည်း ဖြစ်လေသည်။ ကျွန်တော်တို့၏ မိဘများသည် ပညာကိုလည်း အထူးလိုလားသည်။ ကျွန်တော်၏အစ်ကိုများကို ငါးနှစ်သားအရွယ်မှစ၍ ကျောင်းထားခဲ့လေသည်။ ကျွန်တော်တစ်ယောက်သာ အငယ်ဆုံးဖြစ်၍ အလိုလိုက်ကာ ထားသဖြင့် အသက် ၈ နှစ် ရောက်မှသာလျှင် ကျောင်းစနေရပေသည်။ ကျွန်တော် ကျောင်းနေလာရင်း ပြောပြရဦးမည်။ ကျွန်တော်၏အထက်အစ်ကို ကိုအောင်သန်းအား အသက် ၁၁ နှစ်ခန့်တွင် ရှင်ပြုလေသည်။ ထိုအခါ ကိုအောင်သန်းမှာ မြန်မာ ၆ တန်းတွင် ရှိသည်။ ကျွန်တော်မှာ အသက် ၈ နှစ်ထဲရောက်သော်လည်း ကျောင်းတွင် မနေရသေးချေ။ ရှင်ပြုအခမ်းအနားဖြင့် ကိုအောင်သန်းတို့ ရှင်လောင်း ဆင်သောအခါ ကျွန်တော်လည်း ရှင်လောင်းဖြစ်ချင်သဖြင့် မိခင်အား ပူဆာလေသည်။ ထိုအခါ မိခင်က ရှင်လောင်းလုပ်တဲ့လူသည် စာတတ်မှ ဖြစ်သည်ဟု ပြောပြသဖြင့် ကျောင်းနေပါတော့မည်ဟု ကတိပေးကာ ထိုတွင်မှ ကျောင်းစ နေဖြစ်လေသည်။ တန်းကျော်တက်ခဲ့ရပြန်သဖြင့် လေးနှစ်နှင့် ၁၀ တန်း အောင်မြင်သည်။ အင်္ဂလိပ် မြန်မာ သတ္တမတန်း စာမေးပွဲတွင် မြန်မာတစ်ပြည်လုံးတွင် န၀မ စွဲခဲ့၍ အထက်တန်း ပညာသင်ဆုရခဲ့သည်။ ... ထမ စွဲခဲ့၍ ဦးရွှေခိုဆုကို ရရှိခဲ့ပြီးသည့်နောက် ရန်ကုန်တက္ကသိုလ်တွင် ၆ နှစ်ခွဲမျှ နေခဲ့သည်။ နိုင်ငံရေးစိတ်သန်မှုကြောင့် ကျောင်းစာများကို မလေ့ကျက်သဖြင့် (ဘီအေ) အထက်တန်းထိ အောင်ရုံသာ အောင်ခဲ့သည်။ (ဘီအေ) အထက်တန်းနှစ်တွင် ကျောင်းသားသမဂ်မှော်က် ခေါင်းဆောင်တစ်ဦးဖြစ်၍ အလုပ်ရှုပ်သဖြင့် (ဘီအေ) စာမေးပွဲကို တစ်နှစ် မဖြေဘဲ နေခဲ့ရသည်။ နောက် (ဘီအယ်လ်) အတန်းကို တက်ခဲ့သည်။ အတန်းလည်း မှန်မှန်မတက်၊ စာအုပ်လည်း မရှိ၊ မှတ်စုလည်း မထား၊ စာလည်း မကြည့်၊ မိမိစိတ်သန်ရာ နိုင်ငံရေးကိုသာ လိုက်စားသဖြင့် (ဘီအယ်လ်) ပထမနှစ် စာမေးပွဲတွင် ကျရှုံးရလေသည်။ ဤကား ကျွန်တော့်ဘဝသက်တွင် နိုင်ငံရေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်စားသဖြင့် စာမေးပွဲ ပထမဆုံးနှင့် နောက်ဆုံး ကျရှုံးခြင်းပေတည်း။ ကျရှုံးသော်လည်း ဥပဒေရာဇဝင်ဖြစ်သော ပထမ မေးခွန်းစာတွင် ကျွန်တော် ပထမရခဲ့သည်။ ၁၅၅၅ (ဘီအယ်လ်) နှစ်တွင် နှစ်စေ့အောင် ကျွန်တော် မနေတော့ပေ။ ဥရောပတိုက်တွင် မြို့နှစ်စာချုပ် မချုပ်ဆိုမီ စစ်ဖြစ်မတတ်အခြေအနေနှင့် မြန်မာပြည်တွင် အဓိကရုဏ်းအခြေအနေများကို ထောက်ဆ၍ တိုင်းပြည်အတွက် ကိုယ်ထိလက်ရောက်လုပ်ကိုင်ရန် ကျောင်းမှ နှစ်ဝက်တွင် ထွက်၍ သခင်ဘဝသို့ ပြောင်းခဲ့သည်။ မြန်မာစာသင် ဘုန်းကြီးကျောင်းနေစဉ်က ကျွန်တော် အထူးမပျော်ပိုက်သည့်အချက်တစ်ချက် ရှိလေသည်။ ထိုအချက်မှာ ကစားခုန်ကစားခြင်း၊ ကလေးဘဝ သစ်ပင်တက်၊ ရေကူး အလုပ်မျိုး ပိတ်ပင်ခြင်းပင်ဖြစ်လေသည်။ ဤအချက်တွင် ကျွန်တော်တို့မိဘများလည်း တစ်သဘောတည်းလောက်ပင် ရှိသည်။ ကျွန်တော်တို့မှာ သစ်ပင်တက်ခြင်း၊ ရေကူးခြင်း စသော ကိုယ်လက်ကျန်းမာကျင်လည်မှုကို လေ့လာခွင့် မရ၊ သစ်ပင်တက်သည်ကိုမြင်လျှင် အဆိုအမြည် ခံရသည်။ ရေကူးသည်ကို သိလျှင် အရိုက်ခံရသည်။ ထို့ကြောင့် ယနေ့အထိ ကျွန်တော်မှာ ဉာဏ်ပညာဘက်မှ အခွင့်အလမ်းရခဲ့၍ ပေါက်မြောက်ခဲ့သလောက် ကိုယ်လက် ကျန်းမာ ကျင်လည်ရေးတွင် အခွင့်အလမ်း မရခဲ့၍ များစွာချို့ယွင်းနေပေသည်။ ရန်ကုန်ချောင်း အမျိုးသားကျောင်း နေစဉ်ကလည်း အခွင့်အရေး မရခဲ့။ မရခဲ့သည်မှာ အမျိုးသားကျောင်း ဖြစ်သည့်အတိုင်း ဆင်းရဲသဖြင့် ကစားခုန်ကစား လေ့ကျင့်ရာနေရာ၊ ကိရိယာ တန်ဆာပလာများ မထားနိုင်၍ပင် ဖြစ်သည်။ မြန်မာပြည်တွင် ဘုန်းကြီးများနှင့် ရှေးလူကြီးများ အချို့အယူအဆများကို ခေတ်နှင့်လျော်ညီအောင် ပြုပြင်သင့်ပေသည်။ သို့မဟုတ်လျှင် မြန်မာပြည်နှင့် မြန်မာလူမျိုးတို့အခြေအနေသည် တိုးသင့်သလောက် တိုးတက်မည် မဟုတ်ချေ။

ပညာဆိုသည်မှာ စာအုပ်စာတမ်းဖတ်၍ စာသိမှုကို ပညာဟု မဆိုပေ။ ပညာသည် 'အတိုင်းအဆ မထင်' အလွန်ကျယ်ပြောနက်နဲလှပေသည်။ ဤကမ္ဘာရှိ စာအုပ်အားလုံးပင်လျှင် ပညာအားလုံးကို လောကပြင်ကျယ်တည်းဟူသော ကျောင်းကြီး၌ ကျွန်ုပ်တို့သည် ပုခက်တွင်းမှ မြေကြီးထဲသို့ ရောက်သည်အထိ ပညာသင်သားများဖြစ်နေကြစေသည်။ ထို့ကြောင့် ပညာသင်ကြားမှုသည် အမှန်စင်စစ်အားဖြင့် သူ၏တစ်သက်ပန်တွင် ကုန်ဆုံးသည်ဟု မဆိုနိုင်ပေ။ ပညာတတ်သူသည် လောကရှိ အရာရာကို အခွင့်အလမ်းလိုက် ဆင်ခြင်သုံးသပ်နိုင်စွမ်းသော ဉာဏ်အားကိုလည်းကောင်း၊ မိမိဉာဏ်အမြင်အရ စိတ်နေစိတ်ထား စိတ်ဓာတ်ကိုလည်းကောင်း (Emotion of the Education) ပြုပြင် ပြုစု စီမံထားခဲ့သူသာလျှင်



ဖြစ်သည်။ ဘီအေပင် အောင်စေကာမူ၊ ပါရဂူဘွဲ့ကြီးပင်ရစေကာမူ၊ ပထမကျော်ကြီးပင် ဖြစ်စေကာမူ၊ အသက်အရွယ် မည်မျှပင်ကြီးရင့်စေကာမူ ပညာ ဆိုသော ဘဝ အဓိပ္ပာယ်ကို ကောင်းစွာသုံးသပ်နားလည်ခြင်း မရှိခဲ့သော် တကယ်အရာမရောက် အသုံးမဝင်နိုင်ပေ။ ပညာသည် စာအုပ်များထဲ၌သာရှိသည် မဟုတ်။ စာအုပ်ကိုကျော်၍ မြင်နိုင်စွမ်းခြင်းကို ဆောင်နိုင်ရပေမည်။ ပညာသည် လူ၏ဉာဏ်ကိုသာ ပြုပြင်တိုးချဲ့ရုံသာမဟုတ်။ လူ၏ စိတ်နေစိတ်ထား အယူအဆများကိုလည်း တိုးတက်စေရမည်။ လူထု၏ဆန္ဒအား၊ လုပ်အားကို နှုးညွှတ်စေရမည်။ ရာဇဝင်သိရုံသာ မဟုတ်၊ ရာဇဝင်ကို ဖန်တီးစေရမည်။ လောကဓာတ်ပညာကို သိရုံသာမဟုတ်၊ လောကဓာတ်ပညာကို ဘုံးချဲ့နိုင်ရမည်။ ပထမ ပညာကို သိရုံသာ မဟုတ်၊ မြေသစ်၊ ရေသစ်၊ တောတောင်တို့ကို ရှာဖွေစုံစမ်းနိုင်စွမ်းရှိစေရမည်။ လောကအကြောင်းကို နားလည်စေရုံသာ မဟုတ်၊ သည့်ထက်ကောင်းသော လောကကို ဖန်ဆင်းနိုင်စေရမည်။ ဤကား ပညာ၏သရုပ်အကျဉ်းမျှပင်တည်း။ ပညာသည် ကာလ၊ ဒေသ၊ ပယောဂနှင့် ယှဉ်ရမည်။ ပညာတွင် သညာလည်း ပါသည်။ ဉာဏ်နှင့်လည်း ယှဉ်ရမည်။ ဉာဏ်ချည်းသာ တိုးတက်၍ 'သညာ' မရှိပါမူလည်း ဤမျှ ပိုမိုဆန်းကြယ် အပြောကျယ်လှသော ခေတ်သစ်အကြောင်းကို နားမလည်နိုင်ပေ။ လောကဓာတ်ပညာကို မတတ် မသိလျှင် လောကဓာတ်ပညာ၏တန်ဖိုးကို ဒင်ပြည့် မသုံးနိုင်ပေ။ တိုင်းပြည် အခြေအနေပြဿနာ၊ ခေတ်၏အခြေအနေနှင့် မယှဉ်ပါမူ တိုင်းပြည်ထောင်ခြင်း၊ ခေတ်ပြင်ခြင်း မပြုနိုင်ပေ။ မွေးကတည်းက သေသည်အထိ အယူဝါဒ အပြောင်းအလဲမရှိသူသည် ပညာတတ်သည်ဟု မဆိုနိုင်ပေ။ လူတစ်ယောက်၏သက်တမ်းတွင် အစပထမက သိမြင်လာသော စိတ်နေစိတ်ထား ဝါဒတို့သည် အမှန်ချည်းမဟုတ်၊ ပြုပြင်ပြောင်းလဲရမည်သာတည်း။ ယနေ့အယူအဆနှင့် နက်ဖြန်အယူအဆတို့မှာ ကွာချင်မှ တူပေမည်။ အမှန်ကား လူတစ်ဦး၏ တစ်ဘဝတွင် ကျွန်ုပ်တို့သည် အယူဝါဒ ပြောင်းလဲခြင်းများကို တွေ့သောအခါ ထိုလူသည် သမာဓိ မတည်၊ ရှေ့နောက် ညီဟု ထင်မှတ်မှားလေသည်။ သမာဓိ မတည်ခြင်းသည် ကိုယ်ကျင့်တရား ဆောက်လွဲဖောက်ပြန်ဖြစ်ခြင်းပေတည်း။ ဝါဒပြောင်းမှုမှာ ဉာဏ်အမြင်၏ ပြောင်းလဲမှုကြောင့် သမာဓိ မတည်ခြင်း မဟုတ်ပေ။ တစ်နည်း တိုးတက်ခြင်းပေတည်း။

အမှန်အားဖြင့် သမာဓိ ဆိုသော စကားကို နက်နက်နဲနဲ ဆင်ခြင်လျှင် လောကရှိ လူအပေါင်းတို့မှာ သမာဓိ လက်ကိုင်ရကြသူ ရှိပေသည်။ သမာဓိ ဆိုသည်မှာ လောက၏ အကောင်းအဆိုး အကျိုးအပြစ် အပျက်သနစ်စုံကို ပိုင်းခြားထင်ထင်

www.burmeseclassic.com

www.burmeseclassic.com



သိမြင်၍ ဆင်းရဲလည်း ဝမ်းမနည်း၊ ချမ်းသာလည်း ဝမ်းမသာ။ ပကတိစိတ်ထား ဉာဏ်အမြင်အရ လူချီးမွမ်း လူကဲ့ရဲ့မှု ဘေးဒုက္ခ အန္တရာယ်တို့ကို မထိတ်မလန့်။ တစ်သမတ်တည်း တည်ငြိမ်စွာရှိခြင်းကို ဆိုလိုလေသည်။ ဘုရား အစရှိသော သူတော်ကောင်းတို့၏ စိတ်တည်နေပုံမျိုးတည်း။ သို့ဖြစ်ရာ သာမန် ကိုယ်ကျင့် အမူအရာဖန်းပြ တည်ငြိမ်မှုကို လူအပေါင်းတို့က သမာဓိဟု ပြောစမှတ်ပြုကြလေသည်။ အမှန်စင်စစ်ကား ထို ဖန်းပြတည်ငြိမ်မှုနောက်တွင် မည်မျှအတွင်း ဖောက်လွှဲဖောက်ပြန်မှုများ တိုးပွား များပြားသည်ကို လူအပေါင်းတို့ မစဉ်းစားမိကြချေ။ ကျွန်တော်သည် လူနေ့ကြီး၍ မျက်နှာထား အလွန်တည်သူတစ်ယောက်ဟု အသိအမှတ်အပြု ခံရလေသည်။ ကျွန်တော်၏ ကိုယ်အမူအရာ စိတ်ထားသရုပ်တို့သည် ဖောက်လွှဲဖောက်ပြန်သဘောကို မပြပေ။ သို့သော် အကယ်ပင် ကျွန်တော်သည် သမာဓိရှိ၏။ မည်မျှ သမာဓိတရားကို ပိုင်ဆိုင်ပေသနည်း။ ကျွန်တော်သာလျှင် ကျွန်တော်၏ အတွင်းလှုပ်ရှားမှုတို့ကို ဤစာအုပ်ကို ဖတ်ရင်း ဖတ်ရင်း တွေ့မြင်ရပေလိမ့်မည်။

အသိဆုံးဖြစ်ပေသည့် ကျွန်တော်၏ အတွင်းလှုပ်ရှားမှုများကား သမာဓိတရားကို လုံးဝမပိုင်ဆိုင်သေးခြင်း၏ အမှတ်လက္ခဏာပင်တည်း။ ယခုလည်း ကျွန်တော် သမာဓိတရားကို ပိုင်ပြီလော။ လုံးဝ မပိုင်ဆိုင်သေးပေ။ ထို့ကြောင့် လူတိုင်း ပိုင်ဆိုင်ခြင်း မရှိသေးသော သမာဓိတရားကို စကားလုပ်၍ မဆိုကြပါနှင့်ဦး။ လူတစ်ယောက်၏ ဉာဏ်အမြင် လှုပ်ရှားပြောင်းလဲမှု၊ ဝါဒပြောင်းလဲမှုကို သမာဓိ မတည်ဟု တံဆိပ်အရိုက် မစောသင့်ကြပေ။ ဥပမာအားဖြင့် လွန်ခဲ့သော နှစ်များက အသျှင်အာဒိစ္စဝံသ ဆိုသော ကိုယ်တော်အား သာသနာတော်အတွင်း ဘိက္ခုနီမများ ရှိသင့်သည်ဟု စာအုပ်တစ်အုပ်မျှ ရေးသားမှုကြောင့် ဝိုင်းပယ်ကြ၏။ သပိတ်မှောက်ကြ၏။ အမှန်ကား သူ၏ ပြောင်းလဲမှုသည် မှားချင်လည်း မှားပေမည်။ သို့သော်လည်း ပုထုဇဉ်တို့၏ ဂတိအလားဖြင့် အမှားမရှိသူ မရှိ၊ အမှားသိမှ အမှန် မြင်လေသည်။ အမှား တစ်ခါလုပ်မိလျှင် အမှား နှစ်ခါလုပ်မိသောအခါ မှန်လာပေလိမ့်မည်။ သို့သော်လည်း မှားပင် မှားစေကာမူ မိမိ ဉာဏ်အမြင်အလျောက် ပြောင်းလဲမှုမှာ ရှိသင့်သည်သာတည်း။ လှေနံဓားထစ် ဆိုသော အလုပ် အပြော အတွေးတို့မှာ ပညာ၏ အစိပ္ပာယ်ဆန့်ကျင်ဘက်ပေတည်း။

ဗုဒ္ဓဂေါတမသည် သဗ္ဗညုတ ရွှေဉာဏ်တော်ကို ခြောက်နှစ်တိုင်တိုင် အမှားအမျိုးမျိုးကို ကျော်ကာ ရှာဖွေတွေ့ရှိခဲ့လေသည်။ ထို ဉာဏ်တော် ရှာဖွေရန် စိတ်ပိုင်းဖြတ်သော အစ၌ သိဒ္ဓတ္ထမင်းသားသည် မိမိဉာဏ်အမြင်အရ အနုမာန မျက်ရမ်းဆ၍ ပြောင်းလဲမှု ရှိလာလေသည်။ အလှယ်လှယ် အပြောင်းပြောင်း



အသောင်းမကသော မောင်းမမိဿံ ချွေရံပရိသတ်တို့နှင့်တကွ နန်းသုံးဆောင်ဝယ် မင်းစည်းစိမ်ကို စွန့်ပယ်၍ သောင်မမြင် ကမ်းမမြင် ရသေ့ရဟန်းအသွင် လျှော်တော သင်္ကန်းကို ဝတ်ဆင်၍ 'ဘိက္ခု နသီ လောတိယာစန သိလောတိဘိက္ခု' ဟူသည်နှင့် အညီ သူတောင်းစားဘဝမျိုးသို့ ပြောင်းလဲမှုသည် သာမန် ပကတိမျက်စိအားဖြင့် ကြည့်လျှင် ရူးသည် မိုက်သည်ဟု ဆိုရပေမည်။ မိမိ၏ မင်းစိတ် မင်းဝါဒကို ဆန့်ကျင်သော လောကစိတ်၊ လောကဝါဒအား ဤသို့ ပြောင်းလွှဲခဲ့လေသည်။

□

www.burmeseclassic.com

www.burmeseclassic.com



## မြန်မာနိုင်ငံ ကာကွယ်ရေးအမြင်

မှတ်ချက် ။ ။ ၁၃၀၄ ခု၊ သီတင်းကျွတ်လဆုတ် ၈ ရက်၊ မြို့တော်ခန်းမ၌ ကျင်းပသော ခေတ်သစ်ဆရာဖြစ်သင်တန်းတွင် ဗမာ့ကာကွယ်ရေးတပ်မတော် ဗိုလ်မှူးကြီးအောင်ဆန်း၏ သေနင်္ဂဗျူဟာ စစ်ပညာဟောပြောချက် ဖြစ်ပါသည်။

ကျွန်တော် ရန်ကုန်ကို ပျဉ်းမနားကနေပြီး ရောက်လာပါတယ်။ ဒီမှာလာပြီး တရားဟောရလိမ့်မယ် မထင်ဘူး။ လာခါနီးကျမှ စာတစ်စောင်ဖတ်ကြည့်လိုက်တော့ တွေ့တယ်။ ပြောမယ့် ဘာသာရပ်ကတော့ သေနင်္ဂဗျူဟာ စစ်ပညာ ဟောပြောရန် ဖြစ်တယ်။ သေနင်္ဂဗျူဟာ ဆိုတဲ့ အဓိပ္ပာယ်ကတော့ စစ်တက်၊ စစ်ဆင်၊ စစ်ခင်း၊ စစ်ကျင်း ဆိုတဲ့ အရာမျိုးကို ဆိုတယ်။ ဒီဟာကို သင်ဖို့ဆိုရင် အမှန်စင်စစ် အကြာကြီး ကြာမှ တတ်မြောက်ပါတယ်။ ကျွန်တော်တို့ဟာ အကုန်လုံး တတ်တယ်လို့ မဆိုနိုင်သေးဘူး။ နောက်ပြီး ဒီမှာ ကြွရောက်လာတဲ့ ဆရာတွေနဲ့ ပိုပြီးဆိုင်တာက သေနင်္ဂဗျူဟာ မဟုတ်ဘူး။ မြန်မာပြည်ကာကွယ်ရေး ဆိုတဲ့ကိစ္စ ပိုပြီးဆိုင်လိမ့်မယ်လို့ ထင်ပါတယ်။ သေနင်္ဂဗျူဟာအကြောင်း ကြော်ငြာထားပေမဲ့ အကြောင်းအားလျော်စွာ ထည့်သွင်းဖော်ပြသွားပါ့မယ်။ ကျွန်တော် ယနေ့ပြောမယ့် အဓိကအချက်ကတော့ မြန်မာပြည်ကာကွယ်ရေးနဲ့ပတ်သက်ပြီး ပြောသွားမှာပဲ။

ယခု ကျွန်တော် လာရတာလည်း ကိုယ့်ကိစ္စနဲ့ကိုယ် ရောက်လာတာ။ ဘာမှ အချိန်လဲ မရှိဘူး။ ကျွန်တော် ဂျပန်ပြည် နေတုန်းကလည်း အမှန်စင်စစ် အပျော်အပါး အလည်အပတ်ဆိုပြီး သွားတာမဟုတ်ဘူး။ မြန်မာပြည်အတွက်နဲ့ ပတ်သက်ပြီး ကိုယ့်ကိစ္စကို အောင်မြင်ရာ အောင်မြင်ကြောင်း ဆိုပြီး သွားရတာပါ။ ဟိုတုန်းက ယခုလိုလည်း ပေါ်ပေါ်ထင်ထင် မနေနိုင်တဲ့အခါဖြစ်တော့ ကိုယ့်ကိစ္စတို သျှို့ဝှက်စွာ ဆောင်ရွက်ခဲ့ရပါတယ်။ အထူးသဖြင့် ဂျပန်မှာ အင်္ဂလိပ်သံအမတ်၊ အမေရိကန်သံအမတ် စသည်ဖြင့် သူတို့သူလျှိုတွေလည်း အများကြီး ရှိတယ်။ ဒါကြောင့် အသွားအလာ သိပ်မလုပ်နိုင်ဘူး။ ဂျပန်ပြည်ရဲ့အကြောင်းတွေကို ကောင်းကောင်းမွန်မွန် ကျကျနန မလေ့လာခဲ့ရဘူး။

တိုင်းပြည် တစ်ပြည်မှာ ပထမဆုံး လွတ်လပ်ရေးကို ရဖို့ဟာ ဒါလောက် မခဲယဉ်းဘူး။ လွတ်လပ်ရေးရပြီးတော့ ရတဲ့လွတ်လပ်ရေးကို ထိန်းသိမ်းဖို့ခဲ ခဲယဉ်းတယ်။ စစ်တိုက်တာလည်း ဒီအတိုင်းပဲ။ ဥပမာဆိုတော့ မြို့ကို သိမ်းဖို့ မကြည့်ရဘူး။ သိမ်းပြီး မထိန်းနိုင်ရင် သွားတိုက်တာ အလကားဖြစ်မှာပဲ။ တစ်ခါတလေ စစ်တိုက်တာ သိမ်းဖို့ တိုက်တာမဟုတ်ဘူး။ မြန်မာပြည်အတွက် အလုပ်လုပ်နေကြ တာမှာ ရေးအခါတုန်းကလည်း မြန်မာပြည် လွတ်လပ်ရေးအတွက် ရအောင်ယူနိုင်တဲ့ အခြေအနေမျိုး ရခဲ့တယ်။ ဒါပေမဲ့ ရပြီးတဲ့ လွတ်လပ်ရေးကို ထိန်းနိုင်မလားဆိုတာ စဉ်းစားပြီး မဆုံးဖြတ်နိုင်တဲ့အတွက် ဆုံးခန်းတိုင် မဆောင်ရွက်ဘဲ ထားခဲ့ရတယ်။ ပထမ ဖြစ်အောင်လုပ်ပြီးတော့၊ ဖြစ်ပြီးမှ ဒီဟာကို ထိန်းသိမ်းနိုင်တဲ့ အရည်အချင်း မရှိကြရင် နောက်ဆုံး ပြန်ရှုံးသွားတာပဲ။

လွန်ခဲ့တဲ့ ကမ္ဘာစစ်ကြီးမှာ ဥရောပတိုက်မှာ အများကြီး တော်လှန်ပုန်ကန်မှုတွေ ဖြစ်လာတယ်။ ဂျာမနီမှာလည်း ဖြစ်တယ်။ အီတလီမှာလည်း ဖြစ်တယ်။ ဖြစ်ပေမဲ့လို့ ဒီတိုင်းပြည့်အကုန်လုံးကို မထိန်းနိုင် မသိမ်းနိုင်ဘူး။ တော်တော်ကြာကြာလေး နဲ့ပြီး ရှုံးသွားတာပဲ။ အကြောင်းကတော့ လုပ်တဲ့လူတွေက လုပ်တယ်။ ကိုယ်လုပ်တဲ့ အလုပ်တွေကို မထိန်းနိုင်ဘူး။ ကျွန်တော်တို့ မြန်မာပြည်ကြီး လွတ်လပ်ရေးပေးလို့ လွတ်လပ်ပြီးတဲ့ တိုင်းပြည်ကို ကာကွယ်နိုင်ဖို့ အရေးကြီးပါတယ်။ လွတ်လပ်ပြီးတဲ့ တိုင်းပြည်ကို မကာကွယ်နိုင်ရင် ယနေ့ လွတ်လပ်ပြီး မနက်ဖြန် ပြန်ပြီးကျသွားရင် ဘယ်မှာ အကျိုးရှိမလဲ။ တိုင်းပြည်တိုင်း တိုင်းပြည်တိုင်း ကာကွယ်ရေးဟာ အရေးကြီးတယ်။ အထူးသဖြင့် ကျွန်တော်တို့ မြန်မာပြည်အတွက် ကာကွယ်ရေး အလွန် အရေးကြီးတယ်။ ဒီတော့ မြန်မာပြည်ကာကွယ်ရေးနှင့်ပတ်သက်ပြီး ပြောရမယ် ဆိုတော့ အမှန်စင်စစ် ကျွန်တော်တို့ တိုင်းပြည်ဟာ အသစ်ပြန်လည်ထူထောင်ရဦးမယ်။ အောက်ဘက်မှာ အသစ်-အသစ် ပြန်လုပ်ရမယ်။ အထူးသဖြင့် ကာကွယ်ရေးဘက်မှာ ဒီသို့ဖြစ်နေတယ်။ ဒီအခါ ကျွန်တော်တို့ဟာ တိုင်းသစ်ပြည်သစ် ကာကွယ်ထူထောင်မယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် တိုင်းသစ် ပြည်သစ် ထူထောင်ရေးအဖွဲ့ တစ်ဖွဲ့ လိုတယ်။ ဒီအဖွဲ့က မြန်မာပြည် တစ်ပြည်လုံး လျှောက်ကြည့်ပြီး အဘက်ဘက်ကနေပြီး အရေးတကြီး လုပ်ရမယ်။ အရေးတကြီး လုပ်ဖို့ဆိုရင် ငွေ ဘယ်လောက်ကုန်မယ် အစရှိသဖြင့် အဘက်ဘက်က စီစဉ်ပြီးမှ လုပ်ရမယ်။ အခု ကျွန်တော်ပြောသွားမှာကတော့ ကျွန်တော် ကောင်းတယ် ထင်တာတွေ ပြောပြသွားပါတယ်။ ဒါဟာ မြန်မာပြည်မှာလုပ်လို့ ဖြစ်ပါ့မလားဆိုတာ မပြောနိုင်သေးဘူး။ ယနေ့ ပြောပြတာကတော့ အဓိပ္ပာယ် စိတ်ကူးနည်းနည်းရရုံ လောက်သာ ပြောသွားမယ်။ မြန်မာပြည်နဲ့ သင့်တယ် မသင့်တယ်ကိုတော့ မပြောနိုင်ဘူး။ တိုင်းပြည် တစ်ပြည်ရဲ့ ပညာရေး၊ စီးပွားရေး၊ ပေါင်းသင်းဆက်ဆံရေးကို ကြည့်ပြီး လုပ်ရတယ်။

ကြီးပွားရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ကာကွယ်ရေး ကိစ္စတွေကို စဉ်းစားပြီး အကုန်လုံး ဘယ်လောက်ကုန်မလဲ အစရှိသဖြင့် ဒါတွေကို အကုန်လုံး သတ္တုချပြီး တော့မှ ဖြစ်မယ်။ သို့ပေမဲ့လို့ ဘယ်လိုဖြစ်ဖြစ် ကျွန်တော့်အား အစက နောက်ဆုံးကျလို့ ရှိရင် ပထမ အရေးကြီးဆုံးအချက်ဟာ ကာကွယ်ရေးပဲ။ ဒီ ကာကွယ်ရေးသာမရှိရင် မြန်မာပြည်ကြီး တိုင်းသစ်ပြည်သစ်ထူထောင်လို့ မလုပ်နိုင်တော့ဘူး။ ကျွန်တော်တို့ ကာကွယ်ရေး မလုံလောက်တဲ့နေ့မှာ ပြန်ဆုံးရှုံးသွားရင် ဘာမှ အကျိုးမရှိဘူး။ ဒီတော့ ကျွန်တော်တို့ ဒီတိုင်းပြည်သစ်ထူထောင်ဖို့ဟာ ပထမဆုံး အုတ်မြစ်ချရမှာ ကာကွယ်ရေးကစပြီး အုတ်မြစ်ချရမယ်။ ဒီကာကွယ်ရေးမှ ကျကျနန ခိုင်ခိုင်ခံ့ခံ့ မရှိရင် ဒီတိုင်းသစ်ပြည်သစ် တည်ထောင်တဲ့ လုပ်ငန်းတွေဟာ မခံနိုင်ဘူး။ ဒီလို ကာကွယ်ရေး တောင့်တင်းမှသာ နောက်ပိုင်းက လစ်တဲ့ ပညာရေး အစရှိတဲ့ တိုင်းသစ် ပြည်သစ်လုပ်ငန်းတွေ ကြီးမားနိုင်တယ်။ ဒါကြောင့် ပထမအချက် ကာကွယ်ရေးပဲ။ ဒီတော့ ကျွန်တော် ပြောသွားတာတွေလည်း ခုနေအခါမှာ ကျွန်တော်တို့ တိုင်းပြည် အခြေအနေဟာ အတော်စဉ်းစားရ ကျပ်တယ်။

စစ်တပ်တွေ အုပ်ချုပ်တဲ့အခါဖြစ်တော့ တိုင်းပြည်ရဲ့အခြေအနေ အတည် တကျ မရှိသေးဘူး။ တိုင်းပြည်ရဲ့ နိုင်ငံရေးအဆင့်အတန်း ဘယ်လောက်ထိအောင် ရောက်နေတယ်ဆိုတာ ကျွန်တော်တို့ မမှန်းဆနိုင်သေးဘူး။

ဂျပန်ပြည် နိပ္ပွန်လူမျိုးတွေရဲ့ ရည်ရွယ်ချက်တွေကို ကောင်းကောင်းနားလည် ပြီးတော့ ကျုပ်တို့က အကူအညီလုပ်ရင် မြန်မာပြည် လွတ်လပ်တဲ့နိုင်ငံ ဖြစ်မယ် ဆိုတဲ့ နိပ္ပွန်ပြည် နန်းရေးဝန်ကြီးရဲ့ ကြေညာချက် ရှိခဲ့တယ်။ အဲဒီကြေညာချက်အရ လွတ်လပ်တဲ့ မြန်မာနိုင်ငံကို အခြေထားပြီး ပြောမယ်လို့ နားလည်ရမယ်။



လွတ်လပ်တဲ့ တိုင်းနိုင်ငံဆိုပေမဲ့ လွတ်လပ်ရေးဆိုတာဟာ ရှေးကနဲ့ အဓိပ္ပာယ်ချင်း မတူတော့ဘူး။ ရှေးက လွတ်လပ်ရေး ဆိုတာ ကိုယ့်တိုင်းပြည် ကိုယ် ထင်တာလုပ်ပြီး နေနိုင်တယ်။ ခုခေတ်မှာ ဒီလိုလုပ်ပြီးနေလို့ မဖြစ်တော့ဘူး။ ဘယ်နိုင်ငံ ဘယ်လောက်ပဲကြီးကြီး၊ ဘယ်လောက်ပဲ တန်ခိုးကြီးကြီး တောင့်တောင့် တင်းတင်း အထီးတည်းနေလို့ မဖြစ်။ တစ်ယောက်နဲ့တစ်ယောက် အမှီသဟဲပြုပြီး နေကြတယ်။ ယခုခေတ်သစ် ထူထောင်ရမယ့်အခါမှာ သာပြီးအထီးတည်းနေလို့ မဖြစ်တော့ဘူး။ ဒီတော့ လွတ်လပ်ရေး ဆိုပေမဲ့ ရှေးက လွတ်လပ်ရေး ဆိုတဲ့ အဓိပ္ပာယ်မျိုးနဲ့ တွေးလို့ မရဘူး။ ဒီတော့ ကျွန်တော်တို့ အဲဒါကို သေသေချာချာ နားလည်ရမယ်။ ကျွန်တော်တို့ မြန်မာပြည်ရဲ့ ကာကွယ်ရေးအတွက်ဆိုရင် ဘာမျှ မရှိသေးဘူး။ ခုတော့ ဗမာ့ကာကွယ်ရေးတပ်မတော် ဆိုတာ ရှိတယ်။ ဒါပေမဲ့ အစရှိသေးတယ်။ ရေတပ်၊ လေတပ်ဆိုရင်လည်း မရှိသေးဘူး။ ကာကွယ်ရေးဆိုတာ ကုန်းတပ်၊ ရေတပ်၊ လေတပ်ရှိမှ ပြည့်စုံတယ်။ ခေါ်တယ်။ အခုတော့ ကျွန်တော်တို့ ကုန်းဘက်ဆိုင်ရာသာ ရှိသေးတယ်။ အမှန်စင်စစ်တော့ သုညပဲ ရှိသေးတယ်။ အင်္ဂလိပ်လက်ထက်က ကျွန်ဖြစ်နေတော့ ကျွန်တော်တို့ ဘာမှ မရှိခဲ့ဘူး။ ကုန်းတပ် အတော်အတန်ရှိတယ် ဆိုတာ အသုံးချနိုင်သည့်တိုင်အောင် ကျွန်တော်တို့ ဒီလူနဲ့ မလောက်ဘူး။ နောက်ပြီး ရေတပ်ဆိုပြီး သင်္ဘော အစင်းငယ်ကလေး သုံးလေးစင်း ရှိတယ်လို့ ကြားရတယ်။ ဒါလည်း အမှန်စင်စစ် ရယ်စရာကြီးပါပဲ။ ဒီတော့ ဘာမှမရှိတာကနေပြီး စရမယ်။

ကျွန်တော်တို့ ဘယ်လောက်ကြီးပဲ စိတ်သန်သန်၊ ကျွန်တော်တို့ မြန်မာပြည်ရဲ့ ကာကွယ်ရေးလုပ်မယ်ဆိုရင် ယနေ့ချက်ချင်း လေတပ်၊ ရေတပ်၊ ကုန်းတပ် ကြီးတွေ လုပ်မယ်ဆိုလို့ မဖြစ်နိုင်ဘူး။ ဘယ်နှနှစ်ကြာမယ်ဆိုတာ မပြောနိုင်ဘူး။ အချို့က တူရကီနဲ့ နှိုင်း၊ အိုင်ယာလန်နဲ့ နှိုင်းတယ်။ နှိုင်းတယ်ဆိုတာ တူတာချင်းမှ နှိုင်းယှဉ်ရမယ်။ ကျွန်တော်တို့လူတွေက စစ်တိုက်တာ စစ်မှုရေးရာနဲ့ပတ်သက်ပြီး ကျွန်သက်ရှည်လို့ ဘာမျှနားမလည်ကြတော့ဘူး။ ခုတော့ နားဝေးနေကြပြီ။ ကျွန်တော်တို့ တိုင်းပြည်မှာ ခုမှ စရလိမ့်မယ်။ ဒီပြင် ဘာတွေမှ မလုပ်ရသေးဘူး။ မြန်မာပြည် ကာကွယ်ရေးကို အလုပ် လုပ်ကြမယ်ဆိုရင် အမှီမရှိဘဲနဲ့ မဖြစ်နိုင်ဘူး။ ယခုအခါ ဂျပန်ပြည်ရဲ့ အကူအညီ၊ သူတို့ရဲ့ ခေါင်းဆောင်မှု မရဘဲနဲ့ မဖြစ်နိုင်ဘူး။ စစ်ဘက်ဆိုတာ ရိုးရိုးအလုပ်များနဲ့ မတူဘူး။ ရိုးရိုးအလုပ်က ကိုယ့်ဟာကို ကိုယ့်အစွမ်းအစ ကိုယ့်စိတ်ကူးနဲ့လုပ်လို့ ရနိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



စစ်ဘက်မှာ ဒီလိုမရဘူး။ အလေ့အကျင့်ရှိမှ၊ နည်းနာတွေ သေသေချာချာ သင်ယူမှ၊ လေတပ်ဖွဲ့မယ်ဆိုရင် လေယာဉ်ပျံကောင်းတွေ ရှိရမယ်။ လေယာဉ်ပျံ အစရှိတဲ့ ကိရိယာလုပ်တဲ့ စက်တွေ အင်ဂျင်နီယာ အစရှိတဲ့လူတွေ ရှိရမယ်။ အဲဒီလို လျှောက်တွေးလိုက်ရင် အင်မတန်ခက်ခဲတာ တွေ့ရမယ်။ ကျွန်တော်တို့ တိုင်းပြည်မှာ ကာကွယ်ရေး လုပ်တယ်ဆိုပေမဲ့လို့ ကျွန်တော်တို့ မဖြစ်နိုင်တဲ့ အချက်ကတော့ ဂျပန်ပြည်ရဲ့ အကူအညီ ခေါင်းဆောင်မှု မရှိရင် ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ ကျွန်တော်တို့ကိုယ်တိုင် မကာကွယ်နိုင်တုန်း ဘယ်သူကလာပြီး ကာကွယ်ပေးမလဲ။ ဂျပန်ပြည်ပဲ ရှိတယ်။ ဒါတွေကို ကျွန်တော်တို့ ကောင်းကောင်းနားလည်ရမယ်။ နောက်ပြီးတော့လည်းပဲ မြန်မာပြည် ကာကွယ်ရေး ဆိုပေမဲ့လို့ ကျွန်တော်တို့ နားလည်ရမှာက မြန်မာပြည် ကာကွယ်ရေး ဆိုတာ နောက်ကို မရှိတော့ဘူး။ အခုလည်း မရှိဘူး။ ရှေးအခါတုန်းက ကိုယ့်တိုင်းပြည် ကိုယ် ကာကွယ်ကြတယ်။ ခုအခါကျတော့ ကိုယ့်တိုင်းပြည် ကိုယ် ကာကွယ်ဖို့အတွက် ကိုယ့်တိုင်းပြည်ကလေး ကာကွယ်လို့ မဖြစ်ဘူး။ ခင်ဗျားတို့ သိတဲ့အတိုင်း မက်ဒီတာရေးနီးယံပင်လယ် (မြေထဲပင်လယ်) ကို ကြည့်လိုက်မယ်ဆိုရင် အင်္ဂလိပ်မော်လတာ၊ ဂျီဘရော်လတာ အစရှိတဲ့ ကျွန်းတွေကို ယူထားတယ်။ အီတလီကလည်း ယူ၊ ကာကွယ်ရေးအတွက် ဒါတွေ ရမှဖြစ်တယ်ဆိုပြီး သူတို့ တိုက်ကြတယ်။ အမေရိကန်ကလည်း ဂရင်လန်း အိုက်စလန်ကို သွားပြီး စစ်တပ်ချတယ်။ ကိုယ့်တိုင်းပြည် ကာကွယ်ဖို့အတွက် ချထားကြတယ်။

ဒီတော့ ရှေးတုန်းကဆိုရင် ကိုယ့်တိုင်းပြည်ကာကွယ်ရေးအတွက်ဟာ ကိုယ့်တိုင်းပြည်မှာသာ စီစဉ်ကြတယ်။ ခုအခါမှာသာဆိုရင် လေယာဉ်ပျံ ဆိုတာက မိုင် တစ်ထောင် နှစ်ထောင်က လာပြီး ဗုံးကြဲနိုင်တယ်။ လေယာဉ်ပျံ ဗုံးကြဲနိုင်အောင် လေယာဉ်ပျံနားဖို့ ဒီကျွန်းတွေ ဒီနေရာတွေ ယူထားမှ ဗုံးကြဲနိုင်မယ်။ ဒါကြောင့် အရင်က မျက်စိမျိုးနဲ့ မြန်မာပြည် ကာကွယ်ရေးကို မကြည့်နိုင်ဘူး။ (Greater East Asia) ခေါ်တဲ့ ပိုပြီးကြီးကျယ်တဲ့ အရှေ့အာရှတိုက်ကြီးကို ကာကွယ်ဖို့ဆိုပြီး ဖြစ်လာတယ်။ ကျွန်တော်တို့ မြန်မာပြည် ကာကွယ်ဖို့အတွက်ဆိုရင် အရှေ့အာရှတိုက် ကာကွယ်ရေးမှာ ဝင်ပြီးပါမှ ကျွန်တော်တို့တိုင်းပြည် ကာကွယ်လို့ ရမယ်။ ဒီခေတ် ပြောင်းလာပုံကို နားလည်ရမယ်။ ကျွန်တော်တို့ရဲ့စိတ်ထဲမှာ အင်မတန် ကျဉ်းမြောင်းတဲ့ လူမျိုးရေးဝါဒနဲ့ သွားကြည့်ရင် မဖြစ်ဘူး။ ကျွန်တော်တို့ တိုင်းပြည်အတွက်လည်း အကျိုးမရှိဘူး။ နားမလည်ရင်သာ မခံချင်ရှိရမယ်။ အထူးသဖြင့် မြန်မာပြည်



အခြေအနေမျိုးဟာ အရှေ့ အာရှတိုက် ကာကွယ်ရေးစနစ်ထဲမှာ အင်မတန် အရေးပါတယ်။ ယခုနေအခါမှာ မြန်မာပြည်ဟာ တရုတ်ပြည်သွားတဲ့လမ်းကြောင်း ဖြစ်နေတယ်။ နောက်ဆိုရင် ကမ္ဘာကြီးမှာ အင်မတန်အရေးကြီးတဲ့ လမ်းကြောင်း ဖြစ်သွားမယ်။ ဂျပန်ပြည်နေတုန်းက ကိုရီးယားပြည်ကို ဂျပန်ကနေ (Tunnel) ဥမင်ဖောက် တရုတ်ပြည်ကဖြတ်ပြီး မြန်မာပြည်၊ အိန္ဒိယပြည်၊ ဘာလင် လန်ဒန်အထိ မီးရထားလမ်းဖောက်ပြီး လုပ်ဖို့ စိတ်ကူးထားကယ်လို့ သိရတယ်။ ကျွန်တော်တို့ မြန်မာပြည်မှာတော့ ရေတွင်းထဲက ဖားကလေးလို တယ်ပြီး အမြင်မကျယ်ကြဘူး။ အရှေ့အာရှတိုက်မှာ မြန်မာပြည်ဟာ အရေးကြီးတဲ့ တိုင်းပြည်တစ်ပြည်ဖြစ်တယ်။ ဒီတော့ အရေးကြီးတဲ့ တိုင်းပြည်ဖြစ်တဲ့အတွက် မြန်မာပြည် ကာကွယ်ရေးသည် မြန်မာပြည်ကာကွယ်ရေးအတွက်သာ အရေးကြီးသည်မဟုတ်၊ အရှေ့ အာရှတိုက်၏ ကာကွယ်ရေးအတွက်လည်း အရေးကြီးသည်။ တစ်ဖန် အရှေ့အာရှတိုက်၏ ကာကွယ်ရေးအတွက်သည်လည်း မြန်မာပြည်၏ ကာကွယ်ရေးဖြစ်သည် ဆိုတာ အပြန်အလှန် စဉ်းစားရမည်။ ဒီတော့ အရှေ့အာရှတိုက်ကြီးရဲ့ ကာကွယ်ရေးကို ညှိစုံပြီး မြန်မာပြည်၏ကာကွယ်ရေး ခိုင်ခံ့တောင့်တင်းအောင် ကျွန်တော်တို့ တိုင်းသစ်ပြည်သစ် ထူထောင်ရမယ်ဆိုရင် ပထမဆုံး မြန်မာပြည်ရဲ့ကာကွယ်ရေးကို ချစိုက်ရမယ်။ တိုင်းသစ်ပြည်သစ် ထူထောင်တယ်ဆိုတာကို နားလည်အောင် ပြောလိုပါတယ်။ တိုင်းသစ်ပြည်သစ် ထူထောင်တဲ့ကိစ္စမှာ လွယ်တဲ့ကိစ္စ မဟုတ်ဘူး။ ကိုယ်အလုပ်လုပ်ရင် အင်မတန် စိတ်ပျက်ညည်းညူချင်တာ တွေ့ရမယ်။ ကျွန်တော်တို့မှာ ဘာမှမရှိသေးဘူး။ ရှိတယ်ဆိုတာကလည်း ဘာမှ နေရာမကျသေးဘူး။ စက်ရုံဆိုတာကလည်း ရှိတာကလေးတွေ ပျက်ကုန်တာ များတယ်။ နောက်လည်း အသစ်တိုးရဦးမယ်။ လယ်ယာစိုက်ပျိုးခြင်း ဆိုတာကလည်း ဘာမှ နေရာမကျသေးဘူး။ ခုလုပ်နေတဲ့ စနစ်မျိုးဆိုရင် မကိုက်ဘူး။ ဒီတော့ ဒီဟာတွေ လုပ်ချင်တာတွေ အများကြီးပဲ။ ဒါပေမဲ့ မလုပ်နိုင်ဘူး။ မလုပ်နိုင်တာက ငွေမလုံလောက်ဘူး။ ဒီတော့ ကိုယ့်ရှိတဲ့အင်အားနဲ့ကြည့်ပြီး အကုန်လုံးကို ဝိုင်းရမယ်။ နှစ်စဉ်နှစ်တိုင်းမှာ ကာကွယ်ရေးကို အများဆုံး ပေးရမယ်။ ဒီတော့က ဒီပြင်ဘက်သို့ ပညာရေးဘက်၊ ကျန်းမာရေးဘက်၊ လယ်ယာစိုက်ပျိုးရေးဘက်မှာ သိပ်များများပေးချင်မှ ပေးနိုင်မယ်။ ဒီအခါ လူတွေမှာ ပိုပြီးကျဉ်းကျပ်သွားမယ်။ ဒီအခါမှာ ညည်းကြမယ်။ မြန်မာပြည်မှာသာဆိုရင် သေသေချာချာ ညည်းကြမှာပဲ။ ကျွန်တော်တို့ နားလည်ရမှာက ကာကွယ်ရေးအတွက် အရင်းခံပြီး အများအားဖြင့် သုံးကြရမယ်။ ကာကွယ်ရေးကို

www.burmeseclassic.com

www.burmeseclassic.com



အဓိကထားပြီး တိုင်းသစ် ပြည်သစ်ထောင်ရမယ်။ ကာကွယ်ရေး တောင့်တင်းရန် အခြားတိုင်းပြည်ဘဏ္ဍာများကို ကျုပ်တို့ လှူပေးရလိမ့်မယ်။ ဘာကြောင့်လဲဆိုရင် တိုင်းပြည်ဌာနအားလုံးဟာ ကာကွယ်ရေးကို အမှီသဟဲ ပြုနေရမယ်။

မြန်မာပြည်ရဲ့ကာကွယ်ရေးဟာ မြန်မာပြည်သစ်ထူထောင်ရေးစနစ်မှာ ဗဟိုအချက်အချာ ဖြစ်ရမယ်။ ဖြစ်မှလည်း မြန်မာပြည်ဟာ တကယ်ကြီးပွားနိုင်မယ်။ ကာကွယ်ရေးအတွက် နှစ်စဉ် မြန်မာပြည်အစိုးရရဲ့ ဝင်ငွေထွက်ငွေ ခန့်မှန်းချက်တွင် အများဆုံး ပေးရမယ့်အပြင် ကာကွယ်ရေးကို အထောက်အပံ့ဖြစ်စေဖို့ တခြားဌာနများကို စီစဉ်လုပ်ကိုင်ရမယ်။ ဥပမာ မြန်မာပြည်ရဲ့ ကာကွယ်ရေးအတွက် လူဦးရေ လိုတယ်။ လူဦးရေ များမှသာ စစ်သားများများ ရနိုင်မယ်။

လူဦးရေတိုးဖို့ (၁) မြန်မာပြည်ရှိ ယောကျ်ားတိုင်း မိန်းမတိုင်း ကျန်းကျန်းမာမာ သန်သန်စွမ်းစွမ်း ရှိကြရမယ်။ (၂) မြန်မာပြည်ရှိ မိန်းမ ယောကျ်ားတိုင်း လှစေ့တက်စေ့ အရွယ်ရောက်သည်နှင့်တစ်ပြိုင်နက် အိမ်ထောင်ပြုစေရမယ်။ ဒီအချက် ၂ ချက်ကို ဆောင်ရွက်ဖို့အတွက် (က) မြန်မာပြည်ရှိ လူငယ် လူရွယ်များကို မကောင်းတဲ့ မိန်းမ ရောဂါမျိုးမှ ကာကွယ်နိုင်ရန် နည်းလမ်းများ ရှာပေးရမယ်။ (ခ) ရှိသူများကိုလည်း ပျောက်ကင်းရန် စီမံပေးရမယ်။ (ဂ) နောက် မရှိသေးသူများနဲ့ ပျောက်ပြီးသူများကို ယခုထက် ပိုမိုသန့်စွမ်းအောင် လေ့ကျင့်စေရမယ်။ ဒီဟာလည်း မကောင်းတဲ့မိန်းမရောဂါ (ဝါ) ပြည်ပျက်ရောဂါများ ပျောက်ကင်းဖို့အတွက် အာဏာနှင့်လည်း ကွပ်၊ စီးပွားရေးနှင့်လည်း လိုက်၊ ပညာရေးဘက်ကလည်း လုပ်၊ ကျန်းမာရေးဘက်ကလည်း ပြုပြင်ပေးရမယ်။ အာဏာနဲ့ကွပ်ဆိုရမှာက မြန်မာပြည်၌ ဆင်းရဲသူများ၊ ပြည့်တန်ဆာလုပ်လိုသူများအား အနုကြမ်းနည်းနဲ့ ဖျက်ဆီးသူများ၊ မတရားတဲ့ မိန်းမထိန်းများကို ပိုက်စိပ်တိုက်ပြီး ရက်ရက်စက်စက် ကွပ်မျက်ခြင်း၊ ပြည့်တန်ဆာများနှင့် ပျော်ပါးသူများအား ဥပဒေအရ ဆုံးမခြင်း၊ ရောဂါရသူအား ဥပဒေအရ ဒဏ်ထားခြင်း၊ ပြည့်တန်ဆာပြဿနာ လုံးဝ မပျောက်ပျက်နိုင်သေးလျှင် ဂျပန်ပြည်မှာကဲ့သို့ အတန်းထားပြီး ဆရာဝန်များ အပတ်စဉ် စစ်ဆေး၍ ထားခြင်း၊ ဒီလို ခွင့်မရသူများကို လိုက်လံဖမ်းဆီး အပြစ်ပေးခြင်း၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးတွင် တာဝန်ကို မဆောင်ရွက်ဘဲ စီးပွားဖြစ်လိုသူ ပုလိပ်များအား ကြီးလေးစွာ အပြစ်ပေးခြင်း စသည်တို့ လုပ်ရမယ်။

တစ်ဖက်ကလည်း စီးပွားရေးအခြေအနေမကောင်းလို့ ပြည့်တန်ဆာဖြစ်ကြရခြင်း၊ ၎င်းအချက်ကြောင့် မိန်းမ မယူနိုင်၍ ခမ္မတာကို မလွန်ဆန်နိုင်သဖြင့်



ပြည့်တန်ဆာများနှင့် သွားလာခြင်း စသည်တို့ကို တားဆီးရန် အစိုးရက စီးပွားရေးနစ်များ စီမံပေးရမယ်။ ပညာရေးဘက်ကလည်း ဒီရောဂါ ဆိုးဝါးပုံ အရင်းအစ်မြစ် ကာဗဝင် အကြောင်းအကျိုး အစုံအလင်ကို ယောကျ်ားမိန်းမတိုင်း နားလည်စေရမယ်။ ကျန်းမာရေးဘက်ကလည်း တကယ်လို့ ပြည့်တန်ဆာမလုပ်ငန်း လုံးဝမပျောက်သေးရင် ပြည့်တန်ဆာမ အတန်းများ ထား၊ သေချာစွာ စစ်ဆေး၊ လူများအား ကျန်းမာရေး နည်းနာများ ညွှန်ကြားခြင်း စသည်တို့ကို ပြုလုပ်ရမယ်။

ဒီလို လူဦးရေအတွက် ပြဿနာတစ်ရပ်ပင် ပြောခဲ့တဲ့အတိုင်း စီစဉ်ခြင်း၊ ကလေးမီးခင် အသေအပျောက် လျော့ပါးစေခြင်း၊ အပိုကောနေရသည့် ဘုန်းကြီး၊ မယ်သီလရှင်များကို လူထွက်စေခြင်း အစရှိသဖြင့် မြောက်မြားစွာ ဆောင်ရွက်ရသမည်။

ပညာရေးဘက်တွင်လည်း ကာကွယ်ရေးကို ထောက်ပံ့စေရန် ကျောင်းသားများအား အလုပ်မရွေးတတ်သောနည်း၊ ရိုးရိုးကျင့် ရိုးရိုးနေ ကျဉ်းကျဉ်းလုပ်တတ်သော စိတ်၊ ခံရဲစံရဲစိတ်၊ တိုက်ရဲခိုက်ရဲသတ္တိ၊ အနိုင်မခံသော ဖွဲ့၊ တိုင်းပြည်ကို ချစ်သောစိတ်၊ တာဝန်ကို နားလည်သော စိတ်ဓာတ်၊ တိုင်းပြည်၏တာဝန်ကို ထမ်းရာ၌ မိမိကိုယ်ကို ထောက်ခံလိုသော စိတ်၊ တာဝန်မကျေပွန်က မိမိကိုယ်ကို သတ်သေလောက်အောင် ရှက်သည့် စိတ်မျိုးကို မွေးကတည်းက သင်ပေးရမည်။

ဂျပန်ပြည်မှာ အစားမရွေး၊ အနေမရွေး၊ အလုပ်မရွေး၊ လူကြမ်းစိတ်ကြမ်း ဖြစ်အောင် ငယ်ငယ်ကလေးတည်းက လေ့ကျင့်ပေးတယ်။ အလုပ်မရွေး စိတ်ဓာတ်ကို နားလည်ဖို့ ပရိုင်မာရီ ခေါ် မူလတန်းကလေးများကို ရှင်ဘုရင်ကြီးနန်းတော်အနီးတွင် သမ်းများ ညှိစေခြင်း၊ လုပ်စေခြင်း၊ အမြဲစီစဉ်ပေးတာကို တိုကျိုနေစဉ်က ကျွန်တော် တွေ့ခဲ့ရတယ်။ ထိုမှတစ်ဝ ကျန်းမာသန်စွမ်းဖို့ နိပွန်လူမျိုးတိုင်း ဂျူဒို၊ ဓားသိုင်း၊ ဓားခုတ် စသည်တို့ကို အနည်း အများ တတ်ကြတယ်။ သင်ကြရတဲ့အတိုင်း တိုင်းပြည်အားလုံး ရေဒီယိုမှ နေ့စဉ် ဒရိန်းပြုတယ်။

ကျန်းမာရေးအတွက် ကျန်းမာရေးကစားနည်းမျိုးကို ပိုက်ဆံကြေးငွေ ကုန်စေဘဲ တကယ်ကျန်းမာစေမည့် နည်းမျိုးကို သင်ရမယ်။ မြန်မာကစားနည်း အားလုံးကို ဖျောက်ရမယ်။ စတိုင်များပြီး အသုံးအဆောင်များတဲ့ တင်းနစ်အသော ကစားမျိုးကို အားမပေးရ။ ဘောလုံးကန်ခြင်း၊ ကျည်းသားရိုက်ခြင်း၊ လက်ဝှေ့ထိုးခြင်း၊ ခုန်းလုံးခြင်း၊ လက်ဝှေ့၊ ဓားခုတ်၊ လှံထိုး၊ သေနတ်ပစ်၊ ရေကူး၊ လှေလှော်၊ အပြေးအခုန်၊ မြင်းစီး၊ ဘိုင်စကယ်၊ မော်တော်ကား၊ လေယာဉ်ပျံစီး၊ အလေးမ အစရှိသော

www.burmeseclassic.com

www.burmeseclassic.com



အားလည်း ဖြစ်၊ ကျန်းလည်း ကျန်းမာ၊ အသုံးလည်း ကျ၊ ပိုက်ဆံအကုန်လည်း နည်း၊ လူလည်း ကြမ်းလာသော အတတ်မျိုးကို သင်ရမယ်။ (ဒါဟာ ပညာရေးတွင် သင်သင့်သည့် အချက် အနည်းငယ်ကို ပြတာပဲ) ထပ်မံ ဖြည့်စွက်ချက် ဖြစ်သည်။

ဒီတော့ ကာကွယ်ရေး ဆိုပေမဲ့ အင်္ဂလိပ်လို (Defence is Offence) ခေါ်တဲ့ ကာကွယ်ရေးမျိုးကို နားလည်ရမယ်။ တိုက်ရမယ်ဆိုရင် သူများတိုင်းပြည်ကို ဦးအောင်တိုက်ရင် ကောင်းတယ်။ အကောင်းဆုံး ကာကွယ်ရေး ဆိုတဲ့ အဓိပ္ပာယ်ကို ခင်ဗျားတို့ နားလည်ရမှာက သူများတိုင်းပြည်ကို တိုက်ချင်လဲ တိုက်ရမယ်။ တိုက်ရမှာကလည်း ကိုယ့်တိုင်းပြည် ကာကွယ်ဖို့အတွက်သာ ဖြစ်တယ်။ ကျွန်တော်တို့ ကာကွယ်ရေးအတွက် လေတပ်၊ ရေတပ်၊ ကုန်းတပ် တည်ထောင်ရလိမ့်မယ်။ အမှန်ကတော့ တညီတညာတည်း တည်ထောင်လို့ မဖြစ်နိုင်ဘူး။ တစ်ခုတော့ ချန်ထားရလိမ့်မယ်။ အကုန်လုံး အကောင်းချည်း လုပ်ရင် မရဘူး။ ဘယ်တိုင်းပြည်မှ အကုန်လုံး အကောင်းမရှိဘူး။ ဥပမာ အင်္ဂလိပ်ရေတပ်၊ ဂျာမနီကုန်းတပ်၊ လေတပ် ဒီလိုဟာမျိုး အားကိုးရတယ်။ ဂျပန်ပြည်ကတော့ ရေတပ် ကုန်းတပ် တောင့်တင်းတယ်။ ဘယ်တိုင်းပြည်မှ အကုန်လုံး သူတို့စိတ်တိုင်းကျ မထားနိုင်ဘူး။ အင်္ဂလန်ပြည်မှာ ကုန်းတပ် ဘာမှ မတောင့်တင်းဘူး။ ရေတပ်ကိုသာ အားကိုးတယ်။ ကျွန်း ဖြစ်နေတော့ ရေတပ်နဲ့မှ ကာကွယ်နိုင်တယ်။ ခုထက်ထိ ခံနေနိုင်တာ ရေတပ်ကလေးကြောင့်ပါပဲ။ ဒီတော့ ကိုယ့်တိုင်းပြည်အခြေအနေအရပ်ရပ်ကို ကြည့်ပြီး စီမံရမယ်။ ဒီတော့ အရေးအကြီးဆုံးကတော့ ကုန်းတပ်၊ ရေတပ်၊ လေတပ် ရှိရမယ်။

ဒီအထဲမှာ အရေးအကြီးဆုံးကတော့ ကုန်းတပ်ဟာ အရေးအကြီးဆုံးပဲ။ ရေတပ်ရှိပေမဲ့ တိုင်းပြည်ကို သွားမသိမ်းနိုင်ဘူး သူ့အလုပ်က စစ်သားတွေ ပို့မယ်။ ရန်သူသင်္ဘောတွေ ဖျက်ရမယ်။ ကိုယ့်တိုင်းပြည်မှာ စစ်သားတွေ သုံးနိုင်အောင် ရိက္ခာတွေ ပို့ရမယ်။ နောက် လေတပ်ဟာလည်း ကုန်းတပ်နဲ့ ရေတပ်တို့ကို အကူအညီ ပေးတာပဲ။ လေတပ်ကသွားပြီး တိုင်းပြည်ကို မသိမ်းနိုင်ဘူး။ အရေးအကြီးဆုံးက ကုန်းတပ်ပဲ။ ခုနေဆိုရင် ဒီကုန်းတပ်ဟာ ခြေလျင်တပ် မဟုတ်ဘူး။ မော်တော်ကားတွေနဲ့ တင့်ကားတွေနဲ့ ဖြစ်လာပြီ။ ရေတပ်ဆိုတာ ကုန်းတပ်ကောင်းကောင်းလုပ်လျှင် ရေတပ်ကောင်းကောင်းလုပ်လို့ မဖြစ်နိုင်ဘူး။ ဒီတော့ တစ်ဖက်မှာ ချို့ရမယ်။ မြန်မာပြည် အတွက် ကုန်းတပ်က အရေးကြီးတယ်။ ရေတပ်အတွက်ကတော့ အခုနေအခါမှာဆိုရင် ဂျပန်ရေတပ်ကြီး ရှိနေတယ်။ နောက် ငွေကြေးကုန်တာ အပထား၊ ဒါကြီးတွေလုပ်ဖို့ရာ လူတွေ လိုသေးတယ်။ တပ်သားတွေ လိုသေးတယ်။ တပ်သားတွေကို သင်နိုင်မယ့်



သူက အမျိုးမျိုး အစားအစား၊ စက်ပညာ စစ်ပညာ တတ်ရမယ်။ ဒါတွေလုပ်ရမယ် ဆိုရင် နှစ်ပေါင်းများစွာ လိုနေမယ်။

ဒါကြောင့် ရေတပ်ကြီးကျယ်မလုပ်နိုင်ဘူး။ ရေတပ်မှာလည်း ခုနေဆိုရင် စစ်သင်္ဘောကြီးတွေနဲ့ ပြိုင်ဆိုင်လိုက်တာမျိုးတွေ ရှေးက ဥရောပတိုက် ရာဇဝင်မှာ နယ်လ်ဆင်၊ နပိုလီယံတို့ခေတ်တုန်းကလို မရှိတော့ဘူး။ ပရင့်စ်အော်ဖ်ဝေးလ်ရီပတ် စစ်သင်္ဘောကို နစ်မြုပ်လိုက်တာ လေယာဉ်ပျံနဲ့ ရေငုပ်သင်္ဘောက တော်ပီဒိုနဲ့ ပစ်တာနဲ့ မြုပ်သွားတာပဲ။ ဒီတော့ ကျွန်တော် သိရသလောက်မှာ စစ်သင်္ဘောကြီးချင်း တိုက်ကြတာ ရှိသလောက် ဖြစ်သွားပြီ။ လေယာဉ်ပျံတို့ တော်ပီဒိုတို့နဲ့ တိုက်ကြတာ။ ဆော်လမွန် ကျွန်းကလေးကို ဘာကြောင့် အရေးတကြီး တိုက်ကြတာလဲ။ လေယာဉ်ပျံများ ထားနိုင်ဖို့၊ လေယာဉ်ပျံနဲ့ သွားပြီးတော့ ဗုံးကြဲနိုင်ဖို့ အကြောင်းအတွက် အရေးကြီးတယ်။ ရေတပ်မှာဆိုရင် ယူဘုတ်ကိုလည်း အားကိုးနေရတယ်။ ကျွန်တော်တို့ မြန်မာပြည် အတွက် ရေတပ်က သိပ်အရေးမကြီးပါဘူး။ ကုန်းတပ်က အရေးကြီးပါတယ်။ ကုန်းတပ် ရေတပ် ဆိုပေမဲ့ လေတပ်ဟာ ကုန်းတပ်မှာရော၊ ရေတပ်မှာရော တွဲနေတာ ရှိတယ်။ ဥပမာ ဂျပန်ပြည်၊ ဥရောပတိုက်မှာဆိုရင် ရုရှားပြည်မှာ ကုန်းတပ် လေတပ် ရေတပ်လို့ သီးခြား မရှိဘူး။ ကုန်းတပ်နှင့် ရေတပ်ပဲ ရှိတယ်။ ဒီတော့ ပြင်သစ်တို့ ဂျာမနီတို့ အင်္ဂလိပ် အမေရိကန်တို့မှာ ကုန်းတပ် လေတပ် ရေတပ်တို့ သတ်သတ် ရှိတယ်။ ဒီတော့ ကုန်းတပ် ရေတပ် လေတပ်တို့ သီးခြားထားရင် ကောင်းမလား၊ ကုန်းတပ် လေတပ် ရေတပ်ကို တွဲထားရင် ကောင်းမလားဆိုတာ ကျွန်တော်လည်း တစ်ထစ်ချ မပြောနိုင်ဘူး။ သို့သော်လည်း စိတ်ထဲမှာ ကူးလို့ ရသမျှ ပြောရမယ်ဆိုရင် လေတပ်ကို သီးခြား သတ်သတ်ထားနိုင်လို့ရှိရင် ကောင်းမယ်လို့ ထင်တယ်။

ကုန်းတပ်နဲ့ ရေတပ်ကို ကောင်းကောင်းထားရမယ်။ လေတပ်ဟာ ရှေ့ဆိုရင် သာပြီး အရေးကြီးမယ်။ လေတပ်နဲ့ဆိုရင် လေထီးတွေနဲ့ လေထီးစစ်သားတွေ လုပ်ရမယ်။ နောက်ကို လေတပ်ဟာ ပိုပြီး အရေးကြီးပါတယ်။ တိုင်းပြည်ကာကွယ်ရေးမှာ လေတပ်များနိုင်ရင် အကောင်းဆုံးပဲ။ လေတပ်များအောင် ကျွန်တော်တို့ ကြိုးစားပါမယ်။ ပြီးတော့ ကျွန်တော်တို့ မြန်မာပြည် ကာကွယ်ရေးဆိုရင် ကုန်းတပ်နဲ့ လေတပ်က ပိုပြီးအရေးကြီးတယ်။ ကုန်းတပ်မှာ တင့်ကားကြီးတွေ ဘာတွေ မော်တော်ကား၊ မော်တော်ဆိုင်ကယ် ရှိရမယ်။ သို့ပေမဲ့ အရှေ့အာရှတိုက်မှာတော့ (Mechanization) က သိပ်အရေးမကြီးဘူး။ ဥရောပတိုက်မှာဆိုရင် တင့်တို့ ဘာတို့နဲ့ တိုက်ခိုက်ဖို့လိုတယ်။ လမ်းတို့ဘာတို့မှာ သိပ်မတွေ့ပါဘူး။ ဒီတော့

www.burmeseclassic.com

www.burmeseclassic.com



အာရှတိုက်မှာဆိုရင် (Motorization and Mechanization) ဟာ ဥရောပတိုက်လောက် အရေးမကြီးဘူး။ ဒီတော့ ဒါကို ကျွန်တော် (Control Economy)နဲ့ လုပ်ရမယ်။ နောက်ဆုံး ငွေကြေး မတတ်နိုင်သေးရင် လေဘယ်ကို ပထမဆုံး လုပ်ရမယ်။ ဒီလိုကာကွယ်ရေးအတွက်လုပ်ကြမယ်ဆိုလျှင် ခုနက ကျွန်တော်ပြောတဲ့ အတိုင်း (Control Economy) နဲ့ လုပ်မှ ရမယ်။ အဲသလိုဆိုရင် စစ်တိုက်တဲ့လူတွေဟာ စစ်တိုက်နေလို့ မပြီးဘူး။ နောက်ပိုင်းကလူတွေလည်း စစ်တိုက်တဲ့ လူတွေကို ကူမှ အောင်မြင်မယ်။ ဒီတော့ နောက်ပိုင်းဖြစ်နေတဲ့ တိုင်းသူပြည်သားလူအများ ကာကွယ်ရေးတွေလုပ်ဖို့အတွက် ကျဉ်းကျဉ်းကျပ်ကျပ်နေရတာကို စိတ်ထဲမှာ မညည်းညူဘဲ စိတ်ထဲမှာ ကြည်ဖြူစွာ တို့တိုင်းပြည် တို့လူမျိုး ကောင်းဖို့ပါလား၊ တို့လက်ထက် မကောင်းသည့်တိုင်အောင် တို့သား တို့မြေးကျရင် ကောင်းမယ် ဆိုပြီး စိတ်ရောကိုယ်ပါ ကူညီကြမယ်ဆိုရင် ကောင်းမယ်။ မြန်မာပြည်မှာဆိုရင် အင်မတန် စိတ်ပျက်စရာ ကောင်းပါတယ်။

လူတွေဟာ ပညာမတတ်တဲ့ လူတွေကို ထားလိုက်ပါတော့။ ပညာတတ်တဲ့ လူတွေကိုယ်တိုင်လည်း စစ်အကြောင်းနဲ့ပတ်သက်ပြီး နားမလည်ဘူး။ စစ်လည်း တစ်ခါမှ မဖြစ်ဖူးဘူး။ အထူးသဖြင့် ခေတ်သစ်စစ် တစ်ခါမှ မဖြစ်ဖူးသေးဘူး။ ကျွန် ဝါရင့်တော့ စစ်စိတ် စစ်မာန်တွေလည်း ပျက်၊ မြန်မာပြည်မှာ ကျွန်တော်တို့ စစ်ဘက်က ဘာသိမ်းညာသိမ်းဆိုတာ လူတွေ နားမလည်ဘူး။ ချိုချိုသာသာ ကောင်းကောင်းမွန်မွန် တောင်းရင် မပေးချင်ဘူး။ စစ်ကတော့ မစောင့်ဆိုင်းနိုင်ဘူး။ ဒီအချိန်ဆို ဒီအချိန်အတိုင်း သွားရမှာပဲ။ အချိန်နဲ့ လုပ်နေတာ။ ဒီစစ်က တိုင်းပြည်တစ်ပြည်လုံး အုပ်မျုပ်သလိုပဲ။ တိုင်းပြည်မှာရှိသမျှ ဌာနတွေ ဒီစစ်မှာ အကုန်ပါရမယ်။ ဆေးရုံ ဆရာဝန် ရသာယနဗေဒ နားလည်တဲ့သူရော အင်ဂျင်နီယာရော ဝါဒဖြန့်ဖြူးတဲ့ လူရော ရိက္ခာပေးသွင်းတဲ့လူရော အားလုံးပါရမယ်။ အင်မတန် အမြန်အဆန်လုပ်နေ ရတဲ့အခါမှာဆိုတော့ လူတွေကို တောင်းပန်တိုးလျှိုးနေရရင် မဖြစ်ဘူး။ ကျွန်တော်တို့ တိုင်းပြည်ကို ကျွန်တော်တို့ လုံးလုံးကာကွယ်ရသည့်တိုင်အောင် ဒါတွေ တစ်နေ့နေ့ သိမ်းရင် သိမ်းရမှာပဲ။ ဒီတော့ လူတွေက မြန်မာအစိုးရလည်း ဘာထူးသလဲလို့ ပြောကြတယ်။ တကယ် တိုင်းပြည်ကို ချစ်ကြတယ်၊ တိုင်းပြည်ကို ကာကွယ်မယ်ဆိုရင် အကုန်လုံး ကြိုးစားကြရမယ်။ ပညာရေးဆိုရင်လည်း ကာကွယ်ရေးကို ရည်စူး လုပ်ကြရမယ်။ ဂျပန်ပြည်မှာဆိုရင် ဘူရှိဒို ဆိုတဲ့ စစ်စိတ်စစ်မာန် သွင်းပေးတာတဲ့။ လူတွေဟာ မော်မော်ကြွားကြွားမရှိဘူး။ ရိုးရိုးနေတဲ့စိတ်ပဲ ရှိတယ်။ ကျောင်းသားငယ်



ကလေးကစပြီး ကျောင်းသားကြီးတွေအထိ ကတုံးတုံး၊ ယူနီဖောင်း တစ်ညီတည်း ဝတ်ပြီး မြန်မာပြည်လို ပေါ့လျော့တဲ့ အချက်တွေ မရှိဘူး။

(ကျွန်ုပ်တို့ရဲ့ ကုန်းတပ် ရေတပ် လေတပ်များကို ရှေးက အင်္ဂလိပ်တပ်များလို မင်းစဉ်ရ၊ ရှေးက အင်္ဂလိပ်စစ်တပ်များမှာ စစ်တပ်ရဲ့ အချက်အချာဖြစ်တဲ့ လက်နက် ခဲယမ်း မီးကျောက်၊ စစ်ကိရိယာ တန်ဆာပလာတို့အတွက် များစွာ မသုံးဘဲ စစ်သား ခဲဗိုလ်လစာများအတွက်သာ သုံးတယ်။ ထို့အပြင် စစ်ပညာသင်ရာမှာလည်း တပ်ဗိုလ်ဆိုလျှင် တပ်သားလိုနေရန် သင်ပေးတယ်။ နီပွန်တပ်မတော်ကြီးရဲ့ ထူးခြားချက်က သူတို့ ကာနယ်ဗိုလ်မှူးကြီးလစာတွေထက် ၇ ဆခန့် နည်းတယ်။ ခဲဗိုလ်များကလည်း ဘယ်အခါမှ မော်ကြွားဖို့ အားမပေးဘူး။ အလုပ်လုပ်တာကိုသာ ဂုဏ်ယူတယ်။ အဝတ်တွေ စုတ်ပြတ် ကြည့်မလှရှုမလှဖြစ်တာကို အင်္ဂလိပ်မှာလို ရှုမထားဘူး။ ဒီ့ပြင် နီပွန်စစ်တပ် စစ်ပညာတွင် စိတ်ဓာတ်ပြုပြင်စေဖို့ အဓိက ထားတယ်။ စစ်ပညာ ကျွမ်းကျင်စေခြင်း၊ ဗန်းပြ အသွင်အပြင် တင့်တယ်စေခြင်းကို ဒုတိယထားတယ်) ထပ်မံဖြည့်စွက်ချက်။

နောက်ပြီးတော့ အလယ်တန်းကျောင်းလောက် စပြီးတော့ တက္ကသိုလ်အထိ ကျောင်းသားတွေကို စစ်ပညာ သင်ပေးတယ်။ နောက်ပြီး ကျန်းမာရေးဘက်က သိပ်ပြီး ဂရုစိုက်တယ်။ ကျွန်တော် မြင်ရတာဖြင့် ဒါကို သာပြီး ဂရုစိုက်ပုံရတယ်။ နေ့တိုင်း တစ်ခါနှစ်ခါ ကျန်းမာမှု ဒရိမ်းပြတယ်။ တိုင်းပြည်ကို တကယ်ကာကွယ်ရေး လုပ်မယ်ဆိုရင် မြန်မာပြည်မှာ လူဦးရေက နည်း၊ သန်သန်မာမာလူက နည်းတော့ ကျွန်တော်တို့ ကျန်းမာသန်စွမ်းမှု၊ လူဦးရေ တိုးပွားမှုတွေကို လုပ်ရမယ်။ လူဦးရေ တိုးပွားဖို့ဆိုရင် မြန်မာပြည်မှာ ဘုန်းကြီးတွေ သိပ်များနေတယ်။ ဘုန်းကြီးတွေ ယသီလတွေ များတာ မြန်မာပြည်မှာ လူဦးရေ အလွန်လျော့တယ်။ ဂျပန်ပြည်မှာ ဆိုရင် ဘယ်သူမဆို ဘုန်းကြီးဖြစ်ဖြစ် ဘာဖြစ်ဖြစ် ယောကျာ်းမှန်ရင် အသက် ၁၁ နှစ်က ၄၀ အထိ အတန်း ၅တန်း ခွဲလိုက်တယ်။ ပထမတန်းနဲ့ ဒုတိယတန်း ရှိတယ်။ ဒုတိယတန်းမှာက ထပ်ခွဲသေးတယ်။ ဒီနှစ်တန်းက လူတွေ အနည်းဆုံး စစ်မှု ၂ နှစ် ဝင်ထမ်းရသေးတယ်။ ၃ နံပါတ်မှာ ပါတဲ့လူက ကြမ်းတမ်းတဲ့ အလုပ် များကို မလုပ်ဘဲ စာရေးစာချီအလုပ်များကို လုပ်ရတယ်။ စတုတ္ထတန်းကတော့ ဘာမှုအသုံးမကျတဲ့လူတွေကို ထားတယ်။ ပဉ္စမတန်းကတော့ ဆုံးဖြတ်လို့မရသေးတဲ့ လူတွေ ထားတယ်။ အဲဒါ အရင်တုန်းက ဂျပန်ပြည်မှာဆိုရင် (မီဂျီ) ရှင်ဘုရင် မတက်ခင် ဆာမူရိုင်း ဆိုတဲ့ စစ်သားအတန်းအစား ရှိတယ်။ မီဂျီ ရှင်ဘုရင်

www.burmeseclassic.com

www.burmeseclassic.com



လက်ထက်ကျတော့ မီဂျီရှင်ဘုရင်ကြီးက တစ်နိုင်ငံလုံးကို အမိန့်ချပြီး Imperial Reserve ဆိုတာ ထုတ်တယ်။ ဂျပန်ယောက်ျားမှန်သမျှ စစ်သားဖြစ်တယ်လို့ ဆိုတယ်။ ဘုန်းကြီးပါ ပါတယ်။

ကျွန်တော်တို့ တိုင်းပြည်မှာဆိုရင် လူဦးရေတိုးဖို့ဆိုရင် အင်မတန် နစ်နာပါတယ်။ သာသနာပြုရေးဟာ ကျွန်တော့်မျက်စိနဲ့ဆိုရင် သိပ်အရေးမကြီးဘူး။ တစ်ခုကို လုပ်ရင် တစ်ခုကို နှိပ်ပစ်ရမယ်။ ကုန်းတပ်ကြီးချင်ရင် ရေတပ်ကို ချိုးပစ်ရမယ်။ ဒီလိုပဲ ကျွန်တော်တို့တိုင်းပြည် ရှေ့ကို ကြီးကျယ်ချင်ရင် သာသနာရေးကို နှိပ်ပစ်ရမယ်။ မြင့်လို့ရှိရင် ဘယ်နည်းနှင့်မျှ မကြီးကျယ်နိုင်ဘူး။ မလွဲနိုင်တဲ့ တရားကြီးပဲ။ ဒီတော့ တိုင်းပြည်လူဦးရေ တိုးပွားမှုမှာဆိုရင် လူတွေ ကျန်းမာသန်စွမ်းအောင် လူတွေကို စောစောစီးစီး အိမ်ထောင်ကျဖို့ လုပ်ရမယ်။ ဒါကို အစိုးရက ကူညီရမယ်။

လူဦးရေ တိုးအောင်လုပ်ရမယ်။ ယောက်ျားမှန်သမျှ အသက် ၁၈ နှစ်ကစပြီး ဘယ်နှစ်အထိ စစ်မှုထမ်းရမယ်။ ကျောင်းတွေမှာ စစ်စိတ်မွေးရမယ်။ ရေဒီယိုတို့ ပြဇာတ်တို့ ဇာတ်ပွဲတို့နဲ့ ဝါဒဖြန့်ရမယ်။ ဥပဒေလုပ်ရမယ်။ လူတွေကို ဥပဒေနဲ့ချည်း အုပ်ချုပ်ရင်လဲ မဖြစ်နိုင်ဘူး။ လူတွေ နားလည်အောင် ပညာရေးနဲ့ အမျိုးမျိုး အုပ်ချုပ်ရမယ်။ လူကြီးတွေပါ တတ်အောင် သင်ပေးရမယ်။ နောင်ကို ခေတ်သစ်တကယ်ထူထောင်နိုင်မယ့် လူငယ်တွေကို ဆရာတွေက ဖန်တီးပေးရမယ်။ ခု ရှိပြီးသားလူတွေကတော့ တော်တော်ကို တတ်ကြပြီး နားလည်ပါတယ် ဆိုပေမဲ့ အမှန်စင်စစ် နားမလည်ဘူး။ နောက်တက်လာတဲ့လူတွေကျမှ အားကိုးကြရမယ်။ ဒီတော့ နောက်တက်လာမယ့် လူတွေကို ခင်ဗျားတို့က ပြုပြင်ပေးရမယ်။ တိုင်းပြည် မတဲ့အထဲမှာ ခင်ဗျားတို့က အရေးပါတဲ့ လူတွေဖြစ်တယ်။

ယဉ်ကျေးမှုပညာဆိုတာကို ကျွန်တော် မကြိုက်ဘူး။ ဥရောပတိုက်ကို အတုခိုးရင် သူတို့ဦးနောက်ကို အတုခိုးပါ။ သို့ပေမဲ့ သူတို့ကို ယဉ်ယဉ်ကျေးကျေး မဖြစ်စေပါနဲ့။ ယဉ်ကျေးလာရင် ဒီလူမျိုး ရော့သွားတာပဲ။ ပြင်သစ်ပြည်ကြီးဟာ ဥရောပတိုက်မှာ အယဉ်ကျေးဆုံး။ ဒါကြောင့် အသုံးမကျတာ။ ဒီတော့ ကျွန်တော်တို့ လူတွေဟာ ရိုင်းချင်ရိုင်းသွားပါစေ။ ဂျပန်စစ်သားတွေ ရိုင်းတယ် ဘာညာနဲ့၊ အမှန်စင်စစ် ကောင်းတယ်။ ကျွန်တော်တို့လည်းပဲ သူတို့စိတ်မျိုးရှိအောင် လုပ်ရမယ်။ မလုပ်ရင် ညံ့တာပဲ။ ဒီလိုမှမဖြစ်ရင် ဒီတိုင်းပြည် ဘယ့်နှယ်မှ မကြီးကျယ်နိုင်ဘူး။ ရိုင်းချင် ရိုင်းပါစေ၊ ယဉ်ကျေးတဲ့ အတတ်တွေ သင်တာ မကောင်းဘူး။ စိတ်ကြမ်း



လူကြမ်းဖြစ်လာရင် ကောင်းမယ်။ ကျွန်တော်တို့စိတ်ထဲမှာတော့ ရိုင်းရိုင်းနဲ့ တိုင်းပြည် လွတ်လွတ်လပ်လပ် ခေါင်းဆောင်ပြီးနေရတာကို ယဉ်ကျေးပြီး သူများလက်အောက်မှာ နေရတာထက် ကောင်းတယ်လို့ ထင်ပါတယ်။

ယနေ့တော့ ဒါလောက်ပဲ ပြောခဲ့ပါတယ်။ နောက် ပြောမယ်ဆိုရင်လည်း အများကြီး ရှိသေးတာပေါ့။ ဒါလောက်ပဲ ကျွန်တော် ပြောခဲ့ပါတယ်။

နောက်တစ်ခု ပြောစရာ ကျန်သေးတာက ဂျပန်ပြည်က လူတွေဟာ ဥပမာ လူတစ်ယောက်ကို စစ်သားအဖြစ် အစိုးရက ခေါ်လိုက်ရင် (သူ့တပ်ရင်း) ရှိရာသို့ သွားရမယ်ဆိုရင် ဆွေမျိုးသားချင်းနဲ့တကွ ရပ်ရွာအားလုံးက ဘူတာရုံသို့ လိုက်၍ ပို့ကြတယ်။ မြို့ဆိုရင်လည်း မြို့သူမြို့သားများက လိုက်ပို့ကြတယ်။ ဘယ်လောက်ကြီးတဲ့ စစ်ဗိုလ်ကြီးဖြစ်စေကာမူ စစ်မြေပြင်သွားမယ့် စစ်သားအလေးကို ဆလ်ပေးရတယ်။ သူတို့သေသွားရင်လည်း ရာကူနီ အာဇာနည်ဗိမာန်ခေါ် သင်္ချိုင်းကို ပို့ပြီး သူတို့ ဘုရားသခင် ရှင်ဘုရင်ကြီးကိုယ်တိုင် အရိုအသေပြုရတယ်။

□

www.burmeseclassic.com

## နိုင်ငံရေး မဝင်ရ

ဗမာ့လွတ်လပ်ရေးတပ်မတော်သည် အုပ်ချုပ်ရေး၊ နိုင်ငံရေးနှင့်ပတ်သက်၍ အလျှင်းစွက်ဖက်ခြင်း ပြုလိမ့်မည် မဟုတ်။ ဗမာ့လွတ်လပ်ရေးတပ်မတော် ဗိုလ်များနှင့် တပ်သားများသည် ပါတီနိုင်ငံရေး၊ အုပ်ချုပ်ရေးကိစ္စများနှင့်ပတ်သက်၍ ပါဝင်စွက်ဖက်ခြင်း အလျှင်းမရှိစေရ။ ပါဝင်စွက်ဖက်သော တပ်သားနှင့် တပ်ဗိုလ်အား ကျပ်တည်းစွာ အပြစ်ပေးလိမ့်မည်ဖြစ်ကြောင်း။ ငါတို့သည် မြန်မာပြည်၏ လွတ်လပ်ရေးကို ရှေးရှု၍ မြန်မာပြည်၏ ညီညွတ်ရေးကိုသာ အဓိက ထားကြရမည်။

မြန်မာပြည်၏ အုပ်ချုပ်ရေးနှင့်ပတ်သက်၍ ဂျပန်စစ်ဗိုလ်ချုပ်က ယခုအခါ မြန်မာပြည်ခေါင်းဆောင်များအဖွဲ့ ဖွဲ့ပြီးပြီဖြစ်၍ အုပ်ချုပ်ရေးနှင့်ပတ်သက်သော ကိစ္စများအတွက် ငါတို့တာဝန် အလျှင်းမရှိတော့ပြီ။ အုပ်ချုပ်ရေးအာဏာများကို တစ်စုံတစ်ယောက်က ငါတို့တပ်မတော်ထံ လာရောက်တောင်းဆိုလာလျှင် ဆိုင်ရာ အုပ်ချုပ်ရေးနှင့်ပတ်သက်သော အဖွဲ့ကိုသာ ညွှန်ကြားရမည်။ ငါတို့တပ်မတော်က အာဏာပေးအပ်ခြင်း မရှိစေရ။

ဗိုလ်ထောဇ
အထက်မြန်မာပြည် ချီတက်တိုက်ခိုက်ရေး တပ်မတော်မှူးချုပ်
ဗမာ့လွတ်လပ်ရေးတပ်မတော်
၁၃၀၄ ခု၊ နယုန်လဆုတ် ၁၂ ရက်။

□

## သေနင်္ဂဗျူဟာစစ်ပညာ
## (ဥယျောဇဉ်)

အမည်ကျော် ရှေးပညာရှိ လက်ဝဲသုန္ဒရအမတ် ရေးသားစီရင်အပ်သော သေနင်္ဂဗျူဟာ စစ်သမိုင်းနှင့် ဗျူဟာစက္ကိပျို့ နှစ်ရပ်ကို တည်းဖြတ်သူ ဦးဘသောင်းက ပေးပို့လိုက်သဖြင့် ဖတ်ရှုကြည့်ရပေသည်။ အထူးဝမ်းမြောက်လှပေ၏။ ယခင်က သေနင်္ဂဗျူဟာကျမ်း မြန်မာဘာသာဖြင့် ရှိသည်ကို သိရှိခဲ့၏။ သို့သော် ရှာလည်း မရှာအား။ တွေ့လည်း မတွေ့ခဲ့။ အချိန်ကလည်း မရောက်သေးသည်နှင့် အခြား ကိစ္စများကို လှေလာခဲ့ရသည်။ လွန်ခဲ့သော သုံးနှစ်ခန့်က မြန်မာနိုင်ငံ လွတ်လပ်ရေး အတွက် နယ်ချဲ့အင်္ဂလိပ်အစိုးရအား လက်နက်ဖြင့် ထူထောင်ခြားနားနိုင်ရန် လိုအပ်သော လက်နက်ခဲယမ်း မီးကျောက်များ ရရန်နှင့် စစ်ပညာဗဟုသုတ တိုးပွားရန်အလို့ငှာ ကျွန်ုပ်သည် မြန်မာနိုင်ငံမှ ဝရမ်းပြေးပြီး တိတ်တဆိတ် နိပ္ပွန်နိုင်ငံသို့ ထွက်သွားခဲ့၏။ နိပ္ပွန်နိုင်ငံတွင် စစ်ဘက်ဆိုင်ရာ စာအုပ်အချို့ကို အင်္ဂလိပ်ဘာသာဖြင့် တွေ့၍ ဝယ်ဖတ်ကြည့်၏။ ထိုစာအုပ်များအနက် (ROOTS OF STRATEGY) ခေါ် စာအုပ်တွင် ကမ္ဘာအရပ်ရပ်မှ ထိပ်သီးစစ်သူကြီးနှင့် စစ်ပါရဂူတို့၏ ရေးသားဖွယ်ရာ စစ်ဗျူဟာအကြောင်း ရေးသားချက်များကို ဖတ်ရှုရပေသည်။ ထိုစာအုပ်မှာ နှစ်ပေါင်း ၃၀၀၀ ကျော်က တရုတ်နိုင်ငံတွင် ဆွန်ဇူး ခေါ် စစ်ပါရဂူကြီး၏ မှတ်ချက်မှ အစပြု၍ ခေါမ၊ ရောမ၊ ဥရောပ နိုင်ငံတို့၌ ကျော်ကြားခဲ့သော စစ်ပါရဂူများ၏ အရေးအသားများနှင့်တကွ ယခုခေတ် ဟစ်တလာ၊ မူဆိုလီနီတို့ မပေါ်မီ

www.burmeseclassic.com

www.burmeseclassic.com



ဥရောပတစ်တိုက်လုံး တုန်လှုပ်ချောက်ချားစေခဲ့သော နပိုလီယံစစ်သူကြီး၏ ဥပဒေသများဖြင့် အဆုံးသတ်ထားပေ၏။ တရုတ် စစ်ပါရဂူ ဆွန်ဖူး၏ သေနင်္ဂဗျူဟာ သံခိပ်သည် အနှစ် သုံးထောင်ကျော်မျှ ဟောင်းခဲ့လင့်ကစား စကားများမှာ ယခုတိုင် သစ်လျက်ရှိသေးသည်။ ယခု မဟာအရှေ့အာရှနယ်အဝန်းတွင် လက်ရုံး မီးတောက် လျက်နေသော နိပွန်နိုင်ငံတော်ကြီးသည် စစ်မှုစစ်ရာတွင် ဤ တရုတ်ပါရဂူကြီး ဆွန်ဖူး၏ နည်းနိဿယ သြဝါဒများကို အထူးလိုက်နာကြောင်း ထိုစာအုပ်မှ မှတ်ခဲ့ရ၏။ အရှေ့တိုင်းသားဖြစ်သော စစ်ပါရဂူ ဆွန်ဖူး၏ သေနင်္ဂဗျူဟာကျမ်းကို ကမ္ဘာ့ထိပ်သီး စစ်ရေးစစ်ရာ စာပေတွင် တင်ရကြောင်း သိရသည့်အခါ အထူးအားရ၏။ အားတက်၏။ ဝမ်းမြောက်၏။ အရှေ့တိုင်းနိုင်ငံများတွင် ကမ္ဘာ့ယဉ်ကျေးမှုစကြောင်း တက္ကသိုလ် ကျောင်းတွင် နေစဉ်က ရာဇဝင်စကား သိရှိခဲ့ရသော်လည်း နှစ်ပေါင်း နှစ်ရာ သုံးရာမျှ အောက်ကျနောက်ကျဖြစ်နေသော အရှေ့တိုင်းအာရှသားပီပီ (နိပွန် မပါ) အာရှသွေး အာရှမာန်တို့မှာ အမှတ်မဲ့ အေးစက်စက်နေခဲ့ရာ ဆွန်ဖူးကို တွေ့မှ ပြန်နိုးလာတော့သည်။ တို့ အရှေ့အာရှလည်း ဘယ်ဘက်ကမှ မညံ့ပါဘူး။ ဤသို့ ကျွန်ုပ် အားတက်မိပေ၏။

ထိုအခါတွင်မှ မြန်မာနိုင်ငံ၏ ရာဇဝင်ကို ပြန်ပြောင်းသုံးသပ်မိပေသည်။ စစ်သူကြီး မဟာဗန္ဓုလအား အင်္ဂလိပ် ရန်သူများကပင် စစ်ပါရဂူ စစ်ဇတာဒဂ်ရဟု ခေါ်ခဲ့ကြသည် မဟုတ်လော။ မဟာဗန္ဓုလစစ်သူကြီး၏ ရခိုင်ပြည်နယ် အစွန်အဖျား ရာမူးမြို့ (ပန်းဝါ) မှ သားရဲတိရစ္ဆာန်တို့ဖြင့် ထူပြောသော တောတောင်အတန်တန်ကို လမ်းမရှိ ပန်းမရှိ ရန်ကုန်အရောက် ကျော်ဖြတ် ချီတက်လာခဲ့ရပုံမှာ ရန်သူ လက်ဖျား ခါရ၍ ကမ္ဘာ့ရာဇဝင် ရောမတိုင်းစစ်သူရဲ စစ်သူကြီး ဟန်နီဗော် (Hannibal) ၏ စစ်ချီခြင်းကဲ့သို့ မော်ကွန်းတင်ထိုက်ပေသည် မဟုတ် ပါလော။ ဗန္ဓုလ စစ်သူကြီး၏ ဓနုဖြူ ခံတပ်မှာ ချီးမွမ်းအပ်သော စစ်အင်ဂျင်နီယာ (ဗိသုကာ) အတတ်အဖြစ်ဖြင့် မော်ကွန်းမထိုးအပ်ပါလော။ ဘုရင့်နောင်ကျော်ထင် နော်ရထာ၏ ပြည်မြို့တိုက်ပွဲ စိတ်ဓာတ်မှာ ယခု ကမ္ဘာတွင် ဗိုလ်စွဲနေကြသည့် နိပွန်၊ ဂျာမနီ အစရှိသည်တို့၏ စိတ်ဓာတ်မျိုးပင် မဟုတ်ပါလော။ ယိုးဒယား၊ အာသံ၊ မဏိပူရတို့ကို သွားရောက် တိုက်ခိုက်စဉ်က တို့မြန်မာများ၏စိတ်ဓာတ်သည် ဤ ရဲရဲတောက် ကြွခိုင်သော စိတ်ဓာတ်မျိုးပင် မဟုတ်ပါလော။ ဆင်ဖြူရှင်မင်းတရားလက်ထက် ယူနန်နယ်စပ် တို့တွင် တိုက်ခိုက်ကြစဉ်က ရန်သူ တရုတ်များက မြန်မာ့အစွမ်းသတ္တိကို ချီးမွမ်း ခဲ့ကြရသည် မဟုတ်ပါလော။ အရင် ကမ္ဘာစစ်ကြီးတွင် အသုံးပြုခဲ့သည့် မြေကတုတ် တိုက်ပွဲများကို မြန်မာများက စတင်ကျင့်ခဲ့သည် မဟုတ်ပါလော စသည်ဖြင့်



အားဖြေကာ အားတက်ခဲ့ပေသည်။ သွေးကြွခဲ့ပေသည်။ သို့နှင့် ကျွန်ုပ်သည် မြန်မာ နိုင်ငံသို့ ဗမာ့လွတ်လပ်ရေးတပ်မတော်တွင် ဦးစီးကာ ပြန်ရောက်လာသောအခါ၌ မြန်မာ့စစ်စကား၊ စစ်သံ၊ စစ်မိန့်၊ စစ်နည်းများကို ဖော်လို၍ သေနင်္ဂဗျူဟာကျမ်းကို ရှာဖွေခဲ့သည်။ ကွယ်လွန်သူ ဝန်ကြီးဟောင်း ဦးဘဦးထံမှ အင်္ဂလိပ်လို တစ်ပိုင်းတစ်စ ဦးဘဦးကိုယ်တိုင် ဘာသာပြန် ရေးသားထားချက်ကို ရပေသည်။ ထို့နောက် သခင် ကိုယ်တော်မှိုင်းထံမှ သုဓနုဇာတ် (မန္တလာ ဦးကေလာသ ဆရာတော်ရေး) နှင့် ဟိတောပဒေသာ ဘာသာပြန် (ဝိဂ္ဂဟ ကဏ္ဍ) စာအုပ် နှစ်အုပ်ကို ဖတ်ရှုရပေသည်။ ယခုတစ်ဖန် ဦးဘသောင်း တည်းဖြတ်အပ်သော အနည်းငယ် ပိုမိုစုံလင်သော ဤကျမ်းများကို တွေ့လာရပေသည်။

ကမ္ဘာ့စစ်ပါရဂူတို့၏ အရေးအသား အပြောအဆိုများ၊ ကမ္ဘာ့စစ်ကျမ်း အရပ်ရပ်များကို လေ့လာကြည့်က နောက်ဆုံးတွင် သေနင်္ဂဗျူဟာ၏ တရားကိုယ် အချက်အလက်တို့မှာ ယဉ်ကျေးမှု အခြေအနေပြောင်းသည့်အလျောက် အသွင်ပြောင်း၊ အမြင်ပြောင်း၊ အမည်ပြောင်းလာခဲ့သော်လည်း ယခုတိုင် အတူတူပင်ဖြစ်ကြောင်း တွေ့ရပေမည်။ ဥပမာအားဖြင့် စစ်အင်္ဂါ ခုနစ်ပါးကို ယခုအခါ စစ်တိုက်ရာတွင်လည်း လိုက်နာတန်သလောက် လိုက်နာကြရသည်။ စစ်ဦးခေါင်း သို့မဟုတ် စစ်လျင်စစ်များမှာ တင်းထောက် ရှေ့ပြေးတပ်သဖွယ်ပင် ဖြစ်သည်။ ယခုအခါတွင် စစ်လျင်စစ်များ နေရာကို လေတပ်ဖြင့်သော်လည်းကောင်း၊ စစ်ယန္တရား (Tank) အပေါ်စားတပ်ဖြင့် သော်လည်းကောင်း၊ မော်တော်ကားတပ် မြင်းတပ်ဖြင့်သော်လည်းကောင်း စေလွှတ်မည် ဆိုသော် သဘောမှာကား အတူတူလိုပင်ဖြစ်ပေသည်။ ဥပမာ ဂဠုန်တောင်ကဲ့သို့ ခင်ထိုးခြင်းမျိုးမှာ ယခုတိုင် သုံးနေရသော အခြေခံ စစ်ထိုးပုံပင် ဖြစ်သည်။

(Encirclement Strategy, Enveloping Tactics) ရန်သူအား ဝိုက်သိမ်း၍ ဝိုင်းဝန်း၍၊ ဘေးပန်း၍ တိုက်နည်းသည် ယခုတိုင် သုံးနေရသော သမားရိုးကျ ဘက်ဟောင်းနည်းစနစ်ပင် ဖြစ်သည်။ ယမန်နှစ်က နိပွန်တို့သည် မြန်မာပြည်တွင် အင်္ဂလိပ် ချွန်ကင်း ရန်သူများကို ဤနည်းဖြင့် တိုက်ခိုက်လိုက်ရာ အထက်မြန်မာနိုင်ငံကို အလွယ်တကူ သိမ်းပိုက်နိုင်ခဲ့သည်။ မန္တလေးမြို့ ကျပြီးနောက် ရန်သူများသည် လားရှိုး၊ ဗန်းမော်ဘက်မှလည်းကောင်း၊ မုံရွာ၊ ကရင်နီ၊ အထက် ချင်းတွင်းဘက်မှ လည်းကောင်း၊ ပိုက်သိမ်း ပိတ်ဆို့ခြင်း ခံရမှန်းသိသည်နှင့်တစ်ပြိုင်နက် အိန္ဒိယနိုင်ငံ ဘက်သို့ အနည်းငယ်မျှသော ရန်သူတပ်သားများသာ ပြေးလွှားနိုင်တော့သည်။ ထိုးဖောက်တိုက်နည်းသည် ခေတ်တလာသုံးသော ဂျာမန်(Infultrationtactics)စစ်မိရာ ထိုးဖောက်တိုက်နည်းသည်

www.burmeseclassic.com



ဥဿဘဗျူဟာ စစ်ထိုးပုံနှင့် ဆင်ဆင်ပင်ဖြစ်သည်။ ယခုခေတ် စစ်ဆင်၊ စစ်တက်၊ စစ်ထိုးခြင်းကိစ္စများ အလွန်ကျယ်ပြောလာ၍ နည်းများ၊ လက်နက်များမှာ ကမ္ဘာ့ယဉ်ကျေးခြင်း၏ အဆင့်အတန်းမြင့်သလောက် မြင့်လာ၍ အထူးပြောင်းလဲလာရကား စစ်ဗျူဟာ့အရပ်ရပ်၌ အခြေခံသဘောအားဖြင့် တူသော်လည်း အသွင်အားဖြင့် အထူးပြောင်းလဲလာသည်။ သို့သော် (HITLER SPEAKS) ဆိုသည့် ဟစ်တလာ၏တပည့်ဖြစ်ဖူးသူ ရော့ရှနီ ခေါ် ပုဂ္ဂိုလ်ရေးသည့်စာအုပ်တွင် ဟစ်တလာက စစ်ဗျူဟာ ဆိုသည့်မှာ ရှေးရှေး ရဟူဒီကျမ်းများတွင်ကြည့်ကလည်း အတူတူပင်ဖြစ်ကြောင်း၊ ပရိယာယ်ဝေဝုစ် ဉာဏ်ထုတ်လျှင်ဖြစ်နိုင်ကြောင်း စသည်ဖြင့် ပြောပြရာ ယခု ဟစ်တလာအသုံးပြုနေသည့် ဘလစ်ဇကရီ လျှပ်စစ်ကဲ့သို့ လျင်မြန်စွာ စစ်ထိုးခြင်းမှာ အမည်ဆန်း၍ နည်းကောင်းလာသော်လည်း ရှေးက ရှိရင်း စစ်ဗျူဟာမျိုးပင်ဖြစ်သည်။ ဝါရိဝေဂ ဗျူဟာနှင့် သဘောဆင်ပေသည်။ ဝါရိဝေဂဗျူဟာ နပိုလီယံ၊ ထို့နောက် ဂျာမန်စစ်ပါရဂူ ကလော့ဇဝိတ်တို့၏ လက်စွဲဗျူဟာမျိုးမှာ ဆင်ဆင်ပင်ဖြစ်သည်။ ထို့ကြောင့် ယခု ခေတ်ပြောင်းအခြေအနေအမျိုးမျိုးကို ထောက်ထားကာ ရှေးကရှိသည့် သေနင်္ဂဗျူဟာကျမ်းမျိုးကိုလည်း လေ့လာအပ် လေ့လာထိုက်သည်သာတည်း။ ကိုယ့်မြန်မာစာဖြစ်လျှင် အရှော်စားဟု အရမ်းမယူဆကြဘဲ မကောင်းရာနတ် လိုရာဖြည့်၍ လေ့လာအပ်ကြပေသည်။

စစ် ဆိုသည်မှာ အနုနည်းနှင့် ဆောင်ရွက်မရ၍ အခြားနည်းကို သုံးရသော နိုင်ငံရေးတစ်မျိုးပင်ဖြစ်သည်ဟု ကလော့ဇဝိတ်က ဆိုဖူးလေသည်။ စစ်ရေးစစ်ရာမှာ စစ်ဗျူဟာမျှသာမဟုတ်၊ အလွန်ကျယ်ဝန်းပေသည်။ ယခုခေတ်တွင် သာ၍ပင် ကျယ်ဝန်းပေသည်။ စစ်သူကြီးလုပ်သူသည် နိုင်ငံရေး၊ စစ်မက်ရေး၊ စီးပွားရေး၊ ကမ္ဘာ့အရေး အရပ်ရပ်ကို နှံ့စပ် သိမြင်ရပေသည်။ စစ်တိုက်အဖွဲ့အစည်းသည် အစိုးရအဖွဲ့အစည်းအတိုင်းပင် ဖြစ်သည်။ စစ်တိုက်သူ၊ စစ်အင်အားဖြည့်သူ၊ စစ်ရိက္ခာထောက်ပံ့သူ၊ စစ်အုပ်ချုပ်ရေး စီမံသူ၊ မိုးလေဝသနားလည်သူတို့နှင့်တကွ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ရထား အမျိုးမျိုး၊ ကား၊ ဆိုင်ကယ်၊ လေယာဉ်ပျံ၊ စစ်သင်္ဘော အစရှိသည်ဖြင့် မြောက်မြားစွာ ပါရှိရလေသည်။

ထို့ကြောင့် စစ်ရေးစစ်ရာမည်သည် များပြားလှသည်။ ဥပမာ စစ်တိုက်ရာ၌ မသတ်ရသောသူ လေးပါး (ရန်သူ စစ်ပြေး၊ လက်နက်ချသောသူ၊ မိန်းမ၊ ရဟန်း) တို့ကို သုဓနုဇာတ်တွင် ပိုင်းခြားပြထားရာ အထူးမှတ်ကောင်းသည်။ ယခုခေတ်တွင် (International Law) နိုင်ငံတကာ လိုက်နာရသည့် စည်းကမ်းဥပဒေများကို

www.burmeseclassic.com



စစ်တိုက်ရာတွင် လိုက်နာရပေသည်။ အထက်ပါ အချက်များမှာ ဤစည်းကမ်းဥပဒေတွင် ပါသော စစ်တိုက်ရာတွင် မသတ်အပ်သူများနှင့် အတော်ပင် တူပေသည်။ ဦးသာသောင်း တည်းဖြတ်သော (Military History) ပို့များကို ဖတ်ကြည့်ရာတွင် ဒုတိယပို့တွင် စစ်ရာဇဝင်သဘော အချက်အလက်များ ပါပေသည်။ ထို့ကြောင့် ဤထက်စုံလင်သော စစ်ကျမ်းများကို မြန်မာစာပေမှ နောက်ထပ်ထုတ်နိုင်လိမ့်ဦးမည်ဟု မျှော်လင့်ပါသည်။

ယခုအခါ စစ်တိုက်ခိုက်ကြခြင်းတွင် ရှေးကကဲ့သို့ စစ်မျက်နှာတွင် စစ်ပြင်ရသော စစ်သည်တော်များသာမက စစ်နောက်ပိုင်း နိုင်ငံသူ နိုင်ငံသားများပါ အနည်းနှင့် အများ ပါဝင်လာရပြီဖြစ်သဖြင့် မြန်မာနိုင်ငံကဲ့သို့ လက်နက် စစ်အင်အား ချို့တဲ့နေ၍ လူဦးရေနည်းသော နိုင်ငံအဖို့မှာ စစ်ရေးကိစ္စတွင် ရှေ့တန်း စစ်သည်တော်ကိုနင့်သာ လွှဲအပ်မထားဘဲ နိုင်ငံသူ နိုင်ငံသားများပါ ဝင်ရောက်ဆောင်ရွက်နိုင်ရန် အသင့်ရှိသင့်ကြပေသည်။ စစ်သူကြီးသည် နယ်မြေတစ်ခုကို သိမ်းပိုက်နိုင်လင့်ကစား ထိုနယ်မြေရှိ လူများကို အုပ်ထိန်းစိုးပိုင်နိုင်ရန်မှာ မလွယ်ကူပေ။ ထို့ကြောင့် ဤဗမာအစည်းအရုံးတိုင်းသည် အရေးကြုံက သက်လုံကောင်းအပ်သည့်အလျောက် စစ်ရေးစစ်ရာများကို လေ့လာနိုင်သမျှ လေ့လာထားစေလို။

□

www.burmeseclassic.com

www.burmeseclassic.com

## ဗိုလ်ချုပ်ပါဝင်သော အစိုးရအဖွဲ့

**၁၉၄၃ ခု ဩဂုတ်လ ၁ ရက်**
**၁၃၀၅ ခု ဝါခေါင်လဆန်း ၁ ရက်**

ထိုနေ့ တနင်္ဂနွေနေ့တွင် ဂျပန်စစ်သေနာပတိက ဂျပန်စစ်အုပ်ချုပ်ရေးကို ရုပ်သိမ်းလိုက်သည်။ ယနေ့မှစ၍ မြန်မာနိုင်ငံတော်သည် လုံးဝ လွတ်လပ်၍ အချုပ်အခြာအာဏာပိုင် နိုင်ငံတော်ဖြစ်ကြောင်း နံနက် ၈ နာရီတွင် ဗန္ဓုလ ဦးစိန်က အခမ်းအနားနှင့် ကြေညာသည်။

ထို့နောက် မြန်မာနိုင်ငံ အစိုးရအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းလိုက်သည်။ အစိုးရအဖွဲ့တွင် ပါဝင်သော ပုဂ္ဂိုလ်များမှာ

၁။ ဒေါက်တာဘမော် (နိုင်ငံတော်အဓိပတိ)
၂။ သခင်မြ (ဒုတိယဝန်ကြီးချုပ်)
၃။ ဒေါက်တာသိန်းမောင် (ဘဏ္ဍာရေး)
၄။ ဦးထွန်းအောင် (ပူးပေါင်းဆောင်ရွက်ရေး)
၅။ ဦးဘဝင်း (ပြည်ထဲရေး)
၆။ ဗန္ဓုလဦးစိန် (ကြီးပွားရေးနှင့် ဝါဒဖြန့်ချိရေး)
၇။ ဦးလှဖေ (သစ်တောနှင့် သတ္တု)
၈။ သခင်သန်းထွန်း (မြေနှင့် လယ်ယာစိုက်ပျိုးရေး)
၉။ ဦးသိန်းမောင် (တရားရေး)
၁၀။ ဦးမြ (ကုန်သန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှု)



၁၁။ ဦးလှမင်း (ပညာရေး ကျန်းမာရေး စည်ပင်သာယာရေး)
၁၂။ ဦးအေး (အခွန်တော်ဌာန)
၁၃။ သခင်နု (နိုင်ငံခြားရေး)
၁၄။ ဗိုလ်ချုပ်အောင်ဆန်း (ကာကွယ်ရေး)
၁၅။ သခင်လေးမောင် (လမ်းပန်းဆက်သွယ်ရေးနှင့် ဆည်မြောင်းတာတမံ)

တို့ ဖြစ်လေသည်။

ဂျပန်ခေတ်တွင် လွတ်လပ်ရေးကို ကြေညာပြီးသည့် ထိုနေ့တွင်ပင် နေ့လယ်အချိန်၌ အဓိပတိ ဒေါက်တာဘမော်က အင်္ဂလိပ်နှင့် အမေရိကန်တို့အား မြန်မာပြည်က စစ်ကြေညာကြောင်း ကြေညာစာတမ်းကို ဖတ်သည်။

ထိုနေ့တွင် ဒေါက်တာဘမော်နှင့် မြန်မာပြည်ဆိုင်ရာ ဂျပန်သံအမတ် ရင်ဒိုဆာဝါဒါတို့သည် မြန်မာ ဂျပန် မဟာမိတ်စာချုပ်ကို လက်မှတ်ရေးထိုးသည်။

□

www.burmeseclassic.com

www.burmeseclassic.com

## မြန်မာ့လွတ်လပ်ရေး အရေးတော်ပုံ

၁၉၃၈ ခု၊ အောက်တိုဘာလတွင် တို့ဗမာအစည်းအရုံးသို့ သခင်အဖြစ် စာရင်းသွင်းခဲ့၏။ ဥပဒေတန်း၌ စခန်းကုန်သင်ရန် ကိစ္စကိုလည်းကောင်း၊ ကျွန်ုပ်၏ ရှေ့အလားအလာများကိုလည်းကောင်း တစ်ပါတည်း အပြီးသတ် ဖွန့်လွှတ်လိုက်ကာ ကျွန်ုပ်သည် ဩဂုတ်လအတွင်း နှစ်ဝက်ကျောင်းပိတ်ရက် ရသည့်အခါမှစ၍ တက္ကသိုလ်ကျောင်းတော်ကြီးမှ ထွက်ခဲ့၏။

ဥရောပတိုက်တွင် မြူနစ်အရေး ပေါ်ပေါက်လာခြင်းသည်ပင် ဒုတိယကမ္ဘာစစ်ကြီး မလွဲဖြစ်ရမည့်အရေးကို ကျွန်ုပ် အသိဉာဏ်အတွင်း ထင်းခနဲ ပေါ်စေတော့၏။ ထို့ထက်စောစွာကပင် ၁၉၃၉–၄၀ ခုလောက်၌ ကမ္ဘာစစ်ဖြစ်မည့်အရေးကို ကျွန်ုပ်တို့တစ်စု တွက်ဆပြီးဖြစ်၏။ ထိုအချိန်လောက်တွင် လက်နက်ဖြည့်တင်းရေးကိစ္စများသည် နိုင်ငံကြီးများ၌ လုံးဝပြီးစီးမည်ဖြစ်သောကြောင့်လည်း ကမ္ဘာနှင့်အမျှစစ်မီး လောင်ကျွမ်းချိန်တွင် တို့မြန်မာများ မည်သို့ ခြေလှမ်းကြမည်ကို ကျွန်ုပ်တို့လူစု မတွေးဘဲ မပြောဘဲ မနေနိုင်ပြီ။ ပြောဆို ဆွေးနွေးကြ၏။

သို့သော် ထိုအခါက ကမ္ဘာစစ်ကြီး မလွဲဖြစ်တော့မည်ကို တွက်ဆမိရုံသာ တွက်ဆမိ၍ ဧကန် အတိအကျကား ပြောဆိုနိုင်ခဲ့သည်မဟုတ်သော်လည်း မြူနစ်မြို့၌ အင်္ဂလိပ်နန်းရင်းဝန်ကြီး ချိန်ဘာလိန်သည် မိမိနိုင်ငံတော်ကြီး၏ဂုဏ်သိက္ခာကိုမျှ မငဲ့မထောက်ညှာနိုင်ရှာတော့ဘဲ ဟာရ်ဟာစ်တလာ ကျေအေးနှစ်သိမ့်ရေးအတွက် ဦးနှိမ်လိုက်သည့်အခါတွင်ကား ကမ္ဘာစစ်ကြီး တံခါးမ၌ ဆိုက်ရောက်နေပြီဖြစ်ကြောင်းကို သည်းထိတ်ရင်ဖို သိရှိရလေတော့သည်။



ကမ္ဘာစစ်ကြီး အမှန် ဖြစ်ချေတော့မည်။ မြန်မာ့အခြေကား အသို့နည်း။ မြန်မာတွေ ဘာလုပ်ကြမည်နည်း။ ဤပြဿနာများကား ကျွန်ုပ်ရှေ့တွင် အလွန်ကြီးသော စစ်သီကြီး ပေါ်လာလေတော့၏။ တစ်ခုတည်းသော အခွင့်အရေးကို ရတ်ခြည်း ကျွန်ုပ် မြင်လိုက်၏။

ငါ့အတွက် ဖြစ်လိုရာ ဖြစ်စေတော့။ နိုင်ငံရေး ဂယက်ဝဲအတွင်းသို့ ခြေစုံပစ်၍ ခုန်ဆင်းကာ ငါ၏နိုင်ငံ လွတ်လပ်ရေးအတွက် မနေမနား ဖွန့်စားလုံးပမ်းတော့အံ့။

ဤအခွင့်အရေးကို သန်သန်ကြီး မြင်လိုက်မိတော့၏။ မည်သူသည် ဤသို့ အခါကောင်း အခွင့်ထူး ရွှေလမ်းကြီး ဖြူးနေသည့်အခိုက်မျိုးတွင် ကိုယ့်နိုင်ငံအတွက် ဖွန့်စားရေးကို လက်လွှတ်ခံနိုင်ခြိမ့်မည်နည်း။ ဟိုသစ္စာ၊ ထိုစကား မှန်၏။ ကျွန်ုပ်အတွက် မှန်လှ၏။ ကျွန်ုပ် လက်လွှတ်မခံ။ စွမ်းအားရှိသလောက် ကိုယ့်လူမျိုးကြုံတွေ့နေရသော ကြမ္မာဆိုးကို ကပြောင်းကပြန် မှောက်လှန်ထုတော အမြစ်ပါ နုတ်၍ ခြေတော့အံ့။ သခင်အစည်းအရုံးမှတစ်ဆင့် နိုင်ငံ လွတ်လပ်ရေးတိုက်ပွဲတွင်းသို့ ကျွန်ုပ် စတင် သက်ဆင်းမိခဲ့လေသည်။

ကျွန်ုပ် သခင်ဘဝတွင်း ဆင်းမိသည်နှင့်တစ်ပြိုင်နက် သပိတ်မှောက်မှု၊ ဒီတန်းလမ်းလျှောက် အင်အားပြမှု တော်လှန်ရေး ဒီလှိုင်းတံပိုးတို့သည် တစ်နိုင်ငံလုံး လွှမ်းသွားခဲ့လေသည်။ ဗြိတိသျှအစိုးရကလည်း ထကြွမှုများကို ငဲ့ညှာမရှိ ပြင်းထန်စွာ တန်ပြန်တိုက်လေတော့၏။ ကျွန်ုပ်နှင့်တကွ ကြံရာပါ ဖော်တစ်သင်းသည် (ကျွန်ုပ်တို့ကို ဖမ်းချုပ်လိုက်သည့် အင်္ဂလိပ်ပုလိပ်မင်းကြီးစကားအတိုင်း သုံးရက) အစိုးရအဖွဲ့ကို အင်နှင့်အားနှင့် တော်လှန်လုပ်ကြံမှုဖြင့် အစစ်အဆေး မရှိ၊ ရန်ကုန်ထောင်တွင်း အတန်ကြာမျှ အကျဉ်းချထားခြင်းခံလိုက်ကြရ၏။ အမှန်မှာလည်း ထို တော်လှန်မှုများတွင် ကျွန်ုပ်၏ အနည်းငယ်မျှသော လက်ရာသည် ပါသည်မှန်၏။ ပြောပလောက်သော လက်ရာကား မဟုတ်လှပါ။ ဤအရေးများသည် အရှိန်ယူနေပြီဖြစ်သော ကမ္ဘာစစ်ကြီးကို အကြောင်းပြု၍ ပေါ်လာရမည့် မဝေးလှတော့သော မြန်မာ့လွတ်လပ်ရေးအရေးတော်ပုံကြီး၊ မဟာအခါတော်ကြီးများအတွက် နိဒါန်းအလေးမျှသာဖြစ်ကြောင်းကို ကောင်းကောင်းကြီး ထင်မြင်မိတော့၏။

### ဥရောပစစ်

ကျွန်ုပ်ထင်သကဲ့သို့ပင် အမှန်ပင် စစ်ဖြစ်ရတော့၏။ ၁၉၃၉ ခု စက်တင်ဘာလ ၃ ရက်နေ့တွင် ဥရောပစစ် စတင်တိုက်လေသည်။ (ကျွန်ုပ်၏ အမှတ်အသား

www.burmeseclassic.com

www.burmeseclassic.com



မမှားပါက) စစ်မကြေညာမီ ၂ ရက်ကပင် တို့ဗမာအစည်းအရုံး၊ ပြည်လုံးဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့၏အထူးအစည်းအဝေးပွဲကိုကျင်းပကာ ပါတီမရွေး မြန်မာ့လွတ်လပ်ရေးကို ချစ်သူအားလုံး ပါဝင်၍ တို့ဗမာအစည်းအရုံးနှင့် ဒေါက်တာဘမော်၏ ဆင်းရဲသားအစည်းအရုံးကို အခြေထားလျက် ဗမာ့ထွက်ရပ်ဂိုဏ်းတစ်ခုတည်ထောင်ရန်ကို ဆုံးဖြတ်ခဲ့ကြလေသည်။ အမှန်ပေါ်ပေါက်လာတော့မည်ဖြစ်သော ကမ္ဘာစစ်ကို ကြိုတင်၍ ဆုံးဖြတ်ချက် ချမှတ်ကြခြင်းဖြစ်၏။ ဤ ဆုံးဖြတ်ချက်အတိုင်းပင် မြန်မာ့ထွက်ရပ် ဂိုဏ်းကြီးကိုလည်း ဖွဲ့စည်းမိလေသည်။ ထိုဂိုဏ်းကြီး ပြန့်ပွားမှုအတွက် အနည်းငယ် မျှသာ စီမံရစဉ်မှာပင် ဗြိတိသျှအစိုးရသည် နိုင်ငံအနှံ့ ဖမ်းဆီးချုပ်နှောင်မှုများကို စတင်ပြုလုပ်လိုက်ရကား အဖမ်းခံရသူများထဲတွင် အရာရောက်သော ထွက်ရပ်ဂိုဏ်းခေါင်းဆောင်များအားလုံးလောက် ပါဝင်သွားလေတော့သည်။

ကျွန်ုပ်ကား တစ်ယောက်တည်း လွတ်ကျန်ရစ်သည်။ ကျွန်ုပ်အား အမှန်ပင် ဖမ်းမည့်အရေးမှာလည်း လျှို့ဝှက်ထားချက်ပင်ဆိုသော်လည်း အများသိပြီး ဖြစ်လေသည်။ ကျွန်ုပ်မှာ ထိုအခါက အိန္ဒိယနိုင်ငံ ရမ်ဂါကွန်ဂရက်အစည်းအဝေး တက်ရောက်၍ ဂန္ဓီ၊ ဂျဝါဟာလာနေရူး၊ ဆုဘတ်စဘိုစ် အစရှိသော ကွန်ဂရက် ခေါင်းဆောင်များနှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံသို့ ပြန်ရောက်စ ဖြစ်၏။

အိန္ဒိယနိုင်ငံတွင် ကျွန်ုပ်တို့ သွားလေရာတို့၌ နောက်က အစိုးရစုံထောက်များ ခြကောင်းကောင်းနှင့် လိုက်နေကြောင်း သိခဲ့၏။ မြန်မာနိုင်ငံသို့ ကျွန်ုပ် ပြန်ရောက်သည် ဆိုလျှင်ပင် ကျွန်ုပ်တို့ အိန္ဒိယတွင် လုပ်ကိုင်ခဲ့သမျှကိစ္စများနှင့်ပတ်သက်သော အစီရင်ခံစာတို့ကို စီရင်စုတိုင်း၌ အရာရှိကြီးများထံ ဝေငှပေးပို့ထားကြောင်း သိရှိရ၏။ သခင်အစည်းအရုံးကို မတရားအစည်းအရုံးအဖြစ် ကြေညာလိမ့်မည် ဟူသော သတင်းများမှာလည်း ပြန့်လျက်ရှိလေသည်။

ပေါ်ပေါက်လျက်ရှိသော အခြေအနေအားလုံးကို ခြုံ၍ ထင်မြင်အောင် ဆင်ခြင်ကြည့်ပြီးနောက် ပေါ်ပေါ်ထင်ထင်မနေဘဲ ခပ်လျှိုးလျှိုးနေခြင်းသာ ကောင်းမည်ဟု တွေးတောမိသည့်အလျောက် ကြုံလာရမည့် အရေးဟူသ၍ကို ရင်ဆိုင်ရန် အသင့် စီစဉ်ရလေသည်။ သို့သော် စီစဉ်သင့်သရွေ့ကို အပြီးအစီး မစီစဉ်ရသေးမီ ကျွန်ုပ်၏ ရဲဘော်အားလုံးလောက်ပင် ထောင်တွင်းရောက်ကုန်ကြလေပြီ။

ခြေရာဖျောက် လျှိုး၍နေရန်ကို လောလောဆယ် ကျွန်ုပ် စီမံရတော့၏။ ခြေရာဖျောက်မိပြီး မကြာမီပင် ကျွန်ုပ်အား ဖမ်းဆီးရန် ဝရမ်းထွက်၍ လာလေတော့သည်။ ဆံခြည်တစ်လုံးကြား လွတ်မြောက်သွားရခြင်းတည်း။ ဤသို့သာ



လွတ်မြောက်ပါက ကမ္ဘာစစ်ကြီး တာရှည်သလောက်မျှသာ မကမူဘဲ ကမ္ဘာ့အရှေ့ပိုင်းတွင် အင်္ဂလိပ်အခြေ သေချာတည်မြဲသည့်အချိန်ထိ ကျွန်ုပ်၏ဘဝကို အကျဉ်းထောင်တွင် မြုပ်နှံခြင်း ပြုရတော့မည်ဖြစ်ရကား အလုပ်မရှိ အချိန်အားသည်နှင့်အမျှ အရေးမပါသည့် ဒေါသကို မျိုသိပ်ကာသာ ဘာကိုမျှ လုပ်နိုင်မည်မဟုတ်သော ဘဝသို့ ရောက်ရတော့မည် အမှန်။

ဤနေရာ၌ ကြားဖြတ်သောအားဖြင့် စိတ်ဝင်စားဖွယ်အဖြစ်အပျက်ကလေးကို ချုပ်၍ ပြောရဦးမည်ဖြစ်၏။ ကျွန်ုပ် တော်လှန်ရေးသမားတစ်ယောက်အဖြစ် ကျောင်းတိမ်းမနေရခင် ရန်ကုန်တက္ကသိုလ် သမဂ္ဂမှ တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့ဝင် လူကြီးတစ်ဦးအဖြစ် ရွေးကောက်တင်မြှောက်ခဲ့၏။ အစည်းအဝေးတစ်ကြိမ်မျှသာ တက်ရောက်နိုင်ခဲ့၏။ ထိုအချိန်မှာပင် ပြင်သစ်နိုင်ငံကြီး မလွဲပြိုအက်ပျက်ပြားမည့် အရိပ်နိမိတ်တို့သည် ထင်ရှားလာလေသည်။ ပြင်သစ်သမ္မတ ဥက္ကဋ္ဌ အမ်းရေနဒ်သည် ရေဘဲလ်ထံသို့ နောက်ဆုံး အသနားခံလိုက်သောအခါတည်း။

ထိုအခါက မြန်မာနိုင်ငံ ပညာမင်းကြီးဖြစ်သော အေးကင်းဘဲလ်သည် တက္ကသိုလ် အုပ်ချုပ်ရေးအဖွဲ့ဝင် ပုဂ္ဂိုလ်တစ်ဦး ဖြစ်၏။ အုပ်ချုပ်ရေးအဖွဲ့၏ အစည်းအဝေးအပြီးတွင် ကင်းဘဲလ်သည် ကျွန်ုပ်အား သူ့ကားနှင့် တင်ခေါ်ခဲ့၏။ အင်္ဂလိပ် အရံစာရင်းဝင် ဗိုလ်မှူးလေး(မေဂျာ)တစ်ယောက်ဖြစ်ရုံသာမက အလွန်ထက်လှသည်ဟု ထင်ရှားသော ကင်းဘဲလ်လိုလူမျိုးတစ်ယောက်က ကျွန်ုပ်အား ဤသို့ ကားနှင့် တင်ခေါ်ခြင်းမှာ အလွန်ထူးခြားလာလေသည်။ ပို၍ထူးခြားချက်ကား ကျွန်ုပ်ကဲ့သို့သော သံမဏိ ဗြိတိသျှ ဆန့်ကျင်ရေးသမားတစ်ယောက်ကို ယခု စစ်ကြီးတွင် အင်္ဂလိပ်အား ကူညီပါရန်အကြောင်း သနားစဖွယ် တုန်ယင်သောအသံဖြင့် တောင်းပန်ခြင်း ဖြစ်လေသည်။ ကျွန်ုပ်က သူ တောင်းပန်သကဲ့သို့ မလုပ်နိုင်သဖြင့် ဝမ်းနည်းလှကြောင်းနှင့် စကားချီကာ အင်္ဂလိပ် နေရှင်စနစ်ကို ဖြိုဖျက်ရန်သာ ကျွန်ုပ် လုပ်ရလိမ့်မည့်အကြောင်းကို ပြန်ပြောလိုက်ရ၏။

## အရှေ့သို့

အရေးတော်ပုံကို ဆက်ရမည်ဆိုသော် ကျွန်ုပ်တို့ ထောင်အပြင်ဘက်တွင် ကျန်ရစ်သူ တစ်စုမှာ စုဝေး စည်းရုံး၍ လက်နက်စွဲကိုင်ကာ တော်လှန်ရေးပြဿနာကို ဆွေးနွေးကြသော်၏။ ကျွန်ုပ်တို့တွက် လက်နက်လည်း မရှိ၊ ဘယ်သို့ လက်နက်ရအောင် ရှာရမည်နည်း။ ဤသို့ ပြဿနာသည် ပေါ်ပေါက်လာလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်လ နှစ်လအခါက ကျွန်ုပ်တို့သည် ဝင်ရိုးတန်း သူလျှို တစ်ယောက်နှင့် တွေ့ဆုံမိကြသဖြင့် နိုင်ငံတွင်းမှနေ၍ အုပ်ချုပ်ရေး ဖျက်ဆီးမှုများကို အနှံ့အပြား ပြုလုပ်ကြရန် စီစဉ်ခဲ့ကြသေး၏။ သို့သော် ထိုအစီအစဉ်များအတိုင်း ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ချေ။ ထိုအတွင်းမှာပင် ကျွန်ုပ်တို့၏အဆက်အသွယ်မှာ နှောင့်ယှက်မှုများကြောင့် ပျက်ပြားသွားရလေသည်။ နောက်ထပ်တစ်ဖန် အဆက်အသွယ်ရအောင် ကြံကြပါသေး၏။ ဆက်သွယ်ရေးတာဝန်ကျသော ရဲဘော်အချို့ အဖမ်းခံကြရပြန်သဖြင့် နောက်ထပ်တစ်ဖန် အဆက်အသွယ်ရရန် အရေးသည်လည်း ပျက်ပြားရပြန်လေသည်။

မြန်မာရော်ဂျာကေးစ်တစ်ယောက် ပေါ်ပေါက်လာမှဖြစ်မည်ဟု ကျွန်ုပ်တို့ အားလုံး သဘောကြိုက်ညီကြ၏။ ကျွန်ုပ်၏ ကိုယ်နှင့် အသက်ကိုပင် မြန်မာ ရော်ဂျာကေးစ်အဖြစ် ယူရန် နိုင်ငံအတွက် စွန့်လှူလိုက်၏။

ထို့ကြောင့် ၁၉၄၀ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့မှာ ဂျာမနီလေတပ်ကြီးက ရာဇဝင်တွင် မကြုံဖူးသော လေကြောင်းစစ်ပွဲကြီး ဆင်နွှဲကာ လန်ဒန်မြို့ကြီးကို တိုက်ခိုက်သောနေ့။ ထိုနေ့တွင်ပင် ကျွန်ုပ်သည် မြန်မာနိုင်ငံတော်ကို တရုတ်သင်္ဘော သားများ စီမံခန့်ခွဲမောင်းနှင်သည့် နော်ဝေပိုင် သင်္ဘောပေါ်တွင် တိတ်တဆိတ် ပုန်းအောင်း ထွက်ခွာလိုက်ပါသွားရလေတော့သည်။

ယခုအခါ တပ်ပေါင်းစုဗိုလ်တစ်ဦးဖြစ်နေပြီဖြစ်သော ရဲဘော်တစ်ဦးလည်း ကျွန်ုပ်တို့နှင့်အတူ ကူညီဖော်အဖြစ် ပါခဲ့၏။ ကျွန်ုပ်ခရီးအဆုံးဌာနမှာ အမွိုင်မြို့ ဖြစ်၍ ထိုမြို့မှနေ၍ ကျွန်ုပ်၏ လုပ်ဆောင်စရာရှိသည့်ကိစ္စအများကို ခန့်ခွဲစီမံရမည် ဖြစ်၏။ ကျွန်ုပ်အဖြစ်ကား သန်းခေါင်လကွယ် တောအုပ်လယ်၌ ရောက်သူပမာ ရှိနေတော့သည်။ ကျွန်ုပ် သွားရမည့်နေရာနှင့်ပတ်သက်၍ ကျွန်ုပ် ဘာတစ်ခုမှ မသိ၊ ငွေလဲ မရှိ၊ မျိုးလဲ မရှိ။ ကမ္ဘာ့အရှေ့ပိုင်းသားသည် အရှေ့ပိုင်းအကြောင်း အတုအယောင်မျှလောက်သာ သိ၏။ သိသမျှလည်း မရေရာလှ။ ဆိုးရွားလေစွ။

တက္ကသိုလ်ကျောင်းတိုက်၌ တက္ကသိုလ်သမဂ္ဂ အိုးဝေမဂ္ဂဇင်းစာတည်းအဖြစ် လုပ်ကိုင်နေစဉ် ဦးဥတ္တမ ကိုယ်တော်ကြီး၏ဟောပြောချက်များကို နာကြားရ၏။ ထိုအခါ အသိဉာဏ်တစ်ခုသည် ကျွန်ုပ်ဦးနှောက်တွင်း ပွင့်လင်းလာ၏။ ထို့ကြောင့် သမဂ္ဂ ကြေညာချက်တွင်လည်းကောင်း၊ အိုးဝေမဂ္ဂဇင်းတွင်လည်းကောင်း နိုင်ငံတော် ပညာတော်သင်များအား အနောက်နိုင်ငံသို့ လွှတ်ရိုးလွှတ်စဉ်အတိုင်း မလွှတ်ဘဲ၊ အရှေ့ ဂျပန်နိုင်ငံသို့သာ လွှတ်သင့်ကြောင်း၊ အရှေ့ကို ရှေးရှုသင့်ကြပြီဖြစ်ကြောင်း



များကို ရေးသားခဲ့ဖူး၏။ မြန်မာနိုင်ငံလုံးအနှံ့ သပိတ်မှောက်မှုများ ပေါ်ပေါက်လာပြီးနောက် ထိုအခါက ဝန်ကြီးချုပ်အဖွဲ့က ပညာတော်သင်များကို ဂျပန်သို့ လွှတ်ခဲ့ပြုခဲ့လေသည်။

ကျွန်ုပ် သခင်ဖြစ်လာသည့်အခါတွင် ကျွန်ုပ်တို့ ယနေ့တိုင် လမ်းလွဲ လိုက်လျက်ရှိကြသည်ကို ထင်မြင်လာ၏။ အာရှနိုင်ငံရေးသဘောများကို နှံ့စပ် အောက်ချားအောင် ရှာဖွေဆည်းပူးသင့်ပါလျက် ကျွန်ုပ်တို့၏ အဖိုးထိုက်လှသော အချိန်များကို မဆီမဆိုင်လှသော အနောက်နိုင်ငံအရေးများကို လေ့လာရခြင်းဖြင့် ဖြုန်းခဲ့ကြမိသည့်အမှားကား ကြီးလှ၏။ ကျွန်ုပ် တက္ကသိုလ်တွင် ပညာဆည်းပူးစဉ်က နိုင်ငံသမိုင်းကို ဘာသာတစ်ရပ်အဖြစ် ယူခဲ့မိ၏။ ထိုသမိုင်းမှာလည်း အနောက်ပိုင်း သမိုင်းသာတည်း။

ကျွန်ုပ်တို့၏ ကိုယ်ပိုင်အမွေဖြစ်သော အလွန်ရှေးကျခဲ့သည့် ယဉ်ကျေးမှုကြီးများ ပေါက်ဖွား တည်ထွန်းရာ တရုတ်နိုင်ငံကြီးနှင့် ခေတ်သစ်နိုင်ငံကြီးဖြစ်သော ဂျပန် စသော အရှေ့နိုင်ငံများ၏အကြောင်းကိုကား ဝိုးဝါး မသေမချာမျှသာ သိခဲ့ရ၏။ မဟာအရှေ့အာရှအကြောင်း၊ အထူးသဖြင့် နီပွန်သမိုင်းကို လေ့လာရန် စိတ်ပိုင်းဖြတ်မိချက်မှာ အထူးသဖြင့် နှောင်းသွားလေသည်။ စာအုပ်ဆိုင်များရှိ စာအုပ်များမှာလည်း အင်္ဂလိပ်၊ အမေရိကန်ဝါဒဖြန့် စာအုပ်များသာဖြစ်၏။ ဂျပန်သည် အင်္ဂလိပ်အား တိုက်ရမည် ဟူသော စာအုပ်တစ်အုပ်သာလျှင် ကျွန်ုပ်စိတ်ကြိုက်နှင့် တိုက်ဆိုင်မိသည်။ ထိုစာအုပ်ကို ဖတ်ပြီးသည်ကစ၍ မြန်မာ့လွတ်လပ်ရေးသည် အရှေ့ဘက်တွင်သာ ရှိ၏၊ အရှေ့ရှိ နီပွန်တို့နှင့်သာ ရှိ၏ ဟူသောအချက်ကို ကျွန်ုပ် များစွာ ယုံကြည် နှလုံးသွင်းမိခဲ့တော့၏။

တက္ကသိုလ်တွင် ရှိစဉ်ကလည်း (ခေတ်သစ်ဂျပန်၏ တစ်စတစ်စ တိုးတက်မှု) (ခေတ်သစ် ဂျပန်) (ဂျပန်နိုင်ငံဖြစ်) နှင့် နိုင်ငံခြားရေးဆိုင်ရာအသင်းမှ ၃ လ တစ်ကြိမ် ထုတ်ဝေသည့် (ခေတ်ပြိုင်ဂျပန်) ခေါ် ဂျာနယ် စသော စာအုပ်များလောက်ကိုသာ ဖတ်ခဲ့ရဖူး၏။ ထို့ကြောင့်ပင် ကျွန်ုပ် အရှေ့သို့ ထွက်လာသည့်အရေးမှာ အမှောင်တိုက်တွင်း သက်ဆင်းသည်နှင့်တူ၏ဟု ကျွန်ုပ် ဆို၏။ လူငယ်တို့ တစ်ရှူးထိုး (ဘုံးတိုက် ကျားကိုက်) စိတ်၏ လှုံ့ဆော်မှုကြောင့်သာ ထွက်ခဲ့မိခြင်း ဖြစ်သတည်း။

အလုပ်အစီအစဉ် ဟူ၍ အတိအကျ ဘာမျှ ရှိမည် မဟုတ်ချေ။ ကျွန်ုပ်တို့၏ မြော်မြင်တတ်သမျှ ဉာဏ်ဖြင့်သာ ကြံရမည့် အရေးဟူသ၍ကို စီမံအုပ်စီးရန် ကျွန်ုပ်တို့၏ ရဲဘော်များက အာဏာကုန် လွှဲအပ်ခြင်း ဖြစ်လေသည်။ အဘယ်သို့ပင်

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်စေ ငါသည် အကယ်၍ သေသွားသည့်တိုင်အောင် မြတ်သော သေခြင်း၊ နိုင်ငံအတွက် သေခြင်းသာ ဖြစ်သည်ဟု ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်ရတော့၏။ ၁၉၄၀ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့တွင် အမွိုင်မြို့သို့ ရောက်ခဲ့လေသည်။

## နီပွန်နိုင်ငံတွင်

အမွိုင်မြို့၌ ၂ လကြာ စောင့်ဆိုင်းပြီးနောက် နီပွန်ဗိုလ်မှူးကလေးတစ်ဦး ကျွန်ုပ်တို့အား အခေါ်လွှတ်ကာ မြန်မာနိုင်ငံရှိ ကျွန်ုပ်တို့၏ရဲဘော်များက ပို့လိုက်သော ကျွန်ုပ်တို့၏ဓာတ်ပုံများကို ပြသလျက် တိုင်ဝမ်ကျွန်းရှိ မစ္စတာမိနာမိ ဆိုသူနှင့် တွေ့လိုစိတ် ရှိ မရှိ မေးလေ၏။ တွေ့ရမည်ဆိုက အထူးဝမ်းမြောက်သည့်အကြောင်း ပြောပြသည်ကို အကြောင်းပြု၍ ကျွန်ုပ်တို့ တိုကျိုမြို့တော်သို့ ၁၉၄၀ ခု၊ နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ရောက်သွားလေတော့သည်။ ကနေဒါ လေယာဉ်ပျံကွင်းတွင် ဗိုလ်မိုးကြိုး (ဝါ) မစ္စတာမိနာမိသည် ကျွန်ုပ်အား သူ့လက်ထောက်တစ်ဦးနှင့်အတူ လာရောက်ကြိုဆိုလျက်ရှိလေသည်။ ကာနယ်စုဇူကီးနှင့်အတူ ကျွန်ုပ်တို့သည် တိုကျိုမြို့တော်၌ ၃ လ ကြာမျှ အလုပ်အစီအစဉ်များကို လုပ်ကိုင်စီစဉ်ကြပြီးနောက် ကုန်သင်္ဘောတစ်စင်းဖြင့် မြန်မာနိုင်ငံသို့ ပြန်ခဲ့၍ ကျွန်ုပ်တို့၏ လုပ်စရာ လုပ်ငန်းများကို သိရှိစေခဲ့ရ၏။

ရန်ကုန်မြို့သို့ ၁၉၄၁ ခု၊ မတ်လ ၃ ရက်တွင် ရောက်၍ မတ်လ ၉ ရက်နေ့ထိ နေ၏။ စစ်ပညာသင်ကြားရန်အတွက် ပထမ နိုင်ငံချစ်လုလင်တစ်စုကို ကျွန်ုပ်တို့နှင့် တစ်ပါတည်း ခေါ်ဆောင်ခဲ့ကာ တိုကျိုမြို့သို့ သင်္ဘောဖြင့် ပြန်လာခဲ့၏။ မတ်လ ၂၇ ရက်နေ့တွင် တိုကျိုမြို့သို့ ရောက်ခဲ့၏။ ၁၀ ရက်ခန့်မျှ တိုကျိုတွင် နေပြီးနောက် စစ်အတတ်သင်ကြားရန် ဟိုင်နန်ကျွန်းသို့ ကျွန်ုပ်တို့ တစ်စု ထွက်ခဲ့ကြလေသည်။ ဇူလိုင်လလောက်တွင် မြန်မာနိုင်ငံတွင်းသို့ လက်နက်များ ပို့ဆောင်ရေးကို မစ္စတာစုဇူကီးနှင့်အတူ ဆောင်ရွက်ရန် ကျွန်ုပ် ဟိုင်နန်မှ ယိုးဒယားသို့ ထွက်ခဲ့လေသည်။ သို့သော် အင်ဒိုချိုင်းနားကို အတူ ပူးပေါင်းကာကွယ်ရေးစာချုပ်တစ်ခုကို နီပွန်နှင့် ပြင်သစ်တို့ ချုပ်ဆိုသည့်အခါတွင်ကား နိုင်ငံချင်းဆက်သွယ်ရေးသည် အတော်ပင် ပျက်ပြားဆိုးရွားလာလေရကား၊ ကျွန်ုပ်မှာ နောက်ပိတ်ဆုံး အစီအစဉ်များကို အပြီးသတ် စီစဉ်ဆွေးနွေးပြုလုပ်ရန် ဟိုင်နန်သို့ ပြန်ခဲ့ရ၏။ ထိုမှတစ်ဖန် တိုကျိုမြို့သို့ သွားရပြန်လေသည်။ အောက်တိုဘာလအတွင်း၌ တစ်ဖန် ဘန်ကောက်သို့ ထွက်ခဲ့ရပြန်၏။ သို့သော် အရှေ့အာရှ စစ်မကြေညာမီ ၂ ရက်လောက်တွင် ဆိုင်ဂွန်း



မြို့သို့ ပြန်ပြေးခဲ့ရ၏။ စစ်ကြေညာပြီးနောက် ယိုးဒယားနေ မြန်မာများနှင့်ပင် ဗမာ့လွတ်လပ်ရေးတပ်မတော် ဖွဲ့စည်းရန်အတွက် ဘန်ကောက်သို့ ပြန်သွားရ၏။

## ဗမာ့လွတ်လပ်ရေးတပ်မတော်

ဗမာ့လွတ်လပ်ရေးတပ်မတော်သည် စစ်ကြောင်း သုံးကြောင်း ဖြန့်ကာ မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်ခဲ့၏။ (တနင်္သာရီနယ်မှ ဝင်သည်) မြောက်ဘက်၌ မဲဆောက်မြို့မှလည်းကောင်း၊ တပ်မကြီးသည် မြစ်သာမှလည်းကောင်း၊ ဝိတိုရိယအငူမှလည်းကောင်း ဝင်ရောက်ခဲ့ကြ၏။ ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ရန်သူ့ သံချပ်ကာ ကားများနှင့်ပင် ပဲခူးအနီး၌ တိုက်ကြရ၏။ မြိတ်မြို့ကို သိမ်းခဲ့၏။ ထားဝယ်သိမ်းရန်ကို နီပွန်တို့အား တွဲဖက်ကူညီပေးခဲ့၏။ ဟင်္သာတတွင်လည်းကောင်း၊ ဖျာပုံတွင်လည်းကောင်း တိုက်ပွဲများကို နွှဲလိုက်လေ၏။ မြစ်ဝကျွန်းပေါ်တစ်ခုလုံးကို သိမ်းရာတွင် ပုသိမ် မြောင်းမြတို့ကို သိမ်းနိုင်ခဲ့၏။ ဒေးဒရဲ၌ လေယာဉ်ပျံ ၂ စင်းကို ပစ်ချခဲ့၏။ ရွှေတောင်တိုက်ပွဲတွင်ကား ပြင်းထန်ရှုပ်ချွံစွာ တိုက်ခိုက်ခဲ့ကြ၏။ ရွှေကျင်မှာလည်း တိုက်ခဲ့သည်။ အထက်နိုင်ငံ သိမ်းယူတိုက်ခိုက်ရေးတွင် ရန်သူများအား စစ်ပရိယာယ်ဆင်၍ ဝိုင်းမိအောင် နီပွန်တပ်မတော်ကြီးအား ကူညီရာ၌ ဧရာဝတီ အနောက်ကြောင်းမှ တွဲဖက်ကူညီပေးခဲ့၏။ နီပွန်တို့နှင့်အတူတိုက်ကာ ရခိုင်ကို သိမ်းကြ၏။ နိုင်ငံတွင်း ငြိမ်ဝပ်ပိပြားမှုကို တစ်ဖက်တစ်လမ်း ကူညီဆောင်ရွက်လိုက်ရပြန်၏။

## ဗမာ့ကာကွယ်ရေးတပ်မတော်

အမြဲတမ်း စစ်တပ်ကြီးတစ်ခု၏ အခြေမျိုးရောက်အောင် ၁၉၄၂ ခု ဇူလိုင်လတွင် 'ဗမာ့လွတ်လပ်ရေးတပ်မတော်' ကို 'ဗမာ့ကာကွယ်ရေးတပ်မတော်' ဟူ၍ ပြောင်းလဲဖွဲ့စည်းလိုက်လေသည်။ ကျွန်ုပ်မှာ တပ်မတော်၏ ဗိုလ်ချုပ်ကြီး ဖြစ်လာခဲ့ရ၏။ ဗမာ့ကာကွယ်ရေးတပ်မတော်သည် ယခုအခါ စစ်မျက်နှာ၌ နီပွန်တို့နှင့်အတူ တွဲဖက်တိုက်ခိုက်နေပေပြီ။

## ငါတို့၏လုပ်ငန်း

မြန်မာနိုင်ငံ၏ ကြမ္မာနှင့်ပတ်သက်၍ ကျွန်ုပ်သည် ဘယ်အခါကမျှ စိတ်ပျက်သောမှု မရခဲ့မိပေ။ အိပ်မက်များတွင်မှာပင် ကျွန်ုပ်သည် ကျွန်ုပ်တို့၏ လွတ်လပ်သော နိုင်ငံအတွက် ယောင်ယမ်းဟို၏။ ဒေါသ ထွက်ခဲ့၏။ ယခုအခါ မြန်မာနိုင်ငံတော်သည်

www.burmeseclassic.com

www.burmeseclassic.com



လွှတ်လပ်ပြီဖြစ်သဖြင့် အထူးနှစ်သိမ့် ကျေနပ်ရတော့၏။ သို့သော် မြန်မာနိုင်ငံတော်သည် အန္တရာယ် ထူပြောလှသော ကမ္ဘာကြီးကို လုံး၀ ကျော်လွန်ပြီ မဟုတ်သေး။ စစ်ကြီးကား တိုက်လျက်ရှိသေး၏။ အရေးတော်ပုံကြီး၏ သည်းထန်သော ဝေဒနာကြီးကို ကျွန်ုပ်တို့ နိုင်ငံသည် ခံရဆဲဖြစ်၏။ အရေးတော်ပုံ အောင်ပြီ ဟူသော ကြွေးကြော်သံကို ကျွန်ုပ်တို့ အော်ကြရန် မသင့်သေး။ မြန်မာတိုင်း မြန်မာတိုင်းအတွက် ကြီးလေးလှသော တာဝန်များသည် ရှေ့တွင် အများအပြားပင် ရှိကြကုန်၏။ ထိုတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်နိုင်မှ အရေးတော်ပုံ လုံး၀အောင်မည် ဖြစ်၏။

ဤသို့သော အချက်အချာ သေရေးရှင်ရေး အခါကြီးမျိုးတွင် အစိုးရ၏ ဉာဏ်စွမ်းဉာဏ်စ တစ်ခုတည်းအပေါ်မှာသာ အားကိုးမည့်အစား မိမိတို့၏ ဉာဏ်စွမ်းဉာဏ်စ၊ မိမိတို့ဘာသာ စည်းရုံးမှု၊ အချင်းချင်း ရိုင်းပင်းကူညီမှုများအပေါ်တွင် အားထားဆောင်ရွက်ကြရန် မြန်မာတိုင်း မြန်မာတိုင်း နားလည်သင့်၏။ နိုင်ငံသူ ပူးပေါင်းဆောင်ရွက်မှု မရှိသော အစိုးရသည် အချည်းအနှီးသာဖြစ်၏။ အထူးသဖြင့် လမ်းပန်းအဆက်အသွယ် ပျက်ပြား၍ အရာရာ ရှားပါးလှသော ခေတ်ဆိုးအခါမျိုးတွင် နိုင်ငံသူ ကူညီရိုင်းပင်းမှု မရှိပါက အစိုးရမှာ ဘာကိုမျှ တတ်နိုင်မည် မဟုတ်။

လက်တွေ့ ထင်ရှားသော သာဓကတစ်ခုကို ပြအံ့။ နိုင်ငံနှင့်အနှံ့ ပျံ့ကာ ရှိသော ဓားပြမှုများကို ကြည့်ပါကုန်။ မြို့ရွာများကို ဓားပြဘေးရန်မှ ကာကွယ်ရန် အတွက် ရဲအဖွဲ့၏ အကာအကွယ်ချည်း အားကိုးနေမည်ထက် မိမိတို့အချင်းချင်း စည်းလုံးကာကွယ်မှုကို ပိုအားထားရမည် မဟုတ်ပါလော။ အသေးအဖွဲကအစ အစိုးရ လိုက်၍စွက်နိုင်မည် မဟုတ်ချေ။ မြို့တိုင်းရွာတိုင်းတွင် မြို့သားရွာသား များသည် မြို့ရွာကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်း ကာကွယ်နိုင်ရမည်။ မိမိရွာနှင့် ဆိုင်ရာနယ်တွင်းမှ၊ မိမိမြို့နှင့် ဆိုင်ရာနယ်တွင်းမှ လူဆိုးကို မိမိတို့ဘာသာ ထိန်းနိုင် ရမည်။ မိမိတို့မြို့ရွာရှိ မရှိနွမ်းပါးသူများ၊ အလုပ်လက်မဲ့သူများကို မိမိတို့ဘာသာ ထိန်းသိမ်းစောင့်ရှောက်နိုင်ပါစေ။ ကာကွယ်ရေး၊ စည်းကမ်းသေဝပ်ရေး၊ စောင့်ရှောက် ကူညီရေး၊ မိမိတို့ကိုယ်ကို အားထားယုံကြည်ရေး၊ လတ်တလော အရေးကြီးသည့် လေကြောင်းရန် ကာကွယ်ရေး၊ မီးသတ်ရေးများကို မြို့တိုင်းရွာတိုင်း ကိုယ့်လူကို ညွှန်ကြား သင်ပြနိုင်ပါစေ။

ဖော်ပြခဲ့သည်တို့မှာ စောင့်ရှောက်ရန်ရှိသမျှကိစ္စများမှ တစ်ခုတည်းမျှကိုသာ အကြမ်းအားဖြင့် ဖော်ပြခြင်းဖြစ်၏။ အကြမ်းသက်သက်မျှသာဖြစ်သည်ကို သတိပြုလော့။ တို့မြန်မာတိုင်း ကိုယ့်ရွာအတွက် တာဝန်ကိုလည်းကောင်း၊ ကိုယ့်နိုင်ငံနှင့်



ဆိုင်ရာ တာဝန်ကိုလည်းကောင်း ကိုယ့်ဘာသာ တွေးဆထားပါလေ။ အရေးကြုံလျှင် ကိုယ့်တာဝန် ကိုယ် ကျေပွန်ရန် အဆင်သင့်ရှိပါစေ။

ဤသို့ စည်းလုံးမှု၊ ကူညီရိုင်းပင်း ဆောင်ရွက်မှုရှိသော လူမျိုးသည် ဓားပြ သားရန်လောက်ကိုသာ မဟုတ်၊ ကိုယ့်နိုင်ငံကို ဝင်ရောက်တိုက်ခိုက်မည့် ရန်သူများ သော်မှ ခုခံနိုင်စွမ်းမည်ဖြစ်ကြောင်းကို (နယ်တစ်နယ်ကို တိုက်ခိုက်သိမ်းယူရန် လွယ်ကူသော်လည်း လူမျိုးတစ်မျိုးကို သိမ်းသွင်းရန် မလွယ်) ဟူသော သေနင် ချုပ် ပရိယာယ်ကျမ်းတွင် အတိအလင်း လာရှိသည့် ဆိုရိုးစကားတစ်ခုက ထင်ရှားစေလေပြီ။

**ဗိုလ်ချုပ်အောင်ဆန်း**

(ဤဆောင်းပါးမှာ ဂျပန်ခေတ် ၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့ထုတ် မြန်မာ့ခေတ် သတင်းစာတွင် ပါရှိသော ဆောင်းပါးဖြစ်သည်။)။

❑

www.burmeseclassic.com

www.burmeseclassic.com

## မြန်မာဘာသာဖြင့် ရေးသားဆက်သွယ်ရန်

မြန်မာနိုင်ငံ စစ်ဝန်ကြီးရုံးနှင့် အဆက်အသွယ်ပြုလုပ်သော မည်သည့် ပုဂ္ဂိုလ်မျိုးမဆို ဆက်သွယ်ပြုလုပ်ရာ၌ အင်္ဂလိပ်ဘာသာဖြင့် မရေးမဖြစ်သော ကိစ္စမှအပ၊ စာအိတ်ပေါ်တွင် နေရပ်ကို ရေးသည်မှအစ အားလုံးသော ကိစ္စများကို မြန်မာဘာသာဖြင့်သာ ရေးသားပေးပို့ကြစေလိုကြောင်း။

အင်္ဂလိပ်ဘာသာဖြင့် ရေးသားပေးပို့သော စာများကို အရေးယူ စဉ်းစားလိမ့်မည် မဟုတ်ကြောင်း။

အောင်ဆန်း (ဗိုလ်ချုပ်)

စစ်ဝန်ကြီး

၁၃၀၅ ခု၊ ဝါခေါင်လဆုတ် ၂ ရက်

❑

## ကမ္ဘာ့အလားအလာ၊ မြန်မာ့အလားအလာနှင့် လူငယ့်တာဝန်

**ရန်ကုန် နေပြည်တော် အရှေ့အာရှတိုက်လူငယ်များအစည်းအရုံးဌာနချုပ်တွင် စစ်သေနာပတိနှင့် စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဟောပြောသည့် မိန့်ခွန်း**

**၁၃၀၆ ခု၊ နတ်တော်လဆန်း ၅ ရက်**

**၁၈-၁၁-၄၄**

ဒီနေ့ ကျွန်တော်ပြောမယ့် ဘာသာရပ်က ကမ္ဘာ့အလားအလာ၊ မြန်မာ့အလားအလာနှင့် လူငယ်များရဲ့ တာဝန်ဖြစ်တယ်။ အဲဒီဘာသာရပ်ကို ပြောရခြင်းကတော့ ယခုအခါမှာ ကမ္ဘာ့အရေးတွေဟာ မြန်မာ့အရေးတွေနဲ့ လာပြီးတော့ အဆက်အသွယ်ရှိတယ်။ တစ်ခုနဲ့ တစ်ခုဟာ အဆက်အသွယ်ရှိတာချည်းပဲ။ လောကကြီးမှာ ဖြစ်ပျက်နေတဲ့ အရာများတွေဟာ တစ်ခုနဲ့တစ်ခု ဆက်စပ်နေတာချည်းပဲ။ ဒါက ကျွန်တော်တို့လောကမှာ ဖြစ်ပျက်နေတာတွေကို ပြောပြရမယ်ဆိုရင် လောကတစ်ခုလုံးမှာ ဖြစ်ပျက်နေတာတွေဟာ အကြောင်းမဲ့သက်သက် ဘာမှမဟုတ်တာကနေပြီး ပေါ်ပေါက်လာတာမဟုတ်ဘူး။ အဲဒီတော့ကာ မြန်မာပြည်ရဲ့အကြောင်း သေသေချာချာ နားလည်ချင်ရင် ကမ္ဘာရဲ့အကြောင်းကို နားလည်ရမယ်။ ကမ္ဘာရဲ့အကြောင်းကို နားမလည်ရင် မြန်မာပြည်ရဲ့အကြောင်းကို နားမလည်နိုင်ဘူး။ အဲဒီလို ကမ္ဘာနဲ့ မြန်မာ အဆက်အသွယ်ရှိတယ်ဆိုတာ ထင်ထင်ရှားရှား ပြောပြရမယ်ဆိုရင် ယခုဖြစ်နေတဲ့ စစ်ကြီးဟာ ကမ္ဘာ့စစ်ကြီးလို့ ခေါ်ရမယ်။ သို့သော်လည်း ဒီစစ်ကြီး စဖြစ်တုန်းက မြန်မာပြည်နဲ့ ဘာမှ မပတ်သက်ဘူး။ မြန်မာပြည်မှာနေတဲ့လူတွေဟာ ကမ္ဘာ့[illegible] ကမ္ဘာသားတွေနဲ့

www.burmeseclassic.com

www.burmeseclassic.com



ရန်ဖြစ်တာမဟုတ်ဘဲနဲ့ နောက်ဆုံး စစ်တလင်းဖြစ်လာရပြီးတော့ ကျွဲနှစ်ကောင်ခတ်တဲ့ကြားက မြေဇာပင်လို ဖြစ်နေတယ်။ အစတုန်းက ဖြစ်ပျက်တာတွေကို အခုဖြစ်ပျက်တာတွေနဲ့ လိုက်ကြည့်မယ်ဆိုရင် တစ်ခုနဲ့ တစ်ခု အဆက်အသွယ်ရှိတယ်။ အကယ်၍ ကမ္ဘာကြီးကို တိုးတက်ဖို့ အရေးတွေက ကမ္ဘာမယ်ဆိုရင် ယခုဖြစ်ပျက်နေတဲ့ အခြေအနေတွေ၊ ရှေးကဖြစ်ပျက်နေတဲ့ အခြေအနေတွေနဲ့ မျှော်တွေးကြည့်လိုက်ရင်၊ အဲဒီအရေးတွေကို သေသေချာချာ နားလည်မယ်ဆိုရင် ရှေးက ဖြစ်ပျက်တဲ့အကြောင်း၊ ယခု ဖြစ်ပျက်နေတဲ့ အကြောင်းတွေနဲ့ နောင် ဖြစ်ပျက်မယ့်အကြောင်းတွေကို မျှော်တွေးတတ်မယ်ဆိုရင် ကျွန်တော်တို့ ဗေဒင် သိုက် တဘောင်တွေ မေးနေစရာမလိုဘူး။

သဘာဝထဲမယ်ကြည့်ရင် ကျွန်တော်တို့ လောကဓာတ်ပညာ ထွန်းကားမှုအစနေပြီး တစ်ဆင့်ထက်တစ်ဆင့် တိုးတိုးပြီး ဖြစ်ပေါ်လာတယ်။ အဲဒီ ဖြစ်ပေါ်လာတာလည်း အကြောင်းမဲ့သက်သက် မဟုတ်ဘဲနဲ့ သူ့အကြောင်းနဲ့ သူ့အကြောင်းဖြစ်ပေါ်လာတာပဲ။ အဲဒီတော့လို့ သိတဲ့အကြောင်းတွေဟာ ဘာနဲ့တူသလဲဆိုတော့ စုံစမ်းထောက်လှမ်းပြီးတော့ ကြည့်ရှုဆင်ခြင်လုပ်ကိုင်တာနဲ့ တူတယ်။ ယခုအခါမယ်ဆိုရင် ကမ္ဘာကြီးတစ်ခုလုံး အဆက်အသွယ်ရှိတယ်။ လေယာဉ်ပျံ၊ မီးသင်္ဘော အစရှိတဲ့ လူများ သွားလာနိုင်ဖို့ နည်းလမ်းတွေ ပေါ်လာတယ်။ တစ်ခုနဲ့တစ်ခု ဆက်စပ်လာတယ်။ အဝတ်အစားမှာလည်း အပူ အအေး ကာကွယ်ဖို့ အဝတ်လိုတယ်။ အာဟာရဖြစ်အောင်က အစားနှင့် အအိပ် လိုတယ်။ အဲဒီလိုလုပ်ရင်းက တဖြည်းဖြည်း တိုးတက်လာကြတယ်။ အနောက်နိုင်ငံမှာရှိတဲ့လူတွေဟာ ကမ္ဘာကြီးအနှံ့အပြားမှာ နေပြီးတော့ ကုန်ကူးသန်းရောင်းဝယ်ကြတယ်။

ဒီလို ကုန်ကူးသန်းရောင်းဝယ်နေရင်းက ကမ္ဘာအနှံ့အပြား လှည့်လည်နေရတော့ ကိုယ့်တိုင်းပြည်အကြောင်းတွေတွင်မကဘဲနဲ့ တခြားတိုင်းပြည်အကြောင်းတွေပါ သိတယ်။ ကိုယ့်တိုင်းပြည်ယဉ်ကျေးမှုပညာကို မသင်ကြားဘဲနဲ့ အခြားတိုင်းပြည်က ယဉ်ကျေးမှုပညာတွေ ရတယ်။ ရောမတိုင်း၊ ခေါမတိုင်း အစရှိတဲ့နေရာတွေက ပညာတွေ ရလာတယ်။ အဲဒီအခါမှာ လူတွေ စဉ်းစားတတ်တဲ့ စိတ်တွေ၊ အသိဉာဏ်တွေ တိုးတက်လာတယ်။ ဒီလို တိုးတက်လာပြီး ရရှိလာတဲ့ ပညာတွေနဲ့ စဉ်းစားဆင်ခြင် အလုပ်လုပ်ကြတော့ လောကဓာတ် အစရှိတဲ့ ပညာတွေ တိုးတက်လာတယ်။ စစ်သင်္ဘော၊ ကုန်သင်္ဘော၊ ဒုံးပြင် အခြားဟာတွေ ပေါ်လာတယ်။ တဖြည်းဖြည်း စက်မှုလုပ်ငန်းတွေ ပေါ်လာတယ်။ စက်မှုလုပ်ငန်းတွေနဲ့ဆိုတော့



ကုန်ပစ္စည်းတွေ ပိုထွက်လာတယ်။ ဒီကုန်တွေကို ကိုယ့်တိုင်းပြည်မှာ ရောင်းလို့ကုန်နိုင်တော့ အခြားတိုင်းပြည်တွေကို ရောင်းချတယ်။ အဲဒီလိုနေရင်းက စွန့်စားမှုတွေပေါ်လာတယ်။ စွန့်စားကြတယ်။ မြေကြော လေကြော ရှုံ့လာတယ်။ ကမ္ဘာကြီးတစ်ခုလုံးနဲ့ အဆက်အသွယ်တွေ ဖြစ်လာတယ်။ စက်မှုလက်မှု တိုးတက်နေတဲ့တိုင်းပြည်တွေက ခေတ်ပညာတွေ၊ ခေတ်မျက်စိတွေနဲ့ဖြစ်နေတော့ တိုင်းပြည်အသီးသီးတွေက အပြိုင်အဆိုင်ဖြစ်နေကြတယ်။ ဒီတိုင်းပြည်ကြီးတွေက စက်မှုလက်မှုတိုးတက်လာတဲ့အခါ ပစ္စည်းတွေကို တစ်နေရာနှင့် တစ်နေရာ သွားရောက် ရောင်းချကြတယ်။ တခြားတိုင်းပြည်နဲ့ အဆက်အသွယ်ပြုပြီး ကုန် ကူးသန်းရောင်းဝယ်ကြရင်းက တစ်ကမ္ဘာလုံးရဲ့ပညာတွေကို စုဆောင်းရလာတယ်။ စက်မှုလက်မှုအိုင်ဒီယာတွေ ပေါ်လာတယ်။ တိုင်းပြည် တိုးတက် ကြီးပွားလာတယ်။ နောက်ဆုံးကမ္ဘာကြီးတစ်ခုလုံး ထိပ်တန်းကနေတဲ့ တိုင်းပြည်တွေက လက်ဝါးကြီးအုပ်တဲ့အခြေအနေ ရောက်လာတယ်။ အဲဒါကို အခုခေတ် ခေါ်ကြတဲ့ လူတွေက ဓနရှင်ခေတ်လို့ ခေါ်ကြတယ်။ ကမ္ဘာကြီးတစ်ခုလုံးနဲ့ အဆက်အသွယ်ဖြစ်အောင် လုပ်လာကြတယ်။ တစ်ကမ္ဘာလုံးရဲ့ပညာတွေ ရအောင် လုပ်လာတယ်။ စက်မှုလက်မှုပညာတိုးတက်လာအောင် လုပ်လာတယ်။ ဒါ နောက်ဆုံး ဒီစနစ်ဟာ တိုးတက်လာတဲ့နေ့စ်ကြီးလို့ ခေါ်ရတယ်။ တစ်တိုင်းပြည်နဲ့ တစ်တိုင်းပြည်တွေဟာလည်း တိုင်းပြည်အချင်းချင်း သူ့ထက်ငါ ကုန်ပစ္စည်းတွေ အပြိုင်ဖြစ်လာတော့ တစ်ယောက်ထက်တစ်ယောက် သာအောင်လုပ်ကြတယ်။ နောက်ဆုံး ဒီလိုကနေပြီး အနုနည်းနဲ့မရတော့ အကြမ်းနည်းနဲ့ စစ်ဖြစ်ကြတယ်။ ပထမ စစ်ဖြစ်တာကတော့ တစ်ပြည်နဲ့ တစ်ပြည်ဖြစ်ကြတယ်။ အခုတော့ မဟုတ်တော့ဘူး။ ကမ္ဘာကြီးတစ်ခုလုံးက ဘယ်လိုဖြစ်လာသလဲဆိုတော့ မီးရထားတွေ၊ မီးသင်္ဘောတွေ၊ လေယာဉ်ပျံတွေနဲ့ လာတိုက်ကြတယ်။ လူတွေနဲ့ အဆက်အသွယ် မှီခိုနေတယ်။ တိုင်းပြည်တစ်ပြည်ကို တိုင်းပြည်တစ်ပြည်ကလာတိုက်ကြတယ်။ အဲဒီတိုင်းပြည်ကနေ တခြားတိုင်းပြည်တွေ သွားတိုက်ကြတယ်။ ယခုလို လေယာဉ်ပျံ၊ မီးသင်္ဘောတွေနဲ့ဆိုတော့ သိပ်ပြီးစိုးရိမ်ရတယ်။ မိုင်ပေါင်း ၁၀၀၀ လောက်က ရန်သူတွေ ရောက်ရင်ပဲ စိုးရိမ်ရတယ်။ တစ်ပြည်နဲ့ တစ်ပြည်ဖြစ်ကြတဲ့ကိစ္စဟာ တဖြည်းဖြည်း ကြာတော့ တခြားတိုင်းပြည်တွေကို ဆက်ဆက်သွားတယ်။ ယခင်စစ်ကြီးတုန်းက တိုက်ကြတဲ့စစ်ဟာလည်း အင်္ဂလိပ်နဲ့ [illegible]ကတစ်ဖက်၊ ဂျာမနီခေါင်းဆောင်တဲ့ တိုင်းပြည်တွေက တစ်ဖက် တိုက်ကြတယ်။ ကြားနေနိုင်ငံကလေးတွေကလည်း ကိုယ့်ဘက် သူ့ဘက် ဆွဲထည့်ကြတယ်။ အနေနဲ့

www.burmeseclassic.com

www.burmeseclassic.com



ပြောရရင် ရ၊ မရရင် အတင်းတိုက်ကြတယ်။ နောက်ပြီး ဒီတိုင်းပြည်တွေကို ဘာလို့ တိုက်ကြတယ်ဆိုတာ အပြစ်ပြကြတယ်။ အဲဒီတော့ ကြားနေနိုင်ငံတွေလည်း မနေနိုင်ဘဲ တစ်ခါတည်း ပါလာရတာပဲ။ စစ်တစ်ခုဖြစ်ရင် ကျွန်တော်တို့ သတိထားမကြည့်မိလို့ ယခု ကမ္ဘာစစ်ကြီးဟာ ယခင် ကမ္ဘာစစ်ကြီးရဲ့ နောက်ဆက်တွဲ၊ ယခင် ကမ္ဘာစစ်ကြီးဟာလည်း ဟိုယခင် စစ်ကြီးတွေရဲ့ နောက်ဆက်တွဲဖြစ်တယ်။

၁၉၂၉ ခုနှစ်က တစ်ကမ္ဘာလုံး စီးပွားရေးအခက်အခဲတွေ တွေ့တယ်။ အဲဒီလို စီးပွားရေးအခက်အခဲတွေ လိုက်ကြည့်မယ်ဆိုရင် လက်ရှိတိုင်းပြည်၊ လက်မဲ့တိုင်းပြည် အကုန်လုံးမှာ စီးပွားရေး အခက်အခဲဖြစ်တာပဲ။ အဲဒီ စီးပွားရေး အခက်အခဲတွေ ဖြစ်လာတော့ နေရှင်စနစ်၊ နယ်ချဲ့စနစ်တွေ ပေါ်လာတယ်။ ဒီပြဿနာကို ဒီလိုလုပ်လို့ မရဘူး။ ဒီလိုလုပ်မှ ရမယ်ပြောဆိုပြီး ကိုယ့်စိတ်ကူးနဲ့ကိုယ် ဖြစ်ပေါ်လာကြတယ်။ နိုင်ငံအသီးသီးတွေမှာလည်း ဝါဒအမျိုးမျိုး၊ စနစ်အမျိုးမျိုး၊ တော်လှန်မှုအမျိုးမျိုး ဖြစ်ပေါ်လာခဲ့ကြပါတယ်။ ဥပမာ အိုင်ယာလန်၊ ဂျာမနီ၊ အီတလီ၊ အိန္ဒိယ စသဖြင့် တချို့တိုင်းပြည်များ၌ တော်လှန်မှုများ ဖြစ်ပွားခဲ့ကြတယ်။ အဲဒီတော့ ယခင်ကမ္ဘာစစ်ကြီး ပြီးသည့်နောက်မှာ တစ်ကမ္ဘာလုံး စီးပွားရေး နိုင်ငံရေး လှုပ်ရှားခဲ့တယ်။ ယခု စစ်ကြီးမှာလည်း ဘယ်တိုင်းပြည်မှာမဆို နိုင်ငံရေးအားဖြင့်လည်းကောင်း၊ စီးပွားရေးအားဖြင့်လည်းကောင်း အမျိုးမျိုးဖြစ်နိုင်မည်ကား မလွဲနိုင်ဘူး။ နောက်ပြီး အရှေ့ဘက်စစ်ဟာ အနောက်ဘက်စစ်ကို မှီပြီး ဖြစ်နေတယ်။ ဒီစစ်ကြီးဖြစ်မယ့်အချိန်ကိုတော့ မည်သူမျှ မပြောနိုင်ဘူး။ အဲဒီတော့ မြန်မာပြည်ရဲ့အခြေအနေဟာ ကမ္ဘာ့မျက်စိနဲ့ကြည့်ရင် အရေးမကြီးတော့ပြီ။ မြန်မာ့မျက်စိနှင့် ကြည့်လျှင် အတော်ကို အရေးကြီးပါတယ်။

မြန်မာလူမျိုးတစ်မျိုးရဲ့ လွတ်လပ်ရေးအတွက် ပြည်တွင်း စည်းလုံးညီညွတ်မှု ခိုင်မြဲမှသာလျှင် မြန်မာ့လွတ်လပ်ရေး တည်နိုင်တယ်။ ပထမဆုံး စစ်ကြီး စတင်ဖြစ်တာက အင်္ဂလိပ်နှင့် ပြင်သစ်က တစ်ဖက်၊ ဂျာမနီ၊ အီတလီနဲ့ တစ်ဖက် ဖြစ်ကြတယ်။ နောက်ဆုံး ဂျာမနီဟာ ဥရောပတိုက်သို့ စိုးမိုးသွားတယ်။ ယခု ကမ္ဘာစစ်ကြီး ဖြစ်လာတာဟာ အစတုန်းက ဖြစ်ရင်းက တစ်ပြည်စီ တစ်ပြည်စီ ဖြစ်ရင်း အားလုံး တိုင်းပြည်တွေ ပါကုန်ကြတယ်။ ကမ္ဘာစစ်ကြီးဟာလည်း ဟို ကမ္ဘာစစ်ကြီးရဲ့ နောက်ဆက်တွဲပင်ဖြစ်တယ်။ စစ်ရှုံးတဲ့ တိုင်းပြည်တွေကိုလည်း စာချုပ်တွေနဲ့ ဖိနှိပ်ထားတယ်။ ချုပ်ချယ်ထားတဲ့ စစ်တပ်ဆိုရင် တစ်သိန်းထက် ပိုမရှိရဘူး။ လေတပ်တွေ မရှိဘူး။ အဲဒီလို ဖိနှိပ်ချုပ်ချယ်ပြီးတော့ ထားတယ်။

ယခင်က ကမ္ဘာစစ်ကြီးဖြစ်စဉ်တုန်းကတော့ ဥရောပတိုက်ထဲမှာ ဖြစ်တယ်။ အာရှတိုက် မပါဘူး။ ဥရောပတိုက်တွင် ပထမဦးဆုံး ဂျာမနီနိုင်တယ်။ နောက် ဘာဖြစ်လို့ ရှုံးသွားသလဲဆိုရင် စစ်တိုက်တဲ့နေရာမှာ မရှုံးဘဲနဲ့ ပြည်တွင်းရေးမှာ ရှုံးသွားတယ်။ ဒီလိုပြည်တွင်းရေး သူပုန်တွေ ထတဲ့အချိန်မှာဆိုရင် အင်္ဂလိပ်ဘက်ကလည်း၊ အမေရိကန်ကလည်း ပါတယ်။ လူတွေဟာ စစ်တိုက်ရတော့ လူပန်းစိတ်ပန်းဖြစ်တယ်။ ဝင်ကုန်တွေကလည်း မဝင်နိုင်ဘူး။ လူတွေကလည်း အစားအသောက်တွေ သိပ်ငတ်တဲ့အခါကျတော့ ပြည်တွင်းတော်လှန်ရေးတွေ ပေါ်လာတယ်။ ရုရှားပြည်မှာလည်း တော်လှန်ရေးတွေ ပေါ်လာတယ်။ စစ်နိုင်နေတဲ့ တိုင်းပြည်တွေမှာလည်း တော်လှန်ရေးတွေ ပေါ်လာတယ်။ ပြင်သစ်ပြည်မှာ သူပုန်ထတယ်။ အင်္ဂလိပ်ပြည်မှာ သပိတ်မှောက်တယ်။ အဲဒီလို ဖြစ်ကြတယ်။ ပထမဆုံး ဂျာမနီ စစ်ရှုံးတာက စစ်မြေပြင်မှာ စစ်ရှုံးတာ မဟုတ်ဘဲနဲ့ ပြည်တွင်းရေးတွေကြောင့် စစ်ရှုံးသွားရတယ်။ တရုတ်ပြည်မှာဆိုရင် တော်လှန်ရေးတွေ ဖြစ်လာတယ်။ အရှေ့ဘက်မှာဆိုရင်လည်း တစ်မျိုး ကျဉ်းကျပ်လာတယ်။ မြန်မာပြည်မှာဆိုရင်လည်း သာယာဝတီသူပုန်တွေ ထတယ်။ အဲဒါတွေက အကုန်လုံး အနှံ့အပြား ဖြစ်လာတယ်။

အဲဒီက မီးတွေဟာ ယခု ကမ္ဘာစစ်ကြီးဖြစ်တဲ့အထိ ဥရောပတိုက်ရော အာရှတိုက်ရောပါ ဖြစ်နေတယ်။ ရှေးခေတ်နှင့် ယခုခေတ် နှိုင်းစာကြည့်လျှင် အစစအရာရာ အကုန်ပိုလာတယ်။ စီးပွားရေးမှာလည်း အရင်ကထက် ပိုတယ်။ လူအားလည်း အရင်ကထက် ပိုတယ်။ နယ်ကလည်း အရင်ကထက် ပိုကျယ်လာတယ်။ ဒီစစ်ကြီးဖြစ်တဲ့အတွက် မြန်မာပြည်ကလည်း လွတ်လပ်တဲ့ မြန်မာပြည် ပေါ်လာတယ် ပြောကြတယ်။ ဒီစစ်ကို ဘယ်သူနိုင်သလဲ၊ ဘယ်လိုဖြစ်မလဲ ရှေ့အဖြစ် နောက်အဖြစ် အချိန်အခါတွေကို တွေးတောကြည့်ရင် အတော် အတွေးရ ကျပ်တယ်။ သို့သော်လည်း ဒီစစ်ကြီး ဘယ်သူနိုင်မယ်၊ ဘယ်သူ ရှုံးမယ်ဆိုတာ ဘယ်သူမှ မပြောနိုင်ဘူး။ ပထမဦးအစက ဥရောပတိုက်မှာ ဂျာမနီ နိုင်တယ်။ အခုတော့ သူတို့က ပြန်ချနေတယ်။ အရှေ့ဘက်မှာဆိုရင် တရုတ်က တောင့်ခံနေတယ်။ အနောက်ဘက်မှာဆိုရင် ရုရှားက တောင့်ခံနေတယ်။ ဒီကြားထဲ အင်္ဂလိပ်က လက်နက်တွေ လုပ်ပြီး တိုက်ခိုက်တဲ့အတွက် ဒီလိုဖြစ်တယ်။ အင်္ဂလိပ်က မနှစ်က ဩဂုတ်လမှနေပြီး တိုက်တာ အခုထက်ထိ အကုန်မနိုင်သေးဘူး။ ပထမဦးဆုံးတော့ ဂျာမနီက အတော်အရေးသာနေတယ်။ နောက်ကျတော့ ရုရှားက ပြန်ချလိုက်တယ်။ ဒါပေမဲ့ လုံးလုံးမနိုင်သေးဘူး။ အနောက်ဘက်မှာ စစ်ဖြစ်တာ ၅ နှစ် ကျော်နေပြီ။ ဒါပေမဲ့ ဘယ်သူရှုံးတယ်၊ ဘယ်သူနိုင်တယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ အခြေကို မရောက်သေးဘူး။ အခုဆိုရင် အရှေ့ဘက်မှာ ပိုပြီးပြင်းထန်လာတယ်။ အရှေ့ဘက်မှာ အဓိကထား တိုက်နေတာက ဖိလစ်ပိုင်ကို အဓိကထား တိုက်နေတယ်။ ဖိလစ်ပိုင်ကို နိုင်လိုက်ရင် ဂျပန်ပြည်သူနဲ့ သွားလမ်းလာလမ်းတွေ ပိတ်ကုန်တယ်။ ဂျပန်ကလည်း တရုတ်ပြည်ကို အတော်ဖိတိုက်နေတယ်။ အင်္ဂလိပ်တွေက မြန်မာပြည်ကိုတော့ အကြီးအကျယ် မတိုက်သေးဘူး။ လေထီးစစ်သား ချတယ်။ လမ်းပန်းအဆက်အသွယ်လုပ်ကြတယ်။ လေယာဉ်ပျံနဲ့ ဗုံးလာကြဲတယ်။ ဒီလောက်သာလုပ်နိုင်သေးတယ်။ မြန်မာပြည်မှာက တောတောင်တွေ ထူတယ်။ အစားအစာတွေက အင်မတန်ရှားတယ်။ ရောဂါလည်း အင်မတန်ထူတယ်။ အဲဒီတော့ မြန်မာပြည်ကို ရုတ်တရက် မဝင်ရောက်နိုင်ဘူး။ သူတို့ ဖိဖိစီးစီးတိုက်မှာက ဥရောပမှာ အဓိကဖြစ်တယ်။ အဲဒီဘက်မှာ နိုင်တဲ့လူက "ဒီဘက်နိုင်နိုင်ဖို့ သေချာပေါက်က များတယ်"။ ယခု ဆောင်း ၃ လအတွင်းမှာ ဂျာမနီကိုလည်း အလဲထိုးနိုင်မှ၊ အလဲမထိုးနိုင်ရင် ဒီစစ်ကြီးဟာ ရှည်ဦးမှာပဲ။ ဂျာမနီပြည်မှာလည်း စက်ရုံတွေက အများကြီးရှိတယ်။ မြေကြီးထဲမှာကို စက်ရုံတွေ လုပ်ထားတယ်။ လက်နက်ဆန်းတွေ ထွင်နေတယ်။ လေတပ်ဆိုရင်လည်း ပြုတ်ပြုတ်ပြုန်းပြုန်းလောက် မဖြစ်သေးဘူး။ အင်အားမှာလည်း ဆုတ်ယုတ်လောက်အောင် အခြေအနေ မဖြစ်သေးဘူး။ "အဲဒီတော့ ဂျာမနီကို အချိန်မပေးနိုင်ဘူး။ ဂျာမနီကို အချိန်ပေးလို့ရှိရင် ပြန်ပြီး ဆိုးဝါးလာလိမ့်မယ်"။ ဂျာမနီကို စစ်အင်အားနဲ့ ဖိတိုက်မှ နိုင်မယ်လို့ ပြောကြတယ်။ စစ်တိုက်တဲ့ နေရာရယ်၊ မိန်းမပိုးတဲ့နေရာရယ် မတရားတာ မရှိဘူး။ တရားတာချည်းပဲ။ နိုင်တာ လိုရင်းပဲ။ အဲဒီတော့ကာ ကျွန်တော်တို့ မြန်မာပြည်မှာလည်း "ညီညွတ်ရေးဟာ သိပ်အရေးကြီးတယ်။ တစ်တိုင်းပြည်လုံးမှာရှိတဲ့ လူတွေက တို့မြန်မာပြည်ရဲ့လွတ်လပ်ရေးအတွက် တို့တိုက်မယ်၊ တို့ ခိုက်မယ်ဆိုရင် တို့တိုင်းပြည်ကလူတွေ ဘယ်နည်းနဲ့မှ မရှုံးနိုင်ဘူး"။ တိုင်းပြည်မှာရှိတဲ့လူတွေက အားလုံး အသင့်ပြင်ဆင်ထားဖို့သင့်တယ်။

အင်္ဂလိပ်ဘုန်းကြီးတွေဟာ အစာငတ် ရေငတ်ခံပြီး ကချင်နယ်၊ ချင်းနယ် စသည်ဖြင့် လူရိုင်းတွေဆီ သွားပြီးတော့ သူတို့ဘက် ပါအောင် စိတ်ဓာတ်သွင်းပေးကြတယ်။ ကျွန်ုပ်တို့ မြန်မာ့ဘုန်းကြီးတွေကတော့ ဘာမှ မလုပ်ကြဘူး။ ဘုန်းကြီးတွေဟာလည်း ပုထုဇဉ်တွေ ဖြစ်ကြတယ်။ ဆွမ်းခံတဲ့အခါမှာလည်း ရသမျှနဲ့ တင်းမတိမ်နိုင်ဘူး။ ကြက်သားဟင်းလေးလည်း ပါဦးမှ၊ ဟင်းမျက်မျက်ကလေးနဲ့လည်း စားချင်တယ်။ နောက်ပြီးတော့ မြို့မှ ရုပ်ရှင်ကားကလေးကလည်း ကြည့်ချင်တာကိုး။ မင်းဆရာလည်း ဖြစ်ချင်ကြတယ်။



ကျွန်တော်တို့ဟာ ဂျပန်ရဲ့စိတ်ဓာတ်ကို အတုယူရမယ်။ အင်္ဂလိပ်ရဲ့ အလေ့အလာကို အတုယူရမယ်။ ကျွန်တော်တို့ သေသေချာချာ တတ်စွမ်းတဲ့ အရည်အချင်းနှင့် ပြည့်စုံအောင် လုပ်ကြရမယ်။ အဲဒီတော့ ကျွန်တော်တို့ လူငယ်တွေ အားကိုးရမယ်။ လူငယ်တွေ ဘယ်မလဲ၊ လူငယ်တွေ ထိပ်က ထွက်စမ်းပါ။ တောကြိုတောင်ကြားတွေထဲ သွားရမယ်။ မိန်းမတော့ ရချင်မှ ရမယ်။ တိုင်းပြည်တော့ အမှန် ကောင်းစားမှာပဲ။ ဘယ်သူ စွန့်စားရဲတဲ့သူတွေ ရှိသလဲ။ ခေါင်းဆောင်တွေ အများကြီးရှိတယ်။ ဘုန်းမာရေးမှာလည်း အများကြီးလိုတယ်။ အရည်အချင်းရှိရမယ်။ စိတ်ဓာတ်ခိုင်ရမယ်။ အလှမ်းကျော်တဲ့အလုပ်တွေ မလုပ်ဘဲနဲ့ လှမ်းတဲ့ခြေလှမ်း နှေးချင်နှေးပါစေ၊ အလှမ်းကျယ်ကျယ် လှမ်းပါ။ အလှမ်းကျော်တဲ့အလုပ်တွေ မလုပ်ပါနဲ့။ တစ်နှစ်ကျော်ကျော်လောက် စာမတတ်သူ ပပျောက်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေတယ် ကြားရတယ်။ ဒါဟာ အင်မတန် ခက်ခဲနက်နဲတဲ့ ပြဿနာပဲ။ တောမှာရော မြို့မှာရော ပညာမသင်ရတဲ့လူတွေ အများကြီးရှိတယ်။ ကျန်းမာရေးမှာလည်း အများကြီးလိုတယ်။ ဒီလူတွေကို ခင်ဗျားတို့က ကျန်းမာရေးလုပ်ငန်းတွေ လုပ်ပေးပါ။ ကျန်းမာရေးဟာ တဖြည်းဖြည်းဆိုးလာတယ်။ ဒီကျန်းမာရေးကို မလုပ်ရင် ရောဂါကပ်တွေ ဆိုက်ရောက်နေမယ်။ အဲဒါတွေ လုပ်စမ်းပါ။ ဒါမှ ဒီစစ်ကြီးမှာ မြန်မာပြည်က ဗမာ့လွတ်လပ်ရေးဟာ ခိုင်ခိုင်မာမာရတဲ့ လွတ်လပ်ရေးဖြစ်နိုင်တယ်။ အနာခံမှ အသာစံရမယ်။ လူငယ်တွေ လုပ်ကြစမ်းပါ။ လူကြီးတွေ ကတော့ မလုပ်နိုင်ဘူး။ ကျွန်တော်တို့လူငယ်တွေက ကချင်နယ်တွေ၊ ချင်းနယ်တွေ၊ ရှမ်းနယ်တွေ သွားရောက်ပြီး လူမျိုးရေးယဉ်ကျေးမှုတွေအတွက် အနစ်နာခံပြီး ပြုပြင်ပေးကြပါ။ သူတို့လို ထိုင်၊ သူတို့လို နေ၊ သူတို့လို ပြောတတ်အောင် လုပ်ကြပါ။ ဒီဘက်က သေသေချာချာ ခိုင်မာအောင် လုပ်ကြစမ်းပါ။ ဒီလိုဆိုရင် ကျွန်တော်တို့ သေသေချာချာ ဒီစစ်ကြီးမှာ နိုင်မှာပဲ။ အချိန်ဟာ မရှိဘူး ဆိုပေမဲ့ ရှိသင့်သလောက် ရှိပါသေးတယ်။ အချိန်ရှိသလောက် လုပ်နိုင်သမျှ အလုပ်လုပ်ကြစမ်းပါ။ အခြေစိုက် လုပ်ငန်းများလုပ်မှ အခြေခိုင်မှာ။ လူငယ့်လုပ်ငန်းဟာ ဘာဆိုတာ အဲဒီလို အနစ်နာခံပြီး လုပ်ကြတော့လို့ ကျွန်တော် နောက်ဆုံး ပြောကြားခဲ့ပါတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

# တပ်မတော်နှင့် ပြည်သူ

မှတ်ချက် ။ ။ ဗမာ့ကာကွယ်ရေးတပ်မတော်ကို ပြည်သူ့တပ်မတော်အဖြစ် မည်သို့ထူထောင်ရမည်၊ ပြည်သူ့တပ်မတော်၏ ရည်ရွယ်ချက်များ မည်သို့ရှိသည်၊ တပ်မတော်သားများသည် ပြည်သူ့တပ်မတော်သားများ ဖြစ်လာရေးအတွက် တပ်မတော် ကျင့်ဝတ်များကို မည်သို့ လိုက်နာကြ၍ ပြည်သူလူထုနှင့် မည်သို့ မည်ပုံ ဆက်ဆံကြရမည် စသည်တို့ကို ပိုလ်ချုပ်အောင်ဆန်းသည် အောက်ပါ စစ်မိန့် စစ်စည်းကမ်းများကို ထုတ်ပြန်၍ တပ်မတော် သားများအား လိုက်နာကျင့်သုံးစေခဲ့လေသည်။

**စစ်ဝန်ကြီးရုံးတော်**

နေ့စွဲ ။ ၂၉ − ၁၂ − ၄၄
အချိန် ။ ၃၊ ၃၀ နာရီ

ယခုအခါ မြန်မာ့တပ်မတော်နှင့်ပတ်သက်၍ သတင်းအမျိုးမျိုး နိုင်ငံနှင့် အဝန်းတွင် ဖြစ်ပွားနေသည်ဟု ကျွန်ုပ်တို့ သိရှိရပေသည်။ စစ်ဖြစ်နေသော အချိန်အခါ အတွင်းတွင်သော်လည်းကောင်း၊ နိုင်ငံ မငြိမ်မသက်ဖြစ်နေစဉ်အခါသော်လည်းကောင်း၊ အချင်းဖြစ်ပွားကြသူအချင်းချင်း တစ်ဦး၏အတွင်းရေးကို ရှုပ်ထွေးပွေလိမ်စေရန်



ဘာလာဟာလ သတင်းအမျိုးမျိုးဖြင့် ဖြန့်ချိခြင်းသည် လုပ်နေကျ ပရိယာယ်ပင် ဖြစ်သည်။ လက်ရုံးရည်တိုက်ပွဲဖြစ်စေ၊ နှလုံးရည်တိုက်ပွဲဖြစ်စေ ရန်သူကို အတွင်းရေး အားဖြင့် ဖျက်ဆီးပြီးနောက် ရန်သူအား တိုက်ခိုက်ခြင်းသည် အောင်မြင်ရာ အောင်မြင် ကြောင်းအတွက် အလွယ်ကူဆုံးပင်ဖြစ်သည်။

ဂျာမနီခေါင်းဆောင် ဟစ်တလာကသော်လည်းကောင်း၊ အနောက်နိုင်ငံ ဧကရာဇ်များကသော်လည်းကောင်း၊ ကမ္ဘာ့ကျမ်းစာကြီးများဖြစ်ကြသော တရုတ်နိုင်ငံ ရှေးဟောင်း အစရှိသော ပုဂ္ဂိုလ်တို့၏ အရေးအသားတွင်လည်းကောင်း၊ အိန္ဒိယနိုင်ငံ ကောဋိလျ ကျမ်းမျိုးတွင်သော်လည်းကောင်း၊ မြန်မာ့သေနင်္ဂဗျူဟာကျမ်းများ တွင်သော်လည်းကောင်း ရန်သူကို စစ်အားဖြင့် မတိုက်ခိုက်ဘဲ ပရိယာယ်အားဖြင့် တိုက်ခိုက်၍ အောင်နိုင်ခြင်းသည် အကောင်းဆုံး အောင်မြင်ခြင်း ဖြစ်သည်ဟု မြွက်ဟ ထားကြရာ ယခုအခါ ဤခေတ်ပြောင်းကမ္ဘာစစ်ကြီးတွင် ကျွန်ုပ်တို့၏ ရန်သူများသည် ကျွန်ုပ်တို့၏အတွင်းအင်အားကို ပျက်စေ၍ အသာတကြည် ကျွန်ုပ်တို့အပေါ် အနိုင် ယူရန် ကြိုးစားကြမည်မှာ မုချ မလွဲပေ။ သို့ဖြစ်၍ မြန်မာ့တပ်မတော်နှင့်ပတ်သက်၍ သတင်းအမျိုးမျိုးကို ကျွန်ုပ်တို့ ကြားရသောအခါ ပထမစစ်တွင် ကျွန်ုပ်တို့သည် ရွှေးဟောင်းတိုင်း ထမကြည့်နိုင် ဆိုသည့် စကားပုံ ရိုင်းရိုင်းအတိုင်း လျစ်လျူရှုခဲ့ သည်။ သို့သော်လည်း အများပြည်သူပြည်သားများအား သေချာစွာ သိရှိနားလည် စေရန် ယခုတစ်ခါတည်း ကျွန်ုပ်တို့ ဤရှင်းလင်းချက် ကြေညာစာတမ်းကို ထုတ်ပြန် လိုက်ပေကြောင်း။ ယခုအခါ ကျွန်ုပ်တို့ တပ်မတော်ကို အားထားကြသူဖြစ်စေ၊ ပလိုလားသူဖြစ်စေ၊ ကျွန်ုပ်တို့ တပ်မတော်ကို ထင်မြင် ယူဆပုံတို့မှာ မှန်ကန်သော အထင်အမြင်မရကြဘဲ ရှိကြသည်ကို ကျွန်ုပ်တို့ သိရှိတန်သလောက် သိရှိရပေသည်။ ထို့ကြောင့် ကျွန်ုပ်တို့ တပ်မတော်သည် မည်ကဲ့သို့ တပ်မတော်ဖြစ်သည် ဆိုသည်ကို တိုင်းသူပြည်သားအများအား သေချာစွာ သိရှိနားလည်စေရန် အောက်ပါအချက်များကို ကျွန်ုပ်တို့ ထုတ်ပြန်လိုက်ရပေကြောင်း။

ကျွန်ုပ်တို့ တပ်မတော်အား ကျွန်ုပ်တို့သည် အောက်ပါ ညွှန်ကြားချက် အမိန့်များကို ရှင်းလင်းပြတ်သားစွာ အစကနဦးကပင် ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ ထို ညွှန်ကြားချက်ထဲမှ ကျွန်ုပ်တို့သည် အောက်ပါအချက်များကို အများပြည်သူတို့ သိရှိရန် ဖော်ပြလိုက်ပေကြောင်း။

ငါတို့တပ်မတော်သည် ပြည်သူများမှ ဖြစ်ပေါ်လာ၍ ပြည်သူများ၏ ဘဝတက်လပ်ရေးနှင့် ပြည်သူများ၏အကျိုးကို စောင့်ရှောက်ကာကွယ်ရန် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ငါတို့တပ်မတော်သည် ပြည်သူ့တပ်မတော် ဖြစ်သည်။ ပြည်သူများနှင့် ကွဲပြားနေ၍ ပြည်သူများ၏အကျိုးကို ရည်ရွယ်ရင်း မရှိသော တပ်မျိုးမဟုတ်။ ပြည်သူ့တပ်မတော်သည် ပြည်သူများတွင် အခြေခံထား၍ ပြည်သူများနှင့် အဆက်အဖြတ် ကွဲပြားခြားနားခြင်း မရှိ။ အမြဲဆက်စပ်နေ၍ ပြည်သူတို့နှင့် တစ်သားတည်း ရှိသည်။ ပြည်သူ့တပ်မတော်သည် ပြည်သူတို့၏ လက်ရုံးလက်သီး၊ ပြည်သူများ၏ ဓားသွားဖြစ်စေရမည်။ ထို လက်သီး၊ လက်ရုံး၊ ဓားသွားသည် ပြည်သူများ၏ ရန်သူကို တွန်းလှန်ရန် ဖြစ်သည်။ ထို လက်ရုံး၊ လက်သီး၊ ဓားသွားသည် ပြည်သူများ၏ အကျိုးကို ကာကွယ်ရန်ဖြစ်သည်။ ထို့ကြောင့် ပြည်သူ့တပ်မတော်သားများဖြစ်ကြသော ရဲဘော်တို့ ပြည်သူ့တပ်မတော်သားပီပီ အောက်ပါအချက်များကို ကျင့်ကြံရမည်။

(၁) ပြည်သူပြည်သားအပေါင်းတို့အား အရာရှိ အရာမဲ့ လူကြီးလူငယ် ယောကျ်ားမိန်းမ လူမျိုးဘာသာမရွေး ဆက်ဆံတတ်ပါစေ။ ဖော်ရွေကြပါ။ ယဉ်ကျေးကြပါ။ ကိုယ့်အမှား မရှိပါစေနှင့်။ တရားမျှတကြပါ။ ကြင်နာကြပါ။ လေးစားကြပါ။

(၂) ကိုယ်နှင့်မဆိုင်တဲ့ အခြားသူ၏အလုပ်ကို အနှောင့်အယှက်မပြုပါနှင့်။ သို့သော် ကိုယ့်ဝတ္တရားအချိန်ပတွင် မည်သူ့ကိုမဆို ကူညီနိုင်သမျှ ကူညီပါ။ ကူညီရာတွင် တရားလမ်းကျပါစေ။

(၃) မြန်မာ မဟုတ်သော နိုင်ငံအတွင်းရှိ လူမျိုးစုများကို ငါတို့ တပ်တွင်းသော်လည်းကောင်း၊ ပြင်ပသော်လည်းကောင်း ဆွေမျိုးရင်းချာကဲ့သို့ သဘောထားပါ။ ၎င်းတို့ အလေ့အထ ဘာသာအတိုင်း ကိုးကွယ်ခြင်း၊ ပြောဆိုခြင်း၊ ဝတ်စားနေထိုင်ခြင်း အစရှိသည်တို့ကို မကဲ့ရဲ့ပါနှင့်။ မပြောင်ပါနှင့်။ မနှောင့်ယှက်ပါနှင့်။ ၎င်းတို့မခံချင်သည့် အပြောအဆို အသုံးအနှုန်းမျိုးကို ရှောင်ကြဉ်ပါ။ ၎င်းတို့ကို ကူညီနိုင်လျှင် ကူညီပါ။

(၄) အရက်မူး မရမ်းကားရ။

(၅) မိန်းမများကို ကျူးလွန်စော်ကားခြင်း မပြုရ။

(၆) လုယက်မခိုးဝှက်ရ။

(၇) တည်းခိုသော အိမ်ရာများတွင် အခွင့်တောင်းပြီးမှ ဝင်ရမည်။ နေထိုင်စဉ် အခါ ညစ်ညစ်ညမ်းညမ်း မနေထိုင်ဘဲ သန့်သန့်ရှင်းရှင်း နေထိုင်ရမည်။ အိမ်မှ ထွက်ခွာသောအခါလည်း အပျက်အစီးများရှိက၊ မိမိကြောင့် ဖြစ်က အစားထိုးပေးခြင်း၊ လျော်ကြေးပေးခြင်း ပြုရမည်။



(၈) တန်ရာတန်ဖိုးမပေးဘဲ မဝယ်ပါနှင့်။

(၉) ချေးငှားထားသော အရာကို ဆက်ဆက်ပြန်ပေးပါရန် မမေ့ပါနှင့်။

(၁၀) အထက်အမိန့် မရဘဲ ပစ္စည်း အတင်းမသိမ်းပါနှင့်။ အထက်အမိန့် အရ သိမ်းရစေကာမူ မဖွယ်မရာ မယဉ်မကျေး မပြုပါနှင့်။ သူ မခံနိုင်အောင် မလုပ်ပါနှင့်။

(၁၁) လူမျိုးအချင်းချင်းလည်းကောင်း၊ ကိုးကွယ်သော ဘာသာရေးနှင့် ပတ်သက်၍လည်းကောင်း သွေးကွဲသည့်အလုပ်၊ မုန်းတီးစေမည့် အလုပ်ကို မလုပ်ပါနှင့်။

အထက်ပါအတိုင်း ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ တပ်မတော်အား စည်းကမ်းများ ပြုလုပ် ပညတ်ထားပြီးဖြစ်ကြောင်း။ သို့သော်လည်း အချို့ အချို့သော တပ်မတော်သားများသည်လည်းကောင်း၊ တပ်မတော်သားယောင် ဆောင်ကြသော အရပ်သားများသည်လည်းကောင်း၊ ကျွန်ုပ်တို့ ရည်ရွယ်ချက် ဝါဒ စည်းမျဉ်းနှင့် ဆန့်ကျင် ပြုလုပ်ကြပုံများကို ကျွန်ုပ်တို့ ရံဖန်ရံခါ ကြားသိရပေကြောင်း။ ထိုကဲ့သို့ အမှုကိစ္စများကို တွေ့ကြုံသော ပြည်သူအပေါင်းတို့သည် ကျွန်ုပ်တို့အား သိရှိရသည်နှင့် တစ်ပြိုင်နက် လာရောက် အကြောင်းကြား တိုင်ကြားစေလိုကြောင်း။

ကျွန်ုပ်တို့ တပ်မတော်သည် အဓမ္မနှိပ်စက်ခြင်း၊ သွေးစုပ်ခြင်းအတွက် ပြည့်သည့်အခါမှ ရည်ရွယ်ခြင်းမရှိ။ ထိုကဲ့သို့ ကျွန်ုပ်တို့ ရည်ရွယ်ချက်နှင့် ဆန့်ကျင်သော ပြည်သူကိုမဆို ကျွန်ုပ်တို့အား လာရောက်တိုင်ကြားက ကျွန်ုပ်တို့ အရေးယူနိုင်သမျှ နိုင်သမျှကို အရေးယူမည်ဖြစ်ကြောင်း။

ယခုအထိ ကျွန်ုပ်တို့သည် ပစ္စည်းများရရန် သိမ်းယူခြင်းမပြုသေးကြောင်း။ အကယ်၍ နောက်ဆုံး ကျွန်ုပ်တို့ သိမ်းယူရမည်ဆိုလျှင် ကျွန်ုပ်တို့၌ မရှိမဖြစ်မှ သိမ်းယူမည်ဖြစ်ကြောင်း။ ထိုကဲ့သို့ သိမ်းယူရာတွင်လည်း စနစ်တကျပြု၍ တရားဥပဒေ ဖြစ်အောင် ကျွန်ုပ်တို့ ကြိုးစားမည်ဖြစ်ကြောင်း။ ထိုကဲ့သို့ သိမ်းယူခြင်းမှာလည်း အနှစ်စင်စစ်အားဖြင့် မြန်မာနိုင်ငံ မြန်မာလူမျိုးအတွက်ပင်ဖြစ်ရာ တစ်ကိုယ်ကောင်း တစ်စုကောင်းအတွက် သိမ်းယူခြင်း၊ တပ်မတော်နာမည်ကို အလွဲသုံးစားပြု၍ လည်းကောင်း၊ ရောင်ခြည်တော်နှင့် ရောနှော၍လည်းကောင်း သိမ်းဆည်းခြင်းများကို ကျွန်ုပ်တို့ အရှင်း သဘောမတူ။ ထို့ကြောင့် အကယ်၍ ကျွန်ုပ်တို့ ပစ္စည်းသိမ်းခြင်း တစ်နေ့နေ့ ပြုမည်ရှိသော် ဤကဲ့သို့ အကြောင်းအရာများ ပေါ်ပေါက်က ကျွန်ုပ် တို့အား သတင်းပေးကြစေလိုကြောင်း။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ သိမ်းယူနေသူများ ပေါ်ပေါက်ခဲ့သော် ကျွန်ုပ်တို့တပ်မတော်မှ ဟုတ်သည် မဟုတ်သည်ကို စုံစမ်းရန် ကျွန်ုပ်တို့ထံ လာရောက်တိုင်ကြားစေလိုကြောင်း။

မြန်မာ့တပ်မတော်နှင့်ပတ်သက်၍ အကျိုးလိုယောင်နှင့် မြန်မာ့တပ်မတော်များ ပျက်စီးရာ ပျက်စီးကြောင်း စကားများကိုလည်း ကျွန်ုပ်တို့ ကြားသိရပေကြောင်း။ ဤကိစ္စများနှင့်ပတ်သက်၍ ကျွန်ုပ်တို့ အတိအလင်း ကြေညာလိုသည်မှာ ကျွန်ုပ်တို့ တပ်မတော်သည် မည်သည့်ရန်သူ၏ ပဥ္စမတပ်သား အလိုတော်ရိများ မဟုတ်။ ကျွန်ုပ်တို့သည် ကျွန်ုပ်၏ တိုင်းပြည်လွတ်လပ်ရေးနှင့် ထို တိုင်းပြည်လွတ်လပ်ရေးကို ခိုင်ခိုင်မာမာ ဒင်ပြည့် တည်တံ့စေအောင် ဆောင်ရွက်ရန်ဖြစ်သော မျိုးချစ်တပ်မတော် ဖြစ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ တိုင်းပြည်နှင့် လူမျိုး လွတ်လပ်ရေးကို ရှေ့ဒင်္ဂါး အစရှိသော ကိုယ်ရေးသက်သာမှုကလေးများအတွက် မည်သည့်အခါမဆို မည်သည့်နည်းနှင့်မျှ လဲယူမည် မဟုတ်ကြောင်း။

ကျွန်ုပ်တို့သည် ဤနိုင်ငံ၊ ဤလူမျိုးများ၏ လုံးဝလွတ်လပ်ရေးအတွက် အဆုံးထိ တိုက်ခိုက်သွားမည်ဖြစ်ကြောင်း။ တိုင်းသူပြည်သားများအား တိတိလင်းလင်း ကြေညာလိုက်ပေကြောင်း။

**အောင်ဆန်း**

**စစ်ဝန်ကြီးနှင့် စစ်သေနာပတိ**

**မြန်မာ့လက်နက်ကိုင်စစ်တပ်များ**

**မြန်မာနိုင်ငံတော်**

**ရန်ကုန် နေပြည်တော်။**

□

## ငါတို့ တပ်မိုလ် တပ်ကြပ် တပ်သားများသည် တိုင်းသူပြည်သားများနှင့် ဆက်ဆံရာတွင်

၁။ မည်သူ့ကိုမျှ အထက်အမိန့်မရှိဘဲ (ဝါ) အကြောင်းမရှိဘဲ မစော်ကားရ၊ မကျူးကျော်ရ၊ မဖမ်းဆီးရ၊ ကိုယ်ထိလက်ရောက် မလုပ်ရ။

၂။ မည်သူ့ပိုင် စည်းစိမ်ဥစ္စာကိုမှ အထက်အမိန့်၊ သို့မဟုတ် အကြောင်း မရှိဘဲ မသိမ်းရ။

၃။ မည်သူ၏အိမ်ကိုမှ အထက်အမိန့်၊ သို့မဟုတ် အကြောင်းမရှိဘဲ ဝင်ရောက်ခြင်း၊ တည်းခိုခြင်း၊ ဖျက်ဆီးခြင်း မပြုရ။

၄။ လူတိုင်း ကိုးကွယ်လိုရာ ဘာသာကို ကိုးကွယ်နိုင်သည်။ လူတစ်ဦး လူတစ်မျိုး၏ ဘာသာ အယူအဝါဒ ဓလေ့ထုံးစံတို့ကို မိမိတို့ မယုံကြည်စေကာမူ တတ်နိုင်သမျှ ငါတို့ လေးစားကြရမည်။

အထက်ပါ အချက်ကြီးများအား ပြည်သူ့လွတ်လပ်ရေး (Civil Liberties) အခြေခံ အချက် အနည်းဆုံး ဖြစ်သည်။ ၎င်း လွတ်လပ်ရေးတို့ကို ငါတို့လုပ်ငန်း၊ တိုက်ခိုက်ရေးတို့နှင့် မဆန့်ကျင်သမျှ ကာလပတ်လုံး။ ငါတို့ဗိုလ်၊ တပ်ကြပ်၊ တပ်သားအားလုံးတို့သည် လေးလေးမြတ်မြတ် လိုက်နာဆောင်ရွက်ရမည်။

**အောင်ဆန်း**

**စစ်ဝန်ကြီးနှင့် စစ်သေနာပတိ**

□

www.burmeseclassic.com

www.burmeseclassic.com

## ဖက်ဆစ်ဂျပန်သို့ စစ်ကြေညာချက်

မတ်လ ၂၇ ရက်နေ့ ညတွင် ဗိုလ်ချုပ်အောင်ဆန်း ဦးစီးသော မြန်မာ့တပ်မတော်သည် ပြည်သူ့လွတ်လပ်ရေးတပ်မတော် ဟူသည့် အမည်ကို ခံယူကာ ဖက်ဆစ်ဂျပန်တို့အား စစ်ကြေညာခဲ့၏။ ၎င်း၏ စစ်ကြေညာချက်မူရင်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

### သတိ

**အားလုံး တိုင်းသူပြည်သား သိရှိရန်။**

ဗမာ့တပ်မတော်၊ ဗမာပြည်ကွန်မြူနစ်ပါတီ၊ ပြည်သူ့အရေးတော်ပုံပါတီ ထို အမှူးပြုသော ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီးက ဂျပန်ဖက်ဆစ်လူရိုင်း အစိုးရအား စစ်ကြေညာလိုက်ပြီ။

၁။ ယခုအခါ ဗမာ့တပ်မတော် တပ်ခွဲများသည် ဧရာဝတီမြစ် အနောက်ဘက်တွင် မင်းဘူးခရိုင်မှ ဟင်္သာတခရိုင်အထိလည်းကောင်း၊ ဧရာဝတီမြစ်အရှေ့ဘက်တွင် အာလံနယ်မှ ရန်ကုန်အထိလည်းကောင်း၊ မြစ်ဝကျွန်းပေါ်ဒေသအသီးသီးတွင်လည်းကောင်း၊ ပဲခူးမှ ပျဉ်းမနား၊ တောင်ပိုင်းရှမ်းပြည်တွင်လည်းကောင်း၊ ရေနံချောင်းခရိုင်တွင်လည်းကောင်း၊ တနင်္သာရီတိုင်းတွင်လည်းကောင်း၊ မိတ္ထီလာနယ်တွင်လည်းကောင်း တပ်ဖြန့်ကာ တိုက်ပွဲများကို ဆင်နွှဲနေကြပြီ။

၂။ ဧရာဝတီမြစ် အနောက်ဘက် မင်းဘူးခရိုင် အချို့ဒေသများ၊ သရက်ခရိုင်နှင့် ပြည်ခရိုင် အချို့ဒေသများကို မြန်မာ့တပ်မတော်က သိမ်းပိုက်ပြီးလေပြီ။



၃။ ရခိုင်ပြည်တွင် ညီညွတ်နှိုး အမှူးပြုသော တော်လှန်ရေးသမားများသည် ဂျပန်များကို မဟာမိတ်များနှင့် ကူညီတိုက်ခိုက် မောင်းထုတ်ပြီးလေပြီ။ မန္တလေးတစ်ဝိုက်တွင် မြန်မာ့တပ်မတော်နှင့် တော်လှန်ရေးသမားများသည် ဂျပန်များကို တိုက်ခိုက်ခဲ့လေပြီ။

**တိုင်းသူပြည်သားအပေါင်းတို့။**

၁။ ငါတို့အား ရန်သူ၏သတင်းများကို ပေးကြလော့။ အစားအစာ၊ အဝတ်၊ ဆေး၊ လှေ၊ လှည်း၊ ယာဉ်မြင်း၊ ကျွဲနွား၊ ဆင် တိရစ္ဆာန်များ ပေးကြလော့။ ငွေများ ပေးလှူကြလော့။

၂။ ပြည်သူ့လွတ်လပ်ရေးအဖွဲ့များ ဖွဲ့ကြလော့။ လက်နက်များ စု၍ ပြည်သူ့ကာကွယ်ရေးအဖွဲ့များ ဖွဲ့ကြလော့။

၃။ အစိုးရ အမှုထမ်းအားလုံး၊ အထူးပညာသည်များ (ဆရာဝန်၊ အင်ဂျင်နီယာ၊ သူနာပြု အစရှိသည့်) သည် ငါတို့တပ်များရှိရာသို့ ခိုဝင်ကြလော့။

၄။ ကိုယ်ပိုင်လက်နက်ရှိသူများသည် မိမိတို့ရှိ လက်နက်များကို ပြည်သူ့ကာကွယ်ရေးအဖွဲ့များသို့လည်းကောင်း၊ ငါတို့တပ်ဌာနများသို့လည်းကောင်း လာရောက် အပ်နှံကြရမည်။ မအပ်နှံသူများသည် အပြစ်ပေးခံရမည်။ ငါတို့ထံ၌ လက်နက်စာရင်းများ ပြုလုပ်ပြီး ရှိသည်။

၅။ အားလုံးသော တိုင်းသူပြည်သားများသည် အောက်ပါအချက်များကို လုပ်နိုင်သမျှ နေရာများတွင် လုပ်ကြရမည်။

(က) ဂျပန်ထံမှာလုပ်သော အလုပ်သမားများ၊ လက်နက်ပစ္စည်းတွေ ရသမျှယူ ထွက်ပြေးခဲ့ (သို့မဟုတ်) တော်လှန်ပြီး ထွက်လာကြ။

(ခ) ဂျပန်သိမ်းသော ပစ္စည်းအရပ်ရပ် ပြန်လုယူ၊ မယူနိုင်က ဖျက်ပစ်။

(ဂ) ငါတို့ပစ္စည်း အရပ်ရပ်ဖြန့်ပြီး ဝှက်ထား၊ မဝှက်နိုင်လျှင် ဖျက်ပစ်။

(ဃ) ဂျပန်၏ သွားလမ်း၊ လာလမ်းများကို ပိတ်ပစ် (သို့မဟုတ်) ဖျက်ပစ်။ ကြေးနန်းကြိုးတွေ ဖြတ်၊ ဝိုင်ယာလက်ရုံတွေ ဖျက်ပစ်၊ လုယူနိုင်က လုယူ၊ ဂျပန်ရေးမှတ်ထားတဲ့ လမ်းအမှတ်အသားတွေ ဖျက်ပစ်၊ တံတားတွေ ဖျက်၊ ဂျပန်ကုန်တင်ကားတွေ၊ လှည်းတွေကို တိုက်ယူ၊ မယူနိုင်က ဖျက်ပစ်။

(င) ဂျပန်လက်နက်ရုံတွေ၊ ဓာတ်ဆီရုံတွေ၊ လေယာဉ်ကွင်းတွေကို ဝင်စီး၊ လုယူ၊ မယူနိုင်သမျှ မီးရှို့ဖျက်ပစ်။

www.burmeseclassic.com

www.burmeseclassic.com



(စ) တွေ့သမျှ ဂျပန်တွေကို ဖမ်း၊ ဂျပန်တွေက ငါတို့တိုင်းသူပြည်သား များကို သတ်လျှင် ၎င်းတို့ကို သတ်ပစ်။

(ဆ) ဂျပန်တွေက ပစ္စည်းသိမ်း၊ ကျွဲသိမ်း၊ နွားသိမ်း၊ လူသိမ်း လုပ်တာတွေ မခံနှင့် ပြန်ချ၊ မချနိုင်က ဝှက်ထားပေး၊ ပုန်းကြ။

(ဇ) ပြေးလာသော ဂျပန်စစ်သား၊ အိန္ဒိယအမျိုးသား စစ်သားများကို ဖမ်းဆီး၍ ကောင်းမွန်စွာ လက်နက်များနှင့်အတူ ငါတို့တပ်တွေ ရှိရာပို့။

(ဈ) လမ်းဘေးကျသော ရွာများ မြို့များမှာ အားလုံး ရှောင်ရှားနေကြ။

၆။ အောက်ပါကျူးလွန်သူများအား တိုင်းပြည်ရန်သူများအဖြစ် ငါတို့ ကြေညာလိုက်သည်။ ၎င်းသူများ၏ပစ္စည်းများကို အကြွင်းမရှိ၊ အလျော် မရှိ သိမ်းပိုက်မည်။ ၎င်းသူများကို ဖမ်းဆီး၍ ပြည်သူများ၏ရုံးများတွင် လည်းကောင်း၊ စစ်တရားရုံးများတွင်လည်းကောင်း စစ်ဆေး၍ ကြီးလေး သော အပြစ်ဒဏ်များကို ပေးမည်။ ၎င်းရုံးများမရှိခိုက်တွင် တိုင်းတပ်မှူး များနှင့် ၎င်းတို့က အာဏာလွှဲအပ်ထားသော အရာရှိများသည် ငါတို့ ညွှန်ကြားချက်အတိုင်း စစ်ဆေး အပြစ်ပေးလိမ့်မည်။

(က) ငါတို့စစ်တပ်များ၊ မဟာမိတ်စစ်တပ်များ၊ ငါတို့အဖွဲ့သားများ သတင်းကို ရန်သူအား ပေးခြင်း။

(ခ) ငါတို့စစ်တပ်များ၊ မဟာမိတ်စစ်တပ်များ၏ လုပ်ငန်းများကို နှောင့်ယှက်ခြင်း။ ငါတို့စစ်တပ်များ၊ မဟာမိတ်စစ်တပ်များကို မကူညီရန် လှုံ့ဆော်ခြင်း။

(ဂ) ရန်သူများအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အားပေးခြင်း၊ ကူညီခြင်း။

(ဃ) ကုန်ပစ္စည်းများကို အဆမတန် အမြတ်ယူ၍ ရောင်းချခြင်း။

(င) ကုန်ပစ္စည်းများကို မိမိတစ်ဦးတည်း ကောင်းစားရန်အတွက် သိုဝှက် ထားခြင်း။ အခြားမည်သည့်နည်းနှင့်မဆို တိုင်းသူပြည်သားများ၏ နေရေးထိုင်ရေး စားသောက်ရေး ထိခိုက်လာအောင်ပြုခြင်း။

(စ) ဓားပြတိုက်ခြင်း။

(ဆ) မုဒိမ်းကျင့်ခြင်း။

(ဇ) ငါတို့တပ်မှ ထွက်ပြေးခြင်း။

(ဈ) မြန်မာပြည်တွင်းရှိ လူမျိုးအချင်းချင်း၊ ဘာသာအချင်းချင်း [illegible] ဖြစ်စေခြင်း။

(ည) နိုင်ငံနှင့် လူမျိုး အကျိုးများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်စေခြင်း။

၇။ ငါတို့တပ်များကိုသော်လည်းကောင်း၊ ငါတို့အဖွဲ့များကိုသော်လည်းကောင်း မဟာမိတ်တပ်များကိုသော်လည်းကောင်း ကူညီကြသူများအား ငါတို့သည် အထိုက်အလျောက်ချီးမြှင့်ရန် မှတ်တမ်းတင်ထားမည်။ ငါတို့အား မကူညီကြသူများသည် ငါတို့၏အချီးအမြှောက်ကို ခံယူရရှိမည် မဟုတ်။

၈။ အားလုံးသော တပ်ခွဲ အဖွဲ့ခွဲသစ်များသည် ငါတို့တပ်ဌာနများနှင့် ချက်ချင်း ဆက်သွယ်ရမည်။ ငါတို့တပ်မတော်မှ ကွဲထွက်သူများသည် အနီးဆုံး တပ်ဌာနမှတစ်ဆင့် သက်ဆိုင်ရာသို့ အမြန်ဆုံးသွားကြရမည်။

၉။ မြို့တိုင်း ရွာတိုင်းတွင် အနီရောင်ခံ၍ အတွင်း အလံတိုင် အထက်ထောင့်တွင် အဖြူရောင်ကြယ်ပွင့် ပါရှိသော အောင်လံတော်ကိုလည်းကောင်း၊ မဟာမိတ် တပ်များ၏ (တရုတ် အမေရိကန် အင်္ဂလိပ် ရုရှား) အောင်လံတော် များကိုလည်းကောင်း လွှင့်ထူကြကုန်လော့။

ငါတို့၏ အောင်လံတော် ပုံစံမှာ အောက်ပါအတိုင်း ဖြစ်သည်။

(တော်လှန်ရေးအလံပုံစံကို စာမျက်နှာ ၂၀ တွင် ဖော်ပြထားပါသည်။)

၁၀။ ငါတို့တပ်များ သိမ်းပိုက်သည့်ဒေသများတွင် ငါတို့၏စစ်တပ်များသည် လက်ရှိ အုပ်ချုပ်ရေးအရာရှိများ၏ အကူအညီဖြင့်လည်းကောင်း၊ ရပ်ရွာ ကိုယ်စားလှယ်အဖွဲ့များ ဖွဲ့၍လည်းကောင်း အုပ်ချုပ်လိမ့်မည်။

(ပုံ) အောင်ဆန်း

စစ်သေနာပတိ

ပြည်သူ့လွတ်လပ်ရေးတပ်မတော်

❑

www.burmeseclassic.com

www.burmeseclassic.com



## ဗမာ့တပ်မတော်ခေါင်းဆောင်များအစည်းအဝေးမှ ထုတ်ပြန်ကြေညာချက်

**အောက်ပါကြေငြာစာတမ်းကို မြန်မာ့တပ်မတော် ခေါင်းဆောင်အရာရှိကြီးများ၏ အစည်းအဝေးက ထုတ်ပြန်ကြေညာလိုက်ကြောင်း**

**နေ့စွဲ ။ ၁၂ - ၈ - ၄၅၊ နံနက် ၁၁ နာရီ**

ယခုအခါ ဂျပန်ဖက်ဆစ်များသည် ကျွန်ုပ်တို့တပ်မတော်နှင့် နိုင်ငံပေါင်းစုံ မဟာမိတ် တပ်မတော်များ ဝိုင်းဝန်းတိုက်ခိုက်သည်ကို ဖက်ပြိုင်ခြင်းငှာ မစွမ်းတော့ဘဲ လက်နက်ချရန် စကားများပင် ကမ်းလှမ်းပြီးလေပြီ။

ကမ္ဘာစစ်ကြီးကား ပြီးတော့မည်။ သို့ရာတွင် ကျွန်ုပ်တို့နိုင်ငံသူနိုင်ငံသားများ၏အရေးကား မပြီးသေး။ ကျွန်ုပ်တို့နိုင်ငံ၏အရေးတစ်ခုလုံးသည် ကျွန်ုပ်တို့ တပ်မတော်နှင့် လွတ်လပ်ရေး လိုချင်သူအားလုံး သက်စွန့်ကြိုးပမ်းထမ်းဆောင်လာခဲ့ရသည်နှင့်အမျှ ထိရောက်စွာ အောင်မြင်ရန်အတွက် မြန်မာနိုင်ငံရှိ ခေါင်းဆောင်ပုဂ္ဂိုလ်များနှင့် တိုင်းသူပြည်သားအပေါင်းတို့သည် လူမျိုးမရွေး ဘာသာမရွေး တညီတညွတ်တည်း ဆက်လက်ဆောင်ရွက်ရန် အထူးလိုပေသည်။

ကျွန်ုပ်တို့ တပ်မတော်သားအားလုံးသည်လည်းကောင်း၊ မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် စွန့်စွန့်စားစား ဆောင်ရွက်ခဲ့သူအပေါင်းတို့သည်လည်းကောင်း၊ ဤမျှ အပင်ပန်း အဆင်းရဲ အနစ်နာ အသေအကြေခံကာ ကြိုးပမ်းဆောင်ရွက်ခဲ့သည်မှာ လက်တစ်ဆုပ်မျှရှိသော လူတစ်စု၏ ကောင်းစားမှုကိုသာလည်းကောင်း၊ ကျွန်ုပ်တို့၏ ကိုယ်ရေးကိုယ်တာ တိုးတက်မှုကိုသာလည်းကောင်း ရည်မှန်းလျက် ဆောင်ရွက် လုပ်ကိုင်ခဲ့ကြသည်မဟုတ်ဘဲ မြန်မာနိုင်ငံ လူထုအပေါင်း လွတ်လပ်ရေးအတွက် ရည်စူးလျက် ဆောင်ရွက်လုပ်ကိုင်ခဲ့ကြသည့်အကြောင်းကို ခေါင်းဆောင်သည့် ပုဂ္ဂိုလ်များနှင့် နိုင်ငံသူ နိုင်ငံသား အပေါင်းတို့အား အထူးလေးနက်စွာ ဖော်ပြလိုသကြောင်း။

ထို့ကြောင့် ကျွန်ုပ်တို့ တပ်မတော် ခေါင်းဆောင်အရာရှိကြီးများ အစည်းအဝေးက မြန်မာနိုင်ငံအတွင်း ခေါင်းဆောင်မည့် ပုဂ္ဂိုလ်များနှင့် တိုင်းသူပြည်သားအပေါင်းက စိတ်ဝမ်းကွဲပြားခြင်း အလျှင်းမရှိဘဲ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးအတွင်းသို့ ထိရောက်စွာ ဝင်ရောက်လုပ်ကိုင်ကာ မြန်မာနိုင်ငံ လွတ်လပ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအရပ်ရပ်ကို တညီတညွတ်တည်း နှောင့်နှေး ဆိုင်းငံ့ခြင်း အလျှင်းမရှိဘဲ ဆောင်ရွက်ကြရန် ပြင်းထန်စွာ တိုက်တွန်းလိုက်ပါကြောင်း။

၁။ ဗိုလ်ချုပ်အောင်ဆန်း၊ စစ်သေနာပတိ။
၂။ ဗိုလ်မှူးလက်ျာ၊ ဒုတိယစစ်သေနာပတိ။
၃။ ဗိုလ်မှူးဇေယျ၊ စစ်ဦးစီးမှူး။
၄။ ဗိုလ်မှူးနေဝင်း၊ ရှေ့တန်းစစ်ဌာနချုပ်မှူး။
၅။ ဗိုလ်မှူးမောင်မောင်၊ တိုင်းအမှတ် ၁ မှူး။
၆။ ဗိုလ်မှူးအောင်ကြီး၊ မြစ်ဝကျွန်းပေါ်တိုင်းမှူး။
၇။ ဗိုလ်မှူးကျော်ဇော၊ တိုင်းအမှတ် ၄ မှူး။
၈။ ဗိုလ်မှူးရဲထွဋ်၊ တိုင်းအမှတ် ၆ မှူး။
၉။ ဗိုလ်မှူးအောင်၊ တိုင်းအမှတ် ၇ မှူး။
၁၀။ ဗိုလ်ကြီး အဥ္စာဝက၊ အထက်မြန်မာပြည်တိုင်းမှူး။

□

www.burmeseclassic.com

www.burmeseclassic.com

## ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်၏ ကြေညာစာတမ်း အမှတ် (၁)

ယခုအခါ မြန်မာနိုင်ငံတွင် ငါတို့ ပြည်သူပြည်သားအပေါင်းတို့သည် နယ်ချဲ့ ဖက်ဆစ် ဂျပန်၏လက်အောက်တွင် ပြားပြားဝပ်နေရကြောင်း။ နေ့စဉ်နှင့်အမျှ ငါတို့ လူမျိုးများမှာ အအိပ်ကြောင့်ကြ၊ အစားကြောင့်ကြ၊ အသွားကြောင့်ကြ ဖြစ်နေရပေသည်။ နေ့စဉ်နှင့်အမျှ ဂျပန်စစ်ပုလိပ်၊ ဂျပန်စစ်သား၊ ဂျပန်ကုန်သည်၊ ဂျပန်နောက်လိုက်တို့၏ ညှဉ်းဆဲမှု ကလိမ်ကျမှုတို့ကို ခံနေရပေသည်။ ငါတို့ပစ္စည်းတွေ သိမ်း၊ အိမ်တွေ အရမ်းနင်းချ၊ ငါတို့ အမြတ်တနိုး ကိုးကွယ်နေတဲ့ ဘုရားကျောင်းကန်ချော(ချ်) ဘုရားရှိခိုးကျောင်းမှန်း ဗလီများမှန်း မသိ၊ လုပ်ချင်ရာလုပ်၊ ဘုန်းကြီးမှန်းမသိ လူမှန်းမသိ၊ လူကောင်းမှန်းမသိ၊ လူဆိုးမှန်းမသိ၊ ထိပ်ခေါက်ချင်ခေါက်၊ ခေါင်းပုတ်ချင်ပုတ်၊ ပါးရိုက်ချင်ရိုက်၊ မိန်းမတွေကို အဝတ်ချွတ် ရှာလိုရှာ၊ မုဒိမ်းကျင့်လိုကျင့်၊ ဟာလုပ်ခိုင်းလိုခိုင်း၊ ဗိုက်တစ်လုံးနှင့် ပစ်ထားလိုထား၊ ငါး၊ ငါးပိ၊ ငါးခြောက်၊ ဆန် ဆီ အာလူး ဝါဂွမ်း အတွင်းပစ္စည်းရော အပြင်ပစ္စည်းရော သူတို့လက်ထဲထား၊ ဈေးတွေ ကမောက်ကမဖြစ်ချင်တိုင်း ဖြစ်အောင်လုပ်၊ ငါတို့ အများစားရမယ့် သုံးရမယ့် ပစ္စည်းတွေကျတော့ ဂျပန်တွေက တန်ဖိုးမရှိတဲ့ စက္ကူတွေနဲ့ ဈေးပိုပေး၊ ငါတို့ ပိုက်ဆံဖြစ်မယ့် ဆန် ဆီ ဝါဂွမ်း အစရှိသည်ကျတော့ အတင်းအဓမ္မ မတန်တဆ ဈေးနှိမ်သိမ်း၊ သိမ်းတာမှာလည်း မြန်မာတွေ လိုတာကို ဘာမှမချန်၊ သူတို့လိုတာ လောက်သာ သိပြီး နွားတွေ လှည်းတွေ မြင်းတွေ ကားတွေ အရမ်းသိမ်း၊ အရမ်းသတ်



လူတွေ အတင်းကူလီလုပ်ခိုင်း၊ တိုတိုပြောလျှင် ကျွန်ုပ်တို့ လူမျိုးတွေ ခွေးလုံးလုံး ဖြစ်နေပြီ။ ဂျပန်မြင်တိုင်း ခေါင်းညိတ်လိုက်ရတာလည်း အမောပဲ။

ဒါ ဘယ့်နှယ်လုပ်ကြမလဲ။ ဖက်ဆစ်ဂျပန်ကို သည်းမခံနိုင်တဲ့ ကျုပ်တို့ မြန်မာနိုင်ငံတွင်း နိုင်ငံပ အင်အားစု နှစ်ရပ်ပေါင်းပြီး အထက်မှာထားတဲ့ ပြည်သူ့ လွတ်လပ်ရေးအဖွဲ့ကြီး ဖွဲ့စည်းလိုက်ပြီ။

ဘယ်လိုရည်ရွယ်ချက်တွေနဲ့ ဒီအဖွဲ့ကြီး ဖွဲ့စည်းလိုက်သလဲ။

အောက်ပါအတိုင်းပဲ။

## မြန်မာနိုင်ငံ ဂျပန်ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့အဖွဲ့ချုပ်၏ စည်းမျဉ်းနှင့် လုပ်ငန်းစဉ်

(၁) ပထမ ။ ။ ဂျပန်နယ်ချဲ့ဖက်ဆစ်တပ်နှင့်နောက်က ပါတဲ့ ဂျပန် ကုမ္ပဏီကြီးငယ်တွေကို မောင်းထုတ်ပစ်ရမယ်။ ဂျပန်ရဲ့ နောက်လိုက် တွေကိုလည်း ဖြုတ်ပစ်ရမယ်။

(၂) မြန်မာပြည်သူပြည်သားအလိုကျ လွတ်လပ်တဲ့ မြန်မာပြည်သူပြည်သား နိုင်ငံဖွဲ့စည်းအုပ်ချုပ်ရေး ဥပဒေကို ရေးဆွဲရမယ်။ အောက်ပါအချက်တွေ ပါရမယ်။

(က) **ပုဂ္ဂိုလ်လွတ်လပ်ခွင့်**။ ဂျပန်စစ်ပုလိပ် အရမ်းဆွဲ၊ အရမ်းဖမ်းနေရတဲ့ အခုလို ပုဂ္ဂိုလ်လွတ်လပ်ရေးမျိုး မဟုတ်။

(ခ) **လွတ်လပ်စွာ တွေးတောခွင့်**။ အဓိပ္ပာယ်က လွတ်လွတ်လပ်လပ် မိမိ ယူချင်တဲ့ ဝါဒကို ဆိုလိုတယ်။ ကောင်းတဲ့၊ တရားတဲ့ ဝါဒ၊ ဆိုးတဲ့ဝါဒ မဟုတ်။ အခု ခင်ဗျားတို့ ကောင်းမှန်း၊ တရားမှန်း သိပေမဲ့ ဖွတ်မိုတ်ပြီး ခင်ဗျားတို့ ယုံကြည်မှုတွေကို ဖျက်ဆီးနေရတယ်မဟုတ်လား။ ဒါကတော့ မထူးဆန်းပါဘူး။ သူတို့ ဂျပန်မှာလည်း လူတွေဟာ အမှန်အကောင်း၊ တရားတာ ထင်တိုင်း မယုံကြည်ရဘူး။

(ဂ) **လွတ်လပ်စွာ ပြောဆိုခွင့်၊ ရေးသားခွင့်၊ ဖော်ပြခွင့်**။ သတင်းစာတာ ဘယ်နှစောင် ထုတ်၊ ဘာတွေသာ ရေး၊ ဘာတွေသာ ပြော၊ ဘာတွေသာ နားထောင်၊ ဘာစကားတွေသာ ပြောဆိုကိုယ့်အကျိုး မပါတဲ့ မဟာ အရှေ့ အာရှတိုက်သား တူညီမှု ဆိုးရေးနယ်ပယ်တို့

www.burmeseclassic.com

www.burmeseclassic.com



ဘူရီဒို လူရိုင်းဝါဒတို့ အစရှိသည်ကို နင်းကန်ပြီး ချီးမွမ်းရတဲ့ လွတ်လပ်စွာ ပြောဆိုခွင့်၊ ရေးသားခွင့်၊ ဖော်ပြခွင့်မျိုး မဟုတ်။

(ဃ) **လွတ်လပ်စွာ အသင်းအပင်းအဖွဲ့ အစည်း စည်းရုံးခွင့်၊ စည်းဝေးခွင့်၊ စီတန်းလမ်းလျှောက်ခွင့်။** ယခုအခါ ဂျပန် မကြိုက်လျှင် ဘာ အသင်းမှ မထောင်ရ။ အရင်တုန်းက အလုပ်သမား၊ လယ်သမား၊ ကျောင်းသားအသင်းတွေ ဘယ်ရောက်ကုန်သလဲ။ လွတ်လွတ်လပ်လပ် အသင်းလည်း မဖွဲ့၊ စည်းလည်း မစည်းဝေးရ။ စီတန်းလမ်းလျှောက်လို့ ကိုယ် လိုချင်တာလည်း မကြွေးကြော်ရ။ စာပေါ်မှာရှိတဲ့ အချုပ်အချာအာဏာပိုင် နိုင်ငံ အုပ်ချုပ်ရေး ဥပဒေ လွတ်လပ်ရေးမျိုး မဟုတ်ဘူး။

(င) **လွတ်လပ်စွာ မိမိကြိုက်နှစ်သက်ရာဘာသာတရားကို ကိုးကွယ်ခွင့်။** မကိုးကွယ်ချင်နေ၊ နိုင်ငံအစိုးရ ဆိုတာ ဘာသာရေးမှာ ကြား နေရတယ်။ သာတူညီမျှ သဘောထားရမယ်။ ကမ္ဘာတစ်ခုလုံးမှာ ဒီစနစ်ကို လိုက်နာနေကြတဲ့ အတိုင်းပဲ။ ဗုဒ္ဓဘာသာလူမျိုး တိုင်းပြည်အချင်းချင်း ဆိုပြီး ဘုန်းကြီးမှန်း မသိ၊ ဘုရားမှန်း မသိ၊ တန်ဆောင်းမှန်းမသိ၊ ဘုရား ပုထိုးကျောင်းကန်တွေ ဖျက်ဆီး မီးတိုက်၊ ဖိနပ်နောက်လုပ်၊ လမ်းခင်း၊ ဖင်ခုထိုင်၊ မြင်းဖောင်းဆောက် ဘုန်းကြီးတွေခေါင်း ခေါက်လိုခေါက်၊ သစ်ပင်အတက်ခိုင်းလိုခိုင်း ကြွက်သတ်ခိုင်းလို ခိုင်း ဆိုတဲ့ ဂျပန် သာသနာပြုနည်းမျိုးကိုတော့ မလိုချင်ဘူး။ ကျုပ်တို့ဘာသာ ကျုပ်တို့ လွတ်လွတ်လပ်လပ် ကိုးကွယ်ပါရစေ။ မတူချင်နေပါစေ။

(စ) **နေအိမ်၊ ကျောင်းတိုက်၊ ချာ့(ချ်)ဘုရားရှိခိုးကျောင်း၊ ဗလီ စသည် တို့ကို မတရားသဖြင့် နေ့ခင်းယှက် ကျူးလွန်ခြင်းမှ ကင်းလွတ်ခွင့်။**

(ဆ) **မတရားသဖြင့် ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်းမှ လွတ်လပ်ခွင့်။** ဂျပန်စစ်ပုလိပ်ကလည်း ဖမ်း၊ ဂျပန်စစ်သားကလည်း ဖမ်း၊ နောက်လိုက်တွေကလည်း ဖမ်း၊ ပါးရိုက်၊ ချုပ်ထား၊ ကျိုးအောင် ကန်းအောင်၊ သေအောင် ညှဉ်း၊ အဲဒီလို လွတ်လပ်ရေး မဟုတ်ဘူး။

(ဇ) **စီးပွားရေးနှင့် လူမှုရေးတွင် မတရားနှိပ်စက် ညှဉ်းဆဲမှုများမှ လွတ်လပ်ခွင့်။** ဥပမာ အဆမတန်ကြီးသော သီးစားနှုန်း၊ ငွေတိုးကြီး



စနစ်၊ မျှတ၊ တရားလွန် ကောက်ခံရေးစနစ် စသည်တို့မှ လွတ်ကင်း ချမ်းသာခွင့်။

(ဈ) **လူမျိုး၊ ဘာသာ၊ လိင်တို့နှင့်ပတ်သက်၍ အဆင့်အတန်း ခွဲခြား မှုများ မထားခြင်း။** နိုင်ငံအတွင်း အလုပ်အကိုင်မှန်သမျှ လူတိုင်း လူမျိုးဘာသာ ကျားမ မရွေး အစွမ်းအလျောက် ရရှိပိုင်ခွင့်၊ လူမျိုးချင်း၊ ဘာသာချင်း ယောက်ျားနှင့် မိန်းမ နှိမ့်ချသည့် အထိမ်းအမှတ်၊ အခေါ်အဝေါ်၊ အမည်နာမ၊ စရိုက်အကျင့်အကြံ၊ အလံ၊ စာအုပ်၊ ပေစာ၊ ရာဇဝင်အမှတ်အသားအားလုံး နိုင်ငံ အစိုးရက တားမြစ်ပေးရမည်။

(ည) **အလုပ်ကြမ်းသမား၊ အလုပ်နုသမားတို့ သင့်လျော်ရာ အလုပ်များကို လုပ်ကိုင်ခွင့်။** ပညာတတ် အလုပ်လက်မဲ့၊ ရိုးရိုး အလုပ်လက်မဲ့ အစရှိသည်တို့ကို မရှိစေရ၊ ရပြီးသား အလုပ်အကိုင်ကိုလည်း အကြောင်းမဲ့ မပြုတ်စေဘဲ မြဲမြဲရရှိနိုင်ခွင့် ရှိရမည်။

(ဋ) **ကျွဲနွား စားကျက်၊ ထင်း၊ နေအိမ်ဆောက်ရန် သစ်ဝါးများ အခမဲ့ အသုံးပြုခွင့်နှင့် အိမ်သုံးအတွက် ငါးဖမ်းခွင့် ရှိရမည်။**

(ဌ) **အစိုးရနှင့် ကုမ္ပဏီ စသည်တို့တွင် လုပ်သားများအားလုံး တရား မျှတစွာ ကန့်သတ်ထားသော အခ၊ အလုပ်ချိန်၊ နားရက်များ၊ ကျန်းမာရေးနှင့် ညီမျှအောင် ထားရှိရမည်။**

(ဍ) **လူမျိုးဘာသာ၊ လိင်ပစ္စည်း အခြေအနေမရွေး ပညာသင်ခွင့်၊ အတော်ဆုံးသာ ထိပ်ဆုံးရောက်မည်။ ဆင်းရဲချမ်းသာမရွေး တော်သူမှန်သမျှ ထိပ်တက်စေရမည်။**

(ဎ) **ဘာသာစာ၊ စာစကား ခြားနားသူများအဖို့ မိမိတို့ ဘာသာ အယူများအတိုင်း နေထိုင်ခွင့်။**

(ဏ) **ကရင်၊ ရှမ်း၊ ပလောင်၊ တောင်သူ၊ ကချင်၊ ချင်း၊ မွန်၊ တရုတ်၊ ကုလား စသော လူနည်းစုများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှု ဆက်ဆံရေး အခွင့်အရေးများကို အစိုးရက အထူးစောင့်ရှောက် ပေးခြင်း။**

(၃) အိုစာနာစာ၊ အထိအခိုက်လျော်ကြေး၊ အလုပ်လက်မဲ့ ထောက်ပံ့ကြေး အစရှိသည်တို့ကို နိုင်ငံအတွင်း လုပ်သားမှန်သမျှ ရခွင့်ရှိရမည်။

www.burmeseclassic.com

www.burmeseclassic.com



(၄) အောက်ကျနောက်ကျဖြစ်နေတဲ့ ကရင်၊ ကချင်၊ ချင်း အစရှိသည်တို့ကို တစ်မျိုးလုံးရဲ့ ယဉ်ကျေးမှုအဆင့်အတန်းကို ရောက်အောင် လုပ်ပေး ရမည်။ ၎င်းတို့ထံမှရတဲ့ အခွန်ငွေများကို ၎င်းတို့အတွက်သာ သုံးရမည်။ ဒါတွင်မကသေး၊ လိုနေလျှင် အစိုးရ ဗဟိုရန်ပုံငွေထဲက ထုတ်သုံးရမည်။

(၅) တိုးတက်သော ပညာရေးစနစ်ကို တီထွင်ရမယ်။ တစ်ပြည်လုံးမှာ ဂျပန်ကျောင်းတွေ ဖွင့်ပြီး ကျောင်းသားသူငယ်တွေကို သူတို့လုပ်ခိုင်းတဲ့ ပညာရေးမျိုး မဟုတ်ရ။

(၆) စကောလားရှစ် ဆုငွေများ၊ ပညာတော်သင်စရိတ်များ၊ အစိုးရ အထောက် အပံ့ ပညာရှာဖွေရန် အခွင့်အလမ်းကောင်းများအားဖြင့် မြန်မာနိုင်ငံမှာ လောကဓာတ်ပညာ၊ ခေတ်ပညာ၊ ကမ္ဘာ့ယဉ်ကျေးမှု ပညာများကို တိုးတက်အောင် လုပ်ရမယ်။ လောကဓာတ် ဆရာကြီးတွေ၊ တက္ကသိုလ် ပါမောက္ခကြီးတွေ၊ ဓာတုဗေဒဆရာတွေ၊ ပညာရှိတွေ၊ နည်းသစ်ထွင် သူတွေ၊ ထွက်အောင်လုပ်ရမယ်။ ရှိပြီးသား ပညာရေးတွေကိုလည်း နိုင်ငံရဲ့သစ္စာ စောင့်သိလျှင် ကောင်းစွာ ချီးမြှောက်ရမယ်။

(၇) တက်ခေတ်နှင့် လျော်ညီတဲ့ လယ်မြေစနစ်ကို စီမံရမယ်။

(၈) သတ်မှတ်သော အခွန်ကောက်ခံရေးစနစ် တီထွင်ရမယ်။

(၉) တိုးတက်တဲ့ ကုန်သွယ်ရေးနှင့် အလုပ်သမားစည်းမျဉ်းကို အသုံးပြုရမယ်။

(၁၀) နိုင်ငံကို သစ္စာဖောက်တဲ့လူတွေရဲ့ ပစ္စည်းမှန်သမျှ အကြွင်းမရှိ၊ အလေ မရှိ သိမ်းရမယ်။

(၁၁) အများပြည်သူတို့ လိုက်လျောတဲ့ အဂတိ မလိုက်စား၊ တရားသဖြင့် အုပ်ချုပ်ရေးကို တီထွင်ရမယ်။

(၁၂) အပြစ်မရှိဘဲ အပြစ်ခံရသူ ခံရ၊ အပြစ်ရှိသူ အပြစ်လွတ်၊ ဥပဒေ ရှုပ်ပါရဲ့ တရားစရိတ် မတတ်နိုင်၍ အခွင့်အရေး မရ၊ မှန်မှန်းသိလျက် သက်သေ မပြနိုင်၍ လက်ပိုက်ကြည့်နေရ၊ အချိန်တွေ ဆွဲချင်တိုင်း ဆွဲပြီး တရား စစ်လိုက စစ်၊ အစရှိသည်အားဖြင့် လွန်စွာ ချွတ်ယွင်းနေသော လက်ရှိ ဥပဒေတရားရုံးစနစ်တွေကို သေသေချာချာ ပြောင်းလဲပစ်ရမည်။ အပြစ်ရှိရင် ကလဲ့စားချေရုံလောက်သာ စိတ်ကူးပြီး ပြုပြင်ဖို့ စိတ်မကူးတဲ့ အပြစ်ပေးနည်းစနစ်၊ လောက ငရဲနဲ့တူတဲ့ ထောင်အုပ်ချုပ်ရေးတွေကို ပြုပြင်ရမယ်။



အထက်ပါအချက်တွေကို ကျွန်ုပ်တို့နိုင်ငံက မလုပ်နိုင်ရင် ကျုပ်တို့တစ်တွေ တိုးတက်နိုင်ဘူး။ တကယ် သာတူညီမျှ ခံစားရေး မရှိနိုင်ဘူး။

အထက်ပါအချက်တွေကို ဂျပန်ဖက်ဆစ်လူရိုင်းတွေ မြန်မာပြည်မှာရှိနေသမျှ ကျုပ်တို့ မရနိုင်ဘူးမှတ်။ သူတို့ရှိနေသမျှ မြန်မာပြည်ဟာ စစ်ဘေးနဲ့ တွေ့နေရမှာပဲ။ သူတို့ကို စစ်ကြေးပေးနေရတာနဲ့ ကျုပ်တို့ စားဖို့ ဝတ်ဖို့ တိုးတက်ဖို့ အခွင့်အလမ်းတွေ ရှာမှာမဟုတ်ဘူး။

ဒါကြောင့် ဖက်ဆစ်ဂျပန်တွေကို မောင်းထုတ်ရမယ်။ ဘယ်လိုမောင်းထုတ် ရမလဲ။ အောက်ပါအချက်တွေကို လူထုအလိုက် စည်းရုံးပြီး လုပ်ရမယ်။

(၁) ဖက်ဆစ်ဂျပန် ဓားပြတပ် သုံးတဲ့ မီးရထားလမ်း မော်တော်ကားလမ်း တံတားတွေ ဖျက်၊ သူတို့ပစ္စည်းတွေ မီးရှို့ ဖျက်ဆီး လုယူ။

(၂) ဖက်ဆစ် ဓားပြတပ် စစ်မတိုက်နိုင်အောင် လမ်းဖောက်တာတွေကို မကူညီကြနှင့်။ အလုပ်သမားတွေ သပိတ်မှောက်ရသမျှ လက်နက်တွေနှင့် ကိုင်ထ။

(၃) ကျွဲ နွား တိရစ္ဆာန်၊ ယာဉ်များ လှေတွေကို အသိမ်းမခံနဲ့၊ ဝှက်ထားကြ၊ အစားအသောက်တွေ ဝှက်ထားကြ။

(၄) ဂျပန်နောက်လိုက် သစ္စာဖောက် မြန်မာတွေကို သတ်ပစ်ကြ။

(၅) မြန်မာ့တပ်မတော်စစ်သားတွေက သူပုန်ပြောက်ကျားနည်းအရ၊ ဂျပန် ဖက်ဆစ် လူရိုင်းတွေကို တိုက်ကြ။

(၆) ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့အဖွဲ့ချုပ်အား ဖက်ဆစ်ရန်သူများရဲ့ သတင်းများကို ပေး၊ ဖက်ဆစ်ရန်သူကို မမှန်သတင်းပေး။

(၇) ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့အဖွဲ့ခွဲတွေ စစ်တပ်တွေ ဖွဲ့ကြ၊ လယ်သမား အလုပ်သမား အစည်းအရုံးတွေ ဖွဲ့ကြ။

(၈) တစ်တိုင်းတစ်ပြည်လုံး အဖွဲ့အချင်းချင်း လူမျိုးအချင်းချင်း မကွဲကြနှင့်၊ ညီရင်းအစ်ကိုလို အလုပ်လုပ်ကြ။

## အထူးမှတ်တမ်း

ငါတို့သည် ဖက်ဆစ်ဂျပန်ကိုသာ မုန်း၏။ ဖက်ဆစ်ဂျပန်ဟာ မြန်မာတွေ အာရှ တိုက်သားတွေကိုသာ ညှဉ်းဆဲသည်မဟုတ်။ သူတို့ဂျပန်ပြည်မှာလည်း ပြည်သူ ပြည်သားများကို ညှဉ်းဆဲကြတယ်။ ဂျပန်ပြည်မှာ တောက မိန်းကလေးတွေကို

www.burmeseclassic.com

www.burmeseclassic.com



ကြေးတင်လို့ မိန်းမရှင်လုပ်ဖို့ အရောင်းအဝယ်လုပ်ကြရတယ်။ အလုပ်သမားတွေ ဖိစီးနှိပ်စက်တယ်။ ဖက်ဆစ်တိုက်ဖျက်ရေး တကယ့်စိတ်ရှိသူတွေကို ဖမ်းဆီးထားတယ်။

ဘယ်သူတွေအတွက်လဲ။

ဂျပန်ပြည် အဌေးဆုံး ငွေကြေးရှင် သူတို့ ဘုရင်ကြီး ခေါင်းဆောင်တဲ့ မက်ဆူဝီ မက်ဆူဘီရှိ ဆူမီတိုမို အစရှိတဲ့ ဓနရှင် ကုမ္ပဏီသူဌေးကြီးတွေနဲ့ စစ်တပ်မှ အကြီးအကဲတွေ ကောင်းဖို့အတွက်ပဲ။ ဗမာပြည်မှာရှိတဲ့ အမ်ဘီအေ အမ်အက်စ်ဆော ဆိုတာ သူတို့ပေါ့။

ဂျပန်ပြည်မှာ လူတွေ ဆူမှာစိုးတော့ စိတ်ပြောင်းသွားအောင် တခြားသွား စစ်တိုက်တယ်။ သူတို့စီးပွားရေး လက်ဝါးကြီးအုပ်ဖို့ နယ်သစ်တွေ ရှာကြတယ်။ ဂျပန်ပြည်သူပြည်သားတွေကိုလည်း မစားရ ဝခမန်း တရားတွေဟောပြီး ခေါ်ခဲ့တယ်။ ငါးပိ ငါးခြောက်၊ ဟင်းသီးဟင်းရွက်အထိ လုပ်ခိုင်းတယ်။ စစ်သားတွေကို မျက်စိမှိတ်ပြပြီး လုပ်ချင်ရာ လုပ်တာကို ကြည့်နေတယ်။

အဲဒီတော့ အမှန်က ဂျပန်လူမျိုးတွေဟာ မဆိုး။ ဂျပန်ဖက်ဆစ်တွေသာ ဆိုးတယ်။ ဒါကြောင့် စစ်ရှုံးမှ သူတို့ ဂျပန်ပြည်မှာ ဖက်ဆစ်တိုက်ဖျက်နေတဲ့ သူတော်ကောင်းတွေ အာဏာရကြမှာ။ အဲဒီတော့ သူတို့ စစ်ရှုံးအောင် အထက်ပါ အချက်တွေ လုပ်။ ဂျပန်စစ်သားများကို ချော့ပြီး ကိုယ့်လူ သူ့ဘက်သားဖြစ်အောင်လုပ်။ ထွက်ပြေးလာတဲ့ ဂျပန်စစ်သားများကို ကောင်းကောင်းကျွေးမွေး ဇုက်ထားကြ။ ပြီးတော့ ငါတို့ရှိရာပို့။ ဂျပန်ပြည်တွင်လည်းကောင်း၊ ငါတို့ မဟာမိတ် တရုတ်တပ် များတွင်လည်းကောင်း၊ ဂျပန်လူမျိုး တော်လှန်ရေးတပ်ဖွဲ့ထားပြီး မဟာမိတ်တပ် များနဲ့အတူ ဂျပန်ဖက်ဆစ်စနစ်ကို အနည်းနည်း တိုက်ခိုက်လျက်ရှိသည်။ ယခုအခါ ၎င်းတို့၏ ဝါဒဖြန့်မှုကြောင့်လည်းကောင်း၊ စစ်မတိုက်လိုသောကြောင့်လည်းကောင်း ဂျပန်စစ်သား အများအပြားသည် စစ်မြေပြင်မှ ထွက်ပြေးနေကြပြီ။ ထို့ကြောင့် တစ်ဦးစ၊ နှစ်ဦးစ ဂျပန်များကို တွေ့က မသတ်ဖြတ်ဘဲ ကိုယ့်လူဖြစ်အောင် လုပ်ကြ။ တွေ့သည့် ဂျပန်အနည်းငယ်မျှကို သတ်ဖြတ်ရုံနှင့် ဂျပန်ဖက်ဆစ်များ စစ်မရှုံးနိုင်။ သူတို့ရိက္ခာတွေဖြတ်၊ ခဲယမ်းမီးကျောက်ကုန်၊ လမ်းပန်းအသွားအလာပြတ်မှသာ စစ်မတိုက်နိုင်တော့ဘဲ ဗမာပြည်မှ ထွက်ပြေးကြမယ်။

ဗမာပြည် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့အဖွဲ့ချုပ်၏ အောင်လံတော်သည် အနီရောင်ပေါ်တွင် ကြယ်ပွင့်ကို လက်ဝဲအထက်ထောင့်တွင် တပ်ဆင်ထားသည့် အောင်လံတော် ဖြစ်စေရမယ်။



အဘယ့်ကြောင့် အနီရောင်နှင့် ကြယ်ကို အသုံးပြုထိုက်ပါသနည်း။

(၁) အနီရောင်သည် ရဲရင့်ခြင်း အထိမ်းအမှတ်ဖြစ်၏။

(၂) လူထုများ၏ အရောင်အဆင်းလည်း ဖြစ်၏။

(၃) ကမ္ဘာပေါ်ရှိ အားလုံးသော လူမျိုးအပေါင်းတို့၏ သွေးစည်းရေးလည်း မည်၏။

(၄) ထင်ရှားပေါ်လွင်ပြီးလျှင် အလွယ်တကူလည်း သိမြင်နိုင်၏။

(၅) ကြယ်ပွင့်အဓိပ္ပာယ်သည် လွတ်လပ်ရေးကိုလည်းကောင်း၊ တိုးတက်သော ယဉ်ကျေးမှုကိုလည်းကောင်း၊ လမ်းညွှန်ရာ ကြယ်တာရာ အဖြစ်ကို ဆောင်နေသည်။

ငါတို့တစ်မျိုးသားလုံးသည် အနီရောင်နှင့် ကြယ်ပွင့်အောင်လံတော်ကို ဆွှင့်ထူ၍ တကယ့်လွတ်လပ်ရေးစခန်းကို အတူတကွ ချီတက်ကြကုန်အံ့။

ရဲဘော်တို့

လွတ်လပ်လိုသလား၊ ငြိမ်းချမ်းလိုသလား၊ ဝဝလင်လင် စားလို ဝတ်လိုသလား၊ ခိုးသားဓားပြဘေးမှ ကင်းလွတ်လိုသလား။

နယ်ချဲ့ဖက်ဆစ် ဂျပန်လူရိုင်းစစ်တပ်တွေကို မောင်းထုတ်ကြ။

လွတ်လပ်တဲ့ ပြည်သူ့အစိုးရ ထောင်ကြ။

သွေးစည်းရေး၊ လွတ်လပ်ရေး၊ အဝတ်အစား၊ ငြိမ်ဝပ်ပိပြားရေးနှင့် ငြိမ်းချမ်းရေးတို့ကို အရဆောင်ယူကြလော့။

ဖက်ဆစ်ဝါဒကို ဖျက်ဆီးလော့။

ဒီမိုကရေစီမဟာမိတ်အဖွဲ့နှင့် ပူးပေါင်းလော့။

(ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့အဖွဲ့ချုပ်)

❑

www.burmeseclassic.com

www.burmeseclassic.com



## တပ်မတော်၏ စစ်မိန့်ပြန်တမ်း

ဗိုလ်ချုပ်အောင်ဆန်းသည် တပ်မတော် စစ်သေနာပတိအနေဖြင့် ဖက်ဆစ်တော်လှန်ရေး အတွင်း တပ်မတော်၊ ဗိုလ်၊ အကြပ်၊ တပ်သား၊ ရဲဘော်များအား ဖက်ဆစ်ဆန့်ကျင်ရေး နိုင်ငံရေးသဘောထားများ ပြည့်ဝ၍ ဖက်ဆစ်ဂျပန်တို့၏ ပရိယာယ်များကို နားလည် သိရှိပြီး ပြောက်ကျားစစ်နည်းဗျူဟာများကို ကျွမ်းကျင်လာစေရန် ရည်ရွယ်၍ အောက်ပါ စစ်မိန့်ပြန်တမ်း အမှတ် (၁) ကို ရေးသားထုတ်ပြန်ကာ တိုင်း စစ်ဌာနချုပ်များသို့ ပို့ပေးခဲ့လေသည်။ ဤ အမိန့်ပြန်တမ်း အမှတ် (၁) အား ဖက်ဆစ်တော်လှန်ရေး စတင်သည်နှင့် တပ်မတော်သားတိုင်းအား တပ်မှူးများက ဖတ်ကြားပြရမည် ဖြစ်ကြောင်းလည်း ညွှန်ကြားခဲ့လေသည်။

### အမိန့်ကြေညာစာတမ်း အမှတ် (၁)

**မြန်မာ့တပ်မတော်မှ ဗိုလ်၊ အကြပ်၊ တပ်သား၊ ရဲဘော်အပေါင်းတို့**

ရှေးနှစ်ပေါင်းများစွာကပင် ငါတို့လူမျိုးများသည် ငါတို့တိုင်းသူပြည်သားတို့အား နိုင်ငံရေးအရလည်းကောင်း၊ စီးပွားရေးအရလည်းကောင်း၊ လူမှုဆက်ဆံပေါင်းသင်းရေးအရလည်းကောင်း ချုပ်ချယ်မှုအရပ်ရပ်မှ ကင်းလွတ်ရန် အမျိုးမျိုး အနည်းနည်း ကြိုးပမ်း အားထုတ်ခဲ့ပေသည်။ မြောက်မြားစွာသော ငါတို့၏ နောင်တော် နောင်တော်များသည် သူတို့၏ ဟဒယ သွေးစက်ဖြင့် ငါတို့လူမျိုးများ၏ လွတ်လပ်ရေး သစ်စေ့ကို ရေသွန်းလောင်းခဲ့ပေသည်။ လွန်ခဲ့သော ၃ နှစ်ကျော် ကာလက ငါတို့သည် ငါတို့နောင်တော်များ သွေးစက်ဖြင့် ကြောင်းရာလမ်းကို လိုက်ကာ ငါတို့လူမျိုးများ လွတ်လပ်ရေးအတွက် ဗမာ့လွတ်လပ်ရေးတပ်မတော် ဖွဲ့စည်းကာ အားသစ်ပျိုး၍ တိုက်ခိုက်ကြပြန်သည်။ သို့သော်လည်း အလွန် ရှုပ်ထွေးသော ကမ္ဘာစစ်အခြေအနေတွင် ငါတို့ ရည်ရွယ်ရင်းမရှိသော ဂျပန် ဖက်ဆစ်အစိုးရ၏ တန်ဆာခံအဖြစ်သို့ ရောက်ရှိခဲ့ရ၍ ၎င်းတို့အောက်တွင် အားမတန် ဆန်လျှော့နေခဲ့ရပေသည်။

ဂျပန်ဖက်ဆစ် လူရိုင်းများသည် အာရှတိုက်တစ်ခုလုံးတွင် သူတို့အား ဖက်စိမှောက်မှား၍ ငါတို့လွတ်လပ်ရေးအတွက်ထင်ကာ အားပါးတရ ကူညီကြသော ငါတို့ တိုင်းသူပြည်သားများကို ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ငါတို့အမျိုးသမီးများကို ဆော်ကားခြင်း။ ဘာသာရေး ကျောင်းကန် ဇရပ်၊ ဗလီ၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်း၊ ဟိန္ဒူဘာသာ၊ မွတ်ဆလင်၊ ခရစ်ယာန်ဘုန်းကြီး အစရှိသည်တို့ကို စော်ကားခြင်း အစရှိသည် တို့ကို ပြုလုပ်ခြင်း၊ ငါတို့ပစ္စည်းတွေကို အရမ်းသိမ်း၊ ကျွဲနွားတွေကို အတင်းသတ်၊ အတင်းသိမ်း၊ ဝါဂွမ်းသိမ်း၊ နှမ်းသိမ်း၊ ဆန်သိမ်း၊ လူတွေကို ပါးရိုက်နားရိုက်လုပ်၊ ဂျပန်စစ်ပုလိပ်က လူတွေကို ဖမ်းချင်သလိုဖမ်း၊ ညှဉ်းချင်သလို ညှဉ်း၊ သတ်ချင်သလို သတ်၊ ချေးတပ်ဆွဲပြီး ကျွဲနွားလိုခိုင်း၊ ဖျားနာရင် မသေမရှင် မြေကြီးထဲမြှုပ်ပစ် စသော သေမာ ရက်စက်ကြမ်းကြုတ် ညှဉ်းဆဲကလူပြုမှုခြင်း အမျိုးမျိုးကို ကျူးလွန်ခဲ့ပေသည်။

ငါတို့သည် ကမ္ဘာကြေသော်လည်း ကျေချမ်းနိုင်စရာမရှိပေ။ ငါတို့စစ်တပ် များကိုလည်း ဘုရားပြီး ငြမ်းဖျက် ဆိုသလို သူတို့အတွက် သုံးလို့ အားရသည့်အခါ စစ်တပ်တွေ ဖျက်၊ လက်နက်တွေ သိမ်း၊ တချို့ ငါတို့ရဲ့ ရဲဘော်တွေ ဖမ်းသတ် အစရှိသည်တို့ကို ပြုလုပ်ခဲ့ပေသည်။ သို့သော် ဂျပန်ဖက်ဆစ်များသည် ၁၉၄၃ ခုနှစ် လောက်ကစ၍ ကမ္ဘာစစ်အခြေအနေမှာ သူတို့နှင့် သူတို့မဟာမိတ် ဂျာမနီတို့ တစ်စ တစ်စ ရှုံးလာသောအခါ ငါတို့တိုင်းပြည်အား အဆီ အသား ကင်းသော လွတ်လပ်ရေး အတုအယောင်ကို ပေးခဲ့လေသည်။ ဂျပန်အစိုးရနှင့် ငါတို့တိုင်းပြည်မှာ မဟာမိတ်များဟု စာချုပ်အရ ဆိုထားသော်လည်း မမှန်။ ဂျပန်ကလွဲ၍ အခြားနိုင်ငံများကို ဂျပန် ဩဇာအောက် မန်ချူးရီးယား အစရှိသော နိုင်ငံများနှင့်ပင် ဆက်သွယ်ခြင်း မပြုနိုင်။ ငါတို့စစ်တပ်ကိုလည်း လက်နက်မပေး၊ လေ့ကျင့်မှုကောင်းကောင်းမပေး၊ မတိုးတက် အောင် အမျိုးမျိုးနှောင့်ယှက် အစရှိသည်တို့ကို ပြုလုပ်ခဲ့ပေသည်။ ငါတို့စစ်တပ်မှ သိမ်းသွားသော၊ ငါတို့ စစ်တိုက်၍ရသော သေနတ်များကိုပင် မပေး။ ငါတို့ ဆောင်းသောအခါ လက်နက်မရှိဟု ယီးတီးယောင်တောင်လုပ် ဖြေခဲ့သည်။ နောက်ဆုံး ဆုံးသောအခါလည်း သုံးမရသော လက်နက်များကို ပေးခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ ဂျပန်စစ်တပ်က ဘာမဆို ငါတို့တိုင်းပြည်တွင်းမှာ လုပ်နိုင်အောင် လှို့ဝှက်သော စစ်စာချုပ်ဖြင့် မြန်မာအစိုးရအား ခိုင်မြဲစွာ တုပ်နှောင်ထားလေသည်။ ယခုအခါ ဂျပန်များသည် ရှေ့က လူကြီးမှန်း သူကြီးမှန်း မသိ၊ လုပ်ချင်ရာလုပ်နေရင်းက သူတို့ အခြေမလှ၍ ငါတို့အား ခေါင်းတညိတ်ညိတ် မျက်နှာတပြုံးပြုံး အင်မတန် ယဉ်ကျေးလာပြန်သည်။ သို့သော်လည်း သူတို့ကို ငါတို့ မယုံနိုင်။ သူတို့က ငါတို့အား စော်ကားညှဉ်းဆဲသမျှကို ငါတို့ မကျေမချမ်းနိုင်။ ယုံစရာလည်း မရှိ။ ယခု ငါတို့အား လိုက်လျောယောင်နှင့် ငါတို့တပ်များကို ဖြစ်ကတတ်ဆန်းဖွဲ့၊ သူတို့ လိုချင်သုံး စစ်မြေပြင်သို့ အပြင်အဆင် ဘာမှုမရှိဘဲ အရမ်းပို့၊ အရေးကြုံက ပစ်ထားသည့်စနစ်ကို သုံးစွဲတုန်းပင် ရှိသည်။

ဥရောပတိုက်တွင် ဂျာမန်ဖက်ဆစ်များသည် ဂျပန်များကဲ့သို့ပင် ဥရောပသား များကို ညှဉ်းဆဲနှိပ်စက်လျက်ရှိရာ ၎င်းတို့အား ယခုအခါ ရုရှား အမေရိကန် အင်္ဂလိပ် ခေါင်းဆောင်ကာ ဥရောပတိုက်တစ်ခုလုံးက ဝိုင်း၍ တိုက်ခိုက်နေကြသည်။ ငါတို့ သည်လည်း ဂျပန်ဖက်ဆစ်များကို ဥရောပတိုက်အလားတူ ဗမာပြည်နှင့် အာရှတစ်ခွင် ကမ္ဘာတစ်ခုလုံးမှ ရုရှား၊ အမေရိကန်၊ အင်္ဂလိပ် ခေါင်းဆောင်သော မဟာမိတ်များနှင့် အတူ အဆုံးတိုင် မောင်းနှင် တိုက်ထုတ်ပစ်ရမည်။ ဂျပန်ဖက်ဆစ်များကို ငါတို့ မောင်းနှင်ထုတ်နိုင်မှသာလျှင် ငါတို့၏ လွတ်လပ်ရေးအစစ် အခြေခံများ ပေါ်ပေါက် နိုင်မည်။ ထိုအခြေခံများမှ ငါတို့ ရှေ့သို့ဆက်လက်၍ လွတ်လပ်ရေးစခန်းသို့ အောင်မြင် ချောမောစွာ ချီတက်နိုင်မည် ဖြစ်သည်။

ထို့ကြောင့် ရဲဘော်တို့။ ရဲဘော်တို့၏ သေနာပတိအဖြစ် အောက်ပါ အမိန့် ကြေညာစာတမ်းကို ထုတ်ပြန်လိုက်သည်။ အားလုံး တပ်မတော် ဗိုလ် တပ်ကြပ် တပ်သားတို့သည် တစ်သဝေမတိမ်း ငါတို့၏အမိန့်ကို လိုက်နာရမည်။ မလိုက်နာသူ များအား ငါတို့သည် ပြင်းထန်စွာ အရေးယူမည်ဖြစ်ကြောင်း သိစေလိုက်သည်။

၁။ ငါတို့တပ်မတော်အဖွဲ့အားလုံးသည် မိမိတို့ ဆိုင်ရာ တပ်မှူးများ၏ အမိန့်အောက်တွင် လိုက်နာကာ ဂျပန်ဖက်ဆစ်များနှင့် လွတ်ရာ အရပ်သို့ ရှောင်ရှားကာ ဂျပန်ဖက်ဆစ်များကို တိုက်နိုင်သော နည်းဖြင့် တိုက်ခိုက်ဖြိုဖျက်ရမည်။ ဤ ဂျပန်ဖက်ဆစ်များနှင့် ကင်းလွတ်ရာ ရှောင်သည့်အခါ အနီးအနားရှိ ဂျပန်တပ်များကို မိမိတို့ အောင်မြင် နိုင်မည်ဟု သေချာက တိုက်ခိုက်ကာ ရှောင်ရမည်။ အကယ်၍ လိုက်တိုက်၍ မဖြစ်နိုင်ဟုဆိုလျှင် မတိုက်ခိုက်ဘဲ လွတ်ရာကျွတ်ရာ



ရှောင်ရှားကြရမည်။ သို့သော် ဘယ်နည်းနှင့်မဆို ငါတို့တပ်ဖွဲ့ များသည် ပထမ၊ ဒုတိယ တိုက်ပွဲများကို မရှုံးနိုင်အောင် တိုက်ရမည်။ ဤ ပထမတိုက်ပွဲများ ရှုံးမိသော တပ်များသည် ပြန်လည်အောင်မြင်စွာ တိုက်နိုင်ရန် ခဲယဉ်းသည်ကို သတိပြုရမည်။

၂။ ပထမဦးစွာ တပ်များသည် ဂျပန်ဖက်ဆစ်များနှင့် ကင်းလွတ်ရာသို့ ချီတက်မည့် အစီအစဉ်ကို ကျနစွာ ကြိုတင်စီမံပြုလုပ်ရမည်။ အထူးသဖြင့် တပ်များ စတင်ချီတက်၊ သို့မဟုတ် လုပ်ကြံသည်နှင့် တစ်ပြိုင်နက် ဂျပန်ဖက်ဆစ်များ၏ အဆက်အသွယ် စနစ်အားလုံးကို ဖြတ်တောက်ပြီး ရှိရမည်။ ၎င်းပြင် ဖက်ဆစ်ဂျပန်အား အာရုံ တခြား ပြောင်းသွားစေရန် စီမံကိန်းများလည်း ပြုလုပ်ရမည်။ မယုံရသော သူများ၊ ကျန်ရစ်ခဲ့သူများ မရှိစေရ။ မယုံရသောသူများကို ဖမ်း၊ အားလုံးကို ခေါ်ဆောင်ကာ နောက် လုံခြုံသော အခြေအနေမျိုး ရောက်ရှိမှ ၎င်းတို့အတွက် နောက်တစ်ဆင့် စီမံကိန်း ပြုလုပ်ရမည် (ဖမ်းဆီးထားသူများကို သတ်ပစ်ရန် မဟုတ်။ ၎င်းတို့ကို ထားပစ်ခဲ့ မလား၊ ခေါ်သွားရင် ဘယ်လိုအုပ်ချုပ်ပြီး ဘယ်လိုခိုင်းမည် အစရှိသည် တို့ကိုသာ ဖြစ်ရမည်)။ ကျန်နေရစ်ခဲ့သူများရှိက သူတို့က တစ်ဆင့် စကား တစ်ဆင့်နားဖြင့် ငါတို့ချီတက်မှုကို ထိခိုက်စေနိုင်သည်။ မယုံသူများကို မဖမ်းဘဲထားက ၎င်းတို့ထွက်ပြေး၍ ငါတို့သတင်းအား ရန်သူများအား ပေးချိမ့်မည်။ ထိုမှတစ်ပါး အနီးအနားတွင် တွေ့နိုင် သမျှ ဂျပန်များကို ဖမ်းဆီး၍ တန်ဆာခံအဖြစ်လည်းကောင်း၊ သုံ့ပန်း အဖြစ်လည်းကောင်း ခေါ်သွားရမည်။ ရပ်ရွာများတွင် ဝါဒဖြန့်ရာ တွင်လည်း အသုံးကျမည်။ ငါတို့ တိုင်းသူပြည်သားအချို့အား ငါတို့ ထကြွရေးကို သွယ်ဝိုက်၍ နှိမ်နင်းရန် ဖက်ဆစ်များက သတ်ဖြတ်မည် ပြုလာလျှင် ငါတို့ထံရှိ ငါတို့ဖမ်းထားသော သုံ့ပန်းများကို ငါတို့ ကလဲ့စားချေမည်ဟု သတင်းလွှင့် ကြေညာရမည်။

သို့ရာတွင် ထိုကဲ့သို့ ကလဲ့စားချေသည့်သဘော၊ သတ်ဖြတ်ရမည့် အခါမှတစ်ပါး သုံ့ပန်းများကို ကောင်းမွန်စွာ ထားကြရမည်။ ၎င်းတို့အား အလုပ်ကြမ်းများ လုပ်ခိုင်းနိုင်သည်။ သို့မဟုတ် အခြေအနေ အားလျော်စွာ စစ်ပညာသင်တန်းဆရာများအဖြစ် (လက်နက်မပေးဘဲ)

www.burmeseclassic.com

www.burmeseclassic.com



အသင်အပြခိုင်းနိုင်သည်။ သို့ပန်းများကို နိုင်ငံအချင်းချင်း ဆက်သွယ်ရာ ဥပဒေ (International Law) အရ မညှဉ်းဆဲရ။ ကောင်းမွန်စွာ ထားမှသာလျှင် ငါတို့၏စစ်တပ်အခွင့်အရေးများကို ရန်သူကသော်လည်းကောင်း၊ ကမ္ဘာကသော်လည်းကောင်း အသိအမှတ်ပြုမည်။ တပ်ချီသည့်အခါ စစ်နောက်ကျောတွင် တပ်စု၊ သို့မဟုတ် တပ်စိတ်တစ်ခု ချန်ခဲ့၍ ရန်သူ၏အရိပ်အခြည်ကို စောင့်ကြည့်ခိုင်းပြီး သတင်းကို တပ်ဖွဲ့သို့ အပို့ခိုင်းခြင်း၊ ရန်သူများ လိုက်လံနေက ရန်သူလိုက်လံခြင်းကို နှေးနိုင်သမျှ နှေးအောင် အလုပ်ခိုင်းခြင်း၊ လမ်းဖျက်၊ ချောင်းပစ်၊ အယောင်ဆောင်အမျိုးမျိုးလုပ် အစရှိသည်တို့ ဖြစ်သည်။ ဘပ်မဟာတပ်ရင်းကို အေးအေးဆေးဆေး လုံခြုံလောက်မှ ၎င်း နောက်ခံတပ်ဖွဲ့က အမီပြန်လိုက်လာရမည်။

၃။ စစ်ချီတက်ရာတွင်လည်းကောင်း၊ တိုက်ခိုက်ရာတွင်လည်းကောင်း၊ ရပ်နားရာနေရာတွင်လည်းကောင်း ရှေ့ နောက် ဝဲ ယာ အထပ်ထပ် ကာကွယ်နိုင်သမျှ ကာကွယ်ရေးအစီအစဉ်များကို အမြဲတမ်း သတိကြီးစွာနှင့် ပြုလုပ်ဆောင်ရွက်ကြရမည်။ သို့မှသာလျှင် ရန်သူများ၏ အလစ်ဝင်စီးခြင်း၊ ချောင်းဖမ်းခြင်းတို့ကို ကာကွယ်နိုင်မည်။ မည်သည့်အချိန်အခါမဆို ရန်သူများ၏ အဆက်အသွယ်များကို ဖြတ်တောက်ပစ်ခြင်း၊ ၎င်းတို့၏အသွားလမ်းများကို သိသည့်အလျောက် မိမိတို့က ရှောင်နေခြင်း၊ ၎င်းတို့လမ်းများ ပိတ်ဆို့အောင် အမျိုးမျိုးပြုလုပ်ခြင်း၊ ၎င်းတို့သယ်ယူပို့ဆောင်ရေးတပ်များ စခန်းများကို ဖျက်နိုင်သလောက်ဖျက်၍ မိမိအတွက် အသုံးကျမည့် သယ်နိုင်သမျှ ပစ္စည်းများ ယူခြင်း၊ ၎င်းတို့လက်နက်ခဲယမ်း ရိက္ခာတို့ကို လုယူခြင်း၊ ဖျက်ဆီးခြင်း၊ ၎င်းတို့အတွက် အလုပ်သမားများကို ထွက်ပြေးခိုင်းခြင်း၊ အလုပ်မလုပ်နိုင်အောင် စီမံခြင်း၊ အလုပ်သမားမရအောင် စီစဉ်ခြင်း၊ ၎င်းတို့ထံမှာရှိသော မြန်မာ စက်ဆရာ၊ ဆေးဆရာ အထူးပညာတတ်သူများကို ကိုယ့်ဘက်ပါအောင် သွေးဆောင်ခြင်း၊ သို့မဟုတ် တိတ်တိတ်ဖမ်း၍ ခေါ်ထားခြင်း၊ ဂျပန်သူလျှိုများကိုလည်းကောင်း၊ သစ္စာဖောက်သူများကိုလည်းကောင်း ရက်စက်စွာ သတ်ဖြတ်ခြင်းတို့ကို ပြုလုပ်ရမည်။ သို့မှသာလျှင် ဂျပန်၏ စစ်အင်အား



မဏ္ဍိုင်များ ပြိုပျက်၍ အလျင်အမြန် ငါတို့ပြည်မှ ပြေးရမည်။

၄။ ငါတို့ ဖြတ်သန်းသွားလာသော နယ်များတစ်လျှောက်တွင် ဝါဒများ ဖြန့်ရာ၌ ဂျပန်၏ ကလဲ့စား တုံ့ပြန်မည့်ရန်ကို ကြိုတင်သတိပေးခြင်း၊ ဂျပန်များသည် ရွာများ မီးရှို့ခြင်း၊ နွားသိမ်း ကြက်သိမ်း ဆိတ်သိမ်း လုပ်ခြင်း၊ ဈေးတပ်အတင်းခေါ်ခြင်း၊ လမ်းတံတားများ အစရှိသည်တို့ကို ရွာနီးချုပ်စပ်မှ လူများကို တာဝန်ပေး၍ အစောင့်ခိုင်းပြီး ၎င်းတို့ အနီးအနားတွင် လမ်းများ တံတားများ ဖျက်ဆီးခြင်းခံရက ရပ်သူရွာသားများအား ညှဉ်းဆဲခြင်း သတ်ဖြတ်ခြင်း အစရှိသည့် ပြုလုပ်ခြင်းတို့ကို အောက်ပါအတိုင်း ကာကွယ်ရမည်။

(က) နိုင်ငံရေးတွင် ထကြွ ထင်ရှားသူများ၊ သို့မဟုတ် တပ်မတော်သို့ လိုက်ပါသူများ၏ ရပ်ရွာသိ ဆွေမျိုးမိဘ သားမယားများကို တပ်နှင့် ခေါ်ဆောင်သွားခြင်း၊ သို့မဟုတ် လုံခြုံရာ ပို့ခြင်း။

(ခ) အလုပ်လုပ်နိုင်မည့်သူများကို တတ်နိုင်သမျှ ခေါ်ဆောင်သွားခြင်း၊ မခေါ်ဆောင်နိုင်က ဂျပန်များနှင့် ကင်းဝေးရာသို့ ဂျပန်လာတိုင်း ရှောင်ခိုင်းခြင်း၊ ရွာသားများ၊ မြို့ရွာများမှ လူများကိုလည်း ဂျပန်များလာက ထွက်ပြေးနိုင်သမျှ ထွက်ပြေးနေစေခြင်း။

(ဂ) ၎င်းတို့ခြိမ်းခြောက်သော်လည်း ငါတို့သတင်းများကို ရွာသားများက ဘာမျှမပေးရန် မှာထားခဲ့ခြင်း၊ မမှန်သတင်းများကိုသာ ပေးစေခြင်း၊ ငါတို့ကို ကူညီလိုက်ရသည်မှာ ငါတို့ကို ကြောက်၍သာ ကူညီကြသည်ဟု ပြောဆိုခိုင်းခြင်း။

(ဃ) ရပ်ရွာကာကွယ်ရေးအဖွဲ့များ ဖွဲ့ပေးခဲ့၍ လက်နက်ခဲယမ်း မီးကျောက် ပေးနိုင်က ပေးခဲ့ပြီး ကျွဲသိမ်း၊ နွားသိမ်း၊ စပါးသိမ်း ဈေးတပ်ဆွဲ၊ ရွာမီးရှို့၊ လူအရမ်းဖမ်း၊ အမျိုးသမီးများကို မုဒိမ်းကျင့် လုပ်သော ဂျပန်များ၊ ဂျပန်နောက်လိုက်များကို ခုခံခြင်း၊ ဘယ်လို ခုခံရမည်ကို အတိုကောက် သင်ကြားခဲ့ခြင်း (ဥပမာ ရပ်ထေး ရပ်နီး ကင်းထောက်ခြင်း၊ ရွာနီးရွာဝေး အရပ်ထောင့်များတွင် ကင်းစောင့်ထား၍ ရွာမှာရှိသော ကင်းနှင့် ဆက်သွယ်အကြောင်း ကြားခြင်း၊ ကာကွယ်ရန် ပြေးပုန်းရန် စီစဉ်ခြင်း၊ မြေကတုတ် တူးမြောင်းများ တူးခြင်း၊ စစ်မြေပြင်လုပ်ငန်း အခြေခံများ၊ သေနတ်

www.burmeseclassic.com

www.burmeseclassic.com

ဖမ်းခတ်နည်း အစရှိသည်တို့ကိုပင်ဖြစ်သည်)၊ ဤ ကာကွယ်ရေးအဖွဲ့များသည် ငါတို့ ပြောက်ကျားတပ်များကို အထက်ပါနည်းများဖြင့် ကူညီခြင်း၊ သတင်းပေးခြင်း၊ အစားအစာ လက်နက်ခဲယမ်း ငွေကြေး စုပေးခြင်း၊ ရန်သူတံတားလမ်းများ ဖျက်အစရှိသော အနှောင့်အယှက်အလုပ်များ လုပ်ခြင်း၊ ဂျပန်အနည်းငယ် လာသမျှကို ချောင်းပြီး ဖမ်းနိုင်က ဖမ်း၍ ငါတို့ထံပို့နိုင်က ပို့စေခြင်း၊ မပို့နိုင်က ၎င်းတို့ထံတွင် ထားကာ ကောင်းမွန်စွာကျွေးမွေးထားစေပြီးလျှင် ရပ်ရွာကို ဂျပန်တပ်များက မီးရှို့ခြင်း၊ လူဖမ်းခြင်း၊ သတ်ဖြတ်ခြင်း၊ မိန်းမများကို မုဒိမ်းကျင့်ခြင်းတို့ကို ပြုလျှင် ကလဲ့စားချေသည့်သဘော သတ်ဖြတ်၍ မြင်နိုင်သည့်နေရာများတွင် စာကပ်၍ ပြထားခြင်း စသည်တို့ကို ပြုလုပ်ရန်မှာထားပစ်ခဲ့ရမည်။

၅။ ဂျပန်ဖက်ဆစ်များသည် အောက်ပါချုပ်ချယ်ချက်များ၊ ကာကွယ်ရေးစနစ်များ သုံးပေးမည်။

(က) လမ်းအသွားအလာ ချုပ်ချယ်ခြင်း၊ အချက်ကျသောနေရာများတွင် အစောင့်ထား၍ လမ်းသွားလမ်းလာများကို ကြည့်ရှုစစ်ဆေးခြင်း၊ ဤကဲ့သို့ ချုပ်ချယ်ချက်ကို အခြားလမ်းများ ရှာဖွေသွားလာခြင်းအားဖြင့်လည်းကောင်း၊ အယောင်ဆောင်အမျိုးမျိုးဖြင့်လည်းကောင်း စိတ်ကူးဉာဏ်သုံး၍ ငါတို့က ပြန်လှန်ကာကွယ်ရမည်။

(ခ) နေဝင်မီးငြိမ်း ဥပဒေထုတ်ခြင်း၊ မာရှယ်လော ထုတ်ခြင်း၊ ဆယ်အိမ်မှူး စသည်ဖြင့် ၎င်းတို့၏ သူလျှိုအဖွဲ့ကြီးကို ကြပ်မတ်အုပ်ချုပ်ခြင်း၊ လူတွေအားလုံး အိမ်နေ ခရီးသွား လက်မှတ်များဆောင်ထားစေခြင်း၊ စစ်လုပ်ကြံရေးနယ်ပယ်တွင် တံခါးမကိုသာ ဖွင့်ထားခိုင်းစေခြင်း၊ (နေဝင်မီးငြိမ်းဥပဒေ မာရှယ်လော) ထုတ်ပြန်ကြေညာသည့်အခါကား ငါတို့၏အလုပ်လုပ်ချိန်ဖြစ်၍ ဤကန့်သတ်ချက်များကို အရမ်းကြောက်ပြီး ဘာမှမလုပ်ရဲမနေရ။ နေဝင်မီးငြိမ်း မာရှယ်လော အုပ်ချုပ်စီစဉ်ပုံများကို ဃနသေချာအောင် စုံစမ်း၍ သူတို့အား ပျော့ရာ ချို့ယွင်းရာအချက်များကို ကိုင်တွယ် သုံးသပ်ရမည်။ ဥပမာ ထိုအခါ



ညဆိုလျှင် မည်သူမျှ အပြင်မထွက်ရ၊ ဘိုင်စကယ် မစီးရ၊ လူ ၅ ယောက်ထက် ပို၍မစုဝေးရ စသဖြင့် အမိန့်ထုတ်ပေမည်။ သို့သော် ထိုအမိန့်အတိုင်း ဆောင်ရွက်နိုင်ရန် နေရာတကာမှာ စစ်သား၊ သို့မဟုတ် ရဲအစောင့်များ မထားနိုင်။ ထားပင်ထားသော်လည်း ထားသော စစ်သား၊ ရဲသားတိုင်း မကျင်လည်။ အလုပ်မကျွမ်း။ ထို့ကြောင့် အရမ်းကြောက်စရာမလိုပေ။ လူတွေအားလုံး အိမ်နေ ခရီးသွားလက်မှတ် ဆောင်ထားစေခြင်းကို ရန်သူများထိရောက်အောင် လုပ်နိုင်မည် မဟုတ်။ အကယ်၍ ၎င်းတို့လုပ်ကရှုပ်ထွေးသွားအောင် အမျိုးမျိုး ကြံဖန်ဖျက်ရမည်။

ဆယ်အိမ်မှူးစနစ်အရ ရွာတစ်ရွာလျှင် လူသစ်တိုးလျှင် သူကြီးတိုင်ကြားခြင်း၊ သူကြီးမှတစ်ဆင့် ဂျပန်ကို တိုင်တန်းခြင်းမရှိရအောင် လူထု၏ အကြည်အညိုရအောင်လုပ်ခြင်း၊ သူကြီးနှင့်ဆယ်အိမ်မှူးများ ငါတို့လူဖြစ်အောင်လုပ်ခြင်း၊ မလုပ်သူများကိုခြိမ်းခြောက်သတ်ဖြတ်ခြင်း၊ သက်ဆိုင်ရာမြို့များတွင် ဂျပန်ရှိရာသွားမည့်လမ်းများ၊ စခန်းများမှ စောင့်နေ၍ ဂျပန်တို့ထံ သတင်းပို့မည့်သူများကို ချောင်းဖမ်း သတ်ဖြတ်ခြင်း အစရှိသည်အားဖြင့်ပြန်လည်ကာကွယ်ရမည်။ လုပ်ကြံရေးနယ်ပယ်အတွင်းတွင်အိမ်တိုင်း ညတွင် တံခါးမကို ဖွင့်ထား၊ ပြတင်းပေါက်များကိုပိတ်ထား ဆိုသော်လည်း မလိုက်နာဘဲ ပြတင်းပေါက်များကနေ၍ ပြောက်အိုးဖောက်၊ လက်ပစ်ဗုံး သေနတ်ဖြင့် ပစ်၊ ဟိုကသည်က ဆူညံဆူညံဖြစ်အောင်လုပ်၊ ရပ်ရွာလမ်းများတွင်စောင့်ရှောက်နေသော ရန်သူ ကင်းလှည့်များကို ဖမ်းသတ်အစရှိသည်အားဖြင့် ကာကွယ်နိုင်မည်။

(ဂ) ရဲဌာနများ၊ အရပ်သားများ၏ သေနတ်၊ ဓား၊ လှံများကို ဂျပန်စစ်ရဲတို့က သိမ်းယူပေမည်။ ဤကဲ့သို့မဖြစ်ရန် ငါတို့ကလက်ဦးပစ်ရမည်။

(ဃ) နိုင်ငံရေး ထကြွသူများ၊ လူငယ်များကို ဖမ်းချင် ဖမ်းပေမည်။ ဂျပန် စစ်ပုလိပ်က ဘယ်သူတွေကို ဖမ်းမည်ဆိုတာကို သိအောင်ကြိုးစား၍ စိုးရိမ်ရသူများကို ကြိုတင်အချိန်မီ (လုပ်ငန်းထိခိုက်

www.burmeseclassic.com

www.burmeseclassic.com

စေမည့် အချက်များကို ရှောင်၍) သတိပေး နှိုးဆော် ပုန်းအောင်းစေရမည်။ ဥပမာ ငါတို့သည် (သ)မည်သောနေ့တွင် (လ)မည်သောနေရာ၌ ထပြီ ဆိုကြပါစို့။ ထိုနေ့ထိုရက်တွင် (ပ)မည်သောအရပ်တွင်ရှိ မကောင်းရာလူများကို (က)ကြီး တာဝန်ခံက သွားရောက်ပြောကြားပြီး ဘယ်နေရာမှာ ဘယ်လိုစီစဉ်ထားသည်၊ ၎င်းနေရာများကို သွားကြပါ၊ သို့မဟုတ် ကျုပ်တို့ ဘာလုပ်ပြီ၊ ခင်ဗျားတို့ရှောင်ကြပါဟု တစ်ခွန်းတည်းလောက် ပြောပြနိုင်သည်။ ဤကဲ့သို့ဆိုလျှင် လုပ်ငန်းကိုလည်း မထိခိုက်၊ ဖမ်းဆီးခံရမည့်လူများမှာလည်း အချိန်ရပေမည်။ ထလျှင်ထချင်း ရန်သူက ချက်ချင်းသိမည်မဟုတ်။ သိသည့်တိုင်အောင် ဖမ်းဆီးခြင်းကိစ္စထက် တိုက်ခိုက်ခြင်းကိစ္စကို ပို၍ဂရုစိုက်ရမည်။ ၎င်းပြင် အကုန်လုံးလည်း တစ်ပြိုင်တည်း မဖမ်းနိုင်။

၆။ ရန်သူများ အသုံးပြုမည်ဖြစ်သော အခြားသော နည်းပရိယာယ်များမှာ ငွေစက္ကူအမြောက်အမြား ထုတ်ခြင်းအားဖြင့်လည်းကောင်း၊ အတင်းမရှောင်းမနေရဆိုပြီး အရောင်းခိုင်းခြင်းဖြင့်လည်းကောင်း၊ ပစ္စည်းများသိမ်းခြင်းဖြင့်လည်းကောင်း၊ အခြား ဖျက်ဆီးရသောနည်းများဖြင့်လည်းကောင်း ငါတို့အတွက် အစာရေစာများ နယ်များရှိ ထောက်ပံ့ရေးအစားအစာများကို မကုန် ကုန်အောင် လုပ်ပေမည်။ ဤကဲ့သို့ပရိယာယ်ကို ငါတို့ ရပ်သူရွာသားများအား အစားအစာ၊ ကျွဲနွားပစ္စည်းများကို ဂျပန်လက် အပါမခံနှင့်၊ ဖွက်ထားကြ အစရှိသဖြင့် ဝါဒဖြန့်၊ ရပ်ရွာကာကွယ်ရေးအဖွဲ့များနှင့် အခြားအဖွဲ့များက စီမံဆောင်ရွက်စေရမည်။ အခြားရန်သူ၏နည်းပရိယာယ်မှာ ငါတို့အဆက်အသွယ်လမ်းကြောင်းများကို ဖြတ်တောက်ရန် ကြိုးစားခြင်း၊ ငါတို့အားဝိုင်းထားခြင်းတို့ကို ကြိုးစားပေမည်။ သို့သော်လည်း ငါတို့ဆင်မည့်စစ်ပွဲမှာ ပြောက်ကျားစစ် (ဝါ) ပရိယာယ်စစ်ဖြစ်ရာ ထိုစစ်ရည်ရွယ်ချက်မှာ ရန်သူကို အနှောင့်အယှက် ပေးနိုင်သမျှပေးပြီး အမှည့်ခြွေခြွေယူရန်ပင် ဖြစ်သည်။ အပြတ်အသတ် တိုက်ရန်မဟုတ်။ ထို့ကြောင့် ဤကဲ့သို့ စစ်မျိုးမည်သည် အင်မတန် လက်နက်အင်အားကောင်း၍ ခေတ်မီသော စစ်တပ်များ တိုက်သလို စစ်မျက်နှာကြီးများဖွင့်ပြီး



ပြန်တိုက်ခြင်းမဟုတ်ဘဲ ပြောက်ကျားများ၏ စစ်မျက်နှာ အတည်တကျမရှိ၊ ပြောင်းလွဲနေရမည်။ ထို့ကြောင့် ငါတို့အား ဝိုင်း၍ထားရန် ရန်သူအမြဲတမ်း မတတ်နိုင်။ ထိုမှတစ်ပါး ငါတို့သည် လူထုကြီးအကူအညီကိုရရှိနေပါက ဘယ်လိုအဝိုင်းခံရခံရ လူထု၏အကူအညီဖြင့် လွတ်ထွက်နိုင်သည်။ အစာရေစာများကို ရနိုင်ပေသည်။

အခြားရန်သူ၏နည်းပရိယာယ်များမှာ ငါတို့စိတ်ဓာတ်ချောက်ချားအောင် သတင်းအမျိုးမျိုး လွှင့်ခြင်း။ ဥပမာ ငါတို့လူကြီးအချင်းချင်း မတည့်ဟူ၍လည်းကောင်း၊ ငါတို့အကြံအစည်များ သူတို့ အကုန်သိပြီ ဟူ၍လည်းကောင်း၊ ဘယ်နေရာမှာ ဗမာစစ်တပ်တွေ ဘာတွေဖြစ်သွားတယ် အစရှိသည်အားဖြင့် ပြုလုပ်ပေမည်။ ဤကား စစ်ထုံးစံပင်ဖြစ်သည်။ ငါတို့ကလည်း ရန်သူများ စိတ်ဓာတ်ချောက်ချားအောင် မဟုတ်သတင်းများ လွှင့်ရမည်။ သို့သော် ငါတို့တပ်မိုလ် အကြပ် တပ်သားတို့သည် ဆင်ခြင်တုံတရားရှိကာ သတင်းအမျိုးမျိုးကြားတိုင်း နားယောင်ပါးယောင်မရှိဘဲ စိတ်မချောက်ချားဘဲ မိမိအလုပ်ကို တွင်ကျယ်အောင်လုပ်ရမည်။ အကယ်၍ ငါတို့နှင့် အလှမ်းဝေး အဆက်ပြတ်နေသည့်အခါ သတင်းအမျိုးမျိုးကြားနေရလျှင် ငါတို့နှင့် အဆက်ရအောင်ကြိုးစားခြင်း။ ဤအတွင်း မိမိနေရာကို မိမိတို့ အစွမ်းရှိသလောက် စီမံဆောင်ရွက်နေခြင်းတို့ကို စိတ်မပျက် လက်မပျက် ဆောင်ရွက်ကြရမည်။

ရန်သူများသည် မဟုတ်သည့်လူများ ငါတို့ထဲထည့်၍ ငါတို့ခြေလှမ်းများအောင် ကြိုးစားပေမည်။ ဥပမာ လူတွေအရမ်းသတ်၊ ဖမ်း၊ ကျူးကျူးလွန်လွန် အပြုအမူမျိုး လုပ်။ ပစ္စည်းတွေ အရမ်းသိမ်းခြင်း၊ ငါတို့အထဲ လာဘ်ပေးလာဘ်ယူများ ခေတ်စားလာအောင်လုပ်ခြင်း၊ လူအများနှင့်ဆက်ဆံမှုများတွင် ကိုးရိုးကားရားဖြစ်အောင် ငါတို့စစ်သားများ၊ အရပ်သားများနှင့် တစ်နည်းတစ်လမ်း မတည့်အောင်တိုက်ပေးခြင်း၊ ရှို့ပေးခြင်း၊ အလုပ် လုပ်မရအောင် အနှောင့်အယှက်များနှင့် မလိုတဲ့အလုပ်မျိုးတွေ ထွင်ပေးခြင်း၊ ငါတို့ အလုပ်မလုပ်နိုင်အောင်စီမံခြင်း၊ ဥပမာ ၁၉၃၈ – ၃၉ ခုနှစ် သပိတ်အရေးများတွင် ထမင်းကျွေးသည့်ကိစ္စ ခက်ခဲအောင် ဘာမျှမထိရောက်သော အလုပ်ရုံများ၊

www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားများကို ရဲအဖွဲ့က မြှောက်ပေး၍ တမင် သပိတ်အမှောက် ခိုင်းခြင်းကို သတိပြု။ ငါတို့ ရှုပ်ထွေးနေပြီး ငေးမောနေအောင် ပြုလုပ်ခြင်းတို့ကို လုပ်ပေမည်။ ဤ နည်းပရိယာယ်ကို ကာကွယ် ရန်ကား ငါတို့ထုတ်သော ပြည်သူ့တပ်မတော် ဆိုသည့် စာတမ်းနှင့် ရုံးအလုပ်များနှင့်ပတ်သက်၍ ညွှန်ကြားချက်ကို သဘောပေါက်အောင် လေ့လာကြရမည်။

၇။ ငါတို့သည် ဂျပန်၏ အန္တရာယ်ကိုသာမက အခြားအန္တရာယ်များ နည်းပရိယာယ်များကိုလည်း ဂရုပြုကြရမည်။ မြန်မာပြည်တွင်းရှိ လူမျိုးအချင်းချင်း၊ ဘာသာအချင်းချင်း၊ အဓိကရုဏ်းဖြစ်အောင် တိုက်ပေးခြင်း၊ ကျဉ်းမြောင်းသော လူမျိုးရေးဝါဒ သွင်းပေးခြင်း အောက်ကျနောက်ကျဖြစ်နေသော ငါတို့လူမျိုးများ၏ စိတ်နေ အယူ ဝါဒကို မြင့်လာအောင်မဟုတ်ဘဲ နိမ့်လာအောင် ကြိုးစားခြင်း၊ ဥပမာ ရှင်ဘုရင်စနစ်ပါတီထောင်ခြင်း၊ သိုက်တဘောင်စနည်းထွင်ခြင်း အစရှိသည်တို့ပင် ဖြစ်သည်။

ဤကဲ့သို့ တပ်များကလည်းကောင်း၊ တိုင်းသူပြည်သားများက လည်းကောင်း နားမယောင်စေရန် ငါတို့သည် မမှန်ကန်သော ဝါဒများ ဖြန့်ခြင်း၊ ရုပ်သဘော၊ ရုပ်အမြင်ကို သွင်းပေးခြင်း၊ ဥပမာ လူများ၏ နေ့စဉ်နှင့်အမျှ ပြဿနာများကို ငါတို့က ကြပ်ကြပ်မတ်မတ်ဆောင်ရွက် ပေးကာ ၎င်းတို့ အကြည်ညိုကို တစ်ဆင့်ထက်တစ်ဆင့် ရလာအောင် သော်လည်းကောင်း၊ ထိုသူတို့၏ နေ့စဉ် ပြဿနာများကို ရုပ်ဝါဒအ ထင်မြင်လာအောင်သော်လည်းကောင်း ပြုလုပ်ရပေမည်။

ငါတို့အချင်းချင်း ကွဲအောင် တို့မီးရှို့မီး လုပ်ပေးခြင်း၊ ငါတို့ကို အာဏာ ရှိသူများက နှိမ်နင်းအောင် တို့ပေးခြင်း၊ မဟုတ်သတင်းပေးခြင်း အချောင်သမားများက ဤအမျိုးမျိုး ကြိုးစားချင်ကြိုးစားပေမည် ထို့ကြောင့် ဤသို့အဖြစ်မျိုးမရောက်အောင် ငါတို့လူထု စည်းရုံးနိုင်သူ စည်းရုံး၊ လက်နက်စွဲကိုင်နိုင်သမျှ စွဲကိုင်စေရမည်။ ထို လူထုအစည်း အရုံးများကို ခေါင်းဆောင်နိုင်သည့်သူများရှိခြင်း၊ ၎င်းရှိလာအောင် လေ့ကျင့်ပေးခြင်း၊ လက်နက်စုခြင်း၊ စည်းကမ်းရှိခြင်းတို့အားဖြင့် ကာကွယ်ရမည်။



၈။ လူမျိုးအချင်းချင်း၊ ဘာသာအချင်းချင်း ကွဲပြားမှု မရှိအောင် ကြိုးစား ရမည်။ လူမျိုးရေးနှင့်ပတ်သက်သော ပြဿနာများအားလုံး နားလည် ကြရမည်။

ဂျပန်စစ်တပ်၊ အိန္ဒိယအမျိုးသားစစ်တပ်၊ မဟာမိတ်တပ်များအားလုံးမှ တပ်သားများအား ငါတို့နှင့် တစ်စိတ်တစ်သွေးတည်းဖြစ်အောင် ကြိုးစားရမည်။ ဥပမာ ဂျပန်စစ်သားတစ်ယောက် လမ်းတွေ့လျှင် စီးကရက်ပေးခြင်း၊ အစာပေးခြင်း၊ ၎င်းအား စစ်မတိုက်ချင်စိတ် သွင်းပေးခြင်း၊ သူတို့၏ အထက်လူကြီးများနှင့် တိုက်ပေးခြင်းတို့ ဖြစ်သည်။ ၎င်းပြင် စာရွက်စာတမ်းများဖြင့် ၎င်းတို့တပ်ထဲတွင် ဝေ ရမည်။ မဟာမိတ်တပ်များ ဝင်လာသည့်အခါလည်း ငါတို့သည် သွေးစည်းထားနိုင်ပါက ငါတို့တိုင်းပြည်အား နှိမ်နင်းချင်သော အုပ်စိုး သူများအား ယင်းစစ်တပ်ကပါ တော်လှန်ပေမည်။

အစိုးရအရာရှိ အရာအဟောင်းများကို တွေ့က ၎င်းတို့အား အသုံးချ တတ်ရမည်။ ငါတို့အား ကူညီသူများကို ရပ်ရွာအုပ်ချုပ်ရေးတွင် ရိုးသားသူဖြစ်လျှင် ငါတို့၏ အမှုဆောင်အရာရှိဖြစ်စေ၊ ဥက္ကဋ္ဌသူဖြစ်လျှင် ငါတို့၏ အတိုင်ပင်ခံ လူကြီးအဖြစ် ခန့်နိုင်သည်။ ကြားနေသူများကို ငါတို့က အထိုက်အလျောက် ဂုဏ်မလျော့စေဘဲ ချီးမြှင့်ရမည်။ ထော်လော်ကန့်လန့်လုပ်သော အရာရှိများကိုကား ဖမ်းဆီးရမည်။ ဥပဒေအရ မလုပ်နိုင်လျှင် အချိန်မတော် ၎င်းတို့အိမ် သွားဖမ်းပြီး သုတ်သင်ပစ်ရမည်။ သို့မှသာ ငါတို့အား ကန့်လန့်လုပ်လိုသော အရာရှိများ လန့်ပြီး ငါတို့အား ကူညီပေမည်။ စော်ဘွား လယ်ပိုင်ရှင် စသော လူတန်းစားများကိုလည်း ဤသဘောအတိုင်း ဆက်ဆံ ကြရမည်။ ငါတို့ အမှားမရှိစေနှင့်။ ၎င်းတို့အထဲမှ ငါတို့ နှိမ်နင်းစရာရှိက အရာရှိဟူ၍လည်းကောင်း၊ မြေပိုင်ရှင်ဟူ၍လည်းကောင်း သဘော မထားဘဲ တိုင်းပြည်သစ္စာဖောက် သမားအနေနှင့် ဆုံးမနှိမ်နင်းရမည်။

၉။ ငါတို့၏ စစ်ပရိယာယ်ကား အကြမ်းအားဖြင့် အောက်ပါအတိုင်းပင် ဖြစ်သည်။

(က) ဂျပန်အတွက် အလုပ်သမားများ လက်နက်ယူ ထွက်ပြေးခိုင်း၊ သို့မဟုတ် တော်လှန်ခိုင်းရမည်။

www.burmeseclassic.com

www.burmeseclassic.com

(ခ) နယ်သူနယ်သားများအား အစားအစာ သယ်ယူပို့ဆောင်ရန် ယာဉ်၊ ရထား၊ လှေ၊ သမ္ဗန်၊ လှည်းများကို ဖွက်ထားခိုင်းရမည်၊ ၎င်းတို့အား ရန်သူများ၏ လမ်းသွားလမ်းလာ အဆက် အသွယ်များ ဖြတ်တောက် ပိတ်ဆို့ခိုင်းရမည်။ ဂျပန်က လမ်း အထိမ်းအမှတ်များ လုပ်ထားသမျှ ဖျက်ပစ်ရမည်။

(ဂ) အကူးပညာတတ်များ၊ ရဲအဖွဲ့၊ ပေါ်ဟိုးတပ်များကို ငါတို့ ဘေးသွေးဆောင် ခေါ်ယူရမည်။

(ဃ) ငါတို့ဆန့်ကျင်ဘက်လုပ်သူမှန်သမျှ စာရင်းကို ယူ၍ ငါတို့ လုပ်ကြံရေး စလျှင်စချင်း ဖမ်းထားခြင်း ပြုလုပ်ရမည်။

(င) ဂျပန်၏ လက်နက်ခဲယမ်း မီးကျောက်ရုံ၊ ဓာတ်မီးရုံတွင် စက်ရုံ လက်နက်တိုက် အစရှိသော စစ်နှင့်ဆိုင်သော လုပ်ငန်းများကို ငါတို့ မသိမ်းပိုက်၊ ဖျက်ခိုင်းကြရမည်။

(စ) တိုင်းသူပြည်သားအပေါင်းတို့အား ဈေးတပ်ဆွဲခြင်း၊ ပစ္စည်း အရမ်းသိမ်းခြင်း စသည်တို့ကို လက်နက်ဖြင့် ခုခံစေရမည်။

(ဆ) ငါတို့တပ်များသည် ထကြွသည်နှင့်တစ်ပြိုင်နက် အနီးအနား ဂျပန်များကို ဖမ်း၊ လက်နက်ရုံများကို စီး၊ ယူနိုင်တာ ယူ၊ မယူနိုင်တာ ဖျက်ခဲ့၊ ရန်သူအဆက်အသွယ်တွေ အားလုံးဖြတ်၊ အပြတ်အသတ်တိုက်ပွဲများ ရှောင်ပြီး ရန်သူကို အနှောင့်အယှက် ပေးနိုင်သမျှ ပေးရမည်။ သိမ်းနိုင်သည့်နယ်ကို သိမ်းနိုင်သမျှ အချိန်အတွင်း သိမ်းပိုက်ထားရမည်။

(ဇ) ငါတို့တပ်များ၏လက်နက်များကို ငါတို့အမိန့်မရှိဘဲ သိမ်းဆည်း ထားရန် အာဏာရှိသူတို့က ကြိုးစားလျှင် အသိမ်းအဆည်းမခံဘဲ ရှောင်ရှားနေကြရမည်။

တပ်မှူးများသည် တော်လှန်ရေးတပ်ဦး သဘောထားကို ကောင်းစွာ လေ့လာကြရမည်။

(ဈ) ငါတို့တပ်အချင်းချင်း အဆက်အသွယ် မပျက်စေရ။ သို့မှ သာလျှင် ရန်သူက ငါတို့အား တစ်ဦးစီ တစ်ဦးစီ ဖိတိုက်ခြင်းကို ငါတို့ ရှောင်ရှားနိုင်မည်။ တစ်ဦး အဝိုင်းခံရလျှင် တစ်ဦးက ကူနိုင်ပေမည်။



(ည) တိုင်းသူပြည်သားတို့နှင့် အဆက်အသွယ်ရှိသော ရဲဘော်များ၏ တပ်မတော်၊ ပြည်သူ့တပ်မတော် ဟူသော သဘောကို ငါတို့ တပ်မိုလ်–ကြပ်–တပ်သားတိုင်း သဘောပေါက်စေရမည်။

**အောင်ဆန်း**

စစ်ဝန်ကြီးနှင့် စစ်သေနာပတိ

မြန်မာ့တပ်မတော်

□

www.burmeseclassic.com

www.burmeseclassic.com

သတ်မှတ်ထားသော စစ်တိုင်းများသို့ ဗမာ့တပ်မတော် တပ်ဖွဲ့များ ချီတက်သွားရေး လွယ်ကူစေရန်နှင့် ဂျပန်စစ်ဌာနဖြစ်စေ ခန့်ထားနိုင်သည်။ ငါတို့အား ကူညီသော်လည်း မရိုးသားချက်ကို လှည့်စားရန်အတွက် အောက်ပါစစ်မိန့်ကို ဗိုလ်ချုပ်အောင်ဆန်းက ထုတ်ပြန်ခဲ့သည်။

BURMESE CLASSIC .com

## စစ်ကြောင်းဖြန့်ရန်အမိန့်

အထက်မြန်မာပြည် တိုင်းမှူး ဗိုလ်ဗထူးသည် အထက်မြန်မာပြည်တပ်များ အုပ်ချုပ်ကာ ဂျပန်တပ်မတော်နှင့်အတူ စစ်ကြောင်းဖွင့်ရမည်။

ရှေ့တန်းစစ်ဌာနချုပ် စစ်ကြောင်းကို ဗိုလ်မှူးကြီးဇေယျ ဦးစီး၍ စစ်ဌာနချုပ်ရုံးအဖွဲ့နှင့် စစ်ဝန်ကြီးရုံးအဖွဲ့အားလုံး စုပေါင်း၍ သရက်မှ မင်းတုန်းစခန်းသို့ ချီတက်ရမည်။

တိုင်းအမှတ် (၁) ဗိုလ်မှူးမောင်မောင် ဦးစီး၍ သာယာဝတီ ပေါင်းတည် စစ်ကြောင်းသို့ ချီတက်ရမည်။ ခြေလျင်တပ်ရင်း(၄)သည် တိုင်းအမှတ်(၁)နှင့်အတူ ပူးပေါင်းကာ လိုက်ပါချီတက်တိုက်ခိုက်ရမည်။

တိုင်းအမှတ် (၂) စစ်ကြောင်းကို ဗိုလ်မှူးကြီး နေဝင်း ဦးစီး၍ ဖျာပုံ မြစ်ဝကျွန်းပေါ်စစ်ကြောင်းကို ချီတက်ရမည်။

တိုင်းအမှတ် (၃) စစ်ကြောင်းကို ဗိုလ်မှူးကြီး စောကြာဒိုး ဦးစီး၍ မအူပင် မြစ်ဝကျွန်းပေါ်ဒေသသို့ ချီတက်ရမည်။



ဗိုလ်မှူးကြီး လက်ျာသည် တိုင်းအမှတ် (၂) နှင့် (၃) ဆက်သွယ်ရေး စီမံရေး ဦးစီးဆောင်ရွက်ရမည်။

တိုင်းအမှတ် (၄) စစ်ကြောင်းကို ဗိုလ်မှူးကျော်ဇော ဦးစီး၍ ပဲခူးစခန်းမှ ရန်သူကို ခုခံတိုက်ခိုက်ရန် အသင့်စီစဉ်ထားရမည်။

တိုင်းအမှတ် (၅) စစ်ကြောင်းကို ဗိုလ်ကြီးတင်ထွန်း ဦးစီး၍ တနင်္သာရီတိုင်း ထားဝယ်စစ်ကြောင်းသို့ ချီတက်ရမည်။

တိုင်းအမှတ် (၆) စစ်ကြောင်းကို ဗိုလ်မှူးရဲထွဋ် ဦးစီး၍ ရထားလမ်း တစ်လျှောက် ပျဉ်းမနား၊ မိတ္ထီလာစစ်ကြောင်းသို့ ချီတက်ရမည်။

တိုင်းအမှတ် (၇) စစ်ကြောင်းကို ဗိုလ်မှူးအောင် ဦးစီး၍ သရက်မှသည် မင်းဘူးစစ်ကြောင်းတိုင်အောင် တာဝန်ခံ အုပ်ချုပ်တိုက်ခိုက်ရန် ချီတက်ရမည်။

စစ်သေနာပတိက ရှေ့တန်းစစ်ဌာနချုပ်နှင့်အတူ မင်းတုန်းဘက်သို့ လိုက်ပါ ချီတက်တိုက်ခိုက်မည်။ တပ်မတော်တစ်ခုလုံးကို အထူးဆက်သားများ စေလွှတ်ကာ စစ်ဆင်ရေးကိစ္စအဝဝကို စီစဉ်မည်။

**အောင်ဆန်း**
စစ်ဝန်ကြီးနှင့် စစ်သေနာပတိ
ဗမာ့တပ်မတော်။

www.burmeseclassic.com

www.burmeseclassic.com

**စစ်သေနာပတိတာဝန် ခေတ္တပေးအပ်ခြင်း**

**ဗမာ့တပ်မတော်စစ်ဌာနချုပ်**

နေ့စွဲ ။ ၃ - ၉ - ၄၅
အချိန် ။ ၁၆-၀၀ နာရီ

မိတ္တူအမှတ် ၁၄
အုပ်ချုပ်မှုအမိန့်အမှတ် ၂၈။

၁။ ကျွန်ုပ်တို့ မဟာမိတ်တို့နှင့် စကားပြောဆိုရန် မြန်မာနိုင်ငံတော်မှ သွားနေစဉ် စစ်သေနာပတိအဖြစ် ဗိုလ်မှူးဖိုးကွန်းက ဆောင်ရွက်၍ မြန်မာ့တပ်မတော်ကို အုပ်ချုပ်ရမည်။

၂။ ဒုတိယစစ်သေနာပတိအဖြစ် ဗိုလ်မှူးအောင်ကြီးနှင့် ဒုစစ်ဦးစီးမှူးအဖြစ် ဗိုလ်မှူးဗဟန်က ဆောင်ရွက်လိမ့်မည်။

၃။ ၎င်းအမိန့်ကို ထုတ်ပြန်သည့်အချိန်မှစ၍ အတည်ပြုသည်။

(ပုံ) အောင်ဆန်း
စစ်သေနာပတိ
ဗမာ့တပ်မတော်



| မိတ္တူဝေငှခြင်း | မိတ္တူအမှတ် |
|---|---|
| တိုင်း ၁။ | ၁။ |
| တိုင်း ၄။ | ၂။ |
| တိုင်း ၆။ | ၃။ |
| တိုင်း ၇။ | ၄။ |
| မြစ်ဝကျွန်းပေါ်တိုင်း | ၅။ |
| အထက်မြန်မာပြည်တိုင်း | ၆။ |
| တိုင်းမှူး | ၇။ |
| စစ်မှတ်တမ်း | ၈။ |
| တပ်ရေးချုပ် | ၉။ |
| တပ်ထောက်ချုပ် | ၁၀။ |
| ဗိုလ်မှူးဖိုးကွန်း | ၁၁။ |
| ဗိုလ်မှူးအောင်ကြီး | ၁၂။ |
| ဗိုလ်မှူးဗဟန် | ၁၃။ |
| ဖိုင် | ၁၄။ |
| အပို | ၁၅-၁၆။ |

❑

www.burmeseclassic.com

www.burmeseclassic.com

## ဖက်ဆစ်တော်လှန်ရေးသမိုင်း

BURMESE CLASSIC .com

မြန်မာနိုင်ငံသည် နှစ်ပေါင်းများစွာ ဗြိတိသျှတို့၏ အုပ်စိုးခြင်းလက်အောက်တွင် နေခဲ့ရသည်မှာ ၁၉၄၂ ခုနှစ်ဦးတိုင်အောင်ပင် ဖြစ်လေသည်။

ဗြိတိန်နှင့် ပြင်သစ်တို့က ၁၉၃၉ ခုနှစ်တွင် ဂျာမနီအား စစ်ကြေညာသောအခါ၌ မြန်မာပြည်သည်လည်း မဟာမိတ်ဘက်တော်သားနိုင်ငံတစ်ခုအဖြစ် ဗြိတိသျှဘုရင်ခံက(လွှတ်တော် ၂ ရပ်၏ ဆန္ဒမယူဘဲ)ကြေညာခဲ့လေသည်။ ထိုအချိန်က အိန္ဒိယ အမျိုးသားကွန်ဂရက်က ဗြိတိသျှအစိုးရ၏ စစ်နှင့်ပတ်သက်သော ရည်ရွယ်ချက်နှင့် ဝါဒကို ပြတ်ပြတ်သားသား ရှင်းပြရန် တောင်းဆိုခဲ့လေရာ၊ မြန်မာပြည်ကလည်း ထိုနည်းတူစွာ တောင်းဆိုခဲ့လေသည်။

ကျွန်ုပ်မှာ ထိုစဉ်အခါက သခင်ပါတီဟု ခေါ်လေ့ရှိကြသော တို့ဗမာအစည်းအရုံးကြီးတွင် ဝင်ရောက်လျက်ရှိရာ ဒုတိယကမ္ဘာစစ် စတင်ဖြစ်ပွားချိန်၌ ကျွန်ုပ်သည် တို့ဗမာအစည်းအရုံး၏ ဌာနချုပ် အထွေထွေအတွင်းရေးမှူး ဖြစ်နေလေသည်။

မြန်မာပြည်တွင်းအခြေအနေ၊ ကမ္ဘာ့အခြေအနေများကို လေ့လာသုံးသပ်ကြည့်ပြီးနောက် ကျွန်ုပ်တို့သည် မြန်မာပြည်၏ ကျွန်ဘဝမှ လွတ်မြောက်ရေးကို တကယ်တမ်းလိုလားသူ ပုဂ္ဂိုလ်ပေါင်းစုံ၊ ပါတီပေါင်းစုံ စုပေါင်းပါဝင်သည့် (ဗမာ့ထွက်ရပ်ဂိုဏ်းကြီး)ကို ဖွဲ့စည်းတည်ထောင်ရန် ဆုံးဖြတ်ခဲ့ကြလေသည်။

ကျွန်ုပ်မှာ အဆိုပါ (ထွက်ရပ်ဂိုဏ်းကြီး) ၏ အထွေထွေအတွင်းရေးမှူးအဖြစ်လည်း ဆောင်ရွက်ခဲ့ရပေသည်။



ဗမာ့ထွက်ရပ်ဂိုဏ်းကြီး၏ ရည်ရွယ်ချက်မှာ ဒီမိုကရေစီနှင့် လွတ်လပ်ရေးပင်ဖြစ်၍ ဗြိတိန်ပြည်၏ စစ်မက်တိုက်ခိုက်ရခြင်း ရည်ရွယ်ချက်နှင့် တူညီလျက်ရှိပေ၏။

ထို့ကြောင့် ကျွန်ုပ်တို့က ဗြိတိသျှတို့နှင့်လက်တွဲ၍ ဒီမိုကရေစီနှင့် လွတ်လပ်ရေးအတွက် စစ်ပွဲတွင် ဝင်ရောက်အားပေးရန် ဝန်မလေးပါ။ သို့သော် ဒီမိုကရေစီနှင့် လွတ်လပ်ရေးကို အပြောသာ မဟုတ်၊ အလုပ်တွင်လည်း လက်တွေ့ပြသရန် လိုသည်။ ထို့ကြောင့် ဒီမိုကရေစီလွတ်လပ်ရေးကြေညာချက်မှုကို ကျွန်ုပ်တို့ (မြန်မာနိုင်ငံ) အဖို့လည်း အကျုံးဝင်ကြောင်း ကြေညာကတိပြုပါ။ ဒါမှ ကမ္ဘာ့စစ်ပွဲသို့ ကျွန်ုပ်တို့ ဝင်ရောက်ရေးမှာ အဓိပ္ပာယ်ပြည့်စုံမည် စသည်ဖြင့် တောင်းဆိုခဲ့လေသည်။ ထို့အပြင် ကျွန်ုပ်တို့ မြန်မာနိုင်ငံ၏ အချုပ်အချာအာဏာပိုင်နိုင်ငံအဖြစ် အခြေခံ အုပ်ချုပ်ပုံစည်းမျဉ်းဥပဒေ ရေးဆွဲရန် တိုင်းပြည်ပြုလွှတ်တော်ကိုလည်း ဖွဲ့စည်းပေးရန် တောင်းဆိုခဲ့သေးသည်။

ထိုစဉ်အခါက မြန်မာနိုင်ငံသာမက အိန္ဒိယပြည်၏လွှတ်တော်များက အထက်ပါ တောင်းဆိုချက်များအတိုင်း အဆိုတင်သွင်း ဆုံးဖြတ်ခဲ့လေသည်။ သို့သော် ဗြိတိသျှတို့ကား ကျွန်ုပ်တို့၏ တောင်းဆိုချက်၊ ဆန္ဒပြချက်များကို လုံးဝ အရေးမယူ ဂရုမစိုက်ခဲ့ချေ။ သို့ဖြစ်လေရာ ကျွန်ုပ်တို့အဖို့တွင် ဥရောပ၌ စတင်ဖြစ်ပွားနေသော စစ်ပွဲကြီးမှာ အရင်းရှင်နယ်ချဲ့သမား အုပ်စုကြီး နှစ်စု အချင်းချင်း ဗိုလ်လုနေကြသော စစ်ပွဲတစ်ခု ဟူ၍သာ ယူဆကြရတော့သည်။ ဤအကြောင်းကြောင့်ပင် ကျွန်ုပ်တို့သည် (နယ်ချဲ့ဆန့်ကျင်ရေးနှင့် နယ်ချဲ့စစ်ပွဲဆန့်ကျင်ရေး) လှုံ့ဆော်မှု လှုပ်ရှားခြင်းတစ်ရပ်ကို အတိအလင်း စည်းရုံးဆောင်ရွက်ခဲ့ကြလေသည်။

သို့သော် ကျွန်ုပ်တို့၏လုပ်ငန်းများ မစမီကပင် ဗြိတိသျှအစိုးရ၏ (မြန်မာပြည်ကာကွယ်ရေး တစ်ချက်လွှတ်အမိန့်ကြီး) တစ်ရပ် ထွက်လာခဲ့လေသည်။ ၎င်းအမိန့်ကား ထိုခေတ် မြန်မာပြည်၌ အနည်းငယ်မျှသာရှိသော ပြည်သူလူထု၏ ဒီမိုကရေစီလွတ်လပ်မှု အခွင့်အရေးကလေးများကို လုံးဝ ပပျောက်ဖျက်ဆီးပစ်သည့် ဥပဒေတစ်ရပ်ပင် ဖြစ်၏။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားဆဲနှင့် စစ်ပြီးခေတ်ကျမှ မြန်မာနိုင်ငံသို့ ပထမအကြိမ် ရောက်ဖူးကြသော အနောက်နိုင်ငံသားများအဖို့ ကျွန်ုပ်တို့အား ဗြိတိသျှအစိုးရက စစ်ကြိုခေတ်တွင် မည်သို့မည်ပုံ စိုးမိုးအုပ်ချုပ်ခဲ့သည်ကို ကောင်းစွာ သိရှိချင်မှ သိရှိကြပေမည်။ ထို့ကြောင့် ၎င်းကိစ္စနှင့်ပတ်သက်၍ ရာဇဝင်နောက်ကြောင်းကို အတော်အသင့် ပြည့်စုံစွာ ကျွန်ုပ်တို့က ပြန်လည်ဖော်ထုတ် တင်ပြလိုက်ရပြန်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံအား ဗြိတိသျှနယ်ချဲ့စနစ်က အင်္ဂလိပ် မြန်မာ စစ်ပွဲ ၃ ပွဲ (၁၈၂၃–၁၈၅၂–၁၈၈၅) ဖြင့် တိုက်ခိုက်အနိုင်ယူပြီး အုပ်စိုးခဲ့လေသည်။ ယင်းသို့ အင်္ဂလိပ်နယ်ချဲ့သမားက ကျွန်ုပ်တို့ မြန်မာနိုင်ငံအား တိုက်ခိုက်သိမ်းယူခြင်းမှာ တရားနည်းလမ်း ကျ မကျကို ဤနေရာ၌ ကျွန်ုပ် မဆွေးနွေးလိုသော်လည်း အမေရိကန် သမ္မတ(ကွယ်လွန်သူ) အေဘရာဟင်လင်ကွန်း ပြောခဲ့သော အောက်ပါစကားကိုတော့ ကိုးကားလိုပေသည်။

"နိုင်ငံတစ်နိုင်ငံက အခြားတစ်နိုင်ငံအား သိမ်းပိုက်အုပ်စိုးခြင်းသည် မည်သည့်နည်းနှင့်မှ တရားနည်းလမ်း မကျနိုင်"

မည်သို့ပင်ဖြစ်စေ ၁၈၈၅ ခုနှစ်ကစ၍ မြန်မာပြည်သည် ဗြိတိသျှ လက်အောက်ခံ ကျွန်နိုင်ငံတစ်ခု ဖြစ်သွားလေတော့သည်။

ဗြိတိသျှနယ်ချဲ့အစိုးရစနစ်မတိုင်မီက မြန်မာပြည်၌ရှိခဲ့သော အခြေခံစနစ်သည်ကား ပဒေသရာဇ် မြေပိုင်ရှင်စနစ်တစ်မျိုးပင် ဖြစ်လေသည်။ မြန်မာရှင်ဘုရင်တို့သည် ကုန်း ရေ မြေ တို့သာမက ပြည်သူလူထု၏ အသက်စည်းစိမ်ကိုပါ ပိုင်ဆိုင်သော သက်ဦးဆံပိုင် အာဏာရှင်များ ဖြစ်လေသည်။

ကမ္ဘာအရပ်ရပ်ရှိ ပဒေသရာဇ်လူ့အဖွဲ့အစည်းများ၏ ထုံးစံအတိုင်း မြန်မာပြည်၏ ဘောဂဗေဒ စီးပွားရေးစနစ်မှာလည်း မြေယာနှင့်ပတ်သက်သော စီးပွားရေးစနစ်ပင်ဖြစ်သည်။ ထိုခေတ်ဟောင်းက မြန်မာပြည်၏ လူဦးရေမှာ ယခုအခါထက် နည်းပါးခဲ့သည်။ အကြောင်းကား လယ်ယာကိုင်းကျွန်း လုပ်ကိုင်စားသောက်ခြင်းက အဓိက အသက်မွေးဝမ်းကျောင်းအလုပ်ဖြစ်သည် တစ်ကြောင်း၊ ပဒေသရာဇ် မြေပိုင်ရှင်ကြီးများ အချင်းချင်း မသင့်မတင့်ဖြစ်ကာ မကြာခဏ အာဏာလု၍ တိုက်ခိုက်သတ်ဖြတ်ကြသောကြောင့် တစ်ကြောင်းပင် ဖြစ်လေသည်။

ထိုစဉ်အခါက မြေပိုင် မရှိသော အိမ်ထောင်များအဖို့လည်း စိုက်ပျိုးခြင်း မပြုရသေးသော မြေယာလွတ်များ အဆင်သင့် ရနိုင်ကြ၏။ မြေယာစနစ်မှာလည်း ထိုခေတ်က

၁။ ဓားမဦးချ

၂။ ဘိုးဘပိုင်

၃။ အရာတော် (နိုင်ငံပိုင်) ဟူ၍ သုံးမျိုးသုံးစား ခွဲခြား၍ထားလေသည်။ စင်စစ် အဆိုပါ ပဒေသရာဇ် မြေယာစနစ်မှာ တင်းမာကျပ်တည်းသော သတ်မှတ်ချက် စည်းကမ်းများ မရှိဘဲ မြေယာပိုင်ဆိုင်ရေးနှင့်ပတ်သက်၍ အမွေဆက်ခံသည့်စနစ်



မှာလည်း တိကျပြတ်သားစွာ သတ်မှတ်ချက်များ၊ နည်းဥပဒေများ ရေးဆွဲထားခြင်း မရှိချေ။

ပညာသင်ကြားရေးနှင့် စပ်လျဉ်း၍ကား ထိုခေတ်က ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများမှ အခမဲ့ သင်ကြားပေးသဖြင့် လူတိုင်းလိုပင် စာကို ရေးတတ် ဖတ်တတ်ကြကုန်သည်။ ပညာရေးနှင့် နှလုံးရည် ထူးချွန်သော ပုဂ္ဂိုလ်များအဖို့ဆိုလျှင် ထိုခေတ်လူ့အဖွဲ့အစည်း၏ ကြေးရတတ် အထက်တန်းလွှာသို့ ဝင်ဆံ့နိုင်ရန် မျှော်မှန်းနိုင်ခဲ့ကြသည်။

ဖော်ပြပါ မြန်မာပြည်၏ (၁၈၈၅ ခု မတိုင်မီ) ခေတ်ဟောင်းက လူ့အဖွဲ့အစည်း အခြေအနေကို ပြန်လည်သုံးသပ်လေ့လာကြည့်သော်

၁။ ဗုဒ္ဓဘာသာယဉ်ကျေးမှု နေရာတကာတွင် လွှမ်းမိုးသည့် အရိပ်အယောင်များ ရှိခြင်း။

၂။ လူတိုင်းလူတိုင်း အနည်းနှင့် အများ မြေယာပိုင် ရှိခြင်း။

၃။ အခမဲ့ လွတ်လပ်စွာ ပညာသင်ကြား တတ်မြောက်နိုင်ခြင်း။

၄။ ကျေးရွာလူထု နေမှုစနစ်နှင့် လယ်ယာစိုက်ပျိုးရေး ဘောဂဗေဒစနစ်မှာ သမဝါယမစနစ်ဆန်ခြင်း။

၅။ အမျိုးသမီးတွေက ယောကျ်ားများကဲ့သို့ပင် လွတ်လွတ်လပ်လပ် တန်းတူ အခွင့်အရေးများ ရှိခဲ့ခြင်း။

၆။ ကုန်သွယ်မှုလုပ်ငန်း ကြီးကြီးကျယ်ကျယ် ဟူ၍ မရှိခြင်းကြောင့် အခြားနိုင်ငံများကဲ့သို့ ကုန်သည်ကြီး၊ အရင်းရှင်ကြီးများ ပါဝင်သည့် လူတန်းစားတစ်ရပ် သီးခြားဖြစ်ပေါ်၍ မလာခြင်း။

စသည့် အချက်အလက်များကို တွေ့ရသောကြောင့် ထိုခေတ် မြန်မာပြည်၏ ပဒေသရာဇ်စနစ်သည် ကမ္ဘာပေါ်တွင် အထက်တန်းအကျဆုံး၊ လူများစုအဖို့ သက်သာချောင်ချိဆုံးသော ပဒေသရာဇ် မြေရှင်စနစ်ဟု ဆိုနိုင်ပေ၏။

သို့ရာတွင် ထိုခေတ်က စနစ်သည် လုံးဝ ခြောက်ပစ်ကင်းအောင် ကောင်းမွန်လှသည်ဟု မဆိုနိုင်ချေ။ ချို့ယွင်းချက်များလည်း ရှိခဲ့ပေသည်။ ဥပမာ – မြေပိုင်ရှင်ကြီး အာဏာရှင်တမျှ တန်ခိုးကြီးခဲ့ခြင်း (မြေရှင်ကြီးများက သေးငယ်သော အကြောင်းကိစ္စ တစ်ခုနှင့်ပင် လူတစ်ယောက်၏ အသက်ကို အဆုံးစီရင်နိုင်ခဲ့၏။ လူ၏ အသက်ကို တန်ဖိုးကောင်းစွာမထားခြင်း။)။ လူသတ်မှုတရားခံ တစ်ယောက်သည် လျော်ကြေးငွေ ငါးသော ၃၀၀ ပေးရုံလောက်နှင့် အမှုပြီးစီးနိုင်၏။ (မြေပိုင်ရှင်များက အပြစ်ပေးလိုလျှင်

www.burmeseclassic.com

www.burmeseclassic.com



အကြောင်း ကြီးကြီးကျယ်ကျယ်မရှိဘဲ သေဒဏ်ကဲ့သို့ အပြစ်ဒဏ်ကြီးများ ပေးနိုင်ခွင့်ရှိခြင်း၊ လူတစ်ယောက် တစ်ပြစ်မှု ကျူးလွန်ရုံနှင့် ၎င်းလူ၏ ဆွေမျိုးသားချင်းအားလုံးကိုပါ ဖမ်းဆီး သတ်ဖြတ်လေ့ရှိခြင်း။ ကြွေးမဆပ်နိုင်၍ လူပါ ကျွန်ခံရခြင်း၊ ဘုရားကျွန်စနစ်ရှိခြင်း စသည်တို့မှာ ထိုခေတ်ဟောင်းစနစ်၏ မလိုလားအပ်သော အချက်အလက်များပင် ဖြစ်လေသည်။

သို့ရာတွင် ယေဘုယျအားဖြင့် ခြုံ၍ကြည့်ပြန်သော် လူတန်းစားတစ်ရပ်က အခြားလူတန်းစားတစ်ရပ်အပေါ် မတရားမင်းမူကာ ခေါင်းပုံဖြတ်သည့်စနစ် မရှိခြင်း၊ လူတိုင်း စာကို ရေးတတ်ဖတ်တတ်ခြင်း၊ မိန်းမတွေကို (ပါရဒါ) ခေါင်းမြီးခြုံဘဝဖြင့် ချုပ်ချယ်နှိမ်နင်းမှု ခေတ်စားနေသော ကမ္ဘာ့အရှေ့ပိုင်းနိုင်ငံတစ်ခုဖြစ်လျက်နှင့် မြန်မာအမျိုးသမီးများမှာ အထူးလွတ်လပ်သော အခွင့်အရေးများရှိခြင်း၊ ပြင်ပနှင့် ဖောက်ကားရောင်းဝယ်မှု ပြောပလောက်အောင် မရှိသည့်တိုင်အောင် ပြည်တွင်းမှာ အစစအရာရာ ဖူလုံပြည့်စုံနေခြင်း စသော အချက်အလက်များကြောင့် မြန်မာ့ရှေးဟောင်းပဒေသရာဇ် မြေရှင်စနစ်မှာ ချို့ယွင်းချက်များရှိသည့်တိုင်အောင် အလွန်အလွန်ကား မဆိုးလှဟု ဆိုနိုင်ပေသည်။

ဗြိတိသျှတို့ မြန်မာနိုင်ငံသို့ ရောက်လာကြသောအခါ၌မူ အထက်ဖော်ပြပါ စနစ်ဟောင်းထက် ကောင်းမွန်ထူးခြားသော စနစ်သစ်တစ်ခု အစားထိုးချက်မရှိဘဲလျက် စနစ်ဟောင်းမှ ကောင်းသောအချက်အလက်တွေပါ ပျောက်ကွယ်ပျက်စီးသွားရလေသည်။ မြစ်ကမ်းနားတစ်လျှောက်တွင်လည်းကောင်း၊ အဖိုးတန် သတ္တုတွင်းဒေသများ၌လည်းကောင်း၊ လမ်းပန်းအဆက်အသွယ် ဗဟိုကျရာဌာနများ၌လည်းကောင်း၊ ခေတ်မီ မြို့ပြများ တည်ဆောက်ပေါ်ပေါက်ခဲ့သည်မှာ မှန်ပါ၏။ သို့သော် ဗြိတိသျှနယ်ချဲ့စနစ်လက်ထက်တွင် ခေတ်မီ ကုန်သွယ်မှုလုပ်ငန်းများ၊ စက်မှုလက်မှုဆိုင်ရာ စီးပွားရေးစနစ်များ ထွန်းကားလာလင့်ကစား တကယ့်မြန်မာ့ကျေးလက်ဒေသများနှင့် ရှမ်းပြည်နယ်ကဲ့သို့သော ဒေသများတွင် ပဒေသရာဇ် မြေရှင်စနစ်ဟောင်းကို ဗြိတိသျှနယ်ချဲ့အစိုးရက ထိန်းသိမ်းထားရှိရုံမျှမက ရှေးယခင် (မြန်မာဘုရင်လက်ထက်)ကထက်ပင် ပိုပြီး ကြီးနိုင်ငယ်ညှဉ်းစနစ်၊ လက်ဝါးကြီးအုပ် ခေါင်းပုံဖြတ် စနစ်တွေ နှံ့ပြီးအောင် ဖန်တီးခဲ့လေသည်။ ထိုသို့ ပဒေသရာဇ် မြေရှင်စနစ် ခေါင်းပုံဖြတ်စနစ် လွယ်ကူစွာ ပြုလုပ်ကျင့်သုံးနိုင်အောင်လည်း လူတိုင်း လွတ်လပ်စွာ အခမဲ့ ပညာသင်ကြားနိုင်ရေးစနစ်ကို တစ်ဖက်က ဖျက်ဆီးပစ်ပြီး အခြားတစ်ဖက်ကမူ မြန်မာဆင်းရဲသား တောင်သူလယ်သမားထုအား ပညာဉာဏ် ဗဟုသုတ ဘာမျှ မပေးသည့်ပြင် လူများစု တောင်သူလယ်သမားထုကို ပဒေသရာဇ်ခေတ်ကလို ပညာဉာဏ်ဗဟုသုတ ခေါင်းပါးသည့်အခြေအနေက မတိုးတက်အောင် ဖန်တီး၍ ထားခဲ့လေသည်။

ယခုဆိုလျှင် မြန်မာလူမျိုးမှန်သမျှ စာကို ရေးတတ် ဖတ်တတ်သည်ဟု ဆိုနိုင်တော့ပြီ။ ၁၉၃၁ ခုနှစ် သန်းခေါင်စာရင်းအရဆိုလျှင် မြန်မာပြည်တွင် စာတတ်ဦးရေမှာ ယောက်ျားများအဖို့ ၅၆ ရာခိုင်နှုန်းနှင့် မိန်းမများအဖို့ ၁၆ ဒသမ ၅ ရာခိုင်နှုန်းသာ ရှိသည်ဟု သိရပေသည်။ ဤကား အံ့သြဖွယ် မဟုတ်။ ဗြိတိသျှအစိုးရလက်ထက်တွင် ပညာရေးနှင့်ပတ်သက်၍ ကောင်းမွန်သော အခြေအနေ အခွင့်အရေးများ ကင်းမဲ့မှုကြောင့်လည်းကောင်း၊ တိုင်းရင်းသားစာပေလေ့လာပြီး တတ်ရန် ရေးရန် အခွင့်ကောင်းများ မရှိခဲ့ခြင်းကြောင့်လည်းကောင်း ဖြစ်ပေါ်လာရသော အခြေအနေတစ်ရပ် ဟူ၍သာ ဆိုရပေမည်။

ဗြိတိသျှနယ်ချဲ့စနစ်သည် ပဒေသရာဇ်ခေတ်ဟောင်းက မကောင်းသော စနစ်ဖြစ်သည့် ရှမ်းပြည်နယ်မှ နယ်ရှင်စော်ဘွားများ၊ မြန်မာပြည်မှ မျိုးရိုးစဉ်ဆက် သူကြီးရိုက်ရာ ဆက်ခံရသည့် စနစ်များကို ပယ်ဖျက်ခြင်း မပြုသည့်ပြင်၊ ထိုစနစ်ဆိုးများကိုပင် ပြည်သူလူထုအပေါ် ဖိနှိပ်မှု ယန္တရားအဖြစ် ဆက်လက်အသုံးပြုထားရှိခဲ့လေသည်။ အနောက်နိုင်ငံသားတို့အခေါ်အရ 'ယဉ်ကျေးသော' (Civilized) အုပ်ချုပ်ရေးစနစ်ဟု ဆိုကြသော်လည်း စင်စစ် အဆိုပါ ယန္တရားလက်နက်ကို နယ်ချဲ့စနစ် ဗျူရိုကရေစီ အုပ်ချုပ်ရေး ရန်ပုံငွေအတွက် အခွန်အတုတ်များ ကောက်ခံရာ၌လည်းကောင်း၊ နယ်ချဲ့အစိုးရ အုပ်ချုပ်ရေး တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ရာ၌လည်းကောင်း တွင်တွင်ကြီး အသုံးပြုခဲ့ပေသည်။

ဗြိတိသျှအစိုးရ၏ အရာရှိကလေးများက ကျေးလက်တောရွာများသို့ သွားရောက်၍ တကယ့်အာဏာရှင်များပမာ မင်းမူကြကုန်၏။ ၎င်းနယ်ချဲ့သမား လက်ပါးစေတို့သည် ကျေးရွာများရှိ ဆင်းရဲသားတို့ထံမှ စားဖွယ်သောက်ဖွယ် ကြက်ဥသည်တို့ကို အခမဲ့ တောင်းယူကြရုံမျှမက မကြာခဏ ရိုးသားသော တောသူ သူမပျိုများကိုပင် မတရားပြုကျင့် ဖျက်ဆီးပစ်သည်အထိ ကျူးလွန်လေ့ရှိကြသည်။

၁၈၆၉ ခုနှစ်တွင် ကမ္ဘာ့အရှေ့ဖျားသို့ တိုက်ရိုက် ခရီးပေါက်စေသည့် ဆူအက်တူးမြောင်းလမ်းကြီးကို တည်ဆောက်ဖွင့်လှစ်လိုက်ပြီးသောအခါ၌ ဗြိတိသျှ ငွေရင်းရှင်တို့၏ ငွေပင်ငွေရင်းနှင့် ဗြိတိသျှဘဏ်တိုက်ကြီးများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ စက်မှုလက်မှုလုပ်ငန်းတစ်ရပ်

www.burmeseclassic.com

www.burmeseclassic.com



ကဲ့သို့ဖြစ်လာအောင် ကြိုးစားဖန်တီးလာကြ၏။ ၎င်းတို့၏ရည်ရွယ်ချက်ကာ
မြန်မာ့ဆန်စပါးကို လက်ဝါးကြီးအုပ်၍ ကမ္ဘာ့နိုင်ငံအသီးသီးသို့ အမြတ်ထုတ
ရောင်းဝယ်ဖောက်ကားရန်ပင် ဖြစ်သည်။

ဤအကြောင်းကြောင့် မူလက အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဆန်သေ
မြန်မာဆန်စပါးစိုက်ပျိုးရေး၏အသွင်မှာ တဖြည်းဖြည်း ပြောင်းလဲလာကာ လယ်ယ
မြေများ ပိုင်ဆိုင်အောင် အလုအယက်ကြိုးစားမှု၊ ဆန်စပါးကို အမြတ်ကြီးစာ
ရောင်းဝယ်မှုလုပ်ငန်းတစ်ရပ်အဖြစ်သာ စိုက်ပျိုးလုပ်ကိုင်မှုများသည် အစားထိ
ဝင်ရောက်လေတော့သည်။ ဤတွင် မြန်မာပြည်သမိုင်း၌ ပထမဆုံးအကြိမ် အရင်းရှ
လယ်ယာစိုက်ပျိုးရေးစနစ်သည် အောက်မြန်မာနိုင်ငံတွင် စတင်ပေါ်ပေါက်လ
တော့သည်။

ယင်းသို့ အရင်းရှင်မြေယာစနစ် ပေါ်ပေါက်လာခြင်း၏ အကျိုးသက်ရော
မှုကား ကျေးရွာများ၌ သမဝါယမဆန်ဆန် လယ်ယာစိုက်ပျိုးရေးစနစ်သည် ပျောက်ကွ
ပျက်သုဉ်းသွားလျက် စီးပွားရေး ပြိုင်ဆိုင်မှု ထွန်းကားဖြစ်ပေါ်လာခြင်းပင် ဖြစ်သည
တစ်ချိန်တည်းမှာပင် ဗြိတိသျှ အရင်းရှင် ကုန်သည်ကြီးများ၊ ဘဏ်တိုက်ကြီးမျာ
ပွဲစားများ၊ ငွေတိုးကြီး ချေးငှားသော (ချစ်တီးကဲ့သို့) ငွေရှင်ကြီးများသည် ဗြိတိ
အရင်းရှင် ဗျူရိုကရေစီစနစ်၏အထောက်အကူဖြင့် မြန်မာကျေးလက်မှ တောင်
လယ်သမား ဆင်းရဲသားထု၏ နောက်ကျောကို ဓားနှင့်ထိုးရန် စနစ်ကျကျ စည်
ဝင်ရောက်လာကြလေသည်။ ဤနည်းအားဖြင့် မြန်မာ့လယ်သမားထု၏ စီးပွား
စနစ်တစ်ခုလုံးကို ဗြိတိသျှနယ်ချဲ့စနစ်၏ ငွေပင်ငွေရင်းနှင့် အရင်းရှင်ကြီးမျာ
လက်ဝါးကြီးအုပ် နှောင်ကြိုးတဲမိလေတော့သည်။

ထိုအချိန်မှစ၍ မြန်မာ့ဆန်စပါးရောင်းဝယ်မှု စီးပွားရေးစနစ်သည်လည
ကမ္ဘာ့အရင်းရှင်စီးပွားရေးစနစ်ကြီးပေါ်သို့ လုံးလုံး အမှီသဟဲပြုရပြီး ကမ္ဘာ့ဈေးတ
ကျမှု၏ဒဏ်ကိုလည်း ခံရသည့်ဘဝသို့ ရောက်သွားလေတော့သည်။

ဤအတောအတွင်း ဗြိတိသျှစက်ရုံလုပ် ကုန်ပစ္စည်းများ၊ လူသုံးပစ္စ
များသည် အစိုးရ အထောက်အကူဖြင့် ဝင်ရောက်လာကာ၊ မြန်မာ့အိမ်တွင်း စ
လက်မှု စီးပွားရေးကို ဖျက်ဆီးပစ်ပြန်တော့၏။ မြန်မာဆင်းရဲသား လယ်သမားများ
သဘာဝဓာတ်၏ ဖောက်ပြန်မှု (မိုးခေါင်ခြင်း၊ ရေရှားခြင်း၊ ရေကြီး၍ ရေလွှမ်းခြ
သီးနှံကို မိုးဖျက်ခြင်း စသဖြင့်) ဒဏ်ကိုသာမက စီးပွားရေးနှင့် လူမှုရေးဆိုင်ရာမှာလ
ဘဏ်တိုက်ကြီးများ၊ ကုန်သည်ကြီးများ၊ ငွေတိုးကြီးစား ငွေရှင်(ချစ်တီး)



ပွဲစားများ၊ ခရိုင် ဗျူရိုကရက်အရာရှိများတို့၏ လုပ်ကြံမှု၊ ဖိနှိပ်ညှဉ်းပန်းမှုဒဏ်ကိုပါ
အလူးအလဲခံရသောဘဝသို့ ရောက်ရရှာလေတော့သည်။

တစ်ဖန် မြန်မာတောင်သူလယ်သမားတို့၏ နေထိုင်စားသောက်မှုစရိတ်
မှာလည်း ခေတ်မီ အရင်းရှင်စီးပွားရေးစနစ်သစ်၏ ဝင်ရောက်ထိုးဖောက်လာမှုကြောင့်
လည်းကောင်း၊ အခွန်အတုတ်တွေကလည်း ပဒေသရာဇ်စနစ်ခေတ်(သဿမေဓ)လို
အခွန်တော်တွေပါ စည်းကြပ်ကောက်ယူခံရ၍လည်းကောင်း အကုန်အကျ တိုးတက်
များပြားလာလေတော့သည်။

အဆမတန် အတိုးကြီးများကို မတရားယူပြီး ငွေချေးခြင်းစနစ်ကြောင့်
တစ်စတစ်စနှင့် လယ်ယာမြေများသည် တောင်သူလယ်သမားလက်မှ ပွဲစားများ၊
ငွေချေးသူ ချစ်တီးများ၊ ကုန်သည်များနှင့် နယ်အရာရှိများလက်သို့ ရောက်ကုန်ကာ
ယ်တွေ အချောင်သိမ်းပိုက်သော မြေပိုင်ရှင် လူတန်းစားတစ်ရပ် ပေါ်ပေါက်လာ
သကဲ့သို့ တစ်ဖက်တွင်လည်း မြေယာမဲ့ တောင်သူလယ်သမား ဆင်းရဲသားလူတန်းစား
သည်လည်း မြန်မာ့လူ့အဖွဲ့အစည်းတွင် ပေါ်ပေါက်လာလေသည်။

ယင်း မိမိတို့လက်ဝယ် မြေယာမရှိတော့သော ဆင်းရဲသား လူတန်းစားထဲမှ
အစိတ်အပိုင်းအချို့သည် အညာကျေးလက်မှ အောက်မြန်မာပြည်သို့လည်းကောင်း၊
မြို့ကြီးများသို့လည်းကောင်း ပြောင်းရွှေ့နေထိုင်ကာ ပင်ပန်းဆင်းရဲကြီးစွာဖြင့် အရင်းရှင်
တို့၏ သစ်စက် ဆန်စက်များ၊ အလုပ်ရုံ စက်ရုံကြီးများ၊ သင်္ဘောဆိပ်တွင်း 'မိုင်း' များ
တို့တွင် လုပ်ကိုင်ရင်း အသက်မွေးဝမ်းကျောင်းမှုကြီးကို ကြိုးစားရှာဖွေခဲ့ရလေသည်။

လယ်ယာမြေများကို အချောင်ပိုင်ဆိုင်ရရှိသော မြေပိုင်ရှင်တို့ကား လယ်ယာ
စိုက်ပျိုးရေးလုပ်ငန်းအခြေအနေ တိုးတက်ဖွံ့ဖြိုးရေး၌ လုံးဝစိတ်မဝင်စားသောသူများပင်
ဖြစ်လေသည်။ သူတို့၏ တစ်ခုတည်းသော စိတ်ဝင်စားမှုကား မြေပိုင်ရှင်များအဖြစ်
သီးစားခငွေကို အမြတ်ထုတ်ယူရန်ပင် ဖြစ်၏။ တစ်ခါတစ်ရံ ၎င်းမြေပိုင်ရှင်များသည်
သူတို့ပိုင် လယ်မြေများဆီသို့ လာရောက်တတ်ကြသည် မှန်၏။ သို့သော် သူတို့အဖို့
လယ်ယာအလုပ်ကိစ္စထက် ထမင်းမြိန်စား(ပစ်ကနစ်)ထွက်ရန်၊ အမဲလိုက်ရန်နှင့် တောသူ
မိန်းကလေးများကို ခြေတော်တင်ရန် ရည်ရွယ်ချက်တွေက ပို၍များတတ်ပေသည်။

ဤနည်းအားဖြင့် မြန်မာတောင်သူလယ်သမားတွေအပေါ် စီးပွားရေး
မတရားခေါင်းပုံဖြတ်ခြင်းစနစ်သည် တဖြည်းဖြည်း ဆိုးသထက် ဆိုးလာသည်ကို
တွေ့ရပေသည်။ တရားဥပဒေအတိုင်း (စာဆိုအရ) ဆိုလျှင် နယ်အရာရှိများ၏
ဆောင်တာများမှာ ကန့်သတ်ချက် စည်းကမ်းရှိပါ၏။ သို့ရာတွင် မြန်မာပြည်မှာ

www.burmeseclassic.com

www.burmeseclassic.com

နယ်အရာရှိများ၊ မြေပိုင်ရှင်များ၊ ပွဲစားကြီးများသည် ၎င်းတို့၏ ဘက်တော်သား တရားရုံးများ၏ အကူအညီဖြင့် မလိုလားသူ ဆင်းရဲသားတစ်ယောက်၏ အသက်ကိုပင် ရန်ရှာနိုင်သည့် အခြေအနေ အခွင့်အရေး ရှိခဲ့လေသည်။ ရှေးပဒေသရာဇ်ခေတ် ဟောင်းတွင် အာဏာရှိသူတို့က သက်ဦးဆံပိုင် တန်ခိုး အခွင့်အရေးရှိလျက် မညှာ မတာရက်စက်စွာ လွှမ်းမိုးခဲ့သလို ယခု ဗြိတိသျှလက်ထက်တွင်လည်း စီးပွားရေး အင်အားက မညှာမတာ ရက်စက်စွာ လွှမ်းမိုး၍လာလေသည်။

နယ်ချဲ့သမား၏ ဗျူရိုကရေစီအုပ်ချုပ်ရေး ယန္တရားကြီးကား တောင်သူ လယ်သမားတို့အား သီးနှံပျက်ခြင်း၊ ရေလွှမ်းမိုးခြင်း၊ အစာရေစာ ငတ်မွတ်ခြင်း၊ စပါးဈေး မတရားအနှိမ်ခံရခြင်း၊ ငွေတိုးကြီး မတရားယူခြင်း၊ အရာရှိများက ညှဉ်းပန်းခြင်း စသော ဘေးအန္တရာယ်အပေါင်းမှ ကာကွယ်ပေးမည့်အစား ငွေရှင် ကြေးရှင် ကုန်သည်ကြီးများနှင့် ဘဏ်တိုက်ကြီးများကိုသာ အလုပ်အကျွေးပြုလျက် ရှိလေသည်။ ဗြိတိသျှအစိုးရ၏ ပုလိပ်အဖွဲ့၊ တရားရုံးများ၊ ရာဇဝတ်မှု၊ တရားမမှုဆိုင်ရာ ဥပဒေပုဒ်မများနှင့်တကွ အခွန်တော် ကောက်ခံရေး စနစ်ကြီးကပါ မြန်မာဆင်းရဲသား တောင်သူလယ်သမားတို့အား နာလန်မထူနိုင်အောင် အနည်းနည်း အဖုံဖုံ ချုပ်ချယ် ညှဉ်းပန်းသည့် အခြေအနေမျိုး ဖြစ်နေလေသည်။ ယင်းသို့ မြန်မာလူများစုက ဆင်းရဲကျပ်တည်းမှုကြောင့်ပင်လျှင် ဗြိတိသျှခေတ် မြန်မာနိုင်ငံတွင် ရာဇဝတ်မှု၊ ဓားပြမှုများ၊ အဓိကရုဏ်းများ၊ ပုန်ကန်ထကြွမှုများ မကြာခဏ ဖြစ်ပွားခဲ့ခြင်း ဖြစ်လေသည်။

မြန်မာနိုင်ငံသို့ ဝင်ရောက်လာသော ဗြိတိသျှနယ်ချဲ့စနစ်အား ပြည်သူလူထု၏ တန်ပြန်လှုပ်ရှားမှုများမှာ ပထမပိုင်းတွင် ကမ္ဘာ့နိုင်ငံရေးရာအနေနှင့် လုံးဝဆက်စပ်ခြင်း မရှိဘဲ တိုင်းတစ်ပါးက လာရောက်အုပ်စိုးခြင်းကို မနှစ်သက်သဖြင့် ကန့်ကွက်သည့် သဘောဖြင့် စည်းရုံးမှု၊ စနစ်မကျသော ပုန်ကန်ထကြွမှုများသာ ဖြစ်ခဲ့လေသည်။ များသောအားဖြင့်လည်း ၎င်းတို့မှာ မြန်မာ့တောင်သူလယ်သမားတို့၏ တော်လှန် ပုန်ကန်မှုများ ဖြစ်လေသည်။

ယင်းသို့ ဗြိတိသျှတို့အား တော်လှန်တိုက်ခိုက်သည့် ပုန်ကန်မှု အတော် များများကို ပထမ အင်္ဂလိပ် မြန်မာ စစ်ပွဲ (၁၈၂၃) ခုနှစ် ပြီးသည့်အချိန်မှစ၍ တွေ့ခဲ့ရပေသည်။

ပထမ အင်္ဂလိပ် မြန်မာ စစ်ပွဲအပြီးတွင် တနင်္သာရီတိုင်းနှင့် ရခိုင်တိုင်း တို့သည် ဗြိတိသျှလက်အောက်ခံ ကိုလိုနီအစိတ်အပိုင်းများ ဖြစ်သွားတော့၏။ ၎င်း နယ်များရှိ တိုင်းရင်းသားလူထုကမူ ဗြိတိသျှတို့၏အုပ်စိုးခြင်းကို မကျေနပ်



ဆူဆူပူပူလှုပ်ကြလျက် တနင်္သာရီတိုင်းတွင် အင်္ဂလိပ်တပ်များကို ပြန်လည်တိုက်ခိုက် သည့် တော်လှန်ပုန်ကန်မှု အရေးတော်ပုံတစ်ခုပင် ပေါ်ပေါက်ခဲ့လေသည်

ဒုတိယ အင်္ဂလိပ် မြန်မာ စစ်ပွဲ (၁၈၅၂ ခု) အပြီးတွင်လည်း မြစ်ဝကျွန်းပေါ် ဒေသမှ မြန်မာတိုင်းရင်းသားလူထု ၆၀၀၀ ကျော် စုရုံးပါဝင်သည့် တော်လှန်မှုဘောင်ဆင် ဖြစ်ပွားခဲ့သေးရာ ဗြိတိသျှစစ်တပ်က အချိန်ကာလ ၂ နှစ်ကျော်ကြာမျှ တိုက်ခိုက် နှိမ်နင်းခဲ့ရ၏။

တတိယ အင်္ဂလိပ် မြန်မာ စစ်ပွဲ (မြန်မာတစ်နိုင်ငံလုံးကို အင်္ဂလိပ်အစိုးရက သိမ်းပိုက်သည့် ၁၈၈၅ ခု) အပြီးတွင်မူ ခရိုင်ဒေသအသီးသီးမှ လူထုခေါင်းဆောင် များသည် ဗြိတိသျှလက်အောက် အညံ့မခံဘဲ ၅ နှစ်တိုင်တိုင် လက်နက်ကိုင် တော်လှန် တိုက်ခိုက်ခဲ့ကြပေသည်၊ ထို့နောက်တွင်လည်း ဗြိတိသျှတို့ မြန်မာပြည်ကို အုပ်စိုးနေစဉ်အတွင်း နိုင်ငံအနှံ့အပြားတွင် တစ်သီးပုဂ္ဂလ ခေါင်းဆောင်များက တစ်ဦးချင်းအနေနှင့် ဦးစီးတော်လှန်သည့် ပုန်ကန်ထကြွမှုများဖြစ်ခဲ့ရာ ၎င်းတို့အနက် အထင်အရှားဆုံးကား ၁၉၃၀ ခုနှစ်မှ ၁၉၃၂ ခုနှစ်အထိ ဖြစ်ပွားခဲ့သော (သာယာဝတီ သူပုန်) အရေးတော်ပုံကြီးပင် ဖြစ်ပေသည်။

သို့ရာတွင် ပထမကမ္ဘာစစ်ကြီးပြီးသည့် နောက်ပိုင်းအခြေအနေများအရ နိုင်ငံရေးအသိနှင့် မျိုးချစ်စိတ်ဓာတ် ပိုမိုပြည့်စုံသော တိုင်းရင်းသား နိုင်ငံရေးလှုပ်ရှားမှု တစ်ရပ်သည် ပေါ်ပေါက်လာခဲ့လေသည်။ ၎င်း အမျိုးသားရေးစည်းရုံးမှု၊ လှုံ့ဆော်မှုနှင့် လှုပ်ရှားမှုများကို မြန်မာတိုင်းရင်းသား အရင်းရှင်ကလေးများနှင့် အရင်းရှင်ပေါက်စ လူတန်းစားက ခေါင်းဆောင်မှု ပေးခဲ့လေသည်။

ထိုအချိန်လောက်မှာပင် မြန်မာနိုင်ငံ၌ တောင်သူလယ်သမား ဆင်းရဲသား လူထုသည် ပစ္စည်းမဲ့လူတန်းစားတစ်ရပ်အနေနှင့် ဖြစ်ပေါ်လာလေသည်။ များမကြာမီ ကျွန်ုပ်တို့သည် နိုင်ငံနှင့်အဝန်းဖြစ်ပွားသော ကျောင်းသားသပိတ်၊ မီးရထား အလုပ်သမားသပိတ်၊ ရေနံမြေအလုပ်သမားသပိတ် စသော သပိတ်အရေးတော်ပုံ ကြီးများ တစ်ခုပြီးတစ်ခု ပေါ်လာသည်ကို တွေ့ခဲ့ရပေသည်။

အနောက်နိုင်ငံများ၌ရှိသော (Trade Union) ခေါ် အလုပ်သမားများကို စည်းရုံးပေးသည့် သမဂ္ဂလုပ်ငန်းများ မြန်မာပြည်၌ ပထမအကြိမ် ပေါ်ပေါက်လာသည် ကိုလည်း တွေ့ရပေသည်။ သို့သော် အင်အားများစွာမကြီးသေးဘဲ တစ်နိုင်ငံလုံးချီ၍ စည်းရုံးမှုလည်း မရှိသည့်ပြင် ခေါင်းဆောင်မှုပေးသူတွေမှာလည်း မြို့ပြရေးသမား ဆန်သော အရင်းရှင်ပေါက်စ လူတန်းစားပင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်ကို ဗြိတိသျှအစိုးရက အုပ်ချုပ်ခဲ့ပုံမှာ အကြမ်းသဘောအားဖြင့် အဆင့် သုံးဆင့် ခွဲ၍ အုပ်ချုပ်ခဲ့လေသည်။

၁။ ဗျူရိုကရေစီအုပ်ချုပ်နည်းသက်သက်။

၂။ ဗျူရိုကရေစီထက် အနည်းငယ် အဆင့်အတန်းမြင့်သော ဒိုင်အာခီ အုပ်ချုပ်ရေး။

၃။ ၁၉၃၇ ခုနှစ်က စတင်ခဲ့သော (၉၁) ဌာန အုပ်ချုပ်ရေး ခေါ် ဒိုင်အာခီ အသွင်တစ်မျိုးတို့မှ ဖြစ်လေသည်။

အဆိုပါ အဆင့်သုံးဆင့်စလုံးတွင် ဗျူရိုကရေစီ အုပ်ချုပ်နည်းဖြင့်သာ အစစအရာရာ ချုပ်ကိုင်ထားလျက် ဒီမိုကရေစီအရိပ်အယောင်ကို ပါးလွှာသော အပေါ်ယံ ခန်းဆီးဇာကလေးအဖြစ်သာ တွေ့ခဲ့ရပေသည်။

ဗြိတိသျှ နယ်ချဲ့စနစ်လက်အောက်တွင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု အလျှင်းမရှိခဲ့သည်မဟုတ်၊ ရှိသင့်သလောက် ရှိခဲ့၏။ ဥပမာ ဗြိတိသျှအုပ်ချုပ်ရေး လွယ်ကူရန်နှင့် စီးပွားကုန်သွယ်ရေး အဆင်ပြေစေရန် ရည်ရွယ်လျက် မြန်မာပြည် အနှံ့အပြားတွင် မော်တော်ကားလမ်း၊ မီးရထားလမ်းတွေ ဖောက်လုပ် တည်ဆောက်ခဲ့၏။ ဤသို့ လမ်းပန်းအဆက်အသွယ်ရှိမှုကြောင့် မြန်မာတိုင်းရင်းသားများသည် တစ်နေရာမှ တစ်နေရာသို့ လွယ်လွယ်နှင့် မြန်မြန် သွားလာနိုင်ပြီး တစ်ဦးနှင့်တစ်ဦး နားလည်ရင်းနှီးကြရာမှ စည်းလုံးညီညွတ်ရေးအတွက် အထောက်အကူဖြစ်ခဲ့လေသည်။

ဗြိတိသျှနယ်ချဲ့စနစ် မြန်မာပြည်သို့ ဝင်လာသောအခါ ၎င်းတို့၏ စီးပွားရေးလက်ဝါးကြီးအုပ်မှုနှင့် အုပ်ချုပ်ရေးယန္တရား လွယ်ကူအောင်မြင်ရန်အတွက် အုပ်ချုပ်ရေး အရာရှိကလေးများ၊ စာရေးစာချီများ၊ ကုန်သည်ပွဲစားငယ်များပါဝင်သည့် တိုင်းရင်းသား လူလတ်တန်းစားတစ်ရပ်ကို လိုအပ်လာလေသည်။ ၎င်းလူတန်းစားကို ဗြိတိသျှတို့သည် ရှေးပဒေသရာဇ် မြေပိုင်ရှင် အထက်တန်းစားတို့၏ အကြွင်းအကျန်များ၊ စီးပွားရေး ဝါသနာပါသော ကုန်သည်ပေါက်စများနှင့် မြို့နေလူတန်းစားတို့မှ ဆွဲယူစည်းရုံးခဲ့လေသည်။ ၎င်းတို့ကိုလည်း အင်္ဂလိပ်စာပေနှင့် ခေတ်ပညာ အနည်းငယ် သင်ကြားပေးခြင်းအားဖြင့် ဗြိတိသျှတို့ အလိုရှိသော နိုင်ငံရေးအယူအဆ အတွေးအခေါ်နှင့် ပညာရေးစနစ်ကို အလိုအလျောက် ပုံလောင်း ရိုက်သွင်းပြီးသားဖြစ်အောင် ကြိုးဆောင်ခဲ့လေသည်။

ဤနည်းအားဖြင့် ခေတ်မီ ပညာရေးစနစ်ကို ဗြိတိသျှတို့က မြန်မာပြည်သို့ သွင်းယူလာခြင်းကြောင့် မြန်မာတိုင်းရင်းသား လူလတ်တန်းစားအဖို့ အကျိုးအခွင့်များ



ရှိသင့်သလောက် ရှိခဲ့လေသည်။ အချို့မှာ စီးပွားရေး၌ ချမ်းသာကြွယ်ဝလာ၍ အချို့မှာလည်း ဗြိတိသျှအစိုးရလက်အောက်တွင် အရာရှိများအဖြစ် အမှုထမ်းကြလေသည်။ စီးပွားရေးနယ်ပယ်၌ လူလတ်တန်းစားအချို့သည် ဗြိတိသျှနယ်ချဲ့သမားနှင့် လက်တွဲကာ ဆန်စက်ပိုင်ရှင်များ၊ ကုန်သည်ပွဲစားများ၊ ငွေတိုးချေးစားသူများ၊ ကြွေးမပေးနိုင်သော လယ်ရှင်များထံမှ သိမ်းယူ၍ ရရှိသော မြေပိုင်ရှင်များ ဖြစ်လာကြလေသည်။ သို့ရာတွင် အချိန်ကာလ အတန်ကြာမြင့်လာသောအခါ၌မူ တဖြည်းဖြည်း တိုးတက်များပြားလာသော မြန်မာတိုင်းရင်းသား လူလတ်တန်းစားအားလုံးကို ဗြိတိသျှနယ်ချဲ့စနစ် ယန္တရားက စေ့ငအောင် အသုံးမချနိုင်သည့်အခြေအနေမျိုး ဆိုက်ရောက်လာလေသည်။

တစ်ဖန် ပထမကမ္ဘာစစ်ကြီး (၁၉၁၄ ခုနှစ်) စတင်ဖြစ်ပွားလာသောအခါ၌ ဗြိတိန်ပြည်သည် လက်အောက်ခံ ကိုလိုနီနိုင်ငံများအား စစ်ပွဲတွင် ပါဝင်ကူညီသည့်အတွက် တိုးတက်ပြီး တာဝန်ရှိသော ကိုယ်ပိုင်အုပ်ချုပ်ရေးကို ဗြိတိသျှအင်ပိုင်ယာတွင်းမှ နိုင်ငံကလေးများအား ပေးပါမည် ဟူသော ကတိခံဝန်ချက်ကို ပေးခဲ့ရလေသည်။

ကမ္ဘာစစ်ကြီး ပြီးဆုံးသွားသောအခါ၌မူ အထက်ပါ ကတိစကားတို့ ပြည့်စုံအောင် လိုက်လျောခြင်း မရှိသည်သာမက စစ်ပွဲ၏ဂယက်ဒဏ်ချက်တို့သည် စီးပွားရေး၊ လူမှုရေးတို့၌ (အထူးသဖြင့် လူလတ်တန်းစားများအပေါ်) သိသိသာသာကြီး ထိခိုက်စပြုလာလေသည်။ ထိုသို့ စီးပွားရေးဆင်းရဲကျပ်တည်းမှုကို အကြောင်းပြု၍ မြန်မာတိုင်းရင်းသား လူလတ်တန်းစားတို့က လုပ်ရှားမည်ကြံသောအခါ ဗြိတိသျှ နယ်ချဲ့ဗျူရိုကရက်များနှင့် လူလတ်တန်းစား အထက်တန်းလွှာမှ လူများတို့၏ ပြင်းထန်သော ဖိနှိပ်မှု ရန်သတ္တုရပြုမှုကို ရင်ဆိုင်တွေ့ကြုံရပြန်လေသည်။

ထို့ကြောင့် တွေဝေတုန်လှုပ်လျက်ပင် လူလတ်တန်းစား မျိုးချစ်ပုဂ္ဂိုလ်အချို့သည် တိုင်းရင်းသားလူထုကြီးထံသို့ ချဉ်းကပ်ရာမှ မြန်မာနိုင်ငံသမိုင်းတွင် ပထမဆုံးအကြိမ် အမျိုးသားရေးစိတ်ဓာတ်နှင့် လူထုစည်းရုံးမှုသည် စတင်ပေါ်ပေါက်ခဲ့လေသည်။ ထိုအချိန်က နိုင်ငံရေးဆိုသည်မှာ မတွေးအပ်၊ မလုပ်အပ်ဟု ယူဆသော ပြဿနာတစ်ခုဖြစ်လျက် နယ်ချဲ့သမားရော၊ မြန်မာလူလတ်တန်း အထက်လွှာကပါ နိုင်ငံရေးနှင့် နိုင်ငံရေးသမားများကို အလွန်စက်ဆုပ် မျက်မုန်းကျိုးနေသည့်အခါကာလလည်း ဖြစ်လေသည်။

ဒီမိုကရေစီ လူမှုအခွင့်အရေး ဟူ၍ကား ထိုစဉ်အခါက မရှိသလောက်ဖြစ်ခဲ့လေသည်။ လွတ်လပ်စွာ ပြုမူပြောဆို ရေးသားနိုင်ခွင့်များလည်း မရှိခဲ့ချေ။ ထိုခေတ်က

www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှ မျက်နှာဖြူတစ်ဦးနှင့် ယှဉ်တွဲလမ်းလျှောက် သို့မဟုတ် မျက်နှာဖြူတစ်ယောက် အခန်းထဲသို့ ဖိနပ်မချွတ်ဘဲဝင်ပြီး မျက်နှာကို စေ့စေ့ကြည့်ဝံ့သူကိုပင်လျှင် အလွန် သတ္တိကောင်းသော လူတစ်ယောက်ဟု ထင်မြင် ယူဆခဲ့ကြ၏။

ထိုစဉ်က မြန်မာပြည် ဘုရင်ခံဖြစ်သော ဆာရယ်ဂျီနယ် ကရက်ဒေါက်အား ဆရာတော် ဦးဥတ္တမက "ဟေ့ ကရက်ဒေါက်၊ ပြန်သွားလော့" ဟူ၍ ကြွေးကြော်လိုက်သောအခါ ပြည်သူလူထုကြီးတစ်ရပ်လုံးမှာ ကြက်သီးမွေးညင်းများ ထလောက် အောင်ပင် စိတ်ဓာတ်တွေ တက်ကြွ၍ လာခဲ့လေသည်။

ဤအဖြစ်အပျက်၏ နောက်ပိုင်းတွင်ကား မြန်မာအမျိုးသားရေးလှုပ်ရှားမှု လုပ်ငန်းသည် အခက်အခဲ အနှောင့်အယှက်တွေကြားမှပင် တဖြည်းဖြည်း စတင် ဖြစ်ပေါ်လာလျက် အသွင်တစ်မျိုးမဟုတ် တစ်မျိုးဖြင့် အဆက်မပြတ်အောင် အနည်းနည်း ကြံဖန်၍ ခရီးသွားခဲ့လေတော့သည်။

တစ်စတစ်စ တိုးတက်လှုပ်ရှားလာသော မြန်မာအမျိုးသား နိုင်ငံရေးအခြေ အနေကြောင့် ဗြိတိသျှနယ်ချဲ့သမားသည် ပြည်သူ့လွတ်လပ်ခွင့်များနှင့် အုပ်ချုပ်ရေး စနစ် ပြုပြင်ပြောင်းလဲမှုများကို အသင့်အတင့် ပေးအပ်၍လာလေသည်။ သို့သော် ၎င်းတို့မှာ အပေါ်ယံကြော ဟန်ဆောင်အခွင့်အရေးများသာဖြစ်၍ တိုင်းရင်းသား လူထုက လုံးဝကျေနပ်ပုံမရသောအခါ၌ကား ဗြိတိသျှနယ်ချဲ့စနစ်၏ စေတနာ အသွေးအရောင်အမှန်သည် ဘွင်းဘွင်းပေါ်ပေါက်လာလေတော့၏။

ဖိနှိပ်မှု ချုပ်ချယ်မှုတွေ တဖြည်းဖြည်း ပိုမို၍ကျင့်သုံးလာသည်ကို တွေ့ရလေ တော့သည်။ ဒုတိယကမ္ဘာစစ်မဖြစ်မီအချိန်ကာလတစ်လျှောက်လုံးတွင် ဖိနှိပ်ချုပ်ချယ်မှု တစ်ချက်လွှတ် ဥပဒေအမိန့်အောက်၌ ကျွန်ုပ်တို့သည် ပြားပြားဝပ် ခံခဲ့ရသည်။ တရားမျှတသော ဥပဒေစီရင်မှု မရှိဘဲလည်း ထောင်သွင်း အကျဉ်းထားခြင်းလည်း ခံခဲ့ရ၏။ ကျွန်ုပ်တို့ကိုယ်တိုင်ပင် ထိုသို့ တစ်ခါက ဖမ်းဆီးချုပ်နှောင်ခြင်း ခံရဖူး၏။

၁၉၃၈ ခုနှစ်၊ ဒီဇင်ဘာလက ကျောင်းသားများသည် ရန်ကုန် အတွင်းဝန်ရုံး ရှေ့သို့ စီတန်းလှည့်လည်သောအခါ ပုလိပ်အဖွဲ့က မြင်းနှင့်တိုက်၊ နံပါတ်တုတ်နှင့် ရိုက်သည်အထိ(ဗိုလ်အောင်ကျော် ကျဆုံးရသည့် အရေးတော်ပုံ)ရက်စက်စွာ ပြုမူ သဖြင့် မြန်မာတစ်နိုင်ငံလုံး ကူးစက်ပြန့်ပွားသွားသော ကျောင်းသား၊ အလုပ်သမား လယ်သမားတို့၏ သပိတ်အရေးတော်ပုံကြီးသည် ပေါ်ပေါက်လာခဲ့လေသည်။

(မှတ်ချက် ။ ၎င်း ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံ မပေါ်ပေါက်မီ ၁၉၃၆ ခုနှစ် ကလည်း နိုင်ငံလုံးဆိုင်ရာ ကျောင်းသားသပိတ်ကြီး ဖြစ်ပွားခဲ့ဖူးလေသည်။)

အရေးတော်ပုံအတွင်း မန္တလေးမြို့၌လည်း ကျောင်းသားများ စီတန်း လှည့်လည်ဆန္ဒပြသည်ကို ပုလိပ်တို့က ရက်စက်စွာ သေနတ်နှင့် ပစ်ခတ်နှိမ်နင်းသဖြင့် အာဇာနည်အချို့ ကျဆုံးခဲ့ရရှာလေသည်။ ဤကား ဒုတိယကမ္ဘာစစ်ကြီးဖြစ်သည် အထိ ဗြိတိသျှနယ်ချဲ့သမားများက မြန်မာပြည်အား စိုးမိုးအုပ်ချုပ်ခဲ့ပုံ အကျဉ်းချုပ် ပင်တည်း။

သို့နှင့်ပင် ဒုတိယကမ္ဘာစစ်ကြီးသည် ၁၉၃၉ ခုနှစ်၌ ဥရောပတိုက်တွင် စတင် ဖြစ်ပွားခဲ့လေတော့သည်။

ဗြိတိသျှနယ်ချဲ့သမားတို့ကား ဒီမိုကရေစီ လွတ်လပ်မှုအတွက် စစ်ပွဲကို တိုက်ခိုက်နေရပါသည်ဟု ကမ္ဘာသို့ ကျယ်လောင်စွာ ကြွေးကြော်သော်လည်း မြန်မာ နိုင်ငံ၌ ဒီမိုကရေစီလွတ်လပ်မှုကို လက်တွေ့ကျင့်သုံးမှု မရှိသဖြင့် ကျွန်တော်တို့ တစ်တွေလည်း စစ်ဖြစ်လျှင်စစ်ဖြစ်ချင်း နယ်ချဲ့ဆန့်ကျင်ရေးနှင့် နယ်ချဲ့စစ်ပွဲ ဆန့်ကျင်ရေးလှုံ့ဆော်မှုများကို အပြင်းအထန် စည်းရုံးလုပ်ကိုင်ခဲ့လေသည်။ သို့အတွက် ကျွန်ုပ်တို့အား ဗြိတိသျှနယ်ချဲ့သမားက နည်းအမျိုးမျိုးဖြင့် ဖိနှိပ် ချုပ်ချယ်ခဲ့၍ ကျွန်ုပ်တို့၏ လုပ်ဖော်ကိုင်ဖက် နိုင်ငံရေးရဲဘော်များစွာတို့ကို ဖမ်းဆီး၍ ထောင်သွင်း အကျဉ်းချခဲ့၏။ အချို့မှာ တရားရုံး၌ အမှုဆိုင်ရ၍ အချို့မှာမူ လုံးဝ တရားစီရင်မှု မရှိဘဲ ထောင်ကျခဲ့ရ၏။

ကျွန်ုပ်တို့ ပါဝင်လျက်ရှိသော နိုင်ငံရေးပါတီ(တို့ဗမာအစည်းအရုံး)မှ အရေးပါသော ခေါင်းဆောင်ဟူသမျှကို ဖမ်းဆီး၍ ထောင်ထဲထည့်ထားခဲ့၏။

ထိုအချိန်က ကျွန်ုပ်တို့တစ်စုသာလျှင် မြန်မာပြည်၌ တစ်ခုတည်းသော ...က်ဆစ်ဆန့်ကျင်ရေးနှင့် လက်ဝဲဝါဒဖြန့်မှု အနည်းငယ်ရှိသည်ကို ကျွန်ုပ်တို့အစု ...ကသာ လှုံ့ဆော် ဖြန့်ချိခဲ့ကြောင်းနှင့် နိုင်ငံခြား (တရုတ်ပြည်နှင့် စပိန်ပြည်) တွင် ...က်ဆစ်ဝါဒ ထိုးဖောက် ကျူးကျော်နေသည်ကို အပြင်းအထန် ရှုတ်ချသည့် ဝါဒဖြန့် ...လှုံ့ဆော်မှု ကြွေးကြော်မှုများကို ကျွန်ုပ်တို့ကသာ ဦးစီးဆောင်ရွက်ခဲ့ကြောင်း ဖော်ပြလို၍ ...ပေသည်။ ထိုအချိန်က ဗြိတိသျှနယ်ချဲ့စနစ်မှာ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ...က်ဆစ်ဝါဒကို အားပေးထောက်ခံခဲ့ကြောင်း အားလုံးအသိ ဖြစ်ပေလိမ့်မည်။

များမကြာမီ ကျွန်ုပ်ကိုပါ ဗြိတိသျှအစိုးရက ဖမ်းဆီးချုပ်နှောင်တော့မည်ဟု ...သတင်းကို အတိအကျ ကြားရလေတော့သည်။ ကျွန်ုပ်အဖို့မှာ အဖမ်းခံပြီး ထောင်ထဲ ...သွားနေ၍ အကျိုးရှိနိုင်မည် မဟုတ်ဟု ယူဆလျက် ကိုယ်ယောင်ဖျောက်ကာ '...မြေအောက်' သို့ လျှိုးသွားခဲ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စီးလျက် မိဿလဂ်မှ ဂတန့်မရဏ ဗြိစ္ဆာရှိ စနေနှင့် ယူရေးနက်တို့ သမသတ် မြင်၏။ ဦးဘဝင်း၏ ပြိဿတနင်္ဂနွေနှင့် ပလူတိုကို အင်္ဂါစီးလျက် သိဟ်အင်္ဂါနှင့် ဗြိစ္ဆာ ယူရေးနက်ကို ၄ တန့်၊ ၇ တန့် အမြင်နှင့် မြင်နေ၏။ မစ္စတာ ရာဇတ်၏ ပြိဿအင်္ဂါ နက်ပကျွန်း ပလူတိုကို အင်္ဂါစီးလျက် ဗြိစ္ဆာလဂ်နှင့် စနေ ယူရေးနက်တို့ကို သမသတ် မြင်၏။ မိုင်းပွန်စော်ဘွားကြီး စောစံထွန်း၏ ပြိဿာ တနင်္ဂနွေ၊ ဗုဒ္ဓဟူး ပလူတိုတို့ကို အင်္ဂါစီးရှုံ့မှုမကသေး၊ နေ အင်္ဂါ ယူရေးနက်တို့ကို ၈ တန့် အမြင်နှင့် အထူးမြင်သေး၏။ မန်းဘခိုင် ပြိဿပလူတိုကို အင်္ဂါစီးလျက် ဗြိစ္ဆာယူရေးကို သမသတ်၊ နေ့စန်း အင်္ဂါကို ၈ တန့် အမြင်နှင့် အထူးမြင်သေး၏။ ဝန်ကြီးအားလုံးပင် အင်္ဂါဂြိုဟ်စီး ဂြိုဟ်မြင် မလွတ်ကြသောကြောင့် လုပ်ကြံသတ်ဖြတ်မှုတွင် ပါဝင်ကြရလေသည်။ ဗေဒင်ပညာအရ အင်္ဂါ နက်ပကျွန်းတို့ ဂြိုဟ်မွေကြခြောင်း ထင်ရှားလှပေသည်။

## လုပ်ကြံသူ၏ဇာတာ

ဝန်ကြီးများ၏ မူလဇာတာအရ သုဂတိက မရဏတည်း ဟူသော အများနှင့် အတူ သေရသော ဥပစ္ဆေဒကကံကို ဖော်ပြပြီးသည့်နောက် လုပ်ကြံမှု၏ ခေါင်းဆောင် ဂဠုန်ဦးစော၏ ဖွားဇာတာကို ပထမဦးဆုံးအကြိမ်အဖြစ်နှင့် ဖော်ပြကာ မှတ်တမ်း တင်လိုပေသေးသည်။ ၁၂၆၂ ကဆုန်လဆုတ် ၄ ရက်၊ ဗုဒ္ဓဟူးနေ့ည ၇ နာရီ ၃၀ မိနစ်တွင် ဖွားမြင်သော ဂဠုန်ဦးစော၏ ဇာတာကို သေသေချာချာကြည့်ကြပါဦး။ ကိန်းကောင်း ကိန်းဆိုးတွေ ရှုပ်ပွေနေကြသည်တွင် ဗေဒင်မျက်စိသည် ဘယ်ဂြိုဟ်ကို စူးစိုက်မိမည်နည်း။ ဗြိစ္ဆာလဂ် အိမ်ရှင်အင်္ဂါသည် မိဿရာသီ အာရီအိမ်၌ ကသစ်ရကာ ဗုဒ္ဓဟူးနှင့် ပူးနေခြင်းကို အံ့သြစွာ တွေ့မြင်နိုင်၏။ ရဲစွမ်းသတ္တိနှင့် ရက်စက်မှုကို ဖော်ပြ လေသည်။ လဂ်နှင့် စန်း ကြာသပတေး ရာဟုယူရေးနက် ပူးခြင်း သမသတ် ပြိဿတွင် တနင်္ဂနွေ ကိတ်ပလူးတိုး ပူးခြင်းအားဖြင့် သူ၏ ဉာဏ်နီဉာဏ်နက်များကို ချိန်ဆနိုင်၏။ သေလျှင် မြေကြီး၊ ရှင်လျှင် ရွှေထီး။ မင်းဖြစ်လိုလျှင် ရက်စက်ရမည် ဘယ်သူသေသေ ငတေမာ ပြီးရော ဟု သဘောထားကြောင်းမှာ သူ၏ ဖွားဇာတာ ထဲတွင် ဖော်ပြထားပေသည်။ မရဏာအိမ် မေထုန်တွင် နက်ပကျွန်း ရပ်တည်နေ သည်ကို နေ့စနေ ဈ သမသတ်မြင်သည့်ပြင် ဗြိစ္ဆာလဂ်နှင့် ဂြိုဟ် ၄ လုံးကို အင်္ဂါ မြင်သောကြောင့် သူ့ဇာတာမှာလည်း ဥပစ္ဆေဒကကံဖြင့် အသေဆိုး သေရမည်ကို ဖော်ပြ၏။ လုပ်ကြံချိန်တွင် ပြိဿရောက် ကောဇာအင်္ဂါသည် လဂ်ကို သမသတ်



မြင်သောကြောင့် လုပ်ကြံမှု အောင်စေကာမူ ချက်ချင်းအဖမ်းခံရလေသည်။ သူ့မြေကို သူမနိုင်သော မြွေအလမ္ပာယ်ဆရာကဲ့သို့ပင် သူ၏အင်္ဂါဂြိုဟ်ကို သူ မနိုင်ရုံမျှမကသေး။ ၁၉၄၈ ခု မေလ ၈ ရက်နေ့၊ စနေနေ့တွင် လုပ်ကြံမှု၏ခေါင်းဆောင် တရားခံအဖြစ်နှင့် ကြိုးပေးခံရစဉ်က ကသိစ် ရာသီရောက် ကောဇာအင်္ဂါဂြိုဟ်သည် ၄ တန့် အမြင်နှင့် သူ၏ ဗြိစ္ဆာလဂ်ကို လက်စားချေကာ အပြစ်ပေးသော မျက်လုံးနှင့် နောက်ဆုံးကြည့်ခြင်း မျိုးဖြင့် ထူးထူးထွေထွေ ကြည့်မြင်လိုက်ပေသေးသည်။

၉ နှစ် တင်းတင်း ပြည့်မြောက်လာပြီးဖြစ်သော ယနေ့အဖို့ မြန်မာနိုင်ငံရေး လောကတွင်၊ လုပ်ကြံမည်ကို ကြိုတင် သိပါလျက်နှင့် ရန်သူကို အထင်အမြင် သေးမှုကြောင့် ရက်စက်စွာ လုပ်ကြံခြင်းကို ခံသွားရရှာသော ဗိုလ်ချုပ်အောင်ဆန်းနှင့် အပေါင်းပါ ဝန်ကြီးများ၏ မူလဇာတာနှင့် လုပ်ကြံသူ၏ ဇာတာ ပြဿနာများကို ဗေဒင်ပညာဖြင့် ရှင်းလင်း တင်ပြလိုက်ပေရာ လုပ်ကြံချိန် ဂြိုဟ်ခွင်တွင် ကန်လဂ်နှင့် နက်ပကျွန်း ပူးခြင်း၊ ၉ တန့် ပြိဿသို့ အင်္ဂါရာဟု ယူရေး နက်ရောက်ခြင်းသည်ပင်လျှင် ဗေဒင်မှတ်တမ်းတင်ရန် ကောင်းသော ကိန်းတစ်ခု ဖြစ်ခဲ့ပေသတည်း။

(ဖျဉ်းမနားဆရာ ဦးသန်းအောင်)

BURMESE CLASSIC .com

## အမျိုးသားခေါင်းဆောင် တော်လှန်ရေးဗိုလ်ချုပ်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဝိသေသ သဘာဝ

မုဆိုး တစ်ဆယ့်တစ်ဆက်တွင် အပျက်ကြီး ပျက်ခဲ့ရကား ကုလားမြူ လက်အောက် ကျွန်သဘောက်အဖြစ်သို့ အရောက်ကြီး ရောက်ခဲ့ရသော မြန်မာနိုင်ငံကို အနော်ရထာ မင်းတရား၊ ဘုရင့်နောင် မင်းတရား၊ အလောင်းဘုရားတို့ကဲ့သို့ သုမတူ စည်းရုံးနိုင်ခဲ့ကာ လွတ်လပ်ရေးအတွက် ပန်းကို ဆွတ်လှမ်းယူပေးခဲ့သော ၂၀ ရာစု၏ ပုဂ္ဂလိဝိသေသအဝင်အပါ မြန်မာနိုင်ငံ၏လွတ်မြောက်ရေးဗိသုကာဖြစ်သော တော်လှန်ရေး ဗိုလ်ချုပ်၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဝိသေသ သဘာဝ၊ မုခလက္ခဏာသော်ကား၊

(၁) ဦးခေါင်း ကို ကြည့်လျှင် နား၏ရှေ့ဘက်၌ ၄ ပုံ ၃ ပုံမျှ ရှိ၏။ နား၏အထက်တွင်လည်း အမြင့်ပမာဏ ကောင်းလှ၏။ အငယ်စား ဦးခေါင်း မဟုတ်။ နောက်စေ့ဘက်မှ ဗဟုတ်ဆဲ ဦးထိပ်ဆီမှ မြင့်၏။ နား အတန်ကား၏။

(၂) နဖူး – ခေါင့်ကျ၏၊ အမို့အမောက် မျှ၏၊ အကျယ်ပမာဏ မှန်၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးမှ ဂျပန်တွေ မြန်မာပြည်ထဲ မရောက်မီ ကျွန်ုပ်တို့က ဂျပန်အစိုးရနှင့် ဆွေးနွေးစကား ဆိုရမည်။ ဂျပန်စစ်တပ်တွေ မြန်မာပြည်သို့ ဝင်လာခြင်းကို တားဆီးနိုင်မှသာ ကျွန်ုပ်တို့က ဂျပန်အား ပြန်၍ တော်လှန်ရန် ပြင်ဆင်မှုများ ပြုသ[illegible]ည်” ဟူ၍သာ ရေးဆွဲထားခဲ့လေသည်။

အထက်ပါ ကျွန်ုပ်၏ စီမံကိန်းကြမ်းအစည်ကို ကျွန်ုပ်ကိုယ်တိုင်ကတော့ ဟုတ်လှပြီဟု ကျေနပ်မိသော်လည်း ကျွန်ုပ်တို့၏ လုပ်ဖော်ကိုင်ဖက် ရဲဘော်များထဲက နှစ်ခြိုက်လက်ခံနိုင်သူ နည်းလှကြောင်း [illegible]ရသည်။ [illegible]ကြောင်း မှာတော့ အရင်းရှင်ပေါက်စ လူတန်းစားမှ လာကြသော ကျွန်ုပ်တို့၏ [illegible]ဉာဉ်က [illegible]ကို အကြောင်းသလောက် အရေး[illegible] ဆုံးဖြတ်[illegible]အထည် ဖော်ရာ၌ ပြတ်သားတိကျခြင်းမရှိဘဲ [illegible]ရှိသော ကြောင့်ပင် ဖြစ်သည်။ ၎င်း လူတန်းစားဉာဉ်ကပင် ခက်ခဲပြီး အချိန်ကြာမြင့်စွာ ပြုလုပ်ရမည့် လူထုစည်းရုံးမှု လှုံ့ဆော်မှု လုပ်ငန်းများအပေါ် စိတ်မရှည်ခြင်း စိတ်ပျက်ခြင်းများ ဖြစ်ပေါ်စေခဲ့၏။ များသောအားဖြင့် ကျွန်ုပ်တို့လူငယ်ခေါင်းဆောင် များမှာ လူထုစည်းရုံးရေးနှင့် လူထုလှုပ်ရှားမှုအကြောင်းကို အာပေါင်အာရင်းသန်သန်နှင့် ပြောတတ်ကြသလောက် ပြည်သူလူထု၏ စည်းရုံးမှုအင်အားနှင့် တန်ဖိုးကို ကောင်းစွာ သဘောမပေါက်ခဲ့ကြချေ။ ကျွန်ုပ်တို့၏ အရင်းရှင်ပေါက်စ လူတန်းစားအသိကြောင့် လူထုစည်းရုံးမှုအင်အားကိုလည်း ယုံကြည်အားကိုးခြင်း ကင်းမဲ့ခဲ့ကြလေသည်။

ထို့ကြောင့်ပင် ကျွန်ုပ်တို့၏အစီအစဉ်တွင် ပါသော ပြောက်ကျားစစ်ဆင်ရေး ကိစ္စတွင် လက်နက်မရှိဘဲ မည်သို့ ဖြစ်နိုင်မည်နည်းဟု ရဲဘော်အချို့က ဝိုင်းမေးသော အခါတွင် ကျွန်ုပ်က

“ဓားပြတိုက်တဲ့လူတွေတောင် လက်နက်ရအောင် ကြံနိုင်လို့ရှိရင် ကျုပ်တို့လို စနစ်တကျ စည်းရုံးမှုရှိတဲ့လူတွေအဖို့ ဘာဖြစ်လို့ မရနိုင်မှာလဲ” ဟု ပြန်ဖြေခဲ့ရသေး၏။

တကယ်လည်း ကျွန်ုပ်တို့ မြန်မာနိုင်ငံ၌ လူတစ်ရာခန့် ပါဝင်သော ဓားပြ ဂိုဏ်းတစ်ခုဆိုလျှင် ပြောက်ကျားစစ်တပ်ကလေးတစ်တပ်လောက် အင်အားရှိနိုင်သည် မဟုတ်ပါလော။

နောက်ဆုံးတွင် ကျွန်ုပ်တို့အထဲမှ တစ်ယောက်ယောက်က နိုင်ငံခြားသို့ လျှို့ဝှက်စွာ ထွက်သွားရန် သဘောတူ ဆုံးဖြတ်လိုက်ကြလေသည်။ ၎င်းကိစ္စနှင့် ပတ်သက်၍လည်း ကျွန်ုပ်တစ်ယောက်သာ လျှို့ဝှက်စွာ မြေအောက်၌ နေထိုင် ရခိုက်ဖြစ်၍ ကျွန်ုပ်ကိုပင် နိုင်ငံခြားသို့ စေလွှတ်ရန် ရွေးချယ်ခဲ့ကြသည်။

ထိုအတောအတွင်း ထွက်ရပ်ဂိုဏ်းခေါင်းဆောင် ဒေါက်တာဘမော်က ဘစ်ဆင့် ဂျပန်တို့က ကူညီရန် အသင့်ရှိကြောင်း စကားကမ်းလှမ်းချက် ရောက်လာ လေသည်။ ကျွန်ုပ်တို့က အတန်ငယ် စဉ်းစားနေပြီးနောက် ဂျပန်၏အကူအညီ လက်ခံရန် သဘောတူလိုက်ကြသည်။ သို့သော် ချက်ချင်းလိုပင် စိတ်ပျက်ဖွယ်ရာ တွေ့ကြုံရပြန်ပုံကား ဂျပန်တို့က ကျွန်ုပ်တို့နှင့် ပူးပေါင်းဆောင်ရွက်ရေးကို အကြောင်း အမျိုးမျိုးပြ၍ ရွှေ့ဆိုင်းနေခြင်းပင် ဖြစ်သည်။ နောက်မှသိရသည်မှာ ဂျပန်တို့သည် ဆာစောပိုင်းက ကျွန်ုပ်တို့တစ်တွေအား ဖော်လရီဗစ်(ကွန်မြူနစ်)တွေဟု ထင်မှတ်ပြီး အတူလက်တွဲလုပ်ကိုင်ရန် ရတ်တရက် ဝန်လေးနေသည်ဟူ၍ပင် ဖြစ်၏။

မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့က ဂျပန်၏အလာကို မစောင့်နိုင်ဘဲ ကျွန်ုပ်တို့ ကိုယ်ပင် တရုတ်ပြည်သို့ လျှို့ဝှက်စွာ စေလွှတ်လိုက်လေသည်။ မြန်မာပြည်၏ကောင်းကျိုး အတွက် ကျွန်ုပ် သဘောကျသလို စီမံခန့်ခွဲနိုင်ခွင့် အာဏာပါ အပ်နှင်းလိုက်လေသည်။ ကုန်းကြောင်းခရီးမှ သွားရသည့် တရုတ် မြန်မာ လမ်းမကြီးမှာ ထိုအချိန်က ပိတ်ထား လိုက်ပြီဖြစ်၍ ကျွန်ုပ်မှာ ပင်လယ်ခရီးဖြင့် တရုတ်ပြည်သို့ သွားခဲ့ရရာ ထိုသို့ ရေလမ်းမှ သွားရခြင်းကြောင့်ပင်လျှင် နောက်ပိုင်းတွင် ဂျပန်တွေနှင့် တွေ့ဆုံဆက်သွယ်မိ သည့် အကြောင်းတစ်ရပ် ဖြစ်ခဲ့လေသည်။

ပင်လယ်ရေကြောင်းခရီးဖြင့် သွား၍ ကျွန်ုပ်သည် တရုတ်ပြည်မ အလယ်သို့ ရောက်နိုင်ကြောင်းနှင့် သဘော်ဖြင့် တရုတ်ပြည်ကမ်းရိုး (အမွိုင်) မြို့အထိသာ ရောက်နိုင်မည့်အကြောင်းကိုလည်း ကျွန်ုပ် စုံစမ်းသိရှိရပေသည်။ အမွိုင်မှတစ်ဆင့် တရုတ်ပြည်တွင်းသို့ ဝင်ရောက်ခွင့်ရရန်ကိုမူ ကျွန်ုပ်၏ ပင်ကိုဉာဏ်နှင့် အစွမ်းစ ပေါ်တွင် တည်နေတော့သည်။

ကျွန်ုပ်သည် အမွိုင်မြို့ရှိ(ကူလန်ဆုကျွန်း)ခေါ် နိုင်ငံခြားသားများ နေထိုင်ရာ ရပ်ကွက်၌ ခေတ္တတည်းခိုရင်း တရုတ်ပြည်မတွင်းသို့ ဝင်ရောက်ကြံစည် ကြိုးစား နေခိုက် မြန်မာပြည်ရှိ ကျွန်ုပ်တို့၏ရဲဘော်များသည် ဂျပန်တို့နှင့် ဒုတိယအကြိမ် လျှို့ဝှက်စွာ ဆက်သွယ်မိကြပြန်သည်။ ထိုဆက်သွယ်မှုကြောင့် ရက်များမကြာမီ ကျွန်ုပ်သည် ဂျပန်ပြည် တိုကျိုမြို့တော်သို့ ရောက်သွားလေတော့သည်။

တိုကျိုမြို့တွင် ကျွန်ုပ်သည် အဆိုးထဲမှ အကောင်းကို ကြံဖန်ရှာဖွေခဲ့ရ လေသည်။ မြန်မာပြည်မှ ထွက်ခွာမလာမီ ကျွန်ုပ်သည် ဂျပန်ပြည်အကြောင်းနှင့် ပတ်သက်၍ စာအုပ်စာတမ်းအချို့ကို ဖတ်ခဲ့ဖူးရာ ထိုစာအုပ်များတွင် ဂျပန်တို့ ကောင်းကြောင်းတွေ ရေးသားထားသမျှမှာ တကယ့်အဖြစ်အမှန်ထက် ဂျပန်

www.burmeseclassic.com

www.burmeseclassic.com



ဆန့်ကျင်ရေးဝါဒဖြန့်မှုတွေက များပေလိမ့်မည်ဟု မိမိကိုယ်ကို နှစ်သိမ့်ခဲ့ဖူး၏။

မည်သို့ပင်ဖြစ်စေ တိုကျိုမြို့၌ ကျွန်ုပ်၏ ပထမဆုံးအတွေ့အကြုံကို ဖော်ပြရမည်ဆိုလျှင် ဂျပန်များသည် သိပ်ပြီး မဆိုးပါဟု ဆိုရပေမည်။ ကျွန်ုပ်နှင့် လျှို့ဝှက်စွာ တွေ့ဆုံသိကျွမ်းရသော ဂျပန်လူမျိုးများမှာ အထူးရည်မွန် သိမ်မွေ့လျက် ဆက်ဆံရာ၌လည်း ကျွန်ုပ်တို့ မြန်မာအချင်းချင်းကဲ့သို့ပင် လွယ်ကူပြေပြစ်ခဲ့သဖြင့် ကန့်ကွက်စရာ အပြစ်ဆိုစရာ ဟူ၍ မရှိသလောက် ဖြစ်ခဲ့လေသည်။

ကျွန်ုပ်တို့ တိုကျိုမြို့သို့ ရောက်သွားသော (၁၉၄၀ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်) နေ့တွင် ဂျပန်အင်ပိုင်ယာနှစ်ပေါင်း၊ ၂၆၀၀ ပြည့်သည့် အထိမ်းအမှတ် အခမ်းအနားသဘင်ကြီးတစ်ခုကို အလွန်ကြီးကျယ်ခမ်းနားစွာ ကျင်းပလျက် ရှိလေသည်။ နောက်တစ်နေ့တွင် ကျွန်ုပ်ကို ဂျပန်ဘုရင်၏ နန်းတော်ရှိရာသို့ ခေါ်သွားသဖြင့် မြောက်မြားစွာသော ဂျပန်လူမျိုး ယောက်ျား မိန်းမ ကလေးသူငယ်ချင်းများနည်းတူ ကျွန်ုပ်လည်း နန်းတော်ဘက်ဆီသို့ ဦးညွှတ် အလေးပြုခဲ့ရလေသည်။

ဤအချက်ကို ကျွန်ုပ်သည် ထူးထူးထွေထွေ လေးနက်စွာ မတွေးခဲ့ချေ။ စင်စစ် ကျွန်ုပ် ဂျပန် ဧကရာဇ်အား နိုင်ငံတစ်နိုင်ငံ၏ အထွတ်အထိပ် ဘုရင်မင်းမြတ် တစ်ဦးအနေနှင့် လေးစားသင့်သည်ဟု ခမ္မမိ၍သာန် ဦးညွှတ်အလေးပြုခဲ့ခြင်းသာဖြစ်ရာ ထိုသို့ပြုခြင်းအားဖြင့် ဂျပန်ဘုရင်၏ သစ္စာတော် ခံယူလိုသော ရည်ရွယ်ချက်သဘော စိုးစဉ်းမျှ မရှိခဲ့ချေ။ အကြောင်းမူကား ကျွန်ုပ်အနေနှင့် သက်ဦးဆံပိုင်ဘုရင်အုပ်စိုးခြင်း စနစ်ကို မည်သည့်နည်း၊ မည်သည့်ပုံမျိုးပင်ဖြစ်စေ လုံးဝနှစ်သက် သဘောကျခြင်း မရှိသောကြောင့်ပင်တည်း။

ထို့နောက် ကျွန်ုပ်တို့၏ လုပ်ငန်းအစီအစဉ်များကို စကြရလေတော့သည်။

တဖြည်းဖြည်းနှင့် ကျွန်ုပ်လည်း ဂျပန်အကြောင်း (အထူးသဖြင့် ဂျပန်စစ်မက် ဝါဒအကြောင်း)ကို ပိုမို၍သဘောပေါက်လာလေသည်။ ဤနေရာ၌ ဂျပန်နှင့် ကျွန်ုပ်တို့ အလုပ်ကိစ္စ မည်သို့ စခန်းသွားခဲ့သည်ကို မပြောပြမီ ဂျပန်လူမျိုးတို့၏ ယဉ်ကျေးမှုနှင့် လူနေမှုစနစ်အကြောင်း အနည်းငယ် ဖော်ပြလိုပေသည်။

တိုကျိုမြို့တွင် ၂ ရက် ၃ ရက်ခန့် နေပြီးသော် ကျွန်ုပ်တို့အား မြို့ပြင် ကျေးလက်ဒေသရှိ ဟိုတယ်တစ်ခုသို့ ခေါ်သွားလေသည်။ ကျွန်ုပ် တစ်ခု ပြောပြရန် မေ့လျော့ကျန်ရစ်သည်ကား ဂျပန်ပြည်သို့ သွားရောက်ရာ၌ ကျွန်ုပ်အား လက်ခံပြုစုမည့် 'အိမ်ရှင်' မှာ ကာနယ်ဆူဇူကီး (နောက်တော့ ဗိုလ်မိုးကြိုး ဖြစ်လာသူ) ဆိုသူပင် ဖြစ်သည်။ တိုကျိုလေဆိပ်၌ သူနှင့် ပထမအကြိမ် တွေ့ဆုံစဉ်က သူ့အား ဂျပန် မြန်မာအသင်း၏ အတွင်းရေးမှူးချုပ် (မစ္စတာ မီနာမိ) ဟု အရပ်သား တစ်ယောက်အဖြစ်သာ မိတ်ဆက်ပေးခဲ့သည်။ မြို့ပြင်ဟိုတယ်သို့ ရောက်သောအခါ ကာနယ်ဆူဇူကီးက ကျွန်ုပ်အား ပျော်ပါးရန် မိန်းမယူမလားဟု မေးတော့၏။ ထိုအချိန်က ကျွန်ုပ်မှာ တကယ့်လူပျိုစစ် အရိုင်းသက်သက်တစ်ယောက်ဖြစ်သေးသည့် အလျောက်၊ ဆူဇူကီး၏စကားကို ကြားရသောအခါ အလွန်ရှက်သွေးမွှန်သွားမိပြီး "မလိုချင်ပါဘူး၊ နေပါစေ" ဟုသာ ပြန်ပြောလိုက်သည်။

ထိုစဉ်က ကာနယ်ဆူဇူကီးက

"ဒါ ရှက်စရာကိစ္စ မဟုတ်ပါဘူး မိတ်ဆွေတို့။ ခင်ဗျားတို့ ကျုပ်တို့ ရေချိုးသလို သာမန်အလုပ်တစ်ခုပါပဲ" ဟု ပြောပြန်သည်။

ကျွန်ုပ်တို့ကမူ ကျေးဇူးတင်ကြောင်းနှင့်၊ ယင်းသို့ မိန်းမနှင့်ပျော်ပါးရန် အလိုမရှိကြောင်းသာ ပြန်ပြောလိုက်ရလေသည်။ ကျွန်ုပ်၏စိတ်ထဲ၌ကား 'အင်း ဒါ ဂျပန်တွေက ငါတို့ကို ပထမအဆင့်အနေနဲ့ ကိုယ်ကျင့်တရားနဲ့ စိတ်ဓာတ် ဖျက်ပြားအောင် လုပ်တာပါပဲကလား' ဟု တွေးမိလိုက်ပါသည်။

တိုကျိုမြို့သို့ပြန်ရောက်သောအခါ၌လည်း ဂျပန်တွေက ပြည့်တန်ဆာအိမ်သို့ ခေါ်ပြန်သည်။ သို့သော် ကျွန်ုပ်တို့က ခရီးပန်းလာ၍ မပျော်ပါးလိုပါ။ ဟိုတယ်ပြန်ပြီးသာ အိပ်ချင်ကြကြောင်း ဖွင့်အတင်း ငြင်းပယ်တော့မှ ဟိုတယ်သို့ ပြန်အိပ်ခွင့်ရလေသည်။ ထိုအဖြစ်အပျက်ပြီးသွားသည့်နောက်တွင်မူ ကျွန်ုပ် မြန်မာပြည်သို့ လျှို့ဝှက်စွာ ပြန်လာသည်အထိ ကျွန်ုပ်အား မိန်းမနှင့် ပျော်ပါးရန် စကားမခေါ်တော့ချေ။

ကာနယ်ဆူဇူကီးက ပျော်ပါးရန် မိန်းမတွေနေသောရပ်ကွက် အဆင်သင့် ရှိကြောင်း ပြောပြတော့ ကျွန်ုပ်တို့ ယခင်က စာအုပ်ထဲ ဖတ်ဖူးသော ဂျပန်မိန်းမများ အကြောင်းကို ကိုယ်တိုင် သိရှိနားလည်ခွင့်ရလာပေသည်။

ဤကိစ္စနှင့်ပတ်သက်၍ အဖြစ်ကလေးတစ်ခုလည်း ရှိသေး၏။ တစ်နေ့ ကျွန်ုပ်တို့ တည်းခိုသော ဟော်တယ်မှ ရုပ်ရှင်သန့်ပြီး မိကောင်းဖခင်သားသမီး တစ်ယောက်ဖြစ်ဟန်တူသော ၁၆ နှစ်ရွယ် မိန်းကလေးစားပွဲထိုးတစ်ယောက်သည် ဟင်းဖက်ရည်ပွဲကို လာချစဉ် ကာနယ်ဆူဇူကီးက ထိုမိန်းကလေးအား ပြည့်တန်ဆာ အိမ် ဘယ်နားမှာရှိသလဲဟု ခပ်အေးအေး မေးလိုက်သည်။ ကျွန်ုပ်တို့အနေနှင့် ယုံသိက္ခာ ကိုယ် ရှိသောသူမှန်သမျှ မပြောသင့်သော စကားကို ထိုသို့ မေးမြန်းလိုက်ခြင်းကြောင့် ကျွန်ုပ်တို့မှာ အံ့အားသင့် တုန်လှုပ်သွားမိကြလေသည်။ သို့သော် ကာနယ်ဆူဇူကီးရော အမေးခံရသူ မိန်းကလေးကပါ လုံးဝ ကြွရှက်ခြင်း မရှိခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com



နောက်ရက်အနည်းငယ်ကြာ၍ ကျွန်ုပ်တို့သည် အခြားကျေးရွာတစ်ရွာရှိ ဟိုတယ်တစ်ခုသို့ ပြောင်းရွှေ့နေထိုင်ရသောအခါ၌လည်း ဂျပန်လူမျိုးတို့က သူတို့၏ အမျိုးသမီးများကို မည်သို့ သဘောထားဆက်ဆံပုံကို ပိုမို လေ့လာသဘောပေါက်ခွင့် ရပြန်လေသည်။

အကျယ်ချဲ့၍ ရေးသားလျှင် ရှည်အံ့စိုး၍ ဂျပန်တို့၏ စိတ်ဓာတ်နှင့် ပတ်သက်သော သာဓကနှစ်ခုမျှသာ တင်ပြလိုပေသည်။

တစ်ခါသော် ကျွန်ုပ်တို့သည် စားသောက်ဖွယ် ဟိုတယ်ဆိုင်တစ်ခု၌ မှာယူစားသောက်လျက်ရှိစဉ် ကိုရီးယားအမျိုးသားတစ်ဦးသည်လည်း ထိုဆိုင်တွင်း၌ ရှိနေလေသည်။ ကျွန်ုပ်တို့အဖို့ကား ကိုရီးယားမှန်း ဂျပန်မှန်း ခွဲခြား၍ မသိရ၊ ကာနယ်ဆူဇူကီးက ထို ကိုရီးယားအမျိုးသားဘက်သို့ လက်တစ်ဖက်မြှောက်ပြီး ရည်ပြလိုက်တော့မှ အံ့အားသင့်သွားမိပါသည်။ ထိုသူ ပြုမူချက်၏ အဓိပ္ပာယ်ကို နားလည်ပါ၏လောဟု ကာနယ်ဆူဇူကီးက မေး၍ ကျွန်ုပ်တို့က နားမလည်ကြောင်း ပြန်ပြောသောအခါ သူက "ဒါဟာ ကျုပ်တို့ နိပ္ပွန်လူမျိုးအနေနဲ့ ကိုရီးယားလူမျိုးတွေကို ရွတ်ချတဲ့သဘောပဲ။ ကိုရီးယားလူမျိုးတစ်ယောက် တွေ့တိုင်းတွေ့တိုင်း ကျုပ်တို့ရဲ့ မနှစ်မြို့ မလိုလားပုံကို အဲဒီလိုပြကြတာပဲ။ ကျုပ်အဖေဆိုရင် ကိုရီးယားတစ်ယောက် သူ့နားမှာ မြင်တာနဲ့ ချက်ချင်းမောင်းပစ်လိုက်တာပဲ" ဟု ပြန်ပြောလေသည်။

ကျွန်ုပ်တို့အဖို့မှာ ၎င်းအခြင်းအရာကို မြင်ခြင်းအားဖြင့် ဂျပန်က ကိုရီးယား အပေါ် မည်သို့ဆက်ဆံခဲ့ကြောင်းနှင့်၊ ကိုရီးယားအမျိုးသားတွေ ဘာကြောင့် ဂျပန်လက်အောက်က လွတ်မြောက်ပြီး လွတ်လပ်ရေး လိုချင်ကြကြောင်းကို ချက်ချင်း သဘောပေါက် ရိပ်မိပါတော့သည်။

နောက် သာဓကတစ်ခုကတော့ ကာနယ်ဆူဇူကီးက ကျွန်ုပ်တို့အား ဗြိတိသျှ ဆန့်ကျင်ရေးစကားတွေကို ငြီးကာချဲ့၍ ပြောနေရင်း နားလည်သဘောပေါက်လာခဲ့ ပါသည်။

ဆူဇူကီးက သူ ပထမကမ္ဘာစစ်ကြီးအတွင်းက ဗလာဒီဗော့စတော့မြို့ (ရုရှပြည်)၌ အမှုထမ်းလျက်ရှိစဉ် သူသည် ရန်သူ ရုရှအိမ်တစ်အိမ်သို့သွား၍ ရုရှ လူမျိုး တစ်အိမ်သားလုံး မိန်းမနှင့် ကလေးပါမကျန် သတ်ဖြတ်ပစ်ခဲ့ကြောင်းများကို ထုတ်ဖော်ပြောပြပါသည်။

အဲဒီလို ခင်ဗျားတို့ကလည်း အင်္ဂလိပ်မှန်သမျှ ယောကျ်ား၊ မိန်းမ၊ ကလေးပါ မကျန် ကိစ္စတုံး သတ်ပစ်ကြရမယ်ဟု ကာနယ်ဆူဇူကီးက ဆက်လက်ပြီး ပြောလိုက်



သောအခါ၌မှ ကျွန်ုပ်မှာ ထိုအချိန်က ဗြိတိသျှဆန့်ကျင်ရေးစိတ်ဓာတ်တွေ ကိန်းအောင်း လျက်ရှိစေကာမူ ဂျပန်ပြောသလို ရက်စက် ရိုင်းစိုင်းစွာ ပြုမူရန် ဆန္ဒ လုံးဝမဖြစ်ပေါ်ခဲ့ချေ။ တစ်ခုတော့ ကာနယ်ဆူဇူကီးအတွက် ပြောစကားရှိသည်ကား နောက်ပိုင်းတွင် ၎င်းကိစ္စနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့၏ သိမ်မွေ့သောစိတ်ဓာတ်နှင့် အတွေးအခေါ်ကို သတိမူ လေးစားကာ အသိအမှတ်ပြုလာခြင်းပင် ဖြစ်သည်။

၎င်းနောက် ကျွန်ုပ်တို့၏လုပ်ငန်းများကို စတင် အကောင်အထည်ဖော်ခန်းသို့ ရောက်လာပါတော့သည်။ ကျွန်ုပ်၏ ပင်ကိုစရိုက် စိတ်နေသဘောထားအမှန်ကို သိရှိနိုင်ရန်အတွက် ကာနယ်ဆူဇူကီးသည် ချော့ချည်တစ်လှည့် ခြောက်ချည်တစ်မျိုး နည်းအမျိုးမျိုး ဆက်ဆံခဲ့လေသည်။ ကျွန်ုပ်နှင့်ပတ်သက်၍ ဂျပန်တို့က အထူး သိလိုသော အချက်များမှာ

၁။ ကျွန်ုပ် ဘာကြောင့် တရုတ်ပြည်သို့ ထွက်ခွာလာခဲ့သနည်း။

၂။ ကျွန်ုပ်သည် ကွန်မြူနစ်တစ်ယောက်ပေလော။

၃။ ဂျပန်နှင့် တရုတ် အရေးတော်ပုံနှင့်ပတ်သက်၍ ကျွန်ုပ်၏ယူဆချက် များက မည်သို့ပေနည်း။ အစရှိသော မေးခွန်းများပင် ဖြစ်လေသည်။

ကျွန်ုပ်က ၎င်းမေးခွန်းများကို တတ်နိုင်သလောက် ဖြေကြားရာ၌ မုသား ပြောရလည်း မရောက်ဘဲ၊ ဘာမှလဲ ထူးထူးထွေထွေ ထုတ်ဖော်ပြောရာ မရောက် အောင် ကြိုးစား၍ ဖြေကြားခဲ့သည်။

မေးလာသမျှလူတိုင်းကို ကျွန်ုပ်က တရုတ်ပြည်သို့ ထွက်လာရခြင်းမှာ နိုင်ငံခြားအကူအညီ လိုချင်၍ပင် ဖြစ်ကြောင်း ပြောခဲ့ပါသည်။

ခင်ဗျားဟာ ကွန်မြူနစ်တစ်ယောက်လား ဟူသော မေးခွန်းကိုမူ ကျွန်ုပ်က နိုင်ငံခြားမှ နည်းစနစ်ပုံစံတစ်ခုကို အခြားနိုင်ငံတစ်ခု၌ တိုက်ရိုက်ကူးယူ အသုံးချခြင်းကို ကျွန်ုပ်တို့ မယုံကြည်၊ ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးမှ နည်းစနစ်မျိုးစုံကို သေချာစွာ လေ့လာသုံးသပ်ပြီးမှ ကျွန်ုပ်တို့ တိုင်းပြည်အခြေအနေနှင့် ဆီလျော်အောင် ပြုပြင်သုံးယူ ခြင်းကြောင်း၊ ကွန်မြူနစ်ဝါဒနှင့်ပတ်သက်၍ ကျွန်ုပ်တို့ မနှစ်သက်စရာ အချက် လက်တွေရှိစေကာမူ ကွန်မြူနစ်တို့၏ စနစ်ကျသော စီးပွားရေးစီမံမှုမှာ တကယ် အတုယူစရာကောင်းကြောင်း၊ ထို့ကြောင့် (ဂျပန်အပါအဝင်) အခြားနိုင်ငံများက ယင်း စနစ်ကို အတုယူပြီး ကျင့်သုံးနေကြောင်း စသည်ဖြင့် ဖြေကြားခဲ့ပါသည်။

တရုတ် ဂျပန် အရေးတော်ပုံနှင့်ပတ်သက်၍ကား ကျွန်ုပ်တို့အဖို့ အဓိက သိသနာမှာ မြန်မာ့လွတ်လပ်ရေးလှုပ်ရှားမှုပင်ဖြစ်၍ ကျွန်ုပ်တို့၏ ရန်သူအား တိုက်ခိုက်

www.burmeseclassic.com

www.burmeseclassic.com

အနှောင့်အယှက်ပြုသူ မည်သူမဆိုကို ကျွန်ုပ်တို့၏ မိတ်ဆွေအဖြစ် ယူဆမည် ဖြစ်ကြောင်း ပြောပြခဲ့လေသည်။

နောက်ဆုံး (တတိယ) မေးခွန်းမှအပ ကျွန်ုပ်၏ ဖြေကြားချက်များကို ဂျပန်တို့က လုံးဝ သဘောကျ နှစ်သက်ဟန် မတူခဲ့ချေ။

ထို့ကြောင့် အစမှ အဆုံး ဂျပန်က ကျွန်ုပ်အား စိတ်မချဘဲ သံသယရှိခဲ့ လေသည်။ အခွင့်ရတိုင်း ကျွန်ုပ်ကလည်း ကျွန်ုပ်တို့၏ ပြင်းထန်သော မျိုးချစ် စိတ်ဓာတ်ကို ဖုံးကွယ်၍ မထားလိုကြောင်း၊ ယခု ဂျပန်နှင့် လာပူးပေါင်းခြင်းမှာလည်း မြန်မာပြည်၏ လွတ်မြောက်ရေးအတွက် ဂျပန်အကူအညီဖြင့် ဆောင်ရွက်လို၍သာ ဖြစ်ကြောင်း၊ ကျွန်ုပ်တို့အဖို့မှာလည်း ဂျပန်တို့၏ (ဟန်ဆောင်မဟုတ်သော) မဟာမိတ် အစစ်တစ်ဦးဖြစ်လိုသော ဆန္ဒရှိကြောင်းများ ဘွင်းဘွင်းပင် ပြောခဲ့ပါသည်။ ဂျပန် များနှင့်ပတ်သက်၍ကား သူတို့ထဲက လူအတော်များများသည် ကျွန်ုပ်၏ ပြင်းထန်သော မျိုးချစ်စိတ်ဓာတ်ကို လေးစား အသိအမှတ်ပြုခဲ့ကြသည်ဟု ဆိုရပေမည်။

ဒေါက်တာဘမော်၏ ပြောပြချက်အရဆိုလျှင် မြန်မာပြည်ဆိုင်ရာ ပထမ ဂျပန်စစ်သေနာပတိ လက်ဖတင်နင် ဂျင်နရယ်အီဒါးက ကျွန်ုပ်(အောင်ဆန်း)အား အောက်ပါအချက် သုံးချက်ကြောင့် လေးစားခဲ့မိသည်ဟု သိရပေသည်။

၁။ ငွေကြေးကို မတပ်မက်ခြင်း။

၂။ တန်ခိုးအာဏာကို မမက်မောခြင်း။

၃။ ကိုယ်ရေးကိုယ်တာကိစ္စများဖြင့် သီးခြားနေလိုသော တစ်ကိုယ်ကောင်း ဝါဒကို မနှစ်သက်ခြင်း။

အခြားဂျပန်လူကြီးပိုင်းထဲမှ ပုဂ္ဂိုလ်တစ်ယောက်ကလည်း ကျွန်ုပ်အကြောင်းနှင့် ပတ်သက်၍ ကျွန်ုပ်တို့ ရဲဘော် လုပ်ဖော်ကိုင်ဖက်တစ်ဦးအား

အောင်ဆန်းက သိပ်ဖြောင့်တဲ့လူ၊ ဂျပန်တွေကသာ ဖြောင့်ရင် သူဟာ လူကောင်းတစ်ယောက်ပဲ။ သို့သော် ဂျပန်က မဖြောင့်ဘူးဆိုရင်တော့ အောင်ဆန်းဟာ အလွန်ကြောက်စရာကောင်းတဲ့လူတစ်ယောက်ပဲ။ ကျုပ်တို့ဂျပန်ရဲ့ဝါဒ ပေါ်လစီ ကလည်း သိပ်မဖြောင့်တာ ခက်တယ်ဟု ပြောကြောင်း သိရပေသည်။

သည်လို အကြောင်းကိစ္စမျိုးတွေကို အသာဖယ်ထားလျက် ကျွန်ုပ်၏ ဇာတ်လမ်း ဆက်လက်ပြောပြရမည်ဆိုလျှင် ကာနယ်ဆူဇူကီးသည် ကျွန်ုပ်အား ရေးဦးစွာ အင်္ဂလိပ်ဘာသာဖြင့် စီမံကိန်းတစ်ခုကို ရေးဆွဲတင်ပြရန် ပြောလေသည်။ ကျွန်ုပ်လည်း ရှိသေစွာနှင့်ပင် များမကြာမီ ကျွန်ုပ်တို့ အသေးစိတ် ဆွေးနွေးရမည့်



မျှော်လင့်လျက် မြန်မာပြည်ကို ချီတက်တိုက်ခိုက်ရန် စီမံကိန်း (Plan) တစ်ခုကို ရေးဆွဲလေသည်။ ၎င်းစီမံကိန်း၌ မြန်မာပြည်သို့ ဂျပန်စစ်တပ်များက တစ်စိတ် တစ်ဒေသသာလျှင် (ရှမ်းပြည်နယ်ဘက်) ဝင်ရောက်တိုက်ခိုက်ရန် ဖော်ပြထားခဲ့ ပေသည်။ သို့ရာတွင် ကျွန်ုပ် မျှော်လင့်ခဲ့သလို ကျွန်ုပ် ရေးသားတင်ပြသော စီမံကိန်းကို ဂျပန်တို့နှင့် လုံးဝမဆွေးနွေးခဲ့ရပေ။ ကာနယ်ဆူဇူကီး၏ လက်ထောက်အရာရှိအား ထိုစီမံကိန်းမှာ စစ်မှုရေးရာနှင့်သာပတ်သက်သော စီမံကိန်းသာဖြစ်ကြောင်း ကျွန်ုပ်က ပြောခဲ့မိသေး၏။

ဤအကြောင်းနှင့်ပတ်သက်၍ နောက်မှသိရသည်ကား ကျွန်ုပ်၏စီမံကိန်းကို ကာနယ်ဆူဇူကီးက တိုကျိုမြို့ရှိ ဂျပန်စစ်ဦးစီးဌာနချုပ်သို့ ယူဆောင်ပြီး တင်ပြသည်ဟု ဆို၏။ နောက်ဆုံးတွင်မူ ထို စီမံကိန်းကို မြန်မာပြည်သို့ စစ်ဆင်ချီတက်ရေးကိစ္စကို ထုတ်နုတ် ချန်လှပ်လျက် ဂျပန်တွေက ကျွန်ုပ်လက်သို့ ပြန်ပေးကြလေသည်။

ကျွန်ုပ်က မြန်မာပြည်ရှိ ကျွန်ုပ်တို့ ရဲဘော် နိုင်ငံရေးသမားများထံ ၎င်း ပြင်ဆင်ပြီးစီမံကိန်းကို သွားရောက်ဆွေးနွေးရန် ဖြစ်လေသည်။

ကျွန်ုပ်လည်း ဂျပန်တို့ပြန်ပေးသော စီမံကိန်းကို ယူဆောင်လျက် မြန်မာပြည်သို့ လျှို့ဝှက်စွာ ပြန်လာခဲ့ပြီးနောက် ကျွန်ုပ်တို့၏ နိုင်ငံရေး ရဲဘော်များထံ တင်ပြ ဆွေးနွေးခဲ့သည်။ ရန်ကုန်မှ ကျွန်ုပ်တို့၏ရဲဘော်များကား ဂျပန်စစ်တပ်တွေ မြန်မာပြည်သို့ မည်သည့်အချိန်လောက်တွင် ချီတက် ဝင်ရောက်လာကြမည်ကိုသာ အထူးစိတ်ဝင် စားကာ သိချင်နေကြလေသည်။

ကျွန်ုပ်မှာ ဂျပန်စစ်တပ်များ မြန်မာပြည်သို့ ချီတက် ဝင်ရောက်လာခြင်းကို လုံးဝသဘောမကျသူဖြစ်သဖြင့် ကျွန်ုပ်တို့ မြန်မာရဲဘော်က ယင်းသို့ ဂျပန်လာရေးကို စိတ်ဝင်စားနေကြောင်း သိရသည်တွင် စိတ်ထဲ၌ အနှောင့်အယှက်ဖြစ်သွားမိလေသည်။

မြန်မာပြည်မှ ရဲဘော်များ၏စိတ်တွင်ကား ဂျပန်စစ်တပ်တွေ မြန်မာပြည်သို့ လာလျှင် ဗြိတိသျှတို့သည် ပြေးပေါက်မရဘဲ ချောင်ပိတ်မိနေမည်။ ထိုအခါ ကျွန်ုပ် တို့က အခွင့်ကောင်းယူ၍ မြန်မာ့လွတ်လပ်ရေးအတွက် တော်လှန်ထကြွလျှင် မုချ အောင်မြင်ရမည်ဟု တွေးထင်နေကြလေသည်။

သူတို့၏ ယူဆချက်ကို ရာခိုင်နှုန်းပြည့် မယုံကြည်ခဲ့သော်လည်း ကျွန်ုပ် ကိုယ်တိုင်က ၎င်းအတွေးအခေါ်သည် မှန်ကောင်းမှန်ပေလိမ့်မည်ဟု ထိုအချိန်က ထင်မြင်ခဲ့မိပါသည်။ ယခု စစ်ကြီးပြီးသွားတော့မှ ထိုအချိန်က အဖြစ်အပျက်နှင့် အတွေးအခေါ်တွေကို ရယ်စရာသဘော ပြက်ရယ်ပြုပြောနိုင်ကြလင့်ကစား ထိုအချိန်

www.burmeseclassic.com

www.burmeseclassic.com



အခါကမှ ကျွန်ုပ်တို့တစ်တွေသာမက ဗြိတိသျှတို့သည်လည်းကောင်း၊ ကမ္ဘာအရပ်ရပ်မှ အခြားသူများသည်လည်းကောင်း ဂျပန်၏ စစ်အင်အားကို အထင်သေးသလောက် ဗြိတိသျှတို့ကို အလွန်အကျူး အထင်ကြီးခဲ့မိကြလေသည်။

ဤနေရာတွင်လည်း ကျွန်ုပ် အထက်တွင် ဖော်ပြခဲ့ပြီးသလို ကျွန်ုပ်တို့၏ အရင်းရှင်ပေါက်စ လူတန်းစားဉာဉ်က ကျွန်ုပ်တို့၏ အတွေးအခေါ်ကို လွှမ်းမိုးဆွဲဆောင်လျက် ရှိလေသည်။ လူတန်းစားအတွေးအခေါ်ကြောင့် ကျွန်ုပ်တို့သည် ဘာကိစ္စမဆို သေချာမှ လုပ်ချင်ကြသည်။ မသေချာဘဲ ချွတ်ယွင်း ပျက်စီးနိုင်မည့် အလားအလာ ဟူသမျှကိုလည်း တတ်နိုင်သမျှ ရှောင်ကြဉ်ကြလေသည်။

ဤနည်းအားဖြင့် ကျွန်ုပ်တို့သည် ဖက်ဆစ်ဝါဒကို လိုလားနှစ်သက်မှု လုံးဝမပါဘဲ ကျွန်ုပ်တို့၏ အရင်းရှင်ပေါက်စ လူတန်းစားအတွေးအခေါ်၏ မှားယွင်းမှု ကြောက်ရွံ့တုန်လှုပ်မှုများကြောင့်သာလျှင် ဂျပန်တို့ကို မြန်မာပြည်သို့ ဖိတ်ခေါ်ခဲ့မိကြခြင်း ဖြစ်လေသည်။

ဂျပန်တို့ကား အစမှ အဆုံး သူတို့ပေးခဲ့သော ကတိစကားဟူသမျှကို တစ်ခုမကျန် ဖျက်ဆီးပစ်ကြလေတော့သည်။ ဂျပန်တွေ ဘယ်ထိအောင် မကောင်းကြောင်း များကို အကျယ်ရေးသား ဖော်ပြရလျှင် ဆုံးနိုင်ဖွယ်မရှိသဖြင့် ခပ်တိုတိုနှင့် လိုရင်း အချက်ကိုသာ ပြောပြရမည်ဆိုလျှင် ကျွန်ုပ်တို့သည် ဂျပန်၌ လျှို့ဝှက်စွာ စစ်ပညာ လေ့လာသင်ကြားနေချိန်ကတည်းက သူတို့ သစ္စာမရှိမှု၊ လိမ်လည်ဟန်ဆောင်မှု ဖောက်ပြန်သော အတွေးအခေါ်နှင့် အပြုအမူတို့အပြင် တစ်ဖက်သားကို အလွန်စိုးမိုးလိုမှု တင်းမာစွာ ဆက်ဆံမှုများကိုပါ လက်တွေ့သဘောပေါက်လာသဖြင့် ကျွန်ုပ်တို့အားလုံး (ယခင်က ဂျပန်ဆန့်ကျင်ရေး စိတ်မရှိသူများပါ) ဂျပန်ကို အလွန်မုန်းတီးရွံရှာလျက် ဂျပန်ဆန့်ကျင်ရေး စိတ်ဓာတ်တွေ ပြင်းထန်စွဲမြဲစွာ ဝင်ရောက်လာကြပါတော့သည်။

ထိုအချိန်က (ကျွန်ုပ်တို့နှင့် အယူအဆချင်းမတူဘဲ နောက် ဘီ-အိုင်-အေ တပ်ဖွဲ့တော့လည်း မဝင်ဘဲနေခဲ့သူ မြန်မာနှစ်ဦးကို ချန်လှပ်သော်) ဂျပန်ပြည်၌ စစ်ပညာ လေ့လာနေကြသူပေါင်းမှာ ၂၇ ယောက် ရှိလေသည်။

တကယ့်အဖြစ်အပျက်တစ်ခု ပြောပြရန် ကျန်သေးသည်ကား တစ်ခါသော် တိုကျိုမြို့သို့ ခေတ္တသွားခိုက် ၂၆ ယောက်သော ရဲဘော်တို့သည် အထက်ဖော်ပြပါ လူနှစ်ယောက်အနက် တစ်ယောက်သူ၏ ကိုယ်ရေးကိုယ်တာအကြောင်းများ လှုံ့ဆော်ပေးသဖြင့် ဂျပန်တို့အား ဂျပန်ပြည်၌ တော်လှန်ပုန်ကန်ကြံစည်ကြခြင်းပင် ဖြစ်လေသည်။



(ထိုအချိန်က စစ်ပညာသင်စခန်းမှာ ဖော်မိုဆာကျွန်းဖြစ်လေသည်။) ကံအားလျော်စွာ ကျွန်ုပ်သည် တိုကျိုမြို့မှ ဖော်မိုဆာသို့ အချိန်မီ ပြန်ရောက်လာ၍သာ အဆိုပါ ပုန်ကန်မှုကို တားဆီးနိုင်ခဲ့လေသည်။

ကျွန်ုပ်တို့ ယိုးဒယားပြည်သို့ ရောက်လာသောအခါ မြန်မာပြည်ရှိ ရဲဘော် ခေါင်းဆောင်များထံ စာတစ်စောင် ရေးလိုက်လေသည်။ စာတွင် ဂျပန်များကို စိတ်မချရကြောင်း အရိပ်အမြွက်ပြောလိုသည့်သဘောဖြင့် နိုင်ငံခြားမှ အကူအညီကို မျှော်လင့်အားကိုးခြင်း မပြုကြရန် သတိပေး နှိုးဆော်ခဲ့ပေသည်။

နောက် ယိုးဒယားပြည်၌ပင် ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီ-အိုင်-အေ)ကို ရှိသမျှလူနှင့် စတင် စည်းရုံးဖွဲ့စည်းသောအခါ၌လည်း ကျွန်ုပ်က ရှေ့ပြေး လူနှစ်စုကို (ဂျပန်တော်လှန်ရေး စတင် စည်းရုံးရန်အတွက်) မြန်မာပြည်တွင်းသို့ စေလွှတ်ခဲ့လေသည်။

ကျွန်ုပ်၏ အကြံကား ဤသို့တည်း။

ဂျပန်စစ်တပ်များ မြန်မာပြည်သို့ ချီတက်ဝင်ရောက်လာရေးမှာ တားဆီး မရနိုင်တော့သည့်အတူတူ ကျွန်ုပ်တို့ မြန်မာရဲဘော်များက ဂျပန်မလာမီ 'လွတ်လပ်သော မြန်မာနိုင်ငံ' ကို ဖွဲ့စည်းတည်ထောင်ထားနှင့်ပါမှ ဂျပန်တို့အား ကျူးကျော်ဝင်ရောက် လာခြင်းကို အချိန်မီ တားဆီးပိတ်ပင်နိုင်မည့်ပြင် ကျွန်ုပ်တို့၏ မြန်မာ့လွတ်လပ်ရေး ကိုလည်း ဂျပန်တို့က ပေးသနားရန် လိုတော့မည် မဟုတ် ဟူ၍ တွက်ကိန်းချခြင်းပင် ဖြစ်လေသည်။

အကယ်၍ ၎င်းအကြံအစည် အထမမြောက်ခဲ့သော် ကျွန်ုပ်၏ နောက် အကြံတစ်ခုမှာ လျှို့ဝှက်စွာ မြေအောက်အစည်းအရုံးနည်းဖြင့် မြန်မာလူထုကြီးအား ဂျပန်ကို တော်လှန်ရန် စည်းရုံးလှုံ့ဆော်ပေးရန်ပင် ဖြစ်သည်။ ဤနည်းအားဖြင့် ဂျပန်တို့သည် မြန်မာပြည်ထဲ၌ အင်အားကောင်းကောင်းနှင့် အခြေစိုက်ရန် ခဲယဉ်း သွားမည့်ပြင် သူတို့၏ ဖက်ဆစ်ဆန်ဆန် လူထုအပေါ် နှိပ်စက်ညှဉ်းပန်းခြင်းကိုလည်း အသင့်အတင့်တော့ လျှော့ပေါ့ကြပေလိမ့်မည်ဟု ကျွန်ုပ်က တွက်ခဲ့လေသည်။

သည်နေရာတွင် ဗမာ့လွတ်လပ်ရေး (ဘီ-အိုင်-အေ) တပ်မတော်၏ အရေးပါ အရာရောက်နိုင်ပုံကို ကျွန်ုပ် ချက်ချင်း မြင်မိလေသည်။

ဤတွင် ကျွန်ုပ်သည် အားတက်သွားမိပြီး ကျွန်ုပ်၏ ရဲဘော်များကိုလည်း တစ်နေ့ ကျွန်ုပ်တို့ စိုးရိမ်သလို ဂျပန်တွေ ဖောက်ပြန်လာခဲ့သော် အနည်းဆုံး သူတို့ကို တန်ပြန်တိုက်ခိုက်ရန် လက်နက်ကိုင် တပ်တစ်တပ် ရှိနေပြီဖြစ်၍ အားမငယ်ကြရန်

www.burmeseclassic.com

www.burmeseclassic.com



သွေးထိုးစကား ပြောကြားခဲ့သေး၏။ သို့ရာတွင် မြန်မာပြည်တွင်းရှိ ကျွန်ုပ်တို့ ရဲဘော်များက ဂျပန်ဆန့်ကျင်ရေးစည်းရုံးမှုကို ထိရောက်စွာ မပြင်ဆင်နိုင်သဖြင့် ကျွန်ုပ်မှာ စိတ်ပျက်လက်ပျက် ဖြစ်ခဲ့ရလေသည်။

ထိုအတောအတွင်း အဖြစ်အပျက်များကလည်း တစ်ခုပြီးတစ်ခု လျင်မြန်စွာ ဖြစ်ပျက်သွားခဲ့လေသည်။ အရေးပါဆုံးသော မြန်မာခေါင်းဆောင်အားလုံးမှာ ထောင်ထဲရောက်နေကြလျက် အခြားလူများကလည်း (၎င်းတို့၏ အရင်းရှင်ပေါက်စ လူတန်းစားစရိုက်သဘောအတိုင်း) တွေဝေ ဒေါင်ဒိုင်လျက်ပင် ရှိကြလေသည်။

သို့နှင့်ပင် ကျွန်ုပ်တို့သည် ရန်ကုန်မြို့ကြီးကို လက်ရ သိမ်းပိုက်မိကြလေသည်။ (၁၉၄၂ ခု၊ မတ်လ ၈ ရက်နေ့) စစ်ချီတက်ရာတစ်လျှောက်တွင် ဂျပန်တို့က မြန်မာပြည်သူလူထုအပေါ် ပြုမူဆက်ဆံပုံကြောင့် ကျွန်ုပ်တို့မှာ များစွာ စိတ်မကောင်း ဖြစ်ခဲ့ကြရလေသည်။

ကျွန်ုပ်တို့က သက်ဆိုင်ရာ ဂျပန်အာဏာပိုင်များထံသို့ တိုင်ကြား ကန့်ကွက်ခဲ့သော်လည်း အချည်းအနှီးသာ ဖြစ်ခဲ့ရသည်။ ဂျပန်စစ်သားနှင့် ကျွန်ုပ်တို့ ဘီ–အိုင်–အေ တပ်သားများ ပဋိပက္ခဖြစ်မှုတွေလည်း များသည်ထက် များလာလေသည်။ ကျွန်ုပ်ကိုယ်တိုင်၏အခြေအနေမှာလည်း ရန်ကုန်မြို့ကို ရောက်သည်ထိ မြန်မာ (ဘီ–အိုင်–အေ) တပ်ကို တိုက်ရိုက် ဦးစီးကွပ်ကဲခွင့် မရဘဲ ကာနယ်ဆူဇူကီး၏ စစ်ဦးစီးအရာရှိတစ်ယောက်အဖြစ်သာ နေခဲ့ရလေသည်။

ထိုအချိန်လောက်တွင် ကျွန်ုပ်တို့ ရဲဘော်အချင်းချင်း လျှို့ဝှက်စွာတိုင်ပင်၍ ဂျပန်အား တော်လှန်ရန် နည်းအမျိုးမျိုး စဉ်းစားကြံစည်ခဲ့ကြသေး၏။ သို့သော် အခြေအနေမှာ အလွန်ရှုပ်ထွေးလျက် ကြိုတင်ပြင်ဆင်မှုဆို၍လည်း ဘာမျှမရှိသေးသောကြောင့် ကျွန်ုပ်တို့ အကြံမှာ မအောင်မြင်ခဲ့ပေ။

၎င်းနောက် ကျွန်ုပ်အား ရတ်တရက် ရှောင်တခင် ကာနယ်ဆူဇူကီးက ခေါ်ယူပြီး မြန်မာတွေအားလုံးကို တာဝန်ယူဦးစီးကွပ်ကဲ၍ ဧရာဝတီမြစ်ကြောင်းမှ အထက် မြန်မာပြည်သို့ ချီတက်ရန် ညွှန်ကြားလေသည်။ ကျွန်ုပ်လည်း ဘီ–အိုင်–အေ တပ်များနှင့်အတူ အထက်မြန်မာပြည် စစ်မျက်နှာသို့ ချီတက်ခဲ့လေသည်။

ဤအတောအတွင်း ဗြိတိသျှတို့၏ ဖမ်းဆီးခြင်းခံရသော ထောင်တွင်းရှိ တို့ဗမာအစည်းအရုံးဝင် (သခင်) များသည် ဂျပန်များအပေါ် ကျွန်ုပ်တို့က သဘောထားဆက်ဆံရေးနှင့်ပတ်သက်၍ အချင်းချင်း သဘောကွဲလွဲနေကြသည် ဟူသော သတင်းအစအနကို ကြားရလေသည်။ ကျွန်ုပ်တို့ရဲဘော်များအနက် တကယ်ရိုးသားသောသူ



အချို့ပင်လျှင် ဂျပန်အပေါ် ဘယ်လိုဝါဒ သဘောထားရမည်ကို အလျှင်း မစဉ်းစားတတ်အောင် ဖြစ်ခဲ့၏။ သူတို့၏အမြင်မှာ မြန်မာလူငယ်ထဲမှ တကယ့်ထိပ်သီးခေါင်းဆောင်များပင် ဂျပန်တို့နှင့်အတူ ပူးပေါင်းလက်တွဲလာသည်ကိုသာ မြင်တွေ့ကြလေသည်။ ကျွန်ုပ်တို့၏ တကယ့်အတွင်းရေးအခြေအနေနှင့် ကျွန်ုပ်တို့၏ သဘောထားကိုသာ အားလုံးက သိရှိခဲ့ပါမူ ထိုမျှလောက် ရှုပ်ထွေးသောအခြေသို့ မရောက်နိုင်ဟု ထင်ရပေသည်။

မည်သို့ပင်ဖြစ်စေ ထိုအချိန်က မြန်မာပြည်ရှိ လက်ဝဲအင်အားစုအားလုံးတွင် အတွေးအခေါ်နှင့်ပတ်သက်၍ မရှင်းလင်းဘဲ ရှုပ်ထွေးလျက်ရှိလေသည်။ နောက် ကျွန်ုပ်တို့သည် ရွှေဘိုမြို့သို့ရောက်သောအခါ မြန်မာလူငယ် လက်ဝဲ နိုင်ငံရေးသမားထဲက သခင်စိုး၊ သခင်မြသွင်နှင့် ကိုသိန်းဖေ (တက်ဘုန်းကြီး) တို့သည် တရုတ်စစ်တပ်များနှင့်အတူ မြန်မာပြည်ပြင်ဘက်သို့ လိုက်ပါသွားကြောင်း ပထမဆုံးအကြိမ် ကြားသိရလေသည်။ ထိုသတင်းမှာ ကျွန်ုပ်တို့အဖို့ အားတက် ဝမ်းမြောက်ဖွယ်ဖြစ်သော်လည်း နောက်ပိုင်းကျတော့ ၎င်းအကြံအစည်သည် အထမမြောက်ကြောင်း သိရသဖြင့် စိတ်ပျက် အားကုန်သွားကြရပြန်သည်။

ဂျပန်စစ်ဘက်အာဏာပိုင်တို့က ကျွန်ုပ်တို့ ဘီ–အိုင်–အေ တပ်ကို အထက်ဗန်းမော်မြို့ထိအောင် ချီတက်ရန် ညွှန်ကြားချက်ထုတ်ပြန်လေသည်။ သို့သော် ထိုအချိန်၌ အင်္ဂလိပ်စစ်တပ်များအား တိုက်ခိုက်ရေးမှာ ပြီးဆုံးသလောက် ဖြစ်နေသောကြောင့် ကျွန်ုပ်က ဗိုလ်မှူးကြီး ဇေယျအား ကွပ်ကဲအုပ်ချုပ်ရန် တာဝန်ပေးခဲ့လေသည်။

ကျွန်ုပ် ဗန်းမော်ဘက်သို့ ချီတက်သွားစဉ်အတောအတွင်း ဗိုလ်မှူးကြီးဇေယျနှင့်တကွ ဘီ–အိုင်–အေ စစ်ဦးစီးအဖွဲ့သည် ဂျပန်စစ်တပ်တစ်တပ်နှင့် အချင်းများကြသေးကြောင်း သိရလေသည်။ ဂျပန်စစ်ဗိုလ်တစ်ဦး ဓားခုတ်ခံရမှုနှင့်ပတ်သက်၍ ဗိုလ်ဇေယျနှင့် အခြားရဲဘော်အချို့ကို ဂျပန်တို့က ဖမ်းဆီး နှိပ်စက်ခဲ့သေး၏။ သို့သော် ကျွန်ုပ်တို့နှင့် တွဲဖက်အလုပ်လုပ်ရသော အကြံပေးအရာရှိတစ်ဦး၏ ဖြန်ဖြေခြင်းကြောင့် ဗိုလ်ဇေယျတို့လူထု လွတ်မြောက်လာလေသည်။ သို့မဟုတ်လျှင်ကား ကျွန်ုပ်တို့ ဘီ–အိုင်–အေ တပ်နှင့် ဂျပန်တို့ ထိုနေရာ ထိုအချိန်၌ တိုက်ခိုက်ကြတော့မည်မှာ သေချာလှပေသည်။

ကျွန်ုပ် အောက်မြန်မာပြည်သို့ ပြန်ဆင်းမလာမီ ဗန်းမော်မြို့မှတစ်ဆင့် တရုတ်နယ်စပ်ဖြတ်ကျော်၍ တရုတ်ဘက်သို့ သွားရောက်ပူးပေါင်းရန် ကြံစည်စိတ်ကူးကြသေး၏။ ဂျပန်ကိုတော့ ကျွန်ုပ်တို့ အလွန်စက်ဆုပ်ရွံမုန်းလျက် ရှိပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ထိုနောက် ကျွန်ုပ်သည် နောက်ပိုင်းအခြေအနေကို လေ့လာရန်အတွက် မန္တလေးမြို့သို့ လာခဲ့လေသည်။

ထိုအချိန်က တာဝန်ယူလျက်ရှိနေသူမှာ ဘီ–အိုင်–အေ စစ်ဦးစီးအဖွဲ့မှူး ကာနယ်လှဖေ (ဗိုလ်လက်ျာ) ဖြစ်လေသည်။ ကျွန်ုပ်နှင့်အတူ ဗိုလ်မှူးကြီးနေဝင်းလည်း ပါလာသည်။ မုံရွာခရိုင် ယင်းမာပင် မြို့အနီးတွင် သခင်သန်းထွန်း (နောက်တော့ ဖ–ဆ–ပ–လ အဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူးဖြစ်လာသူ) ကို တွေ့ရလေသည်။ ကျွန်ုပ်မှာ ခရီးဆက်သွားရန်ရှိသေး၍ အချိန်မရသည်တစ်ကြောင်း၊ စိတ်မချရသော လူစိမ်းများ ရှိသည်တစ်ကြောင်း၊ သခင်သန်းထွန်းအား အခြေအနေအမှန်ကို အရိပ်အမြွက်မျှလောက်သာ ပြောခွင့်ရခဲ့လေသည်။

ဗိုလ်မှူးကြီး လက်ျာကိုမူ ကျွန်ုပ်က ပခုက္ကူမြို့မှနေ၍ မန္တလေးသို့သွားပြီး ကျွန်ုပ်တို့၏ နိုင်ငံရေးရဲဘော်အားလုံးကို စုရုံးတွေ့ဆုံပြီး တိုင်းပြည်အခြေအနေကို ပြည့်စုံစွာ လေ့လာပြီး ရှေ့အဖို့ ဘာလုပ်ကြရမည်ကို စဉ်းစားဆုံးဖြတ်ရန်အတွက် တင်ကြို၍ စေလွှတ်ခဲ့ပါသည်။ သို့ရာတွင် ကျွန်ုပ် ကသာခရိုင် ကောလင်း ဝန်းသိုမှ ပြန်ဆင်းလာသောအခါ မန္တလေးမြို့၏ အခြေအနေမှာ အလွန် ရှုပ်ထွေးလျက်ရှိပြီး ဂျပန်စစ်ပုလိပ် (ကင်ပေတိုင်) အဖွဲ့ကလည်း ရက်စက်ကြမ်းကြုတ်စွာ မင်းမူလျက် ရှိလေသည်။

ရွှေဘိုမြို့သို့ ရောက်သောအခါ ကျွန်ုပ်သည် ကိုသိန်းဖေနှင့် ပထမဆုံး အကြိမ်နှင့် နောက်ဆုံးအကြိမ်အဖြစ် တွေ့ဆုံခဲ့ရလေသည်။ ၎င်းနောက် ကိုသိန်းဖေ၊ ဗိုလ်နေဝင်းနှင့် ကျွန်ုပ်တို့သည် မန္တလေးမြို့သို့ ဆင်းလာခဲ့ရာ အမရပူရ ရောက်သည်တွင် မန္တလေး ကင်ပေဂျပန်စစ်ပုလိပ်က အပြင်းအထန် လိုက်ရှာနေကြောင်း သိရသဖြင့် ကိုသိန်းဖေလည်း ချက်ချင်းပင် 'မြေအောက်' သို့ သွားရပြန်လေသည်။

ဂျပန်တို့ကား ကိုသိန်းဖေ (တက်ဘုန်းကြီး) အစစ်ကို မသိဘဲ ကျွန်ုပ်တို့၏ ရဲဘော်တစ်ယောက် (မန္တလေး တိုင်းချုပ် ဦးသိန်းဖေ) ကို လူမှား၍ ဖမ်းမိခဲ့သေးသည်။ ထို ကိုသိန်းဖေကို ကျွန်ုပ်တို့၏ တင်းမာစွာ ကန့်ကွက်ချက်အရ လွှတ်လိုက်သော်လည်း ဖမ်းဆီးထားစဉ်အတွင်း ဂျပန်တို့၏ နှိပ်စက်ညှဉ်းပန်းမှုကို သေလုမြောပါး ခံခဲ့ရသေး၏။ ဂျပန်ဖမ်းဆီးခြင်းခံရသော အခြား ကျွန်ုပ်တို့ရဲဘော်နှစ်ဦးဆိုလျှင် နှိပ်စက်ညှဉ်းပန်းမှုဒဏ်ဖြင့် အသက်ပင် သေဆုံးခဲ့ရရှာသည်။

မကြာမီ ဂျပန်စစ်အုပ်ချုပ်ရေးလက်အောက် မြန်မာမြို့ပြအုပ်ချုပ်ရေးအဖွဲ့ တစ်ခု ဖွဲ့စည်းလိုက်လေသည်။ ဘီ–အိုင်–အေ တပ်ကိုလည်း ဘီ–ဒီ–အေ



(ဗမာ့ကာကွယ်ရေးတပ်မတော်) အဖြစ် ပြန်လည်ဖွဲ့စည်းပြီး ကျွန်ုပ်ကိုပင် ကာနယ် (ဗိုလ်မှူးကြီး) ရာထူးဖြင့် ဦးစီးကွပ်ကဲစေခဲ့လေသည်။

ထိုအတောအတွင်း အဖြစ်အပျက်တစ်ခုက ပေါ်လာပြန်လေသည်။ ဗြိတိသျှ အစိုးရလက်အောက်တွင် တရားသူကြီးအဖြစ် အမှုထမ်းဆောင်ဖူးသူတစ်ယောက်အား ဂျပန်စစ်ဘက်က ဖမ်းဆီးလိုက်လေသည်။ ဖမ်းဆီးရခြင်းအကြောင်းကတော့ မလိုလားသူတစ်ဦး၏ ခြေထိုးသတင်းပေးချက်အရ အဆိုပါ တရားသူကြီးနေအိမ်ဝင်း အတွင်း တယ်လီဖုန်း ဝိုင်ယာကြိုးများ တွေ့ရှိသောကြောင့်ဟု ဆိုသည်။

စင်စစ်အားဖြင့် ထိုသူမှာ ရိုးသားအပြစ်ကင်းသော လူတစ်ယောက် အမှန် ဖြစ်၏။ သို့သော် ဂျပန်တို့က မတရား နှိပ်စက်ညှဉ်းပန်းသောနည်းဖြင့် ထိုသူထံမှ ဖြောင့်ချက်တစ်ခု ဆောင်ယူရရှိသည် ဆို၏။

နောက် ဂျပန်စစ်မှုပြင်ဆင်ရေးအဖွဲ့မှူး ကာနယ်ဖူးကွီးဆိုသူက ဗိုလ်မှူး လက်ျာနှင့် ၎င်း၏ တပ်ရေးဗိုလ်ဗတင်တို့သည် အဆိုပါ တရားသူကြီးနှင့် ပူးပေါင်း၍ ဂျပန်တော်လှန်ရေးကို လျှို့ဝှက်ကြံစည်နေကြသည်ဟု တရားသူကြီးဖြောင့်ချက်အရ ဂျပန်စစ်ဘက်က သိရပါသည်ဟု ကျွန်ုပ်အား ပြောပြလေသည်။

ဤကား သက်သက် မဟုတ်မတရား လုပ်ကြံလီဆယ်ပြောဆိုချက် ဖြစ်ကြောင်း ယုံမှားဖွယ် မရှိပေ။ ကျွန်ုပ်တို့အားလုံးသည် ဂျပန်ကို မုန်းတီးလျက်ရှိပြီး ဂျပန်တော်လှန်ရေးကို စည်းရုံးရန် ကြံစည်ထားသည်မှန်သော်လည်း အထက်ပါ အမှုမှာ တကယ့်လုပ်ကြံမှုသာဖြစ်လေသည်။ ထို့ကြောင့် ကျွန်ုပ်က ရိုးသားစွာဖြင့်ပင် ကာနယ်ဖူးကွီးအား အဆိုပါသတင်းမှာ လုံးဝအခြေအမြစ်မရှိကြောင်း၊ အကယ်၍ မယုံကြည်လျှင်လည်း ကာနယ်လက်ျာနှင့် သူ၏တပ်ရေးကိုပါ ခေါ်ယူစစ်ဆေး နိုင်ကြောင်း ပြောပြခဲ့လေသည်။ သို့သော် ဂျပန်တို့က ဗိုလ်လက်ျာကို ချန်ထားပြီး တပ်ရေး ဗိုလ်ဗတင်ကိုသာ မေးမြန်းရန် စစ်ဆေးရန်ဆို၍ ခေါ်သွားလေသည်။

ရက်အတော်ကြာညောင်းသွား၍ ဗိုလ်ဗတင်တစ်ယောက် ပြန်ပေါ်မလာ သောအခါ ကျွန်ုပ်တို့မှာ စိုးရိမ်စပြုလျက် ကာနယ်ဖူးကွီးကိုလည်း ဗိုလ်ဗတင် အကြောင်း ထပ်တလဲလဲ နားပူနားဆာ မေးကြရတော့သည်။ ထို့ပြင် ကျွန်ုပ်တို့ ထိုအကြောင်းနှင့်ပတ်သက်၍ ဂျပန်စစ်ဦးစီးဌာနချုပ်သို့ တိုက်ရိုက်ကန့်ကွက်လျှောက်၊ ကျွန်ုပ်တို့ ရဲဘော်အချို့ကလည်း ဂျပန်စစ်ပုလိပ်တပ်မှူးထံသွား၍ အထပ်ထပ်အကျပ် ပြောဆိုကြပြီး၊ နောက် ၂ လခန့်ကြာမှ ဗိုလ်ဗတင်ကို ဂျပန်တို့က ပြန်လွှတ်လိုက် လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အား ဂျပန်တို့က ပထမထွက်နည်းအမျိုးမျိုးဖြင့် ညှဉ်းပန်းနှိပ်စက်ပြီး နောက်ပိုင်းကျမှ (ဘီ-ဒီ-အေ) အရာရှိတစ်ယောက် ဖြစ်သည်က တစ်ကြောင်း၊ ကျွန်ုပ်တို့ကလည်း သူနှင့်ပတ်သက်၍ အပြင်းအထန် ဆူပူကန့်ကွက်ခဲ့သည်က တစ်ကြောင်း၊ နောက်ပိုင်းကျတော့ ညှဉ်းဆဲရိုက်နှက်ခြင်း မပြုတော့ဟု သိရပေသည်။ သို့ရာတွင် ဗိုလ်ဗတင်ခမျာမှာ ဂျပန်ကင်ပေ၏ဒဏ်ကြောင့် ပြန်လွတ်လာသည့်အချိန်ထိ အတော်တုန်လှုပ်ချောက်ချားလျက် ရှိလေသည်။

၁၉၄၃ ခုနှစ်၊ မတ်လတွင် ကျွန်ုပ်သည် သတင်းတစ်ခုကို ရုတ်တရက် ကြားရလေသည်။ ထိုသတင်းကား ဒေါက်တာဘမော်နှင့် အခြားပုဂ္ဂိုလ်နှစ်ဦးတို့အပြင် ကျွန်ုပ်ကိုပါ ဂျပန်ပြည် တိုကျိုမြို့သို့ အထူးတလည် ဖိတ်ခေါ်ကြောင်း သတင်းပင် ဖြစ်လေသည်။ (ထိုအတောအတွင်း မြန်မာပြည်အား လွတ်လပ်သောနိုင်ငံအဖြစ် မကြာမီ ကြေညာတော့မည့်အကြောင်း၊ ဂျပန်ဝန်ကြီးချုပ် ဂျင်နရယ်တိုဂျိုက ထုတ်ဖော်ပြောဆိုပြီး ဖြစ်သည်။)

အထက်ပါသတင်းနှင့်အတူ ကျွန်ုပ်ကိုလည်း ကာနယ်အဖြစ်မှ မေဂျာဂျင်နရယ် (ဗိုလ်ချုပ်) ရာထူးသို့ တိုးမြှင့်ခန့်ထားကြောင်းပါ သိရလေသည်။ ထို့အပြင် ကျွန်ုပ်သည် ဂျပန်ဘုရင်မင်းမြတ်ကိုယ်တိုင်နှင့် တိုကျိုတွင် တွေ့ဆုံခွင့်ရပြီး၊ ဂျပန် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်တစ်ခုကိုလည်း ရလိမ့်ဦးမည်ဟု ဆိုလေသည်။ သို့နှင့်ပင် ကျွန်ုပ်လည်း ဒေါက်တာဘမော်တို့နှင့်အတူ တိုကျိုမြို့သို့ လိုက်ပါသွားရလေသည်။

ဂျပန်ပြည်သို့ရောက်သောအခါ စောစောက ပြောထားသည့်အတိုင်း ဂျပန် ဘုရင်မင်းမြတ်နှင့် တွေ့ဆုံရပြီး၊ ဂျပန်ပြည်မှ အထူး ဘွဲ့ထူးဂုဏ်ထူးများ ပေးအပ် ချီးမြှင့်ခြင်းခံရပြီးနောက် အကြီးအကျယ် ကျွေးမွေးဧည့်ခံခြင်းခံရသည့်ပြင် ဂျပန် ဝန်ကြီးချုပ် တိုဂျို၊ အစိုးရဝန်ကြီးများ၊ ကြည်းတပ်၊ ရေတပ်ဦးစီးဗိုလ်ချုပ်များနှင့်လည်း တွေ့ဆုံခဲ့ရလေသည်။ ကျွန်ုပ်တို့ ဂျပန်ပြည်မှ ပြန်လာသောအခါ၌မူကား မြန်မာပြည်ကို ၁၉၄၃ ခု ဩဂုတ်လ ၁ ရက်နေ့တွင် လွတ်လပ်ရေး ပေးတော့မည့်အကြောင်းနှင့် ဂျပန်နှင့် မြန်မာနိုင်ငံတို့သည် စာချုပ်အချို့ကိုပါ ချုပ်ဆိုရမည်ဖြစ်ကြောင်း ကတိထေး ဖော်ပြထားသော စာတမ်းကို ဂျင်နရယ်တိုဂျိုက ပေးလိုက်လေသည်။

ကျွန်ုပ်တို့လူစု ဂျပန်ပြည်မှာရှိစဉ်က မြန်မာနိုင်ငံရှိ ဂျပန်စစ်ဦးစီးအဖွဲ့မှ ဗိုလ်ချုပ် အီဆိုမူရာ ဆိုသူသည် ကျွန်ုပ်တို့နှင့်အတူတွဲ၍ လိုက်ပါလျက်ရှိလေသည်။ တစ်ခု ဆိုးသည်ကား ဂျပန်အီဆိုမူရာသည် ကျွန်ုပ်တို့ ဘယ်သွားသွား နောက်က တကောက်ကောက်လိုက်၍ ကလေးများပမာ ဆက်ဆံခဲ့ခြင်းပင် ဖြစ်လေသည်။



ဂျပန်ပြည်မှ မြန်မာနိုင်ငံသို့ အပြန်လမ်းခရီး၌ ကျွန်ုပ်တို့သည် ဖိလစ်ပိုင်ကျွန်း (မနီလာမြို့) ဟိုတယ်တစ်ခုတွင် ခေတ္တဝင်နားခဲ့ကြရာ ဂျပန်တွေက ကျွန်ုပ်တို့အား ဖိလစ်ပိုင်လူမျိုးများသည် ယုံကြည်စိတ်ချရသူများ မဟုတ်သဖြင့် သွားရောက် တွေ့ဆုံခြင်း မပြုရန် တားမြစ်ခဲ့ကြသေး၏။

နောက်တစ်နေ့နံနက်တွင် ကျွန်ုပ်တို့ မနီလာမြို့မှ ဆေးဂုံမြို့ (အင်ဒိုချိုင်းနား)သို့ ခရီးဆက်ထွက်ခဲ့ကြရာ၊ လမ်းခုလတ်ကျမှ ဒေါက်တာဘမော်က ဂျင်နရယ်တိုဂျို ပေးလိုက်သော လွတ်လပ်ရေးကတိစာတမ်းကို မနီလာဟိုတယ်၌ မေ့ကျန်ရစ်ကြောင်း ပြောပြလေတော့သည်။ ထိုအကြောင်းကို ဂျပန် အီဆိုမူရာအား ပြောပြသောအခါ သူတွင် သူကိုယ်သူပဲ သတ်သေလိုက်တော့မလောက် ဗျာများ တုန်လှုပ်သွားလေသည်။ ကျွန်ုပ်တို့က မနီလာမြို့ရှိ ဂျပန်စစ်ဌာနချုပ်သို့ အကြောင်းကြားရန် ပြောပြသော အခါလည်း အီဆိုမူရာက ထိုသို့လည်း မဖြစ်နိုင်ကြောင်း၊ သူနှင့် ဒေါက်တာဘမော် ကိုယ်တိုင် ပြန်သွားမှဖြစ်မည့်အကြောင်း ပြောပြန်သည်။ နောက်ဆုံးတွင် ၎င်းစာတမ်းကို တကယ်သွားပြန်ယူရသူမှာ (ထိုစဉ်က မြန်မာပြည် ဒုတိယဝန်ကြီးချုပ်) သခင်မြ ဖြစ်လေသည်။

၎င်းအချိန်အတောအတွင်း မနီလာမြို့မှ အဆိုပါ စာတမ်းကို ဟိုတယ် တစ်ခု၌ တွေ့ရှိထားကြောင်း ဝိုင်ယာလက်ကြေးနန်းသတင်းရလေသည်။ ထို့ကြောင့် သခင်မြနှင့် အူယေးဒါး အမည်ရှိ ဂျပန်တစ်ဦးတို့က မနီလာသို့ တစ်ခေါက်သွားပြန် ယူခဲ့ရလေသည်။

ဤကိစ္စနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့အားလုံးသည် အထူးလျှို့ဝှက်ထားပြီး တစ်လုံးတစ်ပါဒမှ မပြောကြရန် ဂျပန်က နှုတ်ပိတ်ထားခဲ့လေသည်။ အီဆိုမူရာ၏ အကြောင်းပြချက်မှာ သူက သက်ဆိုင်ရာ အာဏာပိုင်များထံသို့ ကျွန်ုပ်တို့၏ လေယာဉ်ပျံမှာ ဆေးဂုံမြို့၌ စက်အနည်းငယ် ချို့ယွင်းသွားသောကြောင့် ခရီးတစ်ရက် ပို၍ကြာသွားကြောင်း သတင်းပို့ အစီရင်ခံထားသောကြောင့်ဟု ဆိုလေသည်။ ကျွန်ုပ်တို့အဖို့မှာကား အီဆိုမူရာတို့ ဂျပန်များသည် အဓိပ္ပာယ်မရှိသော အပိုအလုပ် တွေကို မလုပ်သင့်ဘဲ လုပ်နေကြသည်ဟု ထင်မြင်မိလျက် သူတို့၏အပြုအမူကို နားမလည်နိုင်အောင် ရှိခဲ့လေသည်။

မည်သို့ပင်ဖြစ်စေ ၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ဂျပန်တို့ပေးသော မြန်မာ့လွတ်လပ်ရေး ရောက်လာလေသည်။ ကျွန်ုပ်တို့အဖို့မှာမူ အဆိုပါ မြန်မာ့ လွတ်လပ်ရေးကို အထင်ကြီးခြင်း၊ စိတ်ကူးယဉ်သာယာခြင်းများ လုံးဝမရှိခဲ့ချေ။

www.burmeseclassic.com

www.burmeseclassic.com



(Independence Preparatory Commission) ခေါ်တဲ့ မြန်မာ့လွတ်လပ်ရေး ပြင်ဆင်မှုကော်မီတီတွင် ပါဝင်ခဲ့သူမှန်သမျှသည်လည်း ကျွန်ုပ်တို့ကဲ့သို့ပင် ဂျပန်ပေးသော လွတ်လပ်ရေးနှင့်ပတ်သက်၍ အထင်ကြီးခြင်း၊ စိတ်ကူးယဉ် သာယာခြင်းများ ရှိခဲ့ကြမည်မဟုတ်ဟု ကျွန်ုပ် ယုံကြည်မိပေသည်။

ကျွန်ုပ် ဂျပန်ပြည်မှ ရန်ကုန်မြို့သို့ ပြန်အရောက်တွင် ပြုလုပ်သော ဂုဏ်ပြုညစ်ခံပွဲတစ်ခု၌ ကျွန်ုပ်က ဂျပန်တို့ပေးမည့် လွတ်လပ်ရေးမှာ နာမည်လောက်ဖြစ်လိမ့်မည်အကြောင်းကို အရိပ်အမြွက် ပြောပြခဲ့သေး၏။ ထို့ကြောင့် ကျွန်ုပ်တို့၏ ရဲဘော်များအား ဂျပန်တို့၏ လွတ်လပ်ရေး အတုအယောင်ကြီးကို ဘွင်းဘွင်းကြီး ဖော်ထုတ်ရန်အတွက် ဂျပန်ကို တော်လှန်ပုန်ကန်ရန် သင့်လျော်ပြီဖြစ်ကြောင်း ကျွန်ုပ်ကပင် စတင်ပြောခဲ့လေသည်။ သို့မှသာလျှင် ကျွန်ုပ်တို့၏ ဖက်ဆစ်ဆန့်ကျင်ရေး အယူအဆကို ကမ္ဘာက သိအောင် ပြနိုင်ကြမည် ဖြစ်ပေသည်။ ဤကိစ္စနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့သည် သခင်သန်းထွန်းနေအိမ်၌ စည်းဝေး ဆွေးနွေးကြပြီးနောက်၊ အလုံးစုံကြိုတင်ပြင်ဆင်မှုများပြုလုပ်ပြီးသော် ဂျပန်ကို မုချ တော်လှန်ရန် ဆုံးဖြတ်လိုက်ကြတော့သည်။

ကျွန်ုပ်တို့၏တွက်ကိန်းအရ ၁၉၄၃ ခုနှစ်ကုန်လောက်တွင် တော်လှန်ရေး ပြင်ဆင်မှုအရပ်ရပ်သည် ပြည့်စုံပြီးစီးလိမ့်မည်ဟု ခန့်မှန်းခဲ့ကြလေသည်။ သို့ရာတွင် တကယ်လက်တွေ့ကျသောအခါမူ ကျွန်ုပ်တို့ ထင်သည်ထက် ပို၍ကြာခဲ့လေသည်။

ထိုစဉ်အခါက ဂျပန်ဆန့်ကျင်ရေး မြေအောက်လှုပ်ရှားမှုများမှာ တစ်ခုနှင့်တစ်ခု ဆက်စပ်မှုလည်း မရှိ၊ စည်းစနစ်လည်း ကောင်းစွာ မကျနခဲ့ပေ။ ကျွန်ုပ်တို့တွင် တိကျပြတ်သားသော လုပ်ငန်းအစီအစဉ် ဟူ၍လည်း အဆင်သင့် မရှိခဲ့သေးသည့်အပြင် တရုတ်ပြည်နှင့် အိန္ဒိယရှိ ကျွန်ုပ်တို့ရဲဘော်များနှင့်လည်း ဆက်သွယ်မှု မရခဲ့သေးချိန် ဖြစ်လေသည်။ ရိက္ခာဖြည့်တင်းရေး၊ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးပြဿနာများကိုလည်း ကျွန်ုပ်တို့သည် ဦးနှောက်ရှုပ်စွာ ကြိုတင်ပြင်ဆင်ခဲ့ရသည်။ ပြည်သူလူထုကြီးတစ်ရပ်လုံးကို ကျွန်ုပ်တို့အား အဆင်သင့် ကူညီထောက်ခံရန်နှင့် မြန်မာလူထုကို ဂျပန်ဆန့်ကျင်ရေးတပ်ဦးကြီးဖြစ်အောင် လှုံ့ဆော်စည်းရုံးရန်လုပ်ငန်းကလည်း ကျန်ရှိနေသေး၏။ ဤသို့အားဖြင့် ကျွန်ုပ်တို့တွင် လုပ်စရာကိုင်စရာ ပြင်ဆင်စရာလုပ်ငန်းတွေ တစ်ပြုံတစ်ခေါင်းကြီး ကျန်ရှိနေသေးလေသည်။

ထိုအချိန်လောက်တွင် ကျွန်ုပ်တို့မိတ်ဆွေ ကိုသိန်းဖေက အိန္ဒိယပြည်မှ သူ၏လူတစ်ယောက်ကို မြန်မာပြည်သို့ လျှို့ဝှက်စွာ စေလွှတ်လိုက်လေသည်။



ကိုသိန်းဖေက ကျွန်ုပ်တို့ထဲက လူအချို့ အိန္ဒိယပြည်သို့ ထွက်လာနိုင်ပါမည်လားဟူ၍လည်း မှာကြားမေးမြန်းလိုက်လေသည်။ ထိုအချိန်က ကျွန်ုပ်တို့၏ ဂျပန်ဆန့်ကျင်ရေးလှုပ်ရှားမှု၊ စည်းရုံးမှုမှာ ကောင်းစွာ ခရီးမရောက်သေးသဖြင့် အိန္ဒိယသို့ လူလွှတ်ရန်ကိစ္စမှာ မဖြစ်နိုင်သလောက် ခဲယဉ်းနေပေသည်။

တစ်ဖန် ကျွန်ုပ်တို့ထဲမှ ထင်ရှားသော ခေါင်းဆောင်တစ်ဦးဦး လျှို့ဝှက်စွာ ပျောက်ကွယ်သည်နှင့်တစ်ပြိုင်နက် ဂျပန်စစ်ပုလိပ်က ကျွန်ုပ်တို့အားလုံးကို ချက်ချင်းဖမ်းဆီးခြင်း၊ သို့မဟုတ် ကျပ်တည်းစွာ အကဲခတ် နောက်ယောင်ခံလိုက်တော့မည်မှာ သေချာနေသည့်အခါကာလလည်း ဖြစ်နေသည်။ ထိုစဉ်က ကျွန်ုပ်တို့အား ဂျပန်က မျက်ခြည်မပြတ် ကြည့်နေသည်ဆိုရစေကာမူ တကယ် ကျပ်တည်းစွာ လိုက်လံစုံထောက်ခြင်း မပြုသေးသဖြင့် ဂျပန်ဆန့်ကျင်ရေးလုပ်ငန်းများ လုပ်နိုင်သေးသောအခါဖြစ်လေသည်။ မည်သို့ပင်ဖြစ်စေ၊ ကျွန်ုပ်တို့လည်း နောက်ဆုံး၌ ရဲဘော်ညိုထွန်း (နောက်တော့ ရခိုင်တိုင်း ဖက်ဆစ်တော်လှန်ရေးကို အောင်မြင်စွာ ခေါင်းဆောင်ခဲ့သူ) အား အိန္ဒိယသို့ စေလွှတ်ခဲ့လေသည်။

၁၉၄၄ ခု၊ ဩဂုတ်လဆန်း (ဩဂုတ်လ ၄ ရက်မှ ၇ ရက်အတွင်းဟု ထင်မိသည်။) လောက်တွင် ပဲခူးမြို့၌ ကျွန်ုပ်နှင့်တကွ ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးခဲ့ကြလေသည်။ ၎င်းဆွေးနွေးပွဲ၌ ကျွန်ုပ် တင်ပြသော (ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်) ဖွဲ့စည်းရန် အစီအစဉ်နှင့် ဖဆပလအဖွဲ့ချုပ်၏ ပထမဆုံး ကြေညာစာတမ်းအမှတ် (၁) ကို အားလုံး သဘောတူလက်ခံကြလေသည်။ လက်တွေ့လုပ်ငန်း အကောင်အထည်ဖော်ရန် စီမံကိန်းတစ်ခုကိုလည်း စုပေါင်းတိုင်ပင်၍ ရေးဆွဲခဲ့ကြလေသည်။

ထို့နောက်တွင်ကား (ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်)ကို အခြေအနေက ပေးသလောက် ကျယ်ပြန့်စွာ စည်းရုံးကြပြန်လေသည်။

ထိုအတောအတွင်း ကျွန်ုပ်တို့ ဘီဒီအေမှ ရဲဘော်တစ်ယောက် (အထက်မြန်မာပြည် ဗြိတိသျှတို့၏ ဝင်းဂိတ်ထိုးစစ်တွင် ဖမ်းမိသွားသူ) သည် အိန္ဒိယပြည်မှ လျှို့ဝှက်သော ကိုယ်စားလှယ်အဖြစ် ရောက်လာပြန်သည်။ နောက်ပြီး ဆက်တိုက်ဆိုသလို အိန္ဒိယပြည်မှ လျှို့ဝှက်သော ကိုယ်စားလှယ်တို့သည်လည်း တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြပြန်သည်။ ၎င်းတို့အားလုံးမှာ ဖဆပလအဖွဲ့ချုပ် (မပြီးခေတ် အခေါ်) အတွင်းမှ လူများပင်ဖြစ်၍ ဂျပန်စစ်ပုလိပ်က ဂျပန်တွေ့သတ်ဖြတ်မှုနှင့် လိုက်နေသော နိုင်ငံရေး၊ စစ်ရေးခေါင်းဆောင်များပင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

သို့နှင့်ပင် အချိန်က တဖြည်းဖြည်းကုန်ကာ ဗြိတိသျှနှင့် မဟာမိတ်စစ်တပ်များသည် ထိုးစစ်ဖြင့် မန္တလေးမြို့အနီးသို့ ရောက်လာကြလေတော့သည်။ ၎င်းအချိန်မတိုင်ခင်ကလေးတွင်မူ ရခိုင်၌ ဆရာတော် ဦးပညာသီဟနှင့် ကိုညိုထွန်းတို့က ဂျပန်တော်လှန်ရေး ဖြောင်စည်းရုံးတိုက်ခိုက်နေနှင့်ပြီဖြစ်လေသည်။ ထိုအတူ မန္တလေးပတ်ဝန်းကျင်ရှိ ကျွန်ုပ်တို့တပ်အားလုံးကို ဂျပန်အား အတိအလင်း တော်လှန်တိုက်ခိုက်ရန် ကျွန်ုပ်တို့က ညွှန်ကြားချက်ပေးခဲ့ပြီး ဖြစ်လေသည်။

၁၉၄၅ ခု မတ်လ ၂၇ ရက်နေ့တွင် ကျွန်ုပ်တို့သည် ကမ္ဘာက ယခုသိသော ဖက်ဆစ်ဂျပန်တော်လှန်ရေးကြီးကို နိုင်ငံနှင့်အဝန်းချီ၍ စည်းရုံးကြွေးကြော်ကာ စတင်တိုက်ခိုက်ခဲ့ကြလေတော့သည်။

ဂျပန်တို့ကား ကျွန်ုပ်တို့အပေါ် ခပ်စောစောကပင် သံသယရှိခဲ့ကြောင်းမှာ ယုံမှားဖွယ်မရှိပေ။ ထို့ကြောင့် ဂျပန်ခေတ် လွတ်လပ်သော မြန်မာနိုင်ငံအစိုးရအဖွဲ့တွင် ကျွန်ုပ်က ကာကွယ်ရေးဝန်ကြီးဖြစ်သောအခါ ကျွန်ုပ်တို့ ဘီဒီအေတပ်အားလုံးလိုလိုကို ရပ်ဝေးရှိ စစ်မျက်နှာအသီးသီးသို့ ပို့ထားလေသည်။ ကျွန်ုပ်နှင့် ကျွန်ုပ်တို့တပ်အသီးသီး ဆက်သွယ်မှု မရရှိနိုင်အောင် ဖန်တီးထားခြင်းဖြစ်လေသည်။

ကျွန်ုပ်က တပ်များသို့ သွားရောက်စစ်ဆေးကြည့်ရှုရန် ကြံတိုင်း ဂျပန်တို့ အကြောင်းတစ်ခုခုပြ၍ ကျွန်ုပ်ကို ခရီးမသွားဖြစ်အောင် တားမြစ်တတ်လေသည်။ သို့သော် ကျွန်ုပ်တွင် လုပ်ငန်းကြံစည်စရာ နည်းလမ်းတွေ ကိုယ့်ဟာကိုယ် တွက်ချက်ထားပြီးဖြစ်၍ ၎င်းကိစ္စကြောင့် စိတ်အနှောင့်အယှက် မဖြစ်ခဲ့ချေ။

အထက်ဖော်ပြခဲ့သည့်အတိုင်း ဂျပန်များက ကျွန်ုပ်တို့(ဘီဒီအေ)တပ်များကို လေ့ကျင့်ခန်းများ ပြီးအောင် သင်ကြားခြင်းလည်း မပြုရသေး၊ လက်နက်ခဲယမ်းပစ္စည်းကိရိယာများလည်း မပြည့်စုံသေးဘဲလျက် မြန်မာပြည်အနှံ့အပြားသို့ တစ်တပ်နှင့်တစ်တပ် ဝေးကွာစွာ ခွာ၍ ဖြန့်လွှတ်လေသည်။ ကျွန်ုပ်ကမူ ဘာမျှမပြောဘဲ ကြည့်၍သာနေခဲ့သည်။ ပြော၍လည်း အကြောင်းထူးမည် မဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် ဂျပန်တို့၏နည်းပရိယာယ်ထုံးစံအတိုင်း ကျွန်ုပ်တို့၏ထင်မြင်ချက် အကြံဉာဏ်များအား မနားတမ်းပြောပါဟု ဆို၍ ကျွန်ုပ်က အကြံပေးတိုင်း၊ သူတို့သည် ကျွန်ုပ်ပြောသမျှ (ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ) အကြံပေးချက်၏ဆန့်ကျင်ဘက်ကို လုပ်လေ့ရှိသောကြောင့်ပင်တည်း။

သို့ဖြစ်လေရာ ဂျပန်တွေက ကိစ္စတစ်စုံတစ်ခုအတွက် ကျွန်ုပ်၏ အကြံပေးချက်ကို တောင်းတိုင်း ကျွန်ုပ်က သူတို့အစီအစဉ်အားလုံး ကောင်းပါသည် သင့်လျော်ပါသည် ဟူ၍သာ သဘောတူညီခဲ့လေသည်။ ကျွန်ုပ်၏စိတ်ထဲတွင်ကား ဘယ်နည်းနှင့်ဖြစ်ဖြစ် ဂျပန်များကို ပြန်တော်လှန်ရန် ဖြစ်နိုင်ကြောင်း တွက်ကိန်းရှိပြီး ဖြစ်လေသည်။



တစ်ဖန် ဂျပန်တို့သည် တစ်မျိုးတစ်ဖုံ စဉ်းစားမိဟန်ဖြင့် ဘီဒီအေတပ်တွေ အားလုံး ပြန်လည်စုရုံးရလျှင် မကောင်းပါလားဟု ကျွန်ုပ်ကို တိုင်ပင်လာကြပြန်၏။ ကျွန်ုပ်ကလည်း သွက်သွက်ကြီး သဘောတူညီချက်ပေးခဲ့၏။

ထိုအချိန်လောက်တွင် ကျွန်ုပ်တို့အဖို့ ပြင်ဆင်မှု အချို့လောက်သာ ကျန်ရှိတော့သည်။ ၎င်းတို့မှာ ပြည်သူလူထုကြီးက ဂျပန်တို့အား အလုံးအရင်းနှင့် တစ်ခဲနက် တော်လှန်ထကြွရန်အတွက် စည်းရုံးတော်လှန်ရန် ပြင်ဆင်ရေးနှင့် အပြစ်ကင်းသော ပြည်သူလူထုအပေါ် ဂျပန်တို့က ရက်စက်စွာ ကလဲ့စားချေလာလျှင် မည်သို့ တန်ပြန်ဆောင်ရွက်ရမည် ဟူသော အချက်များပင် ဖြစ်လေသည်။

ကျွန်ုပ်တို့၏ ဗမာ့တပ်မတော် (နောက်တော့ မျိုးချစ်တပ်မတော်)နှင့်တကွ ပြောက်ကျားတပ်များသည် ဖက်ဆစ်တော်လှန်ရေးကာလအတွင်း မည်မျှစွမ်းဆောင်၍ မည်မျှအောင်မြင်ခဲ့သည်ကို ဤနေရာတွင် ရှည်အံ့စိုး၍ အကျယ်ချဲ့ပြီး မဖော်ပြလိုတော့ပါ။ (နောက်တစ်နေ့တွင် ဤတော်လှန်ရေးကြီးနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များ အပြည့်အစုံကို ရေးသားဖော်ပြရန် မျှော်လင့်ပေသည်။)

အားလုံး စုစုပေါင်းဆိုလျှင် ကျွန်ုပ်တို့တပ်များသည် ရန်သူ ဖက်ဆစ်တို့နှင့် ရင်ဆိုင်တိုက်ရသည့် တိုက်ပွဲပေါင်း ၁၀၀၀ ထက်မနည်း ရှိခဲ့သည်ဟူ၍သာ ဖော်ပြလိုပေသည်။

ယခုဆိုလျှင် ကျွန်ုပ်တို့တပ်များသည် ပြောက်ကျားစစ်ဆင်ခြင်းအတတ်၌ ကမ္ဘာပေါ်ရှိ မည်သည့်စစ်တပ်နှင့်မဆို ယှဉ်ပြိုင်ရန် အဆင်သင့်ရှိပါပြီဟု အတိအလင်း ပြောဝံ့ပေပြီ။

အလျဉ်းသင့်ဖော်ပြရမည်ဆိုလျှင် ကျွန်ုပ်တို့ မြန်မာလူမျိုးများသည် ရိုးရာရိုက်အားဖြင့် ပြောက်ကျားစစ်ခင်းခြင်း ဝါသနာနှင့် စိတ်ဓာတ် ရှိခဲ့လေသည်။

၁၃ ရာစုနှစ်များအတွင်းက တရုတ်ပြည်မှ ကူဘလိုင်ခန်နှင့် သူ၏ တာတာစစ်သည်များသည် အလုံးအရင်းနှင့် ပုဂံပြည်သို့ ချင်းနင်းတိုက်ခိုက်လာသောအခါ သေးလံနှေးကွေးသော စစ်ဆင်များသာရှိပြီး ဓားနှင့် လှံ လက်နက်များ၌သာ ကျွမ်းကျင်ကုန်သော မြန်မာစစ်တပ်များက တရုတ်တို့၏ ထိုးစစ်ဒဏ်ကို မခံနိုင်တော့အောင် ဖြစ်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မြန်မာတို့က မီးရှို့ဖျက်ဆီးပစ်သော မြေလှန်စနစ်ကို သုံးကာ ရပ်ရွာ ရွာသားတွေကိုလည်း အလုံးအရင်းနှင့် မြို့များမှ စွန့်ခွာထွက်သွားစေလျက် တောင်ဘက်သို့ ဆုတ်ခွာရင်း တရုတ်စစ်သည်များကို ပြောက်ကျားနည်းစနစ်ဖြင့် ပြန်လှန်တိုက်ခိုက်ခဲ့ကြလေသည်။

နောက်ဆုံးတွင် ကူဘလိုင်ခန်သည် သူ၏စစ်တပ်များအတွက် လက်နက် ခဲယမ်းနှင့် ရိက္ခာဖြည့်တင်းရေး အခက်အခဲကြောင့် မြန်မာပြည်မှ ပြန်လည်ဆုတ်ခွာ သွားခဲ့ရဖူးလေသည်။

ထိုနည်းတူစွာ ၁၇ ရာစုနှစ်အတွင်းကလည်း အောက်မြန်မာပြည်မှ မွန်လူမျိုး တို့၏ စစ်မက်ဝါဒကြောင့် မြန်မာတစ်နိုင်ငံလုံး ထီးကျိုးစည်ပေါက်ကာ မင်းမဲ့ဝါဒ (Anarchy) ကြီး လွှမ်းမိုးလျက်ရှိချိန်တွင် အလောင်းဘုရားသည် မြန်မာနိုင်ငံကို ပြန်လည်စုစည်းရန် ကြိုးစားခဲ့စဉ်ကလည်း ပြောက်ကျားစစ်ဆင်နည်းဖြင့် တိုက်ခိုက် အောင်မြင်ခဲ့လေသည်။

အလောင်းဘုရားကိုယ်တိုင်က ပြောက်ကျားခေါင်းဆောင်အဖြစ်မှ စတင် ခဲ့ရာ သူနှင့်အလားတူ မြန်မာပြည်အရပ်ရပ်မှ ပြောက်ကျားခေါင်းဆောင်များ၏ အကူအညီဖြင့် အလွန်စည်းလုံးညီညွတ်ပြီး အင်အားတောင့်တင်းသော မြန်မာနိုင်ငံ ကြီးကို အောင်မြင်စွာ တည်ထောင်နိုင်ခဲ့လေသည်။

ဤစာတမ်းငယ် ရှေ့ပိုင်းတွင်လည်း ကျွန်ုပ်တစ်လျှောက်၌ မျိုးချစ်စိတ် ရှိသော ခေါင်းဆောင်အသီးသီးတို့သည် ပြောက်ကျားနည်းစနစ်ဖြင့် ဗြိတိသျှ နယ်ချဲ့ သမားအား အကြိမ်ကြိမ် တော်လှန် ထကြွခဲ့ဖူးကြောင်းကို ဖော်ပြပြီး ဖြစ်လေသည်။

ယခုစစ်ကြီးကား ပြီးသွားပေပြီ။ ကျွန်ုပ်တို့သည်လည်း (ဖက်ဆစ် တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်) ကို တပ်ဦး၏အဖြစ် မူတည်လျက် တစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်ရေးကို အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့ပြီ။

ကျွန်ုပ်တို့အားလုံးသည် စည်းလုံးညီညွတ်လျက်ရှိခြင်းကြောင့် စည်းလုံး ညီညွတ်စွာဖြင့် တစ်ခုတည်းသော ပန်းတိုင်(မြန်မာ့လွတ်လပ်ရေး)သို့ ရှေးရှုချီတက် ကြရန်လည်း အဆင်သင့်ရှိနေကြလေပြီ။

နိဂုံးမချုပ်မီ မြန်မာပြည်ဆိုင်ရာ ဗြိတိသျှတပ်များ(၁၂ နံပါတ် တပ်မကြီး)၏ ဗိုလ်ချုပ် ဆာမွန်တေဂုစတော့ဖုတ်သို့ ရေးလိုက်သော စာနှင့်တကွ၊ မဟာမိတ် တပ်ပေါင်းစုအရာရှိကြီးများ စုံညီစွာ တက်ရောက်သည့် နေ့လယ်စာ စားပွဲ၌ ကျွန်ုပ် ပြောကြားခဲ့သော စကားကောက်နုတ်ချက်အချို့ကိုပါ ဖော်ပြလိုပေသည်။



မှ/

စစ်သေနာပတိချုပ်

၁၂ နံပါတ် တပ်မကြီး

သို့/

စစ်သေနာပတိ

မျိုးချစ်ဗမာ့တပ်မတော်

ယခုအခါ ဂျပန်တို့က မြန်မာပြည်ရှိ ၎င်းတို့၏တပ်များ အားလုံး လက်နက်ချရန် စည်းကမ်းချက်များကို သဘောတူ လက်ခံလိုက်ပြီဖြစ်ရာ၊ မိတ်ဆွေတို့၏တိုင်းပြည်ကို ကယ်တင် လွတ်မြောက်ရေး၏ နောက်ဆုံးအဆင့်တွင် အရေးပါစွာ ကူညီ ပါဝင်ခဲ့သော မိတ်ဆွေနှင့်တကွ မျိုးချစ် ဗမာ့တပ်မတော်မှ အရာရှိ တပ်သားအားလုံးကို ကျွန်ုပ်က ချီးကျူး၍ ကျေးဇူးတင် စကား ပြောကြားလိုပါသည်။ မိတ်ဆွေတို့၏ ပူးပေါင်းကူညီချက် ကြောင့်သာ ဂျပန်တို့ဘက်မှ အကြီးအကျယ် ကျဆုံးခဲ့ရခြင်း ဖြစ်ပါသည်။

ဂျပန်ကျူးကျော်ရေးသမားတို့အား တော်လှန်တိုက်ခိုက်ရာ၌ သွေးထိုး အားပေးခဲ့သည့် သင်တို့၏ နိုင်ငံကိုချစ်သောစိတ်ဓာတ် သည် ယခု စစ်ပြီးသည့်အခါတွင်လည်း မျိုးချစ်ဗမာ့တပ်မတော် သား အားလုံးတို့အား မြန်မာနိုင်ငံစစ်တပ်(Burma Army)ဝင် ရဲဘော်များအဖြစ် တိုင်းပြည်ကို ဆက်လက်ကာကွယ် စောင့် ရှောက်ရန် စိတ်ဓာတ်များအဖြစ် တိုးတက်ဖွံ့ဖြိုးလာမည်ဟု ကျွန်ုပ် အထူးမျှော်လင့် ယုံကြည်မိပါသည်။

**မဟာမိတ်တပ်ပေါင်းစုံအရာရှိများအား ကျွန်ုပ် ပြောကြားခဲ့သော မိန့်ခွန်းမှ ကောက်နုတ်ချက်များ။**

ကျွန်ုပ်တို့ မြန်မာနိုင်ငံနှင့်တကွ မဟာမိတ်နိုင်ငံပေါင်းစုံတို့ ဘက်မှနေ၍ ကျွန်ုပ်တို့၏ပါဝင်ဆောင်ရွက်ချက်များကို အသိ အမှတ်ပြုကာ ချီးကျူးစကား ပြောကြားသည့်အတွက် မျိုးချစ် ဗမာ့တပ်မတော်နှင့် မြန်မာပြည် ပြောက်ကျားတပ်များ၏ကိုယ်စား

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က ကျေးဇူးတင်လှပါသည်။ ဤကား ကျွန်ုပ်တို့ တပ်မတော်သားအားလုံးအတွက် အလွန်အားတက် ဂုဏ်ယူဖွယ်ရာ အသိအမှတ်ပြုခြင်းတစ်ရပ်လည်း ဖြစ်ပါသည်။

မျိုးချစ်ဗမာ့တပ်မတော်ဟူ၍ 'မျိုးချစ်' ဟူသောအမည်ကို ကျွန်ုပ်တို့ တပ်မတော်သားများသည် တကယ်ပင် ခံယူထိုက်လောက်အောင်လည်း လက်တွေ့ ဆောင်ရွက်ခဲ့ကြကြောင်းမှာ ယုံမှားဖွယ် မရှိပါ။

ကျွန်ုပ်တို့သည် ခရီးလမ်း၏အစတွင် မှားခဲ့ပေမည်။ အတိတ်ကာလအတွင်းက ကျွန်ုပ်တို့သည် မှားယွင်းမှုများကို ပြုမူခဲ့ချင်လည်း ပြုမူခဲ့ကြပေလိမ့်မည်။ သို့သော်လည်း ဘယ်အချိန်ဘယ်အခါမှ မျိုးချစ်စိတ်ဓာတ်၏ ခရီးလမ်းကြောင်းမှ ရှောင်ဖယ်သွေဖည်၍ မသွားခဲ့ကြောင်းကိုတော့ ကျွန်ုပ်က ရဲဝံ့စွာ ပြောလိုပါသည်။

ဂျပန်တို့နှင့်ပူးပေါင်းနေခဲ့စဉ်ကလည်း ကျွန်ုပ်တို့သည် မဖွယ်မရာ ရုက်စရာကောင်းသော မျိုးချစ်စိတ်ဓာတ်နှင့်ဆန့်ကျင်သော အလုပ်ဟူသမျှ ဘာတစ်ခုမျှ မလုပ်ခဲ့ကြောင်းကိုပါ ကျွန်ုပ် ပြောပြလိုပါသည်။

ကျွန်ုပ်တို့သည် ဂျပန်၏ စစ်မက်ဝါဒနှင့် ရိုင်းစိုင်းစွာ ပြုမူဆက်ဆံနည်းများကို လုံးဝမနှစ်မြို့က်သည့်ပြင် သူတို့ပေးခဲ့သမျှ ကတိစကားအားလုံးကိုလည်း တစ်ခုမကျန် ဖျက်ဆီးခဲ့ကြောင်း သိရသော်လည်း ဂျပန်တို့အပေါ် တတ်နိုင်သလောက် စိတ်ရှည်လက်ရှည် ဆက်ဆံခဲ့ပါသည်။

အဓိပ္ပာယ်ကတော့ မိတ်ဆွေဖြစ်ကြမိမှတော့ တစ်ဦးနှင့်တစ်ဦး မိတ်မပျက်အောင် ကြိုးစားခဲ့ခြင်း ဖြစ်ပါသည်။ သို့ရာတွင် ဂျပန်မြန်မာချစ်ကြည်ရေးကို ဖျက်ဆီးပစ်လိုက်သူကား ဂျပန်ပင် ဖြစ်လာလေသည်။ ဂျပန်များသည် ကျွန်ုပ်တို့အပေါ်တွင် သစ္စာလည်း မရှိ၊ ကောက်ကျစ်စဉ်းလဲ ယုတ်မာသော စိတ်ထားဖြင့်လည်း ဆက်ဆံခဲ့၏။ 'လွတ်လပ်ရေး' အတုအယောင်ကိုသာ ပေးခြင်းကြောင့် ကျွန်ုပ်တို့မှာ တိုင်းပြည်အတွက် တကယ်



ထိရောက်သော လုပ်ငန်းဟူ၍ တစ်ခုမျှ မလုပ်နိုင်အောင် ဖန်တီးခဲ့၏။ ကျွန်ုပ်တို့ တိုင်းသူပြည်သားများအား အမျိုးမျိုးအဖုံဖုံ မတရား နှိပ်စက်ညှဉ်းပန်းသည်သာမက လူထုထံမှ ပစ္စည်းဥစ္စာရှိသမျှကိုလည်း အဓမ္မသိမ်းပိုက် လုယူခဲ့ကြ၏။ ဒီမိုကရေစီ လွတ်လပ်ရေးနှင့် လူ့အခွင့်အရေးဟူ၍ စိုးစဉ်းမျှ မကျန်ရှိအောင် လုပ်ခဲ့၏။ ကျွန်ုပ်တို့၏တပ်များကိုလည်း စနစ်တကျ စည်းရုံးလေ့ကျင့်ပေးခြင်း၊ စစ်ပစ္စည်း ကိရိယာ စုံလင်အောင် တပ်ဆင်ပေးခြင်းလည်း လုံးဝမပြုဘဲ ထားခဲ့၏။

ထိုအချိန်၌ သူတို့ ဂျပန်တပ်တွေကလည်း မြန်မာပြည်အား တကယ်တမ်း ကာကွယ်စောင့်ရှောက်ပေးနိုင်စွမ်း မရှိကြောင်း ထင်ရှား၍နေလေသည်။

ပြင်ဆင်မှု၊ လေ့ကျင့်မှုအတွက် အချိန်လုံလောက်စွာ မရှိဟူသော အကြောင်းပြချက်များမှာလည်း အခြေအမြစ် မရှိချေ။ သုံးနှစ်မျှသောအချိန်မှာ တိုင်းပြည်တစ်ပြည်၏ ကာကွယ်ရေးကို ကောင်းကောင်းကြီး ပြင်ဆင်နိုင်သော အချိန်ကာလ ဖြစ်ပေသည်။

ထိုသုံးနှစ်အတွင်း ဗြိတိန်သည် ၎င်းတပ်များကို စစ်ဖြစ်ခါစအချိန်ကထက် အဆပေါင်းများစွာ အင်အား ပိုမိုတောင့်တင်းလာအောင် တိုးချဲ့ဖြည့်တင်းနိုင်ခဲ့ပေသည်။

ထိုသုံးနှစ်အတွင်းမှာပင် တိုင်းပြည်ငယ်တစ်ခုဖြစ်သော (ယူဂိုစလားဗီးယား) နိုင်ငံသည်လည်း မူလက ဘာမျှမရှိဘဲလျက် ၎င်း၏ စစ်တပ်များနှင့် တိုက်ခိုက်ရေး အင်အားကို အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့ပေသည်။

မည်သည့်စစ်ပွဲ၊ မည်သည့်တော်လှန်မှု အရေးတော်ပုံ၌မဆို နိုင်ငံ တစ်နိုင်ငံသည် သူညက စပြီး မိမိ၏ ကာကွယ်ရေး အင်အားကို တိုးတောင်းလှသောအချိန်ကာလအတွင်း သူတစ်ပါး၏ ကျူးကျော်လာခြင်းကို အောင်မြင်စွာမဟုတ်သည့်တိုင်အောင် ချီးကျူးဖွယ်ရာ တောင့်တင်းခိုင်မာစွာ တည်ဆောက်နိုင်ခဲ့သော သာဓကများရှိခဲ့ရာ ဂျပန်ပြည်သည်လည်း ဤနေရာ၌ ခြွင်းချက် မဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်တို့ကမူ ကျွန်ုပ်တို့အား အတွေ့အကြုံ ဝါနုသေးသည်၊ ရင့်ကျက်တည်ငြိမ်ခြင်း မရှိသေးဟု အကြောင်းပြကာ ကျွန်ုပ်တို့၏ စစ်မက်အင်အား တည်ဆောက်ရေးကို ခွင့်မပြုခဲ့ဘဲနေခဲ့၏။

တစ်ဖက်တွင်ကား စစ်အောင်နိုင်ရေးအတွက် လိုအပ်သည်ဆိုပြီး မြန်မာလူထုထံမှ ရှိသမျှ ပစ္စည်းဥစ္စာများကို အဓမ္မသိမ်းယူခြင်း၊ အလွန်ဆင်းရဲပင်ပန်းလှသော ချွေးတပ်ထဲဆွဲသွင်းပြီး အတင်းအကျပ်စေခိုင်းခြင်း၊ တန်ဖိုးမရှိသော ဂျပန်ငွေစက္ကူတွေ အလွန်အကျွံထုတ်၍ ကုန်ပစ္စည်းတန်ဖိုး အဆမတန်တက်စေခြင်း စသည်တို့ကို ပြုကျင့်လျက် စစ်ယန္တရားကြီးကို ဖြည့်တင်းခဲ့လေသည်။

ဤအခြေအနေမျိုးတွင် ကျွန်ုပ်တို့မှာ တရားမျှတခြင်းကို လိုလားသူ၊ မျိုးချစ်စိတ်ဓာတ်ရှိသူများအဖြစ် ဖက်ဆစ်ဂျပန်အား ပြန်၍တော်လှန်ပုန်ကန်ရန်မှတစ်ပါး အခြားနည်းလမ်း မရှိတော့ချေ။

ထို့ကြောင့် ကျွန်ုပ်တို့ ဂျပန်ကို တော်လှန်သောအချိန်၌ မဟာမိတ်တပ်များက အချိန်မီ လာရောက်ကူညီနိုင်မည် မနိုင်မည်ကိုလည်း သေချာ တပ်အပ်စွာ မသိသေးခဲ့ကြောင်း၊ ကျွန်ုပ်တို့ လှုပ်ရှားမှု ခြေလှမ်းကြောင့် ဂျပန်စစ်ဘက်မှ ဘယ်လိုဂယက်မျိုး ပဲ့တင်ရိုက်ခတ်လာမည်ကိုလည်း ကြိုတင်သိထားနှင့်ကြောင်းနှင့် ကျွန်ုပ်တို့ကိုယ်တိုင်က ဂျပန်တော်လှန်ရေးအတွက် မဟာမိတ်တို့နှင့် ဆက်စပ်ချေးဆစ်လိုခြင်း၊ အခွင့်အရေးတောင်းသော အချောင်သမားဝါဒကို မျှော်ခေါ်ခြင်းများ လုံးဝမရှိခဲ့ကြောင်း စသည့် အချက်များပင် ဖြစ်ပါသည်။

မဟာမိတ်တပ်များထံမှလည်း အခွင့်အရေးနှင့်ပတ်သက်၍ ကတိစကား ဟူ၍ ကျွန်ုပ်တို့ ဘာမျှမရခဲ့ချေ။ ကျွန်ုပ်တို့သည် မဟာမိတ်တို့ဘက်မှ ဝင်ရောက်တိုက်ခိုက်ခြင်းမှာ ၎င်းတို့၏ ရည်ရွယ်ချက်နှင့် စစ်တိုက်ရခြင်းဝါဒ မှန်ကန်သည်ဟု ယူဆသောကြောင့်ပင် ဖြစ်သည်။

မဟာမိတ်တို့သည် လွတ်လပ်ရေးနှင့် ငြိမ်းချမ်းရေးရှိသော လောကသစ် စခန်းသို့ ရှေးရှုချီတက်နေကြသည်ဟု ကျွန်ုပ်တို့ ယုံကြည်သောကြောင့်လည်း ဖြစ်သည်။ ထို ငြိမ်းချမ်းပြီး လွတ်လပ်သော ကမ္ဘာသစ်မှာသာလျှင် ကျွန်ုပ်တို့နိုင်ငံသည်လည်း လုံခြုံတည်မြဲနိုင်မည်ဟုလည်း ယုံကြည်သောကြောင့်ဖြစ်သည်။ ထို့အပြင် ကျွန်ုပ်တို့သည် ကမ္ဘာ့လူထုကြီး (ဗြိတိသျှလူမျိုးများ အပါအဝင်) အပေါ်၌ အကြွင်းမဲ့ ယုံကြည်စိတ်ချသောကြောင့်လည်း တိုက်ခိုက်ခဲ့ကြခြင်းဖြစ်လေသည်။



ကျွန်ုပ်တို့တစ်တွေ မည်မျှ ရှုပ်ချွံစွာ စွမ်းစွမ်းတမံ တိုက်ခိုက်ခဲ့ကြကြောင်းကိုကား ကမ္ဘာက သိပြီးဖြစ်ပါသည်။

ကျွန်ုပ်တို့တပ်များက ဂျပန်စစ်သား ၂၀၀၀၀ ကျော်ထက်မနည်း တိုက်ခိုက်သတ်ဖြတ်ပစ်ခဲ့သည့်ပြင်၊ စစ်သုံ့ပန်းအဖြစ်လည်း ဂျပန်အမြောက်အမြားကို လက်ရ ဖမ်းဆီးခဲ့ပါသေးသည်။

ယခု တော်လှန်ရေးကြီးကာလအတွင်း ကျွန်ုပ်တို့တပ်များ၏ စွမ်းဆောင်ချက်များအနက် အထူးခြားဆုံးကို ဖော်ပြရမည်ဆိုလျှင် ဂျပန် အမှတ် ၅၄ တပ်မကြီးတစ်ခုလုံးကို အပြုတ်ချေမှုန်း တိုက်ခိုက်ခဲ့လျက် ဂျပန်ဗိုလ်ချုပ် (လက်ဖတင်နင်ဂျင်နရယ် တစ်ယောက်နှင့် မေဂျာဂျင်နရယ် ၂ ယောက်) သုံးယောက်ကိုပါ သတ်ဖြတ်နိုင်ခဲ့ခြင်းပင် ဖြစ်ပါတော့သည်။

၎င်းတိုက်ပွဲ၌ ကျွန်ုပ်တို့သည် ဂျပန်တို့ထံမှ အရေးပါ အရာရောက်သော စာရွက်စာတမ်းအတော်များများကိုပါ သိမ်းယူရရှိပြီး မဟာမိတ်တပ်များလက်သို့ အပ်နှံခဲ့ကြသည်။

ကျွန်ုပ်တို့တပ်များ၏ တိုက်ခိုက်အောင်မြင်မှုများကို ဤနေရာတွင် အသေးစိတ် ဖော်ပြရလျှင် ရှည်လျားမည်ဖြစ်၍ အောက်ပါ အချက်အလက်တစ်ခုကိုသာ ပြောပြလိုပါသည်။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ တိုင်းပြည်နှင့် ကမ္ဘာ့လူထုအပေါ် တာဝန်တစ်ခုကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီး ဖြစ်ပါသည်။ သို့ ထမ်းဆောင်ရာ၌လည်း မဟာမိတ်တပ်များအပေါ် ယုံကြည်ကိုးစားသော စိတ်ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် မဟာမိတ်တို့ထံမှ ယခုထက်မို၍ ကူညီ ထောက်ပံ့မှု ဆတက်ထမ်းပိုး တိုး၍ ထိရောက်အောင်မြင်စွာ

www.burmeseclassic.com

www.burmeseclassic.com



ရန်သူ ဖက်ဆစ်ကို တိုက်ခိုက်ချေမှုန်းနိုင်မည်ဖြစ်သော်လည်း တော်လှန်ရေးကာလအတွင်း ရရှိသမျှသော အကူအညီအထောက်အပံ့များအတွက် မဟာမိတ်တပ်ပေါင်းစုကို ကျေးဇူးဥပကာရ တင်ရှိလှပါသည်။ မျိုးချစ်စိတ် ထက်သန်စွာဖြင့် ကျွန်ုပ်တို့လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အားတက်သရော ပူးပေါင်းကူညီခဲ့သော မြန်မာတိုင်းရင်းသားလူထုကြီးကိုလည်း အတိုင်းထက်အလွန် ကျေးဇူးတင်ရပါဦးမည်။

စင်စစ် ပြည်သူလူထုကြီး၏အခြေအနေမှာ လုံးဝအားကျစရာကောင်းသည် မဟုတ်ချေ။ ကျွန်ုပ်တို့ ရဲဘော်တွေကြောင့် ဂျပန်က ပြည်သူလူထုအား အချိန်မရွေး ရက်စက်ညှဉ်းပန်းနိုင်သည့် အခြေအနေမျိုး ရှိခဲ့၏။ ယင်းသို့ ဖက်ဆစ်ဂျပန်က လူထုအပေါ် မတရား ညှဉ်းပန်းရက်စက်မည်ကို စိုးရိမ်အားကြီး၍သာ ကျွန်ုပ်တို့၏ ဖက်ဆစ်တော်လှန်ရေးမှာ အချိန်ဆွဲမှုကြန့်ကြာခဲ့ခြင်း ဖြစ်ပါသည်။ သို့မဟုတ်ပါက ကျွန်ုပ်တို့သည် ဂျပန်အား ခပ်စောစောကပင် တော်လှန်တိုက်ခိုက်မိကြမည် ဖြစ်ပါသည်။ ထို့ကြောင့် ဂျပန်တို့က ပြည်သူလူထုအပေါ် ညှဉ်းဆဲနှိပ်စက်လာလျှင် မည်ပုံ တန်ပြန်လှုပ်ရှားရမည်ကို ကျွန်ုပ်တို့က တော်လှန်ရေးမတိုင်မီအချိန်အတွင်း ကြိုတင်ပြင်ဆင်ခဲ့ရပါသည်။

မည်သို့ပင်ဖြစ်စေ ယခုစစ်ကြီးကား ပြီးသွားပေပြီ။ ဤစစ်ပွဲတွင်လည်း ကမ္ဘာ့လူထုကြီးဘက်က အနိုင်ရခဲ့သည်ဟူ၍ပင် ဆိုရပါမည်။

၁၉၃၁ ခုနှစ်ကစ၍ ကမ္ဘာကြီးတွင် (တစ်နေရာမဟုတ်တစ်နေရာ၌) သွေးထွက်သံယိုမှုများ ဖြစ်ခဲ့ရသည်။ ယခုတော့ ငြိမ်းချမ်းရေးသည် ရောက်ရှိလာပါပြီ။

ကမ္ဘာ့ကုလသမဂ္ဂအသင်းကြီးကလည်း ကမ္ဘာတစ်ဝန်းလုံးတွင် ငြိမ်းချမ်းရေး လွတ်လပ်ရေး တိုးတက်ဖွံ့ဖြိုးရေးများ မလွဲမသွေရရှိအောင် ဆောင်ရွက်တည်ဆောက်နိုင်ပါစေဟူ၍လည်း ဆုတောင်းမိသည်။

ယခု ငြိမ်းချမ်းရေးသည် လူသေနှင့် သချိုင်းတို့၏ ငြိမ်းချမ်းရေးမျိုး မဟုတ်။ တကယ့်ငြိမ်းချမ်းရေးအစစ်ဖြစ်ပေလိမ့်မည်ဟုလည်း မျှော်လင့်ပါသည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံအဖို့ကား ယခုလက်ငင်းပြဿနာမှာ မြန်မာပြည်ကာကွယ်ရေးအတွက် လက်နက်ကိုင် တပ်များ စနစ်တကျ ဖွဲ့စည်းတည်ထောင်ရန်ပင် ဖြစ်သည်။ သို့မှသာလျှင် ရှေ့ ၂ နှစ် ၃ နှစ်အတွင်း မြန်မာနိုင်ငံသည် အခြား ဗြိတိသျှမနေသဟာယ နိုင်ငံများနည်းတူ ဒိုမီနီယံအဆင့်သို့ ရောက်ရှိချိန်၌ နိုင်ငံကာကွယ်ရေးအတွက် လုံလောက်သော ပြင်ဆင်မှုများ တည်ဆောက်နိုင်ပြီးသား ဖြစ်နိုင်ပေသည်။

မြန်မာပြည်ကို လွတ်လပ်ရေးပေးရန်ကိစ္စနှင့်စပ်လျဉ်း၍ ဟိုဘက်သည်ဘက် လျှောက်လဲစရာ အငြင်းပွားနိုင်စရာ ဆင်ခြေတွေတော့ အများကြီး ရှိချင်ရှိပါမည်။ သို့သော် ဤနေရာ၌ 'လာချင် အနီးကလေး၊ မလာချင် ခရီးဝေး' ဟူသော ကျွန်ုပ်တို့မြန်မာစကားပုံကလေးကိုသာ ကိုးကားလိုပါတော့သည်။

ကမ္ဘာ့ရာဇဝင်သမိုင်းတွင်ကား တော်လှန်ရေးကာလအတွင်း နိုင်ငံသစ်တစ်ခုသည် ခြေလှမ်းကျဲကျဲ လှမ်းခြင်းအားဖြင့် တိုင်းပြည်၏ ဖွဲ့စည်းတည်ဆောက်ခြင်းကို အပြီးအစီး လုပ်နိုင်ခဲ့သည့် သာဓကတွေ အမြောက်အမြားရှိခဲ့ပါသည်။

ဗြိတိန်ပြည်မှာတွင်ပင် အလွန်နှေးကွေးသည်ဆိုသော ပါလီမန်က ၎င်းတို့ တကယ်လိုလားသော ဥပဒေကြမ်းတစ်ခုကို တစ်ရက်အတွင်း ဆုံးဖြတ် အတည်ပြုနိုင်ကြပါသည်။ ထို့ကြောင့် ဒိုမီနီယံအုပ်ချုပ်ရေး မပေးမီကာလအတွင်း မြန်မာပြည်၏ ကာကွယ်ရေးအစီအစဉ်များကို ရေးဆွဲစီမံရာ၌ မြန်မာလူထုကြီး၏ ကိုယ်စားလှယ်များကိုပါ ညှိနှိုင်းတိုင်ပင်ရလိမ့်မည်ဟုလည်း မျှော်လင့်ပါ၏။

ကျွန်ုပ်တို့ မျိုးချစ်ဗမာ့တပ်မတော်နှင့် ပြောက်ကျားတပ်သားတို့၏ မျှော်ခေါ်ချက် (ASPIRATION) များကိုတော့ အားလုံးက သိနှင့်ပြီးဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့ကလည်း တိုင်းပြည်၏ လက်ရှိအခြေအနေကို ထောက်၍ အဖြစ်နိုင်ဆုံးနှင့် အနည်းဆုံး အခွင့်အရေးနှင့် စည်းကမ်းချက်များကိုသာ တောင်းဆိုထားပါသည်။ ထိုမှသာ မျိုးချစ်ဗမာ့တပ်မတော် ပြောက်ကျားတပ်များနှင့် မြန်မာပြည်သူလူထုက နိုင်ငံကာကွယ်ရေးတွင် ဝင်ရောက်အမှုထမ်းနိုင်ကြပါမည်။

ထိုသို့မဟုတ်ဘဲ ကျွန်ုပ်တို့၏ မျှော်ခေါ်ချက်များကို နားလည်အောင် လေ့လာခြင်းမပြု၍ လျစ်လျူရှုကာ အာဏာပိုင်တို့က လုပ်သွားပါမူ ဗြိတိန်သည်လည်းကောင်း၊ မြန်မာပြည်သည်လည်းကောင်း နှစ်ဦးနှစ်ဝ လိုလားသောပန်းတိုင်သို့ မရောက်ဘဲ ယခင် စစ်မဖြစ်မီကကဲ့သို့ နှစ်ပြည်ထောင်လူထု၏ မျှော်ခေါ်ချက်များ ပျက်ပြားကာ တစ်ဦးနှင့်တစ်ဦး ယုံကြည်မျှော်လင့်ချက်များလည်း ကင်းမဲ့သွားပါလိမ့်မည်။

ယခု ထိုသို့မဖြစ်ပါစေနှင့်ဟု ကျွန်ုပ် အထူးမျှော်လင့်မိပါသည်။ သို့ဖြစ်ရကား ခဲယဉ်းပင်ပန်းစွာ ဆွတ်လှမ်းရရှိသော စစ်အောင်နိုင်မှုကို အခြေပြုကာ ကျွန်ုပ်တို့အားလုံး (ဗြိတိသျှနှင့် မြန်မာလူမျိုးတွေ)သည် လက်ချင်းတွဲကာ တကယ်သာယာမွန်မြတ်သော ငြိမ်းချမ်းရေးကြီးကို တည်ဆောက်ကြပါစို့။

ကျွန်ုပ် အထက်တွင် ပြောခဲ့သလို ဖက်ဆစ်လူရိုင်းတို့လက်မှ တိုက်ယူရရှိသော ငြိမ်းချမ်းရေးသည် သင်္ချိုင်းဂူတို့ဖြင့်သာ ပြီးသော ငြိမ်းချမ်းရေးမျိုးမဟုတ်ဘဲ တကယ့်လွတ်လပ်ရေး တိုးတက်ဖွံ့ဖြိုးရေးတို့ဖြင့် ပြည့်စုံသည့် ငြိမ်းချမ်းရေးအစစ်ကြီး ဖြစ်လာပါစေတည်း။

□

## ပြောင်မြောက်နိုင်ပါစေသတည်း

## (ဝေနဂျာနယ်အတွက် ဥယျာစဉ်)

ဝေနဂျာနယ်အတွက် နှုတ်ခွန်းဆက်အမှာစာ ရေးပေးရန် ကျွန်တော့်အား မှာကြားခဲ့သည့်အခါ ကျွန်တော်၏စိတ်သည် ရောက်ချင်ရာ နယ်တစ်ဝန်းဆီသို့ ပျံ့နှံ့ခဲ့ပြီး စကားဟု စာဆိုတစ်ဦး ရေးစပ်ခဲ့သလို ထွေထွေရာရာ ဟိုဟိုဒီဒီ ကျက်စားမိတော့သည်။

ဇဝနကား တိုင်းသိပြည်သိ စာရေးဆရာဖြစ်သည်ကို အထူးဖော်ပြရန် လိုပေ။ ဇဝန ဆိုသောအမည်မှာ ဆရာတော်ဘွဲ့ဆန်ဆန်ဖြစ်သော်လည်း၊ နာမည်နှင့် ဆိုက်လျော်ညီစွာ ဟာသဝိဇ္ဇာဟုလည်း အသိအမှတ်ပြုထားကြသည်။

ဟာသပညာသည် လူမျိုးတစ်မျိုး၏ဘဝတွင် အရေးပါအရာရောက်သော ပညာရပ်တစ်ခုဖြစ်သည်။ သို့သော် ဟာသပညာအစစ်နှင့် အတုကို ခွဲခြားရန် လိုသည်။ ဇာတ်ပွဲများတွင်ပါဝင်သော လူရွှင်တော်များ၏ ပြက်လုံးများသည် အခါခပ်သိမ်း ဟာသပညာ မဟုတ်ပေ။ ကျွန်တော် နားလည်သော ဟာသပညာကား လောကီလူ့ဘဝ လူ့ဇာတ်ခုံတွင် ရှေ့နောက်မညီ အဆင်မပြေသော အချက်အလက်များကို ထုတ်ဖော်၍ ရှင်လူအပေါင်းတို့အား ရယ်စရာသဘော မြင်စေရမည်။ ဤသို့ မြင်စေရာတွင် စာရေးဆရာ၏ စိတ်ကူးဉာဏ်စွမ်းအလိုက် အသွင်အမျိုးမျိုး ဆောင်နိုင်လာသည်။ အချို့ဟာသဆရာများက မိမိတို့ပတ်ဝန်းကျင် ကမ္ဘာကြီးကို ဟက်ဟက်ပက်ပက် ရယ်မောကြသည်။ ပြောင်လှောင်ကြသည်။ ခနဲ့ကြသည်။ ခြဲကြသည်။ ဆောင်းမြောင်းကြသည်။ အချို့ကား မိမိတို့ဘာသာ ကျိတ်၍ရယ်မောကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ဤ[illegible]များသည် အသွင်အမျိုးမျိုးဆောင်ကာ လောကီလူသားများ၏ ကြီးကျယ်မှု၊ ဟန်ဆောင်မှု၊ ဝင့်ဝါပလွှားမှုအရပ်ရပ်ကို ပြက်ရယ်ပြုကြသည်။ ဥပမာဆိုလျှင် ပြင်သစ်စာရေးကြီး မော်လျရဲ့သည် မဟာဆန်ချင်သူ ဆရာဝန်ပါပဲ အစရှိသော ပြဇာတ်များကို ရေးကာ မိမိခေတ်ရှိ ပတ်ဝန်းကျင်လောကကို ပြောင်လှောင်ခဲ့သည်။ စလေဆရာကြီး ဦးပုညသည် ၎င်းရေးသားသော မေတ္တာစာများ၊ ပြဇာတ်များတွင် ထိုခေတ်ထိုအခါက လောကီသားများ၏ သွားလာနေထိုင် ပေါင်းသင်းဆက်ဆံမှု အစရှိသည်တို့ကို ပြောင်လှောင် ရယ်မောခဲ့သည်။

ယခုခေတ်တွင် ရံဖန်ရံခါအားဖြင့် လက်ရှိ နိုင်ငံရေး၊ လူမှုရေးကိစ္စများနှင့် ပတ်သက်၍ ရုပ်ပြောင်များ၊ စာတိုစာစများ၊ ဝတ္ထုများ အစရှိသည်အားဖြင့် သက်ဆိုင်သူ စာရေးဆရာ၊ ရုပ်ပြောင်ဆရာတို့တွင် အမြင်အတိုင်း ကဲ့ရဲ့ကြသည်။ ပြောင်လှောင်ကြသည်။ ဇဝနကား ဤပုဂ္ဂိုလ်များတွင် ထိထိမိမိ ရေးနိုင်စွမ်းဆုံးတစ်ဦးပင် ဖြစ်သည်ဟု ဆိုက မလွဲဟု ကျွန်တော် ယူဆသည်။

ယခု ဇဝနသည် ဇဝနဂျာနယ် ထုတ်မည်ဖြစ်ရာ၊ ၎င်း၏ ပင်ကို ဉာဏ်စွမ်းလက်စွမ်းများဖြင့် ကမ္ဘာကျော် စာရေးဆရာကြီးများကဲ့သို့ မြန်မာ့ယဉ်ကျေးမှု ကမ္ဘာ့ယဉ်ကျေးမှုနယ်တွင် ထိရောက်အောင်မြင်စွာ ပြောင်းလဲတိုးတက်အောင် ပြောင်မြောက်နိုင်ကြပါစေသတည်းဟု ဆုမွန်ကောင်း တောင်းလိုက်ပါကြောင်း။

အောင်ဆန်း

□

## ဘွင်းဘွင်းနှင့် ရှင်းရှင်း အလုပ်လုပ်ရမည်

## ဗိုလ်ချုပ်အောင်ဆန်း ပြောပြချက် (၂၀–၂–၄၆)

ဖေဖော်ဝါရီလ ၂၀ ရက်နေ့က သတင်းစာဆရာများနှင့် ဗိုလ်ချုပ်အောင်ဆန်းသည် ဆွေးနွေးပွဲတစ်ခု ကျင်းပပြီး ပြောပြသည်မှာ အောက်ပါအတိုင်းဖြစ်ကြောင်း။

ဖဆပလအဖွဲ့ချုပ် အတွင်းရေးများနှင့်ပတ်သက်၍ စတင်ဖွဲ့စည်းခဲ့ပုံများမှာ ပထမဦး ဖြစ်သလို အခွင့်အရေးကိုကြည့်၍ ဖွဲ့စည်းခဲ့ရသော်လည်း ယခုအဖွဲ့မှာ အားလုံး ပါဝင်နိုင်အောင် စည်းကမ်းတကျ ဖွဲ့စည်းထားပြီဖြစ်ကြောင်း။ အဖွဲ့ချုပ် စည်းကမ်းချက်များကို ဖောက်ဖျက်သူတို့လည်း ရှိခဲ့ကြပြီး ခွတုတ်လုပ်နေသည်ကို သည်းခံနိုင်တော့၍ ဘီလူးစည်း၊ လူ့စည်း ခွဲခြားလိုက်ရကြောင်း။ နိုင်ငံရေးကလည်း ဖဆပလကို စောင့်မနေ။ ဖဆပလကလည်း လူပုဂ္ဂိုလ်တို့ကို မစောင့်နိုင်တော့ပြီ။ ပုဂ္ဂိုလ်ကို ခင်မင်မှုဖြင့် စည်းကမ်းကို အထိမခံနိုင်၍ ဘွင်းဘွင်းနှင့်ရှင်းရှင်း မေးမြန်းထားရပြီ။ ဗဟိုဦးစီးအဖွဲ့ကလေးဖွဲ့စဉ်ကပင် သူမပါ ငါမပါနှင့် အတော် အငြင်းဖြစ်ပွားကြရပြီး အချို့ကလည်း ရွေးကောက်ပွဲကလေးကို မျှော်ပြီး လုပ်နေကြသည်ကို သိရသည်။ လာမည့်ရွေးကောက်ပွဲ၌လည်း လူပုဂ္ဂိုလ်စွဲ ဘယ်သူမှ မညှာနိုင်ဘဲ တင်းတင်းမာမာစည်းကမ်းချက်မျိုးကို အသုံးပြုရပေမည်ဖြစ်ကြောင်းနှင့် ပြောပြကြောင်း။

□

www.burmeseclassic.com

www.burmeseclassic.com



## ဗိုလ်ချုပ်အောင်ဆန်း၏ သဝဏ်လွှာ

လွတ်လပ်ရေး မရမီ ၁၃၀၈ ခု၊ ကဆုန်လတွင် ဟင်္သာတမြို့၌ မြန်မာနိုင်ငံ တောင်
လယ်သမားအစည်းအရုံးကြီး၏ ပဌမအကြိမ်မြောက် ပြည်လုံးကျွတ် ညီလာခံကြီး
ကျင်းပခဲ့ပါသည်။ ထို ညီလာခံကြီးသို့ ထိုစဉ်က ဖဆပလအဖွဲ့ချုပ်ကြီး၏ ဥက္ကဋ္ဌဖြစ်
ဗိုလ်ချုပ်အောင်ဆန်းက သဝဏ်လွှာ ပေးပို့ခဲ့ပါသည်။

**ဖက်ဆစ်ဆန့်ကျင်ရေး၊ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ချုပ်။ (၇-၄-၄**

မြန်မာနိုင်ငံတွင် တောင်သူလယ်သမားများသည် လူဦးရေ အားဖြင့် အများဆုံးဖြစ်သည်။ သူတို့၏ကျေးဇူးသည် တစ်မျိုးလုံး တစ်နိုင်ငံလုံးအပေါ် ရှိသည်။ သူတို့၏ ကောင်းမှုကြောင့် ယခုအခါ ငတ်မွတ်ခေါင်းပါးခြင်းဘေးဆိုးဖြင့် ရင်ဆိုင်နေရသော ကမ္ဘာကြီးတွင် ကျွန်ုပ်တို့နိုင်ငံ သက်သာရာရပေတော့သည်။

မြန်မာနိုင်ငံသည် ကျွန်ဘဝက မလွတ်မြောက်သေး။ သို့သော် အနေး အမြန် မြန်မာနိုင်ငံ လွတ်လပ်တော့မည်မှာ မလွဲနိုင်တော့ဟု ထင်သည်။ လွတ်လပ်သောနိုင်ငံတွင် လူဦးရေ အများဆုံးဖြစ်၍ တစ်တိုင်းလုံး တစ်နိုင်ငံလုံး၏ ကျေးဇူးရှင် တောင်သူလယ်သမားများ၏အရေးသည် အဓိကအရေး ဖြစ်လာမည်။ ကြွေးမြီရှင်းလင်းရေး၊ လယ်မြေရရေး၊ စပါးဆန်ဈေး ကောင်းမွန်ရေး၊ အခွန်နှုန်း သီးစားနှုန်း မျှတရေး စသော ပြဿနာများသည် မြန်မာနိုင်ငံ မလွတ်လပ်သမျှ လုံးဝပြေပျောက်ခြင်း မရှိနိုင်။ အနည်းအကျဉ်းမျှသာ ဖြေရှင်းနိုင်ရုံမျှ ရှိသေးသည်။

တောင်သူလယ်သမားများသည် မိမိတို့ ယခုလက်ရှိ ဘဝဆင်းရဲမှ လွတ်မြောက်လိုကြလျှင် တစ်တိုင်းလုံး တစ်နိုင်ငံလုံးနှင့် တပ်ပေါင်းချီ၍ လွတ်လပ်ရေးပန်းတိုင်ရောက်အောင် ဆက်လက်ဆောင်ရွက်ရန် ရှိသေးသည်။ မြို့များတွင်ရှိသော အလုပ်သမားများ၊ လူထုများနှင့်ရင်ပေါင်တန်းကာ တညီတညွတ်တည်း ချိတက်လျက်ရှိသော အလုပ်သမား၊ လယ်သမား လူထုကြီးအား ခေါင်းဆောင်သူများ မည်မျှပင်ပြိုပြိုအက်ကွဲနေစေကာမူ မည်သည့် လွတ်လပ်ရေးရန်သူ ဟူသမျှသည်ကား တားဆီး ချုပ်ချယ်နိုင်ပါအံ့နည်း (ဝီရိယဝတော ကိံကမ္မံနသိဇ္ဈတိ ဆန္ဒဝတော ကိံနာမကမ္မံ နသိဇ္ဈတိ)။ ငါတို့၏လွတ်လပ်ရေးသည် အနေး အမြန် ရရမည်။ ငါတို့၏အရေးသည် အောင်ရမည်။ ညီလာခံသဘင်ကြီး အောင်မြင်ပါစေ။

ပုံ - **အောင်ဆန်း**

ဖဆပလ၊ ဥက္ကဋ္ဌ

□

www.burmeseclassic.com

www.burmeseclassic.com

## မြန်မာပြည်လုံခြုံမှုအတွက် ဘာလုပ်မည်နည်း

ထကြွနေသော သူခိုး ဓားပြများကို မနှိမ်၊ အစိုးရ ဘာကိုနှိမ်နေသနည်း။

အစိုးရသည် သူခိုးဓားပြကို မနှိမ်နိုင်။ သူခိုးဓားပြကို နှိမ်၍နေသော ပြည်သူ့ရဲဘော်ကို နှိမ်၍နေလေသည်။

ပြည်သူ့ရဲဘော်အဖွဲ့သည် ထကြွသောင်းကျန်းနေသော သူခိုးဓားပြကို ဝင်ရောက်နှိမ်နင်းပေးခြင်းဖြင့် အစိုးရကို ကူညီလျက် ရှိလေသည်။ အစိုးရသည် မိမိအား အကူအညီပေးနေသော ပြည်သူ့ရဲဘော်တပ်ဖွဲ့၏ အကူအညီကို ပယ်လှန်၍ ပစ်ချင်လေသည်။ ဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင်ရှိရမည့်နေရာတွင် မသက်သာ စိတ်ကြောင့် ကျေးဇူးမတင်နိုင် ဖြစ်၍နေလေသည်။

ပြည်သူ့ရဲဘော်တပ်ဖွဲ့သည် အစိုးရကို တော်လှန်ခြားနားမည့် အဖွဲ့အစည်း တစ်ခုဟု ယူဆနေလေသည်။ ထိုအယူအဆသည် အလွန်မှားသော အယူအဆ ဖြစ်လေသည်။ ဤအယူအဆ မှားနေသဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် အောက်ပါ ရှင်းလင်းချက်ကို ထုတ်ပြန်ခဲ့ရလေသည်။

တနင်္ဂနွေနေ့ထုတ် သတင်းစာများ၌ ပါရှိသော စစ်သားမဟုတ်သူများ ယူနီဖောင်း ဝတ်ဆင်ရေး၊ စစ်ပညာလေ့ကျင့်ရေးတို့နှင့်ပတ်သက်သည့် အစိုးရ ကြေညာချက်တစ်ခုကို ကျွန်ုပ် သတိပြုလိုက်မိလေသည်။

ထိုကြေညာချက်ကား ယခုအခါ နိုင်ငံတစ်ဝန်းလုံးတွင် စတင်ဖြစ်ပေါ်လျက် ရှိသော နိုင်ငံရေး ညှဉ်းပန်းမှုများအတွက် အလွန်သေသပ်ပိရိစွာ လမ်းခင်း၍ပေးလိုက် ခြင်းပင်ဖြစ်လေရာ ပြည်သူ့ရဲဘော်တပ်ဖွဲ့၏ ဦးစီးခေါင်းဆောင်အဖြစ် ကျွန်ုပ်တို့သည်



ထို အစိုးရ ကြေညာချက်ကို ပြန်လည်ချေပခြင်း မပြုလျှင် မဖြစ်နိုင်တော့ချေ။

ကြေညာချက်တွင် စစ်ပညာကို အဘယ်ကြောင့် လေ့ကျင့်ရသနည်းဟု မေးထားပြီး၊ မြန်မာလူငယ်များ မိမိတို့ တိုင်းပြည်ကို ကာကွယ်နိုင်စေရန်ဆိုလျှင် မြန်မာပြည် ကိုယ်ပိုင်အုပ်ချုပ်ရေးရသောအခါ မြန်မာနိုင်ငံ စစ်တပ်သည်လည်း မြန်မာအစိုးရလက်အောက်သို့ ရောက်ရမည်ဖြစ်၍ ထို မြန်မာနိုင်ငံ စစ်တပ်ထဲသို့ ဝင်ရောက်သင်ကြားခြင်းအားဖြင့် မြန်မာပြည်ကို ကာကွယ်နိုင်ဖို့ အသင့်ပင် ရှိနိုင် သည်ဟု ပြန်ဖြေထားလေသည်။

ပြည်သူ့ရဲဘော်တပ်ဖွဲ့၏ ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေ အခန်း ၁ အပုဒ် ၂ တွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

## တပ်ဖွဲ့၏ ရည်ရွယ်ချက်များကား

(က) အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံ စစ်တပ်တွင် ဆက်လက် အမှုမထမ်းဆောင်နိုင်သည့် မျိုးချစ် မြန်မာ့တပ်မတော်သား ရဲဘော်ဟောင်း (တပ်ဗိုလ် တပ်ကြပ် တပ်သား) များသည် သို့ ဆက်လက်အမှုမထမ်းဆောင်ရရုံများဖြင့် စိတ်ဓာတ် ကွဲပြား ပြောင်းလွဲမသွားစေရန်နှင့် ယခင် ထားရှိအပ်သည့် တရားသော နည်းလမ်းဖြင့် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကို အရယူရန် တစ်ခုတည်းသော ရည်ရွယ်ချက် ပျောက်ကွယ်မသွားစေရန်။

(ခ) ရဲဘော်ဟောင်းများတွင် ရရှိပြီးသော စစ်ပညာအခြေများ ပျောက်ကွယ် မှေးလျော့မသွားစေရန်နှင့် စစ်ပညာ သင်ကြားဆည်းပူးလိုသော မြန်မာတိုင်းရင်းသား များအား စစ်ပညာ လေ့လာဆည်းပူးနိုင်စေရန်။

(ဂ) သူခိုး ဓားပြ စသော ရာဇဝတ်မှုများ ပပျောက်ရန်နှင့် ရပ်ရွာ ငြိမ်ဝပ် ပိပြားရေးများအတွက် သက်ဆိုင်ရာ အစိုးရအဖွဲ့ဝင်များ၊ အခြားအဖွဲ့အစည်းများ၊ တိုင်းသူပြည်သားများနှင့် ပူးပေါင်းဆောင်ရွက်၍ ပြည်သူ့ကာကွယ်ရေးအတွက် ကူညီစောင့်ရှောက်ပေးရန်။

(ဃ) ကျန်းမာရေး၊ ပညာရေး၊ ပြန်လည်ထူထောင်ရေး စသော အများ ပြည်သူတို့၏ အကျိုးအတွက် စေတနာ့ဝန်ထမ်းလုပ်ငန်းများကို တစ်ဆင့်စီ ဆောင်ရွက် ပေးရန်။

(င) မြန်မာနိုင်ငံသည် လွတ်လပ်သော နိုင်ငံအခြေအနေသို့ ရောက်ရှိလာသော အခါ၊ မြန်မာနိုင်ငံ တပ်မတော်အတွက် စစ်ပညာသင်ကြား လေ့လာဆည်းပူး

www.burmeseclassic.com

www.burmeseclassic.com



တွမ်းကျင်ပြီးသော စစ်သားများရရှိရန်နှင့် ယခု ဖွဲ့စည်းပြီးသော မြန်မာနိုင်ငံ စစ်တပ်ကို တစ်ဆင့် တိုးချဲ့သည့်အခါဖြစ်စေ လိုလားသည့် စစ်သားဦးရေကို ပြည်သူ့ရဲတပ်ဖွဲ့မှ ထည့်သွင်းပေးနိုင်ရန်။

(စ) အနာဂတ် မြန်မာနိုင်ငံ ကာကွယ်ရေးအတွက် ထားရှိမည့် မြန်မာနိုင်ငံ အမြဲတမ်း စစ်တပ်တစ်ခုတည်းနှင့် လုံလောက်မည် မဟုတ်သဖြင့် တိုင်းသူပြည်သားများ ဖြစ်သော တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်များပါဝင်သည့် တပ်ဖွဲ့တစ်ခု လိုအပ်သည့်အတိုင်း ယခုကပင် လူမျိုးမရွေး၊ ဘာသာမရွေး၊ လူတန်းစားမရွေးသည့် ပြည်သူ့ရဲဘော်တပ်ဖွဲ့တစ်ခု ဖွဲ့စည်းရန်။

(ဆ) မြန်မာနိုင်ငံ စစ်တပ်အသစ် ဖွဲ့စည်းရာတွင် မပါဝင်သည့် ရဲဘော်ဟောင်းများအား စုရုံး သွေးစည်းစေ၍ ထိုက်သင့်သော အကူအညီ အထောက်အပံ့များ ပေးရေး။

(ဇ) မြို့ရွာနယ်များတွင် နေ့စဉ်နှင့်အမျှ တွေ့ကြုံခံစားနေရသော အနှောင့် အယှက် အခက်အခဲ ဒုက္ခအမျိုးမျိုးတို့မှ ရဲဘော်ဟောင်းများကို ကာကွယ်စောင့်ရှောက် ပေးရန်။

(ဈ) တော်လှန်ရေးတိုက်ပွဲများတွင် ကျဆုံးသော ရဲဘော်များနှင့် လူစဉ် မမီအောင် ဒဏ်ရာအနာတရ ရရှိသူ ရဲဘော်များအား မှီခိုစားသောက်နေရသော သားမယား မိဘဆွေမျိုးကို ထောက်ပံ့ကာကွယ်ကူညီစောင့်ရှောက်ရန်၊ ရသင့် ရထိုက်သော အခွင့်အရေးများအတွက် ရရှိအောင် အစွမ်းကုန် ကူညီဆောင်ရွက်ပေးရန် စသော ရည်ရွယ်ချက်များ ဖြစ်လေသည်။

ပြည်သူ့ရဲဘော်တပ်ဖွဲ့၏ ရည်ရွယ်ချက်များက ရှင်းလင်းပြတ်သားလှသည်။ မြန်မာနိုင်ငံစစ်တပ်သို့ ဝင်ရောက်ရေးကိုလည်း မဆန့်ကျင်ပေ။ သို့သော် စစ်တပ်သို့ ဝင်ရောက်ရန် အစီအစဉ်များ အဘယ်မှာနည်း။ တင်ဆောင်သယ်ပို့ရေး၊ သွားလာရေး အစရှိသည့် လိုအပ်သော အစီအစဉ်များ မရှိမှုကြောင့် ကျန်းမာသန်စွမ်း၍ ရွေးချယ်ရ ကတိရပြီးပါလျက် ယနေ့အထိ စစ်တပ်သို့ မဝင်ရောက်နိုင်သေးသော မျိုးချစ် မြန်မာ့တပ်မတော်သားများ ရှိသေးကြောင်းကို ဤနေရာတွင် ဖွင့်ဟ ပြောဆိုရပေမည်။ ကန္ဒီစာချုပ်တွင် ပါရှိသော အချက်အလက်မှန်သမျှကို မျိုးချစ်မြန်မာ့တပ်မတော် တာဝန်ခံအရာရှိများက တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်ပြီးဖြစ်သော်လည်း ကျန် တစ်ဖက်လူများက ယနေ့တိုင် မဆောင်ရွက်ရသေးသော အချက်အလက်များ ကျန်ရှိနေသေးကြောင်းကိုလည်း ကျွန်ုပ် ယခု ဖော်ထုတ်ပြောဆိုရပေမည်။ မြန်မာနိုင်ငံ



စစ်တပ်တွင် လိုအပ်သည့် စစ်သားဦးရေ ပြည့်သွားသည့်တိုင်အောင် ဆေးစစ်ရာတွင် အောင်မြင်သည့် တပ်မတော်သားများ၏ ပြဿနာကလည်း ရှိသေးသည်။ အစိုးရက လုံးဝ တာဝန်မယူနိုင်သော်လည်း၊ သူတို့ကို ကျွန်ုပ်တို့က ကြည့်ရှုစောင့်ရှောက် ဦးမည်။ ပြည်သူ့ရဲဘော်တပ်များကား ရပ်ရွာ ငြိမ်ဝပ်ပိပြားရေးအတွက်ဆိုလျှင် ဆိုင်ရာ အစိုးရအား အချိန်မရွေး အကူအညီပေးရန် အသင့်ရှိကြပေသည်။ သို့ရာတွင် ၎င်းအကူအညီကို အလိုမရှိဟု ကျွန်ုပ်တို့ သိရလေသည်။

ထို့ပြင် မြန်မာနိုင်ငံ ကာကွယ်ရေးအတွက် မြန်မာနိုင်ငံ စစ်တပ်တစ်တပ် တည်းဖြင့် လုံလောက်ပြီဟု မဆိုနိုင်။ လက်ရှိမြန်မာနိုင်ငံ စစ်တပ်၏ အစွမ်းကုန် ခြင်းအားနှင့် အစိုးရ၏ မြန်မာပြည်ကာကွယ်ရေး စီမံကိန်းအကြောင်းများကိုလည်း ကျွန်ုပ် သိရှိရာ ယခု ပြင်ဆင်ထားသည့် စီမံကိန်းများအတိုင်းဆိုလျှင် ရှေ့ နှစ်ပရိစ္ဆေဒ အတော်ကြာအောင် မြန်မာပြည်သည် အစွမ်းရှိသလောက် ခုခံကာကွယ်နိုင်လိမ့်မည် မဟုတ်သေးဟု ကျွန်ုပ် အတိအလင်း ဆိုဝံ့ပေသည်။ ထို့ကြောင့် ဘာဖြစ်မည်နည်း။ နိုင်ငံတကာ အရေးအရာအဖြစ်အပျက်တစ်ခုခု ပေါ်ပေါက်လာခဲ့သော် ကျွန်ုပ်တို့တွင် ဘာမှ အဆင်သင့်ရှိနိုင်မည် မဟုတ်ရကား၊ ဒုတိယကမ္ဘာစစ်ကြီးမှာကဲ့သို့ တစ်မှ ပြုတ်ချင်း ဝါးမျိုခြေမှုန်းခြင်း ခံရဦးမည်သာတည်း။

သို့ဖြစ်၍ ယခု အစိုးရလုပ်နေသမျှ သို့မဟုတ် လုပ်ရန် စဉ်းစား ဘိကူး နေသမျှကလေးကို ကျွန်ုပ်တို့သည် မည်သည့်နည်းနှင့်မျှ အသာငြိမ်ကာ ကျေနပ်နိုင်မည် မဟုတ်ပေ။ အခြားသူများထံမှအကူအညီကို ဝမ်းမြောက်စွာ လက်ခံမည်ဖြစ်သော်လည်း ကျွန်ုပ်တို့ကိုယ်ကိုသာ အားကိုးလိုကြသည်။ ယခုပင် တရုတ် မြန်မာ နယ်ခြားဒေသတွင် ဘာတွေဖြစ်ပျက်နေ၍ ကျွန်ုပ်တို့နိုင်ငံ၏ လုံခြုံမှုအတွက် ဘာများလုပ်နေသည်ကို တိုင်းပြည်အား အတိအလင်းကြေညာရန် ကျွန်ုပ်က အစိုးရထံ တောင်းဆိုလိုပေသည်။

ထို့နောက် အစိုးရကြေညာချက်က အခြားအကြောင်းများကို ဆွေးနွေးထား ပြန်သည်။ အခြားဖြစ်နိုင်သည့် အကြောင်းနှစ်ရပ် ရှိလာပြန်သည်။ ၎င်းတို့မှာ

(၁) တရားနှင့်အညီ တည်ထောင်၍ထားသော အစိုးရအား ခုခံတော်လှန်ရန် စည်းရုံးခြင်း။

(၂) နိုင်ငံရေးပါတီတစ်ခုခုက ခြောက်လှန့်၍သော်လည်းကောင်း၊ စေခိုင်း၍ သော်လည်းကောင်း အသုံးပြုနိုင်သည့် စစ်တပ်တစ်တပ် ဖွဲ့စည်းခြင်း။

မည်သို့ပင်ဖြစ်စေ၊ တည်မြဲလျက်ရှိသော အစိုးရအတွက် စိုးရိမ်ဖွယ်ရာ ရှိသည့်ပြင် ငြိမ်ဝပ်ပိပြားရေး၊ တရားဥပဒေ တည်တံ့ရေးအတွက်လည်း ကြောင့်ကြ

www.burmeseclassic.com

www.burmeseclassic.com



ဖွယ်ရာ ဖြစ်သောကြောင့်၊ တိုင်းပြည် ငြိမ်ဝပ်အေးချမ်းစွာ ယခုနှစ် မိုးတွင်း၌ ဆန်စပါး အစွမ်းကုန် စိုက်ပျိုးနိုင်ရန်နှင့် တရားမျှတပြီး လွတ်လပ်စွာ ရွေးကောက်ပွဲ အမြန်ဆုံး ပြုလုပ်ရန်အတွက် အစိုးရက တင်းတင်းကျပ်ကျပ် အရေးယူရပေလိမ့်မည်။

စစ်မဖြစ်မီက မြန်မာပြည်တွင် အပျော်တမ်းတပ်ဖွဲ့များ အထင်အရှား တည် ခဲ့ရာ၊ တည်မြဲပြီး အစိုးရအတွက်သော်လည်းကောင်း၊ တိုင်းပြည်ငြိမ်ဝပ်ပိပြားမှုအတွ သော်လည်းကောင်း ဘာမျှ စိုးရိမ်ကြောင့်ကြဖွယ် မဖြစ်ခဲ့ချေ။ စိုးရိမ်စရာရှိသည်ဟု ယူဆနိုင်ရန် ဘာသက်သေအထောက်အထား ရှိသနည်း။ ရှိလျှင် (ပြည်သူ့ရဲဘော် များအား တရားဥပဒေအတိုင်း ထုံးစံရှိသလို အရေးယူနိုင်ကြောင်း၊ အစိုးရအ ကျွန်ုပ် အရေးဆိုလိုက်သည်။ ယနေ့အထိ ကျွန်ုပ်၏ အများပြည်သူဘို့ရှေ့တွ ပြုမှု ဟောပြောချက်များနှင့်ပတ်သက်၍ပင် မှန်ကန်စွာ သတင်းမပေးနိုင်ကြရာသော စီအိုင်ဒီ စုံထောက်ဆရာများ၏ စိတ်ကူးယဉ်စွာ ဆင်ရေးပေးသော သတင်းများ စိတ်နှံ့သူမှန်သမျှ လက်ခံယုံကြည်လိမ့်မည် မဟုတ်ပေ။

(နယူးတိုင်းအော့ဖ်ဘားမား) ခေါ် အစိုးရ သတင်းစာက တော်လှန်ရေ နေ့တွင် ကျွန်ုပ် ဟောပြောချက်များသည် အများပြည်သူတို့အား လှုံ့ဆော်ပေး သည်ဟု ရေးလိုက်ရာ၊ ၎င်း တော်လှန်ရေးနေ့က တက်ရောက်ခဲ့သည့် ထောင်ပေါ် များစွာသောသူတို့မှာ အထက်ပါသတင်းကို ပေးသူ၏ နားများသည် ဘာဖြစ်ကုန် ပြီနည်းဟု အံ့သြကြရတော့သည်။ ပြည်သူ့ရဲဘော်တပ်ဖွဲ့နှင့်ပတ်သက်သူများသ ခြောက်လှန့်ခြင်း စေခိုင်းခြင်း (အစိုးရကြေညာချက်ပါ စကားများ) အစရှိသည်မျ မကျူးလွန်ခဲ့ဟု ကျွန်ုပ်က ထပ်လောင်း၍ ပြောဆိုလိုသည်။ မြန်မာပြည်ရှိ သို့မဟု ဗြိတိန်နိုင်ငံရှိ ဗြိတိသျှ အာဏာပိုင်တို့အား နှစ်ဖက်သဘောတူ အပြည်ပြည်ဆိုင် စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့တစ်ခု ဖွဲ့စည်းလျက် ဤ မြန်မာပြည်၌ တရားမျှ လွတ်လပ်သော ရွေးကောက်ပွဲ ကျင်းပခြင်းကို မည်သည့်အဖွဲ့အသင်းမျိုးက နှောင့်ယှ စေနိုင်သနည်း ဆိုသော အချက်ကို အတိအကျ စစ်ဆေးစုံစမ်းရန် ကျွန်ုပ်က အ ဆိုလိုက်ပါသည်။

ယခုနှစ် ဆန်စပါး အစွမ်းကုန် စိုက်ပျိုးရေးနှင့်ပတ်သက်၍ကား ၁၉၄ မတ်လ ၄ ရက်နေ့ ထုတ်ပြန်ခဲ့သော ပြည်သူ့ရဲဘော် တပ်ဖွဲ့ဌာနချုပ်မှ အော ညွှန်ကြားချက်များက ဖြေရှင်းပြီးသား ဖြစ်နေပြီ။ ဆန်စပါးဈေး နိမ့်ကျလွ လည်းကောင်း၊ စားပြသူခိုး သောင်းကျန်း၍လည်းကောင်း၊ ၁၉၄၇ ခုနှစ်အတွ ဆန်စပါးစိုက်ပျိုးခြင်း ယုတ်လျော့သွားမည်ဖြစ်ရာ ဤသို့ ယုတ်လျော့သွားသည်နှင့်အ



တော်မွတ်ခေါင်းပါးရေးသည် အကြီးအကျယ် ဆိုက်လာတော့သည်။ ထို့ကြောင့် ပြည်သူ့ရဲဘော်တပ်ဖွဲ့များသည် အောက်ပါ လက်တွေ့လုပ်ငန်းများကို ကူညီဆောင်ရွက် ပေးရမည်။

(၁) ကာကွယ်ရေးအဖွဲ့များမှ ဓားပြ သူခိုးရန် ကာကွယ်ပေးခြင်း။

(၂) လိုအပ်သော ကိရိယာများကို ကူညီရှာဖွေပေးခြင်း။

(၃) အခြား လူထုအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ အစိုးရထံ အခွင့်အရေး တောင်းဆိုပေးခြင်း။

(၄) အစိုးရ ဝေငှသော ပစ္စည်းများ တကယ်မရှိသော ဆင်းရဲသားများထံ ရောက်အောင် ကြိုးစားပေးခြင်း။

(၅) နွား ကျွဲ ခိုးယူခြင်း၊ သတ်စားခြင်းကို ကာကွယ်ပေးခြင်း။

(၆) ကပ်ရောဂါများ ဖြစ်ပွားခြင်းကို ကျန်းမာရေးနှင့်လျော်ညီစွာ ကာကွယ် နိုင်ရန် လက်တွေ့ အကူအညီပေးခြင်း။

(၇) စပါးစိုက်ပျိုးထွန်ယက်ချိန်တွင် ပြည်သူ့ရဲဘော်တပ်ဖွဲ့ဝင် လယ်သမား များက နမူနာပြအဖြစ် စုပေါင်းကာ တာဝန်ခွဲဝေ၍ လယ်ယာလုပ်ကိုင် ပြကြခြင်း။

(၈) လယ်ယာစွန့်ပစ်ခြင်းဖြင့် မြန်မာပြည်တွင် မည်သည့်အန္တရာယ် ဆိုက်ရောက်စေသည်ကို အကြောင်းပြကာ လယ်ယာစိုက်ပျိုးရေးကို စိတ်ဝင်စားအောင် တိုက်တွန်းနှိုးဆော်ခြင်း။

အစိုးရ ကြေညာချက်က ဤသို့ နိဂုံးချုပ်ထားလေသည်။

ဒီစတြိတ်နယ်ပယ်များတွင် ပြည်သူ့ရဲဘော်တပ်ဖွဲ့များသည် သစ်သားရိုင်ဖယ်၊ သစ်သားလက်ပစ်ဗုံးများနှင့်ပင် လေ့ကျင့်လျက်ရှိကြသည်။ အင်းစိန်ခရိုင်တွင်ကား တကယ့်လက်ပစ်ဗုံးများနှင့်ပင် လေ့ကျင့်လျက်ရှိကြသည်။ ဥပဒေကို စောင့်သိရိုသေသူ အမြင်ကျယ်သူမှန်သမျှ ဤကိစ္စမျိုး ဆက်လက်တည်ရှိခြင်းကို လိုလားအပ်သည့် အကြောင်းမှန် ဟူ၍ မရှိချေ။

ကျွန်ုပ်တို့သိရှိသလောက် မည်သည့်ပြည်သူ့ရဲဘော်တပ်ဖွဲ့မှ တကယ့် လက်ပစ်ဗုံးများနှင့် လေ့ကျင့်နေခြင်း မရှိပေ။ တကယ်သာဖြစ်ပါလျှင် သက်ဆိုင်သူ များကို တရှည်လေးမြင့်စွာ အမှုမလုပ်ဘဲထားမည့်အစား၊ ချက်ချင်း အရေးယူ ဖမ်းဆီးပြီး ရုံးတင် တရားစွဲဆိုလိုက်ပါဟု အစိုးရအား ကျွန်ုပ် အကြံဉာဏ်ပေး လိုသည်။

www.burmeseclassic.com

www.burmeseclassic.com

ဤအရေးကိစ္စများကို မကြာမီ ရှည်လျားစွာ ဆွေးနွေးနိုင်ရန် မျှော်လင့်ပေသည်။ ဤအတောအတွင်း၌ကား ကန္ဒီစာချုပ်တွင် ပါရှိသည့်အတိုင်း ကျဆုံးသွားသူနှင့် တိုက်ပွဲဒဏ်ရာကြောင့် ကိုယ်လက်အင်္ဂါ ချို့တဲ့သွားသူ မျိုးချစ် မြန်မာ တပ်မတော်သားများအတွက် လျော်ကြေးများ အမြန်ဆုံးထုတ်ပေးရန် ဆိုင်ရာ အာဏာပိုင်တို့အား တိုက်တွန်းလိုပေသည်။ ၎င်း ကန္ဒီစာချုပ်ကား ၁၉၄၅ ခု စက်တင်ဘာလကမင် တည်ရှိခဲ့သော်လည်း ဗြိတိသျှတို့ဘက်မှ ယနေ့တိုင် ၎င်းစာချုပ်ပါ အချက်အချို့ကို လိုက်နာဆောင်ရွက်ရန် လိုနေသေးလေသည်။

(ပုံ) အောင်ဆန်း

၈-၅-၄၆

သေနာပတိ

ပြည်သူ့ရဲဘော်တပ်ဖွဲ့

□

## ပြည်သူ့ရဲဘော်တပ်ဖွဲ့ ညွှန်ကြားချက် အမှတ် (၁၀)

ပြည်သူ့ရဲဘော်တပ်ဖွဲ့ဝင်များသည် သခင်စိုးဂိုဏ်းသားများနှင့် အလျှင်းသက်ဆိုင်ခြင်း မရှိစေရ။ သခင်စိုးဂိုဏ်းနှင့်အဆက်အသွယ်ရှိသူများသည် ပြည်သူ့ရဲဘော်တပ်ဖွဲ့တွင် ဆက်လက်နေလိုလျှင် သခင်စိုးဂိုဏ်းမှ နုတ်ထွက်ကြောင်း အတိအလင်း အစီရင်ခံရမည်။ သို့တည်းမဟုတ် ပြည်သူ့ရဲဘော်တပ်ဖွဲ့မှ နုတ်ထွက်ရမည်။

အောင်ဆန်း

စစ်သေနာပတိ

ပြည်သူ့ရဲဘော်တပ်၊ ဗမာနိုင်ငံ

□

www.burmeseclassic.com

www.burmeseclassic.com



ကပ္ပတိန်ဂါးမင်း စွပ်စွဲချက်မှာ လုံးဝမမှန်။ ဘိလပ်ဆိုင်ရာ အာဏာပိုင်များကိုယ်တိုင်က မြန်မာပြည်တွင် ဖြစ်ပျက်နေသော အခြေအနေကို ရဲလျှင် စုံစမ်းပါ။

(ပုံ) **အောင်ဆန်း**

(၁၅–၆–၄၆ နေ့ထုတ် ဂျာနယ်ကျော်မှ)

(၁၉–၇–၅၅) နေ့ အာဇာနည်နေ့ထုတ် ဟံသာဝတီသတင်းစာတွင် ပါရှိသော ရဲဘော်ဟောင်း စိန်လေး၏ ကျွန်တော်သိတဲ့ တော်လှန်ရေးခေါင်းဆောင်ကြီး ဆောင်းပါးမှ။

□

# ဘိလပ်သို့ ကြေးနန်းရိုက်၍ ကန့်ကွက်ခြင်း

ဇွန်လ ၇ ရက်နေ့က ကျင်းပသော ဘိလပ်ပါလီမန်အစည်းအဝေးတွင် မြန်မာပြည်သို့ မကြာမီက ရောက်ရှိ၍ တစ်ရက်မျှ ဘုရင်ခံ၏အိမ်တော်တွင် တည်းခိုသွားသော ကွန်ဆာဗေးတစ် အမတ်တစ်ဦးဖြစ်သူ ကပ္ပတိန်ဂါးမင်းက ဗိုလ်ချုပ်အောင်ဆန်းအား လူသတ်မှုနှင့် စွပ်စွဲပြောဆိုပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းသည် ဖက်ဆစ်ကျင့် ဖက်ဆစ်ကြံ ကျင့်ကြံနေကြောင်း၊ ပြည်သူ့ရဲဘော်တပ်ဖွဲ့မှာ ရုပ်ညီတပ်များသာဖြစ်၍ သီးသန့် ကိုယ်ပိုင်စစ်တပ်ထူထောင်ထားခြင်းသာဖြစ်ကြောင်း၊ ထိုတပ်ဖြင့် နိုင်ငံရေး အာဏာလုမှုကို ရည်ရွယ်ကြောင်း စသည်ဖြင့် ပုတ်ခတ်စွပ်စွဲ ပြောဆိုခဲ့လေသည်။

ဤကိစ္စနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းက ဇွန်လ ၁၀ ရက်နေ့က (၁) မြန်မာပြည်ဆိုင်ရာ အတွင်းဝန် (၂) လေဘာအမတ် မစ္စတာဒရိုက်ဘတ် (၃) စွပ်စွဲပြောဆိုသူအမတ် ကပ္ပတိန်ဂါးမင်းနှင့် ဖဆပလ ကိုယ်စားလှယ် ဦးအုန်းတို့ထံ အောက်ပါအတိုင်း ကြေးနန်းရိုက်ကြား၍ ကန့်ကွက်လိုက်လေသည်။

> မြန်မာပြည်အကြောင်းကို ပါလီမန်တွင် အချေအတင် ပြောဆိုကြသည့်အကြောင်းကို သတင်းစာများတွင် သတင်းရေးသားထားချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့ရဲဘော်တပ်ဖွဲ့အား ကပ္ပတိန်ဂါးမင်းက စွပ်စွဲပြောဆိုခြင်းကို ကျွန်ုပ်တို့ ကန့်ကွက်သည်။
>
> ပြည်သူ့ရဲဘော်တပ်ဖွဲ့သည် တစ်သီးပုဂ္ဂလတပ် မဟုတ်။ ဗိုလ်ချုပ်အောင်ဆန်း၏နောက်လိုက်များက နယ်များ၌ ခြိမ်းခြောက်ပြီး နိုင်ငံရေးအစည်းအဝေးများကို ဖျက်ပစ်သည် ဟူ၍

www.burmeseclassic.com

www.burmeseclassic.com

## ဗိုလ်ချုပ်၏ ရိက္ခာထုတ်ခွင့် တောင်းခံလွှာ ဗိုလ်ချုပ်လက်မှတ် မပါလို့

အဖြစ်အပျက်မှာ ဗိုလ်ချုပ်အောင်ဆန်း၏လက်မှတ်မပါဘဲ ခေါင်းကြည် လက်မှတ်ဖြင့် ရိက္ခာထုတ်ပေးပါရန် အိမ်မှ ရဲဘော်တစ်ဦးကို လွှတ်လိုက်သည်။ ထိုအခါ ရိက္ခာကို ကိုင်နေသော ရဲဘော်က ဗိုလ်ချုပ်အောင်ဆန်းလက်မှတ် မပါသောကြောင့် ထုတ်မပေးနိုင်ဟု ပြောလွှတ်လိုက်လေ၏။ ထိုသို့ ပြောလွှတ်လိုက်သဖြင့် ကျွန်တော်နှင့်တကွ ရဲဘော်အချို့မှာ ရိက္ခာစာရင်းကိုင် ရဲဘော်အား ဗိုလ်ချုပ်ကိုယ်တိုင် လာရောက် ဆူပူကြိမ်းမောင်းမည်ဟု ကျွန်တော်တို့က ထင်ကြ၏။ သို့သော် ဤသို့ကား မဟုတ်ပါ။

နေ့စွဲ -----

သို့/

ရိက္ခာတာဝန်ခံ

ယခုလာသော ရဲဘော်အား ငါ့အတွက် ရိက္ခာကို ထုတ်ပေးစေလိုပါသည်။

အောင်ဆန်း

ဟူ၍ ဖြစ်ပါသည်။ ကျွန်တော်နှင့်တကွ ရဲဘော်အပေါင်းမှာလည်း ထိုစာကို ဖတ်ရ၍ ကြည့်ရယ်လည်း ရယ်မိကြသည်။ သဘောထားကြီးသော ဗိုလ်ချုပ်ပါတကား ဟူ၍ နှစ်ဆတိုး၍လည်း ကြည်ညိုသဒ္ဓါ ပွားခဲ့ကြပါသည်။

□

## ဒီးဒုတ်နှစ်ပတ်လည်စာစောင်သို့ ပေးပို့လိုက်သော ဗိုလ်ချုပ်အောင်ဆန်း၏ သဝဏ်လွှာ

ဒုတ်နှစ်ပတ်လည်စာစောင် ထုတ်ဝေမည်ဟု ကြားသိရသဖြင့် ဤ သဝဏ်လွှာကို မ်းမြောက်စွာ ပေးပို့လိုက်ပါသည်။

ဒီးဒုတ်ဂျာနယ်သည် မြန်မာနိုင်ငံ စာနယ်ဇင်းလောကတွင် ဝါရင့်သော ျာနယ် ဖြစ်ပေသည်။ ဂျပန်ခေတ်အတွင်းကား ဒီးဒုတ်ဂျာနယ်မှာ တိုင်းသိပြည်သိ ကြောင်းများကြောင့် မထွက်ပေါ်နိုင်ခဲ့ပေ။

ဒီးဒုတ်ဂျာနယ်၏ အယ်ဒီတာချုပ် ဦးဘချိုမှာလည်း ဝါရင့်သော ဝံသာနု တစ်ဦးပင် ဖြစ်ပေသည်။ ထိုမျှမက သူ၏အယူအဆ ထင်မြင်ချက်များကို သဘောမတူ ချင် ရှိလင့်ကစား သူ့ကို အာဏာလု သို့မဟုတ် ရာထူးလု ဝံသာနုဟု မည်သူမျှ စွပ်စွဲနိုင်ပေ။ ကျွန်ုပ်တို့သည် ဆရာဦးဘချိုနှင့် ၁၉၃၆ ခု (ကျောင်းသားသပိတ်) ်လောက်ကပင် ကောင်းစွာသိကျွမ်းခဲ့ရာ သူ၏ ဉာဏ်ရည်ဖန်ရည်နှင့်တကွ ်ထားကို ကောင်းစွာသိခဲ့ပါသည်။ ကျွန်တော်တို့နှင့် ဆရာဦးဘချို ယခု (ဖဆပလ) ခေတ်တွင်မှ နိုင်ငံရေးအားဖြင့် ရင်းရင်းနှီးနှီး ပေါင်းသင်းလာကြသော်လည်း ၉၃၆ ခု သပိတ်လောက်တုန်းကပင် စ၍ အရေးရှိလျှင် ရှိသလို ဆရာဦးဘချို၏ ရောက်သော အကူအညီများ ရရှိခဲ့ပေသည်။

ဂျပန်ခေတ် မတိုင်မီ ဥရောပစစ်ကြီး ဖြစ်ပွားလျက်ရှိစဉ် ကျွန်တော်တို့ ည် အမိုင်မြို့သို့ ထွက်သွားရန် စီစဉ်ကြစဉ်က ဆရာဦးဘချိုထံမှ အရေးကြီးသော ာရုတ်လူကြီးအချို့၏ လိပ်စာများ ရခဲ့ပေသည်။ သို့သော် ၎င်းအဆက်များနှင့်

www.burmeseclassic.com

www.burmeseclassic.com

ဆက်သွယ်ရေးကြိုးဆောင်နေခဲ့သော မြန်မာပြည်မှ ကျွန်ရဲဘော်များ၏ ညွှန်ကြားချက်အရ ဂျပန်လာခေါ်သဖြင့် မြန်မာ့လွတ်လပ်ရေးအတွက် ဂျပန်တို့နှင့် စခန်းသွားရေးအလုပ်သာ ဖြစ်မြောက်သွားတော့သည်။

ထိုနောက် ဂျပန်တွေနှင့် မြန်မာပြည်တွင်းသို့ ဝင်လာပြီးနောက် ဆရာ ဦးဘချိုကို ရွှေဘိုမြို့အနီး ဆိပ်ခွန်ရွာတွင် သွားရောက်တွေ့ရသည်။ ကျွန်တော် တို့လည်း ဆရာအား တတ်နိုင်သမျှ ဂျပန်ဘေးမှ ကူညီကြသည်။ သူ့ထံမှ တရုတ်နှင့် ဆက်သွယ်ရေးကိစ္စများတွင် ကျွန်တော်တို့ ရဲဘော်များ အတော်အကူအညီရခဲ့သည်။

ဒီးဒုတ်ဦးဘချိုသည် လူပေါင်းလူသင်း အားနာတတ်၍ အချို့ဝါဒသဘောတွင် (ဥပမာ – အင်း အိုင် မန္တရား လိုက်စားခြင်း) ကျွန်တော်တို့ လူငယ်ပိုင်းများက သဘောမတူနိုင်သော်လည်း အချောင်သမားလည်း မဟုတ်။ သာယာစီးလည်း မဟုတ်။ စေ့စပ်ရေးသမားလည်း မဟုတ်။ မဖောက်ပြန်ခဲ့သော ရေမရောသည့် ဝံသာနုတစ်ဦးဖြစ်ကြောင်း။ ဝံသာနုလက်ဟောင်း ဦးဘချို ဦးစီးထုတ်ဝေသော ဝံသာနု ဒီးဒုတ်ဂျာနယ်သည် ခေတ်အလိုက် သဘောတရားတွင် တိုးတက်ကာ မြန်မာပြည်၏ လွတ်လပ်ရေးနှင့် ကောင်းစားရေးတို့အတွက် ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေဟု ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

(ပုံ) အောင်ဆန်း

၁၁-၇-၄၆

❑

## ဥယျာဉ်

## (ဗိုလ်မှူးဗထူး အတ္ထုပ္ပတ္တိအမှာစာ)

ဗိုလ်ဗထူးသည် နာမည်နှင့်အလိုက် ထူးမည့်သူ ဖြစ်သည်။ အကယ်၍ ၎င်းသာ ဆက်လက်အသက်ရှင်နေသေးပါမူ ၎င်းအတွက် ရှေ့တက်လမ်းများစွာ ရှိသည်ဟု ကျွန်ုပ် ယုံကြည်မိသည်။ သူသည် အကျင့်သိက္ခာရှိ၏။ ဉာဏ်ရှိ၏။ သတ္တိရှိ၏။ ဝီရိယရှိ၏။ သူ့ကို ကောင်းစွာ မြေတောင်မြှောက်ပေးလျှင် သူသည် မြန်မာနိုင်ငံသာမက ကမ္ဘာတစ်လွှားတွင်ပါ ကျော်ကြားနိုင်သော စစ်ခေါင်းဆောင်၊ စစ်သူရဲ ဖြစ်နိုင်၏။ သူသည် နိုင်ငံရေးဘက်တွင် များစွာ အတွေ့အကြုံမရှိသေးလင့်ကစား၊ သူ့တွင် နိုင်ငံရေးသန္ဓေဉာဏ်ရှိ၏ဟု ကျွန်ုပ် ယူဆသည်။ အကယ်၍ အခွင့်အရေး ကောင်းစွာ ရပါမူ၊ နိုင်ငံရေးတွင်လည်း စွမ်းစွမ်းတမံ ဖြစ်လာနိုင်မည်ဟု ကျွန်ုပ် ထင်၏။ ဤမျှ အလားအလာရှိသော ဗိုလ်ဗထူးသည် ကျွန်ုပ်တို့နှင့် မရှိတော့ပြီ။

သူသည် ကမ္ဘာနှင့်အနှံ့အပြားတွင် အရေးလည်းပါ၊ အရာရောက်လှသဲ ခဲ့သော အလုပ်သမားလူတန်းစားမှ ပေါ်ထွက်လာခဲ့သည်။ သူသည် သူကဲ့သို့ အခွင့်အရေးမရှိသော အလားအလာရှိသူ အများအပြား ပေါ်ထွက်စေနိုင်သော လွတ်လပ်ရေးကို အလိုရှိခဲ့သည်။ ရှိသည့်အတိုင်းလည်း လုပ်ခဲ့၍ စွန့်ခဲ့သည်။ ခဲ့သည်။ သို့သော် သူကား ရေတိမ်တွင် နစ်ခဲ့သည်။ အကယ်၍ သူ၏ အစွမ်းသတ္တိ များကို မဟာမိတ်တပ်များသည် သေချာစွာ တွေ့ကြုံရပါက အင်္ဂလိပ်စစ်တပ်တွင် သူရသတ္တိအတွက် အမြင့်ဆုံး (ဗိတိုရိယကရော့စ်) ခေါ် ဆုတံဆိပ်ကို ရမည်မှာ

www.burmeseclassic.com

www.burmeseclassic.com

မလွဲဟု ထင်မိတော့သည်။ အမှတ် ၄ အင်္ဂလိပ်တပ်မကြီးမှူး ဗိုလ်ချုပ်ကြီး မစ်ဆ
ပြောပြချက်အရဆိုလျှင် ဗိုလ်ဗထူး၏နာမည်ကို လန်ဒန်ဂေဇက်တွင် ချီးကျူး ဖေ
မည်ဟု ပြောခဲ့သည်။ ဤမျှ စွန့်စားတိုက်ခိုက်ခဲ့သော ဗိုလ်ဗထူးသည် တိုက်ခိုက်ရေး
ဘာမှမထိခိုက်ဘဲ ငှက်ဖျားရောဂါနှင့် ကျဆုံးရသည်မှာ ရေတိမ်တွင် နစ်ခြင်း
ဖြစ်တော့သည်။

လွတ်လပ်သော မြန်မာနိုင်ငံကြီးတွင် ဗိုလ်ဗထူးကဲ့သို့ စစ်သူရဲမျိုး ပေါ်ပေါ
ခဲ့မူ ဤကဲ့သို့ ရေတိမ်တွင် သေဆုံးခြင်း ရှိမည်မဟုတ်ပေ။ ဤကဲ့သို့သောပုဂ္ဂိုလ်မျိုး
အစွမ်းကုန်တော်သည့် ဆရာဝန်၊ အစွမ်းကုန်သည့် ဆေးများဖြင့် ကုသပေးပေလိမ့်မည်

သို့သော် စစ်သူရဲများနှင့် အခြားနိုင်ငံသူရဲများ အစရှိသည်တို့ ဆိုင်ရာဆိုင်
စခန်းတွင် အစွမ်းကုန် နိုင်ငံနှင့် အစိုးရ၏အကူအညီကို ရရှိနိုင်သော လွတ်လပ်
မျှော်မှန်းရင်း ဗိုလ်ဗထူး ကျဆုံးခဲ့ရရှာလေသည်။ ကျန်ရစ်သော ကျွန်ုပ်တို့၊ တို့မြန်
နိုင်ငံသူ နိုင်ငံသားတို့အဖို့မှာမူ ဤ ဗိုလ်ဗထူးနှင့်အလားတူပုဂ္ဂိုလ်များ မျှော်မှ
တောင့်တခဲ့၍ လက်ငင်းအားဖြင့် ကျွန်ုပ်တို့၏ နေ့စဉ်နှင့်အမျှ နေထိုင်ရေးကို
မြှင့်တင်ပေးမည့် လွတ်လပ်ရေးကို အရယူခြင်းအားဖြင့်သာ ကျွန်ုပ်တို့၏ သူရဲကော
များကို ပူဇော်ခြင်းအစစ် မည်ပေလိမ့်မည်။ ဗိုလ်ဗထူးသည် ၎င်း မကွယ်လွ
သူ၏လက်ရေးဖြင့် အောက်ပါအစီရင်ခံစာကို ကျွန်ုပ်ထံ ပို့ခဲ့လေသည်။

(ပုံ) အောင်ဆ

□

## အစီရင်ခံစာ

မှ/
ဗိုလ်ဗထူး (ဗိုလ်မှူး)
အနောက်မြောက်တိုင်းမှူး
မင်းပလောင်စခန်း
ရှမ်းပြည်နယ်တောင်ပိုင်း ရေငံနယ်။

သို့/
ဗိုလ်ချုပ်အောင်ဆန်း
ဗိုလ်ချုပ်၊ စစ်သေနာပတိ။
ဗမာ့တပ်မတော်။

ရက်စွဲ။

အစီရင်ခံစာ။

ဂျပန်စစ်တပ်များနှင့် ဂျပန်အစိုးရတို့အား တော်လှန်တိုက်ခိုက်ရေးအတွက် သေချာစွာပြင်ဆင်ပြီးလျှင် ဗိုလ်ချုပ်ထံမှ အမိန့်နှင့် အချိန်ကောင်းကို စောင့်ဆိုင်းနေစဉ် အင်္ဂလိပ်တပ်များ မိတ္ထီလာမြို့ကို ကြားဖြတ် ဝင်သိမ်းလိုက်သည်သာမက ၅–၃–၄၅ နေ့တွင် မန္တလေးမြို့အနီးသို့လည်း ချဉ်းကပ်မိပြီ၊ အကြောင်းသတင်း ရရှိသဖြင့် ၆–၃–၄၅ နေ့ (၁၃) နာရီအချိန်တွင် ဗိုလ်ချုပ်ထံသို့ ၈–၃–၄၅ နေ့တွင် စတင် တိုက်ခိုက်မည့်အကြောင်းကို အိန္ဒိယပြည် ဝိုင်ယာလက်စခန်းမှတစ်ဆင့်၊ မန္တလေး ဝိုင်ယာလက်စခန်းမှနေ၍ အကြောင်းကြားသည့်ပြင် မြန်မာပြည်အစိုးရဆန့်ကျင်ရေး မြန်မာ့တပ်မတော်အား ဆန့်ကျင်ရေး စာတမ်းများနှင့်တကွ ယခု တိုက်ခိုက်သည့် မြန်မာ့တပ်မတော်မှာလည်း ပြည်သူပြည်သားနှင့် ပူးတွဲ ဖွဲ့စည်းထားသည့် အရင်းအစစ် တပ်မတော်သက်သက် အနေမျိုးအားဖြင့် သဘောပေါက်သော စာတမ်းများကို

www.burmeseclassic.com

www.burmeseclassic.com

အောက်မြန်မာပြည်ရှိ တပ်များအား၊ မထိခိုက်စေခြင်းငှာ ကြိုတင်ကာကွယ်သော အားဖြင့် ရိုက်နှိပ်ထားပါသည်။

၈-၃-၄၅ နေ့တွင် အင်္ဂလိပ်စစ်တပ်များ မန္တလေးမြို့အနီးက တိုင်ရာသို့ ဝင်ရောက်သဖြင့် ၎င်း နေ့လယ် ၁၀ နာရီအချိန်တွင် မန္တလေးလမ်းရှိ တပ်များ စစ်ကိုင်းတပ်၊ မြစ်ငယ်တပ်များသည် မိမိတို့ ရွေးချယ်ထားသော နေရာစခန်းများသို့ ဂျပန်တပ်များကို ကျော်ဖြတ်ကာ၊ ဖောက်ထွက်ကြပြီး ကျွန်ုပ် စတင် တိုက်ခိုက်ကြပါသည်။ ၁၃-၃-၄၅ နေ့အထိ အင်္ဂလိပ်တပ်များနှင့် အဆက်အသွယ် မရှိကြပါ။ ၁-၃-၄၅ နေ့တွင် ဗျိုင်းမနားရှိ တပ်များနှင့် ပူးပေါင်းရန်အတွက် ကျောက်ဆည်နယ် ဒွေးလုရွာသို့ တပ်များ စုပေါင်းချိန်တွင် အင်္ဂလိပ်တပ်မှ ဆက်သွယ်ရေးအရာရှိ (Captain Solly) ရောက် တွေ့ရှိပြီးလျှင် ၎င်းတပ်များနှင့် ပူးပေါင်းတိုက်ခိုက်ရန် အတွက် ပြောပြီး၊ လိုအပ်သောအကူအညီကို ပြောပါသည်။ ကျွန်တော်တို့မှာ ဂျပန်ကို တိုက်လိုသဖြင့် တိုက်ခိုက်နေကြသူများဖြစ်သဖြင့် ဘာကိုမျှ မလိုသေးကြောင်း၊ ရှိသလောက် လက်နက်များဖြင့်ပင် တိုက်ခိုက်မည့်အကြောင်း ပြောလိုက်ပါသည်။ ၎င်းနောက် ၁၈-၃-၄၅ နေ့တွင် ကျောက်ဆည်မှတစ်ဆင့် ကျောက်ဆည်အရှေ့ဘက် မြို့ကြီး ရေင် စသော ရှမ်းပြည်တောင်ပိုင်းနယ်များသို့ စစ်ကြောင်းဖြန့်ကာ တိုက်ခိုက် လာကြရာ ယခုအခါ ကလော၊ အောင်ဘန်းအနီး ပြင်းကြာဒိုးနယ်တစ်ဝိုက်သို့ ရောက်ရှိ နေကြပါပြီ။ အင်္ဂလိပ်တပ်များနှင့် ဆက်သွယ်မိပြီဆိုရသော်လည်း ၎င်းထံတို့မှ ရိက္ခာအနည်းငယ်နှင့် ခဲယမ်း မီးကျောက်များမှအပ အခြားထိရောက်သော အကူအညီ ဟူ၍ မရရှိပါသော်လည်း တပ်မတော်ကြီး တည်တံ့မှုနှင့် စည်းရုံးရေးမပျက်ရန် ရည်ရွယ်ချက်ဖြင့်ပင် ဆက်လက်တိုက်ခိုက်နေပါသည်။ ရှမ်းပြည်နယ်ရှိ တောတောင် များကို ကျော်ဖြတ်တိုက်ခိုက်ရာ၌ သယ်ယူပို့ဆောင်ရေးအတွက် လူနှင့် လှည်းကိုသာ အသုံးပြုနေရရာ ယခုအချိန်အခါတွင် လူများမှာလည်း ပင်ပန်း၊ နွားများမှာလည်း လယ်အတွက်အသုံးပြုနေရပါသဖြင့် မအားလပ်သည့်ပြင် ဆိုးဝါးသောရာသီဥတုကြောင့် အများအနာများ ထူထပ်နေသဖြင့် ရှေ့ဆက်လက်တိုက်ခိုက်ရန်အတွက် ၎င်းတို့ထံမှ လိုအပ်သောအကူအညီများ မရရှိခဲ့ပါက မြေပြင်သို့ ဆင်းတော့မည့်အကြောင်းကို အကြောင်းကြားလိုက်ပါပြီ။ ယခုအချိန်အထိ အောက်မြန်မာပြည်ရှိ တပ်များ၏ အခြေအနေကို အင်္ဂလိပ် အမေရိကန် စစ်တပ်များ ဆက်သွယ်မှုကို အတိအကျ သိရှိရသဖြင့် ရှေ့ဆက်လက်လုပ်ကိုင်ရန် အချက်များအတွက် အခက်အခဲများတွေ့ကာ များစွာပင် ချိန်ဆနေရပါသည်။ ယခု တိုက်ခိုက်နေသော နယ်များ၌ စားရေရိက္ခာမှာ



အလွန်ရှားပါးသည့်ပြင် အချို့သော ရွာများမှာ ဝေါ်ရျပင်နေပါသဖြင့် ရပ်သူရွာသား တို့၏အကူအညီကို လိုသလောက် မရရှိနိုင်သည့်ပြင် ရှေ့ဆက်လက် မှီခိုနိုင်ရန် အတွက်လည်း မျှော်လင့်ချက် မရှိတော့ပါ။ ရန်သူအင်အားမှာ အထူးပင် တောင့်တင်း နေပါသေးသည်။ တပ်များကို အောက်မြန်မာပြည်ရှိ တပ်များနှင့် ပူးပေါင်းရန်အတွက် တပ်ခေါက်လာရမည့်အရေးမှာလည်း ၎င်းတို့၏ အင်အားနည်းအောင် ခွဲခြားသည့် စနစ်ကို သုံးမည်မှာ အမှန်မလွဲပင်ဖြစ်ပါသည်။

သို့အတွက် ဗိုလ်ချုပ်တို့ထံမှ ရှေ့အစီအစဉ်နှင့်တကွ ညွှန်ကြားချက်များကို များစွာ မျှော်လင့်နေပါသည်။ ယခု တိုက်ခိုက်နေရာ၌ အင်အားမှာ ၃၀၀ ခန့်ရှိ၍ ခေါင်းဆောင်သည့် ဗိုလ်များမှာ အောက်ပါအတိုင်းပင် ဖြစ်ပါသည်။

(၁) ဗိုလ်အာဇာဝက၊ (၂) ဗိုလ်ရဲခေါင်၊ (၃) ဗိုလ်ရဲဒင်၊ (၄) ဗိုလ်ကျော်ထွန်းတင်၊ (၅) ဗိုလ်ဗစိန်၊ (၆) ဗိုလ်အောင်တင် တို့နှင့် အချို့သော ဗိုလ်ကလေးများ ပါဝင်ပါသည်။ အမြောက်ကြီးတပ်ခွဲ (၃) မှူး ဗိုလ်သိန်းဦးမှာ စစ်ကိုင်းတိုက်ပွဲတွင် ကျဆုံးသွားပြီ ဖြစ်ပါကြောင်း။ သိန္နီစက်အမြောက်တပ်ခွဲမှူး ဗိုလ်သန်းကြည်မှာ ဒုတ်ထိုးရေ (ရှမ်းပြည်နယ်) တိုက်ပွဲတွင် ကျဆုံးသွားပြီဖြစ်ပါကြောင်း၊ ဆေးဘက်ဌာန၌ ဆေးမှူးကြီး ဆေးနော်ခန်းနှင့် လက်ထောက်များ လိုက်ပါဆောင်ရွက်နေပါသော်လည်း ဆေးများ မလုံလောက်သဖြင့် အခက်အခဲများ တွေ့ကြုံရပါသည်။

(ပုံ) ထေား

□

www.burmeseclassic.com

## ဗိုလ်ချုပ်အောင်ဆန်း၏ အမျိုးသားနေ့သဝဏ်လွှာ

အမျိုးသားနေ့တွင် တစ်တိုင်းတစ်ပြည်လုံးရှိ လူထုကြီးသည် ဖဆပလနောက်တွင် ညီညွတ်စွာရှိနေကြပြီး လွတ်လပ်ရေးပန်းတိုင်သို့ မရောက်မချင်း လိုက်နာဆောင်ရွက်မည် ဟူသော အဓိဋ္ဌာန်ကို လေးမြတ်စွာ ပန်ဆင်ရန် လိုပေသည်။ ဖဆပလအဖွဲ့ချုပ်သည် လွတ်လပ်ရေးပန်းတိုင်သို့ မယိမ်းမယိုင် မသွေမဖည် မှန်မှန်ကြီး ချီတက်မည်မှာ မလွဲပေ။ လူထုကြီးသည် ပါတီတွေ ဘယ်လို ခြေထိုးထိုး ဖဆပလ အဖွဲ့ချုပ်ကြီးကို မမိုတ်မသုန် ယုံကြည်အားပေး၍ လွတ်လပ်ရေးပန်းတိုင်သို့ ချီတက်ကြပါမှ လွတ်လပ်ရေးအတွက် လူထုညီညွတ်မှုသည် ဆက်လက်တည်မြဲမည်သာဖြစ်သည်။ ထို ညီညွတ်မှု ရှိနေသရွေ့ ကာလပတ်လုံး ငါတို့သည် အောင်ပန်းကို ဆင်မြန်းမည် မလွဲပေ။

နယ်ချဲ့သမားများသည် အစိုးရအဖွဲ့တွင် ဖဆပလ ကိုယ်စားလှယ်များ ရှိနေစဉ်ကပင် ဖဆပလအဖွဲ့ချုပ် ပျက်စီးရေးကို အားထုတ်နေကြသည်။ သူတို့သည် ဗမာလားမြန်မာ၊ တရုတ်မြန်မာ၊ ကရင် အစရှိသည်အားဖြင့် လူမျိုးရေး ပဋိပက္ခဖြစ်မှုမျိုးကို အားပေးရန် ကြိုးပမ်းနေကြသည်။ ငါတို့ တိုင်းသူပြည်သားအားလုံးသည် လွတ်လပ်ရေး ပန်းကို မျက်ခြည်မပြတ်ဘဲ တန်းတန်းမတ်မတ် ချီတက်ကြရန်သာ အမြဲသတိ သမ္မဇဉ်ဖြင့် ဆောင်ရွက်ကြစေသတည်း။

အောင်ဆန်း

၁၃-၁၁-၄၆

□

## သမိုင်းဝင် နိုင်ငံခြားသတင်းစာရှင်းလင်းပွဲ

မြန်မာနိုင်ငံ လွတ်လပ်ရေးတိုက်ပွဲ ဆင်နွှဲကြရာ၌ သမိုင်းဝင် မှတ်တမ်းတင်ထားရှိ အပ်သော ကိစ္စရပ်များ ရှိခဲ့သည်။ ထို ကိစ္စရပ်များကို မြန်မာသမိုင်း ဖြစ်စဉ်ဖြစ်ရပ်များ အဖြစ် စိစစ်ဝေဖန်လျက် တိကျမှန်ကန်စွာ မှတ်တမ်းတင်ထားကြရမည် ဖြစ်ပေသည်။ ထိုကဲ့သို့ သမိုင်းဝင်ဖြစ်စဉ်ဖြစ်ရပ်များတွင် နောင်းလူများအတွက် နည်းနာယူ၍ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲအတွက် ဆောင်ရွက်ချက်များကို လေ့လာဝေဖန်သုံးသပ်ရာ၌ တန်ဖိုးအတိရှိသည့် ဖြစ်ရပ်များတွင် ဗိုလ်ချုပ်အောင်ဆန်း၏ လန်ဒန်မြို့၌ ပြုလုပ်သော သတင်းစာ ရှင်းလင်းပွဲနှင့် နယူးဒေလီမြို့ သတင်းစာရှင်းလင်းပွဲများ ပါဝင်ပေသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့သည် ဗြိတိသျှအစိုးရ၏ ဖိတ်ခေါ်ချက်အရ ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၇ ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေးအတွက် ဆွေးနွေးရန် လန်ဒန်သို့ ထွက်လာခဲ့ကြ၏။ လမ်းခရီးတွင် အိန္ဒိယပြည် နယူးဒေလီမြို့၌ ရက် အနည်းငယ် ဝင်ရောက်နားလျက် အိန္ဒိယပြည် ခေါင်းဆောင်ကြီးများနှင့် တွေ့ဆုံခဲ့သည်။ သတင်းစာဆရာများနှင့်လည်း တွေ့ဆုံ၏။ သတင်းစာရှင်းလင်းပွဲတစ်ခု ပြုလုပ်ခဲ့၏။ နယူးဒေလီ သတင်းစာရှင်းလင်းပွဲ၌ ဦးအောင်ဆန်း၏ အရည်အချင်း၊ အမြော်အမြင်ကို ကမ္ဘာက ဂရုပြုခဲ့ပြီး ဗြိတိသျှလူမျိုးများကလည်း များစွာ လေးစားလာကြသဖြင့် လွတ်လပ်ရေးဆွေးနွေးပွဲတွင် အထောက်အကူဖြစ်ခဲ့ရပေသည်။ လန်ဒန်သတင်းစာ ရှင်းလင်းပွဲ၌ ဦးအောင်ဆန်း၏ နိုင်ငံရေးဂုဏ်စွမ်းရည်သည် ထင်ပေါ်လာခဲ့သည်။ ထိုစဉ်အခါက နိုင်ငံရေးအခြေအနေကို သုံးသပ်ကြည့်ရှုပါက ဦးအောင်ဆန်း၏ သတင်းစာရှင်းလင်းပွဲ၌ မိန့်မြွက်ချက်များသည် မည်မျှ အမြော်အမြင်ကြီးမားပုံ၊

www.burmeseclassic.com

www.burmeseclassic.com



ပြတ်သားပုံ၊ ယုံကြည်ချက်နှင့် ဦးတည်ချက်ကို မျက်ခြည်မပြတ်ခဲ့ပုံကို ထင်ရှား တွေ့မြင်နိုင်ပေသည်။

လန်ဒန်မြို့၌ မြန်မာ့ကိုယ်စားလှယ်ခေါင်းဆောင် ဦးအောင်ဆန်းသည် ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်နေ့တွင် သတင်းစာ ကွန်ဖရင့်ကို ကျင်းပပြု လေသည်။ ထိုသတင်းစာကွန်ဖရင့်၌ ဦးအောင်ဆန်းက အောက်ပါအတိုင်း ပြောပြသည်

မြန်မာပြည်၏လွတ်လပ်ရေးသည် ထိုတိုင်းပြည်ရှိမြန်မာလူမျိုးများလက် ရှိနေပြီဟု မိမိ စဉ်းစားထင်မြင်မိကြောင်း၊ ကျွန်ုပ်တို့သည် မေလလောက်တွင် တိုင်း ပြည်ပြု လွှတ်တော်ကို ဖွဲ့စည်းရမည်ဖြစ်၍ မြန်မာပြည် လွတ်လပ်ရေးရအောင် လုပ် အချိန် အနေး အမြန်မှာ ကျွန်ုပ်တို့၏ အနေး အမြန် ဆိုသလို မြန်မာ့လွတ်လပ် ဆုံးဖြတ်ချက်အပေါ်၌ တည်နေကြောင်း။

မြန်မာပြည်သို့ ကျွန်ုပ် ပြောကြားလိုသောအချက်မှာ ယခုအခါ၌ ကျွ တို့သည် လက်ခံနိုင်သော ဖြေရှင်းချက်ကို ရရှိပြီးဖြစ်၍ ထိုအချက်များကို မြန်မာပြ သူများက လက်ခံရန် ကျွန်ုပ်တို့က ထောက်ခံပါသည်ဟု ဆိုခြင်းပင် ဖြစ်ပေသည်

သို့ရာတွင် မြန်မာလူမျိုးများအား ကျွန်ုပ်တို့ ဘွင်းဘွင်းနှင့် ရှင်းရှင်း ပြော သည်မှာ အင်ဒီပင့်ဒင့် မရသေးကြောင်း၊ အင်ဒီပင့်ဒင့်ကို ရအောင်လုပ်ရမည်ဖြစ်ကြေ သို့ရာတွင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အင်ဒီပင့်ဒင့် ခေါ် လွတ်လပ်ရေးလမ် ငြိမ်းချမ်းချောမောသောလမ်းဖြင့် သွားရန်မှုကို ရရှိပြီဟု ကျွန်ုပ်တို့ ထင်မြင်ကြေ ဖြစ်စဉ်သဘောအားဖြင့် ကျွန်ုပ်တို့သည် မှားသည်ဟု တွက်ဆကောင်း တွက်ဆကြ လိမ့်မည်။ သို့ရာတွင် ထင်မြင်ချက်မှာ ၎င်းအတိုင်းပင်ဖြစ်လေသည်။

မြန်မာပြည်သည် ဗြိတိသျှ စီးပွားဖက် ပြည်ထောင်စုထဲ၌ နေမည်လော မေးရာတွင် ဦးအောင်ဆန်းက ထိုပြဿနာမှာ တိုင်းပြုပြည်ပြုလွှတ်တော်က ဆုံးဖြ ရန်သာရှိသည်ဟု ဖြေကြားကြောင်း၊ မိမိကိုယ်ပိုင်ထင်မြင်ချက်လည်း မရှိကြော သို့ရာတွင် ရှင်းလင်းပြောဆိုလိုသည်မှာ ယခု သဘောတူညီချက်ကို လက်တွေ့သဘော အားဖြင့် မည်သို့မည်ပုံ ပြည့်စုံအောင် လုပ်ကိုင်သွားပုံအပေါ်၌သာ တည်နေကြော ထိုစာချုပ်အရ ပြည့်စုံအောင် ချောချောမောမောလုပ်သွားနိုင်ခဲ့လျှင် မြန်မာလူမျိုးမျ ထိုနယ်ထဲမှ ထွက်ရေး ဝင်ရေးကို ပိုမို စေတနာထားပြီး စဉ်းစားကောင်း စဉ်းစားလိမ့် ဖြစ်ကြောင်း၊ ယခုအခါမှ မြန်မာလူမျိုးအားလုံး၏ စိတ်ဒွိဟရှိမှုများကို ထုတ် ယိုထွက်ပြသသည်ဟု မဆိုနိုင်သေးကြောင်း၊ ယခုအထိ မိမိအဖို့ ပြောဆိုရပါလျှ တိုင်းပြုပြည်ပြုလွှတ်တော်၏အခြေအနေမှာ မည်သို့ပင်ရှိစေကာမူ ကျွန်ုပ်တို့



ကိုယ်ပိုင်အကြောင်းအချက်များကြောင့် မြန်မာပြည်သည် ဗြိတိန်နှင့် မိတ်ဖြစ်ဆွေဖြစ် နေခြင်းကို ကျွန်ုပ် မြင်တွေ့လိုကြောင်း။

မြန်မာပြည်အကြောင်းနှင့်ပတ်သက်သည့် ဗြိတိသျှအစိုးရ ပြောဆိုချက် များတွင် ဗြိတိသျှ၏စေတနာကို ယုံကြည်မှု ရှိ မရှိကို မေးမြန်းရာ ဦးအောင်ဆန်းက ဖြေဆိုသည်မှာ နိုင်ငံရေးတွင် စေတနာ ရှိ မရှိကို မေးရန် ပြဿနာ မပေါ်ကြောင်း၊ ကတိစွတစ်ခုပြောပြီးခဲ့လျှင် ထိုကတိစွကို ရယူရန် တာဝန်ဖိုးနှင့် ဥယ်ယူရန်ပင်ဖြစ်ကြောင်း၊ ထိုသို့ ဝယ်ယူ၍မရဟု သက်သေသာဓက ရှိလာသောအခါမှပင် ထိုမရမှုကိုမူတည်လျက် အခြားသို့ နည်းလမ်းစခန်းရှာပြီး ရယူရန် လုပ်ဖို့ပင် ဖြစ်ကြောင်း။

အခိုက်အတန့်အချိန်တွင် ဗြိတိသျှအစိုးရသည် မြန်မာပြည်၏အုပ်ချုပ်သူများ ယန်းသကျွာန်ပေါ်နေ၍ ဓမ္မတာအားဖြင့် ဗြိတိသျှအစိုးရအပေါ် သံသယရှိမှု၊ မယုံကြည် မှု ရှိစမြဲပင်ဖြစ်ကြောင်း၊ ဗြိတိသျှအစိုးရနှင့် သဘောချင်းတူညီပြီး သင့်မြတ်ကြလို့ ဘာမှုအကြောင်းထူးမည်ဟု မိမိတို့ မထင်လျှင် လန်ဒန်မြို့သို့ လာမည်မဟုတ်ကြောင်း၊ တိုင်းပြုပြည်ပြုလွှတ်တော် မေလတွင် ဖွဲ့စည်းပြီးပါက ထိုလွှတ်တော် စချိဖွင့်သည့် နေ့ရက်အချိန်မှ ခြောက်လအတွင်း မြန်မာပြည်အတွက် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ ပြီးစီးနိုင်ကြောင်း။ မြန်မာပြည်၏ ပထမဆုံး လွတ်လပ်သည့်အစိုးရသည် မည်ကဲ့သို့သော အရောင်အဆင်းရှိဦးမည်ဟု ဦးအောင်ဆန်းက ပြောရဲပါသလောဟု မေးရာ၊ ဦးအောင် ဆန်းက ထိုအစိုးရသည် လက်ဝဲဘက် ခပ်သန်သန်ဖြစ်လိမ့်မည်ဟု ပြောဆိုကြောင်း။

တရားဥပဒေအရ ကြံရွယ်ထားသော တိုင်းပြုပြည်ပြုလွှတ်တော်သည် အချုပ်အချာအာဏာပိုင်အဖွဲ့ မဟုတ်ကြောင်းကို မေးမြန်းသူတစ်ဦးက ပြောရာတွင် ဦးအောင်ဆန်းက ထိုလွှတ်တော်သည် အချုပ်အချာအာဏာပေါ်၌သာ တည်နေကြောင်း ပြောဆိုလေသည်။

အခြားသတင်းစာဆရာတစ်ဦးက တိုင်းပြုပြည်ပြုလွှတ်တော်က ဒိုမီနီယံ အပြင်ပ၌နေရန် ဆုံးဖြတ်ချက်ကို ဗြိတိသျှ ပါလီမန် အတည်ပြုရဦးမည် မဟုတ် သလောဟု မေးရာ ဦးအောင်ဆန်းက ထိုကဲ့သို့သော စည်းမျဉ်းမရှိဟု ပြန်လည် ဖြေကြားကြောင်း။

နိုင်ငံခြားအရင်းရှင်များအကြောင်း မေးမြန်းကြရာတွင် ဦးအောင်ဆန်းက တိုင်းပြည်၏ ဥပဒေအရ ထိုအရင်းရှင်များ လုပ်နိုင်ရင် ကန့်ကွက်စရာမရှိကြောင်း ဖြေဆိုလေသည်။

www.burmeseclassic.com

www.burmeseclassic.com

အိန္ဒိယပြည်သားများက မြန်မာလယ်သမားများအား ချေးထားသော ငွေများကို ပြန်ဆပ်ဖို့ ရည်ရွယ်ပါသလားဟု မေးမြန်းရာ ဦးအောင်ဆန်းက တောင်သူလယ်သမား ကြွေးတင်သော ပြဿနာများကို ပြန်လည်ဝေဖန်သုံးသပ်ရဦးမည်ဟု ဖြေဆိုကြောင်း။ မြန်မာပြည်သည် ပထမဆုံး လယ်ယာစိုက်ပျိုးမှု ပြန်ကောင်းအောင် လုပ်လျက် ပြန်လည်ထူထောင်ဖို့ကို အသင့်ပြင်ရမည်ဖြစ်ကြောင်း။ ၎င်းနောက် အခြေအနေ အကြောင်းဆိုက်သလို စက်မှုလုပ်ငန်း လုပ်နိုင်သ၍ ပြုလုပ်ပြီး ခေတ်မီ မြန်မာပြည်ကြီးအဖြစ် မိမိတို့ ပြုလုပ်လိုကြောင်း။ ညီညွတ်သော မြန်မာပြည် ဖြစ်ရေး ဗြိတိသျှအစိုးရနှင့် မြန်မာပြည်ရှိ ၎င်း၏ကိုယ်စားလှယ်များက ဝင်ရောက်နှောင့်ယှက်ခြင်း မရှိလျှင် စောလျင်စွာပင် ညီညွတ်သော မြန်မာပြည် ဖြစ်နိုင်ကြောင်း။

စာချုပ်တွင် လက်မှတ်ထိုးရန် သဘောမတူသူ ကိုယ်စားလှယ်နှစ်ဦးနှင့် ပတ်သက်၍ မိမိ မြင်သလောက် ပြောရမည်ဆိုလျှင် မြန်မာပြည်၌ ဘာမျှ အနှောင့်အယှက် ဖြစ်နိုင်ပုံမရကြောင်း။

ဗြိတိသျှက မြန်မာပြည်အပေါ် စစ်လျော်ကြေး တောင်းလျှင် ဖဆပလက ဘယ်လိုသဘောထားမလဲဟု မေးရာ ဦးအောင်ဆန်းက မြန်မာပြည်အစိုးရနှင့် ဆိုင်သလောက် ပြောရမည်ဆိုလျှင် စစ်လျော်ကြေးပေးရန် တာဝန်မရှိဟု ဖြေဆိုသည်။ အဘယ့်ကြောင့်ဆိုသော် စစ်ဒဏ်ခံရသူမှာ ကျွန်ုပ်တို့သာဖြစ်သောကြောင့်ပင် ဖြစ်သည်ဟု ဆိုကြောင်း။ မြန်မာပြည်က စစ်လျော်ကြေးတောင်းရန်ကို သဘောတူကြောင်း။ ၎င်း တောင်းဆိုချက်များ တင်သွင်းနိုင်သည့်အခြေအနေမှာ ၎င်းကိစ္စကိုစဉ်းစားမည်ဖြစ်ကြောင်း။

အင်ဒိုချိုင်းနားအတွက် မိမိတို့က လုံးဝ သနားကြောင်း။ ကျွန်ုပ်တို့သည် အာရှတိုက် အရှေ့တောင်ပိုင်းရှိ လူမျိုးများ၏ လွတ်လပ်ရေးနှင့် ကောင်းမွန်စွာ နေရေးကို စိတ်ဝင်စားကြောင်း။ နိုင်ငံခြားနှင့်ဆက်သွယ်ရန် အမေရိကန်က သဘောတူပြီး ယိုးဒယားနှင့် တရုတ်ပြည်တို့ကလည်း ထိုသို့ဆက်သွယ်ရန်ကိစ္စ လိုလားကြောင်း။ မြန်မာပြည်က အိန္ဒိယပြည်သို့ မြန်မာအစိုးရကိုယ်စားလှယ် ပို့ထားမည်ဖြစ်ကြောင်း။

အာဖရိကတိုက် ဂျင်နရယ်စမတ်နှင့် အိန္ဒိယသားများကိစ္စတွင် ထိုနယ်၌ မြန်မာ မရှိ၍ မိမိနှင့် မဆိုင်ဟု ဗိုလ်ချုပ်အောင်ဆန်းက မေးခွန်းများကို ဖြေကြားကြောင်း။

သတင်းစာရှင်းလင်းပွဲ ပြုလုပ်ပြီးနောက် မြန်မာကိုယ်စားလှယ်များသည် အောက်ပါအစီအစဉ်အတိုင်း မြန်မာပြည်သို့ ပြန်လာကြသည်။

ဦးဘဖေ၊ ဦးဘရင်နှင့် ဦးဘတူတို့သည် ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ဘီအိုအေစီကုမ္ပဏီမှ လေယာဉ်ပျံဖြင့် ပြန်လာသည်။



သခင်ဘစိန်၊ သခင်ချစ်တို့သည် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် အဆိုပါ လေယာဉ်ပျံကုမ္ပဏီမှ လေယာဉ်ပျံနှင့် ပြန်လာသည်။

ဦးအောင်ဆန်း၊ သခင်မြ၊ ဦးအောင်သန်း၊ ဦးကျော်ငြိမ်း၊ ဦးတင်ထွဋ်၊ ဦးရွှေဘော်၊ မစ္စတာ ချာလာရာဗာတီ၊ ဦးကျော်ထွန်း၊ ဦးထွန်းလှ၊ ဦးတင်အုန်း၊ ဦးဘသန်းတို့သည် ဇန်နဝါရီလ ၃၁ ရက်နေ့က ယောက်အမျိုးအစားလေယာဉ်ပျံနှင့် ပြန်လာသည်။ ဦးစောသည် ၎င်းပြန်ရန်အစီအစဉ်ကို မဆုံးဖြတ်သေးဘဲ ကျန်ခဲ့သည်။

(မြဝတီမဂ္ဂဇင်းတွင်ပါရှိသော သိပ္ပံစိုးရင်၏ သမိုင်းဝင် နိုင်ငံခြားသတင်းစာရှင်းလင်းပွဲမှ)

## ဘိလပ် မြန်မာ ဆွေးနွေးပွဲ

မြန်မာနိုင်ငံတော် လွတ်လပ်ရေးအတွက် အင်္ဂလန်ပြည်သို့ သွားရောက်၍ ဗြိတိသျှအစိုးရနှင့် အရေးဆိုပြီးနောက်၊ မြန်မာပြည်သို့ပြန်လာရာ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့ ညနေ ၃ နာရီအချိန် ဖဆပလအဖွဲ့ချုပ်တွင် သတင်းစာဆရာများအား ဗိုလ်ချုပ် ပြောကြားသည့်စကားများ။

ဘိလပ်၊ မြန်မာ ဆွေးနွေးပွဲတွင် သဘောတူညီချက်အရ စက္ကူဖြူစာခ်ံမှာ လုံးလုံးပျက်ပါသည်။ သို့သော် လွတ်လပ်ရေးတိုက်ပွဲမှာ မပြီးသေးပါ။ ခု သဘောတူ ခဲ့တဲ့အတိုင်း အစစအရာရာ ရောရောရှုရှု ပြီးမြောက်ပါက အေးချမ်းသောနည်းဖြင့် မြန်မာပြည် လွတ်လပ်ရေးရနိုင်ဖွယ်ရှိတယ်။

## ရခဲ့သော အာဏာများ

ဘိလပ်သို့သွားစဉ်က ဖဆပလအဖွဲ့ချုပ်ကညွှန်ကြားလိုက်သည့်အတိုင်း တိုင်းပြုပြည်ပြုလွှတ်တော်အတွက် တိုက်ရိုက် ရွေးကောက်ပွဲကျင်းပရန်နှင့် ကြားဖြတ် အစိုးရ အခွင့်အာဏာများလည်း ရရှိခဲ့တယ်။

ကြားဖြတ်အစိုးရ အာဏာအတွက် ဥပဒေကို ပြင်ဆင်နေလျှင် ကြာနေမည် ဖြစ်၍ ဥပဒေအရ တန်ခိုးအာဏာ မရသော်လည်း (Convention) ခေါ် ထုံးတမ်းစဉ်လာ အားဖြင့်ဆိုပါမူ ဒိုမီနီယံအစိုးရများ ရရှိသော အခွင့်အာဏာများကို ရပါတယ်။

## သံတမန် လွှတ်ရေးကိစ္စ

နိုင်ငံခြားရေးကိစ္စများအတွက်ဆိုလျှင်လည်း ပြည်ထောင်စုမြန်မာ သံအမတ် အလဲအလှယ်လုပ်ဖို့ သူတို့ (ဗြိတိသျှအစိုးရ) လုပ်ပေးပါမယ်လို့ ပြောပါတယ်။

www.burmeseclassic.com

www.burmeseclassic.com


အမ္ဘာ့ကုလသမဂ္ဂတွင် ပါဝင်နိုင်ဖို့လည်း ထောက်ခံမည်လို့ ပြောပါတယ်။ သံတမန်ကိစ္စကို ရုရှားသံအမတ်နှင့်လည်း တွေ့ဆုံ ပြောခဲ့ပါသေးတယ်။

## မြန်မာ့ပြည်လေတပ်

မြန်မာပြည်လေတပ်ကာကွယ်ရေးအတွက် လေတပ်ထားရန်ကိစ္စကို ဗြိတိသျှလေကြောင်း ဗိုလ်ချုပ်နှင့် တွေ့ဆုံပြီး ပြောခဲ့ပါတယ်။ မကြာမီ လေယာဉ်ပျံ မောင်းတတ်ပြီးသောလူများနှင့် စတင်ဖွဲ့စည်းဖို့ စီစဉ်ပါမယ်။

## စစ်တပ်ရုပ်သိမ်းရေး

မြန်မာပြည်ရှိ နိုင်ငံခြားစစ်တပ်များကို ရုပ်သိမ်းရန် ဆိုတဲ့ အချက်နှင့်ပတ်သက်လို့ တိုင်းပြုပြည်ပြုလွှတ်တော်က ရုပ်သိမ်းပေးပါလို့ ဆုံးဖြတ်ခဲ့လျှင် သူတို့က ရုပ်သိမ်းပေးပါမယ်လို့ ပြောပါတယ်။

## တောင်တန်းနယ်ကိစ္စ

တောင်တန်းနယ်များကိစ္စနှင့်ပတ်သက်လို့တော့ သူတို့ သဘောတူတယ်ဆိုလျှင် လွတ်လပ်ရေးပေးရမယ်လို့ တောင်းတာပဲ။ ဒါပေတဲ့ သူတို့ကိုယ်စားလှယ်လည်း မဟုတ်တော့ ကိုယ်စားလှယ်လို့လည်း မပြောရဲ။ ဒီလိုဆိုလျှင်ဖြင့် သူတို့ သဘောတူပါလိမ့်မယ်လို့ ပြောရတာပဲ။

## အင်္ဂလိပ် မစောင့်ရှောက်နှင့်

တောင်တန်းဒေသများကို ဗြိတိသျှအစိုးရတို့က အစောင့်အရှောက် (Trusteeship) ယူဖို့ အခွင့်အရေးမရှိ၊ ကျွန်တော်တို့ကလည်း မယူ၊ သူတို့ရဲ့ပြည်တွင်းအုပ်ချုပ်ရေးကိုလည်း ကြားဖြတ်အစိုးရကပင် ဝင်မစွက်ဖို့ ပြောတဲ့အခါ အင်္ဂလိပ် အစိုးရက ကောင်းပြီ၊ သူတို့ကို မေးကြည့်မယ်။ သူတို့သဘောတူလျှင် လုပ်မှာပဲလို့ ပြောပါတယ်။

## အာဏာပိုင်အခွင့်အရေး

တိုင်းပြုပြည်ပြုလွှတ်တော်နှင့်ပတ်သက်၍ အာဏာပိုင်အခွင့်အရေးအတွက်တော့ သိပ်ပြီး အတိုက်အခံ မပြောပါ။ အသင့်အတင့်လောက်တော့ ပြောပါတယ်။ သည်ပြဿနာကို ဖိပြီး မပြောရန်လည်း ဖဆပလ အလုပ်အမှုဆောင်အဖွဲ့ကလည်း ညွှန်ကြားလိုက်ပါတယ်။ သည်အတိုင်းဆိုလျှင် တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲကို ဧပြီလအတွင်းမှာ ကျင်းပနိုင်ပါမယ်။ မေလ သို့မဟုတ် ဇွန်လလောက်မှာ တိုင်းပြည်ပြု လွှတ်တော်က မြန်မာပြည် ဗြိတိသျှ ပြည်ထောင်စုအတွင်း နေ မနေ ဆုံးဖြတ်ဖို့ပါပဲ။

## ရှေ့လုပ်မည့် အလုပ်များ

ဗြိတိသျှပြည်ထောင်စုအတွင်း နေမည်ဆိုလျှင် အုပ်ချုပ်ရေးစည်းမျဉ်းများကို အင်္ဂလိပ်ပါလီမန်က အတည်ပြုဖို့ တင်ပြရပါမယ်။ သို့မဟုတ် ပြင်ပမှာ နေချင်တယ်ဆိုလျှင် အာဏာလွှဲပြောင်းရေးစာချုပ် ပြုလုပ်ရလိမ့်မယ်။ အဲဒီအခါမှာ အချိန် နှောင့်နှေးအောင် လုပ်ချင် လုပ်ကြလိမ့်မယ်။ သို့သော် တိုင်းပြုပြည်ပြုလွှတ်တော်က မြန်မာပြည်လွတ်လပ်ရေး ကြေညာရန်အတွက် အချိန်ကန့်သတ်ရမှာ၊ အဲဒီအရေးဟာ လူထု ဆုံးဖြတ်ချက်ပေါ်မှာ တည်ပါတယ်။

## လွတ်လပ်ရေး အမှန်ရမယ်

အမှန်ကတော့ လွတ်လပ်ရေးဟာ အမှန်ရမှာပဲ။ အချိန်ကာလ သတ်လို့ ဘယ်လောက်မြန်မြန်ရနိုင်တယ်ဆိုတာ အာဏာလွှဲပြောင်းရန်အတွက် စာချုပ် ချုပ်တဲ့ အခါမှာ အရေးကြီးပါတယ်။ မြန်မာပြည်နှင့် ဗြိတိသျှအစိုးရတို့ စာချုပ်မှာ အပေးအယူ သင့်မြတ်ဖို့လိုသလို ရဖို့မှာ နောက်က ထောက်ခံအားပေးတဲ့ လူထုအင်အားရှိမှ ကျွန်တော်တို့ လွတ်လပ်ရေးကို ရမှာ။

## တိုက်ပွဲမပြီးသေးဘူး

ဒါကြောင့်မို့ လွတ်လပ်ရေးတိုက်ပွဲဟာ မပြီးသေးဘူး။ သို့သော် တိုက်ပွဲအခြေအနေတစ်မျိုး ပြောင်းသွားတယ်။ ဒီအတိုင်းသာ အခြေအနေ တိုးတက်ကောင်းမွန်သွားမယ်ဆိုလျှင် အေးချမ်းသာယာတဲ့နည်းနှင့် မြန်မာပြည်လွတ်လပ်ရေး ရနိုင်ဖွယ် ရှိတယ်။

အားလုံး အသင့်ပြင်ထားကြပါ။

(သတင်းစာဆရာများက အကယ်၍သာ အာဏာလွှဲပြောင်းရေးအတွက် စာချုပ် ချုပ်ဆိုရာတွင် ဗြိတိသျှအစိုးရတို့က တစ်မျိုးတစ်မည် မြှောက်ပါက မည်သို့ လုပ်ပါမည်နည်းဟု မေးမြန်းရာ ဗိုလ်ချုပ်အောင်ဆန်းက)

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်မို့ လွတ်လပ်ရေးတိုက်ပွဲ မပြီးသေးပါဘူးလို့ ကျွန်တော် ပြောတာပေါ့။ ကျုပ်တို့အားလုံး အသင့်ပြင်ထားကြရမယ်။ အဲဒီအခါကျတော့ သူတို့ ပြင်လုပ်ဖို့ အတော်ခက်ပါလိမ့်မယ်။

### အိန္ဒိယထက် သာမယ်

ကြားဖြတ်အစိုးရ ရရှိမည့် အာဏာမှာ အိန္ဒိယ ကြားဖြတ်အစိုးရထက် သာလျှင်သာ သာမည်၊ မလျော့ ဆိုသည်ကို အိန္ဒိယပြည်ကို ရောက်လာသည့်အတွက် ရဲရဲဝံ့ဝံ့ ပြောနိုင်တယ်။


### စက္ကူဖြူစနစ် ပျက်ပြီ

ယခု သဘောတူညီချက်အရ စက္ကူဖြူစနစ် ပျက်ပါသည်။ စက္ကူဖြူစနစ်အရမှာ အခွင့်အရေးဘာမျှမရှိခဲ့ကြောင်း။ မြန်မာပြည် စစ်တပ်ဆိုရာတွင် တိုင်းရင်းသားစစ်တပ်၊ မြန်မာပြည် ရေတပ် စသည်တို့မှာ မြန်မာပြည် ကြားဖြတ်အစိုးရလက်အောက် ရောက်မည့်ပြင် စစ်တပ်အသစ်များကို ထူထောင်နိုင်ရန် အခွင့်အရေးလည်း ရရှိမည် ဖြစ်ကြောင်း။

□

## ပြည်သူ့လွတ်လပ်ရေးချုပ်ချယ်မှု ကန့်ကွက်ပွဲအတွက်

(ဗိုလ်ချုပ်၏ လက်ရေးမူ)



www.burmeseclassic.com

www.burmeseclassic.com



၉ [illegible]

၁၀ [illegible]

၁၁ [illegible]

၁၂ [illegible]

၁၃ [illegible]

၁၄ [illegible]

၁၅ [illegible]

၁၆ [illegible]

၁၇ [illegible]

၁၈ [illegible]

၁၉ [illegible]

၂၀ [illegible]

၂၁ [illegible]

၂၂ [illegible]

၂၃ [illegible]

၂၄ [illegible]

၄ [illegible]

၅ [illegible]

၆ [illegible]

၇ [illegible]

[illegible]

www.burmeseclassic.com

www.burmeseclassic.com

## တိုင်းပြုပြည်ပြုလွှတ်တော်သဘာပတိ

အစီရင်ခံပါသည် ခင်ဗျား။ ကျွန်တော်မှာ နေမကောင်းထိုင်မသာဖြစ်နေပါ၍ ယနေ့ လွှတ်တော်သို့ မတက်ရောက်နိုင်သည်ကို ခွင့်ပြုပါမည့်အကြောင်း၊ ယနေ့ တင်မြှောက်ခြင်း ခံရသော အမြဲတမ်းဥက္ကဋ္ဌအားလည်း ကျွန်တော်၏ ချီးကျူးစာ ကမ်းလှမ်းလိုက်စေလို ပါသည်ခင်ဗျား။

**အောင်ဆန်း**
တိုင်းပြည်ပြုလွှတ်တော်အမတ်
(၁၃-၆-၄၇ နေ့တွင် ကျင်းပသော တိုင်းပြည်ပြုလွှတ်တော်မှတ်တမ်းမှ)

□

## ဂျပန်နိုင်ငံတော်နှင့် မြန်မာနိုင်ငံတော် ချုပ်ဆိုသော မဟာမိတ်စာချုပ်

ဂျပန်နိုင်ငံတော်နှင့် မြန်မာနိုင်ငံတော်တို့ချုပ်ဆိုသော ယေဘုယျသဘောမျှသာဖြစ်သည့် မဟာမိတ်စာချုပ်သည် အကယ်၍ ဆောင်ရွက်ရာတွင် စာချုပ်ကြသော နိုင်ငံ နှစ်နိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အချာအာဏာတို့အပြင် ၎င်းတို့မှသက်ဆင်းသော အခွင့်အာဏာအားလုံးတို့ကို လုံးဝ ရိုသေလေးစားမည်ဟု မြဲမြံစွာယုံကြည်သဖြင့် လွတ်လပ်ရေး ခိုင်မြဲရေးအဖွဲ့ကြီးသည် ဤစာချုပ်ကို သဘောတူချက်ပေးလိုက်သည်။

ဂျပန်ဧကရာဇ် နိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံတော်အစိုးရတို့သည် ယခုအခါ ဂျပန်နိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံကို လွတ်လပ်သောနိုင်ငံအဖြစ်ဖြင့် အသိအမှတ်ပြုပြီးဖြစ်ရကား နိုင်ငံတော် နှစ်နိုင်ငံတို့သည် တစ်ဦး၏ အာဏာပိုင် လွတ်လပ်ရေးကို တစ်ဦး ရိုသေလေးစားရမည်ဟူ၍လည်းကောင်း၊ ယင်းသို့ဆောင်ရွက်သဖြင့် တစ်ကမ္ဘာလုံး၏ငြိမ်းချမ်းရေးကို ကူညီအားပေးမည်ဟု သန္နိဋ္ဌာန်ချပြီး ဖြစ်ကြသည့်အတိုင်း၊ လမ်းခရီးတွင်ရှိသော အနှောင့်အယှက်ဟူသမျှကို အရင်းအမြစ်မှ သုတ်သင်ပယ်ရှင်းရန် မယိမ်းမယိုင် ခိုင်မြဲသောစိတ်ဖြင့် အောက်ပါအပိုဒ်များအတိုင်း သဘောတူညီကြသည်။

### အပိုဒ် (၁)

မဟာ အရှေ့အာရှ စစ်ကြီးကို အောင်မြင်သည့်တိုင်အောင် တိုက်ခိုက်နိုင်စိမ့်သောငှာ ဂျပန်နိုင်ငံတော်နှင့် မြန်မာနိုင်ငံတော်တို့သည် စစ်ရေး နိုင်ငံရေးနှင့် စီးပွားရေးတို့တွင် အနည်းနည်းဖြင့် ပူးပေါင်းဆောင်ရွက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

### အပိုဒ် (၂)

ဂျပန်နိုင်ငံတော်နှင့် မြန်မာနိုင်ငံတော်တို့သည် မဟာ အရှေ့အာရှတိုက် အထူး ကြွယ်ဝချမ်းသာရေးနှင့် ထွန်းကားတိုးတက်ရေးကို အားပေးရန် ရှေးရှု၍ မဟာအာရှတိုက်ရှိ နိုင်ငံအသီးသီးမှာ သက်ဆိုင်ရာနိုင်ငံ၏အလိုကျ တိုးတက်ရေးအတွက် ရည်မှန်းသော နှစ်ဦးအတူ ဆောင်ရွက်ရမည့် ထူထောင်ရေးလုပ်ငန်းကြီးတွင် တစ်ဦးနှင့် တစ်ဦး ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ကြရမည်။

### အပိုဒ် (၃)

ဤစာချုပ်အရ ဆောင်ရွက်ရန်ရှိသော အသေးစိတ်လုပ်ငန်းတို့ကို လိုအပ်သည်ဟု ယူဆသောအခါ နိုင်ငံတော်နှစ်နိုင်ငံ၏ သက်ဆိုင်ရာ အာဏာပိုင်အချင်းချင်း တိုင်ပင်ဆုံးဖြတ်ရမည်။

### အပိုဒ် (၄)

ဤစာချုပ်သည် လက်မှတ် ရေးထိုးသောနေ့တွင် အတည်ဖြစ်ရမည်။

ဆိုင်ရာနိုင်ငံတော်အစိုးရများက အာဏာလွှဲအပ်ခြင်းခံရသော အောက်တွင် လက်မှတ်ရေးထိုးသော ပုဂ္ဂိုလ်များသည် သဘောတူညီကြကြောင်း ထင်ရှားစေရန် ဤစာချုပ်၌ လက်မှတ်ရေးထိုး၍ မိမိတို့၏ တံဆိပ်တော်များကို ခတ်နှိပ်ကြသည်။

ရှိုဝါ သက္ကရာဇ် တစ်ဆယ့်ရှစ်နှစ်မြောက်၊ အဋ္ဌမလ၊ ဤ ပထမနေ့ မြန်မာ သက္ကရာဇ် ၁၃၀၅ ခု၊ ဝါခေါင်လဆန်း ၁ ရက်နေ့တွင် မိတ္တူစာချုပ်နှစ်စောင်ဖြင့် ရန်ကုန် နေပြည်တော်၌ ပြုလုပ်သည်။

ပုံ – ရန်ဇို ဆာဝါဒါး

ဂျပန်နိုင်ငံတော် ကေရာဇ်မင်းမြတ်၏ အထူးသံအမတ်နှင့် အာဏာကုန်လွှဲအပ်ခြင်းခံရသော အရာရှိ

ပုံ – ဘမော်

မြန်မာနိုင်ငံတော်ဝန်ကြီးချုပ်။

မှတ်ချက် ။ ။ ၎င်းစာချုပ် မူရင်းမှာ ဒေါက်တာဘမော်မှတစ်ဆင့် အမေရိကန်ပြည် ယေးလ်တက္ကသိုလ်စာကြည့်တိုက်တွင် ရောက်ရှိနေကြောင်းကို တရားသူကြီးချုပ် ဒေါက်တာမောင်မောင်ကိုယ်တိုင် တွေ့မြင်ခဲ့ရ၍ နိုင်ငံတော်လုပ်ကြံမှုစာအုပ်တွင် ရေးသားထားလေသည်။ မြန်မာပြည် လွတ်လပ်ရေးစာချုပ်မူရင်းကို မြန်မာပြည်တွင် မရှိဘဲ အခြားတစ်နိုင်ငံသို့ ရောက်ရှိနေခြင်းမှာ ဝမ်းနည်းဖွယ် ကောင်းလေစွ။

စိစဉ်တင်ဆက်သူ

❑

# ဗိုလ်ချုပ်အောင်ဆန်း

၏

# နိုင်ငံရေးဂန္ထဝင်

ဒုတိယကဏ္ဍ

www.burmeseclassic.com

www.burmeseclassic.com

## ဗိုလ်ချုပ်နှင့် ကွန်မြူနစ်ဝါဒ

မြန်မာသက္ကရာဇ် ၁၃၀၁ ခုနှစ် ဒုတိယဝါဆိုလဆုတ် (၁၄) ရက်၊ အင်္ဂလိပ်သက္ကရာဇ် ၁၉၃၉ ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့ တနင်္ဂနွေနေ့က ရန်ကုန် ရေကျော်ရပ် တို့ဗမာအစည်းအရုံးတည်ရာဌာန၌ သခင်အောင်ဆန်း၊ သခင်လှဖေ၊ ကိုသိန်းဖေ၊ ကိုဗဟိန်း၊ မစ္စတာဒတ္တားတို့သည် တို့ဗမာအစည်းအရုံးအတွင်းမှာ ကွန်မြူနစ်အဖွဲ့အစည်းကလေးတစ်ရပ် စတင်၍ ဖွဲ့စည်းတည်ထောင်လိုက်ကြလေသည်။

နောင်နှစ်ရက်အကြာ၌ ရန်ကုန်မြို့ အရှေ့ပိုင်း ၄၉ လမ်း၊ အမှတ် ၁၈၈ အိမ်တစ်အိမ်မှာ ဗမာပြည် ကွန်မြူနစ်ပါတီကို နယ်ချဲ့သမားများလက်အောက်၌ လျှို့ဝှက်စွာ သိပ်သိပ်သည်းသည်း ဖွဲ့စည်းတည်ထောင်၍ တာဝန်အသီးသီးခွဲဝေယူခဲ့ကြလေသည်။

### ဗမာပြည်ကွန်မြူနစ်ပါတီအမှုဆောင်အဖွဲ့

| | |
|---|---|
| ၁။ သခင်အောင်ဆန်း | အထွေထွေအတွင်းရေးမှူး |
| ၂။ သခင်စိုး | လူထုခေါင်းဆောင် |
| ၃။ ဂိုရှယ် ခေါ် ဘတင် | စည်းရုံးရေးနှင့် လျှို့ဝှက်ရေး |
| ၄။ သခင်လှဖေ | ဘဏ္ဍာရေးမှူး |
| ၅။ ကိုဗဟိန်း | ကျောင်းသားနှင့် လူငယ် စည်းရုံးရေး |
| ၆။ မစ္စတာနတ်ထ် | ပညာရေးမှူး |

www.burmeseclassic.com

www.burmeseclassic.com



နယ်မြေ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးအတွက် တက်ကြွလျက်ရှိနေကြသော အမျိုးသားခေါင်းဆောင်များ မြန်မာသက္ကရာဇ် ၁၃၀၁ ခုနှစ် ဝါခေါင်လဆုတ် ၃ ရက် အင်္ဂလိပ်သက္ကရာဇ် ၁၉၃၉ ခုနှစ် စက်တင်ဘာလ ၁ ရက် သောကြာနေ့က မြန်မာပြည် ထွက်ရပ်ဂိုဏ်းကို တည်ထောင်ဖွဲ့စည်းခဲ့ကြလေသည်။

## ဗမာ့ထွက်ရပ်ဂိုဏ်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့

| | | |
|---|---|---|
| ၁။ | ဒေါက်တာဘမော် | ခေါင်းဆောင် |
| ၂။ | သခင်အောင်ဆန်း | အထွေထွေအတွင်းရေးမှူး |
| ၃။ | သခင်သန်းထွန်း | |
| ၄။ | သခင်လှဘော် | |
| ၅။ | သခင်နု | |
| ၆။ | သခင်မြ | |
| ၇။ | ဦးလှမင်း | |
| ၈။ | ဒေါက်တာသိန်းမောင် | |
| ၉။ | ဗန္ဓုလ ဦးစိန် | |
| ၁၀။ | ဦးဘရွှေ (မန္တလေး) | |
| ၁၁။ | ဦးထွန်းအောင် | |
| ၁၂။ | စောဖေသာ | |
| ၁၃။ | ဦးဘဦး (မန္တလေး) | |

မြန်မာသက္ကရာဇ် ၁၃၀၁ ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ ရက် အင်္ဂလိပ်သက္ကရာဇ် ၁၉၃၉ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက် စနေနေ့မှာ မြေအောက်တော်လှန်ရေး ဗဟိုအဖွဲ့ကို စတင် တည်ထောင်ဖွဲ့စည်းလိုက်ကြလေသည်။

## မြေအောက်တော်လှန်ရေး ဗဟိုအဖွဲ့

| | | |
|---|---|---|
| ၁။ | သခင်မြ | ပြည်တွင်းခေါင်းဆောင် |
| ၂။ | သခင်အောင်ဆန်း | ပြည်ပခေါင်းဆောင် |
| ၃။ | သခင်လှဖေ | |
| ၄။ | သခင်နု | |
| ၅။ | ကိုဗဟိန်း | |
| ၆။ | ကိုလှမောင် | နောက် ဗိုလ်ဇေယျ |
| ၇။ | ကိုလှမောင် | မိတ္ထီလာ |
| ၈။ | သခင်ချစ် | |
| ၉။ | ကိုဗဆွေ | |
| ၁၀။ | ကိုကျော်ငြိမ်း | အာအီးတီ–မင်းဘူးချမ်းသာ |
| ၁၁။ | ကိုထွန်းရွှေ | နဂါးနီ |
| ၁၂။ | ကိုကျော်ငြိမ်း | |

## ဗိုလ်တေဇ ရာထူးတိုးခြင်း

မြန်မာပြည် ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီး၏ ဗိုလ်ချုပ်ကြီး ဗိုလ်မိုးကြိုးသည် မကြာမီ ဂျပန်ပြည်သို့ ပြန်တော့မည်ဖြစ်ရာ ၎င်း၏နေရာ၌ ဗိုလ်တေဇ (သခင်အောင်ဆန်း) က ဗိုလ်ချုပ်ကြီးအဖြစ်ဖြင့် လက်ခံလိုက်ပြီဟု သတင်းကြားသိရကြောင်း။

## ဗိုလ်အောင်ဆန်းအား ဗိုလ်ချုပ်ခန့်ခြင်း

မြန်မာပြည် ကာကွယ်ရေးစစ်တပ်၌ ကာနယ် အောင်ဆန်းအား တပ်ဗိုလ်ချုပ်ခန့်အပ်ကြောင်း။ လက်ဖတင်နင်ကာနယ် အောင်ဆန်း၊ စစ်ဗိုလ်အရာရှိ လက်ဖတင်နင်ကာနယ် လှဖေ၊ ကပ္ပတိန်ညွန့်၊ အဂျူတင့်စစ်ဗိုလ် စာရင်းဌာနကပ္ပတိန်ဝင်း၊ ဆေးဘက်ဌာန ကပ္ပတိန်မောင်မောင်၊ ဥပဒေပိုင်း ဆိုင်ရာ ကပ္ပတိန်ဖိုးကွန်း၊ စက်မှုဆိုင်ရာ လက်ဖတင်နင် မျိုးအုံး၊ တိရစ္ဆာန်ဘက်ဆိုင်ရာ လက်ဖတင်နင်ကျော်၊ မြန်မာပြည်စစ်တပ်ဗဟိုဌာန တွဲဖက်အရာရှိများ ခန့်ကြောင်း။

## ဗိုလ်ချုပ်နှင့် အုပ်ချုပ်ရေးအဖွဲ့များ

ဗမာ့လွတ်လပ်ရေးတပ်မတော်သည် မြန်မာသက္ကရာဇ် ၁၃၀၃ ခုနှစ် တပေါင်းလဆုတ် ၈ ရက်၊ အင်္ဂလိပ်သက္ကရာဇ် ၁၉၄၂ ခုနှစ် မတ်လ ၈ ရက် တနင်္ဂနွေနေ့ နံနက် ၈ နာရီ အချိန် မြန်မာပြည် ရန်ကုန်မြို့တော်ကို အင်္ဂလိပ် အရင်းရှင်နယ်ချဲ့သမားများ လက်မှ ပြန်လည်သိမ်းပိုက်နိုင်ခဲ့ကြလေသည်။

မြန်မာသက္ကရာဇ် ၁၃၀၄ ခုနှစ် နယုန်လဆန်း ၁ ရက်၊ အင်္ဂလိပ်သက္ကရာဇ် ၁၉၄၂ ခုနှစ် မေလ ၁၄ ရက် ကြာသပတေးနေ့က မြန်မာပြည်အထက်ပိုင်း မြစ်ကြီးနားမြို့ကို ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ဂျပန်တပ်များ သိမ်းယူလိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်စစ်သေနာပတိ ဂျင်နရယ်အီးဒါးက ဒေါက်တာဘမော်ကို အုပ်ချုပ်မှု စီစဉ်ရန်အတွက် အစည်းအဝေးခေါ်ရန်ဖိတ်ကြားစေသောကြောင့် ဒေါက်တာဘမော်သည် မြန်မာသက္ကရာဇ် ၁၃၀၄ ခုနှစ် နယုန်လဆန်း ၈ ရက်၊ အင်္ဂလိပ်သက္ကရာဇ် ၁၉၄၂ ခုနှစ် မေလ ၂၁ ရက် ကြာသပတေးနေ့က မေမြို့(ပြင်ဦးလွင်)၌ အစည်းအဝေးကျင်းပ ပြုလုပ်ခဲ့ကြသည်။

### အစည်းအဝေးတက်ရောက်ကြသူများ

၁။ ဒေါက်တာဘမော်
၂။ သခင်ကိုယ်တော်မှိုင်း
၃။ သခင်မြ
၄။ သခင်သန်းထွန်း
၅။ သခင်နု
၆။ သခင်ထွန်းအုပ်
၇။ သခင်ဗစိန်
၈။ ဗိုလ်တေဇ (သခင်အောင်ဆန်း)
၉။ ဦးဘဝင်း
၁၀။ ဗန္ဓုလ ဦးစိန်
၁၁။ ဦးဘဘေ
၁၂။ ဦးထွန်းအောင်
၁၃။ ဦးဘသိန်း
၁၄။ ဦးလှဖေ

မြန်မာသက္ကရာဇ် ၁၃၀၄ ခု၊ နယုန်လဆုတ် ၇ ရက်၊ အင်္ဂလိပ်သက္ကရာဇ် ၁၉၄၂ ခု ဇွန်လ ၄ ရက် ကြာသပတေးနေ့က ဂျပန်စစ်ဗိုလ်ချုပ်ကြီး အီးဒါးက ဒေါက်တာဘမော်ကို ခေါင်းဆောင်စေ၍ အုပ်ချုပ်မှုစီစဉ်ရေးအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းပေးလိုက်လေသည်။

### အုပ်ချုပ်မှုစီစဉ်ရေးအဖွဲ့

၁။ ဒေါက်တာဘမော်
၂။ ဒေါက်တာသိန်းမောင်



၃။ ဦးဘဘေ
၄။ သခင်မြ
၅။ သခင်သန်းထွန်း
၆။ သခင်နု
၇။ သခင်ထွန်းအုပ်
၈။ သခင်ဗစိန်
၉။ ဦးထွန်းအောင်
၁၀။ ဗန္ဓုလဦးစိန်
၁၁။ ဦးဘဝင်း
၁၂။ ဓားမ ဦးဘသိန်း
၁၃။ ဦးလှဖေ

ဤအဖွဲ့သည် အင်္ဂလိပ်စစ်တပ်၊ တရုတ်စစ်တပ်များ မြေလှန် မီးရှို့ ဖျက်ဆီးသွားကြသော မြန်မာတစ်ပြည်လုံးကို အမြန်ဆုံး ပြန်လည်ထူထောင်နိုင်ကြရန် အပူတပြင်း ရေးဆွဲစီစဉ်သွားကြရလေသည်။

မြန်မာသက္ကရာဇ် ၁၃၀၄ ခုနှစ် ပထမဝါဆိုလဆန်း ၃ ရက်၊ အင်္ဂလိပ်သက္ကရာဇ် ၁၉၄၂ ခုနှစ် ဇွန်လ ၁၅ ရက် တနင်္လာနေ့မှာ ဗမာ့လွတ်လပ်ရေးတပ်မတော်များနှင့် ဂျပန်တပ်များက မြန်မာပြည် တစ်ပြည်လုံး လက်ရသိမ်းပိုက် ရရှိလိုက်ကြကြောင်း ကြေညာခဲ့ကြလေသည်။

မြန်မာသက္ကရာဇ် ၁၃၀၄ ခုနှစ် ပထမဝါဆိုလဆုတ် ၁ ရက်၊ အင်္ဂလိပ်သက္ကရာဇ် ၁၉၄၂ ခုနှစ် ဇွန်လ ၂၀ ရက် တနင်္ဂနွေနေ့မှာ ရန်ကုန်မြို့၌ အရှေ့အာရှလူငယ်များ အစည်းအရုံးကို စတင်တည်ထောင် ဖွဲ့စည်းခဲ့ကြလေသည်။

မြန်မာသက္ကရာဇ် ၁၃၀၂ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၄ ရက်၊ အင်္ဂလိပ်သက္ကရာဇ် ၁၉၄၂ ခုနှစ် ဇူလိုင် ၂၆ ရက် တနင်္ဂနွေနေ့က ဗမာ့လွတ်လပ်ရေးတပ်မတော်မှ ဗမာ့ကာကွယ်ရေးတပ်မတော်အဖြစ်သို့ ပြောင်းလဲဖွဲ့စည်းလိုက်ကြလေသည်။

မြန်မာသက္ကရာဇ် ၁၃၀၄ ခုနှစ် ဒုတိယဝါဆိုလဆုတ် ၅ ရက်၊ အင်္ဂလိပ်သက္ကရာဇ် ၁၉၄၂ ခုနှစ် ဩဂုတ်လ ၁ ရက် စနေနေ့က ဂျပန်စစ်ဗိုလ်ချုပ်ကြီး အီးဒါးက သူ၏လက်အောက်၌ စစ်အုပ်ချုပ်ရေးအဖြစ်ဖြင့် အုပ်ချုပ်ရန် အခိုးရအဖွဲ့ ဖွဲ့စည်းစေခဲ့သောကြောင့် ကြေညာကာ လက်ခံလိုက်ကြရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဂျပန်စစ်အုပ်ချုပ်ရေးအဖွဲ့

| | |
|---|---|
| ၁။ ဒေါက်တာဘမော် | ဝန်ကြီးချုပ် |
| ၂။ သခင်မြ | ဒုတိယဝန်ကြီးချုပ် |
| ၃။ ဒေါက်တာသိန်းမောင် | ဘဏ္ဍာရေး |
| ၄။ ဦးထွန်းအောင် | တရားဌာန |
| ၅။ ဦးဘဝင်း | ပြည်ထဲရေးဌာန |
| ၆။ သခင်သန်းထွန်း | မြေနှင့် လယ်ယာစိုက်ပျိုးရေး |
| ၇။ သခင်ထွန်းအုပ် | သစ်တောနှင့် သတ္တုတွင်းဌာန |
| ၈။ သခင်ဗစိန် | ဆည်မြောင်းနှင့် အလုပ်သမားဌာန |
| ၉။ ဗန္ဓုလဦးစိန် | လမ်းလုပ်ငန်းနှင့် အဆောက်အုံနှင့် ပြန်လည်ထူထောင်ရေး |
| ၁၀။ ဦးလှဖေ | ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှုဌာန |

မြန်မာသက္ကရာဇ် ၁၃၀၄ ခုနှစ်၊ တပေါင်းလဆုတ် ၃ ရက်၊ အင်္ဂလိပ်သက္ကရာဇ် ၁၉၄၃ ခုနှစ် မတ် ၂၃ ရက် အင်္ဂါနေ့မှာ မြန်မာပြည်ရှိ ဂျပန်စစ်ဘက်က စီစဉ်ပေးချက်အရ မြန်မာပြည် လွတ်လပ်ရေးဆွေးနွေးကြရန်အတွက် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ တိုကျိုမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြလေသည်။

## တိုကျိုသွား ကိုယ်စားလှယ်အဖွဲ့

၁။ ဝန်ကြီးချုပ် ဒေါက်တာဘမော်
၂။ ဒုတိယဝန်ကြီးချုပ် သခင်မြ
၃။ ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာသိန်းမောင်
၄။ ဗမာ့ကာကွယ်ရေးတပ်မတော် ဗိုလ်ချုပ်အောင်ဆန်း
၅။ အတွင်းဝန် ဦးကျော်ငြိမ်း
၆။ ဝန်ကြီးချုပ် ကိုယ်ရံတော် ဗိုလ်မှူးရန်နိုင်
၇။ ဦးတင့်ဆွေ
၈။ ဦးလှဖေ



မြန်မာသက္ကရာဇ် ၁၃၀၅ ခု ကဆုန်လဆန်း ၅ ရက်၊ အင်္ဂလိပ်သက္ကရာဇ် ၁၉၄၃ ခုနှစ် မေ ၈ ရက်၊ စနေနေ့က မြန်မာနိုင်ငံရှိ စစ်ဗိုလ်ချုပ်ကြီး၏ သဘောတူညီချက်အရ မြန်မာပြည်လွတ်လပ်ရေးစီစဉ်မှုအဖွဲ့ကို ဖွဲ့စည်းလိုက်ကြသည်။

မြန်မာသက္ကရာဇ် ၁၃၀၅ ခုနှစ် ဝါခေါင်လဆန်း ၁ ရက်၊ အင်္ဂလိပ်သက္ကရာဇ် ၁၉၄၃ ခု ဩဂုတ်လ ၁ ရက်၊ တနင်္ဂနွေနေ့က ကမ္ဘာစစ်အတွင်းမှာ မြန်မာပြည် လွတ်လပ်ရေး ကြေညာခွင့် ရရှိကြသဖြင့် ကြေညာခဲ့ကြရလေသည်။

မြန်မာ့လွတ်လပ်ရေးအောင်ပွဲများကိုလည်း မြန်မာတစ်ပြည်လုံးရှိ မြို့ကြီး မြို့ငယ် ကျေးရွာများပါမကျန် 'လွတ်လပ်ပြီ လွတ်လပ်ပြီ တို့ပြည် လွတ်လပ်ပြီ အောင်သပြေကို ဆွတ်ခါတည်' ဆိုသော သီချင်းသံ ပဲ့တင်ထပ်မျှ သီဆိုကြွေးကြော်ကာ ကျင်းပပြုလုပ်ခဲ့ကြလေရာ လှည်းနေလှေအောင်း မြင်းဇောင်း ခုတင်မကျန် ကြားသိရှိခဲ့ကြရလေသည်။

## လွတ်လပ်သော အစိုးရအဖွဲ့သစ် ဝန်ကြီးများ

| | |
|---|---|
| ၁။ ဒေါက်တာဘမော် | နိုင်ငံတော်အဓိပတိ |
| ၂။ သခင်မြ | ဒုတိယဝန်ကြီးချုပ် |
| ၃။ ဒေါက်တာသိန်းမောင် | ဘဏ္ဍာရေးဝန်ကြီး |
| ၄။ ဦးထွန်းအောင် | ပူးပေါင်းဆောင်ရွက်ရေးဌာန |
| ၅။ ဦးဘဝင်း | ပြည်ထဲရေးဌာန |
| ၆။ ဗန္ဓုလဦးစိန် | ကြီးပွားရေးဝါဒဖြန့်ချိရေးနှင့် သာသနာရေး |
| ၇။ ဦးလှဖေ | သစ်တောနှင့် သတ္တုတွင်းဌာန |
| ၈။ သခင်သန်းထွန်း | မြေယာနှင့် လယ်ယာစိုက်ပျိုးရေးဌာန |
| ၉။ ဦးသိန်းမောင် | တရားရေးဌာန |
| ၁၀။ ဦးလှမင်း | ပညာရေးနှင့် စည်ပင်သာယာရေးဌာန |
| ၁၁။ ပျော်ဘွယ်ဦးမြ | ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှု |
| ၁၂။ ဦးအေး | အခွန်တော်ဌာန |
| ၁၃။ သခင်နု | နိုင်ငံခြားရေးဌာန |
| ၁၄။ ဗိုလ်ချုပ်အောင်ဆန်း | ကာကွယ်ရေးဌာန |
| ၁၅။ သခင်လေးမောင် | လမ်းပန်းနှင့် ပြန်လည်ထူထောင်ရေး |
| ၁၆။ သခင်လွန်းဘော် | လမ်းပန်းအဆောက်အအုံနှင့် ပြန်လည်ထူထောင်ရေး |

www.burmeseclassic.com

www.burmeseclassic.com



မြန်မာသက္ကရာဇ် ၁၃၀၅ ခုနှစ် တော်သလင်းလဆုတ် ၃ ရက်၊ အင်္ဂလိပ် သက္ကရာဇ် ၁၉၄၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက် ကြာသပတေးနေ့က ဂျပန် ပေးအပ်သော လွတ်လပ်ရေး ကြေညာပြီး တစ်လနှင့် ၁၆ ရက်ကြာမှာ ဗမာ့ကာကွယ်ရေး တပ်မတော်ကို ဗမာ့တပ်မတော်ဟု အမည်ပြောင်းလဲ ဖွဲ့စည်းလိုက်သည်။

နိုင်ငံတော် အဓိပတိကလည်း ပြန်တမ်းများထုတ်ပြန်၍ ပြောင်းလဲသော အမည်များကို ထပ်ဆင့် အတည်ပြုပေးလိုက်လေသည်။

## စစ်ဦးစီးအဖွဲ့ချုပ်

| | |
|---|---|
| ၁။ ဗိုလ်ချုပ်အောင်ဆန်း | စစ်ဝန်ကြီး |
| ၂။ ဗိုလ်စကြာ | ဒုတိယစစ်ဝန်ကြီး |
| ၃။ ဗိုလ်လက်ျာ | ဖွဲ့စည်းရေးဌာနကြီးမှူး |
| ၄။ ဗိုလ်နေဝင်း | စစ်သေနာပတိ |
| ၅။ ဗိုလ်ဇေယျ | စစ်ဦးစီးချုပ် |

မြန်မာသက္ကရာဇ် ၁၃၀၆ ခုနှစ် ဝါခေါင်လဆုတ် ၁-၂-၃-၄ ရက်၊ အင်္ဂလိပ် သက္ကရာဇ် ၁၉၄၄ ခု ဩဂုတ်လ ၄-၅-၆-၇ ရက်၊ သောကြာ၊ စနေ၊ တနင်္ဂနွေ၊ တနင်္လာနေ့များက ၄ ရက်တိုင်တိုင် လျှို့ဝှက်စည်းဝေး ဆွေးနွေးကြပြီး ပဲခူးမြို့ ဗမာ့တပ်မတော် တိုင်း ၄ စခန်း၌ ဗမာ့တပ်မတော်နှင့် ဗမာပြည် ကွန်မြူနစ်ပါတီတို့ ပူးပေါင်းကြကာ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ချုပ်ကို စတင်တည်ထောင် ဖွဲ့စည်းခဲ့ကြလေသည်။

ထိုအစည်းအဝေးကပင် အဖွဲ့၏ ဥက္ကဋ္ဌအဖြစ် ဗိုလ်ချုပ်အောင်ဆန်း၊ အတွင်းရေးမှူးအဖြစ် သခင်သန်းထွန်း၊ သာမန်ဦးစီးအဖွဲ့ဝင်အဖြစ် သခင်စိုးတို့ဖြစ်ကြပြီး ကိုဗဟိန်းမှာ ထိုအစည်းအဝေးသို့ တက်ရောက်ခဲ့သော်လည်း ဦးစီးအဖွဲ့ဝင်အဖြစ် ပါဝင်ခြင်း မရှိပါ။

ထို့နောက် ပိုမိုကျယ်ပြန့်လာစေရန် မြန်မာသက္ကရာဇ် ၁၃၀၆ ခု တော်သလင်း လဆန်း ၆ ရက်၊ အင်္ဂလိပ် သက္ကရာဇ် ၁၉၄၅ ခုနှစ် မတ်လ ၁ ရက်နေ့မှ ၃ ရက် နေ့အထိ ရန်ကုန် မြို့ပတ်လမ်းနှင့် ဦးထွန်းမြတ်လမ်းထောင့်ရှိ စစ်ဝန်ကြီး ဗိုလ်ချုပ် အောင်ဆန်းနေအိမ်၌ ဗမာ့တပ်မတော်၊ ဗမာပြည် ကွန်မြူနစ်ပါတီ၊ ပြည်သူ့ အရေးတော်ပုံပါတီတို့ ပါဝင်သော ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကို ဩဂုတ်လ ဖွဲ့စည်းစက တာဝန်ခွဲဝေမှုအတိုင်း အပြောင်းအလဲ မလုပ်ကြဘဲ



စစ်ရေးအရ တော်လှန်တိုက်ခိုက်ကြရတော့မည်ဖြစ်သဖြင့် ဖွဲ့စည်းမှုကို စစ်ရေးပုံစံသို့ ပြောင်းလဲဖွဲ့စည်းလိုက်ခြင်း ဖြစ်ပါသည်။ ထိုအစည်းအဝေးတွင် အာဏာပိုင်အဖွဲ့ ဟူ၍ ခေါင်းဆောင်သုံးဦးကို ရွေးချယ် တင်မြှောက်ခဲ့ကြပါသည်။ ဗိုလ်ချုပ်အောင်ဆန်း စစ်ရေးခေါင်းဆောင်၊ သခင်စိုး နိုင်ငံရေးခေါင်းဆောင်၊ သခင်သန်းထွန်း နိုင်ငံခြား ဆက်သွယ်ရေး ဟူ၍ ဖြစ်ကြပါသည်။ ဖတပလ အဖွဲ့ချုပ် ဥက္ကဋ္ဌမှာ ဗိုလ်ချုပ် အောင်ဆန်း၊ အတွင်းရေးမှူးမှာ သခင်သန်းထွန်းတို့ပင် ဖြစ်ပါသည်။

## ဖတပလ ဗဟိုဦးစီးအဖွဲ့

| | |
|---|---|
| ၁။ သခင်စိုး | နိုင်ငံရေးခေါင်းဆောင် |
| ၂။ သခင်သန်းထွန်း | အထွေထွေအတွင်းရေးမှူး၊ မဟာမိတ်များနှင့် ဆက်သွယ်ရေး |
| ၃။ ကိုဗဟိန်း | တွဲဖက် |
| ၄။ ဗိုလ်ချုပ်အောင်ဆန်း | စစ်ရေးခေါင်းဆောင် |
| ၅။ ဗိုလ်လက်ျာ | တိုင်း ၂ နှင့် တိုင်း ၃ စစ်ဌာနချုပ်တို့ အကြားတွင် ဆက်သွယ်ညှိနှိုင်းရေးတာဝန် |
| ၆။ ဗိုလ်နေဝင်း | |
| ၇။ သခင်ချစ် | |
| ၈။ ကိုဗဆွေ | |
| ၉။ ကိုကျော်ငြိမ်း | |

## ဖတပလ ဗဟိုစစ်ကောင်စီ

| | |
|---|---|
| ၁။ ဗိုလ်ချုပ်အောင်ဆန်း | စစ်ရေးခေါင်းဆောင် |
| ၂။ သခင်စိုး | နိုင်ငံရေးခေါင်းဆောင် |
| ၃။ သခင်သန်းထွန်း | ပြောက်ကျားနှင့် နိုင်ငံခြားရေး |
| ၄။ ဗိုလ်လက်ျာ | |
| ၅။ ဗိုလ်နေဝင်း | |
| ၆။ ကိုကျော်ငြိမ်း | |
| ၇။ သခင်ချစ် | |

www.burmeseclassic.com

www.burmeseclassic.com



## ကန္ဒီသွား ကိုယ်စားလှယ်အဖွဲ့

မြန်မာသက္ကရာဇ် ၁၃၀၇ ခုနှစ်၊ ဝါခေါင်လဆုတ် ၁၂ ရက်၊ အင်္ဂလိပ်သက္ကရာဇ် ၁၉၄၅ ခုနှစ် စက်တင်ဘာလ ၄ ရက်၊ အင်္ဂါနေ့က မြန်မာကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် သီဟိုဠ်ကျွန်း ကန္ဒီမြို့သို့ ဗမာ့တပ်မတော် ဆက်လက်တည်တံ့ရေးအတွက် အင်္ဂလိပ် စစ်ဗိုလ်ချုပ်ကြီး မောင့်ဘက်တန်နှင့် တွေ့ဆုံဆွေးနွေး၍ စာချုပ် လက်မှတ်ရေးထိုးကြ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြလေသည်။

## ဆွေးနွေးရေး ကိုယ်စားလှယ်တော်အဖွဲ့

၁။ ဗိုလ်ချုပ်အောင်ဆန်း
၂။ ဗိုလ်မှူးကြီးလက်ျာ
၃။ ဗိုလ်မှူးကြီးဇေယျ
၄။ ဗိုလ်မှူးကြီးနေဝင်း
၅။ ဗိုလ်မှူးကြီးကျော်ဇော
၆။ ဗိုလ်မောင်မောင်
၇။ ဗိုလ်ဇော်မင်း (ကျော်ဝင်း)
၈။ သခင်သန်းထွန်း (ပြောက်ကျား တာဝန်ခံ)
၉။ ဦးဘဘော (အမျိုးသားရေး တာဝန်ခံ)
၁၀။ ကိုညိုထွန်း (ရခိုင်ပြောက်ကျား တာဝန်ခံ)

မြန်မာသက္ကရာဇ် ၁၃၀၇ ခုနှစ်၊ ဝါခေါင်လဆုတ် ၁၄ ရက်၊ တော်သလင်း လဆန်း ၁-၂ ရက်၊ အင်္ဂလိပ်သက္ကရာဇ် ၁၉၄၅ ခုနှစ်၊ စက်တင်ဘာလ ၆-၇ ရက်၊ ကြာသပတေး သောကြာ စနေနေ့များက ဆွေးနွေးကြပြီး မောင့်ဘက်တန် သဘောတူညီချက် အရ လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြလေသည်။

## ဗိုလ်ချုပ်အောင်ဆန်းကို ဖမ်းမည်ဆိုသည်မှာ မမှန်သောသတင်း

မေလ ၁၇ ရက်နေ့ထုတ် သတင်းစာတစ်စောင်တွင် ဗိုလ်ချုပ် အောင်ဆန်းကို ဖမ်းရန် အမိန့်ထုတ်သည်ဆိုသော သကင်းနှင့် ပတ်သက်၍ ကျွန်ုပ်တို့ သတင်းစာဆရာများက ပြည်ထဲရေး ဝန်ကြီး ဆာပေါ်ထွန်းထံ သွားရောက်မေးမြန်းရာ အစိုးရအဖွဲ့က ဗိုလ်ချုပ်အောင်ဆန်းအားဖမ်းရန် စိတ်ကူးမျှ မထည့်။ ထိုသတင်းမှာ မဟုတ် မမှန်ကြောင်း ရှင်းလင်းပြောပြလေသည်။

(၁၉-၅-၄၆) နေ့ထုတ် ပြည်သူ့အသံမှ



## ဗိုလ်ချုပ်နှင့် ပြည်သူ့ရဲဘော်အဖွဲ့

မြန်မာသက္ကရာဇ် ၁၃၀၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၂ ရက်၊ အင်္ဂလိပ်သက္ကရာဇ် ၁၉၄၅၊ ဒီဇင်ဘာလ ၁ ရက်၊ စနေနေ့က ပြည်သူ့ရဲဘော်တပ်ဖွဲ့ကို တည်ထောင်ဖွဲ့စည်းလိုက်လေသည်။

## ပြည်သူ့ရဲဘော်ဖွဲ့စည်းရန် ဆော်ဩရေးအဖွဲ့

၁။ ဗိုလ်ချုပ်အောင်ဆန်း
၂။ ဗိုလ်မှူးလရောင်
၃။ ဗိုလ်မှူးအောင်
၄။ ဗိုလ်ထွန်းလင်း
၅။ ဗိုလ်ထွန်းလှ

မြန်မာသက္ကရာဇ် ၁၃၀၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်၊ အင်္ဂလိပ် သက္ကရာဇ် ၁၉၄၆ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်၊ ကြာသပတေးနေ့က ဘုရင်ခံ ၏ အမှုဆောင်အဖွဲ့ အစိုးရအဖွဲ့ကို ဖဆပလမှ လက်ခံ၍ အစိုးရဖွဲ့လိုက်ကြလေသည်။

## ဖဆပလ အစိုးရအဖွဲ့

| | | |
|---|---|---|
| ၁။ | ဗိုလ်ချုပ်အောင်ဆန်း | ဒုတိယဥက္ကဋ္ဌ၊ ကာကွယ်ရေးနှင့် နိုင်ငံခြား[illegible] |
| ၂။ | သခင်မြ | ပြည်ထဲရေးနှင့် တရားရေး |
| ၃။ | ဦးတင်ထွတ် | ဘဏ္ဍာရေးနှင့် အခွန်တော် |
| ၄။ | ဦးဘဘော | ကူးသန်းရောင်းဝယ်ရေးနှင့် [illegible] |
| ၅။ | မန်းဘခိုင် | အလုပ်သမားနှင့် စက်မှု[illegible] |
| ၆။ | ဦးအောင်ဇံဝေ | ကျန်းမာရေးနှင့် လူမှုဝန်[illegible] |
| ၇။ | တက်ဘုန်းကြီး | လယ်ယာစိုက်ပျိုးရေးနှင့် [illegible] |
| | ဦးသိန်းဖေ | စီးပွားရေးဌာန |

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| ၈။ သခင်ဗစိန် | သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး |
| ၉။ ဦးစော | ပညာရေးနှင့် အမျိုးသားရေးစီမံကိန်းဌာ… |
| ၁၀။ စောဗဦးကြီး | ပြန်ကြားရေးဌာန |
| ၁၁။ ဆာမောင်ကြီး | ပြန်လည်ထူထောင်ရေးဌာန |

နောက်တစ်နေ့မှာ ဖဆပလဝန်ကြီးများ ကျမ်းကျိန်၍ အထွေထွေသပိတ်… ပေါင်းစုံ အင်အားပြကြပြီး အစည်းအဝေးပွဲတစ်ရပ် ကျင်းပပြုလုပ်ကြလေသည်။

နောက် မကြာမီ တက်ဘုန်းကြီး ကိုသိန်းဖေကို နုတ်ထွက်စေ၍ ပျော်ဘွယ်ဦးမြကို အစားထိုး ခန့်အပ်လိုက်ကြလေသည်။ နောက် စောဗဦးကြီး နုတ်ထွက်သွား… သဖြင့် စောစံဘိုးသင်ကို ထပ်မံဖြည့်စွက်၍ ခန့်အပ်လိုက်ကြပြန်လေသည်။

## ကြားဖြတ်ယာယီအစိုးရအဖွဲ့

အောင်ဆန်းအက်တလီစာချုပ်ကို လက်မှတ်မရေးထိုးကြဘဲ ပြန်လာ… ကြသော ဦးစောနှင့် သခင်ဗစိန်တို့သည် မြန်မာသက္ကရာဇ် ၁၃၀၈ ခုနှစ်၊ တပို့တွဲလဆ… ၁၄ ရက်၊ အင်္ဂလိပ်သက္ကရာဇ် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီ ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့… နုတ်ထွက် သွားကြသောကြောင့် နောက် တပေါင်းလဆန်း ၄ ရက်၊ ဖေဖော်ဝါရီ ၂၃ ရက်၊ စနေနေ့က ကြားဖြတ်ယာယီအစိုးရအဖြစ် အမည်ပေး၍ ပြန်လည်ဖွဲ့စည်း… လိုက်ကြလေသည်။

## ကြားဖြတ်ယာယီအစိုးရအဖွဲ့

| | |
|---|---|
| ၁။ ဗိုလ်ချုပ်အောင်ဆန်း | ဒုတိယဥက္ကဋ္ဌ၊ ကာကွယ်ရေးနှင့် နိုင်ငံခြား… |
| ၂။ သခင်မြ | ဘဏ္ဍာရေးနှင့် အခွန်တော် |
| ၃။ ဦးကျော်ငြိမ်း | ပြည်ထဲရေးနှင့် တရားရေးဌာန |
| ၄။ ဦးတင်ထွတ် | ဌာနလက်ကိုင်မရှိ |
| ၅။ ဦးဘဘေ | ကူးသန်းရောင်းဝယ်ရေးနှင့် ထောက်ပံ့ရေး… |
| ၆။ မန်းဘခိုင် | အလုပ်သမားနှင့် စက်မှုလက်မှုဌာန |
| ၇။ ဦးအောင်ဇံဝေ | ကျန်းမာရေးနှင့် လူမှုဝန်ထမ်းဌာန |
| ၈။ ပျော်ဘွယ်ဦးမြ | လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်စီးပွားရေး… |
| ၉။ ဆရာကြီး ရာဇတ် | ပညာရေးနှင့် အမျိုးသားစီမံကိန်း |



| | |
|---|---|
| ၁၀။ ဒီးဒုတ်ဦးဘချို | ပြန်ကြားရေးဌာန |
| ၁၁။ စောစံဘိုးသင် | သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး |
| ၁၂။ ဆာမောင်ကြီး | ပြန်လည်ထူထောင်ရေးဌာန။ |

## တိုင်းပြည်အတွက် အသက်နှင့်လဲသွားသော ခေါင်းဆောင်ကြီးများ

ကမ္ဘာ့ရာဇဝင်မှတ်တမ်းတင်ရသော မြန်မာပြည်ခေါင်းဆောင်များ မသေစာ ယုတ်မာသော သူတို့လက်နက်ဖြင့် သေရခြင်း။

၁၉ - ၇ - ၄၇ နေ့ နံနက် ၁၀ နာရီခွဲအချိန်တွင် ဗိုလ်ချုပ်၏ ရုံးခန်းတွင် ဝန်ကြီးများ စည်းဝေးနေစဉ်၊ စပတ်လမ်းမှ အတွင်းဝန်ရုံးသို့ ဂျစ်ကားကလေးနှင့် ခြံသေ့ အမှတ် နံပါတ် ၁၂ တပ် ယူနီဖောင်းအပြည့်အစုံ ဝတ်ဆင်ထားသူ ၄ ယောက် ဝင်ရောက်လာကြပြီး ဝန်ကြီးများ အစည်းအဝေးလုပ်နေသည့် ရုံးခန်းအောက်တွင် ထိုးရပ်၍ တစ်ယောက်ကား၊ ကားထဲတွင် စောင့်နေခဲ့လေ၏။ ကျန်သုံးယောက်တို့သည် စတင်ဂန်းနှင့် တော်မီဂန်းများကို ကိုင်ဆောင်ကာ ဣန္ဒြေရရ လှေခါးမှ တက်လာကြပြီး ဝန်ကြီးများအစည်းအဝေးလုပ်နေသော အခန်းဝသို့ ရောက်သောအခါ အစောင့် မင်းစေကလေးက အတွင်း၌ ဝန်ကြီးများ အစည်းအဝေးရှိနေသဖြင့် မဝင်ရန် တားမြစ်လေသည်။ ထိုသူငယ်အား တွန်းထိုး၍ တံခါးကို ဖွင့်လိုက်ပြီး သေနတ်များကို ၂ ချက် ဆွဲလိုက်လေသည်။ ဗိုလ်ချုပ်၊ သခင်မြ၊ ဦးဘချို၊ မန်းဘခိုင်၊ မစ္စတာရာဇတ်၊ ဦးဘဝင်း၊ မိုင်းပွန် စော်ဘွား၊ ဦးအုန်းမောင် (အတွင်းဝန်) တို့မှာ အတုံးအရုံးလဲနေ ကြလေသည်။

## ဆေးရုံသို့ ပို့ခြင်း

သူနာပြုကားများဖြင့် အလောင်းများနှင့်လူနာများကို တင်ဆောင်ယူ သွားသည်။ ဆေးရုံတွင် မိုင်းပွန်စော်ဘွားမှတစ်ပါး အားလုံးသော ဝန်ကြီးများမှာ သေနေတော့၏။ စော်ဘွားကြီးမှာ နောက်တစ်ရက် ညနေတွင် သေလေသည်။ အတွင်းဝန် ဦးအုန်းမောင်မှာ ပွဲချင်းပြီး သေဆုံးသွားကြောင်း။

## ရန်ကုန်တစ်မြို့လုံး ချောက်ချားခြင်း

ဗိုလ်ချုပ်တို့ကို သေနတ်နှင့်ပစ်သည်ဟုကြားသည်နှင့်တစ်ပြိုင်နက် အရောင်း အဝယ်များ ရပ်ဆိုင်းသွားတော့၏။ ရပ်ရှင်ရုံများ၊ ဆိုင်များတို့လည်း ပိတ်ထားကြ၏။ နေဝင် မီးငြိမ်း အမိန့်ကိုလည်း လောလောဆယ် ထုတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဗိုလ်ချုပ်အလောင်းကို မြို့လှည့်ခြင်း

၂၀ - ၇ - ၄၇ ညနေ ၂ နာရီ အချိန် ဗိုလ်ချုပ်အလောင်းကို ကန်တော်ကြီးနေအိမ်မှ ဆူးလေဘုရားလမ်း၊ ဖရေဇာလမ်း၊ ဘုရားလမ်းမှ ဂျူဗလီဟောသို့ ယူဆောင်သွားရာ လူထုကြီးမှာ လွန်စွာစည်ကား၏။

## အသက်ချမ်းသာရသော ဝန်ကြီးများ

၁။ ပျော်ဘွယ်ဦးမြ၊ စိုက်ပျိုးရေးဝန်ကြီး။
၂။ ဦးဘဂျမ်း၊ ပြန်လည်ထူထောင်ရေးဝန်ကြီး။
၃။ ဦးအောင်ဇံဝေ၊ ပေါင်းသင်းဆက်ဆံရေးဝန်ကြီး။

## ပြည်သူ့ရှာပနအစမ်းအနား တစ်လ ထားမည်
## ရှာပန အမှုဆောင်

မီးသတ်ဗိုလ်ချုပ် ဦးလှကျော်၊ ဗိုလ်သိန်းဆွေနှင့် ဆိုရှယ်လစ် ဦးသန်းစိန်တို့က တွဲဖက်အတွင်းရေးမှူးများအဖြစ် ဆောင်ရွက်လေသည်။ ဗိုလ်မှူးအောင်မှာ အဖွဲ့၏ ဒုတိယဥက္ကဋ္ဌဖြစ်၍ အမှုဆောင်များမှာ၊ ပြန်ကြားရေးဝန်ကြီး သခင်လွန်းဘော်၊ ညောင်ရွှေ စော်ဘွားကြီး၊ ကရင်ကိုယ်စားလှယ် စောမြင့်သိန်း၊ ဦးခင်မောင်လတ်၊ မြနီစိပယ် မင်းကြီး ဦးစိုးညွန့်၊ ပြည်ထဲရေးဌာန အတွင်းဝန် ဦးပိုင်၊ သယ်ယူပို့ဆောင်ရေးဌာန အတွင်းဝန် ဦးစိုးတင့်၊ ကူးသန်းရောင်းဝယ်ရေးဌာန အတွင်းဝန် ဦးချမ်းသာ၊ ဖဆပလ သခင်သန်း၊ လူငယ် ကိုရိုးမင်း၊ စိန်ဂျွန်းသူနာပြုတပ် ဦးမောင်မောင်၊ ရုပ်ရှင်နှင့် ပြဇာတ် ဥက္ကဋ္ဌ ဦးတင်နွယ်၊ ပန်းချီပညာသည်များအသင်း ဥက္ကဋ္ဌ ဦးဘကြည်၊ ကွန်မြူနစ် သခင်ချစ်၊ ဘဏ္ဍာရေးဌာန အတွင်းဝန် ဦးကြင်၊ ဦးထွန်းလှအောင်၊ ပုလိပ်မင်းကြီး ဦးအောင်ချိန်၊ အမျိုးသမီးအမတ် ဒေါ်ခင်လုံ၊ မွန်ထွန်းရင်၊ ဗိုလ်တိုက်စိုး၊ ခီစီခူး၊ မစ္စတာနတ်တိ ဦးတင်ညွန့်၊ သခင်ဘဟန်၊ သခင်ပန်းမြိုင်၊ ကွန်မြူနစ်သခင်ဘသိန်းတင်၊ တပ်နီ ဗိုလ်အောင်မင်းနှင့် ဆိုရှယ်လစ် ဦးကျော်ဒွန်းတို့ ဖြစ်ကြောင်း။

## ရာဇဝင်အတ္ထုပ္ပတ္တိလည်း ရှိရမယ်၊ မော်ကွန်းလည်း ထိုးလောက်တဲ့ မြင့်မြတ်တဲ့ ဗိုလ်အောင်ဆန်းရယ်

ငါတို့ဗိုလ်ချုပ်အား ရာဇဝင်အတ္ထုပ္ပတ္တိလည်း ရှိရမယ်ဆိုတာ ဗမာတစ်မျိုးလုံးက သိဆိုနေကြ၍ နဂါးနီစာစောင်က ဗိုလ်ချုပ်၏အတ္ထုပ္ပတ္တိကို ၁ - ၇ - ၄၇ နေ့ထုတ်ဂျာနယ်မှအစပြု၍ ရေးနေစဉ် သူရဲဘောနည်းသော လူသတ်သမားများက ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်လိုက်သည့်အတွက် နဂါးနီစာစောင်က ၎င်းအတ္ထုပ္ပတ္တိနှင့် ဗိုလ်ချုပ်အား ဦးညွှတ် အရိုအသေပေးလိုက်ပါကြောင်း။



## ၂၆ ရက် စနေနေ့

ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော မြန်မာခေါင်းဆောင်ကြီးများ ကျဆုံးခြင်းအတွက် ဇူလိုင်လ ၂၆ ရက်၊ စနေနေ့တွင် တစ်တိုင်းပြည်လုံး အလုပ်ရပ်ခဲကာ ဆွမ်းသွတ် အမျှဝေ ဆုတောင်း အဓိဋ္ဌာန်ပြုကြရန်။

## ဖဆပလ အဖွဲ့ချုပ်သစ်

| | | | |
|---|---|---|---|
| ၁။ | သခင်နု | - | ဥက္ကဋ္ဌ |
| ၂။ | ဗိုလ်မှူးအောင် | - | ဒုတိယ ဥက္ကဋ္ဌ |
| ၃။ | ဦးဗဆွေ | - | အထွေထွေအတွင်းရေးမှူး |
| ၄။ | ဦးတင် | - | ဘဏ္ဍာရေးမှူး |

## အလုပ်အမှုဆောင်များ

၅။ ပျော်ဘွယ် ဦးမြ
၆။ ဦးကျော်ငြိမ်း
၇။ ဦးဖေခင်
၈။ သခင်ဝတင်
၉။ ဟသ်ာတ ဦးမြ
၁၀။ သခင်တင် (လယ်သမား)
၁၁။ ဗိုလ်ထွန်းလင်း
၁၂။ သခင်လွန်းဘော်
၁၃။ ဗိုလ်စိန်မှန်
၁၄။ ဦးကိုကိုကြီး
၁၅။ ဗိုလ်မှူးဘိုးကွန်း
၁၆။ ဦးလှ
၁၇။ ဦးဝင်း (အလုပ်သမား)

www.burmeseclassic.com

www.burmeseclassic.com



၁၈။ ဗိုလ်အောင်ကြီး
၁၉။ ဦးအောင်ဇံဝေ
၂၀။ မန်းဝင်းမောင်

## တစ်ပြည်လုံး ဝမ်းနည်းကြသည့်နေ့

လူမသမာတစ်စု၏ လက်ချက်ဖြင့် အသက် ဆုံးရှုံးသွားရရှာသော ဝန်ကြီးများအတွက် ဇူလိုင်လ ၂၆ ရက်နေ့ကို တစ်မျိုးသားလုံး၏ ဝမ်းနည်း တသသောနေ့အဖြစ် မြန်မာတစ်ပြည်လုံးတွင် အသိအမှတ်ပြုကြလိမ့်မည်ဖြစ်ကြောင်း၊ အစိုးရရုံးအားလုံးနှင့် ပျော်ပွဲရွှင်ပွဲအားလုံးကို ထိုနေ့တွင် ပိတ်ထားပြီး အစိုးရ အဆောက်အအုံအားလုံးတွင် အလံများကို တစ်ဝက်လွှင့်ထူထားလိမ့်မည်ဖြစ်ကြောင်း။

## ဗိုလ်ချုပ်သေရ၍ ဂျော့ဘုရင် ဝမ်းနည်းခြင်း

ဂျော့ဘုရင်မင်းမြတ်ကလည်းကောင်း၊ ဗြိတိသျှအစိုးရကလည်းကောင်း၊ ဝန်ကြီးချုပ် အက်တလီကလည်းကောင်း၊ နေရူးကလည်းကောင်း အထူးဝမ်းနည်းကြကြောင်းနှင့် သဝဏ်လွှာများ ပေးပို့ကြခြင်း။

## ဗိုလ်ချုပ်အောင်ဆန်း သေဆုံးရခြင်းအားဖြင့် မြန်မာနိုင်ငံမှာ ခေါင်းဆောင်ကြီးတစ်ဦး ဆုံးရှုံးရပြီဆိုခြင်း

လန်ဒန် ဇူလိုင်လ ၁၉ ရက် မြန်မာနိုင်ငံတော်အစိုးရအဖွဲ့ဝင် ဝန်ကြီးများအား ရက်ရက်စက်စက် သတ်ဖြတ်သွားသည့်ကိစ္စနှင့်စပ်လျဉ်း၍ ဆင့်မပြောက် ဂျော့ဘုရင်မင်းမြတ်နှင့် ဗြိတိသျှအစိုးရက ဝမ်းနည်းကြေကွဲတော်မူကြောင်း သဝဏ်လွှာများ ပေးပို့လိုက်လေပြီ။

## သဝဏ်လွှာများ ပို့ကြပြီ

ဝန်ကြီးချုပ် အက်တလီ၊ မြန်မာနိုင်ငံတော်ဆိုင်ရာ ဝန်ကြီးနှင့် အိန္ဒိယနိုင်ငံတော် ဝန်ကလေး အာသာဟင်ဒါဆင်တို့ကလည်း တိုင်းပြုပြည်ပြုလွှတ်တော် ဥက္ကဋ္ဌ သခင်နုသို့ ဝမ်းနည်းကြေကွဲကြောင်း တစ်ဦးစီ စာလွှာများ ပေးပို့လိုက်ကြောင်း။ ဝန်ကြီးချုပ် အက်တလီကိုယ်တိုင်ကလည်း ဗိုလ်ချုပ်၏ ဇနီးထံသို့ စာတစ်စောင် ပေးပို့လိုက်ကြောင်း။



## ဘုရင်မင်းမြတ် သဝဏ်လွှာ

မြန်မာနိုင်ငံတော် ဘုရင်မင်းမြတ်ကြီးထံသို့ ပေးပို့လိုက်သော ဘုရင်မင်းမြတ်၏ သဝဏ်လွှာတွင် ရေးသား ဖော်ပြထားသည်မှာ အောက်ပါအတိုင်း ဖြစ်လေသည်။

## လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းကြေကွဲရခြင်း

ဇန်နဝါရီလအတွင်းက ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြနှင့် တွေ့ဆုံဆွေးနွေးခဲ့ရပုံကို မှတ်မိတော်မူသော ဘုရင်မင်းမြတ်သည် အမှုဆောင် ကောင်စီအဖွဲ့ဝင် ဝန်ကြီးများအား သတ်ဖြတ်သည့် သတင်းကို ကြားသိတော်မူရ၍ လှိုက်လှိုက်လှဲလှဲ စိတ်ဆင်းရဲသွားတော်မူကြောင်း။

သေဆုံးသွားရရှာသော သူများ၏ ဆွေမျိုးသားချင်း အပေါင်းတို့အား လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းခြင်း ဖြစ်မိတော်မူကြောင်း။ စကားများ ကမ်းလှမ်းလိုက်စေလိုကြောင်း၊ ဒဏ်ရာရရှိသူများ၏ အခြေအနေကိုလည်း အပြည့်အစုံ သိရှိတော်မူလိုကြောင်း။ ဒဏ်ရာရရှိသူများလည်း လုံးဝ ပျောက်ကင်း ချမ်းသာကြလိမ့်မည် ယုံကြည်မျှော်လင့်တော်မူကြောင်း။

## ဗြိတိသျှအစိုးရ သဝဏ်လွှာ

ဗြိတိသျှအစိုးရ ပေးပို့လိုက်သော သဝဏ်လွှာမှာ အောက်ပါအတိုင်းပင် ဖြစ်လေသည်။

အမှုဆောင်ကောင်စီအဖွဲ့အား ရက်ရက်စက်စက် တိုက်ခိုက်သတ်ဖြတ်သွားသည့် သတင်းကို ဖတ်ရှုရသောအခါ အထူးကြောက်ရွံ့တုန်လှုပ်သွားမိ၍ သတ်ဖြတ်ခံရသော သူများ၏ ဆွေမျိုးသားချင်းများအတွက် အထူးတလည် လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းကြေကွဲ ဖြစ်ကြရကြောင်း။

## ခေါင်းဆောင်ကြီးတစ်ဦး ဆုံးရှုံးခဲ့ရပြီ

ဇန်နဝါရီလအတွင်းက ယူနိုက်တက်ကင်းဒမ်းသို့ လာရောက်လည်ပတ်ကြရာမှ အစပြု၍ ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်မြတို့အား ကျကျနန သိကျွမ်းခဲ့ရကြောင်း။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အတွက် ဆိုပါက လေးလေးစားစားနှင့် တိုင်းပြည်ဝန်ကို ထမ်းဆောင်ခဲ့သော ခေါင်းဆောင်ကြီးတစ်ဦး မြန်မာနိုင်ငံတော်မှာ ဆုံးရှုံးနစ်နာရလေပြီ။

## ဒဏ်ရာရရှိသူများအဖို့

ဒဏ်ရာရရှိကြသူတို့ အဖို့မှာလည်း ၎င်းတို့ ဒဏ်ရာမှာ မကြီးကျယ်စေဘဲ အလျင်အမြန် လုံးဝပျောက်ကင်းချမ်းသာစေရန် ဘုရင်မင်းမြတ် အစိုးရက အထူးပင် ဆုတောင်းမေတ္တာ ပို့သလိုက်ပါကြောင်းကိုလည်း ဒဏ်ရာရသူအပေါင်းအား ကျေးဇူးပြု၍ ပြောကြားလိုက်စေလိုပါကြောင်း။

## သခင်နုထံပေးပို့သော ဝန်ကြီးချုပ်၏ သဝဏ်လွှာ

အမှုဆောင် ကောင်စီအဖွဲ့ကို ရက်ရက်စက်စက် တိုက်ခိုက်သတ်ဖြတ်သည့် သတင်းနှင့် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြနှင့် အခြားဝန်ကြီးများ သေဆုံးသွားရသည့် သတင်းကို ကြားသိရသည့်အတွက် အထူးပင် ဝမ်းနည်းမိပါကြောင်း။

## ဂျော့ဘုရင်နှင့် ဗြိတိသျှအစိုးရ ဝမ်းနည်းခြင်း
## လွှတ်လပ်ရေးရခါနီးမှ သေရရှာ နာသည်ဟု နေရှူးက ပြောပုံ

ဂျော့ဘုရင် ။ ။ မြန်မာနိုင်ငံ ဝန်ကြီးအဖွဲ့အား တိုက်ခိုက်သည့်သတင်းကို ကြားရ၍ အထူးပင် စိတ်နှလုံး ဆင်းရဲ ပူပန်ရပေသည်။

အက်တလီ ။ ။ ဗိုလ်ချုပ်အောင်ဆန်း ကွယ်လွန်သွားခြင်းအားဖြင့် မြန်မာနိုင်ငံသည် ခေါင်းဆောင်ကြီးတစ်ဦး ဆုံးရှုံးရလေပြီ။

နေရှူး ။ ။ ကျွန်ုပ်၏ ချစ်ဆွေရဲဘော်ကြီး ဗိုလ်ချုပ်အောင်ဆန်းအတွက် အထူးပင် ယူကျုံးမရ နှမြောတသ ဖြစ်ရပေသည်။

## ဗိုလ်ချုပ်ဇနီးထံ အက်တလီ၏သဝဏ်လွှာ

ကျွန်ုပ်သည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ရင်းနှီးသော မိတ်ဆွေဖြစ်ရခြင်းအတွက် များစွာဂုဏ်ယူသည့်အပြင် ၎င်း၏ ခေါင်းဆောင်



ပီသခြင်းကို အထူးချီးမွမ်းမိပါသည်။ သင်၏ခင်ပွန်း ကွယ်လွန်အနိစ္စရောက်ရကြောင်း ကြားရ၍ ကျွန်ုပ် များစွာ ထိတ်လန့်အံ့သြမိပါသည်။ ယခုကဲ့သို့ ဖြစ်ရခြင်းအတွက် ကျွန်ုပ်လိုက်လိုက်လှဲလှဲ ဝမ်းနည်းရကြောင်းကို သင်အား ပြောကြားလိုက်ရပါသည်။

အက်တလီ ။ ။ လန်ဒန်မြို့၊ ဇူလိုင်လ ၁၉ ရက်နေ့စွဲ၊ ရိုက်တာကြေးနန်း

မြန်မာနိုင်ငံအစိုးရအဖွဲ့ဝင် ဝန်ကြီးများအား သေကြောင်းကြံစည် တိုက်ခိုက်မှုအတွက် အင်္ဂလိပ်ပြည် ဆဋ္ဌမမြောက် ဂျော့ဘုရင်နှင့် ဗြိတိသျှအစိုးရတို့က ဝမ်းနည်းစာများ ပေးပို့ကြကြောင်း။

ဗြိတိသျှနန်းရင်းဝန်ကြီး မြန်မာနိုင်ငံဆိုင်ရာ အတွင်းဝန်ကြီးနှင့် အတွင်းဝန်ကလေး အာသာဟင်ဒါဆင်တို့က တိုင်းပြည်ပြုလွှတ်တော် ဥက္ကဋ္ဌ သခင်နုထံသို့ ဝမ်းနည်းစာများ အသီးသီး ပေးပို့လိုက်ကြကြောင်း။

## ဗိုလ်ချုပ်ဇနီးထံ

ဗြိတိသျှနန်းရင်းဝန်ကြီး အက်တလီက ဗိုလ်ချုပ်၏ဇနီးထံသို့ ဝမ်းနည်းကြောင်း စာတစ်စောင်ကို ပေးပို့လိုက်ကြောင်း။

## ဂျော့ဘုရင်စာ

ဂျော့ဘုရင်က မြန်မာပြည်ဘုရင်ခံထံ ပေးပို့လိုက်သောစာတွင် မိမိသည် လွန်ခဲ့သော ဇန်နဝါရီလက ဗိုလ်ချုပ်အောင်ဆန်း သခင်မြတို့နှင့် တွေ့ဆုံခဲ့ရခြင်းကို အထူးနှစ်သက်စွာ အမှတ်ရလျက်ရှိရာ အမှုဆောင်ဝန်ကြီးအဖွဲ့အား တိုက်ခိုက်သည့် သတင်းများကို ကြားရသည့်အတွက် အထူးပင် စိတ်နှလုံးဆင်းရဲရပါကြောင်း။

သေကြောင်းကြံစည်ခြင်းခံရသူများ၏ သားမယား ဆွေမျိုးညာတိများအား မိမိ အထူးဝမ်းနည်းသည့်အကြောင်းကို တစ်ဆင့်ပြောကြားစေလိုသည့်အပြင် ဒဏ်ရာရသူများ၏ အခြေအနေကိုလည်း မိမိအား စုံလင်စွာ အကြောင်းကြားစေလိုသည်။

ဒဏ်ရာရသူများသည် လုံးဝပကတိ ပြန်လည်ကောင်းမွန်လာသည့်တိုင်အောင် သက်သာလာကြလိမ့်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ဖော်ပြပါရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဗြိတိသျှအစိုးရ၏စာ

ဘုရင်မင်းမြတ်၏ အစိုးရသည် ယခုကဲ့သို့ အမှုဆောင်ဝန်ကြီးအဖွဲ့အား သူရဲဘောနည်းစွာ တိုက်ခိုက်သည့်အကြောင်းကို ဖတ်ရှုကြရသဖြင့် များစွာ ထိတ်လန့် အံ့သြကြရတော့ကြောင်း၊ ဗြိတိသျှအစိုးရအဖွဲ့က အထူးပင် ဝမ်းနည်းကြကြောင်းကို တိုက်ခိုက်ခြင်းခံရသူများ၏ ဆွေမျိုးဉာတိများထံသို့ အကြောင်းကြားလိုက်ရ ပါကြောင်း။

ဗိုလ်ချုပ်အောင်ဆန်း ကွယ်လွန်အနိစ္စ ရောက်သွားရခြင်းအားဖြင့် မြန်မာ နိုင်ငံသည် တိုင်းပြည်၏အကျိုးကို ကျိုးနွံစွာ သယ်ပိုးရွက်ဆောင်သည့် အစေခံတစ်ဦး ဖြစ်သော ခေါင်းဆောင်ကြီးတစ်ဦး ဆုံးရှုံးရလေပြီ။

ဒဏ်ရာရသူများသည်လည်း ၎င်းဒဏ်ရာများ အလျင်အမြန် ပျောက်ကင်း ချမ်းသာကြစေရန် ဗြိတိသျှအစိုးရက ဆုတောင်းပါကြောင်း။

## အက်တလီ၏စာ

နန်းရင်းဝန်ကြီး သခင်နုထံ ပေးပို့လိုက်သောစာတွင် အမှုဆောင်ဝန်ကြီး အဖွဲ့အား ရက်စက်ကြမ်းကြုတ်စွာ တိုက်ခိုက်သဖြင့် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြနှင့် အခြား ဝန်ကြီးသုံးဦးတို့ ကွယ်လွန်အနိစ္စရောက်ကြောင်း ကြားသိရ၍ လှိုက်လှဲစွာ ဝမ်းနည်းပါကြောင်း။ ဤခေါင်းဆောင်များ ကွယ်လွန်အနိစ္စရောက်သွားကြခြင်းအားဖြင့် လည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်း ကွယ်လွန်အနိစ္စရောက်ခြင်းအားဖြင့်လည်းကောင်း မြန်မာနိုင်ငံအဖို့ မည်မျှနစ်နာရသည်ကို ကျွန်ုပ် သိပါကြောင်း၊ ဒဏ်ရာရသူများသည် တစ်နေ့တခြား သက်သာလာကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

## နေရူး၏ ဝမ်းနည်းစကား

နယူးဒေလီမြို့၊ ဇူလိုင်လ ၁၉ ရက်နေ့

အိန္ဒိယကြားဖြတ်အစိုးရ၏ ဒုတိယသဘာပတိ ပဏ္ဍစ်နေရူးက ၎င်းသည် မြန်မာဝန်ကြီးများ အသတ်ခံရကြောင်း ကြားသိရသည့်အတွက် အထူးပင် ဝမ်းနည်း ပါသည်ဟု ပြောကြားလေသည်။

နေရူးက ဆက်လက်ပြောကြားသည်မှာ အိန္ဒိယ မြန်မာပြည်နှင့် အာရှတိုက် တို့သည် ၎င်းတို့၏လွတ်လပ်ရေးကို ဆောအန္တရာယ်အဖြစ်ခံ၍ အကြမ်းမှုကို လိုက်စား



နေကြကြောင်း။ မြန်မာတို့သည် လုံးဝလွတ်လပ်ရေးရခါနီးမှ ထင်ရှားသော မြန်မာ ခေါင်းဆောင်များ ရက်စက်စွာ လုပ်ကြံခံရခြင်းမှာ မည်မျှကြေကွဲဖွယ်ရာဖြစ်သည်ကို ပြောပြရန် စကားလုံးပင် ရှာ၍ မရတော့ကြောင်း။

ဗိုလ်ချုပ်အောင်ဆန်းသည် အသက် ငယ်ငယ်ရွယ်ရွယ်မှာပင် မြန်မာ့လွတ်လပ် ရေးကို စီမံပြဋ္ဌာန်းနိုင်သော ဗိသုကာဖြစ်၍ လူထု၏အသိအမှတ်ပြုခြင်းကို ခံရသော ခေါင်းဆောင်ကြီးဖြစ်လေရာ ကျွန်ုပ်၏မိတ်ဆွေ ရဲဘော်တစ်ဦးဖြစ်သော ဗိုလ်ချုပ် အောင်ဆန်းအတွက် ယူကျုံးမရ နှမြောတသ ဖြစ်ရတော့ကြောင်း။

## အိန္ဒိယ ဘုရင်ခံချုပ်ထံမှ မြန်မာနိုင်ငံ ဘုရင်ခံထံသို့ ပေးပို့သော သဝဏ်လွှာ

သင်နှင့် မြန်မာနိုင်ငံအစိုးရထံသို့ ဝမ်းနည်းစကား ကြားရောက် အပ်ပါသည်။ ကြောက်မက်ဖွယ်ကောင်းလှသော ဤဖြစ်ပွားမှုကြီး အတွက် အထူးပင် စိတ်စက်တုန်လှုပ်မိပါသည်။

## လေတပ်မှ သဝဏ်လွှာ

## မြန်မာပြည် အာ–အေ–အက်(ဖ်) လေတပ်ဗိုလ်မှူးထံမှ သဝဏ်လွှာ

လေတပ်ဗိုလ်မှူးကြီးနှင့်တကွ အရာရှိများ၊ လေယာဉ်ပျံ သမားများအားလုံးက မြန်မာလူမျိုးတို့၏ နောက်ဆုံး ဆုံးရှုံး နစ်နာမှုကြီးအတွက် ဝမ်းနည်းပက်လက်ဖြစ်လျက် ရှိကြ ပါကြောင်း။

## ဘင်္ဂလားဘုရင်ခံထံမှ သဝဏ်လွှာ

ဘင်္ဂလားဘုရင်ခံက မြန်မာနိုင်ငံ ဘုရင်ခံထံသို့ ပေးပို့သော သဝဏ်လွှာ။

သင်၏ အမှုဆောင် ဝန်ကြီး ၆ ဦးတို့အား လုပ်ကြံသတ်ဖြတ်မှု ကြီးကို ဖတ်ရှုရသဖြင့် အသည်းဘဝင် တုန်လှုပ်ချောက်ချား သွားပါသည်။ မေတ္တာမှန်ဖြင့် တကယ် အမှန် ဝမ်းနည်းမိပါ တော့၏။

www.burmeseclassic.com

www.burmeseclassic.com

## ဆွစ်ဇာလန်ပြည်၌

ကော်ဆာမွန်ထရီအောက်(စ်) ၂၁ ရက်။ ။ဆွစ်ဇာလန်ပြည် ကော်ဆာမွန်ထရီအောက်(စ်)မြို့၌ ကျင်းပလျက်ရှိသော ကမ္ဘာလုံးဆိုင်ရာ စိတ်ဓာတ်ပြန်လည်ပြုပြင်ရေး ညီလာခံမှ ဦးအောင်ဆန်းအား သတိရခြင်းအထိမ်းအမှတ်ပြုကြကြောင်း။

ကိုယ်စားလှယ်အချို့က ဦးအောင်ဆန်းနှင့် မိတ်ကျွမ်းဝင်ခဲ့ပုံကို ထုတ်ဖော်ပြောဆိုပြီးလျှင် ဦးအောင်ဆန်း တိုင်းပြည်ကို ချစ်ခင်ပုံနှင့် အကျင့်စာရိတ္တ မွန်မြတ်သန့်စင်ပုံတို့ကို ထုတ်ဖော် ချီးကျူးကြကြောင်း။

## အိန္ဒိယတိုင်းပြည်ပြုလွှတ်တော်

၂၁-၇-၄၇ ရက်နေ့ နံနက်က ကျင်းပသော အိန္ဒိယ တိုင်းပြုပြည်ပြုလွှတ်တော်အစည်းအဝေးတွင် ဥက္ကဋ္ဌ ဒေါက်တာရာဂျင်ဒရာပရာဆတ်က မြန်မာနိုင်ငံတော်အားလွတ်လပ်ရေးတံခါးဝသို့ သယ်ယူပို့ဆောင်ပေးခဲ့သော ဗိုလ်ချုပ်အောင်ဆန်းအားချီးကျူးစကား မိန့်ကြားပြီးသည့်အဆုံး၌ လွှတ်တော်အမတ် အားလုံးက ကျဆုံးသွားရှာသော မြန်မာခေါင်းဆောင်ကြီးများအား ရိုသေလေးစားသောအားဖြင့် မိနစ်အနည်းငယ်မတ်တတ်ရပ်ကာ ငြိမ်သက်စွာ နေကြကြောင်း။


## ဂျင်းနားက ရှုတ်ချခြင်း

နယူးဒေလီမြို့ ၂၁ ။ ။အိန္ဒိယနိုင်ငံလုံးဆိုင်ရာ မွတ်ဆလင်အသင်းကြီး၏ဥက္ကဋ္ဌ၊ ပါကစ္စတန်ဘုရင်ခံချုပ်လောင်း မစ္စတာ ဂျင်းနားက မြန်မာခေါင်းဆောင်ကြီးများအသတ်ခံရခြင်းအတွက်နှင့်ပတ်သက်၍ မြန်မာပြည်သူပြည်သားများအတွက် အထူးဝမ်းနည်းလှကြောင်းနှင့် ထုတ်ဖော်ပြောဆိုလိုက်ကြောင်း။


မိမိသည် ဤသတင်းကို ကြားရသဖြင့် အထူးတုန်လှုပ်ချောက်ချားသွားကာ ဝမ်းနည်းကြေကွဲဖြစ်ရကြောင်း၊ နိုင်ငံရေးလူဆိုးလုပ်ငန်းကြီးမျိုးကို မည်သူကမျှ ထောက်ခံအားပေးလိမ့်မည်မဟုတ်ကြောင်း၊ တိုင်းပြည်အတွက် မည်သည့်လုပ်ငန်းမျိုးမဆိုပန်းတိုင်ရောက်အောင် ပြုလုပ်ဆောင်ရွက်ရန် အဓိဋ္ဌာန် ပြုထားသူများသာလျှင် အောင်မြင်နိုင်လိမ့်မည်ဖြစ်ကြောင်းနှင့် ၎င်းကဆက်လက်ဖော်ပြပြီးလျှင် ကမ္ဘာပေါ်တွင် လူထု၏ဆန္ဒကိုမည်သူမျှ လွန်ဆန်ဖြူခွင်းနိုင်မည်မဟုတ်သောကြောင့် တိုင်းပြည်လူထုအား တုန်လှုပ်ချောက်ချားခြင်း မရှိစေရန် တောင်းပန်လိုက်ကြောင်း။



## ဗိုလ်ချုပ်အောင်ဆန်းဇာတာ




မူလဇာတာ




နဝင်းဇာတာ

၁၂၇၆ ခု၊ တပေါင်းလဆန်း ၁ ရက်၊ စနေနေ့ နံနက် ၄ ချက်မတီးမီ ၆ နာရီ ၃ ပါဒ် ၁၃ ဗိဇနာ ၄ ပြန် ၂ ခရာစက် ၆ နာရီခန့်တွင် ဖွားမြင်သည်။ ဖွဲ့ထားသော ဇာတာတွင် မကာရလဂ် ကုံစန်းကွက် ၂၃ လုံး ၂ ပါဒ် ၉ ဃဋီသွာတိနက္ခတ် မွန်းတည့်ချိန်ဟု တွေ့ရသော်လည်း၊ စင်နက္ခတ် မမှန်သဖြင့် ကုံစန်းလည်းမှားနေသည်။ စင်နက္ခတ် ၂၁ လုံး ၈ ပါဒ် ၁၀ ဃဋီ ၁၅ ဝိဃဋီ မကာရစန်းသာအမှန်ဖြစ်သည်။

စင်နက္ခတ် ၂၁ လုံး ၁ ပါဒ် ၁၀ ဃဋီကို ဝိသုတ္တရီဒသာ တွက်လျှင်အသက် ၅ နှစ် ၁၀ လအထိ တနင်္လာဒသာ စားခဲ့သည်။ ၎င်းနောက် ၁၂ နှစ်၃ လ အထိ အင်္ဂါဒသာ စားခဲ့သည်။ မကာရလဂ်၏ ဂြိုဟ်ဆိုးနှင့် မာရက ဂြိုဟ်များဖြစ်ကြသဖြင့် ငယ်စဉ်က ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိနှင့် ချိန်ဆကြည့်နိုင်ပေသည်။ ၁၂ နှစ် ၁၀ လမှာ ၃၀ နှစ် ၁၀ လအထိ ရာဟုဒသာ စားခဲ့သည်။ ဇာတာတွင်ကုံရာသီ၌ ရာဟု တည်ရာ အိမ်ရှင် စနေဂြိုဟ်၏သဘောအတိုင်း အကျိုး အပြစ်ဖြစ်ပေလိမ့်မည်။ မူလမွေးနံ စနေဂြိုဟ်သည် လဂ်၏ ၆ တန့် အာရိဘာဝ မေထုန်ရာသီတွင် ဗျဿစာ သွားသည်။ ဂြိုဟ်သစ် ပလူတိုနှင့် ပူးသည်။ မကာရလဂ် အလိုအားဖြင့် စနေဂြိုဟ်ကို ဂြိုဟ်ဆိုးမာရက ဂြိုဟ်ဟု မဆိုချေ။ သို့သော် အာရိရန်အိမ်၌ဗျဿစာသွားခြင်းကား အားနည်းလှသည်။ မကောင်းကျိုးသို့သာ ရှေးရှုသည်။

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်ကျောင်းသား ခေါင်းဆောင်အဖြစ်နှင့် ဆင်းရဲပင်ပန်းခံခဲ့ရုံမျှမက အင်္ဂလိပ်အစိုးရကို ရဲဝံ့စွာ နိုင်ငံရေးတိုက်ပွဲ ဆင်ခဲ့သဖြင့် အဖမ်းမခံရအောင် တိတ်တဆိတ်ထွက်ပြေး တိမ်းရှောင်နေခဲ့ ရသည်။ တကယ့် မျိုးချစ်နိုင်ငံရေးသမား ပီသခဲ့သည်။ နိုင်ငံအတွက် အသက်စွန့်လိုစိတ် အမှန်ရှိခဲ့သည်။ သို့အတွက် စွန့်စားသလောက်ပင် လူထု၏ ကြည်ညိုလေးစားမှုကို ခံရသည်။ ရာဟုဒသာ၏ အကျိုးအပြစ်မှာ စနေ၏ အကျိုးအပြစ်အတိုင်း ညီညွတ်လှသည်။ စနေ၏ အကျိုးအပြစ်ကား ဆင်းရဲပင်ပန်းခြင်း ဒုက္ခအမျိုးမျိုးနှင့် ရင်ဆိုင်ရခြင်း၊ အစက်အခဲအမျိုးမျိုး ကြုံခြင်းပင်တည်း။ သို့သော် ရာဟုသဘောအရ အလွန်နာမည်ကြီးခဲ့သည်။ ဂျပန်ခေတ်တွင် ရဲဘော် ၃ ကျိပ် ခေါင်းဆောင်အဖြစ်နှင့် အင်္ဂလိပ်ကို တော်လှန်ရန် ဂျပန်နှင့် ပေါင်းခဲ့သည်။ နောက် ဘီအိုင်အေခေတ်တွင် စစ်သေနာပတိ လုပ်ခဲ့သည်။ နောက် ဂျပန်ကို လိပ်ကန်နှင့် ပူးပေါင်းပြီး တော်လှန်ကာ မောင်းထုတ်ပစ်နိုင်ခဲ့သည်။ ဤမျှကား ရာဟုဒသာအတွင်းမှာ ဖြစ်ပျက်ခဲ့ရသော အသည်းထိတ်စရာ ဇာတ်လမ်းများတည်း။ အသက် ၃၀ နှစ် ၁၁ လမှ ၄၆ နှစ် ၁၀ လ အထိ ကြာသပတေးဒသာစားရန် အချိန်ကာလသို့ ရောက်လာခဲ့သည်။ အောင်ဆန်း အက်တလီစာချုပ်ကို ချုပ်ဆိုကာ လွတ်လပ်ရေးကို ကြိုးပမ်းခဲ့သည်။ အသက် ၃၀ နှစ် ၁၀ လ ၃၂ နှစ် ၁၁ လ ၁၈ ရက်အထိ ကြာသပတေးဒသာ၏ ကြာသပတေးအတရဒသာ စားသည်။ မကာရလင်္ဂအရ ကြာသပတေးသည် ဂြိုဟ်ဆိုးသတ်တတ်သော မာရကဂြိုဟ်လည်း ဖြစ်သည်။ ဇာတာတွင် ကုံရာသီ၌ ကြာသပတေးတည်လျက် မကာရ ရာသီအိမ်ရှင် စနေနိစ် နဝင်းကို စီးသောကြောင့် ဝေါဟာရ အသက် ၃၂ နှစ် ၃ လမှာ လုပ်ကြံသတ်ဖြတ်မှုကို ခံသွားရရှာပေသည်။ မြန်မာ့အာဇာနည်ခေါင်းဆောင်ကြီး၏ ကြေကွဲစရာဇာတ်လမ်းမှာ ဗေဒင်ပညာနှင့် များစွာတိုက်ဆိုင်လှပေသည်။ မူလ ဇာတာဂြိုဟ် စနေမှာလည်း များစွာ ဆန်းကြယ်လှသည်။

မကာရလဂ်နှင့် စန်းအင်္ဂါယူရေးနှတ်ဂြိုဟ်တို့ ပူးယှဉ်ခြင်းကား သူရသတ္တိကို ဖော်ပြသည်။ ဘေးရန် များခြင်းကိုလည်း ဖော်ပြသည်။ နက်ပကျွန်းဂြိုဟ်ကလည်း သမသတ် မြင်သည်။ လင်္ဂ၏ ၈ တန့် မရဏဘာဝကို စနေက ၃ တန့် အမြင်နှင့် အထူးမြင်လျက် တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ ရာဟုဂြိုဟ်တို့က သမသတ် မြင်သည်။ မရဏယုဂ်ကို ရသည်။ အမှုအရာနှင့် သေရသော ယုဂ်ဆိုး ဖြစ်ပေသည်။ မကာရလင်္ဂအရ သောကြာဒသာ စားမှသာလျှင် ဗိုလ်ချုပ်အောင်ဆန်းမှာ အကျိုး ခံစားရခွင့် ရှိနိုင်ပေသည်။


သောကြာဒသာကား အသက် ၇၆ နှစ် ၆ လမှ ၉၆ နှစ် ၆ လ အတွင်း စားမည် ဖြစ်သည်။ မကာရလင်္ဂ၏ ၁၀ တန့် အိမ်ရှင် သောကြာသည် ယောဂကာရက ဂြိုဟ် ဖြစ်သည်။ သို့သော် ဇာတာတွင် လင်္ဂမှာ ၁၂ တန့် ဗျာယအိမ်တွင် သောကြာ တည်သည်ကို စနေ သမသတ် မြင်သည်။ ၈ တန့် မရဏအိမ်ရှင် တနင်္ဂနွေနဝင်းကို စီးသဖြင့် သောကြာဒသာ စားသောအခါ အကျိုး ပေး မပေးကို သံသယ ရှိနိုင်သေးသည်။ မြန်မာ့လွတ်လပ်ရေးကို အသက်နှင့်စတေးသွားသော ဗိုလ်ချုပ်အောင်ဆန်းကား ဘုရားချစ်သည့် သားသည် အသက်ငယ်ငယ်က သေတတ်သည် ဆိုသော အင်္ဂလိပ်စကားပုံအရ အသက်ငယ်ငယ်နှင့် ဘဝပြောင်းသွားရှာသည်ကို မြန်မာလူထုအမှု ကမ္ဘာကြေသော်လည်း ဥဒါန်းကြေနိုင်မည် မဟုတ်ပါချေ။

(ပျဉ်းမနားဆရာ ဦးသန်းမောင်၏ ဇာတက စန္ဒရိကာ ဗေဒင်ကျမ်းမှ)

## ဗိုလ်ချုပ်အောင်ဆန်းဇာတာမှတ်တမ်း

ဗိုလ်ချုပ်အောင်ဆန်းသာ ယနေ့ထိ အသက်ရှင်နေခဲ့လျှင် ပြည်တွင်းစစ် မဖြစ်နိုင်ဟု ယုံကြည်ခြင်း။

ဗိုလ်ချုပ်အောင်ဆန်းဇာတာ



## ဇာတာဖွဲ့ရာ မှားခဲ့သလော

ဗိုလ်ချုပ်အောင်ဆန်းငယ်စဉ်က ဖွဲ့ထားသော ဇာတာရက်ချုပ်တွင် ၁၂၇၆ခု တပေါင်းလဆန်း ၁ ရက် စနေနေ့ နံနက် ၄ ချက်မတီးမီ မကာရလဂ်ကုံစန်းစင်နက္ခတ် ၂၃-၀ ၁၃-၁-၂ လဂ် ၉-၀-၀ ဟု ပါရှိ၏။ ၉ ရာသီတိတိဖြစ်လျှင် မနက်မှာသာ လဂ် ထားရပေမည်။ စန်းလဂ်၊ စင်နက္ခတ်ကို ကြည့်ရှုရခြင်းဖြင့် ဇာတာဖွဲ့ဆရာ ညံ့ဖျင်းမှုကို ကောင်းစွာသိ၏။ နံနက် ၄ ချက်တီးကား နေထွက်စက် ၆ နာရီနှင့် အကြမ်းအားဖြင့် ညီမျှ၏။ မြန်မာနံနက် ၄ ချက်တီး တိတိသည် နံနက် နေထွက်အချိန်တွင် ဖြစ်၏။ နံနက် ၄ ချက်မတီးမီဟုဆိုရာ၊ နေမထွက်မီ လင်းအားကြီးအချိန်မှာ

www.burmeseclassic.com


www.burmeseclassic.com

ဖွားမြင်ကြောင်း ထင်ရှား၏။ တပေါင်းလဆန်း ၁ ရက် ကုံတနင်္ဂနွေအရ နေ့နာရီထက် ညနာရီက များသေးသဖြင့် နံနက် ၆ နာရီကျော်မှ နေထွက်နိုင်ပေမည်။ သံဒိဋ္ဌတွက်ရိုးအရ နတ်မောက်မြို့၏ နေထွက်ချိန်ကို တွက်ကြည့်သောအခါ ၆ နာရီ ၂၇ မိနစ် ၂၆ စက္ကန့်တွင် နေထွက်သည်ကို တွေ့ရ၏။ သို့အတွက် နံနက် စက် ၆ နာရီထားပြီး လဂ်၊ စန်း၊ စင်နက္ခတ်တို့ကိုတွက်ယူလျှင် မကာရလဂ် ၉ ရာသီ ၂၂ အံသာ ၃၃ လိတ္တာ စင်နက္ခတ် ၂၁ လုံး ၁ ပါဒ် ၉ ဃဋီ ၄၅ ဝိဃဋီ ရရှိသောကြောင့် မူလ ဖွဲ့ထားသော ဇာတာရက်ချုပ်၏ လဂ် ၉-၀-၀ စန်း ၁၀-၁၃-၅၁၊ စင်နက္ခတ် ၂၃-၀-၁၃-၁-၂ မှာ ပြင်မရနိုင်အောင် မှားယွင်းနေပေသည်။ အခြားဂြိုဟ်တို့၏ အံသာလိတ္တာများသည်လည်း သံဒိဋ္ဌဂြိုဟ်သွား ပြက္ခဒိန်နှင့် မကိုက်ညီသောကြောင့် ဇာတာဖွဲ့ဆရာသည် ဇာတာဖွဲ့ရာ၌ ငါ့မြင်း ငါစိုင်း စစ်ကိုင်းရောက်ရောက် လုပ်ခဲ့ကြောင်း ထင်ရှားပေသည်။

## မကာရစန်းတာမှန်ကန်ခြင်း

သက်ဆိုင်ရာမဂ္ဂဇင်းများနှင့် ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိစာအုပ်များတွင် ဖွဲ့ထားသော ဇာတာရက်ချုပ်ကိုသာ မှတည်ပြီး ရေးသားဖော်ပြကြသဖြင့် ကုံစန်းနှင့် စင်နက္ခတ် ၂၃-၁-၁၃-၁-၂ ဖြစ်နေကြ၏။ ဗေဒင်ဆရာများနှင့် ဗေဒင်ပါး ဝသော ပညာရှင်များအဖို့ မကာရစန်းကိုသာ မှန်ကန်သည်ဟု အတည်ပြုခဲ့ကြ၏။ စနေဂြိုဟ်

ဖွဲ့ရင်းဇာတာအမှား




လူထုနိုင် မကာရရာသီတွင် လဂ်စန်းအင်္ဂါဉစ် ပူးခြင်းအားဖြင့် ဗိုလ်ချုပ်တည်းဟူသော စစ်သေနာပတိအဖြစ်နှင့် ပိုမိုထင်ရှားခဲ့လေသည်။ သူ၏ဖြစ်စဉ်တစ်လျှောက်လုံးမှာ မကာရ လဂ်စန်းအင်္ဂါတို့၏ သဘာဝနှင့် သံသရာလည်ခဲ့၏။ ဗိုလ်ချုပ်ဇာတာအဖြစ် မှတ်တမ်းတင်နိုင်၏။ လူရိုင်းဘဝက ကျွန်တော် လာသလား မသိ၊ ယနေ့ထိ လူရိုင်း သဘောမျိုး နေချင်သည်၊ စိတ်ထားများ ရှိသည်။ လူရိုင်းကား ကြမ်း၏ ခက်ထန်၏။ သို့သော် ဖြောင့်ဖြူး၏၊ တည်ကြည်၏၊ လွတ်လပ်၏၊ ကျန်းမာ၏၊



ကျွန်တော်သည် လိမ်လည်လေ့ မရှိ။ မလိမ်တတ်။ လိမ်မိခဲ့သော်လည်း ချက်ချင်း ဖြောင့်ချက်ပေး၏။ ကျွန်တော်သည် ထို ကလေးဘဝကပင် သူပုန်စိတ် ထားရှိ လေသည်။ အကြံကြီးသူ ဖြစ်လေသည်။ မြန်မာပြည်အား အင်္ဂလိပ်လက်မှ ပြန်ရရန် သူပုန်ထနည်းအမျိုးမျိုးကို စဉ်းစားခဲ့ဖူးလေသည်။ တစ်ခါတစ်ရံလည်း ဟုတ်တိပတ်တိ ဗိုတ်ကူး၏၊ တစ်ခါတစ်ခါလည်း ပြဒါးရှင်လုံး စသည်များကို ရှာဖွေလိုသောစိတ်များ ပေါ်ပေါက်၏။ စသည်ဖြင့် သူကိုယ်တိုင် ရေးခဲ့သော စာများအရ လဂ်စန်း အင်္ဂါ၏ သဘောမှာ ပေါ်လောကြီး ပေါ်ခဲ့လေသည်။

## ဗိုလ်ချုပ်သာ အသက်ရှင်နေခဲ့လျှင်

၁၉၄၇ ဇူလိုင်လ ၁၉ ရက်၊ ၁၃၀၉ ခု ဝါခေါင်လဆန်း ၂ ရက် စနေနေ့ နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် ဒီးဒုတ်ဦးဘချို၊ သခင်မြ အစရှိသော အပေါင်းပါဝန်ကြီး များနှင့်အတူ လုပ်ကြံသတ်ဖြတ်မှုကို ခံခဲ့ရပေရာ ၁၉၅၇ ခု ဇူလိုင်လ ၁၉ ရက်နေ့တွင် ၁၀ နှစ်ပြည့်ခဲ့ပေပြီ။ လုပ်ကြံခံရချိန် ဂြိုဟ်ခွင်ကို ကြည့်လျှင် ကာဠ သပ္ပယုဂ်ဆိုးနှင့်တကွ မကာရလဂ်စန်းအင်္ဂါကို ကရကဋ်ရောက် ကောဇာ တနင်္ဂနွေ ခိနစန်း စနေပါ ဂြိုဟ် ၃ လုံး သမသတ် မြင်ရုံမျှမက မရဏအိမ်သိဟ်ရာသီကို ပြိဿရောက် ကော… ဂြိုဟ်သည် ၄ တန့် အမြင်နှင့် အထူးမြင်သောကြောင့် မသမာသော …သူ၏ လက်ချက် ဦးကာ မရှုမလှ ဆုံးရှုံးရရှာလေသည်။

ဝိသုတ္တရီဒသာ ဟောကိန်းနှင့် ယှဉ်ကြည့်ပြန်လျှင် သာဝန အသက် ၃၂ နှစ် ၁၀ လ ၂၄ ရက် ရသဖြင့် ကြာသပတေး ဒသာ၏ ကြာသပတေးအန္တရဒသာ စားခိုက်နှင့် တိုက်ဆိုင်လေသည်။ မကာရလဂ် ရှိသော ဇာတာရှင်အဖို့ တနင်္လာ အင်္ဂါ ကြာသပတေးသည် သတ်တတ်သော မာရကဂြိုဟ်များ ဖြစ်ကြ၏။ သောကြာ သည် ရာဇယုဂ်ကို ဖြစ်စေနိုင်၏။ ဗိုလ်ချုပ်အောင်ဆန်းမွေးသည့်နေ့မှအစ ပြု၍ ၅ နှစ် ၁၀ လ အထိ တနင်္လာဒသာ၊ ထိုနောက် ၁၂ နှစ် ၁၀ လ အထိ အင်္ဂါဒသာ၊ ထိုနောက် ၃၀နှစ် ၁၀ လ အထိ ရာဟုဒသာ စားခဲ့ရာ သာယာအေးချမ်းစွာ အကျိုး ပေးမည့် ဒသာဂြိုဟ်များနှင့် မကြုံကြိုက်ခဲ့ရသေးချေ။ မကာရလဂ်မှ ၂ တန့် ကတ္တ ဘဝ၌ တည်ရှိသော ဂုရုခေါ်ဆို ကြာသပတေး ဂြိုဟ်ဒသာအဝင်တွင် ဒုလ္လဘယောဂ၏ အကျိုးကို ခံစားရမလိုလို ဖန်တီးနေဆဲတွင် သတ်တတ်သော မာရကဂြိုဟ် ဖြစ်မှုက နိစ်နှဝင်းကို စီးပြန်သောကြောင့် သာဝန အသက် ၃၂ နှစ် ၁၁ လ ၁၈ ရက် အထိ စားသော ကြာသပတေး အန္တရဒသာမှ မထွက်မီ သာဝန အသက် ၃၂ နှစ်


www.burmeseclassic.com

www.burmeseclassic.com


၁၀ လ ၂၄ ရက်နှင့်ပင် မကာရ ဂြိုဟ်နိစ်နဝင်း၏ မကောင်းကျိုး ဝင်ကာ မည်သူမှ မမျှော်လင့်သော ကြမ္မာဆိုးနှင့် ကြုံခဲ့ရလေသည်။ သူကိုယ်တိုင်လည်း ဤအဖြစ်မျိုးကို မမျှော်လင့် မယုံကြည်သည့်တိုင်အောင် လဂ်စန်း အင်္ဂါပူးသော သဘာဝကို နက်ပကျွန်း ဂြိုဟ် ဝင်နှောက်ကာ ယူရေးနတ်သမသတ်မြင်ခြင်းအရ ဥပဋ္ဌေဒကကံနှင့်ပင် သေရ သော်လည်း မြန်မာ့လွတ်လပ်ရေးကို အသက်နှင့်စတေးပြီး ပေးခဲ့သော မြန်မာ့ သားကောင်းရတနာ အာဇာနည် ဗိုလ်ချုပ်အဖြစ် နိုင်ငံရေးလောကနှင့်လည်းကောင်း ဗေဒင်လောကနှင့်လည်းကောင်း မှတ်တမ်းတင်ခဲ့ခြင်းပင် ဖြစ်လေသည်။

အို ဗိုလ်ချုပ်အောင်ဆန်း၊ အသင်သည် ယနေ့အထိသာ အသက်ရှင်လျက် ရှိနေပါဘိမူ နိုင်ငံရေးအခြေအနေမှာ ပိုမိုကောင်းမွန်လျက် ပြည်တွင်းစစ်လည်း ဆက်လက်ဖြစ်ပွားလိမ့်မည် မဟုတ်ဟု ယုံကြည်ကြသော လူထုထဲတွင် စာရေးသူလည်း တစ်ဦးအပါအဝင်ပင် ဖြစ်ပါသတည်း။


## ၁၉–၇–၅၆ နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှ အာဇာနည်နေ့ ဗေဒင်မှတ်တမ်း



ဗိုလ်ချုပ်အောင်ဆန်း



လုပ်ကြံချိန်ဂြိုဟ်ခွင်



ဂဠုန် – ဦးစော

၁၉၄၇ ဇူလိုင်လ ၁၉ ရက် စနေနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ သခင်မြ အစရှိသော ဝန်ကြီး ၇ ဦးတို့သည် ရန်သူကို အထင်သေးမှုကြောင့် လုပ်ကြံ သတ်ဖြတ်ခြင်းကို ခံခဲ့ကြရရှာပေရာ ယခု ၁၉၅၆ ခု ဇူလိုင်လ ၁၉ ရက်နေ့ ကြာသပတေးနေ့တွင် ၉ နှစ်တင်းတင်းပြည့်လေသည်။ ယနေ့ ဆောင်းပါးတွင် လုပ်ကြံခြင်း ခံရသော ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဇာတာလုပ်ကြံချိန် ဂြိုဟ်ခွင်၊ လုပ်ကြံမှု၏ ခေါင်းဆောင် ဂဠုန်ဦးစော၏ ဇာတာတို့ကို ဗေဒင်မှတ်တမ်း အဖြစ်ဖြင့် ရေးသား တင်ပြလိုက်ရပေသည်။



## အခါပေးပုံ မဆန်းကြယ်လှ

စနေသားကို စနေနေ့တွင် လုပ်ကြံလျှင် အောင်မြင်လိမ့်မည်ဟု ဗေဒင်ဆရာ တစ်ဦးက အခါပေး ဦးပုညလုပ်ခဲ့သည်ဟု သတင်းစာများတွင် ဖော်ပြ ပါရှိ၏။ အခါပေးကား မဆန်းကြယ်ချေ။ အလွန်လွယ်လှပေသည်။ တနင်္ဂနွေသားကို တနင်္ဂနွေ နေ့တွင်၊ တနင်္လာသားကို တနင်္လာနေ့တွင် လုပ်ကြံလျှင် အောင်မြင်မည်ဟု အဓိပ္ပာယ် ရောက်သောကြောင့် လွယ်ကူလှသည်ဟု ကျွန်ုပ် ဆိုလိုက်၏။ ပညာအသား မပါ၍ မှတ်သားစရာလည်း မကောင်းချေ။ နောင်လာနောက်သားတို့သည် လောကီပညာ နည်းစနစ်ကို အမှတ် အယူ မှားကာ အလွဲသုံးစား လုပ်မိကြမည်ကို စိုးရိမ်လှ၏။ အမှန်မှာ စနေသားကို စနေနေ့တွင် လုပ်ကြံသဖြင့် သေရခြင်းမဟုတ်။ မူလဇာတာတွင် ဥပဋ္ဌေဒကကံ ပါလျက် လုပ်ကြံချိန် ဂြိုဟ်ခွင်မှာလည်း သတ်ဖြတ်မှုကို အားပေးသော ကိန်းခန်းများ ပါနေကြခြင်းကြောင့်ပင် ဖြစ်ပေသည်။

## အချိန်အခါသင့်နေပုံ

ဗိုလ်ချုပ်အောင်ဆန်း၏ ဖွားဇာတာတွင် မကာရ လဂ်စန်း အင်္ဂါယူရေး နတ်ဂြိုဟ်များ ပူးလျက် ကရကဋ်ရာသီမှ နက်ပကျွန်းက သမသတ်မြင်ခြင်းသည် လက်နက်ဘေးနှင့် သေရမည်မှာ ဧဧ ရာခိုင်နှုန်း သေချာနေပေသည်။ လဂ်နှင့် ဒိနစန်း အပါအဝင် ပါပဂြိုဟ် ၃ လုံး ပူးရုံမျှမကသေး လုပ်ကြံသတ်ဖြတ်မှုကို အားပေးသော နက်ပကျွန်း၏ သမသတ် မြင်ခြင်းကို ခံရသောကြောင့် အခြေအနေအခါ အခွင့်အရ မုချ အသတ်ခံရမည့် ကိန်းတစ်ခုဖြစ်နေ၏။ လုပ်ကြံချိန် ဂြိုဟ်ခွင်တွင် တန်လဂ်နှင့် နက်ပကျွန်း ပူးနေသည်ကို အံ့သြစွာ တွေ့ရ၏။ အခါပေးသော ဗေဒင် ဆရာသည် နက်ပကျွန်းကို လုံးဝ နားလည်သဘောပေါက်မည် မဟုတ်ချေ။ သို့သော် လဂ်နှင့် ဤဂြိုဟ် ပူးချိန်တွင် လုပ်ကြံမှုကြောင့် အောင်မြင်သွားခြင်းပင် ဖြစ်၏။ တန်လဂ်နှင့် နက်ပကျွန်းကို ၉ တန့် ပြိဿမှနေ၍ ရက်ရက်စက်စက် အားပေးနေ ကြသော အင်္ဂါယူရေးနတ်နှင့် ရာဟုဂြိုဟ်တို့ကို ကြည့်ရှုကြပါဦး။ လုပ်ကြံသတ်ဖြတ်ရန် အကောင်းဆုံးသော အချိန်ပင် ဖြစ်နေပေသည်။ ပြိဿရောက် ကောဇာအင်္ဂါသည် ဗိုလ်ချုပ်အောင်ဆန်း၏ မရဏအိမ်သိဟ် ရာသီကို ၄ တန့် အမြင်နှင့် အဆိုး မြင်နေပေသေးသည်။ မသေလျှင် ခံနိုင်ရိုးလား။

ဒီးဒုတ်ဦးဘချို၏ဇာတာတွင် မိန်လဂ်မှ ၃ တန့် ပြိဿမှာ အင်္ဂါနက်ပကျွန်း လူတို ပူးရာ ကောဇာအင်္ဂါစီး၏။ သခင်မြ၏ ဇာတာတွင် ပြိဿပလူတိုကို အင်္ဂါ

www.burmeseclassic.com

www.burmeseclassic.com



စီးလျက် မိဿလဂ်မှ ဂတန့်မရဏ ဗြိဿာရှိ စနေနှင့် ယူရေးနတ်တို့ သမသတ် မြင်၏။ ဦးဘဝင်း၏ ပြိဿတနင်္ဂနွေနှင့် ပလူတိုကို အင်္ဂါစီးလျက် သိဟ်အင်္ဂါနှင့် ဗြိဿာ ယူရေးနတ်ကို ၄ တန့်၊ ၇ တန့် အမြင်နှင့် မြင်နေ၏။ မစ္စတာ ရာဇတ်၏ ပြိဿအင်္ဂါ နတ်ပကျွန်း ပလူတိုကို အင်္ဂါစီးလျက် ဗြိဿာလဂ်နှင့် စနေ ယူရေးနတ်တို့ကို သမသတ် မြင်၏။ မိုင်းပွန်စော်ဘွားကြီး စောစံထွန်း၏ ပြိဿာ တနင်္ဂနွေ၊ ဗုဒ္ဓဟူး ပလူတိုတို့ကို အင်္ဂါစီးရုံမျှမကသေး၊ နေ အင်္ဂါ ယူရေးနတ်တို့ကို ၈ တန့် အမြင်နှင့် အထူးမြင်သေး၏။ မန်းဘခိုင် ပြိဿပလူတိုကို အင်္ဂါစီးလျက် ဗြိဿာယူရေးကို သမသတ်၊ နေစန်းအင်္ဂါကို ၈ တန့် အမြင်နှင့် အထူးမြင်သေး၏။ ဝန်ကြီးအားလုံးပင် အင်္ဂါဂြိုဟ်စီး ဂြိုဟ်မြင် မလွတ်ကြသောကြောင့် လုပ်ကြံသတ်ဖြတ်မှုတွင် ပါဝင်ကြရလေသည်။ ဗေဒင်ပညာအရ အင်္ဂါ နတ်ပကျွန်းတို့ ဂြိုဟ်မွေကြခြောင်း ထင်ရှားလှပေသည်။

## လုပ်ကြံသူ၏ဇာတာ

ဝန်ကြီးများ၏ မူလဇာတာအရ သုဂတိက မရဏတည်း ဟူသော အများနှင့် အတူ သေရသော ဥပစ္ဆေဒကကံကို ဖော်ပြပြီးသည့်နောက် လုပ်ကြံမှု၏ ခေါင်းဆောင် ဂဠုန်ဦးစော၏ ဖွားဇာတာကို ပထမဦးဆုံးအကြိမ်အဖြစ်နှင့် ဖော်ပြကာ မှတ်တမ်းတင်လိုပေသေးသည်။ ၁၂၆၂ ကဆုန်လဆုတ် ၄ ရက်၊ ဗုဒ္ဓဟူးနေ့ည ၇ နာရီ ၃၀ မိနစ်တွင် ဖွားမြင်သော ဂဠုန်ဦးစော၏ ဇာတာကို သေသေချာချာကြည့်ကြပါဦး။ ကိန်းကောင်း ကိန်းဆိုးတွေ ရှုပ်ပွေနေကြသည်တွင် ဗေဒင်မျက်စိသည် ဘယ်ဂြိုဟ်ကို စူးစိုက်မိမည်နည်း။ ဗြိဿာလဂ် အိမ်ရှင်အင်္ဂါသည် မိဿရာသီ အာရိအိမ်၌ ကသစ်ရကာ ဗုဒ္ဓဟူးနှင့် ပူးနေခြင်းကို အံ့သြစွာ တွေ့မြင်နိုင်၏။ ရဲစွမ်းသတ္တိနှင့် ရက်စက်မှုကို ဖော်ပြ လေသည်။ လဂ်နှင့် စန်း ကြာသပတေး ရာဟုယူရေးနတ် ပူးခြင်း သမသတ် ပြိဿတွင် တနင်္ဂနွေ ကိတ်ပလူးတိုး ပူးခြင်းအားဖြင့် သူ၏ ဉာဏ်နီဉာဏ်နက်များကို ချိန်ဆနိုင်၏။ သေလျှင် မြေကြီး၊ ရှင်လျှင် ရွှေထီး၊ မင်းဖြစ်လိုလျှင် ရက်စက်ရမည် ဘယ်သူသေသေ ငတေမာ ပြီးရော ဟု သဘောထားကြောင်းမှာ သူ၏ ဖွားဇာတာ ထဲတွင် ဖော်ပြထားပေသည်။ မရဏာအိမ် မေထုန်တွင် နတ်ပကျွန်း ရပ်တည်နေသည်ကို နေစနေ ဣ သမသတ်မြင်သည့်ပြင် ဗြိဿာလဂ်နှင့် ဂြိုဟ် ၄ လုံးကို အင်္ဂါ မြင်သောကြောင့် သူ့ဇာတာမှာလည်း ဥပစ္ဆေဒကကံဖြင့် အသေဆိုး သေရမည်ကို ဖော်ပြ၏။ လုပ်ကြံချိန်တွင် ပြိဿရောက် ကောဇာအင်္ဂါသည် လဂ်ကို သမသတ် မြင်သောကြောင့် လုပ်ကြံမှု အောင်စေကာမူ ချက်ချင်းအဖမ်းခံရလေသည်။ သူ့မြေကို သူမနိုင်သော မြွေအလမ္ပာယ်ဆရာကဲ့သို့ပင် သူ၏အင်္ဂါဂြိုဟ်ကို သူ မနိုင်ရုံမျှမကသေး ၁၉၄၈ ခု မေလ ၈ ရက်နေ့၊ စနေနေ့တွင် လုပ်ကြံမှု၏ခေါင်းဆောင် တရားခံအဖြစ်နှင့် ကြိုးပေးခံရစဉ်က ကသိစ် ရာသီရောက် ကောဇာအင်္ဂါဂြိုဟ်သည် ၄ တန့် အမြင်နှင့် သူ၏ ဗြိဿာလဂ်ကို လက်စားချေကာ အပြစ်ပေးသော မျက်လုံးနှင့် နောက်ဆုံးကြည့်ခြင်း မျိုးဖြင့် ထူးထူးထွေထွေ ကြည့်မြင်လိုက်ပေသေးသည်။

၉ နှစ် တင်းတင်း ပြည့်မြောက်လာပြီးဖြစ်သော ယနေ့အဖို့ မြန်မာနိုင်ငံရေး လောကတွင်၊ လုပ်ကြံမည်ကို ကြိုတင် သိပါလျက်နှင့် ရန်သူကို အထင်အမြင် သေးမှုကြောင့် ရက်စက်စွာ လုပ်ကြံခြင်းကို ခံသွားရရှာသော ဗိုလ်ချုပ်အောင်ဆန်းနှင့် အပေါင်းပါ ဝန်ကြီးများ၏ မူလဇာတာနှင့် လုပ်ကြံသူ၏ ဇာတာ ပြဿနာများကို ဗေဒင်ပညာဖြင့် ရှင်းလင်း တင်ပြလိုက်ပေရာ လုပ်ကြံချိန် ဂြိုဟ်ခွင်တွင် ကန်လဂ်နှင့် နတ်ပကျွန်း ပူးခြင်း၊ ၉ တန့် ပြိဿသို့ အင်္ဂါရာဟု ယူရေး နတ်ရောက်ခြင်းသည်ပင်လျှင် ဗေဒင်မှတ်တမ်းတင်ရန် ကောင်းသော ကိန်းတစ်ခု ဖြစ်ခဲ့ပေသတည်း။

(ဖျဉ်းမနားဆရာ ဦးသန်းအောင်)

## အမျိုးသားခေါင်းဆောင် တော်လှန်ရေးဗိုလ်ချုပ်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဝိသေသ သဘာဝ

မှဆိုး တစ်ဆယ့်တစ်ဆက်တွင် အပျက်ကြီး ပျက်ခဲ့ရကား ကုလားဖြူ လက်အောက် ကျွန်သဘောက်အဖြစ်သို့ အရောက်ကြီး ရောက်ခဲ့ရသော မြန်မာနိုင်ငံကို အနော်ရထာ မင်းတရား၊ ဘုရင့်နောင် မင်းတရား၊ အလောင်းဘုရားတို့ကဲ့သို့ သူမတူ စည်းရုံးနိုင်ခဲ့ကာ လွတ်လပ်ရေးအတွက် ပန်းကို ဆွတ်လှမ်းယူပေးခဲ့သော ၂၀ ရာစု၏ ပုဂ္ဂလိဝိသေသအဝင်အပါ မြန်မာနိုင်ငံ၏လွတ်မြောက်ရေးဗိသုကာဖြစ်သော တော်လှန်ရေး ဗိုလ်ချုပ်၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဝိသေသ သဘာဝ၊ မှခလက္ခဏာသော်ကား၊

(၁) ဦးခေါင်း ကို ကြည့်လျှင် နား၏ရှေ့ဘက်၌ ၄ ပုံ ၃ ပုံမျှ ရှိ၏။ နား၏အထက်တွင်လည်း အမြင့်ပမာဏ ကောင်းလှ၏။ အငယ်စား ဦးခေါင်း မဟုတ်။ နောက်စေ့ဘက်မှ ပြတ်သော ဦးထိပ်ဆီမှ မြင့်၏။ နား အတန်ကား၏။

(၂) နဖူး – ခေါင့်ကျ၏၊ အမို့အမောက် မျှ၏၊ အကျယ်ပမာဏ မှန်၏။



www.burmeseclassic.com

www.burmeseclassic.com



(၃) မျက်ခုံး – အဖြောင့်မျိုး ဖြစ်၏။ မျက်လုံးနှင့် အနီးကပ်တည်၏။

(၄) မျက်လုံး – အပြင်ယံ ကြွ၍ မတည်၊ အတန်နက်စွာ တည်၏၊ အောက်မျက်ခမ်းအခြေ အတန်မို့သည်။ ကြည့်ပုံ အတန်ပြုံးသယောင် ရှိ၏။

(၅) နှာခေါင်း – မငယ်လှ။ အနိမ့်စား၊ အသေးစား မဟုတ်။ အလယ်ပိုင်းလောက်မှစ၍ ပိုပြီးမြင့်သည်။ နှာဖျား တုံးသယောင် ပိသယောင် ရှိသော်လည်း နှာပေါက် ကျယ်သည်။ နှာသီးဖျား နှာရိုးနုကလေးမှာ နှာပေါက် ထက် အတန်ငယ် လွန်ထွက်သည်။

(၆) နှုတ်ခမ်း – အထက်နှုတ်ခမ်း ဖြောင့်၏။ ပါးသယောင် ရှိ၏။ ၎င်း အလယ်၏ ဗဟိုမြောင်း အချိုင့်များရှိ အစွန်းကလေးမှာ အောက်နှုတ်ခမ်း အတန်ဖြိုး၏။ အစွန်းများထိ ဖြိုးကာ နီရောင်လွှမ်း အသားပေါ်၏။

(၇) မေးရိုး – ရှည်၏။ ဒေါင့်ကျ၏။ ထုကောင်း၏။ နဖူးနှင့် အကျယ် အပြော မျှ၏။

(၈) မေးစေ့ – အတန်ဝိုင်း၍ ဖြိုးသယောင် ရှိ၏။ အထစ် ရှိ၏။ အလယ်တွင် ခပ်စူစူ ခပ်ငူငူ ရှိ၏။

(၉) လည်တိုင် – ရှည်၏။ အထု ကောင်း၏။ မတ်၏။

ဤမျှသော မုချလက္ခဏာ အနေအထားတို့ကို အရှည် အလျား အနက်ဖွင့်လျက် အချက်သင့် အတွက်သင့် ပြရသော်

(၁) ဦးခေါင်းသဘာဝ – သီသ အနေအထားအရ လူသားတို့အဖို့ လိုအပ်သော မနုဿလူသားတို့၏ဉာဉ် အပြည့်အဝရှိသည့် ဦးခေါင်းပင် ဖြစ်၏။ လူ့စိတ်၊ လူ့ဉာဏ်၊ လူ့အသိ အပြည့်အဝ ရှိ၏။ စိတ်ကူး ကောင်း၏။ စိတ်ကူးကို လက်တွေ့သို့ ပြောင်းနိုင်၏။ ဘဝင် မမြင့်၊ ဟိတ်ဟန် မရှိ၊ သူကား ဂုဏ်ပကာသန၏ ဆန့်ကျင်ဘက် အမှတ်အသားဖြစ်တည်နေသူတည်း။

(၂) သူ့နဖူးကား စိတ်ကူးယဉ်သမား၏အခြေအနေကို ကျော်လွန်ကာ လက်တွေ့ပညာဉာဏ်ကို အသုံးချသူအဖြစ် တည်နေ၏။ မြင်သိတတ်၏။ စူးစိုက်၏။ ဖျတ်လတ်၏။ အနုပညာဉာဏ် ကြွယ်၏။ ဆုံးဖြတ်ဉာဏ် ကောင်း၏။ စဉ်းစားဉာဏ် ဝေဖန်ဉာဏ် ကောင်း၏။ ပြန်လည်သုံးသပ်ဉာဏ်၊ ချိန်ဆဉာဏ် ကောင်း၏။ သူ့တွင် ရင့်ကျက်သော ဣန္ဒြေ ရှိသည်နှင့်အမျှ ရင့်ကျက်သော ဉာဏ်ရည်တွေ ရှိ၏။ သေသေ စပ်စပ် မြင်သိမှတ်သား ဝေဖန်ချိန်ဆ သုံးသပ်တတ်သူဖြစ်၏။

လုံ့လဝီရိယ ကောင်းသလောက်၊ လှုပ်ရှားမှု ရှိသလောက်၊ ဉာဏ်ကိုလည်း သုံးသူဖြစ်၏။ သူကား စီမံခန့်ခွဲတတ်၏။ စီမံကိန်း ချတတ်၏။ ရဲဘော်ရဲဘက်များကို ကောင်းစွာ စည်းရုံးတတ်၏။ သူ မြင်သိသမျှကို စဉ်းစားဝေဖန်ကာ ချိန်ဆခြင်းဖြင့် အကြောင်းအရာ အခြေအနေ၊ ပုံသွင်အရပ်ရပ်ကို သုံးသပ်နိုင်ကာ အခြေခိုင်သည့် ဘိကျမှန်ကန်သော ဆုံးဖြတ်ချက်ကို ချမှတ်နိုင်သူတည်း။

(၃) မျက်ခုံးများကလည်း မြင်သိဉာဏ် ကြွယ်ကြောင်း၊ မြင်သိ စူးရှကြောင်း ပြနေပြန်သည်။ အမြင် အသိ နှေးစေကာမူ တိတိကျကျ အမှန်ကို မြင်သိတတ်ကြောင်း၊ အပေါ်ယံလျှံ၍ အကြည့်အမြင်တန်ကြောင်း ပြနေသည်။ အတွက်အချက်ကောင်းကြောင်းကိုပါ ပြနေသည်။

ဤ မျက်ခုံးများကပင် ယောကျ်ားပီသကြောင်း၊ အပျော်အပါး လိုက်စားတတ်သည့် ဉာဉ်မရှိကြောင်း ဖွင့်ဆိုနေ၏။

(၄) မျက်လုံးများကမူ သူ့တွင် စိတ်ဓာတ်ချောက်ချားမှု၊ ရွံ့ကြောက်မှု၊ ဒေါသလွန်ကဲမှု၊ မုန်းတီးစိတ် ပွားမှုများ မရှိဟု အတိအလင်း ဆိုနေ၏။ ထို့ပြင် အစားအသောက် မက်မက်မောမော မရှိ၊ ရသာရုံ မလိုက်စားတတ်ကြောင်းကို ဖော်ပြနေ၏။

သို့သော် ဤမျက်လုံးများ၌ အနုပညာ၏အရသာကို ခံစားတတ်သည့် ဉာဉ်ကား ရှိနေ၏။ သူ၏မျက်စိအကြည့်မှာ တည်ငြိမ်၍ သိက္ခာရှိပြီး ဆောင်သော ကြံရွယ်ချက်ရှိသော ပညာရှိ အာဇာနည်တို့၏ သဘာဝပင် ဖြစ်သည်။

သူကား အပြောအဟောတွင် ဒိုးခနဲ ဒေါက်ခနဲ ပြတ်သားသသော ဟောဟောဒိုင်းဒိုင်းရှိသလောက်၊ စာပေအရေးအသားတွင်လည်း ပိုင်နိုင်မှု၊ ပြောင်မြောက်မှု ရှိသူပင်ဖြစ်လေရာ ဤအချက်ကိုပါ သူ၏မျက်စိနှင့် အောက်မျက်ခမ်းတို့က ဖော်ပြ လေသည်။

(၅) နှာခေါင်း၏ သဘာဝကို ရှုသော် – စစ်ဝါဒီ အတိုက်သမား မဟုတ်ဘဲ တော်လှန်ရေးသမားအနေတွင် ရှိသည်ကို တွေ့ရ၏။ ဘာမဆို ထိထိရောက်ရောက် လုပ်မည့် ဉာဉ်ရှိ၏။ ကိုယ်ကျိုးအတွက် မဟုတ်သော တော်လှန်တိုက်ခိုက်ရေးတွင် ကိုယ်ကျိုးကို စွန့်တတ်သူဖြစ်၏။ အများအတွက်၊ နိုင်ငံအတွက် စွန့်စားတိုက်ခိုက်မည်။ ကာကွယ်မည်။ သူ့အတွက်ကား မကာကွယ်လို၊ မကာကွယ်တတ်သောသူဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

သူ့တွင် ရင်းမြစ် စူးစမ်းရှာဖွေတတ်သည့် ဉာဉ်ရှိ၏။ တီထွင်ဉာဏ် ရှိ၏။ အာရုံပြုမိရာဝယ် မပေါ့မဆ စွဲမြဲနေတတ်၏။ သူကား ဂုဏ်ပကာသနတွေ၊ ဟိတ်တွေ ဟန်တွေကို အမှုမထားဘဲ လွတ်လပ်စွာ နေတတ်သူဖြစ်၏။ သူ၏နေထိုင်ဟန်ကား သာမန်လူများ ဝေခွဲမရလောက်အောင် နက်နဲဘိ၏။

သူကား တက်ကြွလှုပ်ရှားမှု၊ ဖျတ်လတ်မှုရှိသလောက်၊ သတ္တိကောင်းသူလည်း ဖြစ်၏။ သူ့သတ္တိကား လူမိုက်သတ္တိမျိုး မဟုတ်။ ကိုယ်ကျိုးကြည့်သူ၊ အခွင့်အရေး ကြည့်သူ၊ နေရာမှန်းသူတို့၏ သတ္တိမျိုး မဟုတ်။ အဘက်ဘက်မှာ စင်ကြယ်သော အာဇာနည်သတ္တိမျိုး’ဟု ဆိုရ၏။

(၆) နှုတ်ခမ်း၏သဘာဝအမြင်ကို သာဓက တင်အောင် ပြရသော် သူ့စိတ်ဓာတ်ကား ကြီးမား၏။ ကြံ့ခိုင်၏။ အတမ်းအမှန်း ကြီး၏။ စွဲမြဲမှု ရှိ၏။ သူ့စိတ်မှာ တင်းမာသော စိတ်မဟုတ်။ ကြံ့ခိုင်သော စိတ်သာဖြစ်၏။ တင်းမာခြင်း ဟူသည် လူမိုက်သတ္တိကောင်းမျိုး ဖြစ်၏။ ကြံ့ခိုင်ခြင်းကား ပညာရှိ၊ အာဇာနည်သူရဲကောင်းတို့၏ သဘာဝ ဖြစ်၏။ ဤသဘာဝကို မေးရိုးကပါ ပူးတွဲဖော်ပြလျက်ရှိ၏။

သူကား သဘောထားကြီးသူ ဖြစ်၏။ ကောင်းသော စိတ်စေတနာ ရှိ၏။ မေတ္တာနှင့် ကရုဏာတရားတွေ သူ့တွင် များလှ၏။ သူကား အာရုံ ငမ်းဖမ်းသူ မဟုတ်။ သူ၏ စိတ်တမ်းမှန်းမှု သဘာဝမှာ အာရုံငမ်းဖမ်းမှုနှင့် မပတ်သက်ပေ။

(၇) မေးရိုး၊ သူ၏နဖူးနှင့် ဦးခေါင်းတို့က ဖြစ်ရှိနေစေသော အရည်အသွေး ဟူသမျှကို ဤမေးရိုးက အရည်အချင်း ပြည့်စုံစွာဖြင့် ထိရောက်စေရန်၊ ထိရောက်စွာ အသုံးချနိုင်စေရန်၊ ပြောင်မြောက်မှု ရှိစေရန် အထောက်အကူ ပြုပေးနေ၏။

ထို့မှုမက သူ၏လုပ်ကိုင်ဆောင်ရွက်မှု စွမ်းရည်ကိုလည်းကောင်း၊ ဆုံးဖြတ် ပြဋ္ဌာန်းနိုင်စွမ်းကိုလည်းကောင်း၊ ထို မေးရိုးကပင် ဖော်ပြနေ၏။

(၈) မေးစေ့အရ ရေး၍ပြရသော် စေတနာတွေ မေတ္တာတွေ သူ့တွင် အများကြီး ရှိ၏။ သူ့တွင် ကဗျာဆန်သော အချစ်စိတ် ရှိ၏။ သို့သော် အချစ်၏ အစေအပါး မဟုတ်ပေ။

မေးရိုး မေးစေ့ နှစ်ရပ်ပေါင်း အနက်ဖွင့်သော် သူကား စိတ်ကြံ့ခိုင်သလောက်၊ တည်မြဲသလောက်၊ လုပ်ဖော်ကိုင်ဖက်များအပေါ်တွင်လည်းကောင်း၊ နိုင်ငံသားများအပေါ်တွင်လည်းကောင်း အမြဲ သစ္စာရှိမည့်သူ ဖြစ်၏။ သူကား အတွေးအခေါ် ကျယ်ပြန့်၏။ သူ့စိတ် တည်မြဲနိုင်မာခြင်းမှာ သန္ဓေပါဟု ဆိုရ၏။ သူကား ခံနိုင်ရည် တကယ်ရှိ၏။ အထူး သက်လုံကောင်းသူ ဖြစ်၏။



(၉) လည်တိုင်ကိုကြည့်သော် လွတ်လပ်မှု သရုပ်ပြ လည်တိုင်၊ စိတ်အား ထက်သန်မှု သရုပ်ပြလည်တိုင်ဖြစ်သည်ကို တွေ့ရ၏။

သူလိုပုဂ္ဂိုလ်မျိုး၌ ဘဝင်မြင့်တတ်သည့် ဉာဉ်၊ ဟိတ်ဟန် တစ်ခွဲသားနှင့် အကဲကြွားသော ဉာဉ် မရှိ။ ခြေဖျားထောက်ရာမှ အောက်ခြေလွတ်ပြီး ငါလိုလူ ဇမ္ဗူ ရှိသေးရဲ့လား ဟူသော အခြေအနေပေး၍ အရည်အသွေး မဲ့လျက် ရာထူးရှူး သဖြင့် ဘဝင်မြင့်ကြီး မြင့်ကာ ပြန်၍မကျနိုင်အောင်ဖြစ်နေသော ဉာဉ်မျိုး ရှိသူတို့ မုန်းတတ်သောသူပင် ဖြစ်၏။ သူကား ယောကျ်ားဘသား တစ်ကောင်ဖွား ဖြစ်၏။ အစားထိုး၍မရသော ပုဂ္ဂိုလ်တစ်ဦးဖြစ်၏။ နှစ်တွေ ရာစုတွေ ခေတ်ဆက်တွေ မည်မျှပင် သံဝဋ္ဋကပ်၊ ဝိဝဋ္ဋကပ်တွေ ချီ၍ ကြာပါစေ၊ သူလိုလူ တစ်ကြိမ်တာ ပေါ်ပေါက်ဖို့မှာ အများကြီး အားကြီး ခဲယဉ်းပေမည်တမုံ့။

စိတ်ထက်သန်မှု အစဉ်ရှိ၏။ ဆန္ဒအားကောင်းသူ ဖြစ်၏။ ဖွဲလုံ့လအရာ ဘယ်အခါမှ မလျှော့သော လူစား ဖြစ်၏။ အကြောင်းပြကာ နောက်ဆုတ်တတ်သည့် လူစားမျိုး မဟုတ်။ အခွင့်အလမ်းကိုလည်းကောင်း၊ ကံကောင်းထောက်မမှု ဟူသည်ကို လည်းကောင်း စောင့်မျှော်တတ်သည့် လူစားမျိုး မဟုတ်။

သူ၏ မုခသဘာဝ၊ ရူပလက္ခဏာကို အစုံအစေ့ ငုံ၍ ခြုံ၍ ကြည့်လိုက်သော်

ပုဂ္ဂလောပုရိသာဇညော
န၊ သောသဗ္ဗတ္ထ ဇယတိ
ယတ္ထ သောဇာယတေ ပေါသော
တံကုလံ သုခ မေဓတိ

ပါဠိအလို စာအရှိ ဆိုသည့်အတိုင်း ‘ယောကျ်ားအာဇာနည် ဟူသည် နေရာ ဒေသတိုင်း၌ အခါခပ်သိမ်း မပေါ်ပေါက်။ အကြင်အရပ်၊ အကြင်နိုင်ငံ၌ မ တစ်ထောင် တစ်ကောင်ဖွား၊ ယောကျ်ား အာဇာနည် ပေါ်ပေါက်ခဲ့သော် ထိုဒေသ ထိုနိုင်ငံ၊ ထိုလူမျိုးတို့မှာ အဖိုးတန်သမှ အကျိုးအနန္တ’ ဟု ဆိုရမည် ဖြစ်ပေရာ

ဗိုလ်ချုပ်အောင်ဆန်း တည်းဟူသော တကယ့်အာဇာနည်မြောက်သော ဤပုဂ္ဂလ ဝိသေသ၊ တိဟိတ်ဥက္ကဋ္ဌ၊ ပုရိသအာဇာနည် သည်ကား၊

အမြင်ကျယ်၊ အသိကျယ်ပြန့်၏။ တွေးခေါ်ဉာဏ် ကောင်းလှ၏။ အခြင်း သုံးသပ်ကာ ကောက်နုတ်ချက် ချမှတ်တတ်သူဖြစ်၏။ ဆုံးဖြတ် ပြဋ္ဌာန်းရည် ကောင်း၏။ အခြေအနေကိုလည်းကောင်း၊ အကြောင်းခြင်းရာကိုလည်းကောင်း စိစစ် ဝေဖန်နိုင်စွမ်း ထူးကဲ၏။ စီမံခန့်ခွဲမှု ကျွမ်းကျင်၏။ အယူ မဆောင့်သော

www.burmeseclassic.com

www.burmeseclassic.com



လူဖြောင့်တို့ သဘာဝအတိုင်း ဒိုးခနဲ ဒေါက်ခနဲ ပြတ်ပြတ်သားသား တိတိကျကျ ပြောတတ်၊ ဟောတတ်၏။ ရိုင်းချင် ရိုင်းပါစေ၊ ပြတ်သားသည့် စကားလုံးဖြစ်လျှင် သူ့နှုတ်က မထွက်ရဲဟု မရှိ။

သူကား ကိုယ်ကျိုး၊ ကိုယ့်ဆွေမျိုးအကျိုး၊ ကိုယ့်ပါတီအကျိုး သက်သက် ကြည့်တတ်သူ မဟုတ်။ နိုင်ငံအကျိုးကို ကြည့်သူတည်း။ သူ့လိုပုဂ္ဂိုလ်၊ ပုဂ္ဂိုလ်ကား ငွေ၊ ရာထူး ဘွဲ့ထူး၊ ဂုဏ်ထူးကို မက်မောမှု မရှိ။ နာမည်ကြီးချင်၍၊ ခေါင်းဆောင်လုပ်ချင်၍ စွန့်စားသူမျိုး မဟုတ်။ နိုင်ငံနှင့် လူမျိုးအတွက်သက်သက် စွန့်စားသူသာဖြစ်၏။ သူကား ခေါင်းဆောင်ဘဝကို အကပ်နှင့် တက်လာသူ မဟုတ်။ အချောင်ရောက်လာသူ မဟုတ်။ အတ္တစွဲ လုံးဝမဖက်သော စေတနာနှင့် ထိရောက်သော လုပ်ဆောင်ချက်များကြောင့် တစ်နိုင်ငံလုံး သူ၏နောက်တွင်ရပ်တည်လာကာ တစ်နိုင်ငံလုံးက သူ့ကို ခေါင်းဆောင်အဖြစ် အသိအမှတ်ပြုသဖြင့် ခေါင်းဆောင်ဖြစ်လာသူတည်း။ အသင်း အဖွဲ့တစ်ခု၊ ပါတီတစ်ခုက တင်လိုက်သဖြင့် ဖြစ်လာသော ခေါင်းဆောင်အစားမျိုး မဟုတ်။ ထို့ကြောင့်လည်း တစ်နိုင်ငံလုံးကို သူမတူအောင် စည်းရုံးနိုင်ခဲ့ခြင်းဖြစ်၏။

ဤမျှ အဘက်ဘက်မှ ပြည့်စုံသော၊ အရည်အသွေး ပြည့်ဝသော ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကား အများအကျိုးအတွက်သာ အကာ အကွယ်ပြုတတ်ပြီး မိမိအတွက်မူ မကာကွယ်လို၊ မကာကွယ်တတ်သော ဉာဉ်အား လျော်စွာ နယ်ချဲ့လက်ပါးစေ လူသတ်သမားတို့၏လက်ချက်ဖြင့် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ နံနက် ဆွမ်းခံပြန်ချိန်ခန့်တွင် ရန်ကုန်မြို့ အတွင်းဝန်ရုံးကြီး၌ နိုင်ငံအတွက် အရေးတကြီး အလုပ်လုပ်နေခိုက်မှာပင် သေမင်းတမန် ကျည်ဆံခလျက် ဇီဝိန်ပျက်ကြွေ သေလွန်ခဲ့ရလေသတည်း။ သို့သော် ခေါင်းဆောင်ကောင်း၏ စဉ်လာအတိုင်း လူသာသေ၍ သူ့အမည်သော်ကား ဘယ်အခါမျှ မသေ။ ကမ္ဘာပင် ကြေစေပျက်စေ၊ သူ့အမည်ကား မကြေမပျက် ဆက်လက်တည်နေဦးမည်သာတည်း။

(စာပေဗိမာန်ဆုရ ဆရာဦးစံဝင်)

## ရရှိသော ဒဏ်ရာ

လူသတ်သမားတို့ လက်ချက်ကြောင့် ကျဆုံးသွားကြသော နိုင်ငံခေါင်းဆောင်ကြီးများ ရရှိသည့် ဒဏ်ရာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | | |
|---|---|---|
| ၁။ | ဗိုလ်ချုပ်အောင်ဆန်း | ၁၃ ချက် |
| ၂။ | မန်းဘခိုင် | ၁၅ ချက် |
| ၃။ | ဦးဘဝင်း | ၈ ချက် |
| ၄။ | ဦးရာဇတ် | ၆ ချက် |
| ၅။ | ဦးဘချို | ၅ ချက် |
| ၆။ | ဦးအုန်းမောင် | ၅ ချက် |
| ၇။ | သခင်မြ | ၂ ချက် |
| ၈။ | မိုင်းပွန်စော်ဘွားကြီး | ၂ ချက် |
| ၉။ | ကိုထွေး | ၄ ချက် |



## ပညာဆိုသည်မှာ

ဗိုလ်ချုပ်အောင်ဆန်း

ပညာဆိုသည်မှာ စာအုပ်စာတမ်းဖတ်၍ စာသိမှုကို ပညာဟု မဆိုပေ။ ပညာသည် အတိုင်းအဆ မထင်၊ အလွန်ကျယ်ပြော နက်နဲလှပေသည်။ လောကပြင် ကျယ်တည်းဟူသော ကျောင်းကြီး၌ ကျွန်ုပ်တို့သည် ပုခက်တွင်းမှသည် မြေကြီးထဲသို့ ရောက်သည်အထိ ပညာသင်သားများ ဖြစ်နေကြပေသည်။ ထို့ကြောင့် ပညာသင်ကြားမှုသည် အမှန်စင်စစ်အားဖြင့် သူ၏တစ်သက်ပန်တွင် ကုန်ဆုံးသည်ဟု မဆိုနိုင်ပေ။ ပညာတတ်သူသည် လောကရှိ အရာရာကို အခွင့်အလမ်းလိုက် ဆင်ခြင်သုံးသပ်နိုင်စွမ်းသော ဉာဏ်အားကိုလည်းကောင်း၊ မိမိဉာဏ်အမြင်အရ စိတ်နေစိတ်ထား စိတ်ဓာတ်တို့ကိုလည်းကောင်း ပြုပြင်ပြုစုစီမံထားခဲ့သူသာလျှင် ဖြစ်သည်။ ဘီအေပင် အောင်စေကာမူ၊ ပါရဂူဘွဲ့ကြီးပင် ရစေကာမူ၊ ပထမကျော်ကြီးပင် ဖြစ်စေကာမူ၊ အသက်အရွယ် မည်မျှပင် ကြီးရင့်စေကာမူ ပညာဆိုသော သဘာဝအဓိပ္ပာယ်ကို ကောင်းစွာ သုံးသပ်နားလည်ခြင်း မရှိခဲ့သော် တကယ်အရာမရောက်၊ အသုံးမဝင်နိုင်ပေ။ ပညာသည် စာအုပ်များထဲ၌သာ ရှိသည်မဟုတ်။ စာအုပ်များကိုကျော် မြင်စွမ်းနိုင်ခြင်းကို ဆောင်ရွက်နိုင်ရပေမည်။ ပညာသည် သူ၏ဉာဏ်ကိုသာ တိုးချဲ့ရုံသာ မဟုတ်။ လူ၏ စိတ်နေစိတ်ထား အယူအဆများကိုလည်း ... စေရမည်။ လူ၏ဆန္ဒအား လုပ်အားကို နှုးညွှတ်စေရမည်။ ရာဇဝင် သိရုံသာ ... ရာဇဝင်ကို ဖန်တီးနိုင်စေရမည်။ လောကဓာတ်ပညာကို တိုးချဲ့နိုင် ... ပထမပညာကို သိရုံသာမဟုတ်။ မြေသစ် ရေသစ် တောတောင်တို့ကို ... စေရမည်။ လောကအကြောင်းကို နားလည်စေရုံသာမဟုတ်။ သည့် ... လောကကို ဖန်ဆင်းနိုင်စေရမည်။

www.burmeseclassic.com

www.burmeseclassic.com

ဤကား ပညာ၏ သရုပ်၏ သရုပ်အကျဉ်းမျှပင်တည်း။

ပညာသည် ကာလဒေသ ပယောဂနှင့် ယှဉ်ရမည်။ လောကတွင် လက်တွေ့အသုံးကျရမည်။ ပညာတွင် သညာလည်း ပါသည်။ ဉာဏ်နှင့်လည်း ယှဉ်ရမည်။ ဉာဏ်ချည်းသာ တိုးတက်၍ 'သညာ' မရှိပါမူလည်း ဤမျှ ပိုမိုဆန်းကြယ် အဖြေကျယ်လှသော ခေတ်သစ်အကြောင်းကို နားမလည်နိုင်ပေ။ လောကဓာတ်ပညာကို မတတ်မသိဘဲ လောကဓာတ်ပညာဉာဏ်ကိုသာရလျှင် လောကဓာတ်ပညာ၏ တန်ဖိုးကို တင်းပြည့်ကျပ်ပြည့် မသုံးနိုင်ပေ။ တိုင်းပြည်အခြေအနေ ပြဿနာ ခေတ်၏အခြေအနေနှင့် မယှဉ်ပါမူ တိုင်းပြည်ထောင်ခြင်း၊ ခေတ်ပြင်ခြင်း မပြုနိုင်ပေ။ မွေးကတည်းက သေသည်အထိ အယူဝါဒ အပြောင်းအလဲ မရှိသူသည် ပညာတတ်သည်ဟု မဆိုနိုင်ပေ။ လူတစ်ယောက်၏သက်တမ်းတွင် အစ ပထမက သိမြင်လာသော စိတ်နေစိတ်ထား ဝါဒတို့သည် အမှန်ချည်းမဟုတ်။ ပြုပြင်ပြောင်းလဲရမည်သာတည်း။

ယနေ့ အယူအဆနှင့် နက်ဖြန် အယူအဆတို့မှာ တူချင်မှ တူပေမည်။ အမှန်ကား လူတစ်ဦး၏ဘဝတွင် ကျွန်ုပ်တို့သည် အယူဝါဒ ပြောင်းလဲခြင်းများကို တွေ့သောအခါ ထိုသူသည် သမာဓိ မတည်။ ရှေ့နောက် မညီဟု ထင်မှတ်မှားလေသည်။ သမာဓိ မတည်ခြင်းမှာ ကိုယ်ကျင့်တရား ဖောက်လွှဲဖောက်ပြန်ဖြစ်ခြင်းပေတည်း။ ဝါဒ ပြောင်းလဲမှုမှာ ဉာဏ်အမြင်၏ပြောင်းလဲမှုကြောင့် သမာဓိ မတည်ခြင်း မဟုတ်ပေ။ တစ်နည်း တိုးတက်ခြင်းပေတည်း။

အမှန်အားဖြင့် သမာဓိ ဆိုသော စကားကို နက်နက်နဲနဲ ဆင်ခြင်လျှင် လောကရှိ လူအပေါင်းတို့မှာ သမာဓိ လက်ကိုင်ရကြသူ ရှားပေသည်။ သမာဓိဆိုသည်မှာ လောက၏ အကောင်းအဆိုး အကျိုးအပြစ် အဖြစ်အပျက် သနစ်စုံကို ပိုင်းခြားထင်ထင် သိမြင်၍ ဆင်းရဲလည်း ဝမ်းမနည်း၊ ချမ်းသာလည်း ဝမ်းမသာ ပကတိ စိတ်ထား ဉာဏ်အမြင်အရ လူချီးမွမ်း လူကဲ့ရဲ့မှု ဘေးဒုက္ခ အန္တရာယ်ကို မထိတ်မလန့်၊ တစ်သမတ်တည်း တည်ငြိမ်စွာ ရှိခြင်းကို ဆိုလေသည်။ ဘုရားအစရှိသော သူတော်ကောင်းတို့၏ စိတ်တည်နေပုံမျိုးတည်း။ သို့ဖြစ်ရာ သာမန်ကိုယ်ကျင့်အမူအရာ အပြောအဆို ဇန်းပြ တည်ငြိမ်မှုကို လူအပေါင်းတို့က သမာဓိဟု သာမည ပြောစမှတ်ပြုကြလေသည်။ အမှန်စင်စစ်ကား ထို ဇန်းပြ တည်ငြိမ်မှု၏ နောက်တွင် မည်မျှအတွင်း ဖောက်လွှဲဖောက်ပြန်မှုများ တိုးပွားများပြားသည်ကို လူအပေါင်းတို့ မစဉ်းစားမိကြချေ။ ကျွန်တော်သည် ဣန္ဒြေကြီး၍ မျက်နှာထား



အလွန်တည်သူတစ်ယောက်ဟု အသိအမှတ် အပြုခံရလေသည်။ ကျွန်တော်၏ ကိုယ်အမူအရာ စိတ်ထားသရုပ်တို့သည် ဖောက်လွှဲဖောက်ပြန်သဘောကို မပြပေ။ သို့သော် အကယ်ပင် ကျွန်တော်သည် သမာဓိ ရှိ၏။ မည်မျှ သမာဓိတရားကို ပိုင်ဆိုင်ပေသနည်း။ ကျွန်တော် သည်သာလျှင် ကျွန်တော်၏ အတွင်းလှုပ်ရှားမှုတို့ကို ဤစာကို ဖတ်ရင်းဖတ်ရင်း တွေ့မြင်ရပေလိမ့်မည်။

အသိဆုံး ဖြစ်ပေသည်။ ကျွန်တော်၏ အတွင်းလှုပ်ရှားမှုများကား သမာဓိတရားကို လုံးဝ မပိုင်ဆိုင်သေးခြင်း၏ အမှတ်လက္ခဏာပင်တည်း။ ယခုလည်း ကျွန်တော် သမာဓိတရားကို ပိုင်ပြီလော။ လုံးဝ မပိုင်ဆိုင်သေးပေ။ ထို့ကြောင့် လူတိုင်း ပိုင်ဆိုင်ခြင်း မရှိသေးသော သမာဓိတရားကို စကားလုပ်၍ မဆိုကြပါနှင့်ဦး။ လူတစ်ယောက်၏ ဉာဏ်အမြင် လှုပ်ရှားပြောင်းလဲမှု၊ ဝါဒ ပြောင်းလဲမှုကို သမာဓိ မတည်ဟု တံဆိပ် အရိုက်မစောသင့်ကြပေ။ ဥပမာအားဖြင့် လွန်ခဲ့သော နှစ်များက အရှင် အာဒိစ္စဝံသ ဆိုသော ကိုယ်တော်အား သာသနာတော်တွင် ဘိက္ခုနီမများ ရှိသင့်သည်ဟု စာအုပ် တစ်အုပ် ရေးသားမှုကြောင့် ဝိုင်းပယ်ကြ၏။ သပိတ်မှောက်ကြ၏။ အမှန်ကား သူ၏ပြောင်းလဲမှုသည် မှားချင်လည်း မှားပေမည်။ သို့သော်လည်း ပုထုဇဉ်တို့၏ ဂတိအင်္ဂါးဖြင့် အမှားမရှိသူ မရှိ။ အမှားသိမှ အမှန် မြင်လေသည်။ အမှားတစ်ခါလုပ်မိလျှင် အမှား နှစ်ခါ လုပ်မိသောအခါ မှန်လာပေလိမ့်မည်။

သို့သော်လည်း မှားပင် မှားစေကာမူ မိမိဉာဏ်အမြင်အလျောက် ပြောင်းလဲမှုမှာ ရှိအပ်သည်သာတည်း။ လေ့နှံ့ဓားထက် ဆိုသော အပြောအဆို အတွေးတို့မှာ ပညာ၏ အဓိပ္ပာယ်နှင့် ဆန့်ကျင်ဘက်ပေတည်း။

ဗုဒ္ဓဂေါတမသည် သဗ္ဗညုတ ဉာဏ်တော်ကို ခြောက်နှစ်တိုင်တိုင် အမှားအမျိုးမျိုးကို ကျော်ကာ ရှာဖွေတွေ့ရှိခဲ့လေသည်။ ထိုဉာဏ်တော်ကို ရှာဖွေရန် စိတ်ပိုင်းဖြတ်သော အစဉ်္ သိဒ္ဓတ္ထမင်းသားသည် မိမိဉာဏ်အမြင်အရ အနုမာန မျက်ရမ်းဆ၍ ပြောင်းလဲမှု ရှိလာလေသည်။ အလှယ်လှယ် အပြောင်းအပြောင်း တစ်သောင်းမကသော မောင်းမမိဿံ ခြွေရံပရိသတ်တို့နှင့်တကွ နန်းသုံးဆောင်ဝယ် မင်းစည်းစိမ်ကို စွန့်ပယ်၍ သောင်မမြင် ကမ်းမမြင် ရသေ့ရဟန်းအသွင် လျှော်တေသင်္ကန်းကို ဝတ်ဆင်၍ ဘိက္ခုနသိလောယာစန သိလောသိ ဘိက္ခု ဟူသည်နှင့်အညီ သူတောင်းစားဘဝမျိုးသို့ ပြောင်းလဲမှုသည် သာမန် ပကတိ မျက်စိအားဖြင့် ကြည့်လျှင် ရူးသည် မိုက်သည်ဟု ဆိုရပေမည်။ မိမိ၏ မင်းစိတ် မင်းဝါဒကို ဆန့်ကျင်သော လောကစိတ် လောကဝါဒအား ဤသို့ ပြောင်းလဲခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝဖြစ်စဉ်နေ့စွဲများ

ဗိုလ်ချုပ်အောင်ဆန်းသည် သူ့ကျွန်မခံလိုသူ ဦးမင်းရောင်၏ မြေးဖြစ်သည်။ နတ်မောက်မြို့နေ ရှေ့နေကြီး ဦးဖာ – ဒေါ်စုတို့၏ သားထွေးဖြစ်သည်။

၁၉၁၅ ။ ။ ဖေဖော်ဝါရီလ ၁၃ ရက်။ ၁၂၇၆ ခု တပေါင်းလဆန်း တစ်ရက် (စနေနေ့) တွင် နတ်မောက်မြို့၌ ဖွားမြင်သည်။ ဗေဒင်ဆရာက ဇာတာတွင် ထိန်လင်း ဟု အမည်ရေးသော်လည်း အစ်ကိုအောင်သန်းအမည်နှင့်လိုက်ရန် အောင်ဆန်းဟု ခေါ်တွင်ခဲ့သည်။

၁၉၂၂ ။ ။ အသက် ၇ နှစ်တွင် နတ်မောက်မြို့ ဆရာတော် ဦးသောဘိတ ကျောင်းတွင် နေခဲ့သည်။

၁၉၂၈ ။ ။ ရေနံချောင်းမြို့ အမျိုးသားအထက်တန်းကျောင်းသို့ပြောင်း၍ နေခဲ့သည်။

၁၉၃၀ ။ ။ သတ္တမတန်း အောင်သည်၊ စကောလားရှစ်ရ၍ ဦးရွှေရိုးဆု ရသည်။ တစ်လလျှင် ကျပ် ၁၀ ဖြင့် သုံးနှစ်အတွက် စကောလားရှစ် ရသည်။

၁၉၃၂ ။ ။ ရေနံချောင်းမြို့ အမျိုးသားအထက်တန်းကျောင်းမှ ဆယ်တန်း အောင်သည်။ ရန်ကုန်တက္ကသိုလ်သို့ ရောက်သည်။

၁၉၃၄ ။ ။ ဥပစာတန်း စာမေးပွဲအောင်သည် (စာမေးပွဲ ခုံအမှတ် ၂၃၁)။ တကသ အမှုဆောင် ရွေးကောက်ပွဲဝင်ရာ၌ ရှုံးသွားသည်။

၁၉၃၅–၃၆ ။ ။ တကသ အမှုဆောင် ရွေးကောက်ပွဲဝင်ရာ အရွေးခံရသည်။ အိုးဝေမဂ္ဂဇင်း အယ်ဒီတာအဖြစ် ဆောင်ရွက်သည်။ ထိုသို့ ဆောင်ရွက်စဉ် အိုးဝေမဂ္ဂဇင်းတွင် 'ခွေးသရမ်းကြီး လွတ်နေသည်' (HELL HOUND AT LARGE) ဆောင်းပါး ရေးသူကို ထုတ်ဖော်မပြော၍ တက္ကသိုလ်မှ ကျောင်းထုတ်ခြင်း ခံရသည်။

၁၉၃၆ ။ ။ တကသ ဒု–ဥက္ကဋ္ဌအဖြစ် အရွေးခံရသည်။ ရန်ကုန်မြို့ ဂျူဗလီဟောခန်းမတွင် ကျင်းပသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများညီလာခံ၌ မိန့်ခွန်းပြောကြားသည်။



၁၉၃၇ ။ ။ အင်္ဂလိပ်စာပေ၊ ဥရောပရာဇဝင်၊ နိုင်ငံရေးဗေဒ ဘာသာရပ်များဖြင့် ဝိဇ္ဇာတန်း အောင်သည် (စာမေးပွဲ ခုံအမှတ် ၅၆)။

၁၉၃၇–၃၈ ။ ။ တကသ ဒု–ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။

၁၉၃၇ ။ ။ ရန်ကုန်တက္ကသိုလ် ပဲခူးဆောင် သဟာယနှင့် စာဖတ် အသင်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ ပဲခူးဆောင် အခန်းအမှတ် ၁၁၃ တွင် နေခဲ့သည်။

၁၉၃၈ ။ ။ ဥပဒေပညာသင်ကြားရာမှလည်းကောင်း၊ ဗမာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသားသမဂ္ဂအသင်းကြီး၏ ဥက္ကဋ္ဌရာထူးမှ လည်းကောင်း နုတ်ထွက်သည်။

အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော နယူးဘားမား သတင်းစာ အယ်ဒီတာအဖွဲ့တွင် ခေတ္တဝင်ရောက်လုပ်ကိုင်သည်။

ပထမဆုံး တက္ကသိုလ်ကျောင်းသားကိုယ်စားလှယ် တက္ကသိုလ် ကောင်စီဝင်အဖြစ် တင်မြှောက်ခြင်း ခံရသည်။

အောက်တိုဘာလတွင် သခင်ကိုယ်တော်မှိုင်းဦးဆောင်သော တို့ဗမာအစည်းအရုံးသို့ ဝင်သည်။

၁၉၃၈–၃၉ ။ ။ တကသဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။

၁၉၃၉ ။ ။ ဇန်နဝါရီလတွင် ရန်ကုန် အရေးတကြီး လုံခြုံရေး အက်ဥပဒေဖြင့် ၁၅ ရက် ဖမ်းဆီးထောင်ချခြင်း ခံရသည်။

ဖေဖော်ဝါရီလ ၂၅ ရက်နေ့ည သန်းခေါင်ကျော် ၂ နာရီခွဲ အချိန် မြို့မကျောင်း၌ ကျင်းပသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂအသင်း အလုပ်အမှုဆောင် အစည်းအဝေးသို့ တက်ရောက်သည်။

ဖေဖော်ဝါရီလ ၂၆ ရက်နေ့ ညနေ ၅ နာရီခွဲအချိန်တွင် မြန်မာပြည် နန်းရင်းဝန်၊ မြို့မိမြို့ဖအဖွဲ့ဝင် လူကြီးများနှင့် ကျောင်းသားခေါင်းဆောင်များ (ကျောင်းသားသမဂ္ဂ၏ အရေးနှင့်စပ်လျဉ်း၍)တွေ့ဆုံဆွေးနွေးသည့် အစည်းအဝေးသို့ တက်ရောက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဧပြီလ ၆ ရက်နေ့မှ ၉ ရက်နေ့အထိ ကျင်းပသော မော်လမြိုင် ညီလာခံတွင် အတွင်းရေးမှူးအဖြစ် တာဝန်ခံဆောင်ရွက်သည်။

ဩဂုတ်လ ၁၃ ရက်၊ ရန်ကုန် ရေကျော်ရပ် တို့ဗမာ အစည်းအရုံးတည်ရာ ဌာနၣ သခင်အောင်ဆန်း၊ သခင်လှဖေ၊ ကိုသိန်းဖေ၊ ကိုဗဟိန်း၊ မစ္စတာဒတ္တားတို့သည် တို့ဗမာ အစည်းအရုံးအတွင်းတွင် ကွန်မြူနစ်အဖွဲ့အစည်းကလေး တစ်ရပ် စတင်ဖွဲ့စည်းသည်။

ဩဂုတ်လ ၁၅ ရက်၊ ရန်ကုန်မြို့ အရှေ့ပိုင်း ၄၉ လမ်း၊ အိမ်နံပါတ် ၁၈၈ တွင် ဗမာပြည် ကွန်မြူနစ်ပါတီကို လျှို့ဝှက်စွာ တည်ထောင်ဖွဲ့စည်းပြီး သခင်အောင်ဆန်းက အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့သည်။

စက်တင်ဘာလ ၁ ရက်၊ ဒေါက်တာဘမော်အိမ်၌ ကျင်းပသော အစည်းအဝေး၌ အစည်းအဝေး၌ ထွက်ရပ်ဂိုဏ်း၏ အတွင်းရေးမှူးအဖြစ် တင်မြှောက်ခြင်း ခံရသည်။

(နိုဝင်ဘာလ ၁၈ ရက်) နေ့တွင် မြေအောက်တော်လှန်ရေး ဗဟိုအဖွဲ့ကို စတင် တည်ထောင် ဖွဲ့စည်းရာ၌ သခင်အောင်ဆန်းကို ပြည်ပခေါင်းဆောင်အဖြစ် ရွေးချယ်တင်မြှောက်ကြသည်။

၁၉၃၉ ။ ။ ဒီဇင်ဘာလမှ ၁၉၄၀ ခု၊ ဇန်နဝါရီလအတွင်း မြန်မာတစ်ပြည်လုံးသို့ တရားလှည့်လည် ဟောခဲ့သည်။

၁၉၄၀ ။ ။ (မတ်လ ၂၂ ရက်) အိန္ဒိယပြည် ရမ်းဂါးမြို့တွင် ကျင်းပသော အိန္ဒိယအမျိုးသားကွန်ဂရက် ညီလာခံသို့ သခင်သန်းထွန်း၊ သခင်ခင်အောင်၊ သခင်တင်မောင်၊ သခင်ဆတ်ဂုပတား၊ ကိုထွန်းရှိန် (ဗိုလ်ရန်နိုင်) ကိုဗဟိန်းတို့နှင့်အတူ တက်ရောက်ခဲ့သည်။

မေလ ၅ ရက်နေ့တွင် ရန်ကုန်ပြန်ရောက်သည်။

(ဇွန်လ ၂၉ ရက်) ဟင်္သာတခရိုင် ရာဇဝတ်ဝန် မစ္စတာဖေးမီးယားက ဇွန်လ တစ်ရက်နေ့တွင် ဇလွန်မြို့၌ ချင်းတောင်အကြောင်း ဟောပြောမှုဖြင့် သခင်အောင်ဆန်းကို ဖမ်းရန် ငါးကျပ်တန် ဝရမ်းထုတ်သည်။



(ဩဂုတ်လ ၈ ရက်) သခင်လှမြိုင်နှင့်အတူ ဟိုင်လီအမည်ရှိသော သင်္ဘောဖြင့် မြန်မာပြည်မှ တရုတ်ပြည်သို့ လျှို့ဝှက်စွာ ထွက်ခွာသွားသည်။

(ဩဂုတ်လ ၂၄ ရက်) တရုတ်ပြည် အမွိုင်မြို့သို့ ရောက်သည်။

(နိုဝင်ဘာလ ၁၂ ရက်) ဂျပန်ပြည် တိုကျိုမြို့သို့ ရောက်သည်။

၁၉၄၀ ။ ။ (မတ်လ ၃ ရက်) ရုပ်ဖျက်ပြီး မြန်မာပြည်သို့ ပြန်လာသည်။

(မတ်လ ၉ ရက်) ရဲဘော် သုံးကျိပ်ထဲမှ ပထမအသုတ် လူငယ်တစ်စုကို တစ်ပါတည်း လျှို့ဝှက်စွာ ခေါ်ပြီး ဂျပန်ပြည်သို့ ပြန်ထွက်သွားသည်။

(မတ်လ ၂၇ ရက်) ဂျပန်ပြည် တိုကျိုမြို့သို့ ပြန်လည်ဆိုက်ရောက်သည်။

(နိုဝင်ဘာလ) ဝရမ်းပြေးနေစဉ် တက္ကသိုလ် အုပ်ချုပ်ရေးအဖွဲ့မှ နုတ်ထွက်သည်။

(ဒီဇင်ဘာလ ၂၇ ရက်) စနေနေ့ည ၁ နာရီအချိန်တွင် ယိုးဒယားပြည် ဘန်ကောက်မြို့ရှိ မျိုးချစ်ပုဂ္ဂိုလ်ကြီး ဦးလွန်းဖေ၏နေအိမ်တွင် ဘီအိုင်အေ ခေါ် ဗမာ့လွတ်လပ်ရေးတပ်မတော် စတင်ဖွဲ့စည်းပြီး လက်မောင်းသွေးဖောက်သောက်ကြသည်။

၁၉၄၂ ။ ။ (ဇန်နဝါရီလ ၁ ရက်)အင်္ဂလိပ်အစိုးရက သခင်အောင်ဆန်းကို ဘားမားလစ် (Burma list) ခေါ် ဗြိတိသျှနယ်ချဲ့အစိုးရ၏ ရန်သူတော်စာရင်းတွင် အမှတ်စဉ် ၅ အဖြစ် ကြေညာခဲ့သည်။

(ဇူလိုင်လ) ဗိုလ်မှူးကြီး ရာထူးဖြင့် ဗမာ့ကာကွယ်ရေးတပ်မတော် စစ်သေနာပတိအဖြစ် ဆောင်ရွက်သည်။

(ဩဂုတ်လ ၁ ရက်) ဘီအိုင်အေ (ဗမာ့လွတ်လပ်ရေးတပ်မတော်) မှ ဘီဒီအေ (ဗမာ့ကာကွယ်ရေးတပ်မတော်) အဖြစ်သို့ ပြောင်းလဲရာတွင် ကာနယ် (ဗိုလ်မှူးကြီး) ရာထူးဖြင့် ဘီဒီအေ တပ်မတော်၏ သေနာပတိဖြစ်လာသည်။

(စက်တင်ဘာလ ၆ ရက်) ဒေါ်ခင်ကြည်နှင့် လက်ထပ်သည်။ လက်ထပ်ပွဲကို ဆေးရုံ(ယခု စစ်ရုံးချုပ်)ဟောင်း၌ ကျင်းပသည်။

www.burmeseclassic.com

www.burmeseclassic.com



(နိုဝင်ဘာလ ၈ ရက်) မြို့တော်ခန်းမ၌ ကျင်းပသော ခေတ်သစ် ဆရာဖြစ်သင်တန်းတွင် 'သေနင်္ဂဗျူဟာစစ်ပညာ' အကြောင်း ပြောဟောသည်။

၁၉၄၃ ။ ။ (မတ်လ) မေဂျာဂျင်နရယ် (ဗိုလ်ချုပ်) ရာထူးသို့ တိုးမြှင့်ခြင်း ခံရသည်။

(မတ်လ ၁၇ ရက်) ဒေါက်တာဘမော်နှင့်အတူ ဂျပန်ပြည် တိုကျိုမြို့သို့ ဖိတ်ကြားခြင်းခံရပြီး ၂၂-၃-၄၃ ဂျပန် အင်ပိုင်ယာ၏ ဘွဲ့ထူး (ဂုဏ်ထူးတံဆိပ် (Order of the Rising Sun) ဖြင့် ချီးမြှင့်ခြင်း ခံရသည်။

(ဩဂုတ်လ ၁ ရက်) မြန်မာ့တပ်မတော် စစ်ဦးစီး သေနာပတိ ရာထူးအပြင် စစ်ဝန်ကြီးအဖြစ် ဆောင်ရွက်သည်။

ဂျပန်အစိုးရ၏ (First Class order of the Sacred Treasure) ချီးမြှင့်ခြင်း ခံရသည်။

(အောက်တိုဘာလ ၂ ရက်) ဦးဝိစာရ ကြေးရုပ်နှင့် ကျောက်တိုင်ဖွင့်ပွဲတွင် မိန့်ခွန်း ပြောကြားသည်။

၁၉၄၄ ။ ။ (ဩဂုတ်လ ၄ ရက်) ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်ပြီး ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကြီး (ဖတပလ) ကို ပဲခူးမြို့ မြန်မာ့တပ်မတော်တိုင်း ၄ စခန်း၌ လျှို့ဝှက်စွာ ဖွဲ့စည်းခဲ့သည်။

သို့ ဖွဲ့စည်းရာ၌ ဗိုလ်ချုပ်အောင်ဆန်းသည် ဖဆပလ ဗဟိုဦးစီးအဖွဲ့တွင်လည်းကောင်း၊ ဖဆပလ ဗဟိုစစ်ကောင်စီ တွင်လည်းကောင်း စစ်ရေးခေါင်းဆောင်အဖြစ် တင် မြှောက်ခြင်း ခံရသည်။

(ဩဂုတ်လ ၂၃ ရက်၊ ဗုဒ္ဓဟူးနေ့) ရန်ကုန်မြို့ ပတ်လမ်းနှင့် ဦးထွန်းမြတ် လမ်းထောင့်ရှိစစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ နေအိမ်၌ ဗမာ့တပ်မတော်၊ ဗမာပြည် ကွန်မြူနစ်ပါတီနှင့် ပြည်သူ့အရေးတော်ပုံပါတီတို့ပါ ဖွဲ့စည်းသော ဖက်ဆစ် တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကို ပြန်လည် ဖွဲ့စည်းသည်။



(စက်တင်ဘာလ ၃ ရက်) ဗိုလ်မှူးကြီး စောကြာဒိုး၊ ဗိုလ်ကြီး စောစံဘိုးသင်၊ ဗိုလ်မှူးရဲထွန်း၊ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည် နှင့်အတူ မြောင်းမြမြို့သို့ ရောက်လာကြသည်။

(စက်တင်ဘာလ ၇ ရက်) ဗိုလ်မှူးကြီး စောကြာဒိုး၊ ဗိုလ်ကြီး စောစံဘိုးသင်၊ ဒုဗိုလ် ဗိုလ်သိန်းဆွေ၊ ဗိုလ်မှူးကြီး ဇေယျ ဗိုလ်မှူး ရဲထွန်းတို့နှင့်အတူ ပုသိမ်ခရိုင် ကံကြီးဒေါင့်ရွာသို့ ခရီးထွက်ကြသည်။

၁၉၄၅ ။ ။ (မတ်လ ၁၇ ရက်) ရန်သူကို တိုက်ခိုက်ရန်အတွက် တပ်မတော်ကို ဦးဆောင်၍ စစ်မြေပြင်သို့ ထွက်ခဲ့သည်။

(မတ်လ ၂၇ ရက်) ဖက်ဆစ်ဂျပန်များကို စတင်တော်လှန်သည်။

(မေလ ၁၆ ရက်) ဗိုလ်ချုပ် စလင်းနှင့် ပထမဆုံးအကြိမ် တွေ့ဆုံသည်။

(ဇွန်လ ၂၀ ရက်) အင်္ဂလိပ်စစ်သင်္ဘော ကမ်ဘာလင် (H.M.S. Cumberland) ပေါ်၌ အခြား နိုင်ငံရေး ခေါင်းဆောင်များနှင့်အတူ ဘုရင်ခံ ဆာဒေါမန်စမစ်နှင့် တွေ့ဆုံ ဆွေးနွေးသည်။

(ဩဂုတ်လ ၁၉ ရက်) နေသူရိန်အစည်းအဝေးတွင် မိန့်ခွန်း ပြောကြားသည်။

(ဩဂုတ်လ ၂၉ ရက်) မြို့တော်ခန်းမတွင် ကျင်းပသည့် အရှေ့ အနောက် အသင်း (East and West Association) တွင် အင်္ဂလိပ်ဘာသာဖြင့် ဟောပြောသည်။

(စက်တင်ဘာလ ၄ ရက်) အရှေ့တောင်အာရှဆိုင်ရာ သေနာပတိ လော့ဒ်မောင့်ဘက်တန်နှင့် ဗမာ့တပ်မတော် ဆက်လက်တည်တံ့ရေးအတွက် ဆွေးနွေးရန် သခင်သန်းထွန်း ဗိုလ်လက်ျာ၊ ဗိုလ်နေဝင်း၊ ဦးဘဖေတို့နှင့်အတူ သီဟိုဠ်ကျွန်း ကန္ဒီမြို့သို့ သွားသည်။

၁၉၄၆ ။ ။ (ဇန်နဝါရီလ ၂၀ ရက်) ရွှေတိဂုံ အလယ်ပစ္စယံ၌ ကျင်းပသော နိုင်ငံလုံးဆိုင်ရာ ဖဆပလ ညီလာခံတွင် ဖဆပလ ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခံရသည်။

www.burmeseclassic.com

www.burmeseclassic.com



(မတ်လ ၄ ရက်) သခင်မြ၊ ဟသ်ာတဦးမြ၊ ဦးအောင်ဇေ တို့နှင့်အတူ ရန်ကုန်မှ ရခိုင်သို့ ခရီးထွက်သည်။

(မတ်လ ၆ ရက်) တောင်ကုတ် ရောက်သည်။

(မတ်လ ၇ ရက်) တောင်ကုတ်တွင် တရားဟောသည်။

(မတ်လ ၁၀ ရက်) စစ်တွေသို့ ရောက်သည်။

(မတ်လ ၁၁ ရက်) စစ်တွေတွင် တရားဟောသည်။

(မတ်လ ၂၆ ရက်) စထရင်းဟော်တယ်တွင် အိန္ဒိယ ခေါင်းဆောင် ပဏ္ဍစ်နေရူးနှင့် ၃ နာရီကြာ ဆွေးနွေးသည်။

(မေလ ၂၈ ရက်) ညနေ လေးနာရီအချိန်တွင် ပြည်သူ့ရဲဘော်တပ်ဖွဲ့အားလုံးကို လောင်းဝစ်လမ်းဌာနချုပ်အဖွဲ့ တည်ရာဌာန၌ ဩဝါဒမိန့်ခွန်း ပေးသည်။

(စက်တင်ဘာလ ၂၆ ရက်) ဘုရင်ခံ၏အမှုဆောင်ကောင်စီ ဒု-သဘာပတိ အဖြစ် ရာထူးလက်ခံ၍ အစိုးရအဖွဲ့သစ်ကို ဖွဲ့သည်။

(နိုဝင်ဘာလ ၂ ရက်) မြစ်ကြီးနားရှိ တိုင်းရင်းသား ကချင်စစ်တပ်ကို စစ်ဆေးသည်။

(နိုဝင်ဘာလ ၁၄ ရက်) နေ့မှ (နိုဝင်ဘာလ ၃၀ ရက်)နေ့ အထိ အထက်မြန်မာပြည်သို့ ခရီးထွက်သည်။

(ဒီဇင်ဘာလ ၂၃ ရက်) ကယားပြည်နယ် လွယ်ကော်မြို့၌ ကျင်းပသည့် ကရင် အမျိုးသား နှစ်သစ်ကူးပွဲတော်သို့ တက်ရောက်သည်။

(ဒီဇင်ဘာလ ၂၄ ရက်)နေ့ နံနက်တွင် တောင်ကြီးမြို့ ညောင်ရွှေဟော်၌ စော်ဘွားများနှင့် ပထမဆုံးအကြိမ် ဆွေးနွေးသည်။

၁၉၄၇ ။ ။ (ဇန်နဝါရီလ ၂ ရက်) သခင်မြ၊ ဦးတင်ထွတ် စသည်တို့နှင့် အတူ ဘိလပ်သို့ သွားသည်။

(ဇန်နဝါရီလ ၅ ရက်) ညနေ ၅ နာရီ ၁၀ မိနစ်အချိန်တွင် ဒေလီရေဒီယိုမှနေ၍ မြန်မာပြည်သို့ ဟူသော မှာကြားချက် မိန့်ခွန်းကို အသံလွှင့်သည်။

အေရှညီညွတ်ရေးသို့ ဟူသော ဗိုလ်ချုပ်၏ အသံသွင်း



မိန့်ခွန်းတစ်ရပ်ကိုလည်း ထိုနေ့ည ၈ နာရီခွဲအချိန်တွင် ဒေလီ ရေဒီယိုမှ အသံလွှင့်သည်။

(ဇန်နဝါရီလ ၁၃ ရက်) ဗိုလ်ချုပ်အောင်ဆန်း ဦးစီးသော မြန်မာကိုယ်စားလှယ် အဖွဲ့နှင့် ဗြိတိသျှဝန်ကြီးချုပ် အက်တလီ ခေါင်းဆောင်သော ဗြိတိသျှကိုယ်စားလှယ်အဖွဲ့တို့ ဆွေးနွေးပွဲကို လန်ဒန်မြို့ အမှတ် ၁၀ ဒေါင်းနင်းလမ်းရှိ ဗြိတိသျှဝန်ကြီးချုပ် ဂေဟာ၌ ကျင်းပသည်။

(ဇန်နဝါရီလ ၂၈ ရက်) နေ့တွင် အောင်ဆန်းအက်တလီ စာချုပ်ကို လက်မှတ်ရေးထိုး ချုပ်ဆိုသည်။

(ဖေဖော်ဝါရီလ ၂ ရက်) နေ့ ရန်ကုန်ပြန်ရောက်သည်။

(ဖေဖော်ဝါရီလ ၈ ရက်) နေ့ ရှမ်းပြည်နယ် တောင်ပိုင်း ပင်လုံမြို့သို့ သွားသည်။

(ဖေဖော်ဝါရီလ ၁၂ ရက်) ပင်လုံစာချုပ် လက်မှတ် ရေးထိုးသည်။

(ဖေဖော်ဝါရီလ ၂၈ ရက်) မြို့တော်ခန်းမ၌ ကျင်းပသော မြို့တော်ဝန်၏ ဧည့်ခံပွဲ၌ မိန့်ခွန်းပြောကြားသည်။

(မတ်လ ၁၀ ရက်) မြန်မာပြည် အင်္ဂလိပ်ကုန်သည်ကြီးများ အသင်း နှစ်ပတ်လည်အစည်းအဝေးတွင် မိန့်ခွန်းပြော ကြားသည်။

(မတ်လ ၁၅ ရက်)နေ့မှ (၁၇)ရက်နေ့အထိ လေကြောင်းခရီးဖြင့် မြိတ်၊ ထားဝယ်၊ မော်လမြိုင်မြို့များသို့ ခရီးထွက်သည်။

(မတ်လ ၁၇ ရက်) နေ့ ညနေ ၄ နာရီအချိန်တွင် မော်လမြိုင်မြို့ ဘုရင်မ ပန်းခြံ၌ မိန့်ခွန်းပြောသည်။

(မတ်လ ၂၀) ရက် ကျောက်ဆည်နှင့် မန္တလေးမြို့များတွင် တရားဟောသည်။

(မတ်လ ၂၁ ရက်) စစ်ကိုင်းမြို့တွင် တရားဟောသည်။

(မတ်လ ၂၃ ရက်) ညောင်ဦးမြို့တွင် တရားဟောသည်။

(မတ်လ ၂၄ ရက်) မကွေးမြို့တွင် တရားဟောသည်။

(မတ်လ ၂၅ ရက်) နတ်မောက်မြို့တွင် တရားဟောသည်။

www.burmeseclassic.com

www.burmeseclassic.com

(မတ်လ ၂၇ ရက်) အာလံ (အောင်လံ) တွင် တရားဟောသည်။
ထိုနေ့တွင် ရန်ကုန်မြို့သို့ ပြန်ရောက်သည်။
(ဧပြီလ ၁ ရက်) နေ့တွင် လေယာဉ်ပျံနှင့် စစ်တွေသို့ ခရီးထွက်သည်။
ထိုနေ့ညတွင် ရေတပ်မတော်မှ စစ်သင်္ဘောဖြင့် မြေပုံမြို့သို့ ခရီးထွက်သည်။
(ဧပြီလ ၂ ရက်) စစ်တွေမှ ရန်ကုန်သို့ လေယာဉ်ပျံဖြင့် ပြန်လာသည်။
(ဧပြီလ ၄ ရက်) အုတ်တွင်း၊ တောင်ငူ၊ ဖျူးမနားမြို့များတွင် တရားဟောသည်။
(ဧပြီလ ၅ ရက်) နေ့တွင် ပျော်ဘွယ်၊ တပ်ကုန်း၊ ရမည်းသင်းမြို့များတွင် တရားဟောသည်။
(ဧပြီလ ၉ ရက်) ညနေ ၆ နာရီတွင် ဇနီးဖြစ်သူ ဒေါ်ခင်ကြည်နှင့်အတူ မဲရုံများသို့ လိုက်လံစစ်ဆေးသည်။ ရွေးကောက်ပွဲကျင်းပရာတွင် ဗိုလ်ချုပ် ဦးဆောင်သော ဖဆပလသည် မဲ အပြတ်အသတ်ဖြင့် အနိုင်ရသည်။
(ဧပြီလ ၁၂ ရက်) နေ့လယ် ၂ နာရီတွင် ဗီယက်နမ် ကိုယ်စားလှယ် ပါမောက္ခ ရန်ပင်လော့နှင့် တွေ့ဆုံသည်။
(ဧပြီလ ၁၇ ရက်) နေ့လယ် ၁ နာရီတွင် ကန်တော်ကြီးစောင်း အိုရီယင့်ကလပ်၌ ယိုးဒယားအစိုးရနှင့် ဗီယက်နမ်အစိုးရ ကိုယ်စားလှယ်တော်များ ညှော်ခံပွဲသို့ တက်ရောက်ပြီး မိန့်ခွန်း ပြောကြားသည်။
(ဧပြီလ ၁၈ ရက်) နှစ်သစ်ကူးမိန့်ခွန်း ပြောကြားသည်။
(ဧပြီလ ၂၈ ရက်) မေမြို့မှ မန္တလေးမြို့သို့ လာသည်။
(ဧပြီလ ၄ ရက်) ဗိုလ်ချုပ်နေအိမ်တွင် ဖဆပလ ကိုယ်စားလှယ်များ၊ ဆိုရှယ်လစ်ကိုယ်စားလှယ်များ၊ ပရသဖ ဌာနချုပ် ကိုယ်စားလှယ်များနှင့် တွေ့ဆုံ ဆွေးနွေးပြီး နယ်များတွင် ဆိုရှယ်လစ်နှင့် ပြည်သူ့ရဲဘော်များ သဘောချင်း မတိုက်ဆိုင်သည့်ကိစ္စများ ဖြေရှင်းပေးသည်။
(မေလ ၆ ရက်) ည ၈ နာရီအချိန်တွင် ပြည်လမ်း ပဲခူးကလပ်၌ မျက်နှာဖြူ ကုန်သည်ကြီးများနှင့် ဆွေးနွေးသည်။
(မေလ ၈ ရက်) ညနေ ၄ နာရီအချိန်တွင် ဗိုလ်ချုပ်၏ နေအိမ်၌ ပလ္လူးအစိုးရ ကိုယ်စားလှယ်တော်များဖြစ်သည့် ဒေါက်တာဘဟာနုဒင်နှင့် မစ္စတာဂျာဇန်ဖူလေမန်တို့ကို လက်ဖက်ရည်ပွဲဖြင့် ညှော်ခံသည်။
(မေလ ၁၀ ရက်) ညနေ ၃ နာရီအချိန်တွင် သတင်းစာဆရာများကို အရေးပေါ် အစည်းအဝေးခေါ်ယူပြီး ဦးဘဖေကို ဝန်ကြီးအဖွဲ့မှ ထုတ်ပယ်လိုက်သည့်ကိစ္စနှင့် စပ်လျဉ်း၍ ရှင်းလင်းပြသည်။
(မေလ ၁၂ ရက်) ည ၈ နာရီ အချိန်တွင် အမေရိကန် သံအမတ် မစ္စတာပက်ကာ၏နေအိမ်တွင် ကျင်းပသည့် ညစာ စားပွဲသို့ တက်ရောက်သည်။
(မေလ ၁၇ ရက်) ယိုးဒယားဘုရင်၏ ဆွေတော်မျိုးတော် ဖြစ်သော ချန်ဆော မင်းသမီးနှင့် သမီးတော် အာစီမင်းသမီးတို့ကို တာဝါလိန်းနေအိမ်တွင် ညစာဖြင့်ညှော်ခံကျွေးမွေးသည်။
(မေလ ၁၉ ရက်) ဖဆပလ ပဏာမ ညီလာခံ ကျင်းပသည်။
(မေလ ၂၅ ရက်) ဗြိတိသျှရေတပ်မှ စစ်သင်္ဘော အိပ်ချ်အင်မ်အက်စ်ဖားလ် H-M-S-FALE (ယခု စစ်ရေယာဉ် မေယု)ကို ရေတပ် လက်ထောက်ဗိုလ်ချုပ် မစ်ချယ်က လွှဲပြောင်းပေးသည်ကို အဆိုပါသင်္ဘောပေါ်၌ပင် လက်ခံသည်။
(မေလ ၃၀ ရက်) သတင်းစာကွန်ဖရင့် ပြုလုပ်သည်။
(ဇွန်လ ၁၆ ရက်) တိုင်းပြည်ပြုလွှတ်တော် အစည်းဝေးပွဲတွင် အခြေခံဥပဒေနှင့်ပတ်သက်သည့် လမ်းညွှန်ပြဋ္ဌာန်းချက်ကို တင်သွင်းသည်။
(ဇူလိုင်လ ၇ ရက်) မြန်မာပြည်ရှိ အိန္ဒိယ [illegible]ညာဉ်ခံ ဝန်ထမ်းများ (I.C.S) နှင့် တွေ့ဆုံဆွေးနွေးသည်။
(ဇူလိုင်လ ၁၃ ရက်) တနင်္ဂနွေနေ့ မြို့တော်ခန်းမမှနေ၍

www.burmeseclassic.com

www.burmeseclassic.com

လူထုသို့ မိန့်ခွန်းပြောကြားသည်။ (နောက်ဆုံး မြွက်ကြားခဲ့သော မိန့်ခွန်း ဖြစ်သည်။)

(ဇူလိုင်လ ၁၉ ရက်) စနေနေ့ နံနက် ၁၀ နာရီ ၃၇ မိနစ်ခန့်တွင် လူမသမာ လူတစ်စု၏ လုပ်ကြံမှုကြောင့် ကျဆုံးခဲ့သည်။

(အာဇာနည်နေ့ အထူးထုတ် ငွေတာရီမဂ္ဂဇင်းတွင် ပါရှိသော စိုးရှိန်၏ 'ဗိုလ်ချုပ်အောင်ဆန်းဘဝဖြစ်စဉ် နေ့စွဲ' ဆောင်းပါးမှ)

၇၂

## ကျွန်ုပ်နှင့် အောင်ဆန်း
## (ဖီးလ်မာရှယ် ဆာဝီလီယံဆလင်း)

ကျွန်ုပ်တို့သည် မြန်မာပြည် ထိုးစစ်ကြီးကို မိုးဖြိုင်ဖြိုင်မကျမီ အပြီးအပိုင် အောင်နိုင်ရန် အရေးကြီးနေသကဲ့သို့ မြန်မာပြည်ထဲတွင် ကျွန်ုပ်တို့ အလျင်အမြန်ဖြေရှင်းမှ အရေးလှမည့် ပြဿနာများလည်း ရှိနေသည်။

မိုးဖြိုင်ဖြိုင်ကျလာသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်တို့၏ ကုန်းကြောင်းနှင့် ရေကြောင်း သယ်ယူပို့ဆောင်ရေးအခက်အခဲမှာ ပို၍ကြီးထွားလာတော့မည်ဖြစ်သည်။ ယခုပင်လျှင် အမေရိကန် သယ်ယူပို့ဆောင်ရေး လေယာဉ်များကို ကျွန်ုပ်တို့ထံမှ တစ်စ တစ်စ ပြန်၍ယူသွားကြသဖြင့် ကျွန်ုပ်တို့ ဘုရင့်လေတပ်မတော်မှ သယ်ယူပို့ဆောင်ရေး လေယာဉ်များကိုသာ အားထားနေရတော့သည်။ ဤ လေယာဉ်များမှာလည်း ကောင်းစွာ အနားပေး ပြုပြင်ခြင်းမရှိဘဲ နေ့ရောညပါ ပျံသန်းနေခဲ့ရသဖြင့် အနားပေး၍ ပြုပြင်ရန် လိုနေပေပြီ။ ဤသို့ အနားပေး ပြုပြင်ခြင်းမရှိဘဲ မြန်မာပြည် မိုးရာသီတွင် ဆက်လက်အသုံးပြုမည်ဆိုပါက ဧကန်ပင် ဘေးအန္တရာယ်များက ကျွန်ုပ်တို့၏ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို အကြီးအကျယ် ဒုက္ခပေးလာတော့မည်။ မလေးယားအား တိုက်ခိုက်မည့် ကျွန်ုပ်တို့၏အစီအစဉ်ကိုလည်း များစွာ ထိခိုက်စေတော့မည်။ ထို့ကြောင့် သယ်ယူပို့ဆောင်ရေးကိစ္စတစ်ခုတည်းနှင့်ပင် ရန်ကုန်ဆိပ်ကမ်းအား ပြန်လည်ဖွင့်လှစ်ရန် အရေးကြီးနေပေပြီ။

ကျွန်ုပ်တို့သည် မဟာမိတ်လေယာဉ်များ၏ တိုက်ခိုက်မှုကြောင့် အကြီးအကျယ် ပျက်စီးနေသော ရန်ကုန်ဆိပ်ကမ်းကို ရနိုင်သမျှသော အင်ဂျင်နီယာများ၊ အလုပ်သမားများဖြင့် အပူတပြင်း ပြန်လည်ဆောက်လုပ်ရတော့သည်။



မေလ ၈ ရက်နေ့တွင် ရန်ကုန်မြစ်အတွင်းမှ ရေမြှုပ်ဗုံးများကို ရှင်းလင်းပြီးနောက် ဘောတံတားများရှိသော ဆိပ်ခံသုံးခုတွင် ကျွန်ုပ်တို့သင်္ဘောများ ကုန်တင်ကုန်ချ ပြုလုပ်သည်။ ပင်မဆိပ်ကမ်းကို ခေတ်မီဆိပ်ကမ်းကြီးဖြစ်လာစေရန် ကုန်လှောင်ရုံများ၊ ကုန်လှောင်ရုံနှင့်ကပ်နေသည့် မီးရထားသံလမ်းများ၊ လျှပ်စစ်ဓာတ်အားပေးရုံများ၊ ဝန်ချီစက်ကြီးများ တပ်ဆင်ရသည့်အလုပ်မှာလည်း လွယ်ကူလှသည် မဟုတ်ပါချေ။

ရက်သတ္တပတ် ၆ ပတ်အတွင်းတွင် ကျွန်ုပ်တို့သည် အနည်းငယ်သာ ပျက်စီးသော ဆိပ်ခံများကို ပြန်လည်ပြုပြင်ပေးခြင်းဖြင့် တစ်နေ့လျှင် ရိက္ခာပစ္စည်း တန်ချိန် သုံးထောင်ကျစီ ရရှိလာရာ သယ်ယူပို့ဆောင်ရေးပြဿနာအတွက် ခေါင်းအေး၍လာခဲ့ရသည်။ သို့သော် ကျွန်ုပ်တို့အတွက် ဒုတိယနှင့် တတိယပြဿနာများက ဖြေရှင်းရန် ကျန်နေသေးသည်။

ဒုတိယပြဿနာမှာ မြန်မာပြည် မြို့ပြအုပ်ချုပ်ရေးဖြစ်၍ တတိယပြဿနာမှာ ဂျပန်တို့အား ပြန်လည်၍တိုက်ခိုက်နေသော ဗမာ့အမျိုးသားတပ်မတော်အား မည်ကဲ့သို့ သဘောထား၍ မည်ကဲ့သို့ ဆက်ဆံရမည်ဆိုသော ပြဿနာပင် ဖြစ်၏။

ဤတပ်မတော်သည် ကျွန်ုပ်တို့၏ရန်သူအား ဒုက္ခပေးနိုင်လိမ့်မည်ဟု ကျွန်ုပ်သည် မြန်မာပြည်တိုက်ပွဲအစကပင် ယုံကြည်နေခဲ့၏။ သို့သော် ဤတပ်မတော်၏ လှုပ်ရှားမှုမှန်သမျှကို ကျွန်ုပ်တို့၏ လှုပ်ရှားမှုနှင့် ပူးတွဲ၍မထားခဲ့ပါမူ ဤတပ်မတော်သည် ဂျပန်တို့အား ဒုက္ခပေးခဲ့သလိုပင် ကျွန်ုပ်တို့အားလည်း ပြန်၍ဒုက္ခပေးနိုင်သည်ကို ကျွန်ုပ် သိပြီးဖြစ်သည်။ ထို့ကြောင့် ဤဗမာ့အမျိုးသားတပ်မတော်တွင် ပါဝင်သော စစ်သည်တော်တို့အား နှစ်ဦးနှစ်ဖက် နှစ်သက်ကျေနပ်စွာ ချုပ်ကိုင်ထားနိုင်မည့် တစ်ခုတည်းသောနည်းလမ်းမှာ သူတို့၏ဗိုလ်ချုပ်ဖြစ်သော အောင်ဆန်းအား ကျွန်ုပ်၏ အမိန့်များကို လိုက်နာအောင် ပြုလုပ်ရေးပင် ဖြစ်၏။

အောင်ဆန်းအကြောင်းကို ကျွန်ုပ် သိထားသမျှနှင့် မြန်မာမျိုးချစ်များ အကြောင်းကို ကျွန်ုပ် နားလည်ထားသမျှ အကြောင်းအချက်များအရ အောင်ဆန်းအား ကျွန်ုပ်၏အမိန့်ကို နာခံရန် ပြုလုပ်ရေးမှာ လွယ်ကူမည်မဟုတ်ကြောင်း ကျွန်ုပ် သဘောပေါက်ထားပါသည်။ သို့သော် တတ်နိုင်သမျှ ကြိုးစားကြည့်မည်ဟု ဆုံးဖြတ်ထားသည်။

အောင်ဆန်းသည် ဖြစ်ပေါ်လာသောအခြေအနေကို လက်တွေ့သုံးသပ်၍ လုပ်ဆောင်တတ်သူဖြစ်သည်။ ၁၉၃၂ ခုနှစ်က ရန်ကုန်တက္ကသိုလ်တွင် ကျောင်းသားဘဝနှင့်ရှိနေစဉ် သူသည် များစွာသော အာရှကျောင်းသားများနည်းတူ နိုင်ငံရေးတွင်

www.burmeseclassic.com

www.burmeseclassic.com



တက်တက်ကြွကြွ ပါဝင်ခဲ့သည်။ အခါပေါင်းများစွာပင် ပြင်းထန်သော နိုင်ငံရေးလုပ်ငန်းများ၌ ပါဝင်ခဲ့သည်။ ၁၉၃၉ ခုနှစ်သို့ ရောက်လာသောအခါ သူသည် အယူသည်း နိုင်ငံရေးအဖွဲ့အစည်းတစ်ခုတွင် အတွင်းရေးမှူးဖြစ်လာပြီးနောက် သူ၏ နိုင်ငံရေးလှုပ်ရှားမှုကြောင့် ထောင် ၁၇ ရက် ကျခံခဲ့ရသည်။

ဤအချိန်လောက်တွင်ပင် စိတ်ဓာတ် တက်ကြွသလောက် ထွန်းထွန်းပေါက်ပေါက် လုပ်နိုင်သော လူငယ် နိုင်ငံရေးမျိုးချစ်ဖြစ်သူ အောင်ဆန်းအား ဂျပန်ကိုယ်စားလှယ်များက သူတို့လုပ်ငန်းတွင် လက်ကိုင်တုတ်အဖြစ် တွင်တွင်ကျယ်ကျယ် အသုံးပြုနိုင်မည်ဟု ယူဆကာ အောင်ဆန်းနှင့် ဆက်သွယ်မှု ယူတော့သည်။

၁၉၄၀ ခုနှစ်တွင် အောင်ဆန်း ပါဝင်သော အစည်းအရုံးမှာ မတရားသင်းအဖြစ် ကြေညာခြင်းခံရပြီး အောင်ဆန်းနှင့်တကွ ရဲဘော် သုံးကျိပ်သည် ပုလိပ်များကို လှည့်စားကာ ဂျပန်သို့အရောက် ကိုယ်ယောင်ဖျောက်နိုင်ခဲ့ကြ၏။ ဂျပန်တွင် အောင်ဆန်းနှင့် သူ၏ရဲဘော်များကို စစ်သင်တန်း တက်စေပြီးနောက် ဂျပန်သည် မကြာမီပင် မြန်မာ့မြေကြီးပေါ်မှ အင်္ဂလိပ်များကို မောင်းထုတ်ကာ မြန်မာလူမျိုးများအား လွတ်လပ်ရေး ပေးတော့မည်ဟု အယုံသွင်းလိုက်တော့သည်။

ဂျပန်က မြန်မာပြည်ကို တိုက်ခိုက်သောအခါ အောင်ဆန်းနှင့် သူ့ရဲဘော်များလည်း တစ်ပါတည်း ပါလာကြသည်။ သူတို့အဖွဲ့သည် တိုက်ပွဲဖြစ်ပွားရာ ဒေသတစ်လျှောက်၌ မြန်မာပြောက်ကျားတပ်များ ဖွဲ့ရန်နှင့် ပဉ္စမံတပ်သားများ ဖွဲ့ရန်အတွက် အမြုတေအဖွဲ့ ဖြစ်လာတော့၏။ ဤ ပြောက်ကျားတပ်နှင့် ပဉ္စမံတပ်ဖွဲ့များမှာ သူတို့၏ အရှင်သခင်များဖြစ်သော ဂျပန်များအတွက် များစွာ အထောက်အပံ့ဖြစ်သည်ကို ယုံမှားဖွယ် မရှိ။ ၁၉၄၂ ခုနှစ်၊ ကျွန်ုပ်တို့ မြန်မာပြည်မှ ဆုတ်ခွာရစဉ်က ဤ လက်နက်ကိုင်အဖွဲ့သည် ကျွန်ုပ်တို့အား တစ်ခါနှစ်ခါမျှ ရဲဝံ့စွာ လာရောက်တိုက်ခိုက်သည်ကို တွေ့ရသည်။

ဉာဏ်စွမ်းနှင့် ရဲစွမ်းကြောင့် ရှေ့တန်းခေါင်းဆောင်ဖြစ်လာသော အောင်ဆန်းသည် မြန်မာ့အစိုးရဖွဲ့ရန် များစွာလိုလားလျက်ရှိသော်လည်း အောင်ဆန်းမှာ သူတို့ကြိုးဆွဲသည့်အတိုင်းကမည့် ရုပ်သေးမဟုတ်ကြောင်းကို အနံ့ခံမိလာသော ဂျပန်အာဏာပိုင်တို့က အောင်ဆန်းအား မြန်မာအစိုးရအဖွဲ့ခေါင်းဆောင်အဖြစ် မတင်မြှောက်လိုဘဲ ရှိနေကြသည်။ ဂျပန်အာဏာပိုင်တို့သည် သူတို့ကြိုးဆွဲရာကမည့် ဘမော်အား နိုင်ငံအဓိပတိအဖြစ် တင်မြှောက်လိုက်ပြီးနောက် အောင်ဆန်းအား ဗမာ့ကာကွယ်ရေးတပ်မတော်ဟု အမည်ပြောင်းလိုက်သော ဗမာ့အမျိုးသားတပ်မတော်၏ သေနာပတိ



အဖြစ် ခန့်ထားလိုက်တော့သည်။ သို့သော် အောင်ဆန်းအဖို့ ဂျပန်က ပေးသော လွတ်လပ်ရေး ဆိုသည်မှာ မည်ကဲ့သို့သောအဓိပ္ပာယ်ဆောင်သည်ဆိုသည်ကို သိရန် အချိန်များစွာ မလိုပါချေ။ ကျားကြောက်၍ ရှင်ကြီးကိုး၊ ရှင်ကြီး ကျားထက်ဆိုးသည်ကို အောင်ဆန်း သိလာတော့သည်။ အောင်ဆန်း၏ ထင်ရှားသော နောက်လိုက်တစ်ဦးက ကျွန်ုပ်အား တစ်ခါက ပြောဖူးသောစကားမှာ "အင်္ဂလိပ်တွေက ကျွန်တော်တို့သွေးကို စုပ်တယ်။ ဂျပန်တွေက ကျွန်တော်တို့ ချဉ်ဆီတွေပါ စုပ်တယ်" ဟူ၍ ဖြစ်ပါသည်။

အောင်ဆန်းသည် ဂျပန်တို့နှင့် ပို၍ပို၍ အပေါက်အလမ်း မတည့်ဖြစ်လာသည်။ ၁၉၄၃ ခု ဇောဇောပိုင်းတွင်ပင် အောင်ဆန်းက ဂျပန်အပေါ်တွင်ထားရှိသော သဘောထားများမှာ ပြောင်းလဲနေကြောင်းဖြင့် တောင်ပေါ် ကရင်အမျိုးသားများအကြားတွင် စွန့်စား၍ ကျန်ရစ်ခဲ့သော ဆီဂရင်းမ်ထံမှ သိရှိရသည်။

၁၉၄၄ ခု ဩဂုတ်လ ၁ ရက်နေ့တွင် ကျင်းပသော လူထုအစည်းအဝေးပွဲတစ်ခု၌ အောင်ဆန်းသည် ဂျပန်တို့က ပေးသော လွတ်လပ်ရေး ဆိုသည်မှာ မည်ကဲ့သို့ဆိုသည်ကိုပင် ပြောင်ပြောင်တင်းတင်း ပြောဆိုလာတော့၏။ ဤအချက်ဖြင့်ပင် အောင်ဆန်းသည် ဂျပန်တို့၏ သုတ်သင်ရှင်းလင်းခြင်းကို မခံရခဲ့လျှင် ကျွန်ုပ်တို့အတွက် အသုံးဝင်မည့်လူတစ်ယောက် ဖြစ်လာတော့မည်မှာ သေချာလှသည်။

ကျွန်ုပ်တို့၏ အမှတ် ၁၃၆ ထောက်လှမ်းစုံစမ်းရေးအဖွဲ့သည် အထောက်တော်များမှတစ်ဆင့် အောင်ဆန်းနှင့်အဆက်အသွယ်ရှိခဲ့ပြီဖြစ်ရာ ဗမာ့အမျိုးသားတပ်မတော်က ဂျပန်အား ထ၍ တော်လှန်ပုန်ကန်လိုက်သောအခါ အောင်ဆန်းသည် ပြောသည့်အတိုင်းပင် ပြတ်ပြတ်သားသားလုပ်လာပြီကိုတွေ့ရှိရသည့်အတိုင်း သူနှင့်တိုက်ရိုက်ဆက်သွယ်ရန်အချိန်သို့ ရောက်လာခဲ့တော့သည်။

ထို့ကြောင့် အာရှ အရှေ့တောင်ပိုင်းဆိုင်ရာ စစ်ဌာနချုပ်၏ သေနာပတိကြီးဖြစ်သူ ရေကြောင်းဗိုလ်ချုပ်ကြီး မောင့်ဘက်တန်၏ သဘောတူခွင့်ပြုချက်အရ အမှတ် ၁၃၆ တပ်ဖွဲ့က အောင်ဆန်းအား ကျွန်ုပ်ထံသို့ ဧပြီလ ၂၁ ရက်နေ့တွင် လာရောက်တွေ့ဆုံဆွေးနွေးရန် စီစဉ်ပေးသည်။

အောင်ဆန်းနှင့် ကျွန်ုပ်တို့ တွေ့ဆုံဆွေးနွေးရာ၌ နှစ်ဦးနှစ်ဖက် သဘောတူညီမှုရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကျွန်ုပ်က အောင်ဆန်းအား ဘေးမသီရန်မခအောင် သူ့လူများထံ ပြန်၍လွှတ်ပေးပါမည်ဟု ကတိပေးသည်။

အောင်ဆန်းသည် မေလ ၁၄ ရက်နေ့အထိ ကျွန်ုပ်နှင့် လာရောက်တွေ့ဆုံခြင်း မရှိဘဲ မေလ ၁၅ ရက်နေ့သို့ ရောက်လာသောအခါမှ သူနှင့် သူ၏အမှုဆောင်အရာရှိ

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးသည် ဧရာဝတီမြစ်ကို အာလံမှနေ၍ဖြတ်ကူးလာပြီး ကျွန်ုပ်နှင့်တွေ့ဆုံခွင့်ပေးပါဟု တောင်းဆိုလာကြောင်း ဆိုင်ရာမှ သတင်းပို့လာသည်။ ကျွန်ုပ်သည် ကျွန်ုပ်၏ ဌာနချုပ်ရှိရာ မိတ္ထီလာမှ လေယာဉ်တစ်စင်း စေလွှတ်၍ အောင်ဆန်းနှင့် သူ၏ အမှုဆောင်အရာရှိအား နောက်တစ်နေ့တွင် အခေါ်လွှတ်လိုက်၏။

ဂျပန်ယူနီဖောင်းနှင့်ကောင်းကောင်းကြီးတူသော မေဂျာ ဂျင်နရယ် (ဗိုလ်ချုပ်ကလေး) စစ်ဝတ်စုံကို ဝတ်ကာ ခါးတွင် ဓားရှည်ချိတ်ထားသော အောင်ဆန်းကို ရုတ်တရက် တွေ့လိုက်ကြရသော ကျွန်ုပ်၏ဌာနချုပ်မှ အဖွဲ့သား တစ်ဦး နှစ်ဦးမှာ ပထမတွင် အတော်ပင် ထိတ်လန့် တုန်လှုပ်သွားကြ၏။ မည်သို့ပင်ဖြစ်စေ အောင်ဆန်းသည် အယဉ်ကျေးဆုံး ပြုမူဆက်ဆံသည်။ ကျွန်ုပ်ကလည်း သူ့လိုပင် ယဉ်ကျေးစွာ ဆက်ဆံသည်။

လူလတ်ပိုင်းအရွယ်လောက်ရှိသော အောင်ဆန်းသည် ကိုယ်ခန္ဓာ တောင့်တောင့်တင်းတင်းနှင့် စစ်သားဥပမိရုပ်ကို ဆောင်သူဖြစ်သည်။ မျက်နှာအသွင်အပြင်မှာ ရိုးရိုးမြန်မာတစ်ယောက်၏အသွင်အပြင်ပင်ဖြစ်သော်လည်း အေးဆေးတည်ငြိမ်သည့် အမူအရာ၊ သို့မဟုတ် ဟာသဉာဏ်နှင့် ဇဝနဉာဏ်တို့ ရှင်သန်ပေါင်းစပ်ထားသည့် အမူအရာရှိသည်ဟု ဆိုနိုင်သည်။ သူသည် အင်္ဂလိပ်စကားကို ကောင်းစွာပြောနိုင်ကြောင်း တွေ့ရ၏။ သူနှင့်အတူပါလာသော အမှုဆောင်အရာရှိမှာလည်း အင်္ဂလိပ်စကားကို ရေလည်စွာ ပြောနိုင်သည်။ ဤအမှုဆောင်အရာရှိဖြစ်သူ၏ဖခင်မှာ ဗြိတိသျှအမျိုးသား အထက်တန်းအရာရှိကြီးတစ်ဦးဖြစ်လျက် မြန်မာအမျိုးသမီးတစ်ဦးနှင့် လက်ထပ်ခဲ့သည်ဟု ကျွန်ုပ် ကြားသိရသည်။ ဟုတ် မဟုတ်ကား ကျွန်ုပ် မပြောတတ်ပေ။

အောင်ဆန်းနှင့် ကျွန်ုပ် ပထမအကြိမ်တွေ့ဆုံပွဲတွင် အောင်ဆန်းက သူသည် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီးမှတစ်ဆင့် မြန်မာပြည်သူလူထုက ဖွဲ့စည်းထားသော မြန်မာပြည် ယာယီအစိုးရအဖွဲ့၏ ကိုယ်စားလှယ်တော်ဖြစ်ကြောင်း၊ သူနှင့်တကွ သူ၏ ဗမာ့အမျိုးသားတပ်မတော်သည် ဤအစိုးရအဖွဲ့၏ အမိန့်ကို နာခံဆောင်ရွက်ရကြောင်း။ သူသည် မဟာမိတ် စစ်သေနာပတိတစ်ဦးဖြစ်သည့် အလျောက် ကျွန်ုပ်နှင့် ပူးတွဲဆောင်ရွက်လိုသောဆန္ဒရှိကြောင်း၊ ကျွန်ုပ်၏လက်အောက်ခံ စစ်ဗိုလ်ချုပ်အဖြစ် ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း တင်ပြပြောဆိုသည်။

ကျွန်ုပ်က သူပြောပြသော ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် ဆိုသည်ကို နားမလည်ကြောင်း၊ ထို့ကြောင့် ထိုအဖွဲ့ချုပ်၏ ကိုယ်စားလှယ် ဆိုသည်ကိုလည်း သဘောမပေါက်ကြောင်း၊ ကျွန်ုပ်နှင့်တကွ တစ်ကမ္ဘာလုံးက



နားလည်သိရှိနေသည်မှာ မြန်မာပြည်အစိုးရဟု ဆိုသည်နှင့်တစ်ပြိုင်နက် ဘုရင့်အစိုးရကိုသာ ဆိုလိုသည်ကို နားလည်ကြောင်း၊ ယခုအချိန်၌ ဘုရင့်အစိုးရသည် အာရှ အရှေ့တောင်ပိုင်းဆိုင်ရာ စစ်သေနာပတိချုပ်မှတစ်ဆင့် မြန်မာပြည်ဆိုင်ရာ ကိစ္စအရပ်ရပ်ကို ဆောင်ရွက်နေကြောင်း၊ ထို့ကြောင့် မြန်မာပြည် ယာယီအစိုးရ၏ ကိုယ်စားလှယ် ဆိုသည်မှာ မရှိတော့ကြောင်း အောင်ဆန်းအား ပြောပြပါသည်။

သူသည် ကျွန်ုပ်ထံမှ ကြားရသောစကားကြောင့် စိတ်ပျက်သွားပုံရသော်လည်း သူ့အား မဟာမိတ်စစ်ဗိုလ်ချုပ်တစ်ဦးအဖြစ် ဆက်ဆံရန် ထပ်မံ၍ တင်ပြတောင်းဆိုပြန်သည်။

ကျွန်ုပ်သည် အောင်ဆန်း၏ရဲဝံ့ပုံကို စိတ်ထဲမှ အံ့ဩလိုက်မိပြီး နှုတ်မှလည်း ဤအတိုင်း ပြောပြလိုက်ရင်း "ဗြိတိသျှအစိုးရရဲ့လက်အောက်ခံ တိုင်းရင်းသားဖြစ်တဲ့ ခင်ဗျားဟာ ဗြိတိသျှအစိုးရကို ပြန်ပြီးပုန်ကန်တိုက်ခိုက်တဲ့ကိစ္စကို ဘေးဖယ်ထားလိုက်ဦး၊ ခင်ဗျားကို လူသတ်မှုနဲ့ အရေးယူဖို့ ပြောနေတဲ့လူတွေ ကျုပ်ဌာနချုပ်ထဲမှာ ရှိတယ်။ သက်သေတွေရော သက်သေခံပစ္စည်းတွေရော အားလုံးအသင့်ပဲ။ ခင်ဗျားကို ကျုပ်ဌာနချုပ်က ပြန်လွှတ်ဖို့ဆိုတာ ကြားလူတစ်ယောက်က ပြောခဲ့တဲ့စကားပဲ ဖြစ်တယ်။ ခင်ဗျားဆီမှာ ဘာမှ စာနဲ့ပေနဲ့ ဝန်ခံထားတာမရှိဘူးမဟုတ်လား။ ဒီတော့ ဒီကိုလာပြီး ဒီလိုတောင်းဆိုချက်တွေ လုပ်နေတာဟာ ခင်ဗျားအန္တရာယ်ကို ခင်ဗျားရှာနေတာနဲ့ တူမနေဘူးလား" ဟု မေးလိုက်၏။

"မတူပါဘူး"

အောင်ဆန်းက တိုတိုတုတ်တုတ်ပင် အဖြေပေးလေသည်။

"ဘာဖြစ်လို့"

"ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားဟာ ဗြိတိသျှစစ်ဗိုလ်ချုပ်တစ်ယောက် ဖြစ်နေလို့ပါပဲ"

အောင်ဆန်းသည် ဤစကားတစ်ခွန်းဖြင့် ကျွန်ုပ်အပေါ်တွင် အနိုင်ကြီး နိုင်သွားတော့သည်။ ကျွန်ုပ်သည် အောင်ဆန်း ပြန်၍ဖြေလိုက်ပုံကို သဘောကျလှ၍ ဟက်ဟက်ပက်ပက်ရယ်လိုက်မိပြီး

"ဗြိတိသျှတွေကို ဒါလောက်အထင်ကြီးနေရင်လဲ ဘာဖြစ်လို့ ဗြိတိသျှအား မောင်းထုတ်ဖို့ ဒါလောက် ကြိုးပမ်းနေရတာလဲ" ဟု မေးလိုက်၏။

အောင်ဆန်းက သူသည် ဗြိတိသျှများကို မုန်း၍ ဤကဲ့သို့ တိုက်ထုတ်ရန် ကြိုးစားနေခြင်းမဟုတ်ကြောင်း၊ သူ့တိုင်းပြည်ကို ဗြိတိသျှသော်လည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်သော်လည်းကောင်း၊ အခြားမည်သည့်နိုင်ငံမဆိုသော်လည်းကောင်း လာ၍ အုပ်စိုးနေခြင်းကို မလိုလား၍သာဖြစ်ကြောင်း ပြောပြသည်။

ကျွန်ုပ်က သူ့သဘောထားကို နားလည်သော်လည်း ကျွန်ုပ်မှာ စစ်သား တစ်ယောက်သာဖြစ်၍ မြန်မာပြည်၏ အနာဂတ်အစိုးရအကြောင်းကို ဆွေးနွေးနိုင်ခွင့် မရှိကြောင်း၊ ဗြိတိသျှအစိုးရသည် မြန်မာပြည်အား ဗြိတိသျှနေသဟာယအတွင်းတွင် ကိုယ်ပိုင်ပြဋ္ဌာန်းနိုင်ခွင့်ရှိသော နိုင်ငံအဖြစ် ထူထောင်ပေးရန် ဆန္ဒရှိကြောင်းကို ထုတ်ဖော် ပြောဆိုထားပြီး ဖြစ်ရာ ကျွန်ုပ်တို့အတွက် ဆွေးနွေးစရာအချက်မှာ မြန်မာပြည်တွင်းရှိ ဂျပန်များအား မည်သည့်နည်းဖြင့် မောင်းထုတ်ခြင်းသည် အကောင်းဆုံး ဆိုသည်ကို ဆွေးနွေးရန်ပင် ဖြစ်ကြောင်းဖြင့် ပြောဆိုသည်။

ကျွန်ုပ်နှင့် အောင်ဆန်းသည် စိတ်ထား နှလုံးထား ကောင်းကောင်းဖြင့် ဆက်၍ ဆွေးနွေးကြသည်။

ကျွန်ုပ်က သူဦးစီးသော ဗမာ့အမျိုးသားတပ်မတော်၏ လူအင်အားနှင့် ယခုအချိန်တွင် သူ၏တပ်ဖွဲ့များ စခန်းချထားသော ဌာနများ၏စာရင်းကို ပေးရန် တောင်းဆိုသည်။ သူသည် ဤစာရင်း မပေးလို ဟူ၍လည်းကောင်း၊ မပေးနိုင် ဟူ၍လည်းကောင်း ကျွန်ုပ် ယူဆထားသည့်အနက် အကြောင်း ၂ ရပ်စလုံးပင် အနည်းငယ်စီ အကျုံးဝင်လိမ့်မည်ဟု ထင်ရ၏။

ကျွန်ုပ်သည် ဤစာရင်းကို ရရှိရန်အတွက် အတော်ပင် ဖိ၍ပြောသည်။ သို့သော် အောင်ဆန်းထံမှ အဖြေဟူ၍ တိတိကျကျ မရ။ သူသည် သူ့တပ်မတော်၏ အင်အား ယခုအချိန်၌ မည်ရွေ့မည်မျှရှိသည်ကိုလည်းကောင်း၊ တပ်မတော်မှ တပ်ဖွဲ့များ မည်သည့်ဒေသသို့ ရောက်ရှိနေသည်ကိုလည်းကောင်း၊ သို့မဟုတ် အချို့သော တပ်ဖွဲ့များ မည်သို့ပြုလုပ်နေသည်ကိုလည်းကောင်း ဂဃနဏ သိရှိထားခြင်း မရှိဟု ကျွန်ုပ်က ထင်မြင်ယူဆမိလေသည်။

ကျွန်ုပ်က သူ၏ ဗမာ့အမျိုးသားတပ်မတော် ဟူသောအမည်ကို ခံယူလျက် လက်နက်ကိုင်စွဲကာ မြန်မာ မြန်မာချင်း လုယက်တိုက်ခိုက်နေသော အဖွဲ့များ ရှိနေသည်ဟု သတင်းရကြောင်း၊ ထိုအဖွဲ့များသည် ဓားပြများထက် မသာကြောင်းကို ပြောပြလိုက်သောအခါ အောင်ဆန်းက သူနှင့် ကျွန်ုပ်တို့သည် ထိုကဲ့သို့သော အဖွဲ့များကို ပြင်းပြင်းထန်ထန်နှိပ်ကွပ်ရမည်ဖြစ်ကြောင်းဖြင့် ချက်ချင်းပင် ဝန်ခံလိုက်သည် အတွက် ထိုသို့ အလွယ်တကူဝန်ခံပုံကို ကျွန်ုပ် အံ့သြရပြန်တော့သည်။ သူသည် လက်နက်ကိုင်အဖွဲ့အစည်းများအကြောင်းနှင့်ဆက်နွယ်ရင်း ဂျပန်က တကယ့်



လွတ်လပ်ရေးအစစ်အမှန်ကို ပေးမည်ဟု မျှော်လင့်ခဲ့ကြောင်း၊ သို့သော် ဂျပန်က တကယ့်အစစ်အမှန် လွတ်လပ်ရေးကို ပေးမည့်အစား ဖိမှိုနှိပ်ကွပ်လာသည်ကို တွေ့လာရသောအခါ ကျွန်ုပ်တို့ ဗြိတိသျှတို့ကပေးသော ကတိကို ယုံကြည်၍ ကျွန်ုပ်တို့နှင့် ပူးပေါင်းရန် ဆန္ဒရှိလာကြောင်းဖြင့် ပြောပြနေသည်။

ကျွန်ုပ်က သူ့စကားကိုဖြတ်ကာ "ဒါဖြင့် ခင်ဗျားက ကျုပ်တို့ အနိုင်ရနေတာ တွေ့နေတော့မှ ကျုပ်တို့ဆီ လာတာပေါ့ ဟုတ်လား" ဟု မေးလိုက်ပါသည်။

ဤတွင် အောင်ဆန်းက

"ခင်ဗျားတို့ ရှုံးနေတုန်း ခင်ဗျားတို့ဆီ ကျုပ်တို့လာလို့ ဘယ်လိုလုပ်ပြီး အကျိုးရှိမှာလဲခင်ဗျာ" ဟု ရိုးရိုးပင် အဖြေပေးလိုက်ပါသည်။

သူပေးလိုက်သောအဖြေမှာ သွေးထွက်အောင် မှန်နေပြန်သည်။ သည်တစ်ချီ တွင်လည်း အောင်ဆန်းသည် ကျွန်ုပ်အပေါ်တွင် အနိုင်ရသွားခဲ့ပြန်လေပြီ။ ကျွန်ုပ်သည် သူ၏ရိုးသားမှုကို သဘောကျနေမိသည်။ အမှန်တော့ ကျွန်ုပ်သည် အောင်ဆန်းကို သဘောကျနေမိပြီဖြစ်၏။

ကျွန်ုပ်က စစ်ကြီးပြီးသွားသည့်အချိန်တွင် ယခင်က ရှိနေခဲ့သော ဗြိတိသျှ အရာရှိများ ဦးစီးသည့် ဗမာ့တပ်မတော်ကို ယခု ရှိနေဆဲ ဗမာ့လက်နက်ကိုင် တပ်ရင်းများ ဖွဲ့စည်းသည့်မှုအတိုင်း ပြန်လည်ဖွဲ့စည်းသင့်ကြောင်း၊ ထိုအချိန်တွင် အောင်ဆန်း၏ ဗမာ့အမျိုးသားတပ်မတော်အတွက် နေရာရှိလိမ့်မည် မဟုတ် တော့ကြောင်း ရှင်းလင်းပြလိုက်သောအခါ အောင်ဆန်းက သူ၏တပ်များကို အသစ် ဖွဲ့စည်းမည့် တပ်မတော်တွင် အဖွဲ့လိုက် ထည့်သွင်းပေးရမည်ဟု ချက်ချင်းပင် တောင်းဆိုလာတော့၏။

ဤတောင်းဆိုချက်မှာ ဗိုလ်ချုပ်တစ်ယောက်က မိမိ၏ ရဲဘော်ရဲဘက်များ အလုပ်လက်မဲ့ မဖြစ်စေရန် တောင်းဆိုမှုမျိုး မဟုတ်ဘဲ နိုင်ငံရေးအရ တောင်းဆိုချက် ဖြစ်သည်မှာ ထင်ရှားလှပါသည်။

ဗမာ့အမျိုးသားတပ်မတော်မှ တပ်များအား မြန်မာပြည်အစိုးရက အဖွဲ့လိုက် လက်ခံမည် မဟုတ်သည်မှာ သေချာလှကြောင်း၊ တစ်ယောက်ချင်းအနေဖြင့် ရှေးက ကိုယ်ရေးကိုယ်တာ ရာဇဝင်များကို စစ်ဆေး၍ လက်ခံစရာရှိကြောင်းကို ဖြေကြား လိုက်သောအခါ အောင်ဆန်းက သူ့တပ်များကို အဖွဲ့လိုက် လက်ခံရန်သာ ထပ်၍ တောင်းဆိုနေပါသည်။ သို့သော် သူ့တောင်းဆိုချက်မှာ မည်သည့်နည်းဖြင့်မျှ ဖြစ်လာ နိုင်စရာ မရှိသည်ကို ကျွန်ုပ် သိပြီးဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနောက် အောင်ဆန်းက စစ်မြေပြင်တွင် ဂျပန်များအား တိုက်ခိုက်ဆဲလျက်ရှိသော တပ်ဖွဲ့များကို ရိက္ခာထောက်ပံ့ပါမည်လား၊ လစာ ပေးပါမည်လားဟု မေးမြန်းသည်။ ကျွန်ုပ်က အောင်ဆန်းနှင့်တကွ အောင်ဆန်း၏တပ်ဖွဲ့ဝင်များ ကျွန်ုပ်လက်အောက်သို့ လာရောက်အမှုမထမ်းမချင်း လစာနှင့် ရိက္ခာထောက်ပံ့ရေးပြဿနာကို ခဲ့စားနိုင်မည်မဟုတ်ဟု အဖြေပေးလိုက်သည်။ အောင်ဆန်းနှင့် ကျွန်ုပ်တို့၏ ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးပွဲနောက်ပိုင်းတွင် အောင်ဆန်းသည် သူ့တပ်မတော်၊ သူ့အဖွဲ့ချုပ်၏ တကယ့်အခြေအနေမှန်ကို ပို၍မြင်လာဟန်တူသည်။ သို့သော် သူသည် သူ့အစိုးရအဖွဲ့နှင့် တိုင်ပင်ပါဦးမည်၊ တစ်ပတ်အတွင်း ကျွန်ုပ်နှင့် ထပ်၍တွေ့ဆုံပါဦးမည်ဟု မယုတ်မလွန်ပြောသဖြင့် သူနှင့် သူ့အမှုဆောင်အရာရှိတို့အား လေယာဉ်ဖြင့်ပင် ပြန်လည်ပို့ပေးလိုက်သည်။

ကျွန်ုပ်သည် အောင်ဆန်းအား တစ်ဖက်စောင်းနင်း တောင်းဆိုတတ်သော၊ ဆုံးစပ်ညှိနှိုင်း၍ မရနိုင်သော ပြောက်ကျားခေါင်းဆောင်တစ်ဦးသာ ဖြစ်လိမ့်မည်ဟု မျှော်လင့်ထားခဲ့ရာ သူနှင့် ပထမအကြိမ် တွေ့ဆုံရသည်နှင့်ပင် သူသည် ကျွန်ုပ်မျှော်လင့်ထားသော ခေါင်းဆောင်မျိုးမဟုတ်ဘဲ နှိုင်းနှိုင်းချိန်ချိန် ဆောင်ရွက်တတ်သူဖြစ်ကြောင်း တွေ့လာရပြီး အောင်ဆန်းအပေါ်တွင် များစွာအထင်ကြီး၍သွားမိတော့၏။ သူသည် အမျိုးကို အချစ်ကြီး ချစ်သူဖြစ်သော်လည်း မိမိ၏ မြန်မာလူမျိုးသာ ကောင်းသည်ဟု ထင်နေသော မြန်မာ စစ်ဝါဒသမား မဟုတ်။ လူမျိုးပေါင်းစုံကို ရှိသေလေးစားသော လူမျိုးပေါင်းစုံဝါဒကို ထားရှိသူသာဖြစ်သည်။ ထို့ကြောင့်လည်း သူ၏လက်တွေ့ဆောင်ရွက်ချက်များသည် တစ်ဖက်စောင်းနင်း မဖြစ်ဘဲ တရားမျှတမှု ရှိခဲ့သည်။ အောင်ဆန်း၏စရိုက်မျိုးကား ရှားပါးဘိတောင်း။

အောင်ဆန်းအပေါ်တွင် ကျွန်ုပ် အထင်ကြီးမိသော အဓိကအချက်မှာ သူ၏ ရိုးသားပွင့်လင်းမှုပင်ဖြစ်၏။ သူသည် ကျွန်ုပ်နှင့် ပထမအကြိမ် တွေ့ဆုံခဲ့စဉ်က ကျွန်ုပ်တို့နှင့် ပူးပေါင်းဆောင်ရွက်ရေးကို အလွယ်တကူ လက်ခံခဲ့ခြင်းမရှိသော်လည်း သူသည် ကတိတစ်လုံးပေးပြီးနောက် ထိုကတိကို ဖျက်မည့်လူစားမျိုးကား မဟုတ်ပါချေ။ ကျွန်ုပ်သည် အောင်ဆန်းနှင့်တွဲ၍ အလုပ်လုပ်နိုင်ပေတော့မည်။

ဤအချိန်၌ ကျွန်ုပ်တို့သည် နေရာအနှံ့အပြားတွင် ဂျပန်နှင့် တိုက်ပွဲဖြစ်လျက်ရှိသည်။ ကျွန်ုပ်၏တပ်များနှင့် အောင်ဆန်း၏တပ်များ ပဋိပက္ခမဖြစ်ပွားမိ အောင်ဆန်းတပ်များ၏အခန်းကို ပြတ်ပြတ်သားသားဖြစ်ထားဖို့ လိုသည်။ ကျွန်ုပ်သည် အောင်ဆန်းနှင့် ဆွေးနွေးပွဲအကြောင်းကိုလည်းကောင်း၊ အောင်ဆန်းအပေါ်တွင် ကျွန်ုပ်က ယုံကြည်စိတ်ချသည့်အကြောင်းကိုလည်းကောင်း သက်ဆိုင်ရာ အထက်အရာရှိထံသို့ အစီရင်ခံလိုက်ပြီးနောက် အောင်ဆန်းအလာကို မစောင့်တော့ဘဲ တိကျပြတ်သားသော အဆိုပြုချက်များ ပါဝင်သည့် စာတစ်စောင်ကို သူ့ထံသို့ ပေးပို့လိုက်သည်။



ကျွန်ုပ်၏အဆိုပြုချက်တွင် ဂျပန်ကို ယခု တိုက်ခိုက်လျက်ရှိသော ဗမာ့အမျိုးသားတပ်မတော်မှ တပ်ဖွဲ့တိုင်းသို့ လစာနှင့် ရိက္ခာများ ထုတ်ပေးမည်။ တပ်ဖွဲ့တိုင်းသည် နီးစပ်ရာ ဗြိတိသျှတပ်မှူးများထံသို့ သွားရောက်၍ သတင်းပို့ပြီးနောက် ထို ဗြိတိသျှတပ်မှူးများ၏အမိန့်ကို နာခံ၍ မိမိတို့ တာဝန်ဝတ္တရားများကို ဆက်လက်ဆောင်ရွက်ကြရမည်။

ဗမာ့အမျိုးသားတပ်မတော်မှ သင့်လျော်သော ပုဂ္ဂိုလ်များအား နောင်ဖွဲ့စည်းမည့် ဗမာ့ကာကွယ်ရေးတပ်ဖွဲ့များတွင် ပါဝင်နိုင်အောင် ကျွန်ုပ်က ထောက်ခံမည်။

ကျွန်ုပ်၏အဆိုပြုချက်များကို အောင်ဆန်း များစွာဈေးဆစ်မနေဘဲ လွယ်လွယ်ကူကူပင် လက်ခံသည်။ အမြဲတမ်းတပ်မတော်ဖွဲ့စည်းရာ၌ ဗမာ့အမျိုးသားတပ်မတော်မှ ပုဂ္ဂိုလ်များကို လက်ခံရာတွင် အရေးကြီးသောကိစ္စများ၌ သူ့ကို တိုင်ပင်ပြီးမှ ဆုံးဖြတ်ပါဟု တောင်းဆိုသည်။

မေလ ၃၀ ရက်နေ့တွင် ကျွန်ုပ်၏ မြို့ပြရေးရာလက်ထောက်အရာရှိကြီးက ကျွန်ုပ်နှင့် အောင်ဆန်းတို့၏သဘောတူညီချက်ကို စစ်သေနာပတိချုပ်ထံ တင်ပြထားကြောင်း၊ ထိုသဘောတူညီချက်ကို အကောင်အထည်လည်း ဖော်နေကြောင်း အောင်ဆန်းအား ပြောပြလိုက်သည်။ ရက်အနည်းငယ်အတွင်းတွင်ပင် ကျွန်ုပ်တို့၏ တပ်မှူးများသည် ဂျပန်ယူနီဖောင်းဝတ်ဆင်ထားသော ဗမာ့အမျိုးသားတပ်မတော်မှ တပ်ဖွဲ့များသည် တာဝန်အတွက် လာရောက်သတင်းပို့ကြသည်ကို အံ့ဩစွာ တွေ့နေကြတော့၏။ သူတို့သည် အောင်ဆန်းက ကတိပေးထားသည့်အတိုင်း ဗြိတိသျှအရာရှိများ၏အမိန့်ကို ကောင်းစွာလိုက်နာသည်ကို တွေ့ရ၏။

ဗမာ့အမျိုးသားတပ်မတော်မှ တပ်ဖွဲ့များသည် ရန်သူ့သတင်းကို ထောက်လှမ်းရာ၌လည်းကောင်း၊ ရန်သူ အုပ်စုကလေးများကို ချေမှုန်းရာ၌လည်းကောင်း များစွာ လက်သံပြောင်လှသည်။ ကျွန်ုပ် အင်္ဂလန်သို့ ခွင့်နှင့်ပြန်နေစဉ် ဗမာ့မျိုးချစ်တပ်မတော်မှ လူ ၄၀၀ ခန့်စီ အင်အားရှိသော တပ်ရင်း ၅ ရင်းသည် ကျွန်ုပ်တို့၏ အမှတ် ၄ တပ်မကြီးနှင့် လက်တွဲလျက် ပဲခူးရိုးမမှ ဖြတ်ကျော် ဆုတ်ခွာမည့် ရန်သူများကို တိုက်ခိုက်နေလေသည်။

အောင်ဆန်းကား ပေးခဲ့သောကတိ တည်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဂျပန်တော်လှန်ရေး အထူးအစည်းအဝေး

၁၉၄၅ ခု မတ်လ ၁ ရက်နေ့မှ ၃ ရက်နေ့အထိ ဖြစ်သည်။

ထိုအချိန်တွင် ကန်တော်ကြီးပတ်လမ်း၊ ယခု နတ်မောက်လမ်းရှိ နှစ်ထပ်အိမ်ကြီးအပေါ်တွင် ဂျပန်များ တော်လှန်ရေးအတွက် အထူးအစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့သည်။

ထိုအိမ်ကြီးသည်ကား ဗမာ့တပ်မတော် စစ်သေနာပတိလည်းဖြစ်ပြီး၊ စစ်ဝန်ကြီးလည်းဖြစ်သော ဗိုလ်ချုပ်အောင်ဆန်း၏ အိမ်ပင်ဖြစ်သည်။

ထိုအချိန်က လျှို့ဝှက်စွာ တက်ရောက်ကြသော ခေါင်းဆောင်များမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ဗိုလ်ချုပ်အောင်ဆန်း (စစ်ဝန်ကြီး စစ်သေနာပတိ)
၂။ ဗိုလ်နေဝင်း
၃။ ဗိုလ်လကျ်ာ
၄။ ဗိုလ်ဇေယျ
၅။ ဗိုလ်အောင်ကြီး
၆။ ဗိုလ်မောင်မောင်
၇။ ဗိုလ်ခင်မောင်ကလေး
၈။ ဗိုလ်ကြာဒိုး
၉။ ဗိုလ်ဖိုးကွန်း
၁၀။ ဗိုလ်ကျော်ဇော
၁၁။ ဗိုလ်ရန်အောင်
၁၂။ ဗိုလ်စိန်မှန် (ဗိုလ်မှူးအောကိုယ်စား)
၁၃။ ဗိုလ်ဗထူး
၁၄။ သခင်သန်းထွန်း
၁၅။ သခင်စိုး
၁၆။ သခင်ချစ်
၁၇။ ဦးကျော်ငြိမ်း
၁၈။ ဦးဗဆွေ
၁၉။ ဗိုလ်ရဲထွဋ်



၂၀။ ဦးလှမောင် (ယခု ပြတိုက်သံအမတ်ကြီး)
၂၁။ သခင်တင်မြ

အထက်ပါ လျှို့ဝှက်သော အထူးအစည်းအဝေးမှပင် မြန်မာတစ်မျိုးသားလုံးကို ရက်စက်စွာ ညှဉ်းပန်းနှိပ်စက်နေသော ဖက်ဆစ်ဂျပန်စစ်တပ်များကို တော်လှန်တိုက်ခိုက်ရန်အတွက် ဆုံးဖြတ်ချက် ချလိုက်သည်။

တစ်ချိန်တည်းမှာပင် ဂျပန်ဖက်ဆစ်တပ်များကို တော်လှန်ရာတွင် အဖွဲ့အသီးသီး ကွဲပြား၍ တသီးတခြား တော်လှန်ကြခြင်းထက် တဖွဲ့တစည်းတည်း ပူးပေါင်းဆောင်ရွက်ကြလျှင် ကောင်းမည်ဟူ၍ ဗိုလ်ချုပ်အောင်ဆန်း၏ အကြံပေးချက်အရ၊ အောက်ပါအဖွဲ့အစည်းကြီးများက ဦးဆောင်၍ ဖွဲ့စည်းရန် သဘောတူကြပေသည်။

၁။ ဗမာ့တပ်မတော်
၂။ ကွန်မြူနစ်ပါတီ
၃။ ပြည်သူ့အရေးတော်ပုံပါတီတို့ ဖြစ်ကြပေသည်။

အဖွဲ့၏အမည်မှာ ဖက်စစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီး ဖြစ်ပေသည်။ အတိုကောက်အမည်မှာ ဖ-ဆ-ပ-လ အဖွဲ့ဖြစ်သည်။

ထိုအချိန်က ဗမာ့တပ်မတော်တွင် အားသည် တစ်သောင်းငါးထောင်နှင့် ရှိပြီးလျှင် တပ်မတော်လက်အောက်တွင် ဖွဲ့စည်းထားခဲ့သော ဒေသဆိုင်ရာ ပြည်သူ့ပြောက်ကျားတပ်ဖွဲ့ဝင် တပ်သားများကား (၈၀၀၀၀) ရှစ်သောင်းကျော် ရှိနေပေသည်။

အထက်ပါ အဖွဲ့အစည်းကြီးများအနက် ဗမာ့တပ်မတော်နှင့်လက်တွဲကာ ဂျပန်တော်လှန်ရေးအတွက် ပြင်းပြင်းထန်ထန် စည်းရုံးလှုံ့ဆော်ခဲ့သော အဖွဲ့ကြီးမှာ ဦးဘဂျမ်း ဦးစီးသော (အာရှလူငယ်အစည်းအရုံး) ပင် ဖြစ်တော့သည်။

ထိုနေ့ည အစည်းအဝေးပြီးသည်နှင့်တစ်ပြိုင်နက် ခေါင်းဆောင်အသီးသီးတို့သည် ကားများဖြင့် ထွက်ခွာသွားခဲ့ကြပေသည်။

မှတ်ချက် ။ ။စစ်ဝန်ကြီးဗိုလ်ချုပ်အောင်ဆန်းနေအိမ်တွင် ကျင်းပသော ဂျပန်တော်လှန်ရေး အထူးအစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းက ဖက်ဆစ်ဂျပန်တို့အား စတင်တော်လှန်သည့်နေ့တွင် တစ်ပြည်လုံး၌ ပြည်သူလူထုအတွင်း ဝေငှရမည့် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့

www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်ရေးအဖွဲ့ချုပ်၏ လွတ်လပ်ရေး ကြေညာချက်တစ်စောင် ထုတ်ပြန်ရန် လိုကြောင်း။

ထိုကြေညာချက်တွင် မြန်မာ့လွတ်လပ်ရေးအတွက် မည်သို့ ကြိုးပမ်းခဲ့ပုံ၊ ဂျပန်များ ကတိမတည်ပုံနှင့် ပြည်သူလူထုအပေါ် နှိပ်စက်ညှဉ်းပန်းပုံတို့ကို ဖော်ပြထားပြီး ဖက်ဆစ်ဂျပန်တို့အား အာကြောင့်တော်လှန်ရပုံ၊ မြန်မာ့လွတ်လပ်ရေးရရှိရန် တစ်မျိုးသားလုံးက ကြိုးပမ်းကြရန် ဖက်ဆစ်တို့၏အုပ်ချုပ်မှုကို ဖြိုဖျက်ပြီး ပြည်သူ့လွတ်လပ်ရေးအစိုးရ ထူထောင်ရမည်၊ ဤ လွတ်လပ်သော အစိုးရ ထူထောင်ရာတွင် ပြည်သူတို့ကိုယ်တိုင် ပါဝင်ကြရမည် စသည်ဖြင့် ရေးသားထားကြောင်း။

လက်နက်ကိုင် တော်လှန်ရေးဖြင့် ဖက်ဆစ်ဂျပန်တို့၏ အာဏာစက်ကို ဖြိုဖျက်ပြီးသည့်နေရာတိုင်းတွင် ပြည်သူ့လွတ်လပ်ရေးအဖွဲ့၏ လွတ်လပ်သော အစိုးရ အာဏာစက်များကို ပြည်သူတို့ ပါဝင်၍ ထူထောင်ကြရန်လိုကြောင်း၊ ဝင်ရောက်လာသော မဟာမိတ်တပ်များနှင့်ဆက်ဆံရာတွင်လည်း လွတ်လပ်သော အစိုးရအနေဖြင့် ဆက်ဆံရန်လိုကြောင်း၊ သို့မှသာ ယခု ဆင်နွှဲမည့် ဖက်ဆစ်ဂျပန် တော်လှန်ရေးမှာ မြန်မာ့လွတ်လပ်ရေးအတွက် မြန်မာပြည်သူတို့က ရည်မှန်းချက်ထားပြီး ကြိုးပမ်းခြင်းဖြစ်ကြောင်း ထင်ရှားလာမည် စသည်ဖြင့် ဗိုလ်ချုပ်အောင်ဆန်းက ရှင်းလင်းပြောကြားပါသည်။ ဗိုလ်ချုပ်အောင်ဆန်းက အသင့်ရေးလာသော အောက်ပါစာတမ်းကို ဖတ်ကြားပြပါသည်။

## လွတ်လပ်ရေးကြေညာချက်

ဗမာ့တပ်မတော်နှင့် ပြည်သူ့အဖွဲ့အစည်းများ ပူးပေါင်း၍ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်အမည်ဖြင့် မြန်မာပြည်သူကိုယ်စား ယနေ့မှ စ၍ ဖက်ဆစ်ဂျပန်တို့ကို ငါတို့ တော်လှန်တိုက်ခိုက်လိုက်ပြီဖြစ်ကြောင်း။

ငါတို့သည် ယနေ့အထိ လွတ်လပ်ရေး အရေးတော်ပုံကြီးကို အကြိမ်ကြိမ် အဖန်ဖန် နည်းမျိုးမျိုးဖြင့် လုပ်ကြံခဲ့ကြသည်။ နောက်ဆုံး လွတ်လပ်ရေး အရေးတော်ပုံတွင် ဂျပန်ဖက်ဆစ်တို့ရဲ့လွတ်လပ်ရေးကတိကြောင့်၊ အယောင်ယောင်အမှားမှား



လွတ်လပ်ရေး အာသာဆန္ဒကြောင့် အင်္ဂလိပ်ကို တော်လှန်ရာတွင် ပါဝင်ခဲ့၏။ တစ်ပြည်လုံးကလည်း ဗမာ့လွတ်လပ်ရေးတပ်မတော်အား သောင်းသောင်းဖြဖြ ကြိုဆိုကူညီကာ လွတ်လပ်ရေးအရေးတော်ပုံတွင် ပါဝင်ကူညီခဲ့ကြသည်။ သို့ရာတွင် ဂျပန်ဖက်ဆစ်တို့ မြန်မာပြည်တွင် အခြေစိုက်ခဲ့ပြီးသည့်နောက် ဂျပန်တို့သည် မြန်မာ ရုပ်သေးအစိုးရကိုဖွဲ့စည်းကာ မြန်မာလူမျိုးများနှင့် ပြည်သူလူထုအများတို့အား သွေးစုပ်ခဲ့လေသည်။ ၎င်းတို့သည် လွတ်လပ်ရေးတည်းဟူသော စကားတစ်လုံးကို ငါတို့၏ လူ့အခွင့်အရေး၊ ငါတို့ပိုင် စည်းစိမ်ပစ္စည်းမှန်သမျှကို စစ်အောင်နိုင်မှုဖြင့် ဗန်းပြပြီး ခေါင်းပုံဖြတ်ခဲ့ကြပေသည်။

ယခုလက်ရှိစစ်ကြီးသည် ငါတို့နှင့် လုံးဝမသက်ဆိုင်၊ ကမ္ဘာ့ဘီလူးသဘက်ကြီးများ၏နယ်လုပွဲတွင် ငါတို့နိုင်ငံသည် ဓားစာခံအဖြစ် ပါဝင်လျက်ရှိပေသည်။ ငါတို့သည် စစ်မီးတည်း ဟူသော ဒုက္ခအတွင်းမှ လွတ်လပ်ရေးတည်းဟူသော အနှစ်သာရကို အချောင်နှိုက်ရန် မလိုလားသော်လည်း လက်ရှိ စစ်၏ဒဏ်ကြောင့် ငါတို့တစ်မျိုးလုံး လောလောဆယ် ခံစားနေရသော စီးပွားရေးကျပ်တည်းမှုပြဿနာများ (ဥပမာ ဈေးနှုန်းကြီးမြင့်ခြင်း၊ နွား၊ ဆီ၊ ဝါသိမ်းခြင်း၊ လူဆွဲ အဝတ်မဲ့ အစားတော် ပြဿနာ) မလွဲရှောင်သာတော့သဖြင့် ရင်ဆိုင်၍ ဖြေရှင်းရန်အတွက် လွတ်လပ်ရေးတည်းဟူသော ရတနာကို အရေးဆိုရန် မလွဲမရှောင်သာ ဖြစ်လာချေပြီ။

ငါတို့သည် ပထမဦးစွာ လက်ရှိ လုံးဝပြီးပြတ်ရန် အမြန်လိုလား၍ စစ်၏ ဘေးဒဏ်အပေါင်းမှ လွတ်မြောက်ရာလွတ်မြောက်ကြောင်းဖြစ်သော ငြိမ်းချမ်းရေး (သာယာဝပြောရေး၊ ချစ်ကြည်ရေး) ကို ဖန်တီးရန် အမြန်အလိုရှိသည် ဖြစ်ကြောင်း။

ဖက်ဆစ်ဂျပန်များကို ငါတို့ အောင်နိုင်လိုက်ခြင်းအားဖြင့် ငါတို့၏ လွတ်လပ်ရေးကို အချောင်ရလိမ့်မည်ဟု ငါတို့ မယုံကြည်။ လွတ်လပ်ရေး ရတနာသည်ကား လူတစ်ဦးကောင်း တစ်ဖွဲ့ကောင်း လူစွမ်းကောင်း အကြမ်းပတမ်းသဘော အားဖြင့် ရရှိရိုး ထုံးစံမရှိ။ လွတ်လပ်ရေးရတနာသည်ကား တိုင်းပြည်လူအားလုံး (ဝါ) လူထုအားလုံး၏ လူ့အခွင့်အရေး (လူ့စည်းစိမ်) ပစ္စည်းဉစ္စာ ပိုင်ဆိုင်ခွင့်သာလျှင် ဖြစ်ရာ ငါတို့တစ်မျိုးလုံး တစ်ပြည်လုံးက တော်လှန်မှုတွင် ပါဝင်ဆင်နွှဲ၍ လူထု ကိုယ်တိုင် ဖန်တီးရမည့် လုပ်ငန်းပင်ဖြစ်သည်ဟု ငါတို့ ယုံကြည်ကြသည်။

ငါတို့သည် ဂျပန်ဖက်ဆစ်အား ပုန်ကန်ခြင်း၊ လက်ရှိရုပ်သေးအစိုးရအား တော်လှန်ခြင်းအားဖြင့် ဖက်ဆစ်တို့၏ ရန်သူဖြစ်သော အင်္ဂလိပ်တို့၏ သူလျှိုဒလံ ပဉ္စမံစစ်သားများ မဟုတ်။ သို့ရာတွင် ငါတို့၏ လွတ်လပ်ရေး၊ လူ့အခွင့်အရေးများကို

www.burmeseclassic.com

www.burmeseclassic.com



အများဆုံးပေးနိုင်မည့် ကမ္ဘာ့ဒီမိုကရေစီအင်အားစု (ရုရှား၊ အင်္ဂလိပ်၊ အမေရိကန်၊ တရုတ်) တို့ကိုသာ ထောက်ခံသည်။

ထို့ကြောင့် မြန်မာပြည်သူလူအများ၏ ကိုယ်စားဖြစ်သော ဗမာ့တပ်မတော်သည် လွတ်လပ်ရေး၏ တော်လှန်ရေး ရှေ့ပြေးတပ်ဦးအနေဖြင့်လည်းကောင်း၊ ပြည်သူ့အဖွဲ့အစည်းအားလုံးတို့သည် လွတ်လပ်ရေးတော်လှန်မှု၏ တပ်မအဖြစ်လည်းကောင်း ပူးပေါင်းချီတက်ကာ 'ဂျပန်ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအစိုးရ' အမည်ဖြင့် ဂျပန်ဖက်ဆစ်တို့အား ယနေ့မှစ၍ ငါတို့ စစ်ကြေညာလိုက်ပြီ ဖြစ်ကြောင်း။

ငါတို့၏ ယခု တည်ထောင်ဖွဲ့စည်းမည့် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအစိုးရသည်ကား စစ်တပ်တစ်ခုတည်းက ဦးစီးလိမ့်မည်မဟုတ်။ ဂျပန်ဖက်ဆစ်ကို မောင်းထုတ်စဉ်အချိန်အတွင်း၌ မြန်မာ့အဖွဲ့အစည်းအားလုံး ပူးပေါင်းကာ ဗမာ့တပ်မတော်သည် ရှေ့ဆုံးမှနေ၍ တော်လှန်ပြီးနောက် ပြည်သူအများဆုံး၏ ကိုယ်စားလှယ်များ အများဆုံး ပါဝင်သော ပြည်သူ့လွတ်တော်အစိုးရသာလျှင် လွတ်လပ်သောအစိုးရကို တည်ထောင်ရန် ရည်ရွယ်သည်။

တို့မြန်မာလူထု၏ ကိုယ်စားလှယ်အစိုးရသည် ပြည်သူအများစုတို့၏ (၁) ငြိမ်းချမ်းရေး (၂) စားသောက်မှု (၃) အဝတ်အထည် (၄) လူ့အခွင့်အရေး လွတ်လပ်မှု (တရားသဖြင့် ပိုင်ဆိုင်ခွင့်) များကို တာဝန်ခံ၍ ဖြေရှင်းသွားမည် ဖြစ်ကြောင်း။

ထို့ကြောင့် ပထမဦးစွာ ဖက်ဆစ်ဂျပန်တို့အား မောင်းထုတ်ရာ၌လည်းကောင်း ပြည်သူ့လွတ်လပ်ရေးအစိုးရ ထူထောင်ရာ၌လည်းကောင်း ပြည်သူလူထုအများတို့သည် (၁) ချွေးတပ်ဆွဲခြင်း (၂) နမ်းသိမ်း (၃) ဝါသိမ်း (၄) လေယာဉ်ပျံကွင်းအတွက် အခေါ်ခံရခြင်း (၅) နွားတောင်းခြင်း၊ လှည်းပေးရခြင်း စသည်များကို အမြန်ဆုံး ရပ်ဆိုင်းကြကာ ဖက်ဆစ်ဂျပန်တို့အား အမြန်ဆုံး မြန်မာပြည်တွင်းမှ မောင်းထုတ်ရာတွင် ပါဝင်ကြရမည်။

ဖက်ဆစ်တို့၏ စစ်အောင်နိုင်မှုတစ်ခုတည်းကိုသာ အရုပ်သဖွယ် ဆောင်ရွက်နေရသော မြန်မာ့သွေးစုပ်ရုပ်သေးဝါဒသည် ယနေ့မှစ၍ မရှိတော့ပြီ။ ငါတို့သည် ပြည်သူတို့၏ ငြိမ်းချမ်းရေးကို တကယ်ဖန်တီးပေးမည့် လွတ်လပ်ရေးအစိုးရအဖွဲ့များကို ထူထောင်ရာ၌ ပြည်သူတို့ကိုယ်တိုင် ပြည်သူတို့အင်အားဖြင့် ပါဝင်ကြရမည် ဖြစ်ကြောင်း။



ဖက်ဆစ်ဂျပန်ကို မောင်းထုတ်တော့
ဗမာ့လွတ်လပ်ရေးပြည်သူ့အစိုးရ တည်မြဲပါစေ။

## ကြွေးကြော်သံများ

ဖက်ဆစ်ဂျပန် အလိုမရှိ
ချွေးတပ် ဝါ နမ်း ကူလီ လွတ်ပြီကျွတ်ပြီ
လွတ်လပ်ရေး ငါတို့အရေး
ပြည်သူ့အစိုးရ တည်မြဲပါစေ
အရေးတော်ပုံ အောင်ပါစေ

## ကန္ဒီစာချုပ်

၁၉၄၅ ခုနှစ် စက်တင်ဘာလ ၇ ရက် သောကြာနေ့၌ သီဟိုကျွန်း ကန္ဒီမြို့၊ အာရှ အရှေ့တောင်ပိုင်း မဟာမိတ် စစ်သေနာပတိချုပ်၏ စစ်ဌာနချုပ်တွင် ဗမာ့တပ်မတော် စစ်သေနာပတိချုပ် မိုလ်ချုပ်အောင်ဆန်းနှင့် အာရှ အရှေ့တောင်ပိုင်း မဟာမိတ် စစ်သေနာပတိချုပ်တို့ နှစ်ဦးသဘောတူဆုံးဖြတ်ချက်များ။

၁။ မျိုးချစ်ဗမာ့တပ်မတော်မှ မြန်မာနိုင်ငံတပ်မတော်သို့ ပူးပေါင်းမည့် စစ်သားဦးရေ အကန့်အသတ်

မျိုးချစ် ဗမာ့တပ်မတော်မှ အရာရှိမဟုတ်သော တပ်မတော်သားအရေအတွက် ၅၂၀၀ အထိ မြန်မာနိုင်ငံတော် တပ်မတော်သားအဖြစ် စာရင်းသွင်း လက်ခံရန် အတိအလင်း သဘောတူညီပြီးဖြစ်သည်။ သို့သော် ထိုအရေအတွက်ထက် ပို၍ မြန်မာနိုင်ငံတော် တပ်မတော်တွင်းသို့ စာရင်းသွင်း လက်ခံလိုသည့် မျိုးချစ်ဗမာ့တပ်မတော်သားများရှိသေးလျှင် ကျန်းမာခြင်း အောင်မြင်ရန်လိုအပ်သော အရည်အချင်းများနှင့် ပြည့်စုံပါက နောက်ထပ် ၂၀၀ မှ ၃၀၀ အထိ လက်ခံရန် အစီအစဉ်များ ပြုလုပ်ထားမည်။ ထိုသို့ လက်ခံသူများကို လေ့ကျင့်ရေးစခန်း တစ်ခုတွင် ထားမည်။

www.burmeseclassic.com

www.burmeseclassic.com



## ၂။ မျိုးချစ် ဗမာ့တပ်မတော် အရာရှိများ

(၁) ယခုလောလောဆယ်အတွက်လည်းကောင်း၊ နောင် ၂ နှစ်၊ ၃ နှစ် အတွင်း၌ လိုအပ်သော နေရာလပ်များကို ဖြည့်စွက်ရန်အတွက်လည်းကောင်း၊ မြန်မာနိုင်ငံ တပ်မတော်တွင်း မျိုးချစ် ဗမာ့တပ်မတော်မှ အရာရှိ ၂၀၀ ခန့် လက်ခံ ခန့်ထားမည်။ အခြားတိုင်းရင်းသားတပ်ရင်းများနှင့်ပတ်သက်၍ကား ထိုတပ်ရင်းများတွင် အရာရှိအဖြစ် ခန့်ထားမည်။ ဘုရင်ခံ ပြန်တမ်းဝင်အရာရှိ (GCO's) များ ရှိသည်ကို ထောက်၍ ထိုတပ်ရင်းများတွင် လိုအပ်သောနေရာကို ဖြည့်စွက်ရန် နောက်ထပ် လူ ၅၀ ခန့်ဖြင့် လုံလောက်ပြီဟု ယူဆသည်။

မြန်မာနိုင်ငံသည် ဒိုမီနီယံအဆင့်အတန်းကို ရရှိသည့်အခါ မြန်မာနိုင်ငံ တပ်မတော်ကို တိုးချဲ့ရန်အတွက်ဖြစ်စေ၊ အရပ်သား စစ်လေ့ကျင့်ရေးတပ် (အပျော်တမ်းစစ်တပ်) များ ဖွင့်လှစ်ရန် အတွက်ဖြစ်စေ အရာရှိများလိုမည်ဖြစ်ရာ မျိုးချစ်ဗမာ့တပ်မတော်မှ နောက်ထပ် အရာရှိ ၂၀၀ ကို ယခုက စစ်ပညာ သင်ကြားပေးရန် လက်ခံသဘောတူသည်။ ၎င်းအရာရှိ ၂၀၀ ကိုလက်ခံ၍ စစ်ပညာ သင်ကြားပေးရေးကိစ္စကို အစိုးရ၏ ပြန်လည်ဖွဲ့စည်းရေးအဖွဲ့က ထပ်မံဝေဖန်စစ်ဆေးလိမ့်မည်။ အကယ်၍ ၎င်းအရာရှိ ၂၀၀ ကိစ္စကို သဘောတူ ခွင့်ပြုခဲ့လျှင် အခြားတိုင်းရင်းသားအရာရှိများ ကိုလည်း အချိုးကျ အလားတူ စစ်ပညာသင်ကြားပေးရန် လိုပေလိမ့်မည်။ အခြားတိုင်းရင်းသားတပ်များအတွက် အရာရှိများအား စစ်ပညာသင်ကြားပေးရေးကိစ္စကို အစိုးရ၏ ပြန်လည်ဖွဲ့စည်းပေးရေးအဖွဲ့က မျိုးချစ် ဗမာ့တပ်မတော်မှ အရာရှိ ၂၀၀ ကို စစ်ပညာသင်ကြားပေးရေးအတွက် ထောက်ခံချက်များမပေးမီ အတွင်း စဉ်းစားခြင်းမပြုရန် သဘောတူညီသည်။

(၂) မျိုးချစ် ဗမာ့တပ်မတော်မှ အရာရှိများအား များနိုင်သမျှ များစွာ ၎င်းတို့ ယခင်က ဖွဲ့စည်းအုပ်ချုပ်လာခဲ့သော တပ်ဖွဲ့များကိုပင် ပြန်လည်အုပ်ချုပ်စေဖို့ သဘောတူသည်။

သို့သော် မြန်မာနိုင်ငံ တပ်မတော်အား စစ်တပ်ကောင်းတစ်ခု ဖြစ်စေဖို့ရန် ရည်ရွယ်ချက်ရှိသည့်အလျောက် အချို့သော တပ်များတွင်မူ ယခုလောလောဆယ် အုပ်ချုပ်နိုင်သည့် အရည်အချင်းရှိသော အရာရှိများ ရရှိနိုင်လိမ့်မည် မဟုတ်ချေ။ နောက်ထပ်သဘောတူညီကြသည်မှာ မြန်မာနိုင်ငံတပ်မတော်အား စစ်ပညာ သင်ကြားလေ့ကျင့်ပေးနေဆဲ ယခု ၂ နှစ် ၃ နှစ် အတွင်းတွင် ၎င်းတပ်မတော်သည် အဘက်ဘက်၌ လိုလေသေးသည် မရှိ၊ ကျွမ်းကျင်တတ်မြောက်လာအောင် သင်ကြားပေးရေးအတွက် ဗြိတိသျှတပ်မတော်မှ စစ်စွမ်းရည်ဖြင့် အဘက်ဘက်၌ ပြည့်ဝပြီးသော အရာရှိများကို ခန့်ထားရပေမည်။ သို့သော် မြန်မာအရာရှိများ စစ်ပညာ လုံလောက်စွာ လေ့ကျင့်သင်ကြားပြီး၍လည်းကောင်း၊ ဗြိတိသျှအရာရှိများ၏နေရာတွင် တာဝန်ထမ်းဆောင်နိုင်လျှင် ထမ်းဆောင်နိုင်သည့်အလျောက် ဗြိတိသျှအရာရှိများကို မြန်မာနိုင်ငံ တပ်မတော်မှ တဖြည်းဖြည်းရုပ်သိမ်းရန် စီရင်ချက် ပြုလုပ်ရမည်။

(၃) ယခုလက်ရှိ ဘုရင်ခံ ပြန်တမ်းဝင် ဗိုလ်များဦးရေကို တဖြည်းဖြည်း ယုတ်လျော့သွားစေလျက်၊ ၎င်းတို့နေရာတွင် ဘုရင်ခံ ပြန်တမ်းဝင်ဗိုလ် ဟူ၍ ထပ်မံခန့်ထားခြင်းမပြုရန် သဘောတူသည်။ မျိုးချစ် ဗမာ့တပ်မတော်မှဖြစ်စေ၊ ကချင်တပ်ဖွဲ့မှဖြစ်စေ၊ ချင်းတပ်ဖွဲ့မှဖြစ်စေ၊ ကရင်တပ်ဖွဲ့မှဖြစ်စေ မြန်မာနိုင်ငံ တပ်မတော်အရာရှိများအားပေးအပ်သည့် ခန့်ထားချက် (Commission) မှာ တစ်မျိုးတစ်စားတည်းသာဖြစ်စေဖို့ သဘောတူသည်။

(၄) မြန်မာနိုင်ငံ တပ်မတော်အရာရှိများအား ပေးအပ်ခန့်ထားချက် (Commission) မှာ ဒိုမီနီယံနိုင်ငံများ၏ စစ်တပ်မှအရာရှိများအား ပေးအပ်ခန့်ထားချက် (Commission) နှင့် အဆင့်အတန်း တူညီစေလျက် ဤသို့ ပေးအပ်နိုင်အောင် လျင်မြန်နိုင်သမျှ လျင်မြန်စွာ စီစဉ်ပေးဖို့ သဘောတူသည်။

www.burmeseclassic.com

www.burmeseclassic.com



(၅) အထူးရွေးချယ်ခံရသူများအား အိန္ဒိယနှင့် ဗြိတိသျှစစ်ကျောင်းများသို့ သွား၍ စစ်ပညာ ဆည်းပူးသင်ကြားရန် စီမံပေးဖို့ သဘောတူသည်။ ဤသို့ လေ့ကျင့် ဆည်းပူး သင်ကြားရာတွင် သင့်လျော်သူများအား စစ်ဦးစီးအတတ်သင်တက္ကသိုလ် (Staff College) နှင့် အင်ပိုင်ယာ ကာကွယ်ရေး အတတ်သင်တက္ကသိုလ် (Imperial Defence College) တွင်လည်း တက်ရောက် သင်ကြားခွင့် ရရှိစေရမည်။ သို့သော် အိန္ဒိယပြည် ဗဟိုစစ်ဌာနချုပ်နှင့် ဗြိတိသျှစစ်ဝန်ကြီးရုံးက သဘောတူညီမှသာလျှင် ရရှိပေလိမ့်မည်။ ဤကိစ္စတွင် မဟာမိတ် စစ်သေနာပတိချုပ်က အထက်ပါ သဘောတူညီချက်များရအောင် အစွမ်းကုန် ဆောင်ရွက်ပေးမည်။ ယခု ဖွဲ့စည်းခါစ မြန်မာနိုင်ငံတပ်မတော်မှ အရာရှိများကို ထုံးစံအတိုင်း လိုအပ်သည့် အရည်အချင်းများ အားလုံး မပြည့်စုံဘဲလျက်နှင့်ပင် အဆိုပါတက္ကသိုလ်များသို့ ဝင်ခွင့်ပြုရန် စီစဉ်ဖို့လည်း မဟာမိတ် စစ်သေနာပတိချုပ်က ကြိုးစားဖြစ်အောင် ကြိုးစားပေးလိမ့်မည်။

၃။ မျိုးချစ်ဗမာ့တပ်မတော်နှင့် မြန်မာနိုင်ငံ တပ်မတော်တို့ကို ပူးပေါင်းဖွဲ့စည်းပုံ ဖွဲ့စည်းနည်း။

(၁) မျိုးချစ် ဗမာ့တပ်မတော်နှင့် မြန်မာနိုင်ငံတပ်မတော်တို့ကို ပူးပေါင်းဖွဲ့စည်းနေသည့်အချိန်အတွင်း ပေါ်ပေါက်လာမည့် အသေးစိတ်ကိစ္စများကို နှစ်ဦးနှစ်ဖက် သဘောတူညီစွာ ဆောင်ရွက်သွားနိုင်ရန် နှစ်ဦးစပ်အဖွဲ့ (Joint Board) ဖွဲ့စည်းရန် သဘောတူညီသည်။ ဤ နှစ်ဦးစပ်အဖွဲ့တွင် မျိုးချစ် ဗမာ့တပ်မတော်၊ အမှတ် ၁၂ တပ်မတော်၊ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိသျှစစ်ဘက်ဌာန (Bursec) တို့မှ ကိုယ်စားလှယ်များနှင့် ပြန်လည်ဖွဲ့စည်းမည့် မြန်မာနိုင်ငံတပ်မတော်၏ တပ်မင်းကြီး ပါဝင်ရမည်။ ဤအဖွဲ့တွင် အဆိုပါ စစ်မင်းကြီး ဗိုလ်ချုပ် သောမတ်(စ်) မတက်ရောက်နိုင်သည့်အခါ ၎င်း၏ကိုယ်စား (မြန်မာနိုင်ငံ ဗြိတိသျှ စစ်ဘက်ဌာနမှ လက်ထောက်တပ်ရေးချုပ်)



ဗိုလ်မှူးကြီး ရပ်ဖဲလ် တက်ရောက်လိမ့်မည်။ အဖွဲ့တွင် သဘောကွဲလွဲချက်များ ပေါ်ပေါက်ပါက မြန်မာနိုင်ငံအစိုးရ ပြန်မလာမီအတွင်း မဟာမိတ်စစ်တပ်များ စစ်သေနာပတိချုပ်ထံ တင်ပြရမည်။ ၎င်း၏အဆုံးအဖြတ်သည်သာလျှင် နောက်ဆုံး အတည်ဖြစ်စေရမည်။ မြန်မာနိုင်ငံအစိုးရ ပြန်လာသောအခါမူ ဤနည်းအတိုင်းပင် သက်ဆိုင်ရာတို့မှတစ်ဆင့် ဘုရင်ခံထံသို့ တင်ပြရမည်။ ဘုရင်ခံ၏ဆုံးဖြတ်ချက်သည် နောက်ဆုံးဖြစ်စေရမည်။

(၂) ဤအဖွဲ့ကို စက်တင်ဘာလ ၁၅ ရက်နေ့တွင် ရန်ကုန်မြို့၌ စတင် ဖွင့်လှစ်စေဖို့ သဘောတူသည်။ ဗိုလ်ချုပ် သောမတ်(စ်)က ဗိုလ်ချုပ်အောင်ဆန်းနှင့်တိုင်ပင်ပြီးလျှင် အဖွဲ့ကို ဆောင်ရွက်ရန် အစီအစဉ် ညွှန်းချက်ကို ရေးဆွဲစေရမည်။ ထိုနေ့မှစတင်၍ အဖွဲ့သည် ဆိုင်ရာလုပ်ငန်းတို့ကို မြန်နိုင်သမျှ မြန်စွာ ဆက်လက်ဆောင်ရွက်သွားရမည်။

(၃) ဤအဖွဲ့သည် ဥပဒေစည်းမျဉ်းများကို မဟာမိတ် စစ်တပ် သေနာပတိချုပ်ထံ (သို့မဟုတ်) မြန်မာနိုင်ငံအစိုးရ ပြန်လာသည့်အချိန်အခါ အဖွဲ့က ဆက်လက်ဆောင်ရွက်နေရသေးလျှင် ဘုရင်ခံထံသို့ တင်သွင်းရမည်။

(၄) စုံစမ်းစစ်ဆေးရေးနှင့် မှတ်ပုံတင်အဖွဲ့များ ဖွဲ့စည်းရန် အတွက်လည်း ဤ နှစ်ဦးစစ်အဖွဲ့က တာဝန်ယူရမည်။

(၅) စုံစမ်းရေးနှင့် မှတ်ပုံတင်အဖွဲ့များအား တပ်ဗိုလ် တပ်သားများ လက်ခံ စာရင်းသွင်းရန်အတွက် ဤ နှစ်ဦးစစ်အဖွဲ့ကပင် အမိန့်များ ထုတ်ပေးစေဖို့ သဘောတူသည်။ စုံစမ်းရေးနှင့် မှတ်ပုံတင်အဖွဲ့အတွင်း သဘောကွဲလွဲသည့်ကိစ္စများ ပေါ်ပေါက်ခဲ့လျှင် ထိုကိစ္စများကို နှစ်ဦးစစ်အဖွဲ့သို့ တင်ပြစေရမည်။

(၆) အရာရှိများ ရထိုက်မည့် ရာထူးအဆင့်အတန်းများနှင့် ပတ်သက်၍လည်း ဤ နှစ်ဦးစစ်အဖွဲ့က ထောက်ခံရမည်။

(၇) အကြပ်များ ခန့်ထားရေးအတွက် တပ်မှူးများအား စဉ်းစားနိုင်ရန် မျိုးချစ်ဗမာ့တပ်မတော်၏ စစ်မှုထမ်းမှတ်တမ်းများကို

www.burmeseclassic.com

www.burmeseclassic.com



အထောက်အထားပြ၍ နှစ်ဦးစစ်အဖွဲ့က ထောက်ခံချက်များ ပေးစေဖို့ သဘောတူသည်။

(၈) မျိုးချစ်ဗမာ့တပ်မတော်မှ အရာရှိအားလုံး၏ ကိုယ်ရေးရာဇဝင်နှင့်တကွ ထိုအရာရှိအသီးသီးတို့သည် အရည်အချင်းအားဖြင့် နောင်အခါ မည်သည့်တပ်ဌာန အမျိုးအစားနှင့် သင့်လျော်၍ ကြီးပွားတွန်းကားမည်ဖြစ်ကြောင်း ထောက်ခံချက်ပါ စစ်မင်းကြီးထံသို့ စောနိုင်သမျှ စောစွာ လျှို့ဝှက်အစီရင်ခံစာ တင်သွင်းစေရန် သဘောတူညီသည်။

(၉) ကိုယ်စီ တင်ပြလေ့လာရာတွင်လည်း တပ်မတော်သားတစ်ဦး၏ စွမ်းရည်နှင့် ၎င်း ပြုလုပ်ဆောင်ရွက်ခဲ့သော လုပ်ငန်းတို့မှ ဆည်းပူးရရှိခဲ့သော ဗဟုသုတ အတွေ့အကြုံတို့ကို အခြေခံထား၍ မည်သို့မည်ပုံ လေ့ကျင့်သင်ကြားပေးသင့်ကြောင်းကို လိုလျှင် လိုသလို ဤအဖွဲ့က ထောက်ခံစေဖို့ သဘောတူသည်။

၄။ စုံစမ်းရေးနှင့် မှတ်ပုံတင်အဖွဲ့များတွင် လာရောက်စစ်ဆေးခံသူများအတွက် ဆောင်ရွက်ပေးရန်

(၁) စစ်မှု ဆက်လက်ထမ်းဆောင်ရန် စာရင်းသွင်းခံရသူများအတွက် လစာနှင့်တကွ ခွင့် နှစ်လပေးပြီးလျှင် အောက်ပါ အခွင့်အရေးများလည်း ပေးဖို့ သဘောတူသည်။

(က) နေရပ်သို့အပြန် ခရီးစရိတ်နှင့် စာရင်းသွင်းရန် ဌာနသို့ အသွားခရီးစရိတ် သို့မဟုတ် ခရီးစရိတ်အစား အခမဲ့ ခရီးသွားလာခွင့်။

(ခ) နေရပ်သို့ပြန်ရာတွင် လမ်းခရီး၌ စားသောက်ရန် စားနပ်ရိက္ခာ အလုံအလောက် သို့မဟုတ် စားစရိတ် အလုံအလောက်။

(ဂ) နေရပ်သို့ပြန်ရာတွင် အဝတ်အစား အပြည့်အစုံ သို့မဟုတ် အဝတ်အစားဝယ်ရန် ငွေ။

(၂) စုံစမ်းရေးနှင့် မှတ်ပုံတင်အဖွဲ့တစ်ခုက တပ်မတော်သား



ထဲမှ စစ်မြေပြင်တွင် ကိုယ်ထိလက်ရောက် စစ်မှုထမ်းခဲ့ရခြင်းကြောင့် ကျန်းမာရေး ယာယီ မအောင်မြင်ကြောင်း တွေ့ရှိသူများအား ဆေးဝါးကုသ၍ပေးမည်။ မကျန်းမာသူ၏ ရောဂါအခြေအနေအလိုက် သုံးလထက် မပိုစေဘဲ မကျန်းမာသည့်အတွက် ခွင့်ပေးမည်။ ဆေးရုံမှ ဆင်းသောအခါ အပိုဒ်ခွဲ (က) (ခ) (ဂ) တို့တွင် ပါရှိသော အခွင့်အရေးများ ခံစားခွင့်ပြုရမည်။

(၃) စစ်မြေပြင်တွင် ကိုယ်ထိလက်ရောက် စစ်မှုထမ်းဆောင်ခဲ့ရသဖြင့် ရာသက်ပန် အမှုမထမ်းနိုင်အောင် မကျန်းမာသူများ (ဆေးစစ်ရာတွင် မအောင်သူများ) အား အပိုဒ်ခွဲ (၁) (က) (ခ) (ဂ) တို့တွင် ပါရှိသော အခွင့်အရေးများအပြင် မိမိတို့နေရပ်သို့ မပြန်မီအတောအတွင်း ဆေးဝါးကုသခွင့်လည်း ပေးမည်။ ဤသို့ ကုသခွင့်ပြုရာတွင် စစ်ဘက် ဆေးဌာနမှ ဆရာဝန်များကလည်း ကုသပေးရမည်။

(၄) စစ်မှုမထမ်းနိုင်အောင် ကိုယ်လက်အင်္ဂါတစ်ခုခု မစွမ်းမသန်ဖြစ်သွားမှုကြောင့် တပ်မတော်မှ အမှုထမ်း ရပ်စဲခြင်းခံရသော တပ်မတော်သားတို့အား လစာ နှစ်လစာနှင့် ညီမျှသော ကရုဏာကြေးနှင့်တကွ မစွမ်းမသန်ဖြစ်နေပုံ အခြေအနေကြည့်၍ လျော်ကြေးများ ပေးရမည်။ မည်သို့အခြေအနေအထိ မစွမ်းမသန်ဖြစ်သွားသည်ကိုမူ ဆေးအဖွဲ့တစ်ဖွဲ့က ချင့်ချိန်ဆုံးဖြတ်ရမည်ဖြစ်သည်။ ပေးရမည့် လျော်ကြေးနှုန်းများကို စစ်ပွဲတွင်ပါဝင်သော မြန်မာတိုင်းရင်းသား တပ်သားအင်အားစု မျိုးချစ် ဗမာ့တပ်မတော်၊ ကရင်တပ်၊ ကချင်တပ်၊ ချင်းတပ် စသည်ဖြင့် ခွဲခြားခြင်းမရှိဘဲ အားလုံး တူညီစေရမည်။ ပေးမည့် လျော်ကြေးနှုန်းများကို ဘဏ္ဍာရေးအတိုင်ပင်ခံ အရာရှိက နောက်မှ တစ်ဖန် ပြန်၍ စစ်ဆေးခြင်း ပြုလိမ့်မည်။ ဤသို့ စစ်ဆေးမည်ဆိုသည့်အကြောင်းမှာ သာမန်အရပ်သားများအား ထုတ်ပေးသည့် လျော်ကြေးနှုန်းထက် ပို၍သတ်မှတ်ပေးနိုင်ရန်ပင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



၅။ လစာနှုန်း

မျိုးချစ် ဗမာ့တပ်မတော် လစာနှုန်းများသည် အိန္ဒိယတပ်မတော် လစာနှုန်းအတိုင်း တစ်သဘောတည်းပင်ဖြစ်စေ၍ လစာပေးသည့်နေရာတွင် အလုပ်တာဝန်အလိုက်ပေးရန် သဘောတူသည်။ ဗိုလ်ချုပ် သောမတ်စ် ပါဝင်သော အဖွဲ့ငယ်သည် ဤကိစ္စအတွက် စဉ်းစား ဆုံးဖြတ်၍ ထောက်ခံချက်များ ပေးရမည်။

၆။ တိုင်းရင်းဘာသာမှသာ တတ်ကျွမ်းသော အရာရှိများ ရရှိနိုင်သော ရာထူးအဆင့်အတန်းများ

တိုင်းရင်းဘာသာမှသာ တတ်ကျွမ်းသော အရာရှိများသည် သာမန်အားဖြင့် ဗိုလ်ရာထူးအဆင့်အတန်းထက်မြင့်သောရာထူးကို ရရှိနိုင်ခွင့် မရှိဟု သဘောတူသည်။ သို့သော် အထူးစဉ်းစားထိုက်သော အရာရှိအချို့အတွက်မူ ထို့ထက်ကြီးမြင့်သော ရာထူးအဆင့်အတန်းတွင် ခန့်ထားရန် နှစ်ဦးစစ်အဖွဲ့က ထောက်ခံချက်များ ပေးနိုင်လေသည်။ တိုင်းရင်းဘာသာမှသာ တတ်ကျွမ်းသော အရာရှိများသည် ရာထူးအဆင့်အတန်း တိုးတက်ခွင့်ရလိုပါလျှင် အင်္ဂလိပ်ဘာသာကို လိုအပ်သော အဆင့်အတန်းအထိ တတ်ကျွမ်းအောင် သင်ကြားနိုင်စေရန် ၂ နှစ်အထိ အချိန်ပေးရမည်။

၇။ မြန်မာနိုင်ငံအရပ်သား စစ်လေ့ကျင့်ရေးတပ်မတော် (Territorial Army)

မြန်မာနိုင်ငံ အရပ်သား စစ်လေ့ကျင့်ရေးတပ်မတော်၏ ကိစ္စများကို မြန်မာနိုင်ငံတပ်မတော် ပြန်လည်ဖွဲ့စည်းရေးအဖွဲ့က စစ်ဆေးရမည့်ကိစ္စဖြစ်၍ ယင်းသို့ စစ်ဆေးခြင်းပြုသောအခါ အရပ်သား စစ်လေ့ကျင့်ရေးတပ် အရာရှိများအဖြစ် သုံးနိုင်စေရန် ယခု လျာထားသော အရာရှိပေါင်း ၂၀၀ ကိုလည်း ထည့်သွင်း စဉ်းစားပေးရန် သဘောတူညီသည်။

၈။ ဒုတိယစစ်မင်းကြီးများ၏ တာဝန်ဝတ္တရားများ

မြန်မာနိုင်ငံတပ်မတော်အတွက် ဒုတိယစစ်မင်းကြီးနှစ်ယောက် ထားရှိ၍ တစ်ဦးမှာ မြန်မာအရာရှိဖြစ်ပြီး အခြားတစ်ဦးမှာ မြန်မာတိုင်းရင်းသားထဲမှ မြန်မာလူမျိုးမဟုတ်သူ တစ်ယောက်ဖြစ်စေရန် အခြေခံသဘောအားဖြင့် သဘောတူသည်။ သို့သော် ဒုတိယ စစ်မင်းကြီးနှစ်ယောက်၏ တာဝန်ဝတ္တရားများမှာ ကိုယ်ဆိုင်ရာ အမျိုးသားများကိုသာ တာဝန်ယူရန်မဟုတ်ဘဲ မြန်မာနိုင်ငံ တပ်မတော်တစ်ခုလုံးအတွက် တာဝန်ယူစေရန် သဘောတူသည်။

၉။ စစ်သားစုဆောင်းရေး

စစ်သားစုဆောင်းရာ၌ မဟာမိတ်တို့နှင့်တွဲဖက်၍ တိုက်ခိုက်ခဲ့သော မြန်မာ့တပ်မတော် တပ်ဖွဲ့များမှ တပ်သားများကို ပထမဆုံး ရွေးချယ် စုဆောင်းရမည်။ အထက်ဖော်ပြပါ အပိုဒ် ၁ မှ ၉ အထိ ဆုံးဖြတ်ချက်များကို စက်တင်ဘာလ ၇ ရက် သောကြာနေ့တွင် ကျင်းပသော အစည်းအဝေး၌ ကျွန်ုပ်တို့ နောက်ဆုံးသဘောတူ အတည်ပြု လက်ခံလိုက်သည်။

ပုံ - လူဝီမောင့်ဘက်တန်

ပုံ - အောင်ဆန်း

မှတ်ချက်။

(၁) ဖက်ဆစ်တော်လှန်ရေး ပြီးသောအခါ (၁၉၄၅) ဩဂုတ်လ ဖက်ဆစ်ဆန့်ကျင်ရေးသဘောစုများကို ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ (ဝါ) ဖဆပလအဖြစ် စနစ်တကျ စည်းရုံးပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းကို ဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြလေသည်။

ထိုအချိန်အခါ ဖဆပလ ခေါင်းဆောင်ပိုင်းတွင် ပြဿနာ နှစ်ခု ပေါ်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပထမပြဿနာမှာ မျိုးချစ် ဗမာ့တပ်မတော်ကို ဖွဲ့စည်းလတ္တံ့သော ဗြိတိသျှမြန်မာ့တပ်မတော်နှင့် အဖွဲ့အစည်းလိုက် ပူးပေါင်းသင့်သလော၊ သို့တည်းမဟုတ် တော်လှန်ရေးတပ်သားများသည် မြန်မာ့တပ်မတော်တွင်းသို့ တစ်ဦးချင်း ဝင်သင့်သလော ပြဿနာဖြစ်ပေသည်။

ထိုပြဿနာနှစ်ရပ်ကို ပြေလည်စွာ ဆွေးနွေးပြီးနောက် အရှေ့အာရှတောင်ပိုင်း စစ်သေနာပတိချုပ် လော့ဒ်မောင့်ဘက်တန်နှင့် ဆွေးနွေးရန် (၁၉၄၅) ခု စက်တင်ဘာလတွင် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်း၊ ဗိုလ်လကျ်ာ၊ ဗိုလ်နေဝင်း၊ ဦးဘဘော စသော နိုင်ငံရေးခေါင်းဆောင်များသည် သီဟိုဠ်ကျွန်း ကန္ဒီမြို့သို့ သွားကြလေသည်။

လော့ဒ်မောင့်ဘက်တန်နှင့် ဗိုလ်ချုပ်အောင်ဆန်းတို့၏ အမြင်ကျယ်မှုကြောင့် ဆွေးနွေးပွဲသည် အောင်မြင်၍ မျိုးချစ် ဗမာ့တပ်မတော်ကို ဗြိတိသျှ ဗမာ့တပ်မတော်နှင့် ပူးပေါင်းရန် သဘောတူညီခဲ့သည်။ မျိုးချစ် ဗမာ့တပ်မတော်မှ အရာရှိ ၂၀၀ နှင့် တပ်သား ၅၀၀၀ တို့ကို ဗြိတိသျှတပ်မတော်တွင် ထည့်သွင်းဖွဲ့စည်းရန် သဘောတူကြလေသည်။ ထို သဘောတူညီမှုကို ကန္ဒီသဘောတူညီချက် (Kandy Agreement) ဟု ခေါ်ကြလေသည်။ လော့ဒ်မောင့်ဘက်တန်နှင့် ဗိုလ်ချုပ်အောင်ဆန်းတို့သည်လည်း မိတ်ဆွေကြီးများ ဖြစ်သွားကြလေသည်။

(၂) လော့ဒ်မောင့်ဘက်တန်သည် ၎င်း၏အစီရင်ခံစာတွင် မြန်မာပြည် မြို့ပြရေးရာကိစ္စများ ခေါင်းစဉ်အောက်တွင် အပိုဒ်ငယ် (၉၀) ၌လည်း အောက်ပါအတိုင်း ဖော်ပြထားလေသည်။

ဇွန်လ ၃၀ ရက်နေ့တွင် ဗမာ့မျိုးချစ်တပ်မတော်ကို ဖျက်သိမ်းပြီး မြန်မာပြည် အမြဲတမ်းတပ်မတော်ဖွဲ့စည်းပေးရန် သတ်မှတ်ထား၏။ တပ်မတော်တွင် ဝင်ခွင့်ရသူများသည် မိမိတို့ သေနတ်များ ကိုင်ဆောင်ခွင့်ရှိ၏။ သို့သော်လည်း သတ်မှတ်ထားရာ လက်နက်တိုက်များတွင် သိမ်းထားရမည်ဖြစ်ပြီး လေ့ကျင့်ရန်လိုမှ ထုတ်ယူကြရမည်ဖြစ်သည်။ သို့ဖြင့် လိုအပ်သော အစီအစဉ်များကို ကျွန်ုပ်ဘက်မှ ဆောင်ရွက်ထားပါသည်။ သို့သော်လည်း ဇူလိုင်လနှင့် ဩဂုတ်လကုန်အထိ ဗမာ့မျိုးချစ်တပ်မတော် ဖျက်သိမ်းရေးနှင့် လက်နက် ပြန်လည်သိမ်းဆည်းရေးကိစ္စများကို ဆောင်ရွက်မပြီးနိုင်ဘဲရှိပေသေးသည်။ သို့ဖြင့် စက်တင်ဘာလတွင် ကျွန်ုပ်သည် ဖဆပလနှင့် ဗမာ့မျိုးချစ်တပ်မတော်ခေါင်းဆောင်များကို ကန္ဒီမြို့သို့ ဖိတ်ကြားကာ မည်သည့်အတွက်ကြောင့် လက်နက်သိမ်းဆည်းရေးကိစ္စများ နှောင့်နှေးနေရသည်ကို မေးမြန်းသည်။ ဗိုလ်ချုပ်အောင်ဆန်းက ဗမာ့မျိုးချစ်တပ်မတော်၏ ကြိုးပမ်းမှုများကို ဖော်ပြပြီး ကျွန်ုပ်တို့ဘက်မှ အရာရှိများ၏ အထင်လွဲမှားမှုများကြောင့် ဤသို့ဖြစ်ကြောင်း စွပ်စွဲသည်။ ဇွန်လက သဘောတူညီချက်များကို ကျွန်ုပ်တို့ဘက်မှ မလိုက်နာကြောင်းနှင့် ဗိုလ်ချုပ်အောင်ဆန်းက ပြောပြသည်။ သူ၏စွပ်စွဲချက်များကို ကျွန်ုပ်က ပြေလည်အောင် ပြန်လည်ဖြေရှင်းပေးခဲ့ပါသည်။ ထို့နောက် ဗမာ့မျိုးချစ်တပ်မတော်ကို မြန်မာပြည် အမြဲတမ်းတပ်မတော်အတွင်းသို့ သွတ်သွင်းရန် ဆွေးနွေးခဲ့ကြပါသည်။ အသေးစိတ်အစီအစဉ်နှင့်ပတ်သက်၍ ဗိုလ်ချုပ်ကြီး စတော့ဖို့နှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ သဘောတူညီချက်တစ်ခုကို ရေးဆွဲကြ၏။ ထိုသဘောတူညီချက်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်သန်းထွန်းတို့ လက်မှတ်ရေးထိုးကြသည်။

## အောင်ဆန်းအက်တလီ စာချုပ်

ဘုရင်မင်းမြတ်အစိုးရနှင့် မြန်မာနိုင်ငံ ဘုရင်ခံ မင်းကြီး၏ အမှုဆောင်ကောင်စီမှ ကိုယ်စားလှယ်တော်တို့ ဆွေးနွေးတိုင်ပင်ရာမှ ရောက်ရှိခဲ့သော အဆုံးသတ်ချက်များ

ကိုယ်စားလှယ်တော်များက အရေးကြီးသော ဂရိတ်ဗြိတိန်နှင့် မြန်မာနိုင်ငံတော်တို့၏ အနာဂတ် ဆက်ဆံရေးနှင့် သက်ဆိုင်သော ကိစ္စအဝဝတို့ကို ဘုရင်မင်းမြတ်အစိုးရနှင့် မြန်မာနိုင်ငံတော် အမှုဆောင်ကောင်စီ၏ ကိုယ်စားလှယ်

www.burmeseclassic.com

www.burmeseclassic.com



တော်များ ဆွေးနွေးတိုင်ပင်ပြီးလျှင် ကော်မော်ဝဲလ်သ် အတွင်းတွင်ဖြစ်စေ၊ အပြင်မှ ဖြစ်စေ၊ ဆောလျင်နိုင်သမျှ ဆောလျင်စွာ မြန်မာနိုင်ငံတော်သူ နိုင်ငံတော်သားများ တို့သည် မိမိတို့လွတ်လပ်ရေးကို ဆွတ်ခူးနိုင်စေမည်ဖြစ်သော နည်းလမ်းများနှင့် စပ်လျဉ်း၍ အောက်ပါ သဘောတူ အဆုံးသတ်ချက်များကို ရောက်ရှိကြ လေသည်။

## ၁။ တိုင်းပြုပြည်ပြုလွှတ်တော်

မြန်မာနိုင်ငံတော်သူနိုင်ငံသားတို့သည် မိမိတို့၏နိုင်ငံ အနာဂတ်အုပ်ချုပ်ရေးကို ဆောလျင်နိုင်သမျှ ဆောလျင်စွာ ဆုံးဖြတ်နိုင်စိမ့်သောငှာ ၁၉၃၅ ခုနှစ်၊ အက်ဥပဒေ အရ ဥပဒေပြုအဖွဲ့အစား တိုင်းပြုပြည်ပြုလွှတ်တော်ကို ရွေးကောက်တင်မြှောက် စေရမည်။ ဤကိစ္စအတွက် ၁၉၃၅ ခုနှစ် အက်ဥပဒေ ရွေးကောက်နည်းစနစ်ကို အသုံးပြုလိမ့်မည်။

## ၂။ ခေတ်ပြောင်းချိန် အစိုးရအမျိုးအစား

ခေတ်ပြောင်းချိန်ကာလအတွင်း မြန်မာနိုင်ငံတော်အစိုးရသည် ယခုအတိုင်း ကဲ့သို့ပင် ၁၉၃၅ ခုနှစ် အက်ဥပဒေ အပိုဒ် ၁၃၉ အရ အပ်နှင်းထားသော အထူးအာဏာ များနှင့် ၁၉၄၅ ခုနှစ် ယာယီစီမံချက် အက်ဥပဒေနှင့်တကွ ယင်းဥပဒေအရ ကောင်စီတွင် ထုတ်ပြန်လိုက်သောအမိန့်ဟူသမျှအတိုင်း ဆောင်ရွက်သွားလိမ့်မည်။

အစိုးရ တစ်ဦးတစ်ဖက်၏သဘောတွင် အထူးဆောင်ရွက်ရန် လိုသည်ဟု ထင်မြင်သော ထူးခြားသည့်အကြောင်းအချက်များ ပေါ်ပေါက်လျှင် ထိုအကြောင်း အချက်များကို လိုက်လျောရန် ပြောင်းလဲနိုင်ချက်ရှိလျှင် မည်သို့သော ပြောင်းလဲနိုင်ချက် ပြုလုပ်နိုင်သည်ကို ဘုရင်မင်းမြတ်အစိုးရက စဉ်းစားလိမ့်မည်။

## ၃။ ကြားဖြတ် ဥပဒေအဖွဲ့

ကြားဖြတ်ကာလအတွင်း ၁၉၄၅ ခုနှစ် အက်ဥပဒေက ပြဋ္ဌာန်းထားသည့် အတိုင်းဖြစ်သော ဥပဒေပြုကောင်စီတစ်ခု ရှိလိမ့်မည်။ အခွင့်ပြုထားသော ဦးရေကို ၅၀ မှ ၁၀၀ သို့ တိုးမြှင့်ရန် အာဏာကို ဘုရင်မင်းမြတ်အစိုးရက ကောင်စီတွင် ထုတ်ပြန်သောအမိန့်ဖြင့် ဖွေ့ရာလိမ့်မည်။ ဟိုင်းပြုပြည်ပြုလွှတ်တော်အတွက် ရွေးကောက်တင်မြှောက်ခြင်းများ ပြီးဆုံးသည်နှင့်တစ်ပြိုင်နက် ဘုရင်ခံမင်းကြီးသည် ဦးရေ ၁၀၀ ပါဝင်သော ဥပဒေပြုကောင်စီတစ်ခုကို အမည်တပ် ခန့်အပ်လိမ့်မည်။ ထိုကောင်စီအဖွဲ့တွင် တိုင်းရင်းသားမဟုတ်သော လူနည်းစုများ၏ကိုယ်စား ဆောင်ရွက်ရန် လူဦးရေအနည်းငယ်ကို ပါဝင်စေလျက် တိုင်းပြုပြည်ပြုလွှတ်တော်သို့ ရွေးကောက်တင်မြှောက်လိုက်သောသူများထဲမှ ရွေးချယ်လိမ့်မည်။ ဥပဒေပြု ကောင်စီ၏ အာဏာများမှာ မကြာသေးမီက ဖျက်သိမ်းလိုက်သော ဦးရေ ၅၀ ပါဝင်သည့် ဥပဒေပြုကောင်စီ ရရှိထားသော အာဏာများနှင့် ထပ်တူထပ်မျှဖြစ်လိမ့်မည်။



## ၄။ ကြားဖြတ်အစိုးရ

ဘုရင်ခံ မင်းကြီး၏ အမှုဆောင်ကောင်စီသည် မြန်မာနိုင်ငံတော်၏ ကြားဖြတ် အစိုးရ ဖြစ်လိမ့်မည်။ အထက်ပါ အပိုဒ် ၂ တွင် ဖော်ပြခဲ့သော အဖြူထည်ဘောင် အတွင်းတွင် ဆက်လက်တည်ရမည်ဖြစ်သော အမှုဆောင်ကောင်စီ၊ သို့မဟုတ် ဘုရင်ခံ မင်းကြီး၏တရားဝင်အာဏာများကို မပြောင်းလဲစေရန် မဖြစ်နိုင်ငြားသော်လည်း ကြားဖြတ်အစိုးရသည် ယခုအခါ အိန္ဒိယ ကြားဖြတ်အစိုးရနည်းတူ ယေဘုယျအားဖြင့် ဆောင်ရွက်သွားမည့်ပြင် အထူးသဖြင့်

(က) အမှုဆောင်ကောင်စီကို ဒိုမီနီယံအစိုးရများအား ရင်းနှီးစွာ တိုင်ပင် နှီးနှော အလေးဂရုပြုဘိသကဲ့သို့ ပြုမူလိမ့်မည့်အပြင်၊ အမှုဆောင်ကောင်စီသည် နိုင်ငံအုပ်ချုပ်ရေး ဆောင်ရွက်မြဲတာဝန်များကို ဆောင်ရွက်ရာ၌ အကြီးနိုင်ဆုံးသော လွတ်လပ်ခွင့်ကို ရလိမ့်မည်။ ဝန်ကြီးအဖွဲ့အစည်းအဝေးပွဲများတွင် ဘုရင်ခံ မင်းကြီးက ဥက္ကဋ္ဌအဖြစ်ဖြင့် ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ၁၉၃၅ ခုနှစ် အက်ဥပဒေတည်ဆဲ အတောအတွင်း အသုံးပြုသော ဓလေ့ထုံးစံကို အမှုဆောင်ကောင်စီနှင့် သက်ဆိုင်ရာ တွင်ပင် ဆက်လက်ကျင့်သုံးလိမ့်မည်။

(ခ) မြန်မာနိုင်ငံတော်အစိုးရသည် ကိုယ်ပိုင်ဘဏ္ဍာရေးအုပ်ချုပ်မှု [နောက် ဆက်တွဲ ခ ကို ကြည့်ပါ။] ကို ရရှိစေမည်ဟု မူအားဖြင့် ဘုရင်မင်းမြတ်အစိုးရက သဘောတူညီသည်။

(ဂ) ကာကွယ်ရေးနှင့် နိုင်ငံခြားရေးဆိုင်ရာကိစ္စများကို အမှုဆောင် ကောင်စီတွင် တင်သွင်းလိမ့်မည်။ အမှုဆောင်ကောင်စီသည် ဤအရေးကိစ္စများကို စီမံခန့်ခွဲရာတွင် အပြည့်အစုံ တွဲဖက်ဆောင်ရွက်လိမ့်မည်။

(ဃ) ထိုကိစ္စများ ဆောင်ရွက်မြဲ တာဝန်ကို ဘုရင်ခံမင်းကြီးက ကာကွယ် ရေးနှင့် နိုင်ငံခြားရေး အတိုင်ပင်ခံ ဝန်ကြီးအား တာဝန်လွှဲအပ်မည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



တရားဝင်အခြေအနေတွင် သက်ရောက်သော ကန့်သတ်ချက်များမှအပ အမှုဆောင်ကောင်စီအဖွဲ့သည် စီမံကိန်းနှင့် အုပ်ချုပ်မှုနယ်ပယ်တွင် ပေါ်ပေါက်သော ကိစ္စဟူသမျှကို အရေးဆိုရန်နှင့် စဉ်းစားရန်လည်းကောင်း၊ ဆွေးနွေးရန်လည်းကောင်း၊ ဆုံးဖြတ်ရန်လည်းကောင်း လုံးဝလွတ်လပ်ခွင့် ရှိလိမ့်မည်။

## ၅။ နိုင်ငံခြားရေးရာကိစ္စများ

လန်ဒန်မြို့တော်တွင် မြန်မာအစိုးရကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ရန် မြန်မာနိုင်ငံတော်အတွက် မဟာမင်းကြီးတစ်ပါး ခန့်ထားစေလိမ့်မည်။ မြန်မာနိုင်ငံတော်က တိုင်းရေးပြည်မှု စေ့စပ်ပြောဆိုသူ ကိုယ်စားလှယ် ခန့်ထားခြင်းကို သဘောတူရန် ဘုရင်မင်းမြတ်အစိုးရက တောင်းဆိုလိမ့်မည်။

## ၆။ ပြည်ထောင်ချင်းချင်း အဖွဲ့အစည်းများ၏ အဖွဲ့ဝင်အဖြစ်

BURMESE CLASSIC .com

ကုလသမဂ္ဂအဖွဲ့ဝင်တစ်ဦးအဖြစ်ဖြင့် ပါဝင်ရန် မြန်မာနိုင်ငံတော်၏ လျှောက်ထားချက်ကို မြန်မာနိုင်ငံတော်၏ တိုင်းပြုပြည်ပြုရေးအခြေအနေသည် ထို လျှောက်ထားချက်မျိုးကို လက်ခံနိုင်လောက်အောင်ဖြစ်သည်နှင့်တစ်ပြိုင်နက် ဘုရင်မင်းမြတ်အစိုးရက လုံးဝ ထောက်ခံချက်ပေးလိမ့်မည်။ ဤအတောအတွင်း၌ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က ကြီးမှူးသော အစည်းအဝေးများတွင် မြန်မာနိုင်ငံတော်က မည်မျှလောက် ပါဝင်ဆောင်ရွက်နိုင်သည်ကို ကမ္ဘာ့ကုလသမဂ္ဂ၏ အထွေထွေအတွင်းရေးမှူးနှင့် စုံစမ်းညှိနှိုင်းလိမ့်မည်။

မြန်မာနိုင်ငံတော်က ချဉ်းကပ်ဆက်သွယ်လျက်ရှိစေလိုသော အခြားအခြားသော ပြည်ထောင်အချင်းချင်း အဖွဲ့အသင်းများသို့လည်း ထိုအဖွဲ့များ၏ အလုပ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ်ဖြင့် သို့မဟုတ် အခြားနည်းဖြင့် မြန်မာနိုင်ငံတော်က ပါဝင်ဆောင်ရွက်နိုင် မနိုင်ကို ထောက်လှမ်းစစ်လျှောက်သော သဘောနှင့် ချဉ်းကပ်ဆက်သွယ်လိမ့်မည်။

## ၇။ ကာကွယ်ရေး

(က) တည်မြဲလျက်ရှိသော လုပ်ရိုးလုပ်စဉ်အတိုင်း မြန်မာနိုင်ငံတော်တွင် ချထားသော ဗြိတိသျှ စစ်သည်တော်များအားလုံးသည် ဘုရင်မင်းမြတ်အစိုးရ၏ အဆုံးစွန်သော အုပ်ချုပ်မှုလက်အောက်တွင် နေလိမ့်မည်။



(ခ) မြန်မာစစ်သည်တော်အားလုံးတို့မှာ မြန်မာနိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုလက်အောက်သို့ ချက်ချင်းရောက်ရှိစေလိမ့်မည်။

(ဂ) မြန်မာနိုင်ငံတော် စစ်ဗိုလ်ချုပ်ကြီးသည် ဆောနိုင်သမျှ စောစောဖြစ်နိုင်သော အချိန်၌ ဘုရင်ခံမင်းကြီးနှင့် မြန်မာနိုင်ငံတော်အစိုးရ လက်အောက်ခံ ဖြစ်စေရမည် ဆိုသည်ကို မူအားဖြင့် ဘုရင်ခံမင်းမြတ်က အစိုးရက သဘောတူညီကြောင်း။ သို့ရာတွင် ယခုအခိုက်အတန့်မှာ နိုင်ငံပေါင်းများစွာတွင် ပျံ့နှံ့လျက်ရှိသော မဟာမိတ် အချင်းချင်း စစ်ဘက်ဆိုင်ရာအုပ်ချုပ်မှု အစီအစဉ်များကို မရုပ်နိုင်သေးသမျှ မြန်မာနိုင်ငံတော် စစ်ဗိုလ်ချုပ်ကြီးသည် အရှေ့ အာရှတိုက်တောင်ပိုင်း ကုန်းတပ်များ၏ လက်အောက်ခံ ဖြစ်နေလိမ့်မည်။

ဤကာလအတွင်း မြန်မာနိုင်ငံတော်အစိုးရနှင့် ဆိုင်ရာ အာဏာပိုင်တို့သည် ဓမ္မတာအတိုင်း ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လိမ့်မည်။

ရေတပ် လေတပ်များနှင့်စပ်လျဉ်း၍လည်း အလားတူ သင့်တင့်လျောက်ပတ်သော အစီအစဉ်များကို သတ်မှတ်ထားလိမ့်မည်။

(ဃ) မြန်မာနိုင်ငံတော် ကာကွယ်ရေးတပ်များ ဖွဲ့စည်းခြင်းတွင် ကူညီထောက်ပံ့ရန် ပြဿနာသည် နှစ်ဦးသော အစိုးရတို့ ဆွေးနွေးရန်ကိစ္စ ဖြစ်စေလိမ့်မည်။ ဘုရင်မင်းမြတ်အစိုးရက ဤကိစ္စတွင် မြန်မာနိုင်ငံတော်အစိုးရအား အစွမ်းကုန် ကူညီရန် ဆန္ဒရှိသော်လည်း ကမ္ဘာပေါ်ရှိ အခြားရပ်ကွက်ဒေသများတွင် ယူပြီးသော ကြီးလေးသည့် တာဝန်များကိုလည်း ဂရုထားရပေဦးမည်။

(င) အုပ်ချုပ်ရေးသစ် ဖြစ်ထွန်းသက်ရောက်လာသည့်နောက် မြန်မာနိုင်ငံတော်ရှိ ဗြိတိသျှတပ်များကို ဆက်လက်ထားရှိရန် သို့မဟုတ် အသုံးပြုရန် ပြဿနာမှာ ဘုရင်မင်းမြတ်အစိုးရနှင့် မြန်မာနိုင်ငံတော် အစိုးရတို့ သဘောတူညီရန်ကိစ္စ ဖြစ်စေလိမ့်မည်။

## ၈။ နယ်ခြားဒေသများ

နယ်ခြားဒေသများနှင့် ဝန်ကြီးများ အုပ်ချုပ်သော မြန်မာနိုင်ငံတော်ကို ထိုဒေသများတွင် နေထိုင်သောသူများ၏ လွတ်လပ်သော သဘောတူညီချက်နှင့် အချိန်မနှောင်း ပေါင်းစည်းခြင်း အောင်မြင်ရန်မှာ ဘုရင်မင်းမြတ်အစိုးရနှင့် မြန်မာ ကိုယ်စားလှယ်တော်များ နှစ်ဦးနှစ်ဖက်၏ သဘောတူပြီးသော ရည်ရွယ်ချက်ဖြစ်သည်။ ဤအတောအတွင်း နယ်ခြားရှိ လူများသည် နှစ်ဦးနှစ်ဖက် အကျိုးရှိသောကိစ္စများနှင့်

www.burmeseclassic.com

www.burmeseclassic.com

ပတ်သက်၍ နှစ်ဦးနှစ်ဖက် လက်ခံနိုင်သောနည်းဖြင့် မြန်မာနိုင်ငံတော်အစိုးရနှင့် ရင်းနှီးစွာ ပေါင်းသင်းတွဲဖက်ရာသည်။

ဤသည်တို့ကို မျှော်ကိုး၍ သဘောတူညီကြသည်မှာ

(က) နယ်ခြားဒေသလူများနှင့် ဝန်ကြီးများ အုပ်ချုပ်သော မြန်မာနိုင်ငံတော်လူများသည် အတားအဆီးမရှိဘဲ လွတ်လပ်စွာ ကူးလူးဆက်ဆံခြင်း ရှိစေရမည်။

(ခ) [၁] အခြားကိစ္စများပေါ်တွင် ဘုရင်မင်းမြတ်ကို အကြံဉာဏ်ပေးရန်နှင့် အမှုဆောင်ကောင်စီနှင့် ရင်းနှီးစွာဆက်ဆံရန် နယ်ခြားဒေသကိုယ်စားလှယ် ခန့်ထားခြင်းဖြင့်လည်းကောင်း၊ သို့မဟုတ်

[၂] နယ်ခြားကိစ္စများကို အုပ်ချုပ်သော အမှုဆောင်ဝန်ကြီးအဖြစ်ဖြင့် နယ်ခြားဒေသ ကိုယ်စားလှယ်တစ်ဦး ခန့်ထားခြင်းဖြင့်လည်းကောင်း၊ သို့မဟုတ်

[၃] အခြားနည်းဖြင့်လည်းကောင်း၊ ခေတ်ပြောင်းခေတ်လွဲကာလအတွင်း လက်ခံနိုင်မည်ဟု မိမိတို့ ထင်မြင်သော မြန်မာနိုင်ငံတော်အစိုးရနှင့် ပူးတွဲပေါင်းဖက်ပုံနှင့်ပတ်သက်၍ မိမိတို့ထင်မြင်ချက်များကို ထုတ်ဖော်ပြောဆိုနိုင်ရန် နောက်လဆန်းတွင် ကျင်းပမည်ဖြစ်သော ဝန်ကြီးကွန်ဖရင့်တွင်လည်းကောင်း၊ သို့မဟုတ် ဤကိစ္စအတွက် ကျင်းပသော အထူးကွန်ဖရင့်တွင်လည်းကောင်း နယ်ခြားဒေသရှိ လူများ၏ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များကို မေးမြန်းရမည်။

(ဂ) ပင်လုံအစည်းအဝေး သို့မဟုတ် အထူးကွန်ဖရင့်အစည်းအဝေး ပြီးဆုံးသည့်အခါတွင် ဘုရင်မင်းမြတ်အစိုးရနှင့် မြန်မာနိုင်ငံတော်အစိုးရတို့သည် နယ်ခြားလူများ ထုတ်ဖော်သဘောတူ လိုလားချက်များကို ဖြည့်စွမ်းရန် အကောင်းဆုံးသောနည်းစနစ်ကို သဘောတူညီချက် ရယူလိမ့်မည်ဖြစ်ကြောင်း။

(ဃ) မြန်မာနိုင်ငံတော် အုပ်ချုပ်ရေး ဥပဒေသစ်အတိုင်း ဆောင်ရွက်ရာ၌ နယ်ခြားသားများ ပေါင်းစည်းဆက်ဆံနိုင်ရန် အကောင်းဆုံးသော နည်းစနစ်ရှာဖွေရန်အတွက် စုံစမ်းရေးကော်မီတီတစ်ခုကို ချက်ချင်းတည်ထောင်ရန် ဝန်ကြီးများ အုပ်ချုပ်သော မြန်မာနိုင်ငံတော် ရပ်ကွက်ဒေသမှ အမှုဆောင်ကောင်စီအဖွဲ့က တင်မြှောက်သော အဖွဲ့ဝင်များနှင့် နယ်ခြားဒေသခေါင်းဆောင်များ တိုင်ပင်နှီးနှောလျက် တင်မြှောက်သော အဖွဲ့ဝင်များ ထိုကော်မီတီတွင် ဦးရေအညီအမျှ ပါဝင်လိမ့်မည်ပြင် သဘောတူရွေးချယ်သော မြန်မာနိုင်ငံတော်အပြင်အပမှ ကြားနေ ပုဂ္ဂိုလ်တစ်ဦးကို ဥက္ကဋ္ဌ ခန့်ထားမည်ဖြစ်ကြောင်း ဤကော်မီတီက တိုင်းပြုပြည်ပြုလွှတ်တော် အစည်းအဝေးမစမီ အစီရင်ခံစာ တင်သွင်းရန် တောင်းဆိုမည်။



## ၉။ ဘဏ္ဍာရေး

ဘဏ္ဍာရေးပြဿနာများ အတော်အတန် စဉ်းစားခဲ့ပြီး၍ ဤကိစ္စများကို မည်သို့ စီမံခန့်ခွဲနိုင်ရန် သဘောတူညီချက်တစ်ခု ဆိုက်ရောက်ခဲ့ပြီးဖြစ်သည်။ သဘောတူညီချက်ကိုမူ ပူးတွဲပါ နောက်ဆက်တွဲတွင် ဖော်ပြထားသည်။

### နောက်ဆက်တွဲ (က)

လာမည့် ရွေးကောက်ပွဲများတွင် မဲဆန္ဒပေး ရွေးကောက်ခြင်းခံနိုင်ခွင့်အလို့ငှာ မြန်မာနိုင်ငံတော်တွင် မွေးဖွား၍ ၁၉၄၂ ခု ဇန်နဝါရီလ ၁ ရက် သို့မဟုတ် ၁၉၄၇ ခု ဇန်နဝါရီလ ၁ ရက်နေ့မှ မရှေးမနှောင်းဖြစ်သော ၁၀ နှစ်အတွင်းတွင် စုစုပေါင်း ၈ နှစ်ထက်မနည်း မြန်မာနိုင်ငံတော်တွင် နေထိုင်ခဲ့သော ဗြိတိသျှလက်အောက်ခံ သို့မဟုတ် အိန္ဒိယနယ်လက်အောက်ခံနိုင်ငံသားကို မြန်မာအမျိုးသားဟု အဓိပ္ပာယ် ဖော်ပြသည်။

### နောက်ဆက်တွဲ (ခ)

### ဘဏ္ဍာရေး

၁။ မြန်မာနိုင်ငံတော်သည် ကိုယ်ပိုင်ဘဏ္ဍာရေးအုပ်ချုပ်ခွင့် ရှိသင့်သည်ကို ဘုရင်မင်းမြတ်အစိုးရက သဘောတူပြီးဖြစ်သည်။

၂။ နိုင်ငံချင်းချင်း ငွေကြေးရန်ပုံငွေနှင့် နိုင်ငံချင်းချင်း ဘဏ်တွင် ပါဝင်လိုက လျှောက်ထားရန် အခြေအနေရှိသည်နှင့်တစ်ပြိုင်နက် ခိုင်လုံသော အဖွဲ့ဝင်တစ်ဦး အဖြစ်ကို ရစိမ့်သောငှာ ဘုရင်မင်းမြတ်အစိုးရတို့က စွမ်းအားရှိသလောက်ဆောင်ရွက်ရန် တာဝန်ယူပြီးဖြစ်သည်။

၃။ ၁၉၄၅ ခု အောက်တိုဘာလမှ ၁၉၄၆ ခု စက်တင်ဘာလအထိ မြန်မာနိုင်ငံတော်ဘဏ္ဍာရေးနှစ်အတွင်း မြန်မာနိုင်ငံတော်က အတိုးလွတ် ချေးငွေ ပေါင် ၈၀၀၀၀၀၀ (၈ သန်းခန့်) အသားတင် ရရှိခဲ့ပြီ။ ထို့ပြင် ၁၉၄၆ ခုနှစ် အောက်တိုဘာလမှ စ၍ ၁၉၄၇ ခု စက်တင်ဘာလအထိ ဘဏ္ဍာရေးနှစ်အတွင်း နောက်ထပ် ၇၅ သန်း (အသားတင်) ရရှိရန်အတွက် သဘောတူပြီးဖြစ်သည်။ နယ်ခြားဒေသများအတွက် ထောက်ပံ့ကြေးများကို ထည့်သွင်းစဉ်းစား၍ ရိုးရိုး ဘတ်ဂျတ်တွင် ယခုနှစ် လျော့သောငွေအတွက် ထပ်မံ ထောက်ပံ့မည်ဟု ဘုရင်မင်းမြတ်အစိုးရက သဘောတူပြီးဖြစ်သည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



၄။ (အစိုးရတို့၏ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများနှင့် ယေဘုယျအားဖြင့် သက်ဆိုင်သော) ပရိဂျက်စီမံကိန်းဆိုင်ရာ ဘတ်ဂျက်နှင့်စပ်လျဉ်း၍ ဘုရင်မင်းမြတ်က ဘိလပ်နိုင်ငံမှ အချုပ်အချယ်မရှိသော်လည်း အပြန်အလှန် အပြည့်အစုံ အကြောင်းကြားနည်းနှင့် သတ်မှတ်ထားသော ငွေချေးရေးကိစ္စ ပြုလုပ်နိုင်မည် မလုပ်နိုင်မည်ကို ဘုရင်မင်းမြတ်အစိုးရက စုံစမ်းစစ်ဆေးနိုင်လိမ့်မည်။

၅။ ဘဏ္ဍာရေးအခြေအနေမှန်များကို ယပ်မံတွဲဖက်စစ်ဆေး၍ ရသော ငွေကိန်းများကို သုတိမှုပြီးလျှင် အတိုးလွတ် ချေးငှားထားသော ငွေ တစ်စိတ်တစ်ဒေသကို အပြီးအပြီးမ်း ထောက်ပံ့ငွေအဖြစ်သို့ ပြောင်းလဲနိုင်သည်ကို မူအားဖြင့် သဘောတူရန် ဘုရင်မင်းမြတ်အစိုးရက အဆင်သင့်ရှိသည်။

၆။ တစ်ဦးအပေါ် တစ်ဦး တာဝန်မထားဘဲ ဘဏ္ဍာရေးအခြေအနေမှန်ကို မြန်မာနိုင်ငံတွင် ထပ်မံတွဲဖက်စစ်ဆေးရန် သဘောတူညီကြောင်း အပိုဒ်ငယ် ၃၊ အပိုဒ်ငယ် ၄ တို့တွင် ဖော်ပြထားသော သဘောတူညီချက်ထက်ပိုမို၍ ဘုရင်မင်းမြတ်အစိုးရထံမှ ထပ်မံ အကူအညီအလိုရှိသဖြင့် ထိုသို့သော အကူအညီပေးခဲ့လျှင် သဘောတူညီသော စည်းကမ်းချက်များအတိုင်း ဖြစ်လိမ့်မည်။

## အခြားကိစ္စများ

မြန်မာနိုင်ငံ အဆင့်အတန်း ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ဘုရင်မင်းမြတ်အစိုးရနှင့် မြန်မာနိုင်ငံတော်အစိုးရတို့ သဘောတူ ဆိုက်ရောက်ရန် အခြားပြဿနာများ ပေါ်ပေါက်လိမ့်မည်။ ဤပြဿနာများကို ပေါ်ပေါက်လာသည့်အလျောက် လက်ခံ၍ ယခု ဆွေးနွေးပွဲများတွင် ထင်ရှားခဲ့သော မိတ်ဆွေရင်းချာ သမဝါယမနှလုံးထားဖြင့် ဆောင်ရွက်လိမ့်မည်။

ဘုရင်မင်းမြတ်အစိုးရနှင့် မြန်မာအမှုဆောင်ကောင်စီ၏ ကိုယ်စားလှယ်များသည် တိုင်ပင်နှီးနှောခြင်းနှင့် ကူညီရိုင်းပင်းခြင်း၊ ယခုနည်းကို ဆက်လက်စေသောအားဖြင့် ဗြိတိသျှ ကော်မော်ဝဲလ်သ် အတွင်းတွင်ဖြစ်စေ၊ အပြင်အပမှဖြစ်စေ ကိုယ်ပိုင်လွတ်လပ်သော မြန်မာနိုင်ငံတော်ဘဝသို့ ရောက်စေလိုသော နှစ်ဦးနှစ်ဖက် ရည်ရွယ်ချက်ကို ချောမောလျင်မြန်စွာ တိုးတက်အောင် ပြုလုပ်နိုင်လိမ့်မည်ဟု တစ်ထစ်ချ ယုံကြည်ကြသည်။ သို့အတွက်ကြောင့် မြန်မာနိုင်ငံတော်၏ အုပ်ချုပ်ရေးသစ် မရောက်မီ ခေတ်ပြောင်းခေတ်လွှဲတစ်လျှောက် ပေါ်ပေါက်လိမ့်မည်ဖြစ်သော အနာဂတ်ကိစ္စများကို သဘောတူ ဆိုက်ရောက်ရေးတွင် တစ်ဦးကို တစ်ဦး ရိုင်းပင်းကူညီရန် သဘောတူကြလေသည်။

(ပုံ) စီ၊ အာရ်၊ အက်တလီ　　　　(ပုံ) အောင်ဆန်း

၁၀ – ဒေါင်းနင်းလမ်း

ဇန်နဝါရီလ ၂၇ ရက်၊ ၁၉၄၇ ခု

ဝန်ကြီး သခင်ဗစိန်နှင့် ဝန်ကြီး ဦးစောတို့သည် ဤဆုံးဖြတ်ချက်များတွင် ဖက်စပ်ရန် မတတ်နိုင်တော့ချေ။

□

www.burmeseclassic.com



## "The Panglong Agreement"

**FEBRUARY 12, 1947.**

BURMESE CLASSIC .com

A conference having been held at Panlong, attended by certain Members of the Executive Council of the Governor of Burma, all 'Sapphas' and representatives of the Shan States, the Kachin Hills and the Chin Hills: The members of the Conference believing that freedom will be more speedily achieved by the Shans, the Kachins and the Chins by their immediate co-operation with the Interim Burmese Government. The Members of the Conference have accordingly, and without dissentients, agreed as follows:-

1. A representative of the Hill Peoples, selected by the Governor on the recommendation of representatives of the Supreme Council of the United Hill People (SCOUHP), shall be appointed a Counsellor to the Governor to deal with the Frontier Areas.

2. The said Counsellor shall also be appointed a Member of the Governor's Executive Council, without portfolio, and the subject of Frontier areas-brought within the purview of the Executive Council by Constitutional Convention as in the case of Defence and External Affairs. The Counsellor for Frontier Areas shall be given executive authority by similar means.

3. The said Counsellor shall be assisted by two Deputy Counsellors representing races of which he is not a member. While the Two Deputy Counsellors should deal in the first instance with the affairs of their respective areas and the Counsellor with all the remaining parts of the Frontier Areas, they should be Constitutional Convention act on the principle of joint responsibility.

4. While the Counsellor, in his capacity of Member of the Executive Council, will be the only representative of the Frontier Areas on the Council, the Deputy Counsellors shall be entitled to attend meetings of the Council when subjects pertaining to the Frontier Areas are discussed.

5. Though the Governor's Executive Council will be augmented as agreed above, it will not operate in respect of the Frontier Areas in any manner which would deprive any portion of these areas of the autonomy which it now enjoys in internal administration. Full autonomy in internal administration for the Frontier Areas is accepted in principle.

6. Though the question of demarcating and establishing a separate Kachin State within a Unified Burma is one which must be relegated for decision by the Constituent Assembly, it is agreed that such a State is desirable. As a first step towards this end, the Counsellor for Frontier Areas and the Deputy Counsellors shall be consulted in administration of such areas in the Myitkyina and the Bhamo Districts as are Part II Scheduled Areas under the Government of Burma Act of 1935.

7. Citizens of the Frontier Areas shall enjoy rights and privileges which are regarded as fundamental in democratic countries.

8. The arrangements accepted in this Agreement are without prejudice to the financial autonomy now vested in the Federated Shan States.

www.burmeseclassic.com

www.burmeseclassic.com



9. The arrangements accepted in this Agreement are without prejudice to the financial assistance which the Kachin Hills and the Chin Hills are entitled to receive form the revenues of Burma and the Executive Council will examine with the Frontier Areas Counsellor and Deputy Counsellors the feasibility of adopting for the Kachin Hills and the Chin Hills financial arrangement similar to those between Burma and Federated Shan State.

The signatories of the Panglong Agreement were:

**Shan Sawbwa Representatives**

1. Hkun Pan Sing, Saohpalong of Tawgpeng State.
2. Sao Shwe Thaike, Saohpalong of Yawnghwe State.
3. Sao Horn Hpa, Saohpalong of North Hsenwi State.
4. Sao Num, Saohpalong of Laihka State.
5. Sao Sam Htun, Saohpalong of Mongpawn State.
6. Sao Htun E, Saohpalong of Hsamongkam State.
7. U Pyu, representative of Hsahtung Saohpalong.

**Shan People's Representatives**

1. U HkunPung, Kachin Duwa.
2. U Tin E, Yawnghwe.
3. U Tun Myint, Langhko.
4. U kya Bu, Hsipaw.
5. Sao Yape Hpa, Hsenwi.
6. U Hknn Saw, Pangtara.
7. U Hkun Tee, Panglong.

BURMESE CLASSIC .com

**Kachin Representatives**

1. Sinwa Naw (Sama Duwa Sinwa Nawng) Myitkyina.
2. U Zau Rip, Myitkyina.
3. U Dinra Tang, Myitkyina.
4. U Zau La, Bhamo (no signature).
5. Duwa Zau Lawn, Bhamo.
6. U Labang Grong, Bhamo.



**Chin Representatives**

1. U Hlur Hmung, Falam.
2. U Thawng Za Khup, Tiddim.
3. U Kio Mang, Haka.

**Burmese Representatives**

1. Bogyoke Aung San.

❑

www.burmeseclassic.com